

သတ္တမမြောက်ကျော်အောင်စံထားဆုရဆရာတော်

ရှင်ဝါယာမာဘိဝံသ




# သီရိလင်္ကာ

## ခရီးသွားမှတ်တမ်း

design : cho lae maung ph : 02-70240 , press : dollar offset ph : 02-34409


စာအုပ်လင့်ပေါင်းစုံ
09 789 422 340

## ၆၈-ခု၊ ကဆုန်လပြည့်၊ သောကြာနေ့၊ နေ့မွန်းတည့် ပုတီးမွှား မွေးဖွားတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဇာတာတော်




| | | |
|---|---|---|
| နက္ခတ်တစ်လုံးကို | - | နာရီ၈၀၀၊မြန်မာ၂နာရီ၊၂ပတ် |
| တစ်ပတ်လျှင် | - | ၆မိနစ် |
| ၁ဗီဇနာ | - | ၂၄စက္ကန့် |
| ၁ပြန် | - | ၄စက္ကန့် |
| ၁ပတ် | - | ၃ရက်၊၂၀နာရီ |
| နက္ခတစ်လုံး | - | ၁၃ရက်၊၂၀နာရီ |

မြတ်စွာဘုရားရှင်သည် ပုတီဖွားဖြစ်၏၊ ဗေဒင်အရ ပုတီသဘော မကျော်ဇောဟု ဆိုပြားလည်း အတွင်းအုင်၉ ချပ် ရတော်မူခြင်း၊ နက္ခတ်ကောင်းများဖြင့် ယှဉ်၍ ဖွားတော်မူခြင်း၊တို့ကြောင့် ပုတီသဘောများ ပျောက်၍ ဘက်ပြန် အကျိုးများ ရရှိ၏၊ ထို့ကြောင့် မဟာအံ့ဖွယ် သူရဲကြီးများ၊ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့ထက် လွန်စွာ ပြုနိုင်တော်မူ၏။

(က) "အာသဋ္ဌ်နက္ခတ်" နှင့် ယှဉ်တော်မူ၍ -

၁။ပဋိသန္ဓေ နေတော်မူခြင်း၊ ၂။တောထွက်တော်မူခြင်း၊ ၃။ဓမ္မစကြာဟောတော် မူခြင်း၊ ၄။ယမိုက်ပြာဋိဟာ ပြတော်မူခြင်း

(၄) ကိစ္စပြုတော်မူ၏။

(ခ) "ဝိသာခါနက္ခတ်" နှင့် ယှဉ်တော်မူ၍

၁။ဖွားတော်မူခြင်း၊ ၂။ဘုရားဖြစ်တော်မူခြင်း၊ ၃။ပရိနိဗ္ဗာန် ပြုတော်မူခြင်း

(၃) ကိစ္စပြုတော်မူ၏။

(ဂ) "မာဃနက္ခတ်" နှင့် ယှဉ်တော်မူ၍ -

၁။ သာဝက အစည်းအဝေး ပြုတော်မူခြင်း၊ ၂။ အာယုသင်္ခါ လွှတ်တော်မူခြင်း၊ ၃။ ကိစ္စပြုတော်မူခြင်း

(ယ) "အာသာဝတီ နက္ခတ်" နှင့် ယှဉ်တော်မူ၍

၁။နတ်ပြည်မှ အဘိဓမ္မာ ၇ ကျမ်း ဟောတော်မူပြီး၊ သင်္ကဿနဂိုပြည်သို့ လက်ဝဲလက်ျာ ရွှေစောင်းတန်း ငွေစောင်းတန်း၊အလယ်မှ ပတ္တမြား စောင်းတန်းဖြင့် နတ်ဗြဟ္မာတို့ ခြံရံကာ သီတင်းကျွတ်လပြည့် အာရုဏ်တက်အချိန်၌ ဆင်းသက်တော်မူခြင်း။

(၁)ကိစ္စ

ပညာရှိများကလည်း ဖျာ. ဘွား (ပွား). ဖြစ်. စံ ဤလေးတန် မှတ်ရာကဆုန်လပြည့်ဟု ဥဒါန်းကျူးထား၏။

၁။ ကဆုန်လပြည့်နေ့၌ ဖျာဒိတ်ခံတော်မူခြင်း။

၂။ ကဆုန်လပြည့်နေ့၌ ~~ထောထွက်တော်မူခြင်း~~။ ဖွား မြင်တော်မူခြင်း

၃။ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့၌ ဘုရားဖြစ်တော်မူခြင်း။

၄။ ကဆုန်လပြည့်နေ့၌ ပရိနိဗ္ဗာန် စံတော်မူခြင်း၊

ဆရာတော် ဦးဗုမ်မှ ဗုဒ္ဓဝင် အထူးရေးထားသည်မှာ . . . . .

"မသိကြလျှင် တွေးဆဦး" ဖြတ်စွာဘုရား၏ ဗုဒ္ဓဝင်တော် အထူး။

| | | |
|---|---|---|
| မ | - | ကြာသပတေးနေ့၌ ပဋိသန္ဓေ နေတော်မူခြင်း။ |
| သိ | - | သောကြာနေ့၌ ဖွားတော်မူခြင်း။ |
| ကြ | - | တနင်္လာနေ့၌ တောထွက်တော်မူခြင်း။ |
| လျှင် | - | ဗုဒ္ဓဟူးနေ့၌ ဘုရားဖြစ်တော်မူခြင်း။ |
| တွေး | - | စနေနေ့၌ ဓမ္မစကြာ ဟောတော်မူခြင်း။ |
| ဆ | - | အင်္ဂါနေ့၌ အာယုသင်္ခါ လွှတ်တော်မူခြင်း။ |
| ဦး | - | တနင်္ဂနွေနေ့၌ တေဇောဓါတ် လောင်ကျွမ်းတော်မူခြင်း။ |

ကျော်အောင်စံထား၏

မေတ္တာစေတနာ

နဝမဘာသာ ဘာဂဝတော၊ အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ရှက္ကစိုးက ကားဂိတ်ထိလိုက်ပို့၏။ ကားစီးပြီး ပကွန ဘူတာလာခဲ့၏။ ၁၃၁၇ တပိုတွဲလဆန်း(၁၃)ရက် သောကြာနေ့နံက် (၇)နာရီလောက်ရောက်၏။ ပကွနဘူတာမှ နံက်(၈) နာရီလောက်ရထားဖြင့် ခရီးဆက်ခဲ့ရာ ညနေ(၆) နာရီလောက် အာဂ္ဂရာမြို့သို့ ရောက်၏။ အာဂ္ဂရာမှ ရထားဆက်စီးရာ နံနက်(၇) နာရီလောက် ဒိုးဒေလီ (ခေါ်) ဒေလီမြို့ ကုရုတိုင်းသို့ ရောက်သည်။ ဘုရားရှင်လက်ထက်တော်က ပညာဉာဏ် ထက်မြက်သော မြို့ဖြစ်၍ သတိပဋ္ဌာန်တရားတော်ကို ဤ ကုရုတိုင်း၊ ဒိုးဒေလီမြို့တွင် ဟောတော်မူခဲ့သည်။ (သတိပဋ္ဌာန်ဒေသနာတော်ကို နောက်ပိုင်းမှာကြည့်)ဒိုးဒေလီမြို့ မနီးမဝေးမှာ ကျောက်မြို့ရိုးကြီး၊ ကျုံးကြီးများဖြင့်တစ်မိုင်ပါတ်လည်လောက်ကျယ်စွာတည်ရှိနေသေးသည်။ အတွင်းနန်းတော်ဆောင် ညီလာခံဆောင်ရှိသေး၏။

ထိုနေရာ တစ်ဝက်လောက် စစ်တပ်ကနေရာ ယူထား၏။ ၄င်းနန်းတော်ဆောက်လုပ်တာ (၃)ကုဋေခန့် ကုန်ကြသည်ဟု မှတ်တမ်းရှိသည်။ ဒိုးဒေလီ၏ အရှေ့တောင်ဖက်အစွန်းနားမှာ ပန်းခြံကြီးရှိ၏၊ အလယ်လောက်တွင် အုတ်ဂူတစ်ခုရှိ၏။ ဂန္ဓိဂူဖြစ်သည်။ လူအများ ပန်းခွေ များလာ၍ ပူဇော်တာ တွေ့ရ၏။ ဂန္ဓိဂူတောင်ဖက် မနီးမဝေးလောက်သောနေရာမှာ ကားလမ်းအကွေ့ထက်တွင် သတိပဋ္ဌာန် ဒေသနာဟောရာ နေရာတည်ရှိ၍ မြင့်မားသော အာသောက ကျောက်တိုင်ကြီးနှင့် ကျောက်တိုက်ကြီး တစ်တိုက်ရှိသည်။

ဒိုးဒေလီ ဘူတာမှ တောင်ဖက် ( ၉ ) မိုင်လောက်အကွာတွင် မျှော်စင်ကြီး ရှိသည်။ ၄င်းမျှော်စင် ကြီးမှာ ပေ (၃၀၀)ကျော်လောက် မြင့်၏၊လှေခါးထစ်ပေါင်း (၃၇၈)ထစ်၊လုံးပတ်အောက်ခြေ (၀၂၂) တောင် ထိပ်အဝ (၁၅)တောင် ရှိ၏။ ကြောင်လိန်လှေခါးဖြင့် အတွင်းမှ တက်ရ၍ ဝရံတာ ငါးဆင့် ရှိသည်။

ဘေဒလာ အမည်ရှိ ကုလားသူဌေးကြီး ဆောက်လုပ်လှူဒါန်းထားသော ဟိန္ဒူ ဘုရားကျောင်း၊ ခြံဝန်းထဲမှာ ဗုဒ္ဓရုပ်ပွားတော်များရှိ၏။ဟိန္ဒူဘုရား၊ နတ်များလည်းရှိ၏။ဘေဒလာသူဌေးကြီး ဆောက်လုပ် လှူဒါန်းထားသော ဟိန္ဒူ ဘုရားကျောင်းသည် (၃) ထပ်ရှိ၏။ ပေ(၁၀၀) ပတ်လည်လောက် ရှိမည်ထင်၏။ အတွင်းအပြင် နံရံများ ကြွေပြားကပ်ထား၏။ ခမ်းနားကောင်းမွန်လှ၏။ ဟိန္ဒူ ဗုဒ္ဓဝင်များလည်း ရေးဆွဲ ထားတာ တွေ့ရသည်။တိုက်ကြီးအတွင်း၌ ဗုဒ္ဓရုပ်ပွားတော်များ နတ်ရုပ်များ ဟိန္ဒူနတ်သမီးရုပ်များ ရှိ၏။ နတ်ရုပ်များမှာ ချောမွတ်လှပပြီး အသက်ဝင်နေသလိုရှိ၏။ ဆန်းကြယ်လှသည်။ ဆင်၊ မြင်း၊ ကျား၊ သမင်၊ ဒရယ်၊ ငှက်မျိုးစုံကို အရုပ်အကြီး၊ အသေးများဖြင့် ဆန်းကြယ်စွာ ပြုလုပ်ထားရှိ၏။ ဘာသာဝင်အမျိုးမျိုး တည်းခိုနိုင်ရန် အဆောက်အဦးများလည်းရှိ၏။

အိန္ဒိယဂိတ်ပေါက်၊ အတွင်းဝန်ရုံး၊ သမ္မတအိမ်တော်၊ ပါလီမန်လွှတ်တော်၊ စစ်ရုံးကြီး၊ ဂန္ဒီနေအိမ်နှင့် ပြတိုက်၊ လေယာဉ်ကွင်း၊ နေလ၊ နက္ခတ် နာရီတိုင်စသော အဆောက်အဦးမျိုးစုံနှင့် သချိုင်းကြီးများ၊ တိရစ္ဆာန် ဥယျာဉ်ကြီးများကြည့်ရှု၏။ နယူးဒေလီမြို့အရှေ့ဘက်မှာ တည်ရှိသော မီးရထားကူးတံတားကြီးလည်း လှမ်းမြင်ရသည်။ကြည့်ရှုစရာများကြည့်ရှုပြီး သတိပဋ္ဌာန်တရားဟောရာ အာသောက ကျောက်တိုင်ကြီးရှိရာ ပြန်သွား၍တစ်ညလုံးသတိပဋ္ဌာန် (၃) ခေါက် ရွတ်ပြီး ဂုဏ်တော်ကိုးပါးအား တစ်ပါးလျှင်(၄၅)ပါတ်စီစိတ်၏။

အာရုဏ်တတ်ချိန်(၄)နာရီလောက် ဘဂဝါဂုဏ်တော်(၉)ပါတ်အရတွင် ကြောက်မက်ဖွယ် ကောင်းလှသောအဆင်းနှင့် လူသုံးရပ်လောက်ရှိသော အရွယ်အစားကြီးများနှင့် ပုံအမျိုးမျိုး လက်နက် အမျိုးမျိုး တို့ဖြင့် ကျွန်ုပ်နှင့် ဝိုက် (၂၀)ကွာလောက်ကနေ ခြောက်လှန့်နေကြ၏။ အကောင်ပေါင်း ရာချီ၏။ ကျွန်ုပ်က ဘဂဝါဂုဏ်တော်ကိုသာ ဖိစိပ်နေ၏။ သူတို့ကိုလည်းမေတ္တာပို့၏။ဘဂဝါဂုဏ်တော်ပြီးရန် သုံးပတ်လောက် အလိုတွင် ထိုရာကျော်လောက်ရှိသော သရဲကြီးများက မီးပုံပေါင်းရာကျော်ဖြစ်ပြီး ပျောက်ကွယ် သွားကြတော့၏။

နံနက် (၅)နာရီထိုးတော့ ဂုဏ်တော်စိတ်တာပြီး၍ ဂါထာမန္တာန်များရွတ်၊ မေတ္တာပို့ အမျှဝေနေ၏။ (၆)နာရီလောက် လင်းရောင်ခြည်လာ၍ မေတ္တာသုတ်(၄၅)ခေါက်ရွတ်၏။၆နာရီခွဲလောက်မှပြီး၏။ဘုရား သောက်တော်ရေ ကပ်ထားသော သပိတ်ကိုယူ၍ မျက်နှာသစ်၏။ ထိုအခါ ကုလားကြီးနှစ်ယောက် ၆၀ကျော်လောက် ကုလားမလေးငါးယောက်၂၀-၂၅အရွယ်ရှိ၏။ထိုသူတို့သည် ကျွန်ုပ်ဆီလာကြပြီး ကျွန်ုပ်ကို ဘယ်သွားမလို့လည်း ဘယ်ကလာတာလည်းလို့ အင်္ဂလိပ်စကားဖြင့်မေး၏။

ကျွန်ုပ်မန္တလေးကလာတာ ဗုဒ္ဓနေခဲ့သော နေရာဒေသများလိုက်ပြီးပုတီး အဓိဋ္ဌာန်စိတ်တာလို့ ပြောလိုက်၏။ ဘယ်လောက်ကြာပြီလဲ ဒီရောက်နေတာလို့မေးတော့ (၂)လလောက်ရှိပြီလို့ ပြောလိုက်၏။ ယခုဒေလီမြို့ဟောင်းသွားပြီး စံချိန်စေတီရှိရာ ဝေဒိသကတောင် သွားမလို့ဟု ပြောလိုက်၏။ထိုအခါ ကုလားကြီးနှစ်ယောက်က ကျွန်ုပ်နားတိုးပြီး သူတို့ခေါင်းနှင့်ကျွန်ုပ် ခြေထောက်နှင့် တိုက်ကြ၏။ ကျွန်ုပ် ခြေမကိုလည်း စုတ်၏။ ထိုကဲ့သို့ပြုလုပ်ပြီးမှ နောက်ကပါလာသော ကုလားမလေးများကို စားဖွယ်တွေ လှူဖို့ပြောလိုက်၏။ ကုလားမလေးများက ပဲပလာတာ စမူဆာ၊ ကော်ဖီများလာကပ်ကြ၏။ ကုလားကြီး နှစ်ယောက်က အိန္ဒိယ ရူပီ (၅၀၀) စီလှူကြ၏။ ကုလားမလေးများကလည်း (၁၀၀)စီလှူကြ၏။

ကျွန်ုပ်စားသောက်ပြီး၍ သွားမည်ပြင်တော့ ကုလားကြီး တစ်ယောက်က လက်ပြပြီး ကုလားမ လေးတွေကို ပြောလိုက်၏။ ကုလားမလေးနှစ်ယောက် ထွက်သွားကြပြီး များမကြာ ကိုယ်ပိုင် ကားနက်လေး နှစ်စီးနှင့် ရောက်လာ၏။ ထိုကားတစ်စီးပေါ်သို့ ကျွန်ုပ်ကို အတက်ခိုင်း၏။ ကျွန်ုပ်က ရှေ့ကစီး၊ ကုလားကြီး

နှစ်ယောက်က နောက်ကစီးပြီး ဒေလီမြို့ဟောင်း ဘူတာသို့ သွား၏။ (၈)နာရီလောက် ရောက်သွားကြ၏။ ရထားပေါ် ကျွန်ုပ်ကိုတင်ပေးပြီး သူတို့ပြန်သွားကြ၏။

ကျွန်ုပ်လည်း နံနက်(၉)နာရီမှာ မီးရထားစီး၍ နံနက်(၁၁)နာရီမှာစံချီဘူတာသို့ရောက်၏။ တစ်လမ်းလုံး ပုတီးစိပ်လိုက်၏။ ကျွန်ုပ်ဘေးခုံက ကုလားမလေး တစ်ယောက်နှင့် ကုလားမကြီး တစ်ယောက် စီးနင်း လိုက်ပါလာကြ၏။ သူတို့နှစ်ယောက်က ကျွန်ုပ် ပုတီးစိပ် နေတာကို ခဏခဏ လှည့်ကြည့် နေကြ၏။ ဘူတာရောက်တော့ သီးစုံဒံပေါက် ဝယ်ကပ်၏။ ကျွန်ုပ်က သပိတ်နှင့်အလှူခံ၏။ဘူတာထိုင်ခုံပေါ် မှာစား၏။ ကော်ဖီလည်း သူတို့ကကပ်၏။ ရေတို့လည်း မလိုရအောင် ပြုစု၏။ စားပြီးတော့ မှတ်တမ်းရေးလိုက်၏။

၁၃၁၇ခုတပို့တွဲလပြည့်ကျော်(၂) ရက်(၁)နာရီ စံချီ ဘူတာရောက်၏။ ဆွမ်းစားပြီးဘူတာမှ တစ်မိုင်ခန့်ဝေးသော ဝေဒိဿတ တောင်သို့ကားငှားသွား၏။ (၁)ကျပ်ပေးရ၏။ ကားပေါ်ကျွန်ုပ်နှင့် သုံးယောက်ပါ၏။ တောင်ခြေရောက်တော့ ကျွန်ုပ်က တောင်တက်သွား၏။ တောင်က မန္တလေးတောင် လောက်ရှိ၏။ တောင်တက်လမ်းများလည်း ကောင်း၏။ တောင်ပေါ်ရောက်တော့ စံချီစေတီကြီးမှာ ခန်းနားလှ၏။ ကောင်းမှုတော်လောက်ရှိ၏။ ကောင်းမှုတော်ပုံဖြစ်၏။စစ်ကိုင်းကောင်းမှုတော်လောက် အချိုးမကျ။ ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂလာန်ဓါတ်တော်များ စေတီတော်ကြီး၏ တန်ဆောင်း အတွင်းရှိ၏။ တန်ဆောင်းက အရှေ့ဘက်က ဖြစ်၏။ အခြားစေတီများ ဗုဒ္ဓရုပ်ပွါးတော်များ ဗုဒ္ဓဝင် ပန်းချီကားများ ရေကန်ကြီးရှိ၏။

ထိုဘုရားဝန်းအတွင်း ဘုန်းကြီးကျောင်းမရှိ နေသော သံဃာမရှိ။ ယခင်တုန်းက ရှင်မဟိန္ဒ မထေရ် သာသနာပြုသွားခါနီး ဤဝေဒိဿကတောင် မယ်တော်ဆောက်လုပ်လှူဒါန်းသော ကျောင်း၌ တစ်လ သီးတင်းသုံးတော်မူကာ ပြည်သူပြည်သား တို့အား တရားရေအေး အမြိုက်ဆေးတိုက်ကျွေးပြီး နယုန် လပြည့်နေတွင် ကောင်းကင်ခရီး ဈာန်ယာဉ်စီး၍ သီဟိုဠ်သို့ သာသနာပြု ကြွတော်မူသည်။ ကျွန်ုပ်လည်း ယနေ့စံချီစေတီရှေ့တွင် ညလုံးပေါက်ပုတီးစိပ်ရန် ဘုရားကိုလျှောက်၍ ယခင်ဘုရားဖူး နေရာများကို မှတ်သားပြီး နေ့တချက်မှစ၍ ညလုံးပေါက် ပုတီးအပါတ် ငါးရာပြီးအောင် ဂုဏ်တော် ကိုးပါးကို စိပ်ပါမည်ဟု အဓိဋ္ဌာန်တင်ပြီး စိတ်တော့၏။

ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန် ဓါတ်တော်များထားရာ တန်ဆောင်းထဲမှာ စိတ်၏။ အပိုနှင့်တကွရအောင် ဂုဏ်တော်တစ်ပါးကို (၆၃)ပါတ်စိတ်၏။ အရယ်ဂုဏ်တော်(၂၇)ပါတ်လောက် အရ တွင် ဘုရားဖူးအဖွဲ့ တက်လာပြီး ဘုရားဖူးကြသည်။ ကုလားအဖွဲ့ သုံးဆယ်လောက်ရှိသည်၊ အခြားတိုင်းသားမပါ ကျွန်ုပ်ပုတီးစိပ်နေသောနေရာ လာကြည့်ကြ၏။ ရှင်သာရိပုတ္တရာ၊ ရှင်မဟာ မောဂလာန် ဓါတ်တော်များကို

လာဖူးကြ၏။ ကျွန်ုပ် ရေတော်ကပ်ထားသော သပိတ်၏ဘေး၌ ချထားသော သပိတ်ဖုံးကို လာကြည့်ကြ၏၊ သပိတ်ထဲမှရေများကို ငုံ့ကြည့်ပြီး လေ့လာနေကြ၏။ ပြီးလျှင်သပိတ်ဖုံးပေါ် ရွှေဘိ(၁၀၀) ကျော်လောက် လှူသွား၏။

အရဟံဂုဏ်တော်(၆၃)ပြီးသွား၍ သမ္မာသမ္ဗုဒ္ဓေါဂုဏ်တော် ဆက်စိတ်နေ၏။ (၁၃)ပါတ်လောက်အရတွင် ဘလပ်ဘလပ်နှင့်မြည်သံကြား၍ မျက်စိဖွင့်ကြည့်လိုက်၏။ ငါးပေလောက်ရှိသော ငါးရံ့ကြီးတစ်ကောင် ကျွန်ုပ်ပုတီးစိပ်သော ရှေ့တွင်လူးနေပြီး တန်ဆောင်းဖုတ်နံရုံနှင့် သွေအမြီးနှင့်ရိုက်နေတာတွေရ၏။နေ့ခင်းကြီး ဒီနေရာ ဒါမျိုးတွေ့တာ တယ်ဆန်းပါလားလို့ အောင့်မေ့၏၊ သူဖြစ်ချင်သလိုဖြစ်နေတာ၊ အာရုံမရောက်နှင့် ကိုယ့်အဓိဋ္ဌာန် ပုတီးသာစိတ် ဆိုပြီး စိတ်နေတော့၏။ ပုတီး(၁၈) ပါတ်ရတော့ အသံမကြားရတော့ပေ။ သမ္မာသမ္ဗုဒ္ဓေါ ဂုဏ်တော်ပြီးမှာ ငါးပတ်လောက်အလိုတွင် အတောင်ပံခတ်သော အသံကြားရ၍ မျက်စိဖွင့်ကြည့်လိုက်၏၊ တိမ်ညင်ကြက်ဖတစ်ကောင် ကျွန်ုပ် ညာဖက်ဘေး ငါးတောင်အကွာလောက်မှနေ၍ အတောင်ပံ ခတ်နေခြင်းဖြစ်၏၊ ကျွန်ုပ်ကြည့်နေစဉ် တွန်ပြန်၏။ တိန်ညင်သံသာယာ၏။ ဘယ်နှခါတွန်သတုံး ဟု ကျွန်ုပ်က လိုက်မှတ်၏၊ (၉)ခါထည်းတွန်ပြီး ပြန်သွား၏။ ကျွန်ုပ် ပုတီးစိတ်မပျက်ပေ။

သမ္မာသမ္ဗုဒ္ဓေါ ဂုဏ်တော်ပြီး၍ ဝိဇ္ဇာစရဏဂုဏ်တော် ဆက်စိတ်၏၊ ကိုးပတ်အရတွင် ဘုရားဖူးများတက်လာပြီး စံချိစေတီတော် ပါတ်ဝန်းကျင်ကို လေ့လာနေကြပြန်သည်၊ ထိုအထဲမှ ကုလားမလေး သုံးယောက်ကျွန်ုပ်နားလာ၍ ကျွန်ုပ် ခြေထောက်ခြေမလေးနှင့် သူမလေးတို့လက်နှင့် တို့တို့ ပြီး အရိုအသေပြုနေကြ၏၊ ကုလားလိုပြောနေကြ၍ ကျွန်ုပ် နားမလည် ကျွန်ုပ် နှာခေါင်းထဲ မွှေးလာ၍ မျက်စိလေး မှေးမှေးလေး ဖွင့်ကြည့်လိုက်တော့ အမွှေးတိုင်များ ကျွန်ုပ်ရှေ့မှာ ထွန်းထားတာ တွေ့ရ၏။ ဆာရီဝတ်ထားသော ကုလားမလေး(၃) ယောက်လည်း ကျွန်ုပ် ဘယ်ဘက်ဘေးမှာ ရပ်လျှက်ရှိသေး၏၊ ကျွန်ုပ်လည်း မျက်စိမှိတ်၍ ပုတီးစိတ်နေပြန်၏။

မကြာမီ ဘုရားဖူးတစ်ဖွဲ့လုံး ကုလားမလေးတွေနား ရောက်လာကြ၏၊ တစ်ချို့က ကုလားလိုပြော၏၊ တချို့က အင်္ဂလိပ်လိုပြော၏။ အင်္ဂလိပ်လိုပြောတာကို ကျွန်ုပ် နည်းနည်းနားလည်၏၊ ဗမာ ဘုန်းကြီးဖြစ်ကြောင်း ဒီဘုန်းကြီး ဗုဒ္ဓဂါယာမှာ တရားထိုင်နေသော လွန်ခဲ့သော လပိုင်းက တွေ့ခဲ့ကြောင်း ပြောနေကြ၏၊ ဘုရားပေါ်မှ ဆင်းသွားကြသည်၊ ပုတီးဆက်စိပ်တာ ဝိဇ္ဇာစရဏ သမ္ပန္နော ဂုဏ်တော်ပြီး၍ နေဝင်ခါနီးနေသဖြင့် စံချိစေတီကြီးပါတ်စိတ်နေ၏၊ သုဂတော ဂုဏ်တော်စိတ်ပြီး လက်ယာရစ်ပတ်ပူဇော်နေ၏၊ (၂၀)ပါတ်လောက်အရတွင် ကြွက်ကလေး ကျွန်ုပ် ပုတီးစိတ် လမ်းလျှောက်နေသော ရှေ့က

ပြေးလာပြီး အနောက်မုခ် ဘုရားလှိုင်ထဲဝင်သွားပြီး ခဏနေတော့ ခြေသလုံးလောက်ရှိသော အကွက် အကွက်တွေနှင့် မြွေနီ ဝါကြားကြီး တက်လာ၏၊ ကျွန်ုပ်မြင်တော့ ရှေ့မတိုးပဲ ရပ်နေ၏၊ ကျွန်ုပ်လည်း ရပ်ပြီးစိတ်နေ၏၊ မြွေလည်းနောက်ပြန်လှည့်ပြီး သွားတော့၏။

မိုးချုပ်သွား၍ ဖယောင်းတိုင် အမွှေးတိုင်များယူပြီး မုခ်လေးမုခ်ထဲက ဘုရားများကို ကိုးတိုင်ဆီ မီးပူဇော်၏။ ပြီးလျှင် ပုတီးပါတ်ပြည့်အောင် ဘုရားရင်ပြင်၌ ပတ်စိတ်နေ၏၊ ည(၆)နာရီခွဲကြတော့ ပြီးသွား၏၊ ကျွန်ုပ်ထိုင်သော အရှေ့မုခ်ရှိ ဓါတ်တော်များထားသော တန်ဆောင်းထဲသို့ ပြန်သွားပြီး လောကဝိဒူ ဂုဏ်တော်ကို အဓိဋ္ဌာန်၍ စိတ်ပြန်၏၊ အပတ်(၂၀)လောက်ပြီးတော့ မီးများငြိမ်းတာနှင့် ဆက်ထွန်း၍ စိတ်နေ၏၊ မီး(၃)တိုင်ထွန်း၏၊ အမွှေးတိုင်လည်း ငါးတိုင်ထွန်း၏၊ (၃၂)တိုင်ထုတ် ဖရောင်းတိုင် (၂၉)တိုင်ကျန်၍ ညလုံးပေါက်ထွန်းနိုင်အောင် ချန်ထားလိုက်သည်၊ အမွှေးတိုင်ထုတ်ကလည်း နှစ်ထုတ်သာ ရှိတော့သည်၊ စံချိစေတီတော်ကြီးမှာ မီးများမရှိပေ၊ ကျွန်ုပ်လည်း မီးများထွန်းပြီး နာရီကြည့်တော့ (၈ )နာရီ ထိုးနေ၏။ ဆက်စိတ်၏၊ (၈း၀၀)နာရီခွဲတော့ လောကဝိဒူဂုဏ်တော် (၆၃) ပတ် အဓိဋ္ဌာန်စိတ်တာ ပြီးသွား၏၊

အနုတ္တရောပုရိသ ဓမ္မသာရထိဂုဏ်တော် ၆၃ပတ် အဓိဋ္ဌာန်တက်စိတ်ပြန်၏၊ (၃)ပတ်လောက် အရတွင် ရှင်မောဂ္ဂလာန်ဓာတ်တော်ထားသော ကြုပ်အတွင်းမှ ရောင်ခြည်တော်များ ဖူးရ၏၊ ပုတီး တစ်ပတ်လောက် ကြာကြာဖူးရ၏၊ ထို့နောက် ရှင်သာရိပုတ္တရာ ကြုပ်အတွင်းမှ ရောင်ခြည်တော် များကွန့်မြူးပြန်၏၊ ကျွန်ုပ် စိတ်ထဲမှာ ရဟန္တာဓါတ်တော်များမှလည်း ရောင်ခြည်တော် လွှတ်နိုင်ပါလားလို့ အောင့်မေ့၏၊ ထိုရောင်ခြည်တော်များ ပျောက်သွားပြီး စံချိစေတီတော်မှ ရောင်ခြည်တော်များ ကွန့်မြူး တော်မူ၏၊

ကျွန်ုပ်လည်း ပုတီးစိတ်ပြီး လွန်စွာ ကြည်နူးပီတိဖြစ်နေ ဖူးနေ၏၊ ပုတီးပတ်(၅၀) လောက်ထိ ကွန့်မြူးနေ၏၊ (၆၃) ပတ်ရသော် အနုတ္တရောဂုဏ်တော် ပြီးပြန်၏၊ သတ္တာဒေဝမနုဿာနံ ဂုဏ်တော် ဆက်တိုက်စိတ်ရန် မီး(၃) တိုင်ပူဇော်၊ နံ့သာတိုင်(၅)တိုင် ပူဇော်ပြီး နာရီကြည့်တော့ ည(၉)နာရီ ခွဲသွား၏၊ အဓိဋ္ဌာန်ပြီး စိတ်တော့၏၊ ပုတီးတစ်ပတ်လောက်ရှိသေး၏နံ စံချိန်ဆော်စေတီတော်ကြီးဖိနပ်တော်မှ ထီးတော် တိုင်အောင် ဝင်းနေသော အဖြူတန်းကြီးပေါ် ထွက်လာ၏။ တဖြည်းဖြည်းနှင့် လူပုံကြီး ဖြစ်သွား၏၊ သူ့အဝတ်တွေ၊ သူ့ကိုယ်တွေက အဖြူရောင်လက်ပြီး လင်းနေ၏၊ အထက်ဆုံးမှ တဖြည်းဖြည်း တဲ့ကျုံ့ သေးသေးသွားပြီး သာမန်လူထက် တစ်တောင်လောက် ပိုတော့၏၊

ကျွန်ုပ်က ပုတီးစိတ်ပြီး ကြည့်နေ၏၊ ကျွန်ုပ်ဘက်လာနေ၏၊ မျက်စိလေးမှေးပြီး စိတ်နေ၏၊ ကျွန်ုပ်နားရောက်တော့ ဦးညွှတ်လက်အုပ်ချီလျှက် ဟရေး ဗုဒ္ဓနမတ်တသေးဆိုပြီး ရပ်နေ၏၊ ကျွန်ုပ်က

ခေါင်းငြိမ့်ပြီး ပုတီးစိတ်နေ၏။ နတ်ကြီးက ဆက်ပြောသည့်မှာ "ဟရေး ဗုဒ္ဓ-မံတွဲ့-ရက္ခိဿတိ သာဓုကမ္မံ ကရောတု" ဟုပြောပြီး ကျွန်ုပ်ကို လက်ယာရစ်လှည့်ပြီး သွားတော့၏။ နတ်ကြီးပြောသောစကားမှာ "ဘုရားကို ရှိခိုးပါတယ်၊ ကျွန်ုပ်အရှင်ဘုရားကို စောင့်ရှောက်ပါမယ်၊ ကောင်းကောင်းပြုလုပ်ပါ၊ ပုတီးကောင်း ကောင်းစိတ်ပါ၊ ကျွန်ုပ်စောင့်ရှောက်နေမယ်" လို့ ပြောခြင်းဖြစ်၏။

နတ်ကြီးစကားပြောပြီး လက်ယာရစ် လှည့်ထွက်သွားတော့ ပုတီး(၉) ပတ်လောက်ရနေ၏၊ (၁၈)ပတ်လောက်အရတွင် လေပြင်းမုန်တိုင်းကျလာ၏။ လေပြင်းများ ပုတီးတပါတ်အရတွင် မတိုက်ခတ်တော့ပေ။ လေငြိမ်သွား၏။ ကျွန်ုပ်ကို ဖျက်တာပဲ နတ်ကြီးတန်ခိုးကြောင့် ခဏလေးနှင့် ငြိမ်သွားတာလို့ ယူဆ၏။ ပုတီး (၂၅) ပတ်လောက်ရောက်တော့ စနေထောင့်ဆီက မီးရောင်တန်းကြီး ကျွန်ုပ်ဆီလာနေ၏။ မကြာခင်ကျွန်ုပ်နှင့် ဆယ်တောင်လောက်အကွာမှာ မြွေနဂါးကြီးဖြစ်ပြီး ကျွန်ုပ်ကိုပေါက်ရန် ချိန်နေတုန်း ဗုန်းကနည်း ပြင်းစွာမြည်သံထွက်လာပြီး မြွေနဂါးကြီး ရာဟုထောင့်ဘက် လွင့်ထွက်သွားတာ မြင်လိုက်ရ၏။

နတ်ကြီးကျေးဇူးပဲဟု စိတ်ထဲကအောင့်မေ့ပြီး ပုတီးသာ ဆက်စိတ်နေ၏။ ပုတီးပတ်(၃၅)ပတ်လောက်ရတော့ အရှေ့ဖက်ဆီက ညာသံပေး၍ တက်လာကြသော ဘီးလူး၊ သရဲတို့၏ အ သံများ ရာကျော်လောက် ရှိမည်ထင်၏။ စံချိစေတီတော်ကြီးနားရောက်တော့ ထိုအသံများမှာ ပျောက်ခြင်းမလှ ပျောက်သွားကြတော့၏။ ထိုအသံများကြားပြီးနောက် ဘာမျှ မတွေ့ရ မကြားရတော့ပေ။ အာရုဏ်ဦး အချိန်မှာ ဂုဏ်တော်များစိတ်တာ ပြီးသွား၍ ပရိတ်များရွတ် ဂါထာမန္တာန်များရွတ် မေတ္တာပို့ အမျှ ဝေလိုက်၏။ ထိုအချိန်မှာ ကျွန်ုပ်နှင့် မနီးမဝေး ဆယ်တောင်လောက်အကွာ ညာဘက်ကနေ သာဓုခေါ်သံ ထွက်ပေါ်လာပြီး နတ်ကြီးပုံ ပေါ်လာ၏။ တဖြည်းဖြည်းနှင့် လက်အုပ်ချီ၍ ကျွန်ုပ်ရှေ့မှာ ပေါ်လာပြီး လျှောက်သည့်မှာ "ရှင်မဟိန္ဒမထေရ် ဤတောင်ပေါ် သီတင်းသုံးစဉ်က ဘုရားတပည့်တော်က ကပ္ပိယအဖြစ် မထေရ်မြတ်ကို ပြုစုလုပ်ကျွေးတဲ့ ကုသိုလ်ကြောင့် ဤဘုရားစောင့်တဲ့ နတ်မင်းကြီးအဖြစ် ရခဲ့ပါတယ်ဘုရား။ ရှင်မဟိန္ဒ ဒီတောင်ပေါ် သီတင်းသုံးပြီး သီဟိုဠ်သာသနာပြုသွားပြီးနောက်မှ ဤစေတီကြီးက တည်တာပါ ဘုရား"ဟု လျှောက်၏။ (ဤစံချိစေတီတော်ကြီး သမိုင်းကြောင်းကို နောက်မှာ ဖော်ပြပါမည်။)

နတ်မင်းကြီးက သူယူလာသော အထုတ်ကလေးကို သူ့အကျီထဲမှထုတ်လိုက်ပြီး ကျွန်ုပ်ကိုလာကပ်၏။ ရေကန်ကြီးထဲမှရေကိုလည်း အိုးဖြင့်ယူ၍ကပ်၏။ ကျွန်ုပ်လည်းအထုတ်ကို ဖြည်လိုက်ပြီး စမူစာနှင့် ပလာတာကို စား၏။ ပြီးလျှင်သွားမည်ဟန်ပြုတော့ နတ်မင်းက သူလိုက်ပို့မည်ဟုပြောပြီး လိုက်ပို့၏။ တောင်ခြေရောက်တော့ ကားအရန်သင့်တွေ့၍ နတ်မင်းကြီးက ကားပေါ်တင်ပေး၏။ ကားခလည်း သူကပေးသွား၏၊ မှတ်တမ်းရေးလိုက်၏။

၁၃၁၇ခု တပို့တွဲလဆန်း (၃) ရက် နံနက်(၇)နာရီ ဝေဒိဿက တောင်ခြေမှ ကားစီးလာရာ ဘုံဘေမြို့ ရောက်၏။ ကား နာရီဝက်ခန့် စီးရ၏။ ဂျလဂေါင်းဘူတာအနီး လမ်းစုံမှာရပ်ပေးပြီး" ဒီနေရာကနေ ကား စောင့်စီး အဂျန္တာကိုသွားတဲ့ ကားတွေရှိတယ်၊ (၃၅) မိုင်လောက်ရှိတယ်၊ ကားခ ၁ရူပီ ပေးရတယ်၊ စောင့်စီး လို့ ကားမောင်းသော ကုလားကြီးက အင်္ဂလိပ်လိုပြောပြီး ကျွန်ုပ်ကို ချပေးခဲ့၏။ ကျွန်ုပ်လည်း ကားစောင့် နေ၏။ (၁၅) မိနစ်ခန့်ကြာသော် ကားတစ်စီး ကျွန်ုပ်ရှေ့ ထိုးရပ်၏။ ကားပေါ်မှ ဘုန်းကြီးတစ်ပါး ဆင်းလာပြီး (၅၀)အရွယ်လောက် ရှိ၏။ ထိုဘုန်းကြီးက "ဦးဥ္စင်းလေး ဘယ်ကြွမှာလဲလို့"လို့မေး၏။ ကျွန်ုပ်က "အဂျန္တာကို သွားမလို့ပါ ဘုရားဟု " လျှောက်၏။ လာ. . . . လာ ကားပေါ်တက်ဟု ပြော၍ ကျွန်ုပ်က ကားပေါ် တက် လိုက်၏။

ထိုဘုန်းကြီးက ကျွန်ုပ်နား လာထိုင်ပြီး "အဂျန္တာ လှိုင်ဂူကိုရောက်ဖူးလား" ဟု မေး၏။ "မရောက်ဖူးပါ ဘုရား။ ယခု ဝေဒိဿတောင် စံချိစေတီတော်ကြီးတွင် တစ်ညအဓိဋ္ဌာန်ပုတီးစိတ်ပြီး အဂျန္တာသွားရန် တောင် ပေါ်ကဆင်း၊ ကားကြုံနှင့်လိုက်လာပြီး ဂျလဂေါင်းဘူတာအနီး လမ်းဆုံကနေ ကားစောင့်နေတုန်း အရှင်ဘုရား တို့ကားနဲ့တွေ့တာပဲ ဘုရား။ အရှင်ဘုရားတို့က ဘယ်ကကြွလာကြပါသလဲဘုရား"၊ "ဟောဒီ ရန်ကုန်က ဘုရားဖူးအဖွဲ့ကို တပည့်တော်က ဦးဆောင်ပြီး နေရာအနှံ့ လိုက်ပို့တာပါ။ အဂျန္တကိုလည်း တပည့်တော်က(၃) ခေါက်လောက် ရောက်ဖူးနေတော့ ဒီ ဘုရားဖူးများကို လိုက်ပို့ရတာပေါ့ဘုရား"၊

"အရှင်ဘုရား အဂျန္တ လှိုင်ဂူသမိုင်းကြောင်း သိရင် တပည့်တော်ကို နည်းနည်း ပြောပြပါလား ဘုရား" ဟု ကျွန်ုပ်ကလျှောက်တော့ "ဦးပဥ္စင်းလေးမေးတော့ တပည့်တော် သိသလောက် ပြောပြရတာပေါ့ ဒီအဂျန္တ လှိုင်ဂူဟာ ရှေးယခင်က သာသနာ တော်တော်ထွန်းကားတဲ့ နေရာလို့ ပြောကြတယ်၊ ရဟန္တာများလည်း ဒီလှိုင်ဂူကြီးထဲ နေတော်မူကြပြီး သာသနာပြုတယ်လို့ ကြားဖူးတယ်၊ အဲဒီလက်ထက်ကစပြီး လှိုင်ဂူကြီးအတွင်း ရုပ်လုံးရုပ်ထုများ ပြုလုပ်ခဲ့ကြတယ်လို့ ကြားဖူးတယ်၊ တော်တော် အံ့ဖွယ်ရာကောင်းတဲ့ ရုပ်လုံးရုပ်ထုတွေ၊ လှိုင်ဂူကြီးကြတော့ တွေ့မြင်ရလိမ့်မယ် ဦးပဥ္စင်းလေး" ဟု ပြောပြီး ရှေ့ဆက် မပြောတော့. . . ကျွန်ုပ်လည်း မမေးတော့။ ပုတီးကိုသာစိတ်ပြီး နေတော့၏၊ နံနက်(၁၀)နာရီအချိန်မှာ အဂျန္တလှိုင်ဂူရှေ့ ရင်ပြင်တွင် ကားရပ်တော့၏၊ အားလုံးဆင်းကြပြီး ရှောက်ကြည့်ကြ၏၊ ကျွန်ုပ်လည်း လိုက်ကြည့်၏၊အဂျန္တလှိုင်ဂူအတွင်းရှိ ကျောက်တောင် ကျောက်နံရံများတွင် ထွင်းထုထား၏၊

ရုပ်လုံးပေါ် ဇာတ်ထုပ် ဇာတ်ကွက်များတော ထွက်ခန်းများ, ဖွါးတော်မူခန်း စသည်များ ဗုဒ္ဓရုပ်ပွားတော် ထိုင်တော်မူပုံ၊ ရပ်တော်မူပုံ အကြီးအသေးများ၊ပရိနိဗ္ဗာန်ပုံများ စုံစုံလင်လင် မြောက်များစွာ ရှိပေ၏၊ အံ့မဆုံးနိုင် ဖြစ်၏။ ၎င်းလှိုင်ဂူကြီးများမှာ ရှေးက ရဟန်းန္တာများ သီတင်းသုံးနေထိုင်ရာ

သာသနာပွင့်လင်းခဲ့ရာ ဖြစ်ခဲ့ပေ၏၊ လှိုင်ဂူအခန်းပေါင်း (၂၆)ခု ရှိ၏၊ ကျွန်ုပ်လည်း တစ်ညတာ ပုတီးစိတ်လိုသဖြင့် အစောင့်ကိုပြောကြည့်တော့ အခွင့်ရ၍ ဘုရားဖူးကားနှင့် ပြန်မလိုက်တော့ပဲ တင်ပလ္လင်ခွေထိုင်တော်မူ (၃) တောင်လောက်ရှိသော (၁၃)နံပါတ်ဂူတွင် အဓိဋ္ဌာန်ပုတီး စိတ်နေခဲ့၏၊ (၂) ချက်ခွဲကစပြီး စိတ်၏၊သုဂတောဂါထာ(၅)ချက် ဂါထာကို(၈၁)ပါတ် ဘုရားသက်တော်အရ အဓိဋ္ဌာန် စိတ်နေ၏၊ ထိုအတွင်း (၃)နာရီခွဲလောက် ဘုရားဖူး တဖွဲ့လာ၏၊

လူအယောက်(၅၀)လောက်ရှိ၏၊ တရုတ်လူမျိုးများ ဖြစ်၏၊ (၄)နာရီခွဲလောက် တစ်ဖွဲ့လာ၏၊ အိန္ဒိယတိုင်းသားများ ဖြစ်၏၊ ဤအဖွဲ့ပြီးတော့ ဘုရားဖူးအဖွဲ့များ မလာကြတော့ချေ၊ ညနေ (၆) နာရီထိုးလျှင် သုဂတော(၅)ချက် (၁၈)ပါတ်ရ၏၊ လမ်းလျှောက်စိတ်၏၊ (၅)ပါတ်ရလျှင် ထိုင်ပြီးစိတ်ပြန်၏၊ မှောင်လာ၍ ဖယောင်းတိုင် (၃)တိုင် မီးပူဇော်ပြီး စိတ်နေ၏၊ လှိုင်ဂူအတွင်းရှိ တောင်နံရံများက လှုပ်နေ၏၊ ထင်ထင်ရှားရှား လှုပ်ပြနေ၏၊ နီ၊ စိမ်း၊ ဖြူ ရောင်များက နံရံအတွင်းမှ ဝင်းကနဲ လက်ကနဲဖြစ်နေ၏၊ ဘယ်လိုပဲဖြစ်နေနေ ဥပေက္ခာပြုပြီး ပုတီးသာ ဆက်စိတ်နေ၏၊ ဖယောင်းတိုင် (၃)တိုင်က သုံးပုံတစ်ပုံ ကျိုးသွားတော့ ပုတီးပါတ် ထိုင်စိတ်တာ (၁၀)ပါတ်ရ၏၊

နာရီကြည့်တော့ ည(၉)နာရီ ထိုးသွား၏၊ အားလုံးပေါင်း ပုတီးပါတ် (၃၃)ပါတ်ရ၏၊ ဆက်စိတ်၏၊ ညီးနေသောအသံများ ငိုနေသော အသံများ ပုတီးလေးပါတ်တိုင်အောင် ကြားနေရ၏၊ ပုတီး (၅)ပါတ်ရတော့ ထိုအသံများ ပျောက်သွားပြီး လှည်းဘီးလောက်ရှိသော သရဲခေါင်းကြီးပေါ်လာ၏၊ အမွေးအမျှင်များက မျက်လုံးကြီးကို သုံးပုံတစ်ပုံလောက် ဖုံးထား၏၊ အစွယ်ကြီးတွေကလည်း အပြင်ကိုတစ်တောင်လောက် ထွက်နေကြသည်၊ သွားများကလည်း တစ်ချောင်း တစ်ချောင်း(၄)လက်မလောက် ရှိမည်ထင်၏၊ အပြင်ငေါ်ထွက်နေ၏၊အောက်နှုတ်ခမ်းကို ဖုံးထား၏။ မျက်လုံးကြီးများကလည်း လကွင်းလောက်ရှိ၏၊ နက်ပြောင်နီရဲနေ၏၊ ဘုရားပုံတော်ပျောက်ပြီး သူ့ခေါင်းကြီးက ပေါ်နေ၏၊ အံ့သြစရာပေ၊ ကျွန်ုပ်စိတ်ထဲတွင် ဘုရားပုံတော် ဖုံးလွှမ်းနိုင်ပြီး သူ့ခေါင်းကြီးသာ ဖေါ်ပြခြောက်လန့်နိုင်သော အဆင့်သည်မသေးဟု ထင်နေ၏၊ ထိုထင်နေသော အခိုက်တွင် ထိုသူရဲခေါင်းကြီးသည် အစိပ်စိပ်အမွှာမွှာ ကြေမွပျက်စီးသွားပြီး ဘုရားပုံတော် ထင်ရှားစွာဖူးတွေ့ရ၏။

ထိုသရဲခေါင်းကြီးသည် နာရီဝက်လောက် ကြာအောင် ခြောက်လှန့်နေတာဖြစ်၏။ ထို့နောက် ဘာသံမှ ဘာပုံမှ မကြားတော့ မပေါ်လာတော့ပေ၊ နာရီက (၁၂) နာရီထိုးသွား၏၊ ပုတီးပါတ်က (၄၃)ပါတ်လောက်ရ၏၊ အဓိဋ္ဌာန်တစ်ဝက် ကျိုးသွား၏၊ ထိုင်လျှက် မှေးကနဲ ဖြစ်သွား၏၊ နိုးလာတော့ (၁)နာရီခွဲနေ၏၊ လမ်းလျှောက်ပြီး ဆက်စိတ်နေ၏၊ လှိုင်ဂူကြီးများအတွင်း အရောင်များ ထွက်ပေါ်နေ၏၊

ဟိုဘက်ဂူက လက်ကနဲ လင်းကနဲ ဖြစ်နေ၏။ ဒီဘက်ဂူက လက်ကနဲ လင်းကနဲ ဖြစ်နေတာ တွေ့ရ၏၊ ဂူများအားလုံး အရောင်များ လင်းနေသလို ဖြစ်၏၊ ကျွန်ုပ်ကလည်း ပုတီးကိုသာ ဆက်စိပ်နေတာ ဖြစ်၏၊ ပုတီး (၁၂) ပါတ်ရတော့ နာရီက ၃ နာရီထိုးနေ၏။ လမ်းလျှောက်စိတ်ရာမှ ထိုင်ပြီး စိတ်၏၊ ပုတီး နှစ်ပါတ်လောက်ရှိသေးချိန်တွင် ဘုရားရှပ်ပွားတော် ညာဘက်ဘေးက ဘုန်းတော်ကြီးတစ်ပါး မတ်တပ်ရပ်လာနေ၏၊ မတ်တပ်ရပ်လျှက် ဘုရားရှပ်ပွားတော်ကို လက်အုပ်ချီပြီး ဓမ္မစကြာသုတ်တော်ကို ပီပီပြင်ပြင် အသံနေအသံထားဖြင့် ရွတ်ဖတ်ပူဇော်နေ၏၊ ကျွန်ုပ် ပုတီးစိတ် မှားမသွားအောင် အတော် ဂရုစိုက် စိတ်နေရ၏၊

ဓမ္မစကြာသုတ်ပြီးတော့ မဟာသမသုတ် ရွတ်နေပြန်၏၊ ကျွန်ုပ်လည်း သတိထား၍ ဆက်စိပ်နေ၏၊ ကျွန်ုပ် ပုတီးပါတ် ရှစ်ပါတ်ရတော့မှ ရွတ်တာပြီးပြီး ပျောက်ကွယ်သွား၏၊ ဘုန်းကြီး (၂)ပါး ပေါ်လာပြန်၏၊ ဘုရား၏ ဝဲယာက မတ်တပ်ရပ်လျှက် လက်အုပ်ချီပြီး ပရိတ်ကြီး၁၁သုတ် အနတ္တလက္ခဏသုတ် ဓါရဏပရိတ် ဆဒိသာပါလသုတ်များ ရွတ်ဖတ် ပူဇော်နေကြပြန်၏၊ ယခုဘုန်းကြီး နှစ်ပါးက ခုနက ဘုန်းကြီးထက် နုပျို၏၊ အရွယ်အားဖြင့် (၄၀)လောက်ရှိ၏၊ သင်္ကန်းကလည်း ကတ္တီပါအနီရင့်ရောင်ဖြစ်၏၊ကျွန်ုပ် မီးပူဇော်ထားသော အလင်းရောင်နှင့်ဆိုတော့ အရောင်တွေ လက်နေ၏။ ကိုယ်သားကိုယ်ရည်ကလည်း အဖြူဖြစ်၍ တင့်တယ် လှပေ၏၊ ကျွန်ုပ်က အဓိဋ္ဌာန် ပုတီး မှားမသွားရအောင် သတိထားပြီး စိတ်နေရ၏၊ ပုတီးပါတ်(၈) ပါတ်ရတော့မှ ပြီးသွား၏၊ ယုတ်ခြင်း ပျောက်ကွယ်သွား၏၊ ပုတီးပါတ် (၁၆) ပါတ်ရ၏။ (၁၂) နှင့်ပေါင်းတော့ (၂၈) ပါတ်ရ၏၊ နာရီကြည့်လိုက်တော့ (၅) နာရီ ထိုးနေ၏။ တောကြက်တွေကလည်း လင်းကြက်တွန်နေ၏၊ ဆက်စိပ်နေ၏။ နံနက် ၆ နာရီခွဲ မိုးထိန်ထိန်လင်းနေ၏၊ ပုတီးပါတ် ၈ပါတ်ရ၏၊ ပေါင်း ၃၆ပါတ်ရ၏၊ အဓိဋ္ဌာန် ပုတီးပြည့်မှာ ၂ ပါတ်သာ လိုတော့၏၊၆နာရီမိနစ်၄၀ဆယ်ရတော့ ၃၈ပါတ် ရ၏၊ ညဦးက ၄၃ ပါတ်နှင့် ပေါင်းလျှင် ၈၁ပါတ်ပြည့်တော့၏၊ အဓိဋ္ဌာန်အောင်မြင်ပြီးသွား၍ မေတ္တာပို့ အမျှဝေ၏၊ တတောင်လုံး တိမ်ခိုးဖြူများ ဖုံးအုပ်သွား၏၊နာရီဝက်ခန့်ကြာတော့ မေတ္တာပို့ အမျှဝေပြီး၍ လှိုင်ဂူကြီးထဲမှ ဘုရားကို လက်အုပ်ချီပြီး နောက်ဆုတ် နောက်ဆုတ်နှင့် ထွက်လာ၏၊ ဂူပေါက်ရောက်တော့ အစောင့် ကုလားကြီးနှစ်ယောက်က လက်အုပ်ချီပြီး ပြားပြားဝပ် ရှိခိုးကြ၏၊

ဘယ်ခြေမ ညာခြေမတို့ကိုလည်း အစောင့် ကုလားကြီး နှစ်ယောက်က ပါးစပ်ဖြင့် စုပ်ကြ၏၊ကျွန်ုပ်ကို ပင့်ခေါ်သွားပြီး ချပါတီနှင့် ကော်ဖီကပ်ကြ၏။ ကျွန်ုပ်စားနေစဉ်အတွင်း ကုလားကြီးများက ဂူတွေများထဲက တစ်ညလုံး အလင်းရောင်များ မြင်နေရကြောင်း ငိုသံအော်သံများ ညဥ့် ဦးပိုင်းက ကြားပြီးနောက် ဂူများအသီးသီးမှ အလင်းရောင်များ မြင်နေရကြောင်း ပြောပြ၏၊ ထို့နောက်ကုလားကြီး နှစ်ယောက်တ

ကျွန်ုပ်ကို တစ်ယောက်လျှင် ၂၅ ရူပီစီ လှူကြသည်၊ ကျွန်ုပ်ကလည်း ကုလားကြီးနှစ်ယောက်ကို (သံယသာဒေမ နိဗ္ဗာန ပစ္စယော ဟောတု၊ ဣဒံမေ ပုညဘာဂံ သဗ္ဗသတ္တာနံ ဘာဇေမ) ဟု ချပေး၏၊ သာဓု အခေါ် ခိုင်း၏။ သာဓု ခေါ်ကြ၏၊ တစ်တောင်လုံး တစ်တောလုံး သာဓုခေါ် သံများပဲ့တင် ထပ်သွားသည်၊

ကုလားကြီး အားလုံး ဝမ်းသာအားရနှင့် ခုံပေါက်နေကြသည်။ အားလုံးငြိမ်သွားပြီး တစ်နာရီခန့် ကြာသော် ဘုရားဖူးကားတစ်စင်း ဆိုက်လာသည်။ ထိုအထဲမှ လူကြီးလုပ်သူက ဘုရားဖူးများအား သူတို့အတွေ့အကြုံကို ပြောပြနေ၏၊ ဘုရားဖူးများမှာ အိန္ဒိယများနှင့် တရုတ်များ ဖြစ်ကြသည်၊ မှန်လုံ အအေးကားကြီး ဖြစ်၏။ လူ ၃၅ ယောက် ပါဝင်သည်။ သူတို့ရောက်လာသောအချိန်က နံနက် ၉ နာရီဖြစ်၏၊ ဘုရားဖူးပြီး လူစုံတော့ လူကြီးလုပ်သူက ကျွန်ုပ်ကိုပင့်ပြီး ရှေ့ခေါင်းပိုင်းထား၍ ကားထွက်လာ ကြ၏။ နာရီကြည့်တော့ ၁၁ နာရီ ထိုးနေ၏၊ ကျွန်ုပ်ကကားပေါ် ပုတီးစိတ်လိုက်လာ၏၊

၁၃၁၇ခု တပိုတွဲလဆန်း ၄ ရက်နေ့ ၁ ချက်လောက်မှာ ဘုံဘေမြို့ ဘူတာသို့ ရောက်၏။ ဘူတာရုံတွင် မဒရပ်သွားရန်အတွက် ရထားလက်မှတ်ဝယ်ရန် လက်မှတ်ပေါက် သွားရပ်၏၊ ကုလားကြီး တစ်ယောက် ရောက်လာပြီး အင်္ဂလိပ်လို ဘယ်သွားမှာလည်း မေး၏၊ မဒရပ်မှ သီဟိုဠ်သွားမည်ဟု ပြောလိုက်၏။ ကုလားကြီးက ရှဘီ၅၀ဖြင့်ဝယ်ပေးပြီး မဒရပ်မှသီဟိုဠ် အသွားအပြန်လက်မှတ် ကပ်၏၊ ဘယ်လောက် ကြာမှာလည်းမေးတော့ ၄၅ ရက်လို့ ပြောလိုက်သည်။ လက်မှတ်ရော ရှဘီ ၃၀၀ ပါလှူသည်။

ဘုံဘေနှင့် မဒရပ် (၇၉၄) မိုင် မဒရပ်မှ သီဟိုဠ်ကျွန်း (၄၂၂) မိုင် အသွားအပြန် မိုင်ပေါင်း (၂၄၃၂)မိုင်ရှိ၏။ သီဟိုဠ် သမိုင်းဝင်နေရာများ သွားတာမပါ။ ရထားကနေ ၃ နာရီ ဘုံဘေမှ ထွက်၏၊ တပိုတွဲလဆန်း ၆ ရက်သောကြာနေ့ နံနက် ၈ နာရီ မဒရပ်ဘူတာသို့ ရောက်သည်။ မဒရပ်မြို့ ဗုဒ္ဓဘာသာဆိုင်ရာဘာမျှ ကြည့်စရာမရှိ၍ နံနက် ၉ နာရီ ခရီးဆက်ပြီး ရထားစီးသည်၊ ညစ နာရီလောက် (မဏ္ဍပန်ကင့်) ဘူတာရောက်သည်၊ ၎င်းမှာ အစစ်အဆေးများ ရှိသည်။ ကျွန်ုပ်က ဘုန်းကြီးလည်းဖြစ် ဘာမျှလည်း မပါ၍ ဘာမှ မမေးကြ မစစ်ကြ၊ ည ၈ နာရီ ၄၀လောက် ရထားဆက်စီး၏။ ဟနုမာန် ကျောက်တန်းပေါ်ထိုးထားသော ၁ မိုင်ခန့် ရှည်လျားသည့် မီးရထားကူး တံတားပေါ် ည ၉ နာရီလောက် ရောက်၏။

ပင်လယ်ရေကျနေ၍ ညပင်ဖြစ်သော်လည်းကျောက်တန်းမြင်နေရ၏၊ တံတားတိုင်ပေါင်း၁၄၆ တိုင်လောက်ရှိ၍ တော်တော်ရှည်လျားသော တံတားကြီးဖြစ်၏။ ဓနုတ်ရှကိုဒိမှာ ကျွန်းဆွယ်လေးဖြစ်၍ ၂၅ မိုင်ခန့် ရှည်လျား၏။

ကျွန်ုပ်ကို တစ်ယောက်လျှင် ၂၅ ရူပီစီ လှူကြသည်၊ ကျွန်ုပ်ကလည်း ကုလားကြီးနှစ်ယောက်ကို (သံယသဒေမ နိဗ္ဗာန ပစ္စယော ဟောတု၊ ဣဒံမေ ပုညဘာဂံ သဗ္ဗသတ္တာနံ ဘာဇေမ) ဟု ချပေး၏၊ သာဓု အခေါ်ခိုင်း၏။ သာဓု ခေါ်ကြ၏၊ တစ်တောင်လုံး တစ်တောလုံး သာဓုခေါ်သံများပွဲတင် ထပ်သွားသည်၊

ကုလားကြီး အားလုံး ဝမ်းသာအားရနှင့် ခုံပေါက်နေကြသည်။ အားလုံးငြိမ်သွားပြီး တစ်နာရီခန့် ကြာသော် ဘုရားဖူးကားတစ်စင်း ဆိုက်လာသည်။ ထိုအထဲမှ လူကြီးလုပ်သူက ဘုရားဖူးများအား သူတို့အတွေ့အကြုံကို ပြောပြနေ၏၊ ဘုရားဖူးများမှာ အိန္ဒိယများနှင့် တရုတ်များ ဖြစ်ကြသည်၊ မုန်လုံအအေးကားကြီး ဖြစ်၏။ လူ ၃၅ ယောက် ပါဝင်သည်။ သူတို့ရောက်လာသောအချိန်က နံနက် ၉ နာရီဖြစ်၏၊ ဘုရားဖူးပြီး လူစုံတော့ လူကြီးလုပ်သူက ကျွန်ုပ်ကိုပင့်ပြီး ရှေ့ခေါင်းပိုင်းထား၍ ကားထွက်လာ ကြ၏။ နာရီကြည့်တော့ ၁၁ နာရီ ထိုးနေ၏၊ ကျွန်ုပ်ကကားပေါ် ပုတီးစိတ်လိုက်လာ၏၊

၁၃၁၇ခု တပိုတွဲလဆန်း ၄ ရက်နေ့ ၁ ချက်လောက်မှာ ဘုံဘေမြို့ ဘူတာသို့ ရောက်၏။ ဘူတာရုံတွင် မဒရပ်သွားရန်အတွက် ရထားလက်မှတ်ဝယ်ရန် လက်မှတ်ပေါက် သွားရပ်၏၊ ကုလားကြီး တစ်ယောက် ရောက်လာပြီး အင်္ဂလိပ်လို ဘယ်သွားမှာလည်း မေး၏၊ မဒရပ်မှ သီဟိုဠ်သွားမည်ဟု ပြောလိုက်၏။ ကုလားကြီးက ရူပီ၅၀ဖြင့်ဝယ်ပေးပြီး မဒရပ်မှသီဟိုဠ် အသွားအပြန်လက်မှတ် ကပ်၏၊ ဘယ်လောက် ကြာမှာလည်းမေးတော့ ၄၅ ရက်လို့ ပြောလိုက်သည်။ လက်မှတ်ရော ရူပီ ၃၀၀ ပါလှူသည်။

ဘုံဘေနှင့် မဒရပ် (၇၉၄) မိုင် မဒရပ်မှ သီဟိုဠ်ကျွန်း (၄၂၂) မိုင် အသွားအပြန် မိုင်ပေါင်း (၂၄၃၂)မိုင်ရှိ၏။ သီဟိုဠ် သမိုင်းဝင်နေရာများ သွားတာမပါ။ ရထားကနေ ၃ နာရီ ဘုံဘေမှ ထွက်၏၊ တပိုတွဲလဆန်း ၆ ရက်သောကြာနေ့ နံနက် ၈ နာရီ မဒရပ်ဘူတာသို့ ရောက်သည်။ မဒရပ်မြို့ ဗုဒ္ဓဘာသာဆိုင်ရာဘာမျှ ကြည့်စရာမရှိ၍ နံနက် ၉ နာရီ ခရီးဆက်ပြီး ရထားစီးသည်၊ ည၈ နာရီလောက် (မဏ္ဍပန်ကင့်) ဘူတာရောက်သည်၊ ၎င်းမှာ အစစ်အဆေးများ ရှိသည်။ ကျွန်ုပ်က ဘုန်းကြီးလည်းဖြစ် ဘာမျှလည်း မပါ၍ ဘာမှ မမေးကြ မစစ်ကြ၊ ည ၈ နာရီ ၄၀လောက် ရထားဆက်စီး၏။ ဟနုမာန် ကျောက်တန်းပေါ်ထိုးထားသော ၁ မိုင်ခန့် ရှည်လျားသည့် မီးရထားကူး တံတားပေါ် ည ၉ နာရီလောက် ရောက်၏၊

ပင်လယ်ရေကျနေ၍ ညပင်ဖြစ်သော်လည်းကျောက်တန်းမြင်နေရ၏၊ တံတားတိုင်ပေါင်း၁၄၆ တိုင်လောက်ရှိ၍ တော်တော်ရှည်လျားသော တံတားကြီးဖြစ်၏။ ဒနွတ်ရှကိုဒိမှာ ကျွန်းဆွယ်လေးဖြစ်၍ ၂၅ မိုင်ခန့် ရှည်လျား၏။

၁နွတ်ရှကိုဒိ ဆိပ်ကမ်းမှသင်္ဘောဖြင့် ကူး၏။ ၉နာရီခွဲလောက်မှာ သီဟိုဠ်ဘက်ဆိပ်ကမ်း တလိုင်မင်းနား ရောက်၏။ ပင်လယ်ရေပြင်မှာ ၂၅ မိုင်လောက် ကျယ်သည်။ သင်္ဘောခ တစ်ယောက် ၃/ ၆ ပဲပေးရသည်။ အိန္ဒိယငွေ သီဟိုဠ်ငွေ ကြိုက်တာပေးနိုင်သည်။ တလိုင်းမင်းနားဘူတာမှ ရထားဆက်စီးရာ ၁၃၀၇ခု တပို့တွဲလဆန်း ၇ရက် စနေနေ့ နံနက် ၇နာရီမှာ ပိုဂါဝဲလားခေါ်သော မီးရထားလမ်းခွဲဘူတာသို့ ရောက်၏။ ၎င်းမှ ကိုလန်ဘိုမြို့ကိုလာသော ကန္ဒီသွား မီးရထားကို ပြောင်း၍ စီး၏။ နံနက် ၁၀ နာရီလောက် ကန္ဒီမြို့ စွယ်တော်တိုက်ကို ရောက်၏။

စွယ်တော်တိုက် မဖွင့်သေး၍ စွယ်တော်တိုက်နံဘေး မြောက်ဖက်ပေါက်နားမှာ နေ၍ ဘူတာမှ ကုလားကြီးတစ်ယောက်က လှူလိုက်သော ဂျပါတီ နှစ်ခုနှင့် စမူဆာ ငါးခုကို နေ့ဆွမ်းအဖြစ် စား၏။ ရေသောက်ပြီ စွယ်တော်ကို ရည်မှန်း ကန်တော့ကာ ပုတီးထိုင်စိတ်နေ၏။ ပရိသတ်များ တဖြည်းဖြည်းနှင့် ရောက်လာပြီး စွယ်တော်ဖူးရန် စောင့်နေ၏။ သုဂတော ငါးချက်ဂါထာ ၆ပါတ်ရတော့ နေ့ ၁၂နာရီထိုးသဖြင့် စွယ်တော်ဖွင့်ပေး၏။ သံဃာတော်များအရင် ဖူးရ၏။ စွယ်တော်ဖူးရန်လာကြသော သံဃာအရေအတွက်မှာ ၁၀၀ခန့်ရှိသည်။ မြန်မာ၂၀၀ခန့် သီဟိုဠ်၇၀၀ ခန့် ပေါင်း ၁၀၀၀ကျော်လောက် ရှိသည်ထင်၏။

နေ့နှစ်နာရီလောက်တွင် ပရိသတ်ကျဲသွား၏။ ကျွန်ုပ်က စွယ်တော်၏ ယာဖက်ဘေးနားက ဖူးပြီး ပုတီးစိတ်နေ၏။ ပုတီးပါတ် နှစ်ဆယ်လောက်ရတော့ စွယ်တော်က ရောင်ခြည်တော်လွှတ်ပြီး တန်ခိုးပြ၏။ ပရိသတ် ၂၀ လောက်သာ ရှိတော့၏။ ပရိသတ်များ ကြည်ညိုစွာဖြင့် ဖူးနေသည်။ ပုတီးပါတ် ၂၄ ပါတ် ရတော့ ညနေ ၄ နာရီ ထိုး၍ စွယ်တော်တံခါး လာပိတ်ကြသည်။ ကျွန်ုပ်လည်း ကန္ဒီမြို့ စွယ်တော်တိုက်မှ တစ်မိုင်ခန့်အကွာ မြန်မာဘုန်းတော်ကြီးကျောင်း၊ သွားရောက် တည်းခိုနေ၏။ ကျောင်းတိုက်ကြီးက ကျယ်ဝန်းလှ၏။ နေရာထိုင်ခင်းလည်း ပြည့်စုံလှ၏။ ထိုကျောင်းဘုန်းတော်ကြီးက ဘွဲ့တော်ဦးညာဏဖြစ်၏။ ဘုန်းကံကြီးမားလှ၏။ထိုပါတ်ဝန်းကျင်တွင် ကြည့်ရှုဖွယ်များက ဂင်္ဂါရာမကျောင်းတိုက်၊ ယူနီဗာစတီကျောင်း ရှေးသီဟိုဠ်သာသနာပိုင်ကျောင်း။ ကန္ဒီမြို့ ဆင်ခြေဖုံးတွင် ပေတာရနိယပန်းခြံမှာ ပန်းပင်မျိုးစုံ၏။ ၃ မိုင်ပါတ်လည် ကျယ်ဝန်း၏။ ဒုတိယ ကမ္ဘာစစ်ပြီးစက ဗိုလ်ချုပ်အောင်ဆန်းနှင့် မောင့်ဘက်တန်တို့ စစ်စာချုပ် လက်မှတ်ရေးထိုးရာ နေရာကြီးဖြစ်၏။

ကန္ဒီမြို့မှာ တောင်ပေါ်မြို့ဖြစ်၏။ ပင်လယ်ပေအမြင့် ၃၀၀၀ လောက်မြင့်သည့်အရပ်မှာရှိသည်။ မိုးမပြတ်ရွာသဖြင့် သစ်သီးဝလံများအမြဲရှိနေ၏။ ဆောင်းတွင်းဖြစ်သော်လည်း သရက်သီး၊ပိန္နဲသီး၊ မာလာကာသီး သြဇာသီး အစိမ်းအမှည့်များ အမျိုးစုံရှိနေပေ၏။ ဘုန်းတော်ကြီး ဦးညာဏ ကျောင်းတိုက် ကျွန်ုပ် တည်းသော ကျောင်းတိုက်ရှိ ဘုရားခန်းတွင် ထိုနေ့ အဓိဋ္ဌာန်ပုတီး ည ၇ နာရီ မှာ စစိတ်သည်။

၁၂ နာရီလောက် သုဂတော ၅ ချက် ၂၄ ပါတ်ပြီး၍ အိပ်လိုက်၏။ နံနက် ၄ နာရီကိုယ်လက်သန့်ရှင်းပြီး အဓိဋ္ဌာန် ပုတီး စိတ်နေပြန်၏၊ ၁၃၁၇ တပို့တွဲလဆန်း ၈ ရက် တနင်္ဂနွေ နံနက် ၆ နာရီလောက် ဆွမ်းစားဘို့ လာပင့်နေ၍ ပုတီး ၁၂ ပါတ်ရ၍ ရပ်ထားပြီးဆွမ်းစား လိုက်သွား၏၊ စေတီပါဒတောင်သို့ သွားရန် အစီအစဉ်များ လျှောက်ပြီး နံနက် ၇ နာရီလောက်ဘစ်စကား စီးပြီး ကန္နီမြို့မှ စေတီပါဒတောင်သို့သွား၏၊

ကား၁ တမိုင်စပဲ နှုန်းပေးရသည်၊ တောင်ဆင်းတောင်တက် အလွန်များသောကြောင့် ဘုရားဖူးများ မူးဝေ အော့အန်ကာဖြင့် ခဲယဉ်းစွာ သွားကြရာ နံနက် ၇ နာရီလောက် စေတီပါဒတောင်သို့ သွားကြရာ နေ့၁၂နာရီမှ ကားရပ်နားရာ တောင်ခြေဟော်တယ်ကို ရောက်၏။ ဟော်တယ်မှ တစ်ညရှစ်ပဲကြ ငှားရမ်း၍ နေနိုင်သော အခန်းများရှိသည်၊ အစားအသောက် မျိုးစုံရနိုင်၏၊ ၎င်းစေတီပါဒတောင်မှာ ပေ ၇၆၀၀ ကျော်လောက် မြင့်၍ တောင်ပေါ်၌ ဘုရားရှင်၏ ခြေတော်ရာရှိ၏၊ သီဟိုဠ်၌ ဒုတိယ အမြင့်ဆုံး တောင်ဖြစ်သည်၊ မှန်မှန်တက်က ၄ နာရီ ကြာသည်၊ ဖြည်းဖြည်းတက်က ၅ နာရီ ခန့်ကြာသည်၊ တောင်ခြေမှ တောင်ထိပ်အရောက် ၅ မိုင်ခန့်ဝေးသည်၊

စေတီပါဒ ခေါ်ရခြင်းအကြောင်းမှာ စေတီနှင့်တူသော တောင်ထိပ်မှာဘုရားရှင်၏ ခြေတော်ရာ ချထားခဲ့သောကြောင့် စေတီနှင့်တူသော စက်တော်ရာတောင်ဟု ခေါ်တွင်ကြ၏။ ဘာသာဝင်တိုင်း လေးစားကြသည်၊ (သူ့ဘုရားခြေတော်ရာ ငါ့ဘုရား ခြေတော်ရာဟု ပြောကြ၏) စက်တော်ရာ အစစ်မှအတု ဖြစ်လာရခြင်းမှာ ဘုရားရှင်စက်တော်ရာအစစ်မှာ ပတ္တမြားညိုကျောက်ပေါ်၌ ချထားခဲ့ခြင်း ဖြစ်ရာခရစ်သက္ကရာဇ် ၁၁၈၇ခု မင်းဖြစ်သောပုလတ္တိမြို့ ယခုအခေါ် ပေါ်လုနရုဝမြို့ နိစံမလ္လ မင်းကြီးလက်ထက် အဖူးမျှော်လာရောက်စဉ်က နောင်ရေးအတွက် စိတ်မချရသောကြောင့် ၁၈တောင်လောက်ရှိသော ကျောက်များဖြင့် ဖုံးအုပ်ကာအပေါ်၌ စက်တော်ရာအတု ကိုထုလုပ်ထားခဲ့ သည်ဖြစ်ရာ အလျား ၅ပေခွဲအနံ ၂ပေခွဲရှိသည့် ခြေချောင်းရာများ စက်လက္ခဏာများမရှိ ပြောင်ချောကြီး ဖြစ်နေပေ၏၊ အရှေ့ကို ဖနောင့်တော်လှည့်၏။

" စက်တော်ရာကိန်းဝပ်သော ကျောက်တိုက်ကလေးမှာ ၆ တောင်ပတ်လည် လောက်ရှိမည်ဖြစ်၍ ကျောက်တုံးခြေမှာ တိုက်၄-၅ခုနှင့် သုမန နတ်မင်းကြီး၏ နတ်ကွန်းများရှိလေ၏။ သုမနနတ်မင်းကြီးမှာ စက်တော်ရာချထားဖို့ လျှောက်ထားသော နတ်မင်းကြီးဖြစ်၏။ သီဟိုဠ်ကျွန်း တစ်ကျွန်းလုံးက သုမန နတ်မင်းကြီးကို လေးစားကြ၏။

(ဤ စက်တော်ရာအကြောင်း၊ သီဟိုဠ်ဘုရားတန်ခိုးကြီးများအကြောင်း၊
နောက်ပိုင်းတွင်ဖော်ပြထားပါသည်၊)

"တက်သစ်စ နေ၏ စက်တော်ရာအား သုံးကြိမ် ဦးတိုက်သည်ဆိုသည်မှာ" တောင်ကမြင့် လွန်းသဖြင့် နံနက်ခင်း နေထွက်လာစအခါ နေရောင်များသည် အရှေ့ဖက်လှည့် စက်တော်ရာတိုက်ခန်း အတွင်းသို့ ဝင်လာသည်ကို နေဦးတိုက်သည်ဟု ခေါ်သည်။ နေရောင်ကို တိမ်များဖုံးသည့်အခါ နေရောင်မရှိ၊ တိမ်စင်သည့်အခါ နေရောင်ရောက်လာလိုက် ဖြစ်သည်ကို ၃ကြိမ်ဦးတိုက်သည်ဟု ဆိုကြသည်။နေက အထက်လှည့်တက်လာသည့်အတွက် အရောင်များအတိုးအဆုတ် ဖြစ်နေသည်ဟု ထင်ရသည်။ စေတီပါဒတောင်လမ်းစဥ် တောင်ခြေဟော်တယ်မှ တောင်ထိပ် စက်တော်ရာအထိ စမ်းချောင်း ငါးချောင်း ကူးဖြတ်သွားရသည်။ တောင်ခြေဟော်တယ်မှ တောင်ခါးလယ် စမ်းချောင်းအထိ လှေခါးထစ် ၃၀၀ ကျော်၏။ ခါးလယ်စမ်းချောင်းမှ တောင်ခုလပ် လက်ဖက်ရည်ဆိုင်ထိ လှေခါးထစ် ၁၄၄၀ ရှိ၏။လက်ဖက်ရည်ဆိုင်မှ စက်တော်ရာကျောက်တုံးခြေထိ လှေခါးထစ် ၁၅၁၂ ထစ်ရှိ၏။ ကျောက်တုံးခြေမှ စက်တော်ရာအထိ ၅၀ စုစုပေါင်း လှေခါးထစ် ၂၉၀၂ လောက်ရှိလေသည်။ စေတီပါဒတောင်မှာ သာယာ ရှုမောဖွယ်ရှိလှပေသည်။ တောင်ရံတွေ အထွေထွေ၊ စမ်းချောင်းတွေက တသွင်သွင် ရေတံခွန်ကြီးငယ်များက အတန်တန် ပန်းမာလ်သစ်သီး၊ သစ်ပွင့်များတလဲ အဖုံဖုံ သစ်ပင်ကြီးငယ်များကလည်း အမျိုးပေါင်းစုံ ဂမုံးအဖိုးတန် အပင်တို့ဖြင့် ဖြိုးလျံဝေဆာ ပဒေသာပင်များနှင့်မခြား ပေါ်များတင့်တယ် ပျော်ရွှင်ကြည်နူးဖွယ် ရှိလှပေသည်။

စက်တော်ရာတောင်မှ မြောက်ဖက်သို့ဆင်း၍ သွားလျှင် ဒိဗ္ဗဝိဟာရခေါ် ဘုရားရှင်ကြွလာတော်မူစဉ်က နေ့ခင်းများ၌ ရဟန်းတော်များနှင့် အတူ နေထိုင်ရာ လှိုဏ်ဂူတော်ကြီးရှိ၏။ ထိုအထဲတွင် ကျွန်ုပ် ပုတီး ၈၁ ပါတ်စိပ်ခဲ့သည်။ ကျွန်ုပ်သည် နေ့၁၂ခွဲလောက် စေတီပါဒတောင် စတက်၏။ အထက်ပါအတိုင်း မှတ်ပြီး တက်လာခဲ့ရာ ညနေ ၄ နာရီခွဲ တောင်ပေါ်ရောက်၏။ ခြောက်တောင်လောက် အကျယ်ရှိသော ခြေတော်ရာတိုက်ကလေးဝင်ပြီး အနောက်မျက်နှာ ခြေတော်ဦးကနေ ထိခြင်း ငါးပါးနှင့် ရှိခိုးပြီး မဟာပရိတ်ကံ ကန်တော့ကြိုးကြီးနှင့်ကန်တော့ ပရိတ်ကြီး ( ၁၁ )သုတ်၊ ဓမ္မစကြာ၊ ပဋ္ဌာဝါရပပဌာန်း၊ မဟာသမယသုတ်တော်များ ရွတ်ဘသ်ပူဇော်နေ၏။ ထိုအတွင်း ဘုရားဖူးများ တသုတ်ပြီးတသုတ် ရောက်လာ ဖူးမျှော် ပြန်ဆင်းသွား၏။ ဘုရားဖူးများ သုံးဖွဲ့လောက်ရှိ၏။ တဖွဲ့တစ်ဖွဲ့လူ ငါးဆယ်လောက်ရှိမည်ဟု ခန့်မှန်းရ၏။ လူမျိုးစုံလှ၏။ ဘုရားဖူး ဘာသာစုံတို့က ကျွန်ုပ် ဂါထာ၊ မန္တန်၊ ပရိတ်၊ ပဌာန်း ရွတ်ပွါး ပူဇော်နေသောရှေ့မှာ အိန္ဒိယရူပီများ၊ သီဟိုဠ်ငွေများ၊ ဗမာငွေများ ချလှူသွားကြ၏။ ငွေစုစုပေါင်း ၃၂၀ ကျပ်လောက်ရ၏။

မှောင်စပျိုးလာ၍ ဂါထာ၊ မန္တန်ပရိတ်များ သုံးပုံနှစ်ပုံလောက် ရွတ်ဘသ်ပူဇော်ပြီးသွား၏။ ခေတ္တရပ်ပြီး မီးအလင်းတိုင် အမွှေးတိုင်များ ပူဇော်ကာ ဆက်ရွတ်၏။ လူသံမကြားရတော့ပဲ လေတိုက်သံများ ကြားနေ၏။

အားလုံးရွတ်ပြီးသွား၍ နာရီကြည့်လိုက်သောအခါ ည၇နာရီခွဲနေ၏။ သုဂတော ငါးချက်ဂါထာ ဒီညအဖို့ ၈၁ ပါတ် အဓိဋ္ဌာန်ပြီးစိတ်နေ၏၊ ထိုင်အရိယာပုဒ်နှင့် လမ်းလျှောက်ခြင်းအရိယာပုဒ် နှစ်ခုဖြင့် အဓိဋ္ဌာန်ပြီး စိတ်နေ၏၊ ည ၁၂ နာရီ ခွဲတော့ ပုတီးပါတ်၃၀ ရ၏၊ လမ်းလျှောက်စိတ်ပြန်၏၊ ထိုအခါ အလင်းရောင် အဖြူတန်းကြီးပေါ်လာပြီး ဝတ်ဖြူစင်ကြယ်နှင့် ဟိန္ဒူကုလားများလို ဝတ်ထား၏။ခေါင်းဆောင်းက နတ်ခေါင်းဆောင်း ဆောင်းထား၏။ ကျွန်ုပ်ရှေ့လာထိုင်ပြီး ဝတ်ချ၍လျှောက်ထားသည်မှာ "ဤတောင်ပေါ်(၇) ရက်လောက် သီတင်းသုံး တော်မူပါဘုရား။ ဆွမ်းကိစ္စအဝဝကို တပည့်တော် တာဝန်ယူပါ့မယ်ဘုရား တပည့်တော်ကို သနားသဖြင့် ချီးမြှင့်တော်မူပါဘုရားဟု" လျှောက်ထား၏၊ ကျွန်ုပ်ကခေါင်းခါပြီး ပုတီးဆက်စိတ် နေ၏၊ နောက်တရက်ခြင်း ဆုတ်ဆုတ်ပြီး တောင်ပန်လျှောက်ထားနေ၏။ ၃ ရက်လောက်တောင်းပန် လျှောက် ထားသောအခါမှ ကျွန်ုပ်က ခေါင်းငြိမ့်ပြလိုက်၏။

ကျွန်ုပ်ကိုလက်အုပ်ချီ၍ လက်ယာရစ်သုံးပတ် ကန်တော့ပြီး ပျောက်ကွယ်သွားတော့သည်၊ ပုတီးပါတ် နှစ်ရပ်ပေါင်း၄၈ပါတ် ရသောအခါ နာရီက နံနက် ၃နာရီ၄၀ ရှိနေ၏။ ကျွန်ုပ်စိတ်ထည်းတွင် ဘုရားခြေတော်ရာ စစ် ဖူးမျှော်ချင်စိတ်များ တဖွားဖွားပေါ်လာ၍ အဓိဋ္ဌာန်ပြုလိုက်သည်မှာ "ဘုရားတပည့်တော်သည် ဤတောင်ပေါ်သို့တက်၍ ပုတီးစိတ်ရန် တစ်ရက်သာ ရည်မှန်းပါသည်၊ နတ်တပါး တောင်းပန်သောကြောင့် ၇ရက်နေပြီး သုဂတောငါးချက်ဂါထာ ၂၄၃ ပါတ် ၇ ရက်အတွင်းပြီးအောင် စိတ်ဘို့ အာရုံပြု အဓိဋ္ဌာန်ပါသည်၊ ဤတိုင်းစကားအမှန်ဖြစ်ပါက အရှင်မြတ်စွာဘုရား ချတော်မူသော ခြေတော်ရာအစစ်ကို ဘုရားတပည့် တော်အားဖူးမြင်ရအောင် တန်ခိုးတော်အစွမ်း ပြတော်မူပါ အရှင် မြတ်စွာဘုရား" ဟု အဓိဋ္ဌာန် ပြုလိုက်သောအခါ ခြေတော်ပုံ အရွယ်လောက်ရှိ ခြေချောင်းများ ပီပီပြင်ပြင်မပါးသော ခြေဖနောင့် ခြေဖဝါးဦး အရာလောက်သာရှိသော ကျောက်ပြားပြင်ကြီး ပျောက်ကွယ်သွားပြီး ကျောက်စိမ်းပြားပေါ်တွင် ၁၀၈ ကွက် စက်လက္ခဏာတော်နှင့်တကွ ခြေမတော်၊ ခြေညိုးတော်၊ ခြေခလယ်တော်၊ ခြေသကြွယ်တော်၊ ခြေသန်းတော် ဖနောင့်တော်များ ပီပီပြင်ပြင်ပါသော ဘုရားခြေတော်ရာ အစစ်ကို ကျွန်ုပ်ဖူးမြင်ရ၍ အလွန်အားရ ကျေနပ်ပီတိတွေဖြာပြီး တရားရှစ်ကွက် စက်လက္ခဏာ လက်ာကို ကန်တော့ကြိုး အစိန္တေယျ ကန်တော့ကြိုး ဂါထာများကိုလည်း ရွတ်ဆိုပူဇော်နေတော့၏၊ ထိုအခိုက် ကျွန်ုပ်ကို သုံးရက် ဤနေရာသို့နေရန် လျှောက်ထား သော နတ်ကြီးနှင့်တကွ များလှစွာသော နတ်များအနတ် ဒေဝီများက ဖူမျှော်လာကြပြီး ပန်းမျိုးစုံ ပူဇော်ကြ၊ တံခွန်ကုက္ကားများလည်း ပူဇော်ကြနှင့် အလွန်ထူးဆန်းသော မွှေးရနံ့များလှိုင်နေတော့၏။

ကျွန်ုပ်လည်း ကန်တော့ပူဇော် ရွက်ဘာသ်ပူဇော်ခြင်း အားမရနိုင်ပြီး ပူဇော်နေတုံး ကျွန်ုပ်ကိုပင့်ထား သောနတ်မင်းက ဆွမ်းတော်ပွဲအုပ်ကိုကိုင်လာပြီး" အရှင်ဘုရား ဆွမ်းတော်ကပ်တော်မူပါဘုရား ယခု

အာရုဏ်တက်နေပါပြီဘုရားလို့လျှောက်မှ နာရီကြည့်လိုက်တော့ နံနက်ငါးနာရီမတ်တင်းရှိနေ၏။ ထိုနတ်ကြီး ပေးသောဆွမ်းတော်ပွဲကိုယူပြီး ဖူးမျှော်ခံနေသော ဘုရားရှင်ခြေတော်ရာကို ဆွမ်းတော်ကပ်၏။ဆွမ်းတော်လည်း ကပ်ပြီးရော ဘုရားရှင်ခြေတော်ရာလည်း ပျောက်ကွယ်သွား တော့၏။ကျောက်ဖြူခြေတော်ရာပုံကြီးသာ တွေ့ရ၏။ ထိုအခါကြမှ ကျွန်ုပ်အဓိဋ္ဌာန် ပြန်စိတ်ရတော့၏။

၁၃၁၇ တပို့တွဲလဆန်း၉ရက်တနင်္လာနေ့နံက်(၉)နာရီအချိန်တွင် သုဂတော ငါးချက် အဓိဋ္ဌာန် (၈၀) ပါတ်ပြီးစီးအောင်မြင်၏။ စက်တော်ရာဘုရားအားကပ်ထားသော ဆွမ်းတော်ပွဲကို ကောက်ယူ ဘုန်းပေးပြီး ယနေ့အဘို့ ဆွမ်းကိစ္စပြီးပြီ၊ အနားယူရန် ခြေတော်ရာမြောက်ဖက်ဘေး မှေးအိပ်နေလိုက်၏။ ကျွန်ုပ် ခြေဖျားကို ဆုပ်ကိုင်လှုပ်နေသဖြင့် နိုးလာ၏။ နိုးသူကိုကြည့်လိုက်တော့ ကျွန်ုပ်နေရန်တောင်းပန်သော နတ်ကြီးဖြစ်နေ၏။ နတ်ကြီးက ကျွန်ုပ်ကို လက်အုပ်ချီပြီး နေ့ဆွမ်းစားချိန်ရောက်ပါပြီ ဘုရား" ဟုလျှောက်၏။ကျွန်ုပ်ထိုင်ရန် နေရာနှင့် ကျွန်ုပ်သပိတ်ထဲ ဆွမ်းနှင့်ဟင်း အပြည့်ထည့်ထားတာတွေ့ရ၏။

နာရီကြည့်တော့ နေ့ (၁၁) နာရီထိုးမှာ ၁၅ မိနစ်သာလိုတော့၏။ ပြင်ထားသောနေရာထိုင်ပြီး ဆွမ်း အကပ်ခံ စားတော့၏။ အနည်းငယ်ပိုသော ဆွမ်း၊ဟင်းများကို လက်အုပ်ချီပြီး ထိုင်ကြည့်နေသော နတ်မင်းကြီးအား ပေးလိုက်၏။နတ်ကြီးကယူသွားပြီးတအောင့်ကြာတော့ သပိတ်ဆေးကြောသုတ်ပြီးသား ယူလာ၍ကပ်၏။ကျွန်ုပ်က "ရေထည့်ပေးပါအုံး ဘုရားသောက်တော်ရေ ကပ်ထားပြီး ကျွန်ုပ် လဲသောက်ရ အောင်လို့"ဟုပြောလိုက်တော့ သူ့နောက် ကျောက်တုံးကြီးဘေးက ရေအိုးကိုယူလိုက်ပြီး ကျွန်ုပ် သပိတ်ထဲထည့်ပေး၏။

ကျွန်ုပ်လည်း ရေသပိတ်ကို ယူသွားပြီး ခြေတော်ရာဘုရားကပ်၍ ပုတီးအဓိဋ္ဌာန် စိတ်တော့၏။ ထိုင်လျှက် ၁၈ ပါတ် စိတ်ပြီး ပတ်ဝန်းကျင်လမ်းလျှောက်ပြီး ၁၂ ပါတ်စိတ်၏။ ပုတီးပါတ် ၃၀ ရတော့ နေဝင်စ ပျိုးနေ၏။ ပါလာသော နံ့သာတိုင် အလင်းတိုင်များ ၃ တိုင်စီ ပူဇော်ပြီး စိတ်နေ၏။ည ၁၀ နာရီ ထိုးတော့ အပါတ် ၆၀ ရ၍ ပုတီးစိတ်တာ နားပြီး ဂါထာ၊ မန္တာန် ပရိတ်များ ရွတ်ဘာသ် ပူဇော်နေ၏။ ည ၁၂ နာရီခွဲလောက် ရွတ်ဘာသ်တာပြီးသွား၍ ခေတ္တ ခြေတော်ရာ တိုက်နံရံတွင် မှေးအိပ်နေ၏။ နှစ်ချက်ခွဲလောက် နိုးလာ၏။ လန်းဆန်းအောင် သပိတ်ထဲက ရေယူပြီး မျက်နှာသစ်၍ ကျန်ပုတီးပါတ် ထိုင်စိတ်နေ၏။ ပုတီး ရှစ်ပါတ်လောက်ရတော့ ခြေတော်ရာက ဝင်းကနဲ လက်ကနဲဖြစ်လာပြီး မနေ့ကလို ခြေတော်ရာစစ် ပေါ်လာ၏။ကျွန်ုပ်လည်း အလွန်အားရဝမ်းသာ ပီတိဖြာပြီး စက်တော်ရာ ဘုရားရှိခိုး အစိန္တေယျ လေးပါးဘုရားရှိခိုး ဆိုနေသည်တွင် တရားရှစ်ကွက် စက်လက္ခဏာအမှတ်သားတိုင်း နေရာများမှာ စိမ်း၊ နီ၊ ဖြူ၊ ပြာ၊ဝါ ရောင်ခြည်တော် လွှတ်တော်မူနေ၏။ ကျွန်ုပ် နတ်ကြီးနှင့် ဘုမ္မစိုးများ ရုက္ခစိုးများ နတ်ဒေဝီများ

ခြေတော်ပါတ်လည်အပြည့် ဖူးမျှော်နေကြတာ တွေ့ရ၏။ ပန်းများဖြင့်လည်း ကြဲဖြန့် ပူဇော်နေကြတာတွေရ၏။ ပန်းရနံ့များ လှိုင်ကြိုင်နေ၏။ ခြေတော်ရာမှ လွှတ်တော်မူနေသော ရောင်ခြည်တော် ခြောက်ပါးတို့မှာ တဖြည်းဖြည်းနှင့် အစိမ်းလုံး၊ အဖြူလုံး၊ အနီလုံး၊ အဝါလုံးကြီးများ ထန်းတစ်ဖျား၊ နှစ်ဖျား မက တက်ပြတော်မူ၏။

ထို့ပြင် မီးရောင်စုံကဲ့သို့သော ရောင်ခြည်တော် အလုံးကြီးများက တောင်ပြေး၊ မြောက်ပြန် ကြွ မြန်းပြတော်မူပြီး ခပ်ဝေးဝေးကြတော့ ပျောက်ကွယ်သွားတော်မူကြ၏။ နတ်အပေါင်းနှင့် ကျွန်ုပ်ပါ ရောင်ခြည် တော်များကို အာရုံစိုက်ပြီး ဖူးနေကြစဉ် ရောင်ခြည်တော်များလည်း ပျောက်ကွယ်၊ ပေါ်တော်မူသော ခြေတော်ရာလည်း ပျောက်ကွယ်သွားတော့၏။ အချိန်ကြည့်တော့ နံနက်၅နာရီ မတ်တင်းဖြစ်နေ၏။ ကျွန်ုပ်လည်း အဓိဋ္ဌာန်ကျန်နေသော ပုတီးပတ်များ ဆက်စိတ်နေတော့၏။ အဓိဋ္ဌာန် ပုတီးပါတ် ၈၁ပါတ်မှာ နံက် ၈ နာရီတွင် ပြီး၍ မေတ္တာပို့အမျှဝေပြီး သပိတ်တွင်းမှ ရေကျန်ကလေးနှင့် မျက်နှာသစ်၏။မြောက်နားက ကျောက်ရေကန်ကလေးတွေ့၍ ရေများလည်းရှိနေ၍ ခပ်ယူလာပြီး ခြေတော်ရာဘုရားအား ရေတော်ကပ်၏။

ရေတော်ကပ်နေတုန်း နတ်ကြီးက နံပြားနှစ်ခု ကော်ဖီနှစ်ခွက် ကရားလေးနှင့် ထည့်လာ၏။နံပြားကို စက္ကူနှင့်ထုပ်လာပြီး ကပ်၏။ ထိုမုန့်များကို ဘုရားကပ်လှူပြီး ယနေ့အဘို့ အဓိဋ္ဌာန်တင်ရှိခိုးပြီး ဘုရားကပ် လှူထားသောမုန့်ကို ကောက်ယူစားပြီး အဓိဋ္ဌာန်ပုတီး စိတ်တော့၏။

၁၃၁၇ခုတပို့တွဲလဆန်းဆယ်ရက်နံက် ၉နာရီအချိန် သုဂတောင်းချက်အဓိဋ္ဌာန် စစိတ်တော့၏။ ပုတီး၁၈ပါတ်ရလျှင် နတ်မင်းကြီးက သပိတ်ဖုံးထဲ ဆွမ်းနှင့်ပဲကုလားချက် ဖြုပ်တောင့်ကြော် ဘူးဘယာကြော် များ ကပ်လှူ၏။ ဘုံဘေရေအိုးလေးထဲ ရေတစ်အိုး ကပ်လှူသွား၏။ ထိုအလှူပစ္စည်းများကို ဘုရားတင်ပြီး ကျွန်ုပ်စားတော့၏။ စားပြီးလျှင် ပုတီးဆက်စိပ်၏။ ထိုင်လျှက်၊ လမ်းလျှောက်လျက် စိတ်နေ၏။ ကျင်ကြီး၊ ကျင်ငယ် စွန့်နေတာတောင် မနားပဲ စိတ်၏။ နေ့တွင် ဘုရားဖူးများ၂ ဖွဲ့လောက်လာ၏။ကျွန်ုပ်က လမ်းလျှောက် ပြီး ပတ်ဝန်းကျင်ထွက်စိတ်နေ၏။ ကျွန်ုပ် ပုတီးစိတ်သောနေရာကို သင်းပိုင်ခေါက်ပြီး ခင်းထားခဲ့၏။ ဘုရားဖူးများ ရှင်းသွားတော့ ကျွန်ုပ်နေရာ ပြန်ထိုင်ပြီး စိတ်နေ၏။ နေဝင်စအချိန်မှာ ကျွန်ုပ်က မီးပူဇော် နံ့သာတိုင် ပူဇော်ထား၏။

ည ၁၀ နာရီထိုးလျှင် ပုတီးပါတ် ၆၀ ရ၏။ နံနက်ပိုင်း စိတ်တာနှင့် ပေါင်းလျှင် ၇၈ ပါတ်ရ၏။ ယနေ့အဘို့ နောက်ဆုံးနေ့ဆိုတော့ စောစောပြီးလျှင် အနားယူပြီး နံနက်ခရီးဆက်ရန် အချိန်ရမယ်လို့စိတ်ကူး ရ၍ ကျန်သုံးပါတ်ကိုလည်း ထွက်စိတ်လိုက်၏။ ထို့ကြောင့် ည၁၂ နာရီထိုးလျှင် အားလုံးပြီးသွား၏။ ဂါထာ၊ မန္တာန် ပရိတ်များ ရွတ်ဆိုနေ၏။ ပြီးခါနီးတွင် အဝတ်နက်ကြီး ဝတ်ထားသော ကုလားကြီးမှာ ကျွန်ုပ်ရှေ့

မြေတော်ရာ အရှေ့ပေါက်က ရပ်နေ၏၊ ပူဇော်ထားသော မီးရောင်ကြောင့် ထင်ထင်ရှားရှား မြင်ရ၏၊ ခေါင်းက ဆံထုံးကြီးက စေတီပုံရစ်ပတ်ထား၏၊ နားတွင်အမွေးတွေက သူ့ပုခုံးနှစ်ဖက် ကျနေ၏၊ သူ့ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတို့က သူ့ ရင်ထိအောင် ကျနေ၏၊ ပါးစပ်ကိုမမြင်ရ၊ မျက်လုံးကြီးကလည်း ကွမ်းသီးလုံးလောက်ရှိ၏၊ တောက်ပြောင်နေ၏၊ ပုတီးကြီးခုကုံးကလည်း ဖွာဖုံးနေ၏၊ လက်သည်းများကလည်း သူ့လက်ချောင်းနှင့်အမျှ ရှေ့ရှည်ထွက်၏၊ ဘယ်လက်မ၊ ညာလက်မ လက်သည်းသည်ကြီးနှစ်ခုကို ဓါးချင်း ယှဉ်ခုတ်သလို လုပ်ပြနေ၏။ ထိုဆိုင်ပြိုင်တိုက်ခိုက်နေသော လက်သည်းကြီးနှစ်ခုမှာ ဆိုင်ပြိုင်တိုက်မိတိုင်း မီးပွါးများထွက်နေကြ၏၊

သူ့အခြေအနေကို စောင့်ကြည့်နေပြီး ကျွန်ုပ်က ဂါထာ၊ မန္တာန်ပရိတ်များ ဆက်ရွတ်နေ၏။ သူအမျိုးမျိုးအဖုံဖုံ လုပ်ပြနေသော်လည်း ကျွန်ုပ် ရှေ့တော့ တိုးမလာနိုင်ချေ၊ သူ့ကိုယ်သူ ဒေါသဖြစ်လာပြီး သူ့လည်ပင်းမှာဆွဲထားသော ပုတီးကြီး တစ်ကုံးကို ချွတ်ပြီး လှည့်ရမ်းနေ၏၊ မီးကွင်းများရမ်းနေသလို ဖြစ်နေ၏၊ သူ့ပုတီးကြီးများ တစ်ကုံးပြီး တစ်ကုံးဆက်ရန်းနေ၏၊ မီးကွင်းကြီးများ အထပ်ထပ်လှည့်ပတ်နေသလိုဖြစ်နေ၏၊ ထိုကဲ့သို့ ပြုလုပ်နေသောအထဲတွင် သူ့ဘယ်ဘက်လက်နှင့် သူ့မုတ်ဆိတ်မွေးကို နှုတ်ယူလိုက်၏၊ ထိုနှုတ်ယူထားသော မုတ်ဆိတ်မွေးကို သူ့ဘယ်ဘက်လက်ဖြင့် ပွတ်ခြေလိုက်ပြီး ကျွန်ုပ်ရှေ့တွင်ပေါက်ချလိုက်၏၊ ပေါင်လုံးလောက် မြွေကြီးဖြစ်ပြီး ကျွန်ုပ်ရှေ့ ခပ်လှမ်းလှမ်းမှ ကျွန်ုပ်ကို ပေါက်မလို ချိန်နေ၏၊ မကြာခင် ထိုမြွေကြီး မီးလောင်ပျောက်သွား၏၊ ကျွန်ုပ်ပရိတ်များရွတ်နေတာ နောက်ဆုံးရွတ်နေသော သုတ်မှာ မဟာသမယသုတ်ဖြစ်၍ ဆုံးခါနီး ရောက်နေ၏၊ ကျွန်ုပ်က ထိုဆာဒူးကြီး အမျိုးမျိုး လုပ်ပြီး တိုက်ခိုက်နေတာကို ဘယ်လိုမှ မတုန်လှုပ်ပဲ ကိုယ်ရွတ်ပွားနေသော ပရိတ်တော်ကိုသာ မမှားရအောင်သာ အထူးဂရုစိုက်ပြီး ရွတ်နေ၏၊မဟာသမရ သုတ်တော်လည်းဆုံးရော ထိုဆာဓူးကြီးလဲတစ် ကိုယ်လုံးမီး လောင်ပြီး ပျောက်ကွယ်သွားတော့၏၊

ကျွန်ုပ်လည်းထပြီး ဆာဒူးကြီး မီးလောင်ပျောက်ကွယ်သွားသော နေရာကို လက်ဖြင့်စမ်းကြည့်၏၊ ပူနွေးနေတုန်းဖြစ်၏၊ လက်ပူလောင်သောအနေမှာမရှိ၊ ပုတီးအမိဋ္ဌာန်များစိတ်ပြီးနောက် ဂါထာ မန္တာန်များ၊ ပရိတ်တော်များရွတ်ပြီးနောက် ကျွန်ုပ်သည်မေတ္တာသုတ်တော်ကိုသာ အဆက်မပြတ် ရွတ်ဆိုပွါးများနေတော့၏၊ ရွတ်ဘယ်ရင်၊ အိပ်ပျော်သွား၏၊ တစ်နာရီသာသာလောက် ကြာမည်ထင်၏၊ မြေတော်ရာအပေါ်မှ လင်းကနဲလက်ကနဲ ထွက်လာသော အရောင်များကြောင့် နိုးလာတော့ အချိန်ကြည့်လိုက်ရာ ၄ နာရီမတ်တင်း ရှိနေ၏၊

ရောင်ခြည်တော်များ ကွန့်မြူးနေသော ဘုရားရှင်ခြေတော်ရာကို စက်လက္ခဏာတော် ဘုရားရှစ်ခိုး အစိမ္ဗွေယျ ဘုရားရှိခိုးများ ရှိခိုးနေလိုက်၏။ ထိုအတွင်း မြသားပေါ် ချထားသော ခြေတော်ရာသည်ထင်ရှားစွာ ပေါ်ထွက်လာ၍ ကျွန်ုပ်သည် ဉကျောင်းဖြင့် တိုက်, တိုက်ပြီး ပူဇော်နေ၏။ ကျွန်ုပ်ကဲ့သို့ ကျွန်ုပ်ကိုသုံးရက်ပင့်ထားသော နတ်မင်းကြီးကလည်း သူ့ခေါင်းနှင့်တိုက်ပြီး ရှိခိုးနေ၏၊ ရောင်ခြည်တော်ခြောက်သွယ်ကလည်း အဆက်မပြတ် လွှတ်တော်မူနေ၏။ ရောင်ခြည်တော်များလည်း ပျောက်ကွယ်ပြီး မြသား ခြေတော်ရာ ပျောက်ကွယ်သွားတာတောင် နတ်ကြီးနှင့်ကျွန်ုပ်တို့က ဦးတိုက်ရှိခိုး၍ မဆုံးနိုင်အောင် မပြီးနိုင်အောင် ဖြစ်နေကြ၏။

ထိုကဲ့သို့ ရှိခိုးကန်တော့နေကြရင်းပင် မိုလင်းမှန်းမသိလင်းလာ၍ ရှိခိုးတာရပ်လိုက်ကြပြီး ကျွန်ုပ်က သပိတ်ထဲကရေဖြင့် မျက်နှာသစ် ကိုယ်လက် သန့်ရှင်းနေတုန်း နတ်မင်းကြီးက ပျောက်သွား၏။ ကျွန်ုပ်လည်းမှတ်တမ်းရေး၍ ဘုရားကို လျှောက်ထားသည်မှာ "၁၃၁၇ ခု-တပို့တွဲလဆန်း၁၁ရက်ဗုဒ္ဓဟူးနေ့- နံက် ၆ နာရီအချိန်မှ စပြီး ဤ ခြေတော်ရာ ပါဒစေတီတောင်မှာ နတ်မင်းကြီးက ၃ ရက်နေရန် လျှောက်ထားသဖြင့် ၃ ရက် အဓိဋ္ဌာန်စေ့၍ခရီးဆက်ရင်း ခရီးသွားပြီး သုဂတောငါးချက်ဂါထာ (၈၁) ပါတ်ပြည့်အောင် အဓိဋ္ဌာန်ဖြင့် စိတ်သွားမည်ဘုရား။ ဤသို့အဓိဋ္ဌာန်အောင်မြင်ခဲ့သော အကျိုးအားကြောင့် ပြောသမျှ လုပ်သမျှအဟုတ် မှန်ကန်ကြဲသမျှ အောင်မြင်ပြီးသိဒ္ဓိရှင်တစ်ယောက်, ဖြစ်သည်ထက် ဖြစ်မြောက်၍ မြတ်စွာဘုရား သာသနာတော်မြတ်ကြီးကို အလိုရှိတိုင်း လှူနိုင်တန်းနိုင် ပေးကမ်းစွန့်ကြဲနိုင်သည့်ကိုယ်ဖြစ်ရ၍ နိဗ္ဗာန်၊ မဂ်ဖိုလ်ကို ရရပါလို၏အရှင်ဘုရား။ ဗောဓိဆုမြတ်နှင့်လဲ ပြည့်စုံရပါလို၏ဘုရား" ဟု ဆုတောင်းအဆုံးတွင် နတ်မင်းကြီး ရောက်လာပြီး အားရပါးရ သာဓုခေါ်နေတော့၏။

ကျွန်ုပ်လည်း ဝတ်သုံးကြိမ်ချ၍ အပြီးတွင် ကျွန်ုပ်သပိတ်ထဲ ဆွမ်းတို့ ပဲဟင်းတို့, ငြုပ်ကြော်တို့ ဘယာကြော်တို့ထည့်ပြီး နတ်မင်းက ဆွမ်းကပ်၏။ ကျွန်ုပ်လည်း ထိုကပ်သော ဆွမ်းကိုစားပြီး သပိတ်ဆေးကြော၍သုတ်ပြီး သပိတ်ကိုလွယ် အခင်းလေးကိုပုခုံးပေါ်တင် လွယ်အိပ်ကလေးကိုလည်းလွယ်။ နတ်မင်းကို "အသင်နတ်မင်း နတ်မင်းနာမည်က ဘယ်လိုခေါ်ပါသလဲ"လို့ မေးတော့. . "သုမနလို့ခေါ်ပါတယ် ဘုရား"လို့လျှောက်၏။ "ဩဒီလိုဆိုတော့ ဒီခြေတော်ရာချဘို့ရန် ဘုရားကိုလျှောက်တဲ့ နတ်မင်းကြီးပေါ့။ "မှန်လှပါဘုရား။"ဦးပဉ္စင်းသွားဘို့ရန် ခွင့်ပြုပါအုံး။"တပည့်တော် လိုက်ပို့ပါ့မယ်ဘုရား ဘယ်နေရာများ ကြွချင်တော်မူပါသလဲဘုရား။"စေတီပါဒတောင်မှ ကိုလံဘိုမြို့ကို မိုင်၆၀လောက်သွား၊ ၎င်းမှ ကိုလံဘိုမြို့ ဝင်ခါနီး၊ ကိုလံဘိုမြို့မှငါးမိုင်ခန့်ဝေးသော ကန္ဒုဗောဓိသွားရာလမ်း ကလျာဏီမြစ် ဘေးမှ ဂိုက်၃၀၀ လောက်တွာသောနေရာတွင် ကလျာဏီသိမ်ရှိပါတယ်။ ထိုသိမ်သို့ သွားချင်ပါတယ်။"တပည့်တော် လိုက်ပို့

ပါ့မယ်ဘုရား"ဆိုပြီး ကျွန်ုပ်နှင့်သုမနနတ်မင်းကြီးတို့ ပါဒစေတီကို ဦးသုံးကြိမ်ချ၍ လက်အုပ်ချီပြီး စက်တော်ရာတိုက်ကလေး အပြင်ဘက်ထိအောင် နောက်ဆုပ် နောက်ဆုပ်နှင့်ထွက်လာကြ၏။

စက်တော်ရာတိုက် အပြင်ဘက်ရောက်မှ လမ်းဘက်မျက်နှာလှည့်ကာ ပါဒစေတီတောင်ပေါ်မှ ဆင်းလာကြသည်။ စက်တော်ရာမှ ကျောက်တုံးခြေထိ လှေခါးထစ်(၅၀)၊ ၎င်းမှ တောင်ခုလတ် လက်ဖက်ရည်ဆိုင်ထိ ( ၁၅၁၂ ) ထစ်၊ ၎င်းမှ ခါးလည်စမ်းချောင်းထိ ၁၀၄၀၊ ၎င်းမှတောင်ခြေဟော်တယ်ထိ လှေခါးထစ်(၃၀၀) ထစ်သို့ နာရီဝက်အတွင်း ရောက်လာကြ၏။ ကျွန်ုပ်ကို တောင်ခြေဟော်တယ်မှာ ခဏထိုင်ခိုင်းထားပြီး သီဟိုဠ်သားယောင်ဆောင်ထားသော သုမန နတ်မင်းကြီး ကားငှါးသွား၏။ ခဏကြာသော် မှန်လုံကားလေးတစ်စင်းခေါ်လာပြီး ကျွန်ုပ်ကို ကလျာဏီသိမ် ပို့ပေးဘို့ပြော၏။ ကျွန်ုပ်ကိုပင့်ပြီး ထိုကားလေးပေါ် တင်ပေးလိုက်၏။

၁၃၁၇ ခု တပို့တွဲလဆန်း ၁၁ ရက်ဗုဒ္ဓဟူးနေ့ နံနက်စနာရီအချိန် ပါဒစေတီ တောင်ခြေဟော်တယ်မှ ကိုလံဘိုမြို့အနီး ကလျာဏီမြစ်နှင့် အတောင် ၆၀၀လောက် ကွာဝေးသော ကလျာဏီသိမ်သို့ ခရီးထွက်ခဲ့၏။ ကျွန်ုပ်ကကားလေး ရှေ့ပိုင်းကစီး၏။ နောက်ပိုင်းက သီဟိုဠ်သူအမျိုးသမီး၂ယောက်ပါ၏။ကျွန်ုပ်က လမ်းတစ်လျှောက် ပုတီးစိတ် လိုက်လာ၏။ နံနက်၁၀နာရီလောက်တွင် ကလျာဏီသိမ်သို့ ရောက်၏။ကျွန်ုပ် ဆင်းနေခဲ့၏။ ကားလေးက ခရီးဆက်သွား၏။တစ်ညအိပ်၍ ဤကလျာဏီသိမ်၌ အဓိဋ္ဌာန်မည်ဖြစ်၍ သိမ်တော်ကြီးကို သေသေချာချာ မှတ်သားလေ့လာ၏။

၁။ သိမ်တော်ကြီးမှာ အရှေ့ကလျာဏီမြစ်ဘက် မျက်နှာလှည့်ထား၏။ ကျောက်စာလည်း ရှေ့တည့်တည့်မှာရှိ၏။ သီဟိုဠ်ဘာသာဖြင့်ရေးထား၏။ ကျောက်စာချပ်မှာ ၄ ပေလောက် မြင့်၏။

၂။ အုတ် ၂ တောင်လောက်မြင့်သည်။ အကန့်အခန်းကြီး ၅ ခန်း ပြုလုပ်ထား၏။ ဘိနပ်ချွတ် ဆင်ဝင်ခန်း ၁၂ တောင် ပါတ်လည်ကျယ်၏။

၃။ စကြံန်ခန်းမှာ အလျား၄၄တောင်၊ အနံ၈တောင်လောက် ရှိ၏။

၄။ အလယ်ခန်းမကြီး တောင်-မြောက် အတောင်၆၀ ရှိသည်။ အရှေ့အနောက် အတောင် ၄၅ တောင်ရှိသည်။ဒုတိယအခန်းကျယ်မှာ အလျား ၄၂တောင်၊ အနံ ၁၆ တောင် ရှိ၏။

၅။ ဘုရားခန်း တောင် မြောက် ၄၂ တောင်ရှိ၏။ အရှေ့ အနောက် အတောင် ၂၀ ရှိ၏။

၆။ အလယ်ခန်းမကြီးမှာ သုံးတန့်ခွဲထား၏။ ဘေးဘက်နှစ်ခန်းမှာ ရွှေသာလျောင်းရုပ်ပွားတော်ကြီးနှင့် ဗုဒ္ဓဝင် ရုပ်လုံးများ၊ ဓမ္မစေတီမင်းက လွှတ်သော ရဟန်းများပုံ၊ ဇာတ်ထုတ်ဇာတ်လမ်း ရှေးဆေးရေးပန်းချီကားများ ရှိ၏။ သိမ်တော်ကြီးမှာ အလွန် ရှေးကျလှသော ကျောက်တိုက်ဖြစ်၍ ကြီးကြယ်ခန်းနားလှပေ၏။

၄။ သိမ်တော်ကြီး မြောက်ဖက်တွင် စေတီဟောင်းကြီး တစ်ဆူနှင့် တောင်ဘက်မှာ ဗောဓိပင်ကြီး တစ်ပင်ရှိ၏။ လုံးပတ်အတောင် ၃၀ လောက် ရှိသည်။ ဖုတ်ခုံအမြင့်ကြီး ပြုလုပ်ထား၏။ ကျွန်ုပ်တရုပ် မကပေ။

ဤခန်းနားကြီးကျယ်လှသော ကလျာဏီသိမ်တော်ကြီးကို ရှေးကရဟန္တာ မထေရ်ကြီးများ သမုတ်ခဲ့ကြသဖြင့် ယခုထက်တိုင် သာသနာဝင်အားလုံး သံဃာတော်များက လေးစားကြ၏။ ဟံသာဝတီဘုရင် ဓမ္မစေတီမင်းကြီးလက်ထက် မြန်မာတုန်းတော်ကြီးများစေလွှတ်၍ ၄င်းသိမ်တော်ကြီး၌ ရဟန်းထပ်ခံစေ၏။ ပြီးမှပဲခူးမြို့ရွှေသာလျောင်း ဘုရားအနီးရှိ ကလျာဏီ သိမ်တော်ကြီးကို သမုတ်စေရာ အဆောက်အဦး ပြုလုပ်ခဲ့သည်။

ထိုအဆောက်အဦးဟောင်း၌ ဖ. ဆ. ပ. လ အစိုးရလက်ထက်တွင် ဝန်ကြီးချုပ် ဦးနုက ပြန်ပြုပြင်ခဲ့လေသည်။ ယခုလက်ရှိ ကလျာဏီ သိမ်တော်ကြီးဖြစ်သည်။ ကျွန်ုပ်သည် ထိုနေ့နံက် ၁၀နာရီ လောက် ကလျာဏီ သိမ်တော်ကြီးထဲ ရှင်းလင်းစရာရှိတာ နိုင်သလောက်ရှင်းလင်းပြီး ရုပ်ပွားတော် များကို ရေသနုပ် သင်းပိုင်နှင့် ဖုန်ခါ ပွတ်တိုက်ပြီးသော် ကလျာဏီ မြစ်အတွင်းဆင်းပြီး ရေချိုး၊ သင်းပိုင်ကို လျှော်ဖွတ် နေလှန်းထားကာ ကျွန်ုပ်က ကလျာဏီ သိမ်တော်ကြီးဘုရားရှေ့တွင် "ယခုအချိန်မှ စ၍ သုဂတောဝါးချက် ဂါထာကို ဘုရားသက်တော်စေ့ (၈၁)ပတ် စိတ်ပါမည်ဘုရား" ဤ အဓိဋ္ဌာန်အောင်မြင်ပါက တပည့်တော်၏ အလိုဆန္ဒ အားလုံးပြည့်ရပါလို၏ အရှင်ဘုရား" ဟုအဓိဋ္ဌာန်ပြုပြီး စိတ်တော့၏။ "ပုတီးစစိတ်သောအချိန် ၁၃၁၇ ခုတပို့တွဲလဆန်း ၁၁ ရက် ဗုဒ္ဓဟူးနေ့ နေ့(၁၁)နာရီ (၁၀)မိနစ်အချိန်ဖြစ်သည်။ "

အမွေးတိုင်များ အလင်းတိုင်များ ၃ တိုင်ပြီး ၃ တိုင် အဆက်မပြတ် ထွန်းညှိပူဇော်ပြီး စိတ်နေ၏။ ည(၉) နာရီ ခွဲတွင် ပုတီးပါတ် (၆၀) ရောက်တော့၏။ သိမ်ထဲဖြစ်၍ ဘယ်လိုမှ မထူးခြား ချောက်လှန့်တာမရှိ ဘယ်က ဘုရားဖူးမှမလာ။ အလွန်ဆိတ်ငြိမ် အေးချမ်းလှ၏။ ည(၁) နာရီတွင် ပုတီးပါတ် (၈၁)ပါတ် ပြီး၍ အဓိဋ္ဌာန်အောင်မြင်သွား၏။ ဂါထာ၊မန္တာန်နှင့် ပရိတ်များရွတ်နေ၏။ နံနက်ပိုင်း ၃ နာရီလောက် အားလုံးပြီး၍ ခေတ္တမှေးအိပ်လိုက်သည်။ နံနက် ၆ နာရီမှ နိုး၍ ရေတော်ကပ်ထားသော သပိတ်အတွင်းမှရေဖြင့် မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီး ကလျာဏီ သိမ်တော်ကြီးအား ကန်တော့ကာ အပေါက်ပြန်အထွက်တွင် သုမန နတ်မင်းကြီးနှင့်တွေ့၍ သူလောင်းလှူသော ဆွမ်းဟင်းများ၊ ခံယူဘုဉ်းပေးနေ၏။ သုမန နတ်မင်းလည်း ကျွန်ုပ်ကို ဝတ်ချ၍ထွက်သွား၏။ ကျွန်ုပ်လည်းစားသောက်ပြီး သပိတ်ဆေး၍သုတ်ပြီး ဓရီးဆက်ရန် ကားလမ်းထိပ် လာခဲ့၏။ မှတ်တမ်းရေး၏။

၁၃၀၇ခု တပို့တွဲလဆန်း၁၂ ရက် ကြာသပတေးနေ့နံနက် (၇) နာရီ ခွဲအချိန် ကားလမ်း ရောက်၏၊ ထိုအခိုက်တွင် သုမနနတ်မင်းကြီးက ရိုးရိုးလူဝတ်အသွင်ဖြင့် ကားငှားလာ၏၊ "အရှင်ဘုရား ဘယ်ကြွမှာလည်း" လို့ မေး၏၊ကျွန်ုပ်က "ကိုလံဘိုမြို့က ဘုရားများဖူးပြီး အနုရာဓမြို့သို့သွား၍ မဟာစေတီမှာ အဓိဋ္ဌာန် ၂ ရက်လောက် ဝင်ချင်ပါတယ်" လို့ပြော၏၊ ကားသမားကို ကျွန်ုပ်ပြောသည့် အတိုင်းပြော၍ အပြတ်ငှားပေး လိုက်၏၊(ကလျာဏီသိမ်ကစ၍ ယခုအနုရာဓမြို့ မဟာစေတီအထိ ကျွန်ုပ်က ပိုက်ဆံတပြားမှ မပေးရချေ၊ ကားသမားများက ကျွန်ုပ် ပေးတာလည်း လက်မခံကြ၊)

ကျွန်ုပ်သည် ခုနစ်နာရီမိနစ်လေးဆယ်လောက် ရှေ့ခန်းမှကားပေါ်တက်၍စီး၏၊ ကားလည်း မောင်းထွက်သွားတော့၏၊ မိုင် ၂၀ လောက် ကွာဝေးသော ကိုလံဘိုမြို့ကို ၈ နာရီထိုးခါနီး ရောက်သွား၏၊ ၄င်းမြို့၌ ဘုရားစေတီများ၊ ရုပ်ပွားဆင်းတုတော်များ၊ ဗောဓိပင်များ နေရာတိုင်းလိုလိုရှိ၏၊ ကျွန်ုပ်လည်း ဘုရားဗောဓိပင်များကို တစ်နေရာလျှင် အရဟံဂုဏ်တော် သုံးပတ်ဖြင့် ပူဇော်၏ ၊ နေ့ ၁၂ နာရီထိုးတော့ အားလုံးအနှံ့ဖူးပြီး သွား၏၊ ကားလေးရပ်ထားသောနေရာ ပြန်လာပြီး ထိုကားကိုစီး၍ အနုရာဓမြို့ ဆက်လာခဲ့၏၊ နေ့ ၁၂ နာရီခွဲလောက် အနုရာဓမြို့ကို ရောက်၏၊

အနုရာဓမြို့ကြီးမှာ ရှေးနှစ်ပေါင်းနှစ်ထောင်ကျော်လောက်ကစပြီး သာသနာတော် ထွန်းကားခဲ့သော မြို့ကြီးဖြစ်ရာ ကျောင်းကံဘုရား စေတီပုထိုးများနှင့် ဗောဓိပင်များ ပေါများလှပေသည်၊ ထိုနေရာတွင် အထင်ရှားဆုံးဖြစ်သော သယ်မိတ္တဗောဓိပင်ကို ဝင်ဖူးပြီး သယ်မိတ္တ ဗောဓိပင်မှာ အုတ်ပလ္လင် သုံးထပ် ပြုလုပ်ထား၍ ပလ္လင်အရပ် ၁၅ တောင်လောက်မြင့်၏၊ တက်ရောက်ဖူးမျှော်ခြင်းမပြုနိုင်၊ သံတိုင်များ ကာရံထားခြင်းကြောင့်ဖြစ်သည်၊ ဗောဓိပင်၃ပင်ရှိ၏၊ တောင်ဘက်၂ပင်ကအစစ်ဖြစ်၏၊ မြောက်ဘက် တစ်ပင်က နောက်ပွားဖြစ်၏၊ အစစ်ဆိုသည်မှာ ဘုရားပွင့်ရာ ဗုဒ္ဓဂါယာ မဟာဗောဓိပင်၏ လက်ယာ တောင်ကိုင်းကို အာသောကမင်းကြီး အဓိဋ္ဌာန်ဖြင့် ဆေးဒါန်းမြင်သီလာနှင့် ရစ်ဖြတ်ကူးယူ၍ အနုရာဓမြို့ ဒေဝါနံပိယတိဿမင်းအား လက်ဆောင်ပေးရာ သိယ်မိတ္တထေရ်ရီမ ပင့်ဆောင်လာသောကြောင့် သယ်မိတ္တ အမည်တွင်သည်၊ တောင်ဘက်ကိုင်းကို ပင့်ဆောင်ခဲ့ခြင်းကြောင့် ဒက္ခိဏသာခါတုခေါ်၏၊ သီရိလင်္ကာ သယ်တ္တဗောဓိပင်က အစစ်ကျန်သေး၏၊ ဗုဒ္ဓဂါယာဗောဓိပင်က အာသောကမင်းကြီး၏မိဖုရား သေ၍ အချောအလှ မိဖုရားငယ်ယူသည်တွင် ထိုမိချောက ငါ့ထက် ဗောဓိပင်ကို အရေးထားတယ်ဆိုပြီး အပူရေ လောင်းသတ်ခြင်းကြောင့် ခြောက်ပြီး ဗောဓိပင်ကြီး သေသွား၏၊ သူသေသော်လည်း ငရဲကျ၏၊ ယခု ဗုဒ္ဓဂါယာ တွင် ရှိသော ဗောဓိပင်က သုံးဆက်မြောက် ဗောဓိပင်ဖြစ်၏၊

အနုရာဓမြို့၌ စေတီ ပုထိုး ဗောဓိပင်များ ကြည့်ရှုဖူးမျှော်ပြီး ထူပါရာမစေတီတော်ကို ဝင်ဖူး ပုတီး၂၇ ပတ်စိတ်၏။ ဘုရားကိုလက်ယာရစ် သုံးပတ်ပတ်၍ အမွှေးတိုင်အလင်းတိုင်များ ၉ တိုင်စီ ပူဇော်၏။ ထိုစေတီ ဉာဏ်တော်အမြင့် မှာ ၃၃ တောင်ရှိ၏။ လုံးပါတ်မှာ ၁၉၂ တောင်ရှိ၏။ မဟာစေတီတော်ကြီးနှင့် မနီးမဝေးမှာ တည်ရှိ၏၊ ကောင်းမှုတော်ပုံဖြစ်၏။ ၎င်းစေတီတည်နေရာမှာ ဘုရားငါးဆူတို့၏ ရေစစ် ခါးပန်းကြိုး ရေလဲ လက်ယာညှပ်ရိုးတော်များ၏ ကိမ်းဝပ်ရာဖြစ်၏။ ထိုစေတီများကို ဝင်ဖူး ပုတီးစိတ်ပြီး မဟာစေတီဝင်၏။

မဟာစေတီကြီး၏အမြင့် ဉာဏ်တော်မှာအတောင် (၁၂၀) ရှိ၏။ လုံးပတ်တော်မှာ ၉၆၆ တောင် လောက်ရှိ၏။ စစ်ကိုင်းမြို့ ကောင်းမှုတော်ကြီးပုံဖြစ်၏။ ကောင်းမှုတော်ကြီးပုံက ဖလ်ပေါင်းချောင်ပုံ အချိုးကြ၏။ မဟာစေတီပုံက ပေါက်စီပုံဖြစ်၏။ ဓါတ်တော် မွေတော်အများဆုံး ဌာပနာကာ ဒုဋ္ဌဂါမဏိ မင်းကြီး တည်ထားခဲ့သော စေတီဖြစ်၏။ ထူပါရာမစေတီကာ ဒေဝါနံပိယတိဿမင်း တည်ခဲ့သည်။

မဟာစေတီတော်ကြီး မဟာရံ တံတိုင်းပါတ်လည်၌ ဆင်ရှေ့ပိုင်းရုပ်လုံးပေါ်ကြီးများ ပြုလုပ်ထား၏။ အကောင်ရေ သုံးရာ့သုံးဆယ့်နှစ်ကောင်ရှိ၏။ မုခ်လေးမုခ်ရှိ၏။ မုခ်များထဲတွင် ရုပ်ပွားတော်ကြီးများ တစ်ဆူစီရှိ၏။ ထိုမဟာစေတီတော်ကြီး ရှေ့မုခ်မှနေ၍ ညနေ ငါးနာရီ အချိန်မှ စပြီး သုဂတော ငါးချက် ဂါထာတော်ကို တစ်ပုဒ်ဆုံး တစ်လုံးချပြီး တနေ့(၈၁)ပါတ် နှစ်ရက်၁၆၂ပါတ်စိတ်ရန် အဓိဋ္ဌာန်ပြီးစိတ်၏။ အလင်းတိုင်၊ နံ့သာတိုင်များ မပြတ်ပူဇော်ထား၏။ ပထမနေ့ဘာမျှမတွေ့၊ ဒုတိယအဓိဋ္ဌာန်နေ့မှာ ည၉ နာရီလောက် လူခြေတိတ်သွား၍ မဟာစေတီကို ပါတ်ပြီး ပုတီးစိတ်နေ၏။ လကလည်းသာနေ၏။ ဘုရားတစ်ပါတ် ပါတ်မိလျှင် ရာဟုထောင့်ရောက်တော့ ဆောင့်ကြောင့် ထိုင်နေသော လူကြီးမှာ မဟာ စေတီဘုရားအရပ်နှင့် မကွာလှ၊ ဘာမျှဝတ်မထား၊ တစ်ကိုယ်လုံး အမွှေးအမျှင်များက ဖုံးအုပ်ထား၏။ ကျွန်ုပ်သည် ခေတ္တရပ်နေပြီး ပုတီးစိတ်နေ၏။

ရှေ့ ဘုရားပါတ်သွားရန် မဖြစ်နိုင်သော အခြေအနေတွင် ရှိနေ၏။ စိတ်ထဲတွင် အကြံပေါ်လာ၍ ခဲတစ်လုံးကောက်ယူလိုက်၏။ ပဋ္ဌါန်း ၂၄ ပစ္စည်း၂၄ ခေါက် မန်းမှုတ်ပြီး ထိုဆောင့်ကြောင့် ထိုင်နေသော သတ္တဝါကြီးဆီသို့ ပစ်ပေါက်လိုက်သည်။ ငယ်သံပါအောင် အော်သံနှင့်အတူ မီးခိုးလုံးကြီးထ၍ ပျောက်သွားတော့၏။ ထိုအခါမှ ကျွန်ုပ်လည်း ဘုရားပတ်သွားနိုင်တော့၏။ ဒုတိယနေ့ပြီးသည့်တိုင် ဘာမျှ မတွေ့တော့ချေ၊ နံက် ၆နာရီ မိနစ် ၂၀ လောက် အဓိဋ္ဌာန်ပြီး၍ မှတ်တမ်းရေးလိုက်သည်။ ၁၃၁၇ ခု တပို့တွဲလဆန်း ၁၄ ရက်စနေနေ့ မဟာစေတီတော်ကြီးကို လက်ယာရစ်၃ ပါတ်လှည့်ပြီး ကားလမ်းဘက် ထွက်လာ၏။ နာရီကြည့်လိုက်တော့ နံနက် ၇ နာရီထိုးနေ၏။ ပတ်ဝန်းကျင်တွင်ရှိသော လံကာရာမစေတီကို

သွားဖူး၏။ မဟာစေတီပုံဖြစ်၏။ မဟာစေတီထက်ဝက်ခန့်ရှိ၏၊ မုခ်လေးမုခ်ရှိ၏၊ ဝဋ္ဋဂါမဏိမင်း ကောင်းမှုဖြစ်၏။

ထို့နောက် ဇေတဝန စေတီတော်ဖူး၏။ မဟာစေတီပုံအတိုင်းဖြစ်၏၊ မဟာစေတီကြီးလောက်ရှိ၏၊ ပြိုပျက်နေ၏။ ခြုံများ နှင့် ရှုတ်ထွေးနေ၏၊ ဝဋ္ဋဂါမဏိမင်း ကောင်းမှုဖြစ်၏၊ ၄င်းပါတ်လည် ကျောင်းတိုက်ကို ဇေတဝန် ကျောင်းဟုခေါ်၏။ အဘယဂိရိ စေတီတော်ကိုလည်း ဖူးမျှော်၏၊ မဟာစေတီပုံဖြစ်၏၊ မဟာစေတီကြီးလောက်ရှိ၏၊ ဝဋ္ဋဂါမဏိမင်း၏ ကောင်းမှုဖြစ်၏၊ ၄င်းဝန်းကျင်ရှိ ကျောင်းတိုက်ကို အဘယဂိရိကျောင်းဟု ခေါ်၏။ မဟာယာနဂိုဏ်း သံဃာများနေ၏။

မရိဇဝဋ္ဋိ စေတီတော်ကိုလည်း ဖူးမျှော်၏၊မဟာစေတီပုံအတိုင်းဖြစ်၏၊ သေးငယ်၏၊ ဒုဋ္ဌဂါမဏိမင်းကြီးသည် သံဃာမကပ်လှူပဲ ငြုပ်တစ်တောင့်ကို စားမိ၍စိုက်ထားသော လှံဖျံကို နှုတ်လို့ မရဖြစ်လေရာ ဒါဏ်ထားသောအနေဖြင့် တည်ထားခဲ့သော စေတီတော်ကြီးဖြစ်၏၊ ဣသရမုနိ စေတီတော်ကိုလည်း ဖူးမျှော်၏၊ ကျောက်တောင်ထိပ်မှာ တည်ထား၏၊ စေတီငယ်၏၊ မဟာစေတီ ပုံဖြစ်၏၊ ကျောက်တောင်နံရံ၌ လှိုင်ဂူများထွင်းကာ ရုပ်ပွားဆင်းတု ပန်းချီကားများ ဗောဓိပင်များရှိ၏၊ ရှေ့က ရဟန္တာ ၅၀၀နေထိုင်ရန် ဒေဝါနံပိယတိဿမင်းကြီး ကောင်းမှုကျောင်းကြီးဖြစ်၏၊

ဝေသာဂိရိကျောင်းတော်မှာ ဣသရမုနိမှတောင်ဘက် မိုင်ဝက်ခန့်သာဝေး၍ ရဟန်းတော်များနေထိုင်ရန် ဒေဝါနံ ပိယတိဿမင်းက ကျောက်တောင်ကိုထွင်း၍ လှိုင်ဂူများပြုလုပ်၍ ထားခဲ့ခြင်း ဖြစ်၏၊ မဟာစေတီနှင့်ဗောဓိပင်အကြား မဟာဝိဟာရကျောင်းတိုက်ကြီးရှိ၏။ သံဃာတော်ပေါင်းများစွာ နေထိုင်ခဲ့သော ကျောင်းကြီးဖြစ်၏၊ ထေရဝါဒ အချက်အခြာနေရာဖြစ်၏၊ ဒေဝါနံပိယတ္တိဿ မင်းကြီး ကောင်းမှုတော်ဖြစ်၏။ ယခုပျက်စီးနေ၏၊ မဟာစေတီကား ရှင်မဟိန္ဒတို့ မဟိန္ဒလေ့တောင်မှ အနုရာဓမြို့ကို အကြွ ပထမဆုံး ကောင်းကင်မှ ဆင်းသောနေရာ၌ တည်ထားသော စေတီဖြစ်၏၊ အနုရာဓမြို့ အရှေ့ဖက် တံခါးဝမှာတည်ရှိ၏၊လောဟပါသဒ ကြေးပြသဒ်တော်ကြီး ဖြစ်သည်၊ ဒုဋ္ဌဂါမဏိမင်းကြီး ကုသိုလ်တော် ဖြစ်၏၊ ရဟန္တာများသည် တာဝတိံသာ နတ်ပြည်သို့ သွားရောက်၍ ဗိရဏီ နတ်သမီး ဘုံဗိမ္ဗာန်ကို ပုံစံ ရေးထားသည့် ကြေးပြသဒ်တော်ကြီးဖြစ်၏၊ ၉ထပ်၉ဆုံ တက်နေ၏၊ ဗမာပြည်က ဘုရားတန်ဆောင်း ကျောင်းကန် ပြသဒ်တို့မှာ ထိုပုံယူဆောက်လုပ်ထားတာ ဖြစ်၏၊ ကျောက်တိုင်ပေါင်း လေးဆယ် ပတ်လည် ဖြစ်၍ ၄၀×၄၀=၁၆၀၀ ရှိ၏၊ ထိုကြေးပြသဒ်ကြီးသည် သီဟိုဠ်မင်းယုတ် တစ်ယောက်ဖျက်စီး၍ ယခု တိုင်များသာ ကျန်တော့သည်၊ သိယ်မိတ္တဗောဓိပင် အနီးမှာတည်ရှိ၏၊

မဟိန္ဒလေ့တောင်သည် အနုရာဓမြို့မှအရှေ့ဖက် ရှစ်မိုင်ခန့်ဝေး၏။ ကားစီးပြီးသွား၏၊ ရှင်မဟိန္ဒမထေရ်တို့ ပထမဦးဆုံး သာသနာပြုလာကြစဉ် ကောင်းကင်မှဆင်းသက်ရာ တောင်ဖြစ်သည်၊ ထိုနေရာတွင် ဒေဝါနံပိယတိဿမင်းကြီးကိုတွေ့၍ "ဟေ့ တိဿ" လို့ ရှင်မဟိန္ဒက ခေါ်လိုက်သော အသံကြား၍ ဒေဝါနံပိယတိဿမင်းကြီးက "ဒီတိုင်းပြည်မှာ ငါ့ကို တိဿလို့ ခေါ်သူမရှိ၊ ယခုခေါ်သော အသံသည် နယ်နယ်ရရမဟုတ်နိုင်ပေ" ဟုစဉ်းစားပြီး အသံလာရာစီ လိုက်လာတော့ ရှင်မဟိန္ဒနှင့် သံဃာတော် ၄ ပါးကို ဖူးတွေ့ရ၏။ လာရင်းအကြောင်း သိသောအခါ ပစ္စည်းလေးပါး ဒါယကာ အဖြစ်ခံယူတော်မူတော့သည်။

မဟိန္ဒလေ့တောင်စခန်းမှ သရက်ပင်ပေါက်ရာတောင်၊ မြေကျောက်များ ရောနှောနေ၍ မိဿကတောင်၊ ခါတ်တော်များ ရှေ့ဦးစွာ ကိန်းဝပ်ရာ စေတီယပဗ္ဗတတောင်ဟု အမည် ၃ မျိုးရသော နေရာသို့ ရောက်၏။ တောင်ခြေမှလှေခါးထစ် ခြောက်ရာလောက် တက်သွားလျှင် အမ္ဗထလ တောင်ကုန်းသို့ရောက်သွား၍ ဘုန်းတော်ကြီးကျောင်းကို တွေ့ရ၏။ ဘုန်းတော်ကြီးကျောင်းအလည်မှာ" အမ္ဗတလစေတီတော်"ကိုဖူးတွေ့ရ၏။ ပုတီးသစ္စာပါတ်စိတ်ပြီး အခြေအနေကို လေ့လာ၏။ ဤအမ္ဗတလစေတီတော်သည် ရှင်မဟိန္ဒနှင့် ဒေဝါနံပိယတိဿမင်းတို့ ရှေးဦးစွာတွေ့သော နေရာ၌ အထိမ်းအမှတ်အဖြစ် တည်ထားခဲ့သည်။ အုတ်ခုံရင်ပြင် အကျယ်ကြီးပြုလုပ်၍ ဉာဏ်တော်အမြင့် ၁၅ တောင် လုံးပတ်အတောင် ၆၀ရှိ၏။ မျက်နှာပြင် အချင်းအတောင်၂၀ ရှိ၏။

၄င်းစေတီ၏အရှေ့မြောက်တနဂ်နွေထောင့်က တောင်ထွဋ်ကြီးဖြစ်၍ သံလှေခါးများ တပ်ဆင်ထား၏။ အတောင် တစ်ရာကျော်လောက်မြင့်၏။ ရှင်မဟိန္ဒ၏တူအရင်း သိယ်မိတ္တာထေရ်ရီမ၏သား သုမန သာမဏေ၏ တရားနာရန် ကြွေးကြော်သော တောင်ထွဋ်ဖြစ်၍ သုမနကူဋတောင် ဟုခေါ်တွင်ကြ၏။

၄င်းစေတီတော်မှ မြောက်ဘက် အတောင် ၂၀၀ ခန့် သုမနကုဋ တောင်၏ခြေရင်း ကျောက်တုံးကြီးများအကြားမှာ တည်ရှိလျက် အိပ်ရာညောင်စောင်းပုံ ဖြစ်၍ အလျား ၄ တောင် အနံ ၂ တောင်ခန့်ရှိပြီးရွေချထား၏။ "ရှင်မဟိန္ဒဂူ" ဟုခေါ်၏။ အမ္ဗထလ စေတီတော်၏ မြောက်ဘက် တောင်ထိပ်ပေါ်မှာ "သေလစေတီတော်"တည်ရှိ၏။ ဘုရားရှင်၏ ဥဏ္ဏလုံး မွေးရှင်တော် ဌာပနာထားသည် ဟုဆို၏။ ယခု အခါတော့ ပျက်စီးနေ၏။

" အမ္ဗတလ စေတီတော်"၏ တောင်ခြေရင်း၌ လှိုင်ဂူငယ် အတွင်း ရှင်မဟိန္ဒ၊ ရှင်ကုဋိယ၊ ရှင်ဥတ္တိယ၊ ရှင်ဘဒ္ဒသာလ၊ ရှင်သမ္ဗလ၊ သုမနသာမဏေ၊ ဘဏ္ဍုက၊ အနာဂါမ် ဥပသကာနှင့် ဒေဝါနံပိယ တိဿမင်းတို့ ပုံများရှိ၏။ ထုချက် လက်ယာ ကောင်း၏။

အမွထလ စေတီ၏ တောင်ဘက် ကုန်းမြင့်ပေါ်၌ ဘဏ္ဍာကစေတီတော်ကြီး ရှိ၏၊ မဟာစေတီပုံ အတိုင်းဖြစ်၏။ တောင်ခြေမှတက်စ ဒုတိယ လက်ဝဲဘက်နားမှာ "ကျောက်ခွက်ကြီးများ"တည်ရှိ၏၊ ရှေးအခါက ရဟန်းတော်များအတွက် ယာဂု၊ ဆန်ပြုတ် ထည့်သည်ဟုဆိုကြသည်၊ အလျား ၃၃ တောင် အနံ ၂ တောင်နီးရှိ၏။ တောင်ခြေတောင်ခုလပ်များ၌ ရှေးကကျောင်းဟောင်းရာများ ရှိသည်၊ ရဟန်းတော်များ နေထိုင်ရာ ကျောင်းဟောင်းရာ-ကျောက်တိုင်ဟောင်းများရှိ၏၊ အုတ်ခုံ ကျောက်တိုင်များမှာ ၄ တိုင် ၃ ခန်း ကျောင်းများဖြစ်၏၊ ကျောက်တိုင်များ အကောင်းအတိုင်းရှိသေး၏၊ ၃ ခန်းကျောင်းပေါင်း ၁၀ ဆောင်ထက် မနည်းရှိ၏။

ထိုကဲ့သို့ တနေကုန် ကြည့်ရှု ပုတီးစိတ်ပြီး ကားလမ်းလျှောက်လာခဲ့ရာ ၄ နာရီခွဲတွင် ကျွန်ုပ် စီးလာခဲ့သောကား ပြန်တွေ့၍ " ကားသမားက သွားချင်သော နေရာပို့ပါလို့ မှာထားပါတယ်၊ ယခု ဘယ်ကိုသွားမှာလည်း" လို့မေးတော့ ကျွန်ုပ် သီဟိုဠ်မြို့မှာ အကြီးဆုံးစေတီတော်ဖြစ်သော "ဒမိလထူပ" စေတီတော်ကြီးကို သွားချင်ပါတယ်၊ နက်ဖြန်နံနက်၇ နာရီလောက်မှာလည်း အဲဒီစေတီကြီးကနေ ဘုရား ကျောင်းကန်များ ထူးခြားသော နေရာများကို သွားချင်ပါတယ်လို့ ပြောလိုက်၏၊ ခေါင်းငြိမ့်ပြသည်၊ ကျွန်ုပ် ကားတံခါးဖွင့်၍ ရှေ့ကထိုင်သွား၏၊ တလမ်းလုံး ပုတီးစိတ်သွား၏၊ ပုတီးပါတ် ၁၄ ပါတ်လောက်ရောက်တော့ ပေါလုနရုဝမြို့ ဒမိလထူပ စေတီတော်ကြီးတံတိုင်း မုခ်ဝ ရောက်၏၊ ပိုက်ဆံ ဘယ်လောက်ပေးရမှာလည်း လို့မေးတော့ လက်ခါပြပြီး ကားမောင်းထွက်သွား၏၊ အချိန်ကညနေ ၆ နာရီခွဲနေ၏၊ ဘုရားကြီးထဲဝင်ပြီး အရှေ့မုခ်ကနေ ဖူး၏၊ မုခ်ထဲက ဘုရားရှေ့ မီး ၃ တိုင် အမွှေးတိုင် ၃ တိုင် ပူဇော်ပြီး ပါတ်ကြည့်လှည့်လာ၏၊ ဘုရားကြီး ရင်ပြင်တော် လေးဘက်လေးတန်မှာ စေတီများရှိ၏၊ ဇရပ်တန်ဆောင်းများလည်း ရွှေတိဂုံ ရင်ပြင်လို ဖြစ်နေ၏၊ ဥာဏ်တော် အတောင် (၁၃၀၀)လောက်ရှိ၏၊ ပရက္ကမဗာဟု မင်း၏ ကောင်းမှုဖြစ်၏၊ တောင်ဘက်က ရေကန်ကြီးရှိ၏၊

ရွှေတိဂုံတောင်ဘက် ရဟန္တာ သိမ်တော်ကြီး ရှေ့က ရေကန်လောက်ရှိ၏၊ ဘုရားအရှေ့ဘက်က ဘုန်းကြီးကျောင်းလည်းရှိသည်၊ ထိုကဲ့သို့ လှည့်လာကြည့်ရှုပြီး " ဒမိလထူပ စေတီကြီး " အရှေ့မုခ်မှ နေ၍ အဓိဋ္ဌာန်ပုတီး စိတ်တော့၏၊ တစ်ပါတ်မှ မဆုံးသေးဘူး ကျွန်ုပ် ဘယ်ဘက်က ပေါင်လုံးလောက်ရှိသော မြွေကြီးလာခွေနေ၏၊ ပါးပျဉ်းကြီးက ဘုရားမုခ်ဘက် လှည့်ထား၏၊ ကျွန်ုပ်ကလည်း သူ့ကို အရေးမလုပ် ပုတီးသာ ဆက်စိတ်နေ၏၊ ၃ ပါတ်ပြီးသည့်တိုင်အောင် ရှိနေသေး၏၊ ကျွန်ုပ်လည်း ပုတီးဆက်စိတ်နေ၏၊ သုဂတောင်းချက် ဂါထာ၉ပါတ်ပြီးလျှင် ညစနာရီထိုးနေ၏၊ တိတ်ဆိတ်ငြိမ်သက်လှ၏၊ သစ်ရွက်ကျ တာလေးတောင် ကြားရမလောက်ဖြစ်၏၊

မြွေကြီးလည်းမရှိတော့။ ဘုရားစေတီကြီး ဝန်းတစ်ခုလုံး အလင်းရောင်ဆိုလို့ ကျွန်ုပ် ပူဇော်ထားသော ဖရောင်းတိုင် အလင်းရောင်တစ်ခုသာရှိ၏။ သို့သော် ၁၃၁၇-ခု တပို့တွဲလဆန်း ၁၄ ရက် ဖြစ်၍သာ လရောင်က တောင်းနေသဖြင့် အားလုံးမြင်နေရပေ၏။ ကျွန်ုပ်က ထိုင်စိတ်နေရာမှထပြီး ဘုရားပါတ် လမ်းလျှောက်စိတ်နေ၏။ ဘုရားတစ်ပါတ်-ပါတ်ပြီး၍ အနောက်မုခ်ရောက်သောအခါ အနောက်မုခ် ကဘုရားကို လက်အုပ်ချီပြီး ဆက်စိတ်သွား၏။ ရာဟုထောင့်ရောက်သောအခါ ပျောက်သွားသော မြွေကြီးက ကျွန်ုပ်နောက်က လိုက်လာ၏၊ ကျွန်ုပ်ကရပ်လျှင် မြွေကြီးကရပ်နေ၏၊ ကျွန်ုပ်က ရှေ့ဆက်သွားလျှင် မြွေကြီးကနောက်က လိုက်လာ၏၊

သို့နှင့်ပင် ဒမိလထူပ စေတီကြီး ကိုးပါတ် ပါတ်မိသောအခါ မြွေကြီးကလည်း ကျွန်ုပ်နောက်က လိုက်နေတုန်းဖြစ်၏၊ ဘုရားကိုးပါတ် ပါတ်မိသောအခါ ပုတီးပါတ်က ၆ ပါတ်ရသွား၏၊ နာရီက ညကိုးနာရီထိုးနေ၏၊ အရှေ့မုခ်က ထိုင်စိတ်နေပြန်၏။ ၁၅ မိနစ်လောက်ကြာသော် ကျွန်ုပ် ထိုင်စိတ်နေသော ဘယ်ဘက်က ၂ တောင်လောက်အကွာ ဆာရီအစိမ်းနုရောင်ဝတ်ထားသော မဂို ကုလားမလေးတစ်ယောက် ဒူးတုပ်ထိုင်ပြီး ပုတီးစိတ်နေ၏၊

ထိုကုလားမလေးနောက်က အပြာနုရောင် ဝတ်ဆင်ထားသော ကုလားမလေး ၅ ယောက်ကလည်း ဒူးတုပ်ထိုင်ပြီး ပုတီးထိုင်စိတ်နေ၏၊ အစိမ်းနုရောင် ကုလားမလေးက ဖယောင်း ၃ တိုင် အမွှေးတိုင် ၃ တိုင် ကျန် ကုလားမလေး ၅ ယောက်ကလဲ အမွှေးတိုင်၊ ဖယောင်း၂ တိုင်စီ ဘုရားမုခ်ဝဲယာဘေးက ထွန်းညှိပူဇော်ထားကြ၏၊ ကျွန်ုပ် ပူဇော်ထားသော အစိမ်းနုရောင်ကုလားမလေးက ဖယောင်းတိုင်ကြီး ၃ တိုင်က ၃ ပုံတစ်ပုံလောက် ကျိုးသေး၏၊ ထိုင်စိတ်တာ ၁၈ ပါတ်ရတော့ ည-၁၂ နာရီထိုးနေ၏၊ အားလုံးပုတီးပါတ် ၃၃ ပါတ်ရ၏၊ ကုလားမလေးများလည်း ဣန္ဒြေရစွာဖြင့် ပုတီးစိတ်နေတုန်းပင်။ သူတို့မျက်စိမှိတ်ပြီး စိတ်နေကြ၍ ကျွန်ုပ်ကထ၍ ဘုရားပါတ် စိတ်ရန် ဘုရားအရှေ့မုခ်မှ တောင်ဘက် ပါတ်စိတ်လာခဲ့၏။

တောင်ဘက်မုခ်ရောက်တော့ သူမလေးများ ကျွန်ုပ်နောက်က ပုတီးစိတ်လိုက်လာကြ၏။ ထိုအခါ ကျွန်ုပ်ကစဉ်းစားရ၏။ လူတွေလား ဘုံမိရတွေလား နတ်တွေလား။ ထိုစဉ်းစားချက်ကို ဖျောက်ပြီး ပုတီးကိုသာ ဆက်စိတ်တော့၏၊ ဘုရားပါတ်စိတ်တာ ၉ ပါတ်ရတော့ အရှေ့မုခ်က ပြန်ထိုင်စိတ်၏၊ သူမလေးတွေက ရှိနေတုန်းပင်၊ ကျွန်ုပ် ထိုင်စိတ်တော့ သူမလေးတွေလည်း ထိုင်စိတ်နေကြပြန်၏။ " ဖုံးခြစရာပေ။" နံနက် ငါးနာရီထိုးလေပြီ၊ ပုတီးပါတ်-၁၂ နာရီမှ ၅ နာရီထိအပါတ်ပေါင်း ၃၀ ရ၍ ၁၂ နာရီရှေ့က ၃၃ ပါတ်နှင့်ပေါင်းသော် ၆၃ ပါတ်ရ၏။ ဤ ဘုရားကြီးလာရင်း ကားပေါ်စိတ်ခဲ့သော (၁၈) ပါတ်နှင့်ပေါင်းက အားလုံး(၈၁) ပါတ်ရ၍ ဤ ဒမိလထူပ စေတီတော်ကြီး အဓိဋ္ဌာန်(၈၁) ပါတ် အောင်မြင်ခြင်း

အထိမ်းအမှတ်အဖြစ် အထူးမေတ္တာပို့ အမျှဝေလိုက်သည်။ ဘုရားဝင်း တစ်ဝင်းလုံး သာဓုခေါ်သံ ပဲ့တင်ထပ်သွား၏။

ကျွန်ုပ်နှင့် ပုတီးစိတ်ကြသော မိန်းကလေးအဖွဲ့တလည်း အားရပါရ သာဓုခေါ်သံ မဆုံးနိုင်အောင် ဖြစ်နေ၏။ ကျန် ၂ ယောက် အပြင် ထွက်သွားကြ၏။ အပြာနုရောင်ဝတ်သော မိန်းကလေး ၃ ယောက်နှင့် အစိမ်းနုရောင်ဝတ်သော မိန်းကလေး ၁ ယောက် ကျန်ခဲ့သည်။ မိုးမလင်းသေး၍ ကျွန်ုပ်က အာရုံခံ ဘုတ်တိုက်ထဲ မီးထွန်းပြီးထိုင်နေ၏။ အစိမ်းနှင့်အပြာဝတ် မိန်းကလေး ၄ယောက်တို့ ရောက်လာကြပြီး ကျွန်ုပ်ကို ဝတ်သုံးကြိမ်ချ၍ ဒူးတုပ်ထိုင်နေပြီး အစိမ်းနုရောင်ဝတ်သော မိန်းကလေးက ရှိခိုးပြီးလျှောက်၏။

" အရှင်ဘုရားကို ဤစေတီတော်မြတ်ကြီးထဲ ဝင်လာကတည်းက တပည့်တော်မက အလွန်ကြည်ညို လှပါသည်။ တပည့်တော်တို့က ဒီဘုရားကြီး အစောင့်. . . ဘုမ္မစိုး နတ်နွယ်တွေပါ ဘုရား. . . အရှင်ဘုရားက ဤ ဘုရားကြီးမုခ်ထဲမှ ဘုရားကန်တော့နေတော့ အဓိဋ္ဌာန်နေတာ ကြားရတော့ပို၍ ကြည်ညိုရှိသာ မကဘူး။ အသဲခိုက်အောင် ချစ်မြတ်နိုးသွားပါတယ်။ ဘုရားတပည့်တော်တို့၏ အရှင်သူမြတ်ဖြစ်ဘူးပါက မွန်မြတ်သော ထူးခြားသော၊ တန်ခိုးများ မျက်မြင် ကြုံတွေ့ရပါစေသားဟု ဤဘုရားကြီးတွင် သစ္စာဓိဋ္ဌာန် ပဋ္ဌာန ပြုလိုက်ပါတယ် ဘုရား။ ထိုကဲ့သို့ပြုလျှင်ပြုခြင်း အရှင်ဘုရား၏ သက်န်းဝတ်အသွင်ပျောက်၍ မင်းမြတ် အဝတ်အစားနှင့် တပည့်တော်တို့ ဒိဋ္ဌ မြင်တွေ့ရပါတယ်ဘုရား။ ထို့ကြောင့်တပည့်တော်မက ရုံရွှေတော်တွေ အသာထားပြီး အရှင်ဘုရားနောက်က မြွေကြီးယောင်ဆောင်ပြီး တစ်ကောက်ကောက် လိုက်နေခြင်းဖြစ်ပါတယ်ဘုရား။

အရှင်ဘုရား အဓိဋ္ဌာန် အကျင့်မြတ်ကို အထူးလေးစားပြီး- ဘုရားတပည့်တော်မတို့၏ မူလရုပ်သွင်ဖော်ပြ၍ အရှင်မြတ်ကို ဆည်းကပ်ခစားပြီး အရှင်ကျင့်သလို တပည့်မတို့ လိုက်ကျင့်နေတာ ဖြစ်ပါတယ်ဘုရား၊ တပည့်မတို့က အရဟံ စိတ်ပါတယ်ဘုရား။ တပည့်တော်မတို့နဲ့ထိုက်တန်တဲ့ ဂုဏ်တော်ကို ချီးမြှင့်ပါဘုရား။ " ဟု လျှောက်၍ ကျွန်ုပ်အတွေ့အကြုံကို ကျွန်ုပ် အထူးအံ့သြပြီး သူမလေးတို့ကို နေ့သားလိုက် ပုတီးစိတ်နည်း၊ နဝင်းတက် ပုတီးစိတ်နည်းတို့ကို ပြောပေးခဲ့၏။

မိုးလင်းသွားပြီဖြစ်၍ သူမခိုင်းလိုက်သော မိန်းကလေး နှစ်ယောက် ပြန်လာ၍ သူမတို့ယူလာ သော ဆွမ်းဟင်းများ ကျွန်ုပ် သပိတ်ထဲလောင်းထည့် ကပ်ကြ၏။ ကျွန်ုပ်လည်း သူမလေးတို့ကပ်တာ စားပြီး ခရီးဆက်ဖို့ရန် အဆင်သင့်စောင့်နေ၏။ နတ်မိမယ်လေး ၆ ယောက်က သူမတို့နဖူးနှင့် ကျွန်ုပ် ခြေဖမိုးထိပြီး ဦးတိုက်ကန်တော့နေကြ၏။ ထိုအခိုက်တွင် ကျွန်ုပ်စောင့်နေသော ကားလေးရောက်လာ၍ နတ်မိမယ်များကို နှုတ်ဆက် ဆုပေးပြီး ကားပေါ်တက် ခရီးဆက်ခဲ့၏။

မှတ်တမ်းရေးလိုက်၏။ ၁၃၁၇တပို့တွဲလပြည့်တနင်္ဂနွေနေ့ ဒမိလထူပ စေတီကြီးမှ ကားထွက် လာ၍ ပေါလုနရုဝမြို့ ပတ်ဝန်းကျင်ရှိ ဘုရားစေတီ စသော မင်းပေါင်း၁၆ ဆက်တို့ အုပ်စိုးသွားရာ မြို့တော်ကြီး ရှုခင်းများ ဘုရားများ ဖူးပြီး ပုတီးစိတ်ရန် ထွက်ခဲ့၏။

ရောက်ခဲ့သောနေရာများ ၏ မှတ်သားဖွယ်အလင်္ကာ

၁၆ မင်း ပျော်စံကြ၊ ပေါလုနရုဝမြို့တော်မှာ

စေတီဆူဆူ၊ ဓါတ်တော်တိုက်နှင့်

လွန်စွာသိုက်မြိုက်၊ ကျောင်းဝိဟာ

ဆင်းတုဖြာဖြာ၊ ရွှေသာလျှောင်း

ပန်းချီရုပ်ပေါင်း၊ များပြားစွာ

လုံးစုံရည်စူး၊ စိတ်ကြည်နူး

ရွှင်မြူးပူဇော်ပါ။

ဤ ကုသိုလ်ထူး နိဗ္ဗာန်ကူး

ရည်စူးပဋ္ဌနာ။

စမ်းချောင်း ရေတံခွန် စီးသွယ်ကြ၊

စေတီပါဒ ခေါ်သင်ညာ၊ ငါးမိုင်ကျော်ပင် မြင့်မောက်မား။ တောင်တော်ထိပ်ဖျား တိုက်ခန်းသား၊ ဗုဒ္ဓရှင်တော်ကြွလာလျက်၊ ခြေတော်ရွှေစက်ချခဲ့ရာ၊ မှန်းဆကြည်နူး စိတ်ရည်စူး၊ ရွှင်မြူးပူဇော်ပါ။

သင်္ကမတ္တာ ဗောဓိမြတ် ပျော်စံကိန်းဝပ်တည်နေရာ မဟာစေတီ စေတဝန၊ ထူပါရာမ မည်သင်ညာ၊ အဘယ တလိမရိစ၊ လံကာတ္တသရအဖြာဖြာ၊ မှန်းစရည်စူး စိတ်ရွှင်မြူး ကြည်နူး ပူဇော်ပါ။

မြန်းကြွရောက်လာမဟိန္ဒနှင့် ပိယတိဿမင်းရာဇာ၊ အစဦးစွာတွေ့ဆုံကြ၊ အမ္ဗတ္ထလ မည်သင်ညာ၊ ဥဏ္ဏလုံခေါ် မြွေရှင်ဓါတ် ပျော်စံကိန်းဝပ်တည်နေရာ၊ မဟိန္ဒလှေ့တွင်စမ်း၊ တောင်စခန်း ရွှင်လန်းပူဇော်ပါ။

ဒမ္ဗုလခေါ် တော်ထိပ်နန်း လှိုင်ဂူတင့်စမ်းအဖြာဖြာ၊ ရဟန္တာရှင် ငါးရာအပေါင်းတို့၊ ကိန်းဝပ်ခညောင်း ပျော်စံရာ၊ ချူပန်း ချူနွယ် ပန်းချီကား၊ ဆင်းတုရုပ်ပွား ရေကန်သာ၊ စိတ်ကရည်စူး အထူးထူး၊ ရွှင်မြူးပူဇော်ပါ။

မလယခေါ် ရပ်ဌာန အာလောက ဟုမည်တွင်သာ၊ စတုတ္ထခေါ် သံယာ ရတနာမြတ် တင်ကာ သတ်မှတ်ပြုပြင်ကာ၊ ပေထက်အက္ခရာ ရှေ့ကျော်အစ၊ ရေးတော်မူကြ ထေရ်မဟာ၊ လှိုင်ဂူတော်နှံ့အခန်းခန်း၊ ရည်မှန်းပူဇော်ပါ။

ဆံတော်များစွာ ဂိဝါဓာတ်၊ ပျော်စံကိန်းဝပ် တည်နေရာ၊ မဟိယင်ဂန ခေါ် စေတီမြတ် ဖန်ခါထပ်ထပ် ဖူးမျှော်ပါ။ ပတ္တမြားပလ္လင် ရာဇာရတန တည်ရာဌာန သွားရောက်ခါ၊ နာဂမည်ပြား ကျွန်းရပ်ခြား၊ ကူးသွားဖူးမြင်ပါ။ ဤ ကောင်းမှုများကြောင့် ဘေးရပ်ကင်းပ အောင်မြင်ရ သုခဖြိုးဝေဆာ။

အနုရာဓမြို့မှ ပေါလုနရုဝ မြို့သို့(၆၄) မိုင်

ပေါလုနရုဝမြို့မှာရှေးအခါက မင်းပေါင်း (၃၆) ဆက်တိုင်တိုင် နေထိုင်ရာ (ပုလတ္ထနဂရ)ခေါ် နေပြည်တော်ကြီး ဖြစ်သည့်အတိုင်း ဖူးမျှော်ကြည့်ရှုဘွယ် သာသနာရေးအဆောက်အဦးများ အလွန်ပေါများ သည်။

ပေါလုနရုဝမြို့၌ ဖူးမျှော်ဘွယ်များ

၁။ နိစံခမလ္လမင်း၏ နန်းတော်ကြီးနှင့် ညီလာခံခန်းမကြီး။

၂။ စွယ်တော်တိုက်နှင့် ထုပါရာမကျောင်းတော်။

၃။ ဝတဒါငေ့ အဝိုင်းပုံ (အတွင်းက လိုဏ်လှေခါးဖြင့် တက်နိုင်သည်။)

၄။ ဂါးလ်ပေါတခေါ် ကျောက်ချပ်ကြီး (ကျောက်စာ အပြည့်ရေးထား၍) အလျား ၂၇ ပေခန့်ရှိသည်။

၅။ ရန်ကော့ ဝိဟာရစေတီ။ ။ ဘိနပ်တော်ပေ(၅၅၀)၊ အမြင့်ပေ(၁၈၀)ရှိသည်။

၆။ ဒမိလထူပ စေတီတော်။ ။ ညာဏ်တော် အတောင် (၁၃၀၀) ခန့်ရှိ၍ သီဟိုဠ်ကျွန်း၌ အကြီးဆုံး စေတီဖြစ်သည်။ (ပရက္ကမဗာဟုမင်းကြီး တည်ထားခဲ့လေသည်။)

၇။ ပရက္ကမသမုဒ္ဒရာ ။ ။ အမှာန်မြစ်ကို ဖြတ်၍ ဆည်တည်ထားရာ ကန်ပေါင်ရိုးအရှည် (၉)မိုင် အမြင့်ပေ(၄၀) ရေနေမိုင် (၄၀) လောက်ရှိ၍ လယ်ဧက(၆၀၀၀)ကျော်လောက် ရေပေးနိုင်သည်။

၈။ ပရက္ကမမင်းကြီးရုပ်တု။ ။ကန်ဘောင်ရိုးအနီးကျောက်တောင်နံရံဘေး၌ ပရက္ကမဗာဟုမင်းကြီး၏ ကျောက်ရုပ်တုကြီး ထွင်းထုထားရာ(၈) တောင်ခန့်မြင့်သည်။

ပေါလုနရုဝမြို့မှ ဆီဂိရိယား နန်းတော်တောင်သို့ (၁၅) မိုင်ခန့် ကွာဝေး၏။ ၄င်းနတ်တော် လဆန်း(၁၂) ရက်နေ့ နေ့လည် (၁၂) နာရီလောက်မှာ ဆီဂိရိသနန်းတော် တောင်ခြေကို ရောက်ကြသည်။ ကဿပဘုရင်၏ နန်းတော်မှာ ခရစ်သက္ကရာဇ်(၄၆၀) ပြည့်နှစ်က နန်းတက်သော ခမည်းတော်(ဓာတုသေန) မင်းကြီးကို သတ်ဖြတ်ပြီး နန်းတက်သော ကဿပဘုရင်၏ နန်းတော်ကျောက်တောင်ကြီးဖြစ်သည်။ စာလုံးပြင် နန်းတော်၏အမြင့်မှာ မြေပြင်မှ အထက် (၃) ဆင့်ရှိလေရာ မြေပြင်မှ ကျောက်တုံးခြေအထိ လှေခါး၃၃၃ထစ်၊ ကျောက်တုံးအခြေမှ ခါးလယ်ခြသေ့အထိ(၁၁၆)ထစ်၊ ခြသေ့လက်ရှိရာ အလယ်ဆင့်မှ ကျောက်တုံးထိပ် နန်းတော်အထိ (၂၇၉)ထစ်ခန့်ရှိလေသည်။ အထက်ဆုံးအဆင့်မှာ သံလှေခါးတပ်ထားရာ ရင်တုံအောင် တက်ရသည်။

**နန်းတော်နှင့် မြို့ရိုးအကျယ်** ။ ။ကျောက်တောင်နန်းတော်မှာ အလျားကိုက်(၂၀၀) ခန့်၊ အနံ ကိုက်(၁၀၀) ခန့်လောက်ရှိသည်။ ကျောက်တောင်ပတ်လည်၌ မြို့ရိုးတံတိုင်းမှာ ၂ မိုင်ပတ်လည်ခန့်ရှိ၍ ပန်းခြံ ရေကန်များရှိသည်။

**အနှစ်တစ်ထောင်ကျော်က ပန်းချီကား**။ ။ကျောက်တောင်နံရံ၌ စကြိုများ လှည့်၍ထိုးထားကာ နံဘေး၌ နှစ်ပေါင်း တစ်ထောင်ကျော်က ပန်းချီကားများ ယခုထက်တိုင်အောင် ထင်ရှားစွာ တွေ့ရသည်။

**တောင်ထိပ်နန်းဆောင်ရာ**။ ။တောင်ထိပ်၌ အလျား (၂၂) ကိုက်ခန့်အကျယ်ရ နန်းတော်ဆောင်ရာ အုတ်ခုံ နှင့် ရေလှောင်ကန်၊ ပန်းခြံ၊ သစ်ပင်များရှိသည်။

**ဓာတုသေန ဘုရင်**။ ။ ကဿပဘုရင်သည် ၎င်းတောင်ထိပ် နန်းတော်မှနေ၍(၁၈)နှစ်ကြာမျှ သီဟိုဠ်တကျွန်းလုံးကို အုပ်စိုးခဲ့လေသည်။

၎င်းဆယ့်နှစ်ရက်နေ့ သုံးနာရီလောက် ဆိဂိရိယားမှ ဆက်လက်သွားကြရာ (၄) နာရီကျော်လောက် ဒမ္ဗုလလိုဏ်ဂူသို့ ရောက်ကြသည်။ ၎င်းဒမ္ဗုလလိုဏ်မှာ မြေပြင်မှ ကိုက်(၂၈၀)လောက် ကျယ်သော ကျောက်တောင်ပြင်ကြီးတိုဖြတ်ကျော်ကာအထက်ကို ခြေလှမ်း(၅၀၀)ကျော် လောက်တက်သွားလျှင် မြင့်မား ရှည်လျားသော ကျောက်တောင်ပြင်ကြီးနံဘေးမှာ ထွင်းထုထားသည့် လိုဏ်ဂူကြီးများ ဖြစ်သည်။ လိုဏ်ဂူကြီးများမှာ ဝဋ္ဋဂါမဏိမင်းကြီးပြုစုခဲ့သည့် လိုဏ်(၃) လုံး၊ ကိတ္တိသိရိ ရာဇသီဟမင်း နှင့် အမတ်ကြီးတို့ ပြုစုခဲ့သော လိုဏ်ဂူ(၂)လုံးအားဖြင့် လိုဏ်ဂူပေါင်း(၅)လုံးရှိ လေသည်။ ဘေးကလိုဏ်များ နောက်မှ ပြုစုထားသည်။

**သိကြားလိုဏ်ဂူ**။ ။အလယ်ရှိလိုဏ်ဂူ (၅)လုံးတို့တွင် အစဆုံးလိုဏ်ဂူဖြစ်သည်။ အလျား(၂၅) တောင်၊ အနံ(၁၄)တောင်ခန့်ရှိ၍ အတွင်း၌ ရွှေသာလျောင်းနှင့် ရုပ်ပွားတော်များရှိရာ မင်းကြီး အလိုကျအောင် ကျောက်ဆစ်သမားတို့ မတတ်နိုင်သဖြင့် သိကြားမင်း၏ စေခိုင်းချက်အရ ဝိသုကြံနတ်သား ဖန်ဆင်းခဲ့၍ သိကြားလိုဏ်တွင်သည်။

**ရာဇဝိဟာရ**။ ။ဒုတိယမြောက် လိုဏ်ဂူကြီးဖြစ်ရာ အလျား(၇၀)တောင် အနံ(၃၅)တောင်ခန့်ရှိရာ အတွင်း၌ ရုပ်ပွားတော်ပေါင်း (၅၀၀) ကျော်လောက်နှင့် ဘုရင်ရုပ်၊ နတ်ရုပ်၊ ပန်းချီကားမျိုးစုံ ဇာတ်ထုတ်၊ ဇာတ်လမ်းများရှိသည်။ (အမိုးမှစိမ့်၍ကျနေသော ကျောက်ဆစ်ရေကန်ငယ် အုတ်တံတိုင်း ကာရံလျက်ရှိသည်)

**အနောက်ကျောက်ဆောင်** ။ ။တတိယလိုဏ်ဂူဖြစ်၍ အလျား(၂၈)တောင် အနံ(၉) တောင်ခန့် ရှိသည်။ အတွင်း၌ အဘိဓမ္မာဟောသော ရုပ်ပွားတော်ပုံရှိသည်။

**အခြားလိုဏ်ဂူများ**။ ။ အလျား(၃၅)တောင် အနံ(၁၅)တောင်စသည်ဖြင့် အသီးသီးရှိကြလေသည်။ ရှေးက ရဟန္တာ(၄၀၀) လောက် နေခဲ့ဘူးသည်။

ခမ္ဘူလလိုဏ်မှ အာလုဝိဟာရ လိုဏ်ဂူသို့ မိုင်(၃၀)

**စေတုတ္တသံဂါယနာတင်ခဲ့ရာ။** ။ ၄င်းအာလောကလိုဏ်ဂူမှာ စေတုတ္တမြောက် ပေထက်အက္ခရာရေး၍ သံဂါယနာတင်ရာဌာနဖြစ်၍ မြေပြင်မှလှေခါးထစ် ငါးဆယ်ကျော်လောက် တက်ရသည်။ လိုဏ်ဂူမှာ အသစ်အဟောင်း နှစ်ခုရှိ၍ အသစ်၌ ရွှေသာလျောင်း၊ ရုပ်ပွားတော်များရှိသည်။ အလျားအတောင်(၅၀) အနံ(၁၅)တောင်လောက် ရှိသည်။ (၄င်းနေရာမှာပင် အာလောကလိုဏ်ဂူဖြစ်သည်ဟု အချို့ဆိုကြသည်) တစ်ချို့မှတ်တမ်းများက အဟောင်းနေရာ ဖြစ်သည်ဟု ဆိုကြသည်။

**လိုဏ်ဂူဟောင်း။** ။ လိုဏ်ဂူသစ်နှင့် မျက်စောင်းထိုးကျောက်တောင်ကြီး နှစ်ခုကြား ကွင်းပြင်နေရာကြီးဖြစ်၍ အလျားအတောင်(၄၀) အနံ(၂၈)တောင်လောက်ရှိသည်။ လိုဏ်ဂူနှစ်ခုလုံးပင် ကျောက်တောင်သုံးခုဆိုင်ထဲမှာ တည်ရှိ၍ ရှေးက တစ်ခုတည်း ယခု နှစ်ခုခွဲခေါ်ကြသည်။

**ရှင်ဗုဒ္ဓဃောသ လိုဏ်ဂူနှင့်ဇောဓိပင်။** ။ တောင်ထိပ်ကို တက်သွားလျှင် ဗောဓိပင်ငယ်နှင့် လိုဏ်ဂူမနီးမဝေး တွေ့ရှိရမည်။ ၄င်းလိုဏ်ဂူမှာပင် ဝိသုဒ္ဓိမဂ်စသော အဋ္ဌကထာများကို ရေးခဲ့သည် ဟုဆိုသေးသည်။

**မဟာစေတီနှင့် ကျောက်မဏ္ဍပ်။** ။ ၄င်းတောင်ထိပ်ပေါ်မှာပင် စေတီနှင့်ရဟန္တာများ ပေထက် အက္ခရာရေးသော ကျောက်မဏ္ဍပ်ကြီးများ ရှိလေသည်။

**သံဂါယနာတင်သော ခုနှစ်။** ။သာသနာသက္ကရာဇ်(၄၅၀) ခုလောက် ဝဋ္ဋဂါမဏိမင်း လက်ထက်မှာ ၄င်း၌ သံဃာယတနာ တင်ခဲ့သည်။ တောင်ကြီး၏အနီးမှာ မာတလေ့ခေါ်သော မလယဇနပုဒ် မြို့ကလေးရှိ၍ ကန္ဒီမှ ၁၅ မိုင်လောက်ဝေးသည်။

ကျွန်ုပ်သည် အထက်ပါအတိုင်း ကြည့်ရှုဖူးမျှော်ခဲ့ပြီး ကန္ဒီမြို့ပြန်၍ အလာတုံးက တည်းခဲ့သော ကျောင်းကို ပြန်လည်တည်း၏။ ထိုကျောင်းတိုက်၌ တညအိပ်ပြီး နောက်တနေ့မနက် အာရုဏ်ဆွမ်းစား၏။ ၆ နာရီလောက်စားပြီး၍ ထွက်ကာ ကားစောင့်နေ၏။ ကန္ဒီမြို့၏ အရှေ့ဘက်(၄၇) မိုင်ကွာမှာ မဟိယင်္ဂစေတီကိုသွားဖို့ ကားစောင့်နေခြင်းဖြစ်၏။ ကားစောင့်နေရင်း မှတ်တမ်းရေးလိုက်သည်။ ၁၃၁၇ ခုတပို့တွဲလပြည့်ကျော်(၁) ရက်တနင်္လာနေ့ နံနက်၇နာရီခွဲတွင် ကျွန်ုပ် စီးသွားနေကြ ကားနက်ကလေး ရောက်လာ၏။ မချိန်းမချက်ပဲနှင့် ရောက်လာ၍ ကျွန်ုပ် အံ့အားသင့်နေ၏။ ကားမောင်းသမား ၅၀ ရွယ်လောက် ကားပေါ်မှဆင်းလာပြီး မဟိယင်္ဂနဘုရား ပို့ပေးဖို့ ကျွန်ုပ်ဆရာပြောထား၍ အရှင်ဘုရားထံ လာခဲ့တာပါလို့ ပြောသဖြင့် ကျွန်ုပ်လဲသဘောပေါက်သွားပြီး ကားပေါ်တက်လိုက်သွား၏။

ပုတီး ၁၂ပါတ်ရတော့ ကားလေးက မဟိယင်္ဂစေတီရှေ့ တံတိုင်းပေါက်မှာ ရောက်နေ၏။ ကျွန်ုပ်က ကားပေါ်မှဆင်းပြီး ကားသမားကြီးကို ပုတီး(၁၀) ပါတ်စိတ်မယ် ခဏစောင့်နေပါဟုပြောပြီး မဟိယင်္ဂန

စေတီတော် မုခ်ရှေ့မှာ ပရိတ်ကံကန်တော့ကျိုးကြီးနှင့် ကန်တော့ပြီး ပရိတ်ကံယူ၍ ပုတီး စိတ်တော့၏၊ နံက် ၉ နာရီလောက် စစိတ်၏၊ သုဂတောသိဗ္ဗိ ရိုးရိုးစိတ်၏၊ ပုတီးစိတ်နေသော အတွင်းမှာ ဘုရားဖူးများ ပထမအဖွဲ့ လူ(၆၅) လောက်ရှိ၏။ ဒုတိယအဖွဲ့ လူ(၃၀)လောက်ရှိ၏၊ သီဟိုဠ်သားများနှင့် မြန်မာပြည်သား တို့ဖြစ်ကြသည်၊ ရေထည့်ပြီး သပိတ်ကပ်၏၊ သပိတ်ဖုံးက လှန်ထားတော့ ထိုသပိတ်ဖုံးထဲ ဘုရားဖူးများက ငွေတို့ မုန့်တို့ ထည့်လှူသွားသည်၊

မှတ်ချက် ။ ။ ယခု ၁၃၆၆ ခုတပို့တွဲလပြည့်ကျော် ၁၃ ရက် အင်္ဂါနေ့ည ခုနှစ်နာရီမှာ လေယာဉ်စီး ၈နာရီခွဲ ထိုင်းကိုရောက်၊ သီရိလင်္ကာသွားရန် လေယာဉ်စောင့်၊ (၁၀) နာရီ လေယာဉ်စီး ၊ ည(တစ်ချက်ခွဲ) သီဟိုဠ်လေယာဉ်ကွင်းရောက်၊ ကားစီး အနုရာဓမြို့ တည်းကျောင်းသို့ နံနက် (၅ နာရီ ခွဲ) ရောက်၏။ ယခုတစ်ခေါက်တွင် ထိုင်းတို့၊ သီဟိုဠ်တို့ အလွန်တိုးတက်၏၊ခန့်ညားနေ၏၊ တစ်တိုင်းပြည်လုံး တိုးတက် စောင်မြင်နေကြ၏၊

နံနက်၉နာရီ၁၀မိနစ်ကစစိတ်တာ နေ့၁၁နာရီမှပြီး၏၊မေတ္တာပို့ အမျှဝေပြီးနောက် ဘုရားဖူး များလှူခဲ့သော ပဲပလာတာ၂ ခု ကောက်ညှင်းပေါင်းတစ်ထုပ် ဘယာကျော်အလုံးလေး ၁၈လုံးကိုစား၏၊ လှူခဲ့သော ငွေများမှာ သီဟိုဠ်ငွေ(၁၀၀၀) ရှိ၏၊ ဆွမ်းစားပြီး မဟိယင်္ဂနစေတီတော်ကြီးကို လက်ယာရစ် လှည့်ပါတ်ဖူး၏၊ဘုရားစေတီက မဟာစေတီပုံဖြစ်၏။ မုခ်လေးမုခ်ရှိ၏၊ မုခ်အတွင်း ရုပ်ပွားတော်များရှိ၏။ ဉာဏ်တော် ၂ တောင်လောက်ရှိ၏၊ ဘုရားစေတီ ဉာဏ်တော်အတောင် ရှစ်ဆယ်ကျော် ရှိ၏။ မုခ်ရှေ့များ အာရုံခံ ဇုတ်တိုက်များရှိ၏၊ ထိုစေတီဝင်းအတွင်းမှာ စေတီလေးများရှိ၏၊ ဗောဓိပင်လည်းရှိ၏၊ မြောက်ဘက်က ရေကန်ကြီးလည်းရှိ၏၊ မဟိယင်္ဂနစေတီကြီး၏ အနီးမှာ တနင်္ဂနွေထောင့်က ဘုန်းကြီးကျောင်း တစ်ကျောင်းရှိ၏၊

သမိုင်းအကျဉ်း၊ ။ မဟိယင်္ဂနစေတီတော်ကြီးသည် ဘုရားဖြစ်တော်မူပြီး ကိုးလလောက် အကြာမှာ ဘီလူးတို့ကို တရားဟောရန် ကြွလာတော်မူ၏၊သောတာပန်တည်ပြီးသော သုမနနတ်မင်းကြီး တောင်း ပန်ချက်အရ ဆံတော်တစ်ဆုပ် ပေးသနားတော်မူခဲ့၍ ဉာဏ်တော် (၇)တောင်မြင့်သော စေတီထဲ ထည့်ထား ကိုးကွယ်ကြ၏၊ သီဟိုဠ်တွင် ပထမဦးဆုံး စေတီဖြစ်၏၊ ၎င်းနောက် ရှင်သရဘူရဟန္တာ မထေရ်မြတ်က ဘုရားအလောင်းတော် တေဇောဓါတ်လောင်နေစဉ် ဗုဒ္ဓ၏ဂီဝါ-လည်ပင်းရိုးကိုယူ၍ ဌာပနာကာ ဉာဏ်တော်တစ်ဆယ့်နှစ်တောင်အထိ တိုးချဲ့တည်ဆောက်ထားခဲ့၏၊ ၎င်းနောက် ဥဒ္ဒစူဠာမင်းသားက (၃၁)တောင်ထိ တိုးမြှင့် တည်ခဲ့သည်၊ ထို့နောက် ဒုဋ္ဌဂါမဏိမင်းက ဉာဏ်တော်အတောင်(၈၀) ထိ တိုးမြှင့်တည်တော်မူခဲ့၏၊ ယခုဖူးရသော စေတီကြီးမှာ ဒုဋ္ဌဂါမဏိမင်းကြီး၏ ကောင်းမှုတော်ဖြစ်၏၊

ရွှေဆက်သွားလျှင် နာဂဒိပကျွန်း၊ ဇုပ္ပနားရောက်အောင် မီးရထားဖြင့်သွား၍ ၎င်းမှ သင်္ဘောလေးစီး၊ နာဂဒီပကျွန်း ရောက်အောင်သွား၊ ဘုရားရှင် (၅) ဝါတရ နဂါးများကို ဟောချွတ်ရန် လာရောက်၍ပတ္တမြား ပလ္လင်နှင့်လင်းလွန်းပင် သနားတော်မူခဲ့သောကြောင့် ပတ္တမြား ပလ္လင်နှင့် လင်းလွန်းပင် တည်ထားကိုးကွယ်ခဲ့ကြသည်။ ထိုစေတီများကို သွားရောက်ဖူးနိုင်၏။ သာသနာ ကုန်ဆုံးသည့်အခါ သီဟိုဠ်ကျွန်းရှိ ဓါတ်တော် မွေတော်အားလုံးတို့သည် ပထမ မဟာစေတီမှာ စုရုံးကြ၍ ဒုတိယ ၎င်းစေတီမှာ စုရုံးကြပြီး နောက်ဆုံး ဗုဒ္ဓဂါယာ မဟာဗောဓိသို့ အားလုံးစုရုံးကြကာ တေဇောဓါတ်လောင်၍ ပရိနိဗ္ဗာန် ပြုကြရမည်ဖြစ်ပေ၏။ အတိုင်းတိုင်းအပြည်ပြည်မှ ဓါတ်တော်၊ ဆံတော်၊ စွယ်တော်၊ အံတော်တို့မှာလည်း ဗုဒ္ဓဂါယာ မဟာဗောဓိမှာ စုရုံးကြပြီး တေဇောဓါတ်လောင်ကျွမ်း၍ ပရိနိဗ္ဗာန် ပြုကြမည်ဖြစ်ပေ၏။

ကျွန်ုပ်သည် မဟိယင်္ဂဏစေတီတော်ကြီး ၃ ပါတ် လက်ယာရစ်ဖူးမျှော်ပြီး ကိုလံဘိုမြို့မှနေ့ ၁၂ နာရီပြန်ခဲ့၏။ ကိုလံဘိုမှ မိုင် ၄၂၂ မိုင် ဝေးသော မဒရပ်မြို့သို့ပြန်ခဲ့၏။ မဒရပ်မြို့မှ ၁၀၃မိုင်ဝေးသော ကာကလတ္တားသို့ ပြန်ခဲ့၏။ ရက်ပေါင်း ၃ ရက်ကြာ၏။ ၁၃၁၇ ခု တပို့တွဲလပြည့်ကျော် ၅ ရက်နေ့မှာ ကာလကတ္တားမြို့ရောက်၏။ ၎င်းမှ ငါးရက်ကြာ သင်္ဘောစီး၍ ရန်ကုန်ပန်းဆိုးတန်းဆိပ်ကမ်းသို့ နံနက် ၈ နာရီရောက်၍ ရွှေတိဂုံဘုရားကြီးဝင် အဓိဋ္ဌာန်၉ရက်စိတ်ပြီး ၁၃၁၇ခုတပေါင်းလဆန်း( ၅) ရက် ရန်ကုန်ဘူတာကြီးမှ မနက်ရထားစီး၏။ ညနေ၆နာရီ မန္တလေး ဘူတာကြီးရောက်ပြီး ၎င်းမှ မဟာမြတ်မုနိ ဘုရားကြီးဝင်ဖူး ပုတီး ၄၅ ပါတ်စိတ်ပြီး ကျောင်းပြန်၏။ ကျွန်ုပ်နေသော ကျော်အောင်စံထားတိုက်သို့ ည ၉ နာရီရောက်၏။ အောင်ပြီ. . အောင်ပြီ. . . အောင်ပြီ။ ဤတွင် ဗုဒ္ဓဂါယာ သီရိလင်္ကာ ဘုရားဖူး အဓိဋ္ဌာန်ဝင် ပုတီးစိတ်ခရီးသွား မှတ်တမ်းပြီးပါပြီ။

## ကျောင်းအောင်စံထား၏ မေတ္တာစေတနာ

### မဟီယင်္ဂဏသို့ ဘုရားကြွခြင်း

ပြာသိုလပြည့်နေ့ ရောက်သောအခါ များစွာကုန်သော မဂဓတိုင်းသားတို့သည် ကဿပရသေ့တို့အား အလှူကြီးကို ချီးမြှောက်ပူဇော်ခြင်းငှါ အစီအရင်ပြုလတ်သော် ရသေ့တို့ကလည်း " ယနေ့ ရှင်ကြီးဂေါတမ သည် မကြွလာမူ ကောင်းစွာ၏ " ဟုအကြံဖြစ်ရကား ဤအကြံကို သိတော်မူ၍ ဤလပြည့် နေ့နံနက်ထ၌ ဥတ္တရကုရုကျွန်းသို့ ဆွမ်းဝင်ခံတော်မူ၍ အနောတတ်အိုင်၏အနီး ဆေးဒန်မြင်းသီလာ ကျောက်ဖျာကြီးထက်၌ ဆွမ်းဘုဉ်းပေးပြီးသော်-

**ဘီလူးတို့အား တန်ခိုးပြခြင်း**

ညချမ်းသောအခါ၌ နောင်သာသနာ တွန်းစိမ့်သောငှါ လင်္ကာဒီပ မည်သော သီဟိုဠ်ကျွန်းသို့ ကြွတော်မူ၍ ကျွန်းအလယ်ဖြစ်သော အလျားသုံးယူဇနာ၊ အနံတစ်ယူဇနာရှိသော မဟာနာဂဝန် ဥယျာဉ် တည်ရာ၌ များစွာကုန်သော နတ်ဘီလူးတို့ အစည်းအဝေးပြုလျက် နေကြသည်တွင် အထက်ကောင်းကင်ဖြင့် ရပ်တော်မူ၍ မနေသာစိဋ္ဌာန်တော်မူလျက် ကမ္ဘာပျက်သောအခါ ရွာသောမိုးယ်ကြီးနှင့်တူသော မိုးယ်ကိုရွာစေခြင်း၊ ကမ္ဘာပျက်သောအခါလာသော လေကြီးနှင့်တူသော လေကိုလာစေခြင်းတို့ဖြင့်လည်းကောင်း၊ လောကန္တရိတ် ငရဲနှင့်တူသော အမိုက်တိုက်တို ဖြစ်စေခြင်း၊ အချမ်းကိုဖြစ်စေခြင်းဖြင့်လည်းကောင်း၊ ဘီလူးအပေါင်းတို့ကို ထိတ်လန့်စေပြီးမှ ကိုယ်တော်ကို ထင်ရှားပြတော်မူ၏။

ထိုအခါ စည်းဝေးကြသော ဘီလူးအပေါင်းတို့ အလွန်ထိတ်လန့်ကြ၍ " အရှင်ဘုရား ဤကြောက်မက်ဖွယ်သော မိုးယ်ကြီးအမိုက်တိုက်တို့ကို ငြိမ်းအောင်ပြုတော်မူပါ" ဟုတောင်းပန်ကြ၏။ ဘုရားသခင်လည်း တန်ခိုးတော်အားဖြင့် မိုးယ်၊ လေ၊ အမိုက်တိုက်တို့ကို ငြိမ်းစေပြီးသော် "ငါ့အားနေရာကိုပေးကြကုန်လော့" ဟု မိန့်တော်မူ၏၊ ဘီလူးတို့လည်း ကြည်ညိုကြ၍ "ဤကျွန်း ပြေဋ္ဌာန်၌နေတော်မူပါ" ဟု လျှောက်နှင်းကြကုန်၏၊ ဘုရားသခင်လည်း ကောင်းကင်မှ သက်တော်မူ၍ မဟိယင်္ဂဏစေတီ တည်ရာ၌ ဓမ္မခဏ်တိုဖြန့်၍ ထိုင်တော်မူ၏၊ ထိုအခါ များစွာသော နတ်ဘီလူးတို့သည် ဖူးမြင်ခြင်းငှါ စည်းဝေးလာကြသော် ကိုယ်တော်မြတ်လည်း အံ့ဖွယ်သရဲ ဖြစ်စိမ့်သောငှါ ထိုင်တော်မူသော ဓမ္မခဏ်မှ အလျှံ ပြောင်ပြောင်တောက်၍ ကြောက်မက်ဖွယ်သော အသံကိုဖြစ်စေ၏၊ ဘီလူးအပေါင်းတို့လည်း အလွန်ကြောက်လန့်၍ သမုဒ္ဒရာနားသို့ ပြေးကြကုန်၏။

ဘုရားသခင်လည်း ဘီလူးကြမ်းတို့ကို သီဟိုဠ်ကျွန်း၏ အရှေ့တောင်ထောင့်၌ တည်သော ဂိရိဒီပသို့ ရောက်စေတော်မူ၍ ထိုဘီလူးတို့ မလာစိမ့်သောငှါ ကျွန်းအလုံးကို သုံးကြိမ်လက်ျာရစ် လည်တော်မူ၍ ပရိတ် အရံအတားကို ပြုတော်မူ၏၊ ယင်းသို့ ပရိတ်ရွတ်ပြီးမှ ယခင် ဓမ္မခဏ်ဖြန့်ရာအရပ်၌ ဖလသမာပတ်ဝင်စား၍ နေတော်မူ၏၊ ဤအခါ များစွာကုန်သော နတ်တို့အား တရားဟောတော်မူ၏၊ အချို့ကား သောတာပန်၊ အချို့ကား သရဏဂုံ၊ ပဉ္စသီလ စသည် တည်လေကုန်၏။

**မဟိယင်္ဂဏစေတီနှင့် လည်ရိုးတော်ဓာတ်**

သုမနကကူဋတောင်၌နေသော မဟာသုမနမည်သော နတ်မင်းသည်လည်း ထိုအခါ သောတာပတ္တိဖိုလ်သို့ ရောက်၍ ဘုရားထံရင်းသို့ ကပ်ပြီးလျှင် "အရှင်ဘုရား အကျွန်ုပ်နှင့်တကွသော သတ္တဝါအပေါင်းတို့အား သနားတော်မူပါသဖြင့် ရှည်မြင့်စွာကိုးကွယ်ရအောင် ကိုယ်တော်မှဖြစ်သော အမွေအနှစ်ကို သနားတော်မူပါ"

ဟု တောင်းပန်လေသော် ကိုယ်တော်မြတ်လည်း ဦးခေါင်းကိုလက်ဖြင့် သုံးသပ်၍ ပါလတ်သော ဆံတော်ရှစ်ဆုပ်ကို ပေးတော်မူပြီးမှ ဇမ္ဗူဒိပ်ကျွန်း ဥရုဝေလတောသို့ ပြန်ကြွတော်မူလာ၏။ မဟာသုမန နတ်မင်းလည်း ဖြောက်မဲညိုပွင့် အဆင်းနှင့်တူသော ဆံတော်တဆုပ်ကိုရလျှင် ရွှေပန်းတောင်းဖြင့်ယူ၍ ဘုရားထိုင်တော်မူရာ အရပ်၌ ရတနာခုနစ်ပါးတို့ဖြင့် ပြီးသော စေတီကိုပြု၍ ထိုစေတီကို မဟိယင်္ဂဏစေတီဟု သမုတ်၏။

အရှင်မဟိန္ဒ ဝေဒိသကဂိရိမြို့သို့ ကြွခြင်း

သီရိဓမ္မာသောကမင်း၏ သားတော်ဖြစ်သော ကြီးသောပညာတော်ရှိသော မဟာမဟိန္ဒမထေရ် မြတ်သည့် ဥပဇ္ဈာယ်ဆရာဖြစ်သော အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်သည်လည်းကောင်း၊ သံဃာတော်တထောင်တို့သည်လည်းကောင်း တိုက်တွန်းအပ်သည်ဖြစ်၍ သီဟိုဠ်ကျွန်းသို့ ကြွအံ့သောအခါ တဆယ့်နှစ်ဝါသာ ရှိသေးသတည်း။ ထိုအရှင်သည် ဤသို့ ရှုမျှော် ဆင်ခြင်၏။ ယခု တန်ဆောင်မုန်းလ၌ သီဟိုဠ်သို့ ငါကြွ၍ မသင့်သေး၊ သီဟိုဠ်ကျွန်း၌ မုဋသိဝမင်းသည် အိုမင်းကြီးရင့်ပြီ၊ ထိုမင်း၏ သားဖြစ်သော ဒေဝါနံပိယတိဿ မင်းသည် မင်း၏အဖြစ်သို့ ရောက်စေဦး၊ ငါ့ခမည်းတော် ဖြစ်သော ဓမ္မာသောကမင်းသည် ဒေဝါနံပိယတိဿမင်းအား အဘိသိက်ခံခြင်းငှါ လောကီပဏ္ဏာကာရတို့ကိုလည်း ဆက်သစေဦး၊ ဆက်သ၍ ပြီးသောအခါမှ ငါကြွတော်မူမည်၊ ဤကာလ၏ အကြား၌ ငါ၏မယ်တော် မိဖုရားနှင့်တကွ ဆွေတော်မျိုးတော်တို့ကို ချီးမြှောက်ဦးအံ့" ဟု ကြံစည်ဆောက်တည်ပြီးလျှင် ဥပဇ္ဈာယ်ဆရာဖြစ်သော မောဂ္ဂလိပုတ္တတိဿမထေရ်ကိုလည်းကောင်း၊ သံဃာတော်တို့ကို လည်းကောင်း၊ ရှိခိုး၍ ခမည်းတော် ဖြစ်သော ဓမ္မာသောကမင်းကြီးအား ပန်ကြားခဲ့၍ အဖော်ဖြစ်သော မထေရ် လေးပါးတို့ကိုလည်းကောင်း၊ သင်္ဃမိတ္တာ၏ သားဖြစ်သော ဆဋ္ဌဘိည သိခါပတ္တဖြစ်၍ ကြီးသောတန်ခိုး အာနုဘော်ရှိသော တူတော် သုမနသာမဏေကိုလည်းကောင်း ခေါ်၍ ဆွေတော်မျိုးတော် တို့၏ နေရာဖြစ်သော ဒက္ခိဏဂိရိသို့ ကြွတော်မူ၏၊ ဒေသစာရီကြွခြင်းသည် ခြောက်လတိုင်အောင် ကြာသတည်း၊ အစဉ်သဖြင့် ကြွလေ၍ မယ်တော်မိဖုရား၏နေရာ ဝေဒိသကဂိရိမြို့သို့ ရောက်လေသော် မယ်တော် မိဖုရားလည်း ချစ်လှစွာသော သားကိုမြင်၍ ရွှင်လန်းဝမ်းမြောက်စွာ သံဃာတော်တို့အား ဆွမ်းလုပ်ကျွေးပြီးလျှင် မိမိဆောက်ထားအပ်သော အလွန်တင့်တယ် ကောင်းမြတ်သော ဝေဒိသကဂိရိ ကျောင်းကြီးကို အရှင်မဟိန္ဒအား လှူလေသတည်း။

ဝေဒိသကဒေဝီအကြောင်း

ထိုမိဖုရား၏ အကြောင်းကို ဆိုလိုက်ဦးအံ့၊ ထိုဓမ္မာသောကမင်းသည် မင်းသားဖြစ်စဉ်အခါ ခမည်းတော် ဗိန္ဒုသာရမင်းကြီးသည် အဝန္တိတိုင်း ဥဇ္ဇေနီပြည်ကို မြို့စားပေးတော်မူ၏၊ ထိုဥဇ္ဇေနီပြည်သို့

သွားရာတွင် ခရီးအကြား၌ ဝေဗိသကမြို့သို့ ရောက်လေသော် ထိုမြို့၌ "ဒေဝ"အမည်ရှိသော သဋ္ဌေးကြီး၏ သမီးဖြစ်သော အလွန်တင့်တယ် ရှုချင်ဖွယ်ရှိသော ဘုန်းလက္ခဏာနှင့် ပြည့်စုံသော "ဒေဝီ" အမည်ရှိသော သတို့သမီးကိုမြင်၍ မိဖုရားပြုပြီးလျှင် ထိုမြို့တွင်ပင် အတန်ကြာနေ၏၊ ထိုမိဖုရားမှ မဟိန္ဒမင်းသားကို ဥဇ္ဇေနီမြို့၌ ဖွားမြင်၍ မင်းသားနှစ်နှစ်ရှိလတ်သော် သမီးတော် သင်္ဃမိတ္တာကို ဖွားမြင်၏၊ ထိုသားတော် သမီးတော်တို့ ခုနစ်နှစ်အရွယ်ရှိမှ ဖမွာသောကမင်းသည် ခမည်းတော်၏ အရိုပ်အရာဖြစ်သော ရွှေထီးရွှေနန်းကို ရလေသည်၊ ထိုအခါ မိဖုရားသည် ဝေဗိသကမြို့၌ပင် နေလေသတည်း။

ထို့ကြောင့် ရှင်မဟိန္ဒသည် မယ်တော်နှင့်တကွ ဆွေမျိုးတို့အား ချီးမြှောက်ခြင်းငှါ ဝေဗိသကမြို့သို့ ကြွ၍ နေတော်မူသတည်း၊ ထိုသို့ နေသောအခါ မယ်တော်မိဖုရား၏ ညီမတော်၏ သမီး၏ သားဖြစ်သော ဘဏ္ဍုကမည်သော သူငယ်သည် မယ်တော်အား ဟောသောတရားကို နာရသဖြင့် အနာဂါမိဖိုလ်သို့ ရောက်သည်ဖြစ်၍ မဟိန္ဒထေရ်၏ ထံတော်၌ပင် နေ၏၊ ဝေဗိသကဂိရိကျောင်း၌နေ၍ တလစေ့သဖြင့် နယုန်လပြည့်သို့ ရောက်သောအခါ သကြားမင်းသည် အရှင်မဟိန္ဒ၏ထံတော်သို့ ကပ်လာ၍ " အရှင်ဘုရား . . . မြတ်စွာဘုရားသည် နောင်သောအခါ ငါ၏ တပည့်တော်ကြီးဖြစ်သော မဟိန္ဒထေရ်မြတ်သည် သီဟိုဠ်ကျွန်းသူတို့ကို ကြည်ညိုစေလျက် ငါ၏သာသနာကို ပြုရစ်လတ္တံ့ဟု ဗျာဒိတ်စကား ကြားတော်မူခဲ့ပါသည်။ အရှင်ဘုရားသည် သီဟိုဠ်ကျွန်းသို့ ကြွခြင်းငှါ အခါတန်ပါပြီ၊ ကြွတော်မူပါ၊ အကျွန်ုပ်လည်း ထောက်ပံ့ချီးမြှင့်ပါမည်" ဟု လျှောက်လာ၏။

ထိုအရှင်မဟိန္ဒထေရ်မြတ်သည် ဣဋ္ဋိယ, ဥတ္တိယ, သမ္ဗလ, ဘဒ္ဒသာလဟူသော မထေရ်လေးဦး, တူတော် သုမနသာမဏေ, ဘဏ္ဍုကမည်သော လူသီတင်းသည်၊ ဤခုနစ်ဦးသောအခြံအရံနှင့်တကွ ဝေဗိသကဂိရိ ကျောင်းမှသည် နယုန်လပြည့်နေ့ ကောင်းကင်ခရီးဖြင့် ကြွတော်မူ၍ ဤသီဟိုဠ်ကျွန်း မိဿကတောင် ထိပ်ဝယ် အလွန်မွေ့လျော်ဖွယ်ရှိသော အမ္ဗဋ္ဌအပြင်၌ သက်ဆင်း၍တည်တော်မူ၏။

အရှင်မဟိန္ဒ သီဟိုဠ်ကျွန်းသို့ရောက်စကား

ရှင်မဟိန္ဒနှင့် ဒေဝါနံပိယတိဿမင်းတွေ့ခြင်း

ဒေဝါနံပိယတိဿမင်းသားလည်း မြို့၌ နေကုန်သော လူတို့အား သဘင်ကစားခြင်းကို နှိုးဆော်ခဲ့၍ မိမိသည် တောကစား လှည့်လည်းခြင်းငှါ လေးသောင်းသော ဗိုလ်ပါခြံရံလျက် ခြေဖြင့်သာလျှင် မိဿက တောင်သို့သွားလေသော် တောင်၌ စောင့်နေသောနတ်သည် မထေရ်မြတ်တို့ကို ပြခြင်းငှါ အလိုရှိရကား စိုင်၏အသွင်ကိုဆောင်၍ တောချုံကို စားလျက်နေ၏၊ မင်းကြီးလည်း ထိုစိုင်ကိုမြင်လျှင် မေ့လျော့စဉ် လေးဖြင့်ပစ်ခြင်းငှါ မသင့်သော၊ ပြေးသောအခါမှ ပစ်အံ့ဟုကြံ၍ လေးညို့ကိုမြှန့်၏။ လေးညို့မြှန့်သံကို

ကြားသော စိုင်သည် တောင်ကြားသို့ ပြေးလေသဖြင့် မထေရ်မြတ်တို့၏ အနီးသို့ရောက်သော် ကွယ်လေ၏၊ စိုင်ကို အစဉ်လိုက်သဖြင့် မဟိန္ဒထေရ်ကို မြင်သည်ရှိသော် အရှင်မြတ်ကလည်း မင်းသည် တစ်ယောက်ချင်း လာသော အခါဖြစ်သည်၊ ငါတို့ခုနစ်ဦးလုံးကို မြင်ရသော် ကြောက်ပေလတ္တံ့၊ ငါတဦးကိုသာ မြင်စေအံ့ဟု ကြံတော်မူ၍ ကိုယ်တော်တပါးတည်းကိုသာ မြင်စေ၏။

မင်းကြီးလည်း ကြောက်လန့်ရကား ရပ်တန့်၍ကြည့်၏ အရှင်ကလည်း "အချင်းတိဿ. . . ငါ၏ထံသို့ လာလော့. . . လာလော့" ဟုခေါ်ပေ၏။ မင်းကြီးကလည်း" ဤကျွန်းတွင် ငါ့ကို ငယ်မည်ဖြင့် ခေါ်ဝံ့သော သူမရှိ၊ ယခုခေါ်သောသူကား နတ်ဘီလူးဖြစ်လတ္တံ့." ဟု အကြံဖြစ်၏၊ အကြံကိုသိ၍ မထေရ်မြတ်ကလည်း "အချင်တိဿ. . . ငါတို့ကား တရားမင်း ဖြစ်တော်မူသော မြတ်စွာဘုရား၏ တပည့်သားဖြစ်သော ရဟန်းတော်တို့တည်း၊ သင်မင်းကြီးအား သနားသောကြောင့် ဇမ္ဗူဒိပ်ကျွန်းမှ၊ သီဟိုဠ်ကျွန်းသို့ လာခဲ့သတည်း၊ သင်. . . မကြောက်လင့်၊ ဤအပါး၌သာ ထိုင်လာလော့" ဟုဆိုတော်မူ၏။ ထိုစကားကို ကြားသောအခါမှ ဒေဝါနံပိယတိဿမင်းလည်း ကြောက်ခြင်းမှ တင်းသည်ဖြစ်၍ ငါ့၏အဆွေဖြစ်သော ဓမ္မာသောကမင်း မှာလိုက်သော သတင်းစကား၌ပါသော ရဟန်းသံဃာဟူသည်ကား ဤအရှင်ပင်တည်း ဟု နှလုံးသွင်းလျက် လက်၌ပါသော လေးကိုလည်းကောင်း၊ မြှားကိုလည်းကောင်း ချ၍ အရှင်မြတ်၏ အနီးသို့ကပ်၏။

မထေရ်မြတ်လည်း လျောက်ပတ်သော အာလပ-သလ္လာပစကားဖြင့် ဝမ်းမြောက်စွာ ပြောဟောတော်မူလျက်နေ၏၊ ထိုအခါ နောက်မှလိုက်လာသော ဒေဝါနံပိယတိဿမင်း၏ အမတ် ပရိတ်သတ်တို့သည် မင်းကိုခြံရံလျက် တည်ကုန်၏၊ မဟာမဟိန္ဒ အရှင်မြတ်လည်း မိမိနှင့်တကွလာသော မထေရ်တို့ကို ထင်ရှားစွာမြင်စေ၏၊ မင်းကြီးလည်း ထိုအရှင်တို့ကိုမြင်သော် " အရှင်ဘုရား. . . ဤ အရှင်တို့သည် အဘယ်အခါက လာကုန်သနည်း" ဟုမေး၏၊ " မင်းကြီး. . . ငါနှင့်အတူတကွပင်လာသည်၊ သင်မင်းကြီး တယောက်ချင်းတွေ့၍ ငါတို့ခုနစ်ဦးလုံးမြင်လျှင် ကြောက်လန့်ရာသောကြောင့် ငါတဦး တည်းကိုသာ မြင်စေသည် " ဟု မိန့်တော်မူ၏၊ မင်းကြီးကလည်း " အရှင်ဘုရား. . . ဇမ္ဗူဒိပ်ကျွန်း၌ ဤသို့သဘောရှိကုန်သော တပါးကုန်သော ရဟန်းတို့သည် ရှိကုန်သေးသလော့" ဟု မေးလျှောက်၏။ "မင်းကြီး. . . ဇမ္ဗူဒိပ်ကျွန်းသည် ရဟန်းတို့၏ သင်္ကန်းရောင်ဖြင့် ပြောင်ပြောင်တောက်ပ၏၊ ဤကျွန်း၌ကား ဝိဇ္ဇာသုံးပါးရှိကုန်သော တန်ခိုးအထူးသို့ ရောက်ကုန်သော စေတောပရိယဉ်၌ လိမ္မာကုန်သော ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတနှင့် ပြည့်စုံကုန်သော ရဟန္တာ ဖြစ်ပြီးကုန်သော ဘုရားရှင်၏ တပည့်အပေါင်းတို့သည် အလွန် များကုန်၏ " ဟုမိန့်တော်မူ၏။

မှင်းကြီးဉာဏ်ရှိ မရှိ စုံစမ်းခြင်း

" အရှင်ဘုရား . . . အရှင်မြတ်တို့သည် အဘယ်ခရီးဖြင့် ကြွလာကုန်သနည်း" ဟု မေးလျှောက်သော် "မင်းကြီး . . . ငါတို့ကား ကြည်းကြောင်းခရီးဖြင့်လည်းမလာ၊ ရေကြောင်းခရီးဖြင့်လည်းမလာ "ဟု ဆိုပေသော် ဒေဝါနံပိယတိဿမင်းလည်း ကောင်းကင်ခရီးဖြင့်လာသည်ဟု သိလေလျှင် " အဘယ်ရက်၌ လာသနည်း" ဟု လျှောက်သော် " ယနေ့နံနက်အခါ ဇမ္ဗူဒိပ်ကျွန်း ဝေဒိသတကျောင်းမှ ဆွမ်းဘုဉ်းပေးပြီးမှ ကြွလာခဲ့သည်" ဟု ဆိုပေသော် စိတ်နှင့်ထပ်တူပင်ရောက်ပေသည်" ဟု အံ့ဖွယ်သရဲသောစိတ်သည်ဖြစ်၏။ ပညာတော်ကြီးလှသော မဟာမဟိန္ဒထေရ်မြတ်လည်း" မင်းကြီးအား ငါတရားဟောသော် သိလွယ်သော ဉာဏ်ရှိပါအံ့လော" ဟု စုံစမ်းခြင်းငှါ သိမ်မွေ့သော ပြဿနာကို ဤသို့ မေး၏၊ "မင်းကြီး . . . ငါပြဿနာမေးအံ့၊ ဖြေနိုင်အံ့လော" ဟု မေးသော် "အရှင်ဘုရား . . . မေးတော်မူပါ"ဟု ခွင့်ပေး၏၊

၁။ မင်းကြီး . . . ဤသစ်ပင်သည် အဘယ်အမည်ရှိသနည်းဟု မေး၏။
အရှင်မင်းကြီး . . . သရက်ပင်မည်ပါ၏ဟုဆိုလျှင်-

၂။ မင်းကြီး . . . ဤသရက်ပင်ကို လွတ်၍ တပါးသော သရက်ပင်ရှိသလောဟုမေး၏။
အရှင်ဘုရား . . . များစွာသော သရက်ပင်တို့သည် ရှိပါ၏ဟုလျှောက်သော်-

၃။ မင်းကြီး . . . ဤသရက်ပင်ကိုလည်းကောင်း၊ တပါးသောသရက်ပင်ကိုလည်းကောင်း လွတ်၍ သစ်ပင်တို့သည် ရှိကုန်သေး၏လောဟုမေး၏။
အရှင်ဘုရား . . . များစွာသောသစ်ပင်တို့သည် ရှိကုန်၏၊ ထိုသစ်ပင်တို့ကား သရက်ပင် မဟုတ်ကုန်ဟု လျှောက်သော်-

၄။ မင်းကြီး . . . တပါးကုန်သော သရက်ပင်တို့ကိုလည်းကောင်း၊ သရက်ပင် မဟုတ်သော သစ်ပင်တို့ကိုလည်းကောင်း လွတ်ထား၍ အခြားသစ်ပင် ရှိကုန်သေးသလောဟုမေး၏။
အရှင်ဘုရား . . . ဤသရက်ပင်သည် ရှိပါ၏ဟု လျှောက်သော် မင်းကြီးသည် ပညာရှိပေစွ ဟုချီးမွမ်းတော်မူ၏။

၅။ မင်းကြီး . . . သင့်အား ဆွေမျိုးတို့သည် ရှိသလောဟု မေး၏။
အရှင်ဘုရား . . . ဆွေမျိုးကား အများပင် ရှိပါ၏ဟု လျှောက်သော်-

၆။ အဆွေမတော်သော သူကား ရှိပါ၏လောဟု မေးပြန်၏။
အရှင်ဘုရား . . . ဆွေမျိုးဖြစ်သောသူထက် အဆွေမတော်သောသူသည် များပါ၏ဟု လျှောက်သော်-

၇။ မင်းကြီး. . . ဆွေမျိုးတော်သောသူကိုလည်းကောင်း၊ ဆွေမျိုးမတော်သောသူကို လည်းကောင်း ထား၍ အခြားသောသူ ရှိ၏လောဟု မေးလျှင်

အရှင်ဘုရား. . . အကျွန်ုပ်သာလျှင် ရှိပါ၏ဟု လျှောက်သော် မင်းကြီးသည် ပညာရှိပေစွဟု ချီးမွမ်း၏။

ဤသို့ ချီးမွမ်းပြီးလျှင် "သင်မင်းကြီးသည် ငါတို့ဆရာ မြတ်စွာဘုရားဟောတော်မူသော တရားတော်ကို နာဦးလော့" ဟု မိန့်တော်မူ၍ "စူဠဟတ္ထိပဒေါပမသုတ္တန်" ကို ဟောတော်မူ၏။ ဒေသနာတော်၏ အဆုံး၌ ဒေဝါနံပိယတိဿမင်းသည် လေးသောင်းမျှလောက်သော ပရိသတ်နှင့်တကွ သရဏဂုံတည်သော ဥပါသကာအဖြစ်သို့ ရောက်လေ၏။

**အမျိုးအမည်ကို စုံစမ်းခြင်း**

ထိုအခါ ဒေဝါနံပိယတိဿမင်းအား နေလွဲ ပွဲတော်တည်ချိန် အခါရောက်ပြီဖြစ်၍ မှူးမတ်၊ မင်းချင်းတို့သည် စားတော်ထမင်း အဖျော်တို့ကို ဆက်လှာကုန်၏။ မင်းကြီးသည် တရားတော်ကို နာရပြီးဖြစ်၍ ဤအရှင်တို့သည် ဤအချိန်အခါ၌ အာဟာရ မစားရကုန်ဟုသိ၏။ သိသော်လည်း မမေးမူ၍ စားခြင်းငှါ မသင့်ဟုအောက်မေ့ပြီးလျှင် "အရှင်ဘုရားတို့. . . ယခုထမင်း သုံးဆောင်တော်မူအံ့လော" ဟု လျှောက်၏။ "မင်းကြီး. . . ဤအခါ၌ ငါတို့မစားကုန်" ဟု ဆိုလျှင် " အရှင်ဘုရား ဘယ်အခါ၌ စားပါသနည်း" ဟု မေး၏၊ "မင်းမြတ်. . . နံနက်အရုဏ်တက်မှသည် မွန်းတည့်တိုင်အောင် ဤအခါ၌သာစားရသည်" ဟု ပြော၏၊ မင်းလည်း သင့်တင့်ရာ၌ နေ၍ စားတော်မူပြီးသော် "အရှင်ဘုရား. . . မြို့သို့သွားကြကုန်အံ့၊ အရှင်တို့လည်း ကြွတော်မူပါ" ဟု ပင့်လျှောက်၏၊ "မင်းကြီး. . . သင်သာလျှင် မြို့သို့သွားလေလော့၊ ငါတို့ကား ဤအရပ်၌ပင် နေကြကုန်အံ့" ဟုဆို၏၊

"အရှင်ဘုရား. . . ဤတောင်ထက်၌ အရှင်မြတ်တို့ နေလိုတပြီးကား ဤဘဏ္ဍုကသူငယ်ကို ကျွန်ုပ်တို့နှင့်တကွ မြို့သို့လိုက်ပါစေလော့" ဟု လျှောက်ဆို၏၊ မဟိန္ဒထေရ်မြတ်ကလည်း "မင်းကြီး. . . ဤသူငယ်သည် ရောက်အပ်ပြီးသော အနာဂါမိဖိုလ်ရှိ၏၊ သိအပ်ပြီးသော ဘုရားအဆုံးအမတော်ရှိ၏၊ ရဟန်းအဖြစ်ကိုသာလျှင် အလွန်အလိုရှိ၏၊ ထို့ကြောင့် ငါတို့နှင့်ပင် နေရစ်ပါစေလော့၊ ယနေ့ပင်လျှင် ဤသူငယ်ကို ရှင်ရဟန်းပြုကုန်အံ့၊ မင်းကြီးတို့သည်သာလျှင် မြို့သို့သွားကြကုန်လော့" ဟုဆိုပေ၏၊ ဒေဝါနံပိယတိဿ မင်းလည်း မထေရ်တို့ကိုရှိခိုး၍ အတန်ငယ်ခွါခဲ့ပြီးလျှင် ဘဏ္ဍုကသူငယ်ကို သင့်တင့်ရာ အရပ်သို့ခေါ်၍ မထေရ်၏ အမျိုးအမည်ကိုမေး၏။

ဘဂ္ဂုကသူငယ်လည်း " ဤမဟိန္ဒမည်သော အရှင်မြတ်သည် ဓမ္မာသောကမင်းကြီး၏ မိဖုရားဖြစ်သော ဝေဒိသကဒေဝီမှဖွားသော သားတော်အကြီးပင်တည်း၊ ထိုအရှင်၏နှမတော် သင်္ဃမိတ္တာ မင်းသမီးသည် ဘိက္ခုနီမပြု၍နေသည်၊ ယခုပါလာသော သုမနသာမဏေသည် ထိုသင်္ဃမိတ္တာ ၏သားပင်တည်း၊ ကျွန်ုပ်လည်း အရှင်မဟိန္ဒ၏ မယ်တော် မိဖုရား၏ညီမတော် သမီး၏သားပင်တည်း" ဤသို့ စသည်ဖြင့် အလုံးစုံသော အကြောင်းတို့ကို စေ့စုံစွာ ပြောကြားပေသော် ဒေဝါနံပိယတိဿမင်းလည်း "ငါ၏အဆွေတော်ဖြစ်သော ဓမ္မာသောကမင်း၏ သားတော်, မြေးတော်တို့ပေတကား" ဟု သိ၍ "ငါသည် ဤအရှင်းကောင်းတို့ကို အလွန်ရတော်ပေစွ" ဟု အတိုင်းထက်အလွန် ဝမ်းမြောက်လှသော စိတ်ရှိသည်ဖြစ်၏၊ မင်းကြီးလည်း ဘဂ္ဂုကသည် လူဖြစ်သောကြောင့် "ဤအရှင် ရဟန်းမြတ်တို့ကား လူမျိုးစင်စစ်ပင်တည်း" ဟု ယုံမှားခြင်းမရှိဘဲ သိတော်မူလေသတည်း၊ ယင်းသို့ သိပြီးမှ "အရှင်ဘုရားတို့. . . နက်ဖြန်နံနက်အခါ၌ အရှင်မြတ်တို့၏ထံသို့ ရထားကို လွှတ်ပါအံ့၊ ရထားကိုစီး၍ ကြွတော်မူပါ" ဟု လျှောက်ပြီးလျှင် မြို့သို့ပြန်တော်မူ၏။

**ပဥ္စမနတ်တို့အား တရားဟောခြင်း**

အရှင်မဟိန္ဒလည်း သိစေလိုရင်းကိစ္စသည် ပြီးစီးရကား ဤဘဂ္ဂုကသူငယ်ကို ရဟန်းပြုကြကုန်ဟု မိန့်တော်မူ၍ ထိုမိဿကတောင်တည်းဟူသော ဂါမသိမ်၌ပင်လျှင် အရှင်မြတ်ငါးဦးတို့သည် ရှင်ပြု၍ ပဉ္စင်းခံတော်မူ၏၊ ဘဂ္ဂုကလည်း ရဟန်းဖြစ်ပြီးလျှင်ပင် အရဟတ္တဖိုလ်သို့ ရောက်လေ၏၊ ထို့နောင်မှ တူတော် သုမနသာမဏေကို ခေါ်၍ "ဤတောင်၏ ထက်ဝန်းကျင်၌နေသော နတ်အပေါင်းတို့ကို တရားနာကြွေးကြော်လော့"ဟု မိန့်တော်မူ၏၊ "အဘယ်မျှလောက်သော အရပ်ကြားအောင် ကြွေးကြော်ရပါအံ့နည်း " ဟု လျှောက်သော် "အလုံးစုံသော သီဟိုဠ်ကျွန်း တစ်ကျွန်းလုံးကြားအောင် ကြွေးကြော်လော့" ဟု မိန့်တော်မူ၏၊ သုမနသာမဏေလည်း စတုတ္ထဈာန် ဈာန်ပါဒ်ကို လွှတ်ပြီးလျှင် ယူဇနာသုံးရာ အဝှမ်းရှိသော သီဟိုဠ်ကျွန်းအလုံးကို ကြားစေလျက် တရားနာအံ့သောအခါ ကြွေးကြော်၏။

ဒေဝါနံပိယတိဿမင်းလည်း မြို့သို့မရောက်သေးဘဲ နာဂစတ္တမည်သော ထုံးအိုင်နား၌ ညဉ့်စာစားနေစဉ် ထိုအသံကိုကြား၍ "အရှင်မြတ်တို့အား ဥပဒ္ဒဝေါ ဖြစ်လေသလော" ဟု အောက်မေ့၍ ထိုအရှင်တို့ထံ တမန်စေလိုက်၏၊ မထေရ်တို့ကလည်း "ငါတို့အား ဥပဒ္ဒဝေါ မရှိ၊ မြတ်စွာဘုရား၏ စကားတော်ကို နတ်အများ နာစိမ့်သောငှါ အခါကို ကြွေးကြော်စေသော အသံတည်း" ဟု မိန့်တော်မူလိုက်၏၊ သုမနသာမဏေ၏ အသံကိုကြားကုန်သော် ဘုမ္မဇိုဝ်းနတ်တို့သည် တဆင့် ကြွေးကြော်ကုန်၏၊ ထိုနတ်တို့၏ အသံကိုကြားသဖြင့် အာကာသဇိုဝ်းနတ်တို့သည် တဆင့် ကြွေးကြော်ကုန်၏၊ ဤသို့ အဆင့်ဆင့်

ကြွေးကြော်ကြသဖြင့် ဖြုတ္တာပြည်တိုင်အောင် ရောက်လေ၏။ ယင်းသို့ကြွေးကြော်သံကို ကြား၍ များစွာသော နတ်တို့၏ အစည်းအဝေးသည် ဖြစ်လေသတည်း၊ အရှင်မြတ်သည်လည်း ထိုနတ်တို့၏ အစည်းအဝေး၌ "သမစိတ္တသုတ္တန်" ကိုဟောပေ၏၊ ဒေသနာတော်၏ အဆုံး၌ မရေတွက်နိုင်ကုန်သောနတ်တို့၏ ဓမ္မာဘိသမယသည် ဖြစ်ကြလေကုန်သတည်း၊ များစွာကုန်သော နဂါး-ဂဠုန်တို့သည်လည်း သရဏဂုံသုံးပါး၌ တည်လေကုန်၏၊

**ပဋ္ဌမစေတီ**

ဘုရားသခင်၏ လက်ထက်တော်၌ အရှင်သာရိပုတြာသည် ဤသမစိတ္တသုတ်ကို ဟောသောအခါ များစွာသော နတ်အစည်းအဝေးသည် ဖြစ်သကဲ့သို့ အရှင်မဟိန္ဒ၏ ဤသုတ်ကို ဟောရာ၌လည်း များစွာသော နတ်တို့၏ အစည်းအဝေးသည် ဖြစ်သတည်း၊ မင်းကြီးသည်လည်း မိုးသောက်အခါ ရထားမှူးကိုခေါ်၍ ငါစီးတော်မူသောရထားဖြင့် အရှင်များကို တင်ဆောင်ချေ ဟုစေတော်မူ၏။ ရထားထိန်းလည်း မင်းစေသောအတိုင်းသွား၍ " အရှင်ဘုရားတို့. . . ရထားသို့ တက်တော်မူပါ။ မြို့သို့ဆောင်ပါအံ့" ဟု လျှောက်၏။ မထေရ်တို့ကလည်း ရထားထိန်း. . . ငါတို့ကား ရထားမစီးကုန်၊ သင်သွားလင့်လော့၊ ငါတို့နောက်ကလိုက်ခဲ့အံ့"ဟု ဆို၍ ရထားထိန်းကို လွှတ်လိုက်ပြီးလျှင် အရှင်မြတ်ခုနှစ်ပါးတို့သည် ကောင်းကင်ဖြင့် ကြွလာ၍ အနုရာဓမြို့၏ အရှေ့တံခါးဝ၌ သက်ကြ၏။ ထိုသက်ရာဌာနကို နောက်အခါ၌ လူတို့ပူဇော်ရာဖြစ်စိမ့်သောငှာ စေတီတည်လေသည်။ ထိုစေတီကို ပဌမစေတီဟု သမုတ်သတည်း။

**နန်းတော်သို့ ဝင်တော်မူခြင်း**

ဒေဝါနံပိယတိဿမင်းလည်း ညဥ့်အခါကပင် အရှင်မြတ်တို့၏ ဂုဏ်ကျေးဇူးတရားကို နန်းတွင်းသူ မောင်းမတို့အား ပြောကြားလေသဖြင့် နန်းတွင်းသူအပေါင်းတို့လည်း အရှင်တို့ကို အလွန်အမြတ်ဖူးမြင် လိုရကား မင်းအိမ်တော်၏ အတွင်း၌သာလျှင် ဖြူသောအဝတ်တို့ဖြင့် နေရာကိုခင်းလျက် ဖြူသော ပုဆိုးဗိတာန်ကြက်သော နှစ်သက်မွေ့လျော်ဖွယ်ရှိသော မဏ္ဍပ်ကို ပြုပြင်စီမံ၏၊ အရှင့်မြတ်တို့၏ တရားနာစဉ်ကပင်"ရဟန်းတို့သည် မြင့်သောနေရာ၌ နေခြင်းမှ ကြဉ်၏"ဟူသောစကားကို ကြားနာရ သည့်အဖြစ်ကြောင့်"ငါ ပြုပြင်အပ်သော ဤနေရာ၌ အရှင်ကောင်းတို့သည် နေပါအံ့လော့" ဟု တွေးတောယုံမှားခြင်းသည်ဖြစ်၏၊ ရထားထိန်းပြန်လာခဲ့၍ မြို့တံခါး၌ သက်နှင်းရုံလျက်နေကြသော မထေရ်ခု နစ်ပါးတို့ကိုမြင်လျှင် အလွန်အံ့ဩလျက် ကြည်ညိုသောစိတ်သည်ဖြစ်၍ လျင်မြန်စွာဝင်၍ မင်းကြီးအား လျှောက်လေ၏။

"အကျွန်ုပ်သည် စေတော်မူလိုက်သောအတိုင်း သွား၍ ရထားသို့တက်တော်မူပါဟု လျှောက်လျှင် အရှင်မြတ်တို့က ငါတို့ ရထားမစီးကုန်၊ သွားလင့်တော့၊ ငါတို့နောက်မှလာအံ့ဟု ဆို၍ကျွန်ုပ်မြန်စွာလာခဲ့သော်

အရှင်ကောင်းတို့ကို မြို့တံခါးဝ၌ အလျင်ရောက်၍ ဖူးမြင်ရချေသည်၊ အံ့ဖွယ်သရဲသော အရှင်တို့ ပေတည်း"ဟု လျှောက်၏၊ မင်းကြီးလည်း ထိုစကားကိုကြားသော် "အရှင်မြတ်တို့ကား ရထားကိုမှ မစီးချေသော် ငါခင်းထားသော အင်ပျဉ်းနေရာတို့၌ မနေပေရာ" ဟု နှလုံးပြု၍ သာဓုဟုခေါ်ပြီးလျှင် နန်းရင်ပြင်၌ မဏ္ဍပ်ကိုပြု၍မြေ၌အခင်းတို့ကိုခင်းကြကုန်လော့ ဟုဆို၍မထေရ်တို့ကိုခရီးဦးကြိုဆိုခြင်းငှာသွားလေ၍ရှိသေစွာရှိခိုးပြီးလျှင် အရှင်မဟိန္ဒ၏ လက်တော်မှ သပိတ်ကို လှမ်းယူ၍ ပူဇော်သက္ကာရ အထူးဖြင့် ချီးမြှင့်လျက် နန်းတွင်းသို့ သွင်း၏။ နိမိတ်ဖတ်တတ်သော ပညာရှိတို့သည် မြေ၌နေရာခင်းသည်ကိုမြင်၍ "ဤအရှင်တို့သည် သီဟိုဠ်ကျွန်းမြေကို ယူအပ်ကုန်ပြီ၊ ဤကျွန်းအလုံးကို သိမ်းကျုံး၍ အစိုးရသည်ဖြစ်လတ္တံ့." ဟု ဆိုကြကုန်၏၊ ဒေဝါနံပိယတိဿမင်း လည်းမထေရ်မြတ်တို့ကို နန်းတွင်း သို့ပင့်ဆောင်၍ ပုဆိုးအခင်းရှိသော နေရာ၌ နေစေပြီးသော် မင်းကြီးကိုယ်တိုင်ပင် ယာဂု ခဲဖွယ် ဘောဇဉ် တို့ဖြင့်လုပ်ကျွေး၏၊ ဆွမ်းဘုဉ်ပေး ပြီးသော် မိမိသည် သင့်လျော်သောနေရာ၌ ထိုင်၍ ခစား၏။

**သီဟိုဠ်ကျွန်းသူတို့အား တရားဟောခြင်း**

ထိုအခါ မင်းအိမ်၌နေသော"ညီတော်မဟာနာဂ" မည်သော အိမ်ရှေ့မင်း၏ မိဖုရားဖြစ်သော အနုဠာဒေဝီကိုလည်း ခေါ်တော်မူ၏၊အနုဠာဒေဝီသည်လည်း မိန်းမပေါင်းငါးရာ နှင့်တကွ လာ၍ မထေရ်မြတ်တို့ကို ရှိခိုးပူဇော်လျက် သင့်လျော်သောအရပ်မှ နေ၏၊ မဟိန္ဒထေရ်မြတ်တို့သည်လည်း ထိုပရိတ်သတ် အစည်းအဝေး၌ ပေတ္တဝတ္ထုကိုလည်းကောင်း, ဝိမာနဝတ္ထုကို လည်းကောင်း၊ သစ္စသံယုတ်ကိုလည်းကောင်း ဟောတော်မူ၏၊ ဒေသနာတော်၏အဆုံး၌ ထိုမိန်းမအပေါင်း တို့သည် သောတာပတ္တိဖိုလ်၌ တည်လေကုန်၏၊ များစွာကုန်သော ပြည်သူပြည်သားတို့သည် ယမန်နေ့က မင်းနှင့်တကွ မိဿကတောင်ထက်တွင် အရှင်မြတ်တို့ကို ဖူးမြင်ခဲ့ရသော သူတို့က ပြောဆိုသော မထေရ်မြတ်တို့၏ ဂုဏ်ကျေးဇူးစကားကို ကြားရသဖြင့်ဖူးမြင်ခြင်းငှာ အလိုရှိကုန်ရကား များစွာ တညီတညွတ် လာကုန်၍ မင်းအိမ်တံခါးဝ၌ တိုးမအားမျှ စည်းဝေးကုန်၍ အုတ်အုတ် ကျက်ကျက်သော အသံကိုပြုကုန်၏။

မင်းကြီးလည်း ထိုအသံကိုကြားလေသော် "ဤနေရာကား ပြည်သူတို့စည်းဝေးခြင်းငှါ မတတ်ကောင်း၊ အလွန်ကျဉ်းမြောင်း၏၊ မင်္ဂလာဆင်တော်ထားရာ တင်းကုပ်၌ မထေရ်တို့ကို ကိန်းဝပ်စေ၍ ဖူးမြင်စေမှသင့်မည်၊ ထို့ကြောင့် ဆင်တော်တင်းကုပ်ကို သုပ်သင်၍ ပုဆိုးဖိတာန်တို့ဖြင့် တန်ဆာဆင်သော နေရာကိုခင်းချေလော့" ဟု စေ၏၊ မြတ်သော ဓမ္မကထိကဖြစ်သော မဟာမဟိန္ဒ ထေရ်မြတ်သည်လည်း အခြံအရံနှင့်တကွ ဆင်တင်းကုပ်သို့ ကြွ၍နေတော်မူပြီးသော် စည်းဝေးရောက်လာသော ပြည်သူတို့အား ဒေဝဒူတသုတ္တန်ကို ဟောတော်မူ၏၊ ထိုတရားဒေသနာကို ကြားနာရသောသူတို့သည် အလွန်ကြည်ညိုကုန်ရကား သရဏဂုံသီလ၌ တည်ကုန်လေသတည်း၊ တထောင်မျှလောက်ကုန်သော သူတို့သည် သောတာပတ္တိဖိုလ်သို့ရောက်ကုန်သတည်း။

ဤသို့ လက်ာမည်သော ဘီလူးမင်း၏ နေရာကျွန်းဖြစ်၍ လက်ာဒီပအမည်ရှိသော သီဟိုဠ်ကျွန်း၌ မြတ်စွာဘုရားနှင့် အလားတူတော်မူသော မဟာမဟိန္ဒထေရ်မြတ်သည် နန်းရင်ပြင်, ဆင်တင်းကုပ်အားဖြင့် နှစ်ပါးသော ဌာနတို့၌ စည်းဝေးသမျှသော ဒါယကာတို့အား သီဟိုဠ်ကျွန်းသူတို့၏ ဘာသာဖြင့်သာလျှင် တရားဟောတော်မူ၍ သူတော်ကောင်း၏ အဖြစ်သို့ သက်ဝင်စေတော်မူ၏။

**မဟာဝိဟာရစကျောင်းတိုက်ကို တင်လှူစကား**

**မဟာမေဃဝန်နှင့် နိဝတ္တနစေတီ**

ပြည်သူပြည်သားတို့သည်လည်း တယောက်သည် တယောက်အား ဆင့်ကာဆင့်ကာ ပြောကြားသဖြင့် ထပ်ခါထပ်ခါ စည်းဝေးလာသော လူအပေါင်းတို့သည် များလှရကား မင်္ဂလာဆင်တော် တင်းကုတ်သည် ကျဉ်းကြပ်လှသည်ဟူ၍ မင်းအားလျှောက်ကြားပြီးလျှင် အနုရာဓမြို့ပြင်ဖြစ်သော တောင်တံခါး၌ တည်သော တခဲနက် အရိပ်ရှိလျက် နေဇာမြက်တို့ဖြင့် တင့်တယ်သော အလွန်မွေ့လျော်ဖွယ် သာယာပျံ့ပျူး နေသော နန္ဒဝန်အမည်ရှိသော မင်းဥယျာဉ် ရှိ၏၊ ထိုဥယျာဉ်၌ နေရာတို့ကိုခင်းပြီးလျှင် အရှင်မြတ်ကို ပင့်ဆောင်၏၊ မဟာမဟိန္ဒထေရ်လည်း သံဃာတော်တို့နှင့်တကွ မြို့မှထွက်ကြွ၍ နန္ဒဝန်ဥယျာဉ်အတွင်း၌ သီတင်းသုံး နေတော်မူလျှင် ဖူးမြင်လိုကြသော များလှစွာကုန်သော မင်းမျိုး, ပုဏ္ဏားမျိုး, သူဌေးမျိုး ဖြစ်ကုန်ကြသော မိန်းမတို့သည် လာကြကုန်၍ ဥယျာဉ်ပြည့်မျှ ဝန်းရံလျက် ဆည်းကပ်ပူဇော်ကြကုန်၏၊ မဟိန္ဒထေရ်မြတ်သည်လည်း ထိုမိန်းမပရိတ်သတ်တို့အား ဗာလဏ္ဍိတသုတ်ကို ဟောတော်မူ၏၊ ဒေသနာတော်၏ အဆုံး၌ တထောင်မျှလောက်ကုန်သော မိန်းမတို့သည် သောတာပတ္တိဖိုလ်၌ တည်လေကုန်၏။

ယင်းသို့ တရားဟောပြောစဉ်ပင် ညချမ်းအခါ ရောက်သော် " ငါတို့ညဉ့်ကျိန်းရန် အလို့ငှါ မိဿကတောင်သို့သွားဦးအံ့" ဟုဆိုတော်မူ၍ ဥယျာဉ်မှထွက်တော်မူကြ၏၊ ထိုအကြောင်းကို မင်းကြီးအား ကြားလျှောက်လေကုန်သော် မင်းလည်းလျင်စွာလာ၍ " အရှင်ဘုရား မိဿကတောင်သည် ဝေးလှပါ၏၊ ဤနန္ဒဝန်ဥယျာဉ်၌ ကျိန်းဝပ်တော်မူပါ၊ နေရာတန်ဆောင်း ပြုပြင်ပါမည်" ဟုလျှောက်၏၊ အရှင်မဟိန္ဒကလည်း " မင်းကြီး. . . . ဤဥယျဉ်သည်ကား အနုရာဓမြို့နှင့် အလွန်နီးသည်ဖြစ်၍ ရဟန်းတို့အား မလျှောက်ပတ်ချေဟု မိန့်တော်မူလျှင် "အရှင်ဘုရား. . . နီးလည်းမနီးလွန်း ဝေးလည်း မဝေးလွန်းသောအရပ်၌ တည်သော မဟာမေဃဝန် ဥယျဉ်သည် ရှိပါ၏၊ ထိုဥယျာဉ်၌ သီတင်းသုံးခြင်းငှါ သင့်လျော်ပါသည်၊ ထိုမဟာဝေဃဝန် ဥယျဉ်သည်ကား သန့်ရှင်းသာယာသည်ဖြစ်၍ မွေ့လျော်ဖွယ်ရှိလှ၏၊ အရိပ်, ရေနှင့်လည်း ပြည့်စုံပါ၏၊ အရှင်ဘုရား. . . ဤမဟာမေဃဝန် ဥယျာဉ်၌နေခြင်းကို နှစ်သက်တော်မူပါ၊ ဤနေရာကပင် ပြန်နှင့်တော်မူပါ၊ "ဟုလျှောက်၏၊ မဟိန္ဒထေရ်မြတ်လည်း မင်းကြီး လျှောက်ထားသောအတိုင်း ပြန်နှင့်တော်မူ၏၊ ကဒမ္ဗမြစ်၏ အနားဖြစ်သော ပြန်လည်တော်မူရာအရပ်၌ စေတီတည်သည်ကို နိဝတ္တနစေတီဟု ခေါ်လေသည်။

**အနုဠာဒေဝီ ရဟန်းပြုခွင့်တောင်းခြင်း**

ဒေဝါနံပိယတိဿမင်းလည်း ကိုယ်တိုင်ပင် အရှင်မြတ်တို့ကို လမ်းပြ၍ နန္ဒဝန်ဥယျာဉ်ကို လက်ယာပြု၍ လာသဖြင့် မဟာမေဃဝန်ဥယျာဉ်၏ အရှေ့တံခါးမှ ဝင်ပြီးလျှင် ထိုဥယျာဉ်၌ အစဉ်ဆောက်ထားအပ်သော မွေ့လျော်ဖွယ်ရှိလှသော မင်းအိမ်တော်သည်ရှိ၏၊ ထိုမင်းအိမ်၌ အလွန်တောင်းသော ညောင်စောင်း အခင်းဖျဉ်းကိုလည်း ခင်းထားသည်ဖြစ်၍ " ဤနေရာ၌ ချမ်းသာစွာ နေတော်မူပါလော့" ဟု လျှောက်ထား၍ မင်းကြီးသည် အမတ်အပေါင်းခြံရံလျက် မြို့တွင်းသို့ ဝင်လေ၏၊ မထေရ်တို့သည်လည်း ထိုညဉ့်အခါ မဟာမေဃဝန် ဥယျာဉ်၌ပင် သီတင်းသုံးတော်မူကြ၏၊ မင်းကြီးလည်း မိုးသောက်သောအခါ များစွာသောပန်းတို့ကို ယူဆောင်ကာ လာလတ်၍ မထေရ်မြတ်တို့ကို ရှိခိုးပူဇော်ပြီးလျှင် " အရှင်ဘုရားတို့ . . . . ညဉ့်အခါ ချမ်းသာစွာ နေရပါကုန်၏လော၊ ဤဥယျာဉ်သည် ရဟန်းတို့အား သင့်လျော်ပါ၏လော" ဟုမေး၏၊ မထေရ်မြတ်တို့လည်း "မြတ်သောမင်းကြီး . . . ချမ်းသာစွာ နေရပေ၏၊ ဤဥယျာဉ်သည် ရဟန်းတို့အား သင့်လျော်ပေ၏ " ဟုပြောလျှင် " အရှင်ဘုရား . . . ဤဥယျာဉ်သည် ရဟန်းတို့အား အလှူခံအပ်ပါ၏လော" ဟုမေး၏။

အရှင်မဟိန္ဒကလည်း " မြတ်သောမင်းကြီး . . . ငါတို့ဆရာ မြတ်စွာဘုရားသည် ရာဇဂြိုလ်ပြည်သို့ ရောက်တော်မူစကာလ၌ ဗိမ္ဗိသာရမင်းသည် ဝေဠုဝန်ဥယျာဉ်၌ ဆောက်ထားအပ်သော နန်းတော်ကို ကောင်းစွာပြု၍ ဥယျာဉ်နှင့်တကွ တင်လှူတော်မူသည်ကို ခံယူသုံးဆောင်တော်မူသည်၊ ထိုကြောင့် ရဟန်းတို့အား အလှူခံခြင်းငှါအပ်၏ " ဟုဆို၍ ဝေဠုဝန်ကျောင်းခံတော်မူသော တရားကိုဟော၏၊ မင်းကြီးလည်း ထိုတရားကို နာရလျှင် လွန်စွာနှစ်သက်၏၊ အရှင်မြတ်ကိုပူဇော်ခြင်းငှါ ဆည်းကပ်လာသော အနုဠာဒေဝီ မိဖုရားနှင့်တကွ ငါးရာသောမိန်းမတို့သည် သကဒါဂါမိဖိုလ်သို့ရောက်ကြ၏၊ ယင်းသို့ ရောက်ပြီးသော် " အရှင်မင်းကြီး . . . ကျွန်ုပ်တို့သည် ရဟန်းပြုလိုပါကုန်သည်၊ အရှင်မြတ်ကို လျှောက်၍ပေးပါ" ဟု တောင်းပန်ကြ၏။

ဒေဝါနံပိယတိဿမင်းကလည်း "အရှင်ဘုရား . . . ဤမိန်းမငါးရာကို ရဟန်းပြုတော်မူပါလော့" ဟုတောင်းပန်၏၊ အရှင်မဟိန္ဒထေရ်ကလည်း "မင်းကြီး . . . ငါတို့ကား မိန်းမတို့ကို ရဟန်း ပြုခြင်းငှာ မတတ်ကောင်းချေ။ ပါဋလိပုတ်ပြည်၌ ငါ၏နှမတော် အငယ်ဖြစ်သော သံဃမိတ္တာမည်သော ရဟန်း မိန်းမရှိ၏၊ ထိုသံဃမိတ္တာသည် မြတ်စွာဘုရားလက်ထက်တော်၌ ရှိသော ဘိက္ခုနီမ တို့ကဲ့သို့ များသောအတတ်ပညာ၊ အကြားအမြင်လည်းရှိ၏၊တန်ခိုးဣဒ္ဓိပါဒ်နှင့်လည်း ပြည့်စုံ၏၊ ထိုသံဃမိတ္တာထေရီသည် ရဟန်းတို့၏ မင်းဖြစ်တော်မူသော ဘုရားသခင် ပွင့်တော်မူရာ မဟာဗောဓိမင်း၏ ဒက္ခိဏသာခါ လက်ယာတောင်ကိုင်းကို

ယူဆောင်၍ ကြွလာပါစေဟု ငါ၏ခမည်းတော်ဖြစ်သော ဝမ္ဗသောကမင်းကြီး၏ထံသို့ တမန်စေလွှတ်လိုက်လော့၊ ငါ၏ဖခင်မင်းမြတ်လည်း စေလွှတ်လတ္တံ့၊ ထိုသယ်မိတ္တာ လာရောက် သောအခါမှ မိန်းမတို့သည် ရဟန်းပြုရလိမ့်သတည်း" ဟု မိန့်တော်မူ၏။

မြေလှုပ်ခြင်း

(၁) ဒေဝါနံပိယတိဿမင်းကြီးလည်း ကောင်းပါပြီဟုဝန်ခံ၍ မြတ်လှစွာသော ရွှေကရားကို ကိုင်ပြီးလျှင် "ဣမံ မဟာမေဃဝနဥယျာနံ သံဃဿ ဒေမ"ဟုဆို၍ အရှင်မဟိန္ဒ၏ လက်တော်၌ ရေစက်သွန်းချ၍ လှူလေ၏၊ မြေသို့ ရေစက်ကျသည်နှင့် တပြိုင်နက် မဟာပထဝီမြေကြီးသည် သည်းစွာတုန်လှုပ်ပါ၏၊ မင်းကြီးကလည်း "အရှင်ဘုရား . . . အဘယ်အကြောင်းကြောင့် မြေလှုပ်သနည်း" ဟု လျှောက်၏၊ "မင်းကြီး . . . ဤသီဟိုဠ်ကျွန်း၌ ဘုရားသခင် သာသနာတော်သည် ကောင်းစွာတည်ပေပြီဟု ကောင်းချီးပေးသောအားဖြင့် လှုပ်သတည်း" ဟုမိန့်၏။ မင်းကြီးလည်း အလွန်ဝမ်းမြောက်လှသည် ဖြစ်၍ မုလေးပန်းတို့ကို အရှင်မြတ်အားကပ်၏။

(၂) မဟိန္ဒထေရ်မြတ်လည်း ထိုပန်းတို့ကို ဆောင်လျက် မင်းအိမ်သို့ ကြွပြီးလျှင် ထိုအိမ်၏တောင်မျက်နှာ၌ တည်သော ပညောင်ပင်ရင်း၌ ရှစ်ဆုပ်သော ပန်းတို့ကိုကြဲဖြန့်လေ၏၊ ထိုအခါမြေလှုပ်၏၊ "အဘယ်အကြောင်းကြောင့် မြေလှုပ်ပါသနည်း" ဟုမေးသော် " မင်းကြီး . . . ဤအရပ်၌ သုံးဆူသော ဘုရားသခင်တို့၏ လက်ထက်တော်၌ပင် သံဃာတို့၏ ဥပုသ်အိမ်သည် ဖြစ်ဖူးပြီ၊ ယခုအခါလည်း ရဟန်းသံဃာတို့၏ ကံကြီး , ကံငယ်ကို ဆောင်ရာဖြစ်သော ဥပုသ်အိမ် -သိမ်သည် ဖြစ်လတ္တံ့၊ ထိုအကြောင်းကို သိစေလို၍ မြေလှုပ်သတည်း " ဟုမိန့်ဆို၏။

(၃) ထို့နောက်မှ အရှင်မဟိန္ဒထေရ်မြတ်သည် မင်းအိမ်မှ မြောက်အရပ်၌တည်သော " စာရု" မည်သော ရေကန်သို့ကြွတော်မူ၍ ထိုရေကန်၏အနီး၌လည်း ရှစ်ဆုပ်သောပန်းတို့ကို ကြဲဖြန့်တော်မူ၏၊ ထိုအခါလည်း မြေလှုပ်၏၊ " အဘယ့်ကြောင့် မြေလှုပ်ပါသနည်း" ဟုမေးလေသော် " မင်းကြီး . . . ဤရေကန်သည် သံဃာတော်တို့၏ ဇန္တာအိမ်သည် ဖြစ်လတ္တံ့၊ ထိုအကြောင်းကို သိစေလို၍ လှုပ်သတည်း" ဟု မိန့်ဆို၏။

(၄) ထို့နောက် အရှင်မဟိန္ဒသည် မင်းအိမ်တံခါးမုခ်ဝသို့ ကြွတော်မူပြန်၍ ထိုအပြင်၌ ရှစ်ဆုပ်သော ပန်းတို့ကို ကြဲဖြန့်ပြန်၏၊ ထိုအခါလည်း မြေကြီးပြင်းစွာလှုပ်၏၊ မင်းကြီးလည်း ကြက်သီးထမွှေထိတ်လန့်လှလျက် " အရှင်ဘုရား . . . အဘယ်ကြောင့် မြေလှုပ်ပါသနည်း" ဟုလျှောက်၏၊ မထေရ်ကလည်း " မင်းကြီး . . . ဤအရပ်သည်ကား ဤဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူပြီးကုန်သော သုံးဆူသော ဘုရားသခင်တို့၏

မဟာဗောဓိပင်မှ ဒက္ခိဏသာခါ လက်ယာတောင်ကိုင်းကို ယူဆောင်၍ ဤအရပ်၌ စိုက်ပျိုးဖူးကြကုန်ပြီ၊ ငါတို့ဆရာ မြတ်စွာဘုရား၏ မဟာဗောဓိ ဒက္ခိဏသာခါသည်လည်း ဤအရပ်မှာ တည်ပေလတ္တံ့၊ ဤအကြောင်းကို သိစိမ့်သောငှါ မြေလှုပ်သတည်း " ဟုမိန့်တော်မူ၏။

(၅) မဟာမဟိန္ဒမထေရ်မြတ်လည်း ထိုအရပ်မှ တဖန်ကြွတော်မူပြန်၍ " မဟာမုစလ" မည်သော ဥပုသ်အိမ်တည်အံ့သော အရပ်သို့ရောက်လျှင် ရှစ်ဆုပ်သော ပန်းတို့ဖြင့် ကြဖြန့်တော်မူပြန်၏၊ ထိုအခါလည်း မဟာပထဝီတုန်လှုပ်၏၊ "အဘယ်ကြောင့် မြေလှုပ်သနည်း" ဟုလျှောက်ပြန်လျှင်" မင်းကြီး ... ဤအရပ်သည်ကား ရဟန်းသံဃာတို့၏ ဥပုသ်ပြုရာသိမ်သည် ဖြစ်လတ္တံ့၊ ထိုအကြောင်းကို သိစေလို၍ လှုပ်သတည်း" ဟုမိန့်တော်မူ၏။

(၆) ထိုအရပ်မှသည် တဖန်ကြွတော်မူပြန်၍ "အမ္ဗင်္ဂဏ" မည်သော သန္ထာဂါတဌာန ဖြစ်အံ့သော အရပ်သို့ ရောက်ပြန်သော် ဥယျာဉ်စောင့်သည် ဒေဝါနံပိယတိဿ မင်းကြီးအား အလွန်ကောင်းမြတ်သော အနံ့အရသာနှင့်ပြည့်စုံသော သရက်သီးမှည့်ကို ဆက်လှာ၏။ မင်းကြီးသည် အလွန်နှစ်သက်စဖွယ်ရှိလှသော ထိုသရက်သီးကို မထေရ်မြတ်အား ကပ်စေ၏၊ အရှင်မြတ်လည်း ထိုအရပ်၌ ထိုင်တော်မူအံ့သော အခြင်းအရာကို ပြုလေသော် မင်းကြီးလည်း ထိုအရပ်၌ လျောက်ပတ်ကောင်းမွန်သော အခင်းတို့ကို ခင်းစေ၏၊ မထေရ်မြတ်လည်း ခင်းအပ်သောနေရာ၌ ထိုင်တော်မူ၏၊ မင်းကြီးသည် ထိုသရက်သီးမှည့်ကို အရှင်မြတ်အား ကပ်ပေ၏။

အရှင်မဟိန္ဒလည်း ထိုသရက်သီးမှည့်ကို ဘုဉ်းပေး၍ အစေ့ကို စိုက်စိမ့်သောငှါ ဒေဝါနံပိယတိဿ မင်းကြီးအား ပေး၏၊ မင်းကြီးလည်းကိုယ်တိုင်ပင် ထိုအရပ်၌ စိုက်လေသော် မင်း၏လက်ပေါ်၌ မထေရ်မြတ်က ရေကို သွန်းဖျန်း၏၊ ထိုသွန်းဖျန်းသော ခဏ၌ပင်လျှင် သရက်စေ့က အညွန့်အညောက်တို့သည် ပေါ်ထွက်ကြီးပွားလာသဖြင့် အရိပ်ခိုခြင်းငှါ တတ်ကောင်းသော အသီးအပွင့်နှင့်ပြည့်စုံသော အလွန်တင့်တယ်သော သရက်ပင်ကြီးသည် ဖြစ်လေ၏၊ ထိုသို့အံ့ဖွယ်သရဲ မဖြစ်ဖူးမြဲ လွန်ကဲစွာ ဖြစ်လတ်သော တန်ခိုးပြာဋိဟာကိုမြင်လျှင် မင်းနှင့်တကွသော ပရိတ်သတ်တို့သည် နှစ်သက်ခြင်း အားကြီးသဖြင့် ကြက်သီးမွေညင်း ထကုန်လျက် အလွန်အံ့သြပြီးလျှင် အရှင်မြတ်ကို ရှိခိုးလျက် တည်ကုန်၏။

မဟိန္ဒထေရ်မြတ်လည်း ထိုအရပ်၌ ရှစ်ဆုပ်သော ပန်းတို့ကို ကြဖြန့်ပြန်၏၊ ထိုကြဖြန့်သောခဏ၌ မြေလှုပ်ခြင်းသည် ဖြစ်၏၊ "အဘယ်အကြောင်းကြောင့် မြေလှုပ်ပါသနည်း" ဟု မေးလျှောက်ပြန်သော် "မင်းကြီး ... ဤအရပ်သည် များစွာသော သံဃာတို့ စည်းဝေး၍ ဒါယကာတို့ လှူအပ်သော ပစ္စည်း ပရိက္ခရာ တို့ကို ဝေဖန်ရာဌာနသည် ဖြစ်လတ္တံ့၊ ဤအကြောင်းကြောင့် လှုပ်သတည်း" ဟု မိန့်တော်မူ၏။

(၇) ထိုအရပ်မှသည် တဖန် ကြွချီတော်မူပြန်လေ၍ စတုသာလတည်ရာဌာနသို့ ရောက်သော် ရှစ်ဆုပ်သော ပန်းတို့ကို ကြဲဖြန့်ပြန်၏၊ ထိုကြဲဖြန့်သောခဏ၌ မြေကြီးတုန်လှုပ်ပြန်၏၊ မင်းကြီးလည်း "အဘယ်အကြောင်းကြောင့် မြေလှုပ်ပါသနည်း၊" ဟု မေးပြန်လျှင် "မင်းကြီး . . . ဤအရပ်သည်ကား ရှေးဘုရားသုံးဆူတို့၏ လက်ထက်၌ သာသနာတော်တည်သောအခါ များစွာကုန်သော ကျွန်းသူကျွန်းသား ဒါယကာတို့သည် ထိုထို ရပ်ရွာမှ ဆောင်လာခဲ့ကုန်သော ဒါနဝတ္ထုတို့ကို ဤအရပ်၌ထား၍ သံဃာတော်တို့နှင့်တကွသော ဘုရားရှင်တို့အား ဆွမ်းလုပ်ကျွေးကြသော ဌာနပေတည်း။ ယခုငါတို့ဘုရားရှင်၏ သာသနာ၌လည်း ဤအရပ်မှပင် ကြီးစွာသော ဇရပ်လေးဆောင်သည် ဖြစ်လတ္တံ့၊ ဤဇရပ်လေးဆောင်မှပင် သံဃာတို့၏ ဆွမ်းပြုပြင်ခြင်းသည် ဖြစ်လတ္တံ့၊ ထိုအကြောင်းကို သိစေလို၍ မြေလှုပ်သတည်း" ဟု မိန့်တော်မူသည်။

(၈) အရပ်နေရာ၌ သိမြင်လိမ္မာတော်မူသော သီဟိုဠ်ကျွန်းသူတို့၏ ကုသိုလ်တရားကို ပွါးစေတတ်သော မဟိန္ဒထေရ်မြတ်သည် ထိုအရပ်မှတဖန် ကြွတော်မူပြန်သော် မဟာစေတီ တည်လတ္တံ့သော အရပ်သို့ ရောက်လေ၏၊ ထိုအရပ်ကား မင်းဥယျာဉ်၏ အရံအတွင်း ငယ်သော ကကုဓမည်သော ရေကန်သည် ဖြစ်၏။ ထိုရေကန်၏ အထက်၌ မြင့်သော ကုန်းကြောတည်ရှိ၏၊ ထိုကုန်းကြောသို့ ရောက်လေသော် မထေရ်မြတ်သည် တန့်ရပ်၍ နေတော်မူ၏။ ထိုအခါ ဥယျာဉ်စောင့်သည် စကားပန်းရှစ်ဆုပ်တို့ကို ဆောင်၍ မင်းကြီးအား ဆက်လှာ၏၊ မင်းကြီးလည်း ထိုစကားပန်းကို မထေရ်မြတ်အား ကပ်ပေ၏၊ မထေရ်မြတ်လည်း ထိုစကားပန်းတို့ဖြင့် ကုန်းကြောအရပ်သို့ ကြဲဖြန့်၍ ပူဇော်၏။ ထိုခဏ၌လည်း မြေပြင်းစွာလှုပ်၏၊ မင်းကြီးလည်း "အဘယ်ကြောင့် မြေလှုပ်ပါသနည်း" ဟုလျှောက်သော် မထေရ်မြတ်သည် ဤသို့မိန့်တော်မူ၏၊ "မင်းကြီး . . . ဤကုန်းကြောအရပ်သည် လူသတ္တဝါတို့၏ စီးပွားချမ်းသာ များစွာဖြစ်စေခြင်းငှါလည်းကောင်း၊ နတ်ရွာ, မင်, ဖိုလ်သို့ ရောက်ရစေခြင်းငှါလည်းကောင်း၊ စေတီတည်ခြင်းငှါ ထိုက်သော ဘုရားလေးဆူတို့သည် မှီဝဲတော်မူဖူးသော အရပ်မြတ်တည်း။

ကကုသန်ဘုရားလက်ထက်

"မင်းကြီး . . . ဤဘဒ္ဒကမ္ဘာ၌ ရှေးဦးစွာ ပွင့်တော်မူသော ကကုသန် အမည်ရှိတော်မူသော ဘုရားသည် ထင်ရှားဖြစ်တော်မူ၍ ထိုကျွန်းသို့ ကြွရောက်တော်မူသောအခါ ဤမဟာမေဃဝန် ဥယျာဉ်သည် မဟာတိတ္ထမည်သော ဥယျာဉ်သည်ဖြစ်၏၊အရှေ့အရပ်ဖြစ်သော ကဒမ္ဗမြစ်၏ ထိုမှာဘက် ကမ်းနား၌ အဘယမည်သော မင်းနေပြည်သည် ဖြစ်၏၊ ထိုပြည်၌ အဘယမည်သောမင်းသည် မင်းပြု၏၊ ထိုအခါ သီဟိုဠ်ကျွန်းသည် ဩဇကျွန်းဟူသော အမည်သည်ဖြစ်၏၊ ထိုအခါ လူတို့၏ ကိုယ်တွင်း၌ ရောဂါကို သွင်းတတ်သော ပုဏ္ဏကာဠ အမှုးရှိသော ဘီလူးရက္ခိုသ်တို့ကြောင့် ကျွန်း၌နေကုန်သော လူအပေါင်းတို့အား ဦးခေါင်းပူသော အနာသည် (ဝါ) ဖျားသော အနာသည် များစွာ ဖြစ်ကုန်သတည်း။

ကကုသန် မြတ်စွာဘုရားလည်း ထိုသို့ဖြစ်သော ဥပဒ္ဒဝေါတို့ကို မြင်တော်မူ၍ မဟာဂရုဏာ သမာပတ်ကို လွတ်တော်မူပြီးလျှင် ဩဇကျွန်း၏အထက်ဝန်းကျင်မှ ပရိတ်အရံအတားကို ပြုတော်မူ၍ ထိုဥပဒ္ဒဝေါကို ငြိမ်းစေပြီးလျှင် သာသနာတော်၏ တည်ရာကို ပြုခြင်းငှါ တာဝိဂုဏ်နှင့် ပြည်စုံသော ရဟန္တာလေးသောင်းခြံရံလျက် ကောင်းကင်ခရီးနှင့် ကြွတော်မူ၍ ဒေဝကူဋမည်သော တောင် ထွဋ်၌ တည်တော်မူ၏၊ ရဟန္တာလေးသောင်းတို့ကိုလည်း ထိုထိုသော တောအုပ်သို့ ကြွစေ၍ ပရိတ်အရံအတားကို ပြုစေတော်မူ၏၊ ယင်းသို့ပြုတော်မူသော ဘုရားရဟန္တာတို့၏ မေတ္တာအာနုဘော်တော်ကြောင့် အလုံးစုံသော ကျွန်းသူကျွန်းသားတို့၌ ကျရောက်သော ပဇ္ဇရကရောဂါသည် ငြိမ်းချမ်းသာယာခြင်းသို့ ရောက်လေ၏၊

ကကုသန် မြတ်စွာဘုရားသည်လည်း ထိုဒေဝကူဋတောင်၌ နေတော်မူလျက် "ဤဩဇကျွန်း၌ နေသော လူအပေါင်းတို့တွင် ငါ၏ထံသို့ လာလိုကုန်သော လူဟူသမျှတို့သည် မငြိုမငြင် မပင်မပန်းသဖြင့် ငါ၏ရှေ့မှောက်သို့ရောက်၍ ငါဘုရားကို ဖူးမြင်စေကုန်သတည်း" ဟု မိဋ္ဌာန်တော်မူ၏။ ခြောက်သွယ်သော ရောင်ခြည်ကိုလည်း လွှတ်တော်မူ၏၊ ကျွန်းအလုံးကို အစိုးရသော အဘယမင်းကြီးသည်လည်းကောင်း၊ မြို့သူမြို့သားတို့သည်လည်းကောင်း ဘုရားရှင်၏ ကိုယ်တော်ရောင်ဖြင့် တပြောင်ပြောင် ထွန်းပသော ဒေဝကူဋတောင်ကို မြင်လျှင် "ဤတောင်၌နေသော နတ်မင်းသည် အလွန်တန်ခိုးရှိချေသည်၊ ငါတို့သွား၍ ဖူးမြင်ပူဇော်ကုန်အံ့" ဟု ပြည်သားတို့ကို ခေါ်ပြီးလျှင် တပြိုင်နက်လာ၍ ပူဇော်သက္ကာရ ပြုကြကုန်၏။

**ဖလသမာပတ် ဝင်စားခြင်း**

ကကုသန် မြတ်စွာဘုရားလည်း ရောက်လာသမျှသော ပရိတ်သတ်တို့အား နတ်မဟုတ်ကြောင်း ဘုရားဖြစ်ကြောင်းကို သိစေတော်မူပြီးမှ တရားဟောပြတော်မူ၏၊ အဘယမင်းကြီးလည်း အလွန်ဝမ်းမြောက် ရကား ဘုရားသခင်နှင့်တကွ သံဃာတော်တို့အား ရှိခိုး၍ မိမိနေရာမြို့သို့ ပင့်ဆောင်ခဲ့ပြီးလျှင် သံဃာတော်တို့ နေခြင်းငှါ လျောက်ပတ်သောအရပ်ကို ကြည့်ရှုသော် မွှေ့လျော်ဖွယ်ရှိလှသော ဤမဟာစေတီတည်ရာဌာနကို မြင်၍ ဤအရပ်၌ပင် ရှုချင်စဖွယ် ကြီးကျယ်ကောင်းမြတ်သော မဏ္ဍပ်တန်ဆောင်းတို့ကို ဆောက်လုပ်လျက် ထိုအတွင်း၌ အခင်းနေရာတို့ကို တင့်တယ်စွာခင်းထားလျက် ဘုရားနှင့်တကွသော သံဃာတော် လေးသောင်းတို့အား သတင်းသုံးစေ၏၊ ဩဇကျွန်း၌ နေကြသော လူအပေါင်းတို့သည်လည်း သောင်းသောင်းဖြဖြ လာကြကုန်၏၊ ဘုရားသခင်ကို ဖူးမြင်ကြကုန်သည်၊ တရားတော်ကိုလည်း နာကြကုန်သည်၊ အထူးထူးသော လှူဖွယ် ဝတ္ထုတို့ကိုလည်း ဆောင်ခဲ့ကုန်လေသတည်း။

အဘယမင်းကြီးသည်လည်း သံဃာတော်တို့နှင့် တကွသော ကကုသန် ဘုရားသခင်အား မိမိခဲဖွယ် ဘောဇဉ်တို့ဖြင့်လည်းကောင်း၊ ပြည်သူတို့ဆောင်ခဲ့သော လှူဖွယ်ဝတ္ထုတို့ဖြင့်လည်းကောင်း လုပ်

ကြွေးပြုစုပေ၏၊ ဆွမ်းစားပြီးသောအခါ သံဃာတော်တို့နှင့်တကွသော ဘုရားကိုယ်တော်မြတ် သိတင်းသုံးစိမ့်သောငှါ အခါမဲ့ပွင့်သောပန်း, အခါမဲ့သီးသော သစ်သီးဖြင့် တင့်တယ်သော မဟာတိတ္ထမည်သော ဥယျာဉ်ကို ဘုရားသခင်အား၊ ကပ်လှူပူဇော်၏၊ ရေစက်သွန်းချပြီးသောအခါ မဟာပထဝီမြေကြီးသည် ကောင်းချီးပေးသဖြင့် တုန်လှုပ်၏၊ ကကုသန် မြတ်စွာဘုရားလည်း ရောက်လာသော လူပရိတ်သတ်တို့အား တရားဟောတော်မူ၍ လေးသောင်းမျှသော သူတို့သည် မဂ်ဖိုလ်သို့ ရောက်ကြကုန်၏၊ ဘုရားသခင်သည်လည်း ဤမဟာတိတ္ထ ဥယျာဉ်၌ နေ့သန့်တော်မူ၍ ညချမ်းသောအခါ၌ မဟာဗောဓိ ဒက္ခိဏာသာခါ တည်အံ့သော အရပ်သို့ ကြွတော်မူ၍ ထိုအရပ်၌ ဖလသမာပတ်ကို ဝင်စား၍ နေတော်မူတည်း။

**ဗောဓိပင်–စေတီတော်နှင့် ဓမ္မကရိုဏ်တော်**

သမာပတ်မှ ထပြီးသောအခါ "ဩဇကျွန်းသူတို့၏ အကျိုးစီးပွား များစေခြင်းငှါ" "ရှုပနန္ဒာမည်သော ဘိက္ခုနီမသည် ရဟန်းမိန်းမ အရံငါးရာနှင့်တကွ ငါပွင့်တော်မူသော ကုက္ကိုဗောဓိ ဒက္ခိဏာသာခါ လက်ယာတောင်ကိုင်းကိုယူ၍ ဇမ္ဗူဒိပ်ကျွန်းမှသည် ဤဩဇကျွန်းသို့ လာစေသတည်း" ဟု ကြံတော်မူ၏၊ ရှုပနန္ဒာ ဘိက္ခုနီမသည် စေတောပရိယအဘိညာဉ်ဖြင့် ဘုရားသခင်၏ အကြံတော်ကိုသိ၍ မဟာဗောဓိပင်ကို စောင့်ခြင်းငှာ ခေမအမည်ရှိသော မင်းကြီးကို တိုက်တွန်း၍ ကုက္ကိုဗောဓိပင်သို့ တပ်စေပြီးလျှင် မိမိသည်လည်း တန်ခိုးအဘိညာဉ်နှင့်ပြည့်စုံသော ရဟန်းမိန်းမ ငါးရာခြံရံလျက် ဗောဓိပင်သို့ကပ်၍ လက်ယာတောင်ကိုင်းကို ဆေးဒန်မြင်းသီလာဖြင့်ရေးသားကာ ဖြတ်၏၊ ထိုဖြတ်သောခဏ၌ ဗောဓိကိုင်းသည် ရွှေဖျဉ်း၌ တည်လေ၏၊ ထေရီမသည်လည်း ထိုဗောဓိကိုင်းကို နတ်အပေါင်းခြံရံလျက် မိမိတန်ခိုးဖြင့် ဆောင်ခဲ့၍ ဩဇကျွန်းသို့ ရောက်သောအခါ ရတနာရွှေဖျဉ်းနှင့်တကွ ဘုရားသခင်အား ဆက်လေ၏။

ဘုရားကိုယ်တော်မြတ်လည်း ထိုဗောဓိကိုင်းကို ဖြန့်အပ်သော လက်တော်၌ထား၍ ပရိသတ်တို့အား မြင်စေတော်မူပြီးမှ ကောင်းစွာစိုက်ထားစိမ့်သောငှာ အဘယမင်းကြီးအား အပ်ပေ၏၊ အဘယမင်းကြီးလည်း အထူးထူးသော ပူဇော်ခြင်းတို့ဖြင့် ပူဇော်ပြီးမှ မဟာစေတီတည်ရာ ဖြစ်လတ္တံ့သော မဟာတိတ္ထ ဥယျဉ်၌ စိုက်ထားပေ၏၊ ကကုသန် မြတ်စွာဘုရားသည် ဗောဓိပင်ကို စိုက်စေပြီးသော် သံဃာတော်နှင့်တကွ မြောက်အရပ်သို့ ကြွတော်မူ၍ ကုက္ကုတန်ဆောင်းပြုရာဌာန၌ နေတော်မူပြီးလျှင် လူအပေါင်တို့အား တရားဟောတော်မူ၏၊ အဆုံး၌ နှစ်သောင်းမျှလောက်ကုန်သော သတ္တဝါတို့သည် ဓမ္မာဘိသမယကို ရကြလေကုန်သတည်း၊ ထိုကုက္ကုတန်ဆောင်း တည်နေရာဌာန၌ နောက်သောအခါ ဒေဝါနံ ပိယတိဿမင်းကြီးသည် သီလာသောဏ္ဍကဏ္ဍကမည်သော စေတီကို တည်လေသတည်း။

ကကုသန် ဘုရားသခင်လည်း ထိုမှတဖန် မြောက်အရပ်သို့ ကြွတော်မူပြန်၍ ထူပါရုံ တည်ရာဒေသသို့ ရောက်သောအခါ ဖလသမာပတ်ကို ဝင်စား၍ နေတော်မူသည်။ ထိုဖလသမာပတ်မှ ထသောအခါ စည်းဝေးလာသော ပရိတ်သတ်တို့အား ဟောတော်မူလေသည်၊ ထိုအစည်းအဝေး၌လည်း တသောင်းမျှလောက်သောသူတို့ မဂ်ဖိုလ်သို့ ရောက်ကြလေကုန်သည်၊ ဘုရားသခင်လည်း ထက်ဝန်းကျင်သော သတ္တဝါအပေါင်းတို့အား အမြဲကိုးကွယ်စိမ့်သောငှာ ကိုယ်တော်ဆောင်သော ဓမ္မကရိုဏ် ရေစစ်တော်ကို ပေးတော်မူခဲ့၍ အခြံအရံနှင့်တကွသော ရုပနန္ဒာအမည်ရှိသော ဘိက္ခုနီမကိုလည်း ဤသြဇကျွန်း၌ ထားခဲ့၍ ကိုယ်တော်နှင့်ထပ်တူပါသော "မဟာဒေဝထေရ်" သာဝကကြီးကိုလည်း ရဟန်းတထောင်နှင့်တကွ ဤသြဇကျွန်း၌ ထားခဲ့၍ တပည့်သံဃာတော် အပေါင်းခြံရံလျက် ကောင်းကင်ဖြင့်ပျံ၍ ဇမ္ဗူဒိပ်ကျွန်းသို့ ကြွတော်မူလာ၏။

[ဤကား ကကုသန် ဘုရားကြွတော်မူသော အကြောင်းတည်း၊]

**ကောဏာဂုံဘုရားလက်ထက်**

ဤဘဒ္ဒကမ္ဘာ၌ နှစ်ကြိမ်မြောက်ပွင့်တော်မူသော ကောဏာဂုံဘုရား၏ လက်ထက်တော်၌ ဤမဟာမေဃဝန် ဥယျာဉ်သည် မဟာနာမအမည်ရှိသော ဥယျာဉ်သည်ဖြစ်၏၊ ထိုဥယျာဉ်မှ တောင်မျက်နှာအရပ်၌ ဝဍ္ဍမာနမည်သော မင်းနေပြည်သည်ဖြစ်၏၊ ထိုပြည်၌ သမိဒ္ဓ အမည်ရှိသော မင်းသည် မင်းပြု၏၊ ထိုအခါ ဤကျွန်းသည် ဝရဒီပ ဟူသော အမည်ကိုရ၏၊ တရံသောအခါ ဤဝရဒီပကျွန်း၌ မိုယ်းခေါင်လှသည်ဖြစ်၍ သတ္တဝါတို့ ငတ်မွတ်ခြင်းတည်းဟူသော ဥပဒ္ဒဝေါသည် ဖြစ်လတ်သတည်း၊ ကောဏာဂုံ မြတ်စွာဘုရားသည် မဟာဂရုဏာသမာပတ်ကို ဖြန့်လွှတ်တော်မူရာ သတ္တဝါတို့၏ ဥပဒ္ဒဝေါဖြစ်သည်ကို မြင်တော်မူသဖြင့် သတ္တဝါတို့အား မစချီးမြှောက်တော်မူခြင်းငှာလည်းကောင်း, သာသနာတော် အရှည်တည်စိမ့်သောငှာလည်းကောင်း, တာဝိကျေးလူနှင့် ပြည့်စုံကုန်သော ရဟန္တာအပေါင်း သုံးသောင်းခြံရံလျက် ကောင်းကင်ခရီးဖြင့် ကြွလာ၍ သုမနကူဋမည်သော တောင်ထိပ်၌ တည်တော်မူ၏၊

ထိုအခါ မြတ်စွာဘုရား၏ တန်ခိုးအာနုဘော်ကြောင့် မိုယ်းခေါင်ခြင်းဘေး ငြိမ်းသဖြင့် ခပ်သိမ်းသော အရပ်တို့၌ မိုယ်းမပြတ် ရွာလေသတည်း။ ထိုအခါမှစ၍ ဘုရားသာသနာတော် မကုန်မခြင်း မိုယ်းကောင်းခြင်း သည် ဖြစ်လေ၏၊ ကောဏာဂုံ မြတ်စွာဘုရားသည်လည်း "ဤဝရဒီပကျွန်း၌ နေသော လူအပေါင်းတို့သည် ယနေ့ ငါဘုရားအား ဖူးမြင်စေကုန်သတည်း၊ ငါ၏ထံသို့ လာလိုသောသူ ဟူ သမျှတို့သည် မငြိုမငြင် မပင်မပန်းသဖြင့် ငါ့ထံသို့ ရောက်ကြစေသတည်း" ဟု အဓိဋ္ဌာန်တော်မူ၍ သုမနကူဋတောင်အလုံးကို ဖုံးလွှမ်းလျှက် ရောင်ခြည်တော်ကို လွှတ်ပေ၏၊ သမိဒ္ဓမင်းသည်လည်းကောင်း ဝဍ္ဍမာနမြို့သား တို့သည်

လည်းကောင်း သုမနကူဋတောင်အလုံး ထွန်းတောက်သည်ကို မြင်လျှင် "ငါတို့၏ အရှင်နတ်မင်းသည် တန်ခိုးပြချေသည် ဟု ပူဇော်သက္ကာရဖြင့် ပူဇော်ကြကုန်အံ့" ဟု လျင်စွာဆည်းကပ် ကြလေကုန်၏၊ တောင်သို့ရောက်သော လူအပေါင်းတို့သည် သံဃာနှင့်တကွသော ဘုရားသခင်ကို ဖူးမြင်ရသော်လည်း နတ်ဟူသော အမှတ်ဖြင့်သာ ဖူးမြော်ပူဇော်ကြ၏။

**ဈာန်သမာပတ် ဝင်စားခြင်း**

ဘုရားကိုယ်တော်မြတ်လည်း ထိုသူအပေါင်းတို့အား နတ်မဟုတ်ကြောင်း ဘုရားဖြစ်ကြောင်းကို သိစေတော်မူ၍ တရားစကား ဟောကြားတော်မူပေ၏၊ သမိဒ္ဓမင်းသည် အလွန်ရွှင်လန်း ဝမ်းမြောက်စွာ သံဃာတော်နှင့်တကွသော ကောဏာဂုံမြတ်စွာဘုရားအား ပင့်ဖိတ်၍ ဝပုမာနမြို့သို့ ပင်ဆောင်ခဲ့ပြီးလျှင် ဘုရားသခင်နှင့် လျောက်ပတ်သောအရပ်ကို ကြည့်ရှုတော်မူ၍ ဤမဟာစေတီ တည်လတ္တံ့သော အရပ်ကိုပင်လျှင် လျောက်ပတ်သည်ထင်၍ မဟာနာမမည်သော ဥယျာဉ်၏အတွင်း၌ သန့်ရှင်းမွေ့လျော် ဖွယ်ရှိလှသော မဏ္ဍပ်တန်ဆောင်တို့ကို ကောင်းစွာပြုပြင်စေ၍ ဘုရားသခင်ကို သံဃာတော်နှင့်တကွ သီတင်းသုံးစေ၏၊ ကျွန်း၌နေသော လူအပေါင်းတို့သည် ဘုရားသခင်ကို ဖူးမြော်ပူဇော်ခြင်းငှာ များစွာသော ပဏ္ဏာကာရကို ဆောင်၍ လာကုန်၏။

သမိဒ္ဓမည်သော မင်းကြီးသည်လည်း သံဃာတော်နှင့်တကွသော ကောဏာဂုံ မြတ်စွာဘုရားကို မိမိခဲဖွယ် ဘောဇဉ်တို့ဖြင့်လည်းကောင်း၊ ပြည်သူတို့ဆောင်အပ်သော ခဲဖွယ် ဘောဇဉ်တို့ဖြင့်လည်းကောင်း လုပ်ကျွေးပြုစု၏၊ ဘုရားသခင် သီတင်းသုံးစိမ့်သောငှာ အခါမဲ့ပွင့်သောပန်း၊ အခါမဲ့သီးသော သစ်ပင်တို့ဖြင့် တင့်တယ်လျက် အလွန်မွေ့လျော်ဖွယ်ရှိလှသော ထိုမဟာနာမမည်သော ဥယျာဉ်ကို မြတ်စွာဘုရားအား ကပ်လှူလေသည်။ ရေစက်သွန်းလောင်းသော နောက်အဆုံး၌ မဟာပထဝီမြေကြီးသည် ကောင်းချီးပေးသဖြင့် တုန်လှုပ်၏၊ ကောဏာဂုံ မြတ်စွာဘုရားသည်လည်း ထိုအရပ်၌နေတော်မူ၍ လူတို့အား တရားဟောတော်မူသဖြင့် သုံးသောင်းသောလူတို့သည် မဂ်ဖိုလ်သို့ ရောက်ကြကုန်သတည်း၊ ဘုရားသခင်လည်း ထိုဥယျာဉ် တွင်း၌ နေ့သန့်ခြင်းကိုပြု၍ ညချမ်းသောအခါ ဗောဓိတည်ရာ အရပ်သို့ ကြွတော်မူ၏။ထိုဗောဓိတည်လတ္တံ့ သောဌာန၌ ဈာန်သမာပတ်ကို ဝင်စားတော်မူပြီးလျှင် "ဤဝရဒိပ ကျွန်းသူတို့၏ အကျိုးစီးပွား များစိမ့်သောငှာ ကဏာကဒတ္တာ အမည်ရှိသော ဘိက္ခုနီမသည် အခြံအရံဖြစ်သော ဘိက္ခုနီမငါးရာနှင့်တကွ ငါပွင့်တော်မူသော ရေသဖန်းဗောဓိပင်၏ ဒက္ခိဏာသာခါ လက်ယာအကိုင်းကို ယူ၍ လာစေသတည်း" ဟု ကြံလျက် အဓိဋ္ဌာန် တော်မူ၏။

ဇဟာခိပင်စေတီတော်နှင့် ခါးပန်းတော်

ထို ကဏာကဒတ္တာ ဘိက္ခုနီမသည်လည်း ကောဏာဂုံဘုရား၏ စိတ်တော်ကို မိမိစေတောပရိယ အဘိညာဉ်ဖြင့် သိလေ၍ ထိုဗောဓိပင်ရှိရာသို့ သောဘ အမည်ရှိသောမင်းကို ခေါင်းဆောင်ပြီးလျှင် ထို ဗောဓိပင်၏ လက်ယာတောင်ကိုင်းကို ဆေးဒန်းမြင်းသီလဖြင့် သားကာဖြတ်၍ ရွှေဖျဉ်း၌တည်စေ၏၊ ယင်းသို့ တည်စေပြီးမှ နတ်အပေါင်းခြံရံလျက် မိမိ၏ တန်ခိုးဖြင့်ဤဝရဒီပကျွန်းသို့ဆောင်ခဲ့၍ ကောဏာဂုံ ဘုရား သခင်အား ဆက်လေ၏၊ ဘုရားကိုယ်တော်မြတ်လည်း ဖြန့်အပ်သော လက်ယာလက်၌ တင်ထား၍ သမိဒ္ဓ မင်းကြီးအား အပ်ပြီးလျှင် ထိုမဟာနာမမည်သော ဥယျာဉ်၌ ပင်စိုက်ထားစေ၏။ ယင်းသို့ စိုက်စေပြီးမှ ကောဏာဂုံဘုရားသခင်လည်း သိရိသတန်ဆောင်း၏ မြောက်အရပ်ဖြစ်သော ကုံကော်တန်ဆောင်းသို့ ကြွ၍ နေတော်မူ၏၊ စည်းဝေးလာသော လူအပေါင်းတို့အား တရားဟောပြ၍ နှစ်သောင်းသော သတ္တဝါတို့သည် ဓမ္မာဘိသမယကို ရကြကုန်သည်၊ ထိုကုံကော်တန်ဆောင်း တည်ရာကို နောက်အခါ၌ ထူလတ္ထနမည်သော မင်းသည် စေတီတည်လေသည်။

ကောဏာဂုံ မြတ်စွာဘုရားသည်လည်း ထိုအရပ်မှ ကြွတော်မူ၍ ကကုသန် ဘုရားနေဖူးသော ထူပါရုံစေတီ တည်လတ္တံ့သောအရပ်၌ နေတော်မူလျက် ဖလသမပတ်ကို ဝင်စားတော်မူသည်၊ ထိုသမာပတ်မှ ထပြီးသော် ပရိတ်သတ်တို့အား တရားဟောတော်မူ၍ တသောင်းမျှလောက်သော သတ္တဝါတို့ မဂ်ဖိုလ်ချမ်းသာ ကို ရလေကုန်သည်၊ ယင်းသို့တရားဟောပြီးမှ လူတို့အား အမြဲရှိခိုးကိုးကွယ်စိမ့်သောငှာ ခါးပန်းတော်ကို ပေးခဲ့၍ "ကဏာကဒတ္တာ" ဘိက္ခုနီမကိုလည်း အခြံအရံနှင့်တကွ ဤဝရဒီပကျွန်း၌ ထားခဲ့၍ မဟာသုမ အမည်ရှိသော ရဟန္တာ သာဝကကြီးကိုလည်း ရဟန်း တထောင် နှင့်တကွ ဤဝရဒီပကျွန်း၌ ထား၍ လူအပေါင်း တို့အား တရားဩဝါဒပေးပြီးလျှင် သံဃာတော်နှင့်တကွသော ဘုရားကိုယ်တော်မြတ်သည် ကောင်းကင်ခရီး ဖြင့်ပျံ၍ ဇမ္ဗူဒိပ်ကျွန်းသို့ ကြွတော်မူ၏။

| ဤကား ကောဏာဂုံဘုရား ကြွတော်မူဖူးသော အကြောင်းတည်း။ |

ကဿပဘုရား လက်ထက်

ဤဘဒ္ဒကမ္ဘာ၌ သုံးကြိမ်မြောက် ပွင့်တော်မူသော အနွယ်တော်အားဖြင့် ကဿပအမည်ရှိ သော ဘုရားသခင်သည် လူတွင်ထင်ရှားဖြစ်တော်မူသောအခါ ဤမဟာမေဃဝန် ဥယျာဉ်သည် မဟာသာဂရ အမည်ရှိသော ဥယျာဉ်ကြီးဖြစ်၏၊ ထိုဥယျာဉ်၏ အနောက်မျက်နှာ၌ ဝိသာလအမည်ရှိသော မင်းနေမြို့ ကြီးသည်ဖြစ်၏၊ ထိုဝိသာလပြည်၌ "ဇယန္တ" အမည်ရှိသောမင်းသည် မင်းပြု၏၊ ထိုအခါ ဤသီဟိုကျွန်းသည် မဏ္ဍဒီပဟူသော အမည်ကိုရ၏၊ ထိုအခါ ဇယန္တမင်းကြီးသည် ညီတော်ဖြစ်သော သိမိဒ္ဓမင်းသားနှင့် ခိုက်ရန်

ဖြစ်ကြ၍ ညီတော်လည်း တောသို့သွား၍ ဗိုလ်ပါစစ်သည် ရုံးစုခဲ့ပြီးလျှင် အစ်ကိုဖြစ်သော ဇယန္တမင်းနှင့် ကြောက်မက်ဖွယ် စစ်ထိုးကြ၍ သတ္တဝါတို့များစွာ ပျက်စီးခြင်းသည်ဖြစ်၏။

ကဿပမြတ်စွာဘုရားသည်လည်း မဟာဂရုဏာတည်းဟူသော ကွန်ယက်ကို ဖြန့်လျက် ကြည့်တော်မူလျှင် မဏ္ဍာကျွန်းခွင်၌ မင်းညီနောင်တို့ စစ်ထိုးခြင်းကြောင့် များစွာသော သတ္တဝါတို့ ပျက်စီးခြင်းကို မြင်တော်မူသောကြောင့် ထိုပျက်စီးခြင်းကို ပယ်ဖျောက်၍ သာသနာတော်၏ ဖြစ်ထွန်းခြင်းကို ပြုတော်မူခြင်းငှာ တာဒိ ကျေးဇူးနှင့် ပြည့်စုံကုန်သော ရဟန္တာအပေါင်း နှစ်သောင်းခြံရံလျက် ကောင်းကင်ခရီးဖြင့် ကြွလာ၍ သုဘတောင် ထိပ်၌ တည်တော်မူ၏။

ရဟန်းမင်းဖြစ်တော်မူသော ကဿပမြတ်စွာဘုရားသည်လည်းကောင်း ထိုသုဘတောင်ထိပ်၌ တည်တော်မူလျက် " ယနေ့မဏ္ဍာကျွန်း၌ နေကုန်သော လူအပေါင်းတို့သည် ငါ့ကိုမြင်၍ ငါ့ထံသို့ လာကြကုန်သော သူခပ်သိမ်းတို့သည် မငြိုမငြင် လျင်စွာရောက်ပါစေသော" ဟု မနောဓိဋ္ဌာန်တော် မူ၍ သုဘတောင် အလုံးကို အဆုံးမဲ့ မီးလျှံတောက်သကဲ့သို့ ခြောက်သွယ်သော ဘုရားရောင်ခြည်တို့ကို လွှတ်တော်မူ၏၊ ဇယန္တမင်းသည်လည်းကောင်း၊ ပြည်သူတို့သည်လည်းကောင်း၊ များစွာသော စစ်သည်တို့သည် လည်းကောင်း၊သုဘတောင်၌ လောင်ဘနန်းမှ ထွန်းတောက်ပသော ဘုရားရောင်ခြည်တော်တို့ကိုမြင်လျှင် ရွှင်ဝမ်းမြောက်လျှက် "ဤသုဘတောင်၌နေသော အရှင်နတ်မင်းသည် ထွန်းလင်းသော တန်ခိုးအာနုဘော် ပြချေသည်၊ စစ်ထိုးကာလ အောင်ပွဲကိုရအောင် ဗလိနတ်စာပေး၍ ပူဇော်ကြအံ့ " ဟု ဆင်ခြင်လျက် နတ်ဟူသော အမှတ်ဖြင့်သာ လျင်စွာ ကပ်ကြလေကုန်၏။

**ဗလသမပတ်ဝင်စားခြင်း**

အထံတော်သို့ ရောက်သောအခါ သံဃာတော်နှင့်တကွသော ဘုရားကိုမြင်သော်လည်း နတ်ဟူသော အမှတ်ဖြင့်သာ ရှိသေစွာ ဆည်းကပ်၍ ရှိခိုးကြ၏။ ဇယန္တမင်းကြီးသည်လည်းကောင်း၊ ညီတော်သမိဒ္ဓ မင်းသား သည်လည်းကောင်း စစ်ထိုးလိုသော အမျက်ဒေါသ ပြေပျောက်လျက် အလွန်ကြည်ညို ရိုသေမြတ်နိုးသော စိတ်ရှိသည်ဖြစ်၍ ကိုယ်တော်မြတ်ကို ဝိသာလမြို့သို့ ပင့်ဆောင်ပြီးလျှင် ဤမဟာစေတီ တည်လတ္တံ့ ဟူသောအရပ်ကိုပင် လျှောက်ပတ်သာယာလှသည်ဟု နှလုံးသွင်း၍ အလွန်မွေ့လျော်ဖွယ် တင့် တယ်သော မဏ္ဍပ်ကြီးကိုပြုလုပ်၍ ပလ္လင်ညောင်စောင်း ကောင်းမြတ်သော နေရာတို့ကို ခင်းထားပြီးလျှင် ဘုရားနှင့် တကွသော သံဃာတော်တို့ကို သီတင်းသုံး နေစေ၏။

ယင်းသို့ သီတင်းသုံးသည်ကို ဖူးမြင်ရသောအခါ များစွာကုန်သော မဏ္ဍာကျွန်းသူ-ကျွန်းသားတို့သည် ထက်ဝန်းကျင်မှ များစွာသော ပဏ္ဏာကာရကိုဆောင်၍ လာကုန်၏၊ ထိုဇယန္တမင်းကြီးသည် မိမိ ခဲဖွယ် ဘောဇဉ်

တို့ဖြင့်လည်းကောင်း၊ ကျွန်းသူကျွန်းသားတို့ ဆောင်ယူခဲ့သောခဲဖွယ် ဘောဇဉ် တို့ဖြင့်လည်းကောင်း သံဃာတော်တို့နှင့်တကွသော ကဿပဘုရားသခင်အား လုပ်ကျွေးခြင်းကို ပြု၏၊ ဆွမ်းစားပြီးသောအခါ ဤနေရာ၌ မြတ်စွာဘုရား သီတင်းသုံးစိမ့်သောငှာ အခါမဲ့ပွင့်သောပန်း၊ အခါမဲ့သီးသော သစ်သီးတို့ဖြင့် တင့်တယ်သော ဤမဟာသာဂရ ဥယျာဉ်ကို ဘုရားသခင်အား ကပ်လှူလေ၏၊ ထိုအခါလည်း ပြင်းစွာမြေလှုပ်ခြင်းဖြစ်၏၊ ကဿပဘုရား ကိုယ်တော်မြတ်လည်း ဤမဟာစေတီ တည်လတ္တံ့သော အရပ်၌ပင် နေတော်မူ၍ ပရိတ်သတ်တို့အား တရားဟောတော်မူသည်၊ ဒေသနာ၏အဆုံး၌ နှစ်သောင်းသော ပရိတ်သတ်တို့ အကျွတ်တရားကို ရကုန်သတည်း။

ဘုရားသခင်လည်း ထိုမဟာသာဂရဥယျာဉ်၌ နေ့သန့်တော်မူပြီး၍ ညချမ်းသောအခါ ရှေးဗောဓိပင် တည်ဖူးရာဌာနသို့ ကြွတော်မူ၍ ထိုအရပ်မှ ဖလသမာပတ်ကို ဝင်စားတော်မူသည်။

ဗောဓိပင်စေတီတော်နှင့်ရေသနုပ်တော်

ဖလသမာပတ်မှ ထပြီးသော် " ငါ၏သာသနာတော်တည်၍ မဏ္ဍကျွန်းသူတို့အား အကျိုးစီးပွားများစိမ့်သောငှာ သုဓမ္မာအမည်ရှိသော ဘိက္ခုနီမသည် အခြံအရံဖြစ်သော ရဟန်းမိန်းမ ငါးရာနှင့်တကွ ငါပွင့်တော်မူသော ပညောင်ဗောဓိ၏ ဒက္ခိဏသာခါမည်သော လက်ယာတောင်ကိုင်းကို ယူ၍ လာစေ သတည်း" ဟု ကြံတော်မူ၏၊ သုဓမ္မာ ဘိက္ခုနီမလည်း စေတောပရိယအဘိညာဉ်ဖြင့် ဘုရားသခင်၏ စိတ် အကြံကို သိလေ၍ ကိကီ အမည်ရှိသော မင်းကြီးကို ထိုဗောဓိအပင်၏ လက်ယာတောင်းကိုင်းကို ဆေးဒန်းမြင်းသီးလာဖြင့် သားကာဖြတ်၍ ရွှေဖျဉ်း၌ ထည့်စေပြီးမှ တန်ခိုးကြီးလှသော ထိုဘိက္ခုနီမသည် နတ်အပေါင်းခြံရံလျှက် မိမိတန်းခိုးဖြင့် ဤမဏ္ဍကျွန်းသို့ ဆောင်ခဲ့၍ ကဿပဘုရား သခင်အားကပ်၏၊ ဘုရားကိုယ်တော်မြတ်လည်း ဆန့်အပ်သော လက်တော်၌ထား၍ ဇယန္တမင်းကြီးအား စိုက်စိမ့်သောငှာ ပေးတော်မူ၏၊ ဇယန္တမင်းကြီးလည်း ဝမ်းမြောက်ဝမ်းသာ ထိုမဟာသာဂရဥယျာဉ်၌ပင် တည်စေ၏။

ကဿဘုရားလည်း ထိုဗောဓိပင်တည်စေပြီးသော် ကံကော်တန်ဆောင်း၏ မြောက်ဘက်၌ တည်သော အသောကမာဠကမည်သော တန်ဆောင်းသို့ ကြွတော်မူ၍ စည်းဝေးလာသမျှသော လူအပေါင်းတို့အား တရားဟောတော်မူ၏၊ ထိုအသောကမာဠက တန်ဆောင်းနေရာ၌ နောက်သောအခါ ဒေဝါနံပိယတိဿမင်း၏ညီတော် အဘယလမင်းသားလည်း စေတီတည်လေသည်၊ ထိုအသောကတန်ဆောင်း နေရာ၌ နေ၍ တရားဟောတော်မူရာ၌ လေးထောင်ကုန်သော သတ္တဝါတို့သည် သစ္စာလေးပါးတရားကို သိကုန်သတည်း။

ကဿပဘုရားလည်း ထိုအရပ်မှ ကြွတော်မူပြန်၍ ရှေးဘုရားတို့ နေတော်မူဖူးသော ထူပါရုံ စေတီတော်တည်ရာသို့ ရောက်လျှင် ဖလသမာပတ်ဝင်စား၍ နေတော်မူ၏၊ ထိုသမာပတ်မှ ထပြီးသောအခါ စည်းဝေးလာသော ပရိတ်သတ်တို့အား တရားဟောတော်မူသည်၊ ဒေသနာတော်၏အဆုံး၌ တသောင်းမျှ လောက်သော လူတို့သည် မဂ်ဖိုလ်သို့ ရောက်ကြကုန်သတည်း။

ကဿပဘုရားသခင်သည်လည်း လူအပေါင်းတို့အား ရှိခိုးကိုးကွယ်ရစ်စိမ့်သောငှာ ရေသနုပ် သင်္ကန်းပေးတော်မူခဲ့၍ သုဓမ္မာမည်သော ဘိက္ခုနီမကိုလည်း အခြံအရံနှင့်တကွ ဤမဏ္ဍာကျွန်း၌ ထားခဲ့၍ သဗ္ဗနန္ဒီအမည်ရှိသော တပည့်ရဟန္တာကြီးကိုလည်း ရဟန်းတထောင့်နှင့်တကွ ထားခဲ့၍ မြစ်၏ ဤမှာဘက်ကမ်း၌ တည်သောသုဒဿနတန်ဆောင်း၊ ထိုမှာဘက်ကမ်း၌ တည်သော သောမနဿ တန်ဆောင်း တို့၌ ရှိနေသော သံဃာတော်အပေါင်းနှင့်တကွ လူအပေါင်းတို့အား ဆုံးမခဲ့ပြီးမှ သံဃာတော်အပေါင်းနှင့်တကွ ကောင်းကင်သို့ပျံတက်၍ ဇမ္ဗူဒိပ်ကျွန်းထက်သို့ ပြန်ကြွတော်မူခဲ့၏၊ ထိုသောမဿတန်ဆောင်း နေရာ၌ နောက်သောအခါ ဒေဝါနံပိယတိဿမင်း၏ညီတော် ဥတ္တိယမင်းသည် စေတီတည်လေသည်။

[ ဤကား ကဿပဘုရား ကြွတော်မူဖူးသော အကြောင်းတည်း။]

ဂေါတမဘုရားနှင့် သီဟိုဠ်ကျွန်း

တကာတော် ဒေဝါနံပိယတိဿမင်းကြီး . . . . ဤဘဒ္ဒကမ္ဘာ၌ လေးကြိမ်မြောက် ပွင့်တော်မူသော နတ်နှင့်တကွသော လူအပေါင်းတို့အား သနားသဖြင့် ဆုံးမတော်မူတတ်သော အစွယ်အားဖြင့် မွန်မြတ် လှသော အသမ္ဘိန္နခတ္တိယမျိုးစစ်ဖြစ်၍ ဂေါတမ အမည်ရှိတော်မူသော ငါတို့ဆရာ မြတ်စွာဘုရား သည်လည်း ဤသီဟိုဠ်ကျွန်းသို့ ဘုရားဖြစ်ဦးကပင် ကြွတော်မူလာ၍ ကျွန်း၌နေသော ဘီလူးတို့အား နှိပ်နင်း ဆုံးမခြင်းတို့ကို ပြုတော်မူပြီ၊ နှစ်ကြိမ်မြောက်ကြွတော်မူ၍ စူဠောဒရ၊ မဟောဒရ အမှုရှိသော နဂါးတို့အား ဆုံးမခြင်းကို ပြုတော်မူပြီ၊ သုံးကြိမ်မြောက်၌ကား ကလျာဏီ မြစ်နား၌နေသော မဏိအက္ခိက နဂါးမင်းသည် ပင့်ဖိတ် အပ်သည်ဖြစ်၍ တပည့် သံဃာတော်တို့နှင့်တကွ ကြွတော်မူ၍ ထိုကလျာဏီမြစ်နား၌ပင် ဆွမ်းဘုဉ်းပေးတော် မူသည်၊ ရေလည်း သပ္ပါယ်တော်မူသည်၊ ရေသပ္ပါယ်ပြီးသော် ရှေးနောင်တော်ဘုရားတို့၏ ဗောဓိပင်တည်တော် မူရာဌာနသို့ ကြွတော်မူ၍ ဖလသမာပတ်ကို ဝင်စားတော်မူသည်။

ထို့နောက် ဤမဟာစေတီတည်ရာ အရပ်၌လည်းကောင်း၊ ရှေးဘုရားတို့၏ ဓမ္မကရိုဏ်တော်၊ ခါးပန်း တော်၊ ရေသနုပ်တော်တည်းဟူသော ပရိဘောဂတို့၏ တည်ဖူးရာအရပ်၌ လည်းကောင်း ဖလသမာပတ်ကို ဝင်စားတော်မူသည်၊ ထို့နောင်မှ ကဿပဘုရားတည်တော်မူသော သောမနဿ တန်ဆောင်း နေရာ၌ လည်း ကောင်း၊ ဂင်္ဂါမြစ်၏ ထိုမှာဘက်ဖြစ်သော လက်ာဒီပ အမည်ရှိသော ကျွန်း၌လည်းကောင်း နေတော်မူ၏၊

ထိုအခါ လူနေမရှိသေးသည်၏အဖြစ်ကြောင့် သီဟိုဠ်ကျွန်း၌ရှိသော နတ်အပေါင်းတို့ကို လည်းကောင်း၊ နဂါးတို့ကိုလည်းကောင်း၊ ဘီလူးတို့ကိုလည်းကောင်းဆုံးမ တော် မူခဲ့ပြီး ၍ ကောင်းကင်သို့ ပျံတက်ပြီးလျှင် သံဃာနှင့်တကွ ဇမ္ဗူဒိပ်ကျွန်းသို့ ကြွတော်မူ၏။

**မဟာစေတီတော်တည်ရာဌာန**

တကာတော် ဒေဝါနံပိယတိဿမင်းကြီး .... ဤကုန်းကြောအရပ်သည် ဆိုအပ်ခဲ့ပြီးသော နည်းအားဖြင့် ဘုရားလေးဆူတို့၏ မှီဝဲသုံးဆောင်ရာ မင်္ဂလာအရပ် ဖြစ်ပေသည်၊ ဤအရပ်၌ နောင်သော အခါ ငါတို့ဘုရား၏ ကိုယ်တော်အစိတ်ဖြစ်သော တဒေါဏလောက်သော ဓာတ်တော်တို့ကို သိုမှီရာဌာန ဖြစ်သော သံတောင်တစ်ရာနှစ်ဆယ့် မြင့်သော ဟေမမာလီဟူ၍ ကျော်စောထင်ရှားသော စေတီတော် မြတ်ကြီးသည် ဖြစ်လတ္တံ့ဟူ၍ ဗျာဒိတ်စကား ကြားတော်မူ၏၊ ဒေဝါနံပိယတိဿမင်းကြီးလည်း ထိုစကားကို ကြားသောအခါ လွန်စွာဝမ်းမြောက်လှလျက် "အရှင်ဘုရား အကျွန်ုပ်ပင် ဤစေတီကို ပြုပါအံ့" ဟု လျှောက်၏၊ မဟိန္ဒထေရ်မြတ်ကလည်း "မင်းကြီး သင်ပြုရအံ့သောကိစ္စကား အလွန်များ၏၊ ထိုကိစ္စတို့ကို ပြုဦးလော့၊ ဤမဟာစေတီကိုကား နောင်သောအခါ သင်၏အနွယ်ဖြစ်သော မြေးတော်သည် ပြုလတ္တံ့" ဟု မိန့်တော်မူ၏။

"အရှင်ဘုရား အဘယ်မျှကြာလတ္တံ့နည်း" ဟု လျှောက်ပြန်လျှင် "သင်မင်းကြီးညီတော် မဟာနဂါးမင်း ၏သားတော်ဖြစ်သော ယဋ္ဌာလယကတိဿမင်းသည်ဖြစ်လတ္တံ့၊ ထိုမင်း၏သားတော် ဂေါဌာဘယမင်းသည် ဖြစ်လတ္တံ့၊ ထိုမင်း၏သားတော် ကာကဝဏ္ဏတိဿမည်သောမင်းသည် ဖြစ်လတ္တံ့၊ ထိုမင်း၏ သားကား ဒုဋ္ဌဂါမဏိအဘယမည်သော မင်းဖြစ်လတ္တံ့၊ ထိုမင်းသည် ကြီးသော ဘုန်းတန်ခိုး အာနုဘော် ရှိသည်ဖြစ်၍ ဘုရားသခင် သာသနာတော်ကို လွန်စွာမြတ်နိုးလျက် လူနတ်တို့၏ ကောင်းကျိုး များစိမ့်သောငှာ ဤကုန်းကြောဌာန၌ မဟာစေတီတည်လတ္တံ့" ဟု မိန့်တော်မူ၏၊ ယင်းသို့ မိန့်တော်မူသော စကားကို ကြား ရသော် ဒေဝါနံပိယတိဿမင်းသည်လည်း အရှင်မြတ်မိန့်တော်မူသော စကားအတိုင်း ကျောက်စာတိုင်၌ အက္ခရာ စာရေးသား၍ ထိုကုန်းကြောအရပ်၌ စိုက်ထားစေ၏။

ကြီးသော တန်ခိုးရှိတော်မူသော မြေကြီးအထုကဲ့သို့ ပညာတော်ကြီးကျယ်လှသော မဟာမဟိန္ဒ မထေရ်မြတ်သည် နှလုံးမွေ့လျော်ဖွယ်ရာ ရှိလှသော မဟာမေဃဝန် ဥယျာဉ်ကို မင်းအိမ်နှင့်တကွ ခံတော် မူ၍ မင်း၏နန်းတော်မှ ထွက်ခဲ့ပြီးသော် နန္ဒဝန်ဥယျာဉ်၌ နေတော်မူ၍ မင်း၏နန်းတော်ထက်၌ ဆွမ်းဘုဉ်း ပေးခြင်းကိစ္စကို ပြုတော်မူ၍ ထိုဥယျာဉ်၌ ဖူးမြင်ခြင်းငှာ ရောက်လာကုန်သော လူအပေါင်းတို့အား အဂ္ဂိက္ခန္ဓောပမသုတ် ကို ဟောတော်မူသည်၊ တထောင်မျှလောက်သော သူတို့သည် မဂ်ဖိုလ်သို့ ရောက်ကြ ကုန်သတည်း။ ယင်းသို့ ဟောတော်မူပြီးမှ မဟာမေဃဝန် ဥယျာဉ်သို့ကြွ၍ နေတော်မူလေ၏၊မဟာမဟိန္ဒ

ထေရ်မြတ်သည် သုံးရက်မြောက်သောနေ့တွင် မင်းအိမ်တော်၌ ဆွမ်းဘုဉ်ပေးပြီးလျှင် နန္ဒဝန်ဥယျဉ်၌ နေတော်မူ၍ အာသီဝိသောပမသုတ် ကို ဟောတော်မူ၏၊ တထောင်မျှလောက်သော ယောကျ်ားတို့ကို ပဌမမဂ်ဖိုလ်သို့ ရောက်စေပြီးမှ မဟာမေဃဝန် ဥယျာဉ်သို့ ကြွတော်မူ၏။

**အနုရာဓ မဟာသိမ်တော်ကြီး**

မင်းကြီးလည်း တရားနာပြီးလျှင် အရှင်မဟိန္ဒထေရ်အား ဤသို့လျှောက်၏၊ "အရှင်ဘုရား . . . ဤသီဟိုဠ်ကျွန်း၌ ဘုရားရှင်သာသနာသည် တည်ပါပြီလော" ဟု လျှောက်၏၊ အရှင်မဟိန္ဒကလည်း "လူတို့အရှင်ဖြစ်သော မင်းကြီး . . . ဤသို့တရားနာကြားရုံမျှဖြင့် ဘုရားသာသနာတော်သည် မတည် ချေသေး၊ ရဟန်းတို့ ဥပုသ်၊ ပဝါရဏာ-ကံကြီးကံငယ်ပြုခြင်းငှာ ဘုရားရှင်အာဏာတော်ဖြစ်သော ဥတ်ကမ္ဘဝါစာဖြင့် သိမ်ကိုဖွဲ့ပြီးမှသာလျှင် ဘုရားသာသနာတော် တည်လတ္တံ့" ဟု မိန့်တော်မူ၏။

ဒေဝါနံပိယတိဿမင်းကြီးလည်း "ပညာတော်အရောင်ဖြင့် တပြောင်ပြောင် ထွန်းတောက်တော်မူသော အရှင်ဘုရား . . . . အကျွန်ုပ်သည် ဘုရားမြတ်စွာ၏ အာဏာတော်ဖြစ်သော ဥတ်ကမ္ဘဝါစာ၏ အတွင်း၌ နေလိုပါသည်၊ ထိုကြောင့်ဤအနုရာဓမြို့ကို အတွင်းပြု၍ လျှင်မြန်စွာသိမ်ဖွဲ့တော်မူပါ" ဟုလျှောက်၏၊ "ရေမြေရှင်ဖြစ်တော်မူသော မင်းကြီး . . . . ဤသို့အလိုရှိတပြီးကား သင်မင်းကြီးပင်သိမ်၏ အပိုင်းအခြားကိုလည်းကောင်း၊ နိမိတ်တို့ကိုလည်းကောင်း မှတ်သား၍ ထားတော်မူလော့၊ ငါတို့သည် သိမ်ဖွဲ့၍ သမုတ်အံ့" ဟုဆိုတော်မူ၏။ မင်းကြီးလည်း ကောင်းပါပြီဟု ဝန်ခံ၍ တာဝတိံသာနတ်ရွာ၌ နတ်တကာတို့၏ဘုရင်ဖြစ်သော သိကြားမင်းသည် နန္ဒဝန်ဥယျာဉ်သို့ ထွက်ဘိသကဲ့သို့ ထို့အတူ များစွာသော ဗိုလ်ပါခြံရံလျက် မဟာမေဃဝန် ဥယျာဉ်မှထွက်ခဲ့၍ မိမိနန်းတော်သို့ ဝင်၏။

အရှင်မဟိန္ဒထေရ်မြတ်သည် လေးရက်မြောက်သောနေ့၌ မင်း၏နန်းတော်၌ ဆွမ်းဘုဉ်းပေးပြီးလျှင် နန္ဒဝန်ဥယျဉ်သို့ ဝင်နေ၍ ရောက်လာသော ပရိတ်သတ်တို့အား အနမတဂ္ဂိယသုတ်ကို ဟောတော်မူ၍ တထောင်မျှလောက်သော သူတို့အား တရားအရသာကို သောက်စေပြီးမှ မဟာမေဃဝန်ဥယျာဉ်သို့ ကြွတော်မူ၏၊ ထိုဒေဝါနံပိယတိဿမင်းကြီးလည်း နံနက်အခါကပင် မြို့တော်မှာ စည်လည်စေ၏၊ " ငါတို့၏နေရာ အနုရာဓပြည်မြတ်ကိုလည်းကောင်း၊ ကျောင်းသို့သွားရာ ခရီးကိုလည်းကောင်း၊ မဟာဝိဟာရကျောင်း၏ ထက်ဝန်းကျင်ကိုလည်းကောင်း သန့်ရှင်းစွာပြုပြင်၍ တံခွန်, ကုက္ကား စသည်တို့ဖြင့် တန်ဆာဆင်ကြကုန်လော့" ဟုစည်လည်စေပြီးသော် မင်းကြီးသည် မင်းတို့ဆင်အပ်သော မကိုဋ် ,သင်းကျစ် စသော တန်ဆာကို ဆင်ယင်အပ်လျှက် ရထားစီး၍ မှူးကြီးမတ်ကြီးတို့ကို လည်ကောင်း, မောင်းမမိဿံတို့ကို လည်းကောင်း အထိုက်

အလျောက် တန်ဆာဆင်ယင်စေ၍ များလှစွာသော ဗိုလ်ပါစစ်သည်အပေါင်း ဝန်းရံလျက် မဟာမေဃဝန ဥယျာဉ်သို့ ထွက်တော်မူပြီးသော် မထေရ်မြတ်တို့ကို ရှိခိုးပူဇော်၍ လျောက်ပတ်စွာ တန်ဆာဆင်ယင်အပ်သော ဆင်ကြီးနှစ်စီးက အပ်သောထွန်ဖြင့် ထွန်ရေးငင်သည်ကား-

အနုရာမြို့ကို အတွင်းထားခြင်းငှာ ကဒမ္ဗမြစ်၏ အညာဖြစ်သော မင်္ဂလာဆိပ်မှသည် ကုန်းသို့ တက်သွားပြီးလျှင် အစဉ်သဖြင့် ထွန်းရေးငင်ခဲ့၍ ကဒမ္ဗမြစ်၏ အကြေဖြစ်သောနဂ်လဆိပ်သို့ဆင်းပြီးမှ မြစ်ကမ်း သို့လျောက်၍ ယခင်မင်္ဂလဆိပ်၌ အပြီးသတ်၏၊ ဝသိဘော် ငါးပါးနှင့်ပြည့်စုံတော်မူသော မဟာမဟိန္ဒ မထေရ်မြတ်သည်လည်း ဆင်ကြီးနှစ်စီးက အပ်သောထွန်ဖြင့် အရေးငင်အပ်သော ထွန်ရေးကြောင်း၏ ပြင်ဘက်၌ နိမိတ်တို့ကိုကြား၍ သုံးဆယ့်နှစ်ပါးသော ဥပုသ်အိမ် တည်ရာ၌လည်းကောင်း, နိမိတ်တို့ကိုကြား၍ ဝိနည်း အငှကထာ၌ လာသောအတိုင်း သိမန္တရိတ်တို့ကိုလည်း ကြားတော်မူ၍ ခပ်သိမ်းသော သိမ်တို့ကို သမုတ်တော် မူသည်၊ သိမ်သမုတ်သည်၏အဆုံး၌ မဟာပထဝီမြေကြီးသည် ကောင်းချီးပေးသော အခြင်း အရာဖြင့် ပြင်းစွာတုန်လှုပ်၏။

ဇောတိဝနစေါ် နန္ဒဝန်ဥယျာဉ်

မဟာမဟိန္ဒထေရ်မြတ်သည် ငါးရက်မြောက်သောနေ့၌ ဒေဝါနံပိယတိဿမင်း၏ နန်းတော်၌ ဆွမ်းဘုဉ်းပေးပြီးလျှင် နန္ဒဝန်ဥယျာဉ်သို့ဝင်တော်မူ၍ စည်းဝေးလာသော သူတို့အား ခန္ဓနိယသုတ္တန်ကို ဟောတော်မူ၍ တထောင်သောသူတို့အား အမြိုက်တရားကို ရစေသည်၊ ထို့နောက်မှ မဟာမေဃဝန်ဥယျဉ်၌ နေတော်မူသည်၊ ခြောက်ရက်မြောက်သောနေ့၌လည်း မင်း၏ နန်းတော်၌ ဆွမ်းဘုဉ်ပေးတော်မူ၍ နန္ဒဝန် ဥယျာဉ်၌နေလျက် ဂေါမယပိဏ္ဍိကသုတ္တန်ကို ဟောတော်မူ၍ တထောင်သောသူတို့အား တရားအထူးကို ရစေပြီးမှ မဟာမေဃဝန် ဥယျဉ်၌ နေတော်မူသည်။

ခုနှစ်ရက်မြောက်သော နေ့၌လည်း မင်း၏နန်းတော်၌ ဆွမ်းဘုဉ်းပေးတော်မူ၍ နန္ဒဝန်ဥယျာဉ်၌ နေလျက် ဓမ္မစကြာတရားကို ဟောတော်မူ၍ တစ်ထောင်သောသူတို့အား သစ္စာလေးပါးကို သိစေတော် မူပြီးနောက် မဟာမေဃဝန်ဥယျာဉ်၌ နေတော်မူသည်၊ ဤသို့လျှင် အရှင်မဟိန္ဒထေရ်မြတ်သည် ခုနှစ်ရက် အတွင်း၌ ရှစ်ထောင့်ငါးရာသောလူတို့ကို သောတာပတ္တိဖိုလ်သို့ ရောက်စေလျက် မဟာမေဃဝန်ဥယျာဉ် အတွင်း၌ သီတင်းသုံးနေတော်မူသည်၊ ထို့ကြောင့် ဤနန္ဒဝန်ဥယျာဉ်တွင်းသည် အရှင်မဟိန္ဒထေရ်မြတ်၏ သာသနာတော်ထွန်းပစေရန် အရပ်ဖြစ်သတည်း၊ ထို့ကြောင့် နန္ဒဝန်ဥယျာဉ်သည် သာသနာရောင် ထွန်းပြောင် စေရာဌာနဖြစ်သောကြောင့် "ဇောတိဝန" ဟူ၍ လူတို့သမုတ်ကြတုန်၏။

ပရိဝုဏ် ၆ – မျိုး

၁။ ထိုဒေဝါနံပိယတိဿမင်းသည် မဟာနန္ဒဝန်ဥယျာဉ်ကို ရွှေဦးစွာမီးရှူးတို့ဖြင့် မြေကိုခြောက်စေ၍ ပြာသဒ်တော်ကို ပြု၏၊ ထို့ကြောင့် ပြာသဒ်နေရာသည် မဲနက်သော အဆင်းရှိရကား "ကာဠပါသာဒ ပရိဝုဏ်" ဟု ခေါ်ကြ၏၊

ထို့နောင်မှ မဟာဗောဓိအိမ်ကိုလည်းကောင်း, လောဟပါသာဒကိုလည်းကောင်း, စာရေးတံ ဝေစရာ ဖြစ်သော ဇရပ်ကိုလည်းကောင်း၊ ဆွမ်းစားဇရပ်ကိုလည်းကောင်း၊ ကောင်းမွန်တင့်တယ်စွာ ဆောက်လုပ်စေ၏၊ ဒေဝါနံပိယတိဿမင်းကြီးဆောက်လုပ်အပ်သော လောဟပါသာဒကို နောက်အခါ ဒုဋ္ဌဂါမဏိမင်း ဖျက်၍ ရွှေမွမ်းမံသော လောဟပါသာဒပြာသဒ်ကို ပြုလေသည်၊ မင်းကြီးလည်း များစွာကုန်သော ပရိဝုဏ်တို့ကို လည်းကောင်း၊ ရေကန်တို့ကိုလည်းကောင်း၊ ညဉ့်သန့်ရာ, နေ့သန့်ရာ စသည်တို့ကိုလည်းကောင်း၊ ကောင်းမွန် စွာ ပြုလုပ်စေသည်၊

၂။ အရှင်မဟိန္ဒထေရ် ရေချိုးတော်မူသော ရေကန်၏ကမ်းနား၌ ပြုအပ်သောပရိဝုဏ်ကို "သုနှာတ ပရိဝုဏ်" ဟု ခေါ်သည်။

၃။ သီဟိုဠ်ကျွန်းသူတို့၏ ဆီမီးသဖွယ်ဖြစ်သော အရှင်မဟိန္ဒ၏ စင်္ကြံကြွရာအရပ်၌ ပြုအပ်သော ပရိဝုဏ်ကို "ဒီဃစင်္ကမနပရိဝုဏ်" ဟု ခေါ်သည်၊

၄။ အရှင်မြတ်သည် ဖလသမာပတ် ဝင်စား၍ နေတော်မူရာအရပ်၌ ပြုလုပ်အပ်သော ပရိဝုဏ်ကို "ဖလဂ္ဂပရိဝုဏ်" ဟု ခေါ်သည်၊

၅။ အကြင်အရပ်၌ မထေရ်မြတ်ကို များစွာသောနတ်တို့သည် ပူဇော်ဆည်းကပ်၏၊ ထိုဆည်းကပ်ရာ၌ လည်း ထိုပရိဝုဏ်ကိုပြုလုပ်၏၊ ထိုပရိဝုဏ်ကို "မရုဂဏပရိဝုဏ်" ဟု ခေါ်သည်၊

(၆) ဒေဝါနံပိယတိဿမင်း၏ စစ်သူကြီးဖြစ်သော ဒီဃသန္ဒအမတ်သည် ရှစ်လုံးသော သည်တိုင် တို့ဖြင့် တင့်တယ်စွာ ဆောက်လုပ်အပ်သော စူဠပါသာဒကကို အရှင်မဟိန္ဒအား တင်လှူလေသည်၊ ထိုပြာသဒ်၏ တံတိုင်းအရံကိုလည်း "သန္ဒပရိဝုဏ်" ဟု ခေါ်သည်၊ ဒေဝါနံပိယတိဿမင်းကြီးသည် အရှင်မဟိန္ဒတို့ကို အကြောင်းပြု၍ ဤမဟာဝိဟာရကျောင်းတိုက် ကြီးကို ဦးစွာအစ ပြုစုတည်ထောင် လေသည်၊

## အရိဋ္ဌအမတ်ညီနောင်တို့ ရဟန်းပြုခြင်းနှင့် ဒေဝါနံပိယတိဿမင်းသည် စေတိယတောင်၌ ကျောင်းဆောက်လှူခြင်း

အရှင်မဟိန္ဒ ထေရ်မြတ်သည်လည်း နှစ်ဆယ့်ခြောက်ရက်ပတ်လုံး လူတို့ကို ချီးမြှောက်ခြင်းငှါ၊ အနုရာဓမြို့၌ ဆွမ်းခံဝင်တော်မူ၍ မင်းအိမ်၌ ဆွမ်းဘုဉ်းပေးပြီးလျှင် မဟာမေဃဝန် ဥယျာဉ်၌ နေတော်မူ၏၊ ဝါဆိုလဆန်း တစ်ဆယ့်သုံးရက်နေ့သို့တိုင် ရောက်သောအခါ၌ကား ထိုအရှင်မြတ်သည် မင်းအိမ်၌ဆွမ်းစားပြီးသော် ဒေဝါနံပိယတိဿမင်းကြီးအား မဟာအပ္ပမာဒသုတ်ကို ဟောတော်မူ၍ စေတိယတောင်၌ ဝါဆိုရန်ကျောင်းကိုအလိုရှိရကား မင်းအိမ်မှဆင်းသက်၍ အရှေ့တံခါးဖြင့် ထွက်ပြီးသော် စေတိယတောင်သို့ ကြွတော်မူ၏။

ဒေဝါနံပိယတိဿမင်းကြီးလည်း အရှင်မြတ်တို့သည် စေတိယတောင်သို့ ကြွကြောင်းကို ကြားတော်မူသော် ရထားစီး၍ မိဖုရားနှစ်ဦးကိုလည်း ရထား၌တင်၍ အရှင်မဟိန္ဒ ကြွတော်မူရာသို့ မြန်စွာလိုက်၏၊ အရှင်မြတ်လည်း နာဂစတုက္ကအိုင်၌ ရေချိုးပြီးလျှင် မဿကတောင်သို့ တက်ခြင်းငှာ အစဉ်သဖြင့် ရပ်၍နေစဉ် မင်းကြီးမြင်လေသော် ရထားမှဆင်းသက်၍ အရှင်မြတ်ကိုရှိခိုးလျက် အနီးသို့ကပ်၏။ မထေရ်မြတ်တလည်း "ဒကာမင်းကြီး၊ အဘယ့်ကြောင့် နေပူလှသောအခါ၌ အပင်ပန်းခံ၍ လိုက်လာသနည်း" ဟုမေး၏၊ "အရှင်ဘုရား. . . အရှင်မြတ်သည်မကြွဖူးသော အရပ်သို့ ကြွတော်မူသောကြောင့် အကျွန်ုပ်အား ပစ်ထားခဲ့ပြီထင်၍ လျင်စွာလိုက်လာပါသည်" ဟုလျှောက်သော် (မင်းကြီး၊ မဟာမေဃဝန်ဥယျာဉ်ကား မြို့နှင့်နီးသည်ဖြစ်၍ ဝါဆိုခြင်းငှါ မသင့်လေသောကြောင့် ဤမိဿကတောင်၌ ဝါဆိုခြင်းငှါ ငါတို့လာခဲ့သည်ဟု မိန့်တော်မူ၍) ဝါဆိုရခြင်း အကြောင်းကိုဆိုရာ ဝဿူပနာယိကက္ခန္ဓကကို မင်းကြီးအား ဟောကြားပေ၏၊

ထိုအခါ မင်း၏တူဖြစ်သော မဟာအရိဋ္ဌမည်သော အမတ်သည် ထိုခန္ဓကတရားကို နာပြီး၍ ညီအစ်ကိုဖြစ်ကုန်သော ငါးကျိပ်ငါးယောက်သော သားချင်းတို့နှင့်တကွ မင်းအနီး၌နေလျက် ရဟန်းပြုခြင်းငှါ မင်းအားတောင်းပန်ကြ၏၊ မင်းကြီးလည်း သင်တို့ရဟန်းပြုလိုမူ ပြုကြကုန်လော့ဟု ခွင့်ပြုတော်မူ၏၊ ကြီးသော ပါရမီသမ္ဘာရ ပညာရှိကုန်သော ငါးကျိပ်ငါးယောက်သော သားချင်းညီနောင် တို့သည် အရှင်ထံတောင်းပန်၍ ထိုနေ့ပင် ရဟန်းပြုကြကုန်၏၊ ထိုသူတို့ကို ဆံရိတ်သောကာလ လက္ခဏာယာဉ်ကိုပြု၍ ဆုံးမသဖြင့် ဆံချသော အဆုံး၌ပင် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏၊

ဒေဝါနံပိယတိဿ မင်းကြီးသည် ကဏ္ဍကစေတီတည်ရာ အရပ်ကို ခြံရံ၍ ထိုနေ့ပင်လျှင် ခြောက်ဆယ့်ရှစ်ခုသော လိုဏ်တို့ကိုပြုစီမံ့သောငှါ အမှုလုပ်တို့ကိုစေခိုင်း၍ အနုရာဓမြို့သို့ ပြန်တော်မူ၏၊

မထေရ်တို့လည်း နံနက်အခါ၌ ဆွမ်းအလို့ငှါ အနုရာဓမြို့သို့ ဝင်ကုန်၍ ထိုမိဿကတောင်၌ ပင်နေကြကုန်၏။ မင်းကြီးလည်း လိုက်အမှုသည် ပြီးလတ်သည်ရှိသော် ဝါဆိုလပြည့်နေ့၌ ပရိသတ်နှင့်တကွ ထွက်တော်မူ၍ မထေရ်တို့အား ကျောင်းအလှူကိုလှူတော်မူ၏။

အရှင်မဟိန္ဒထေရ်မြတ်လည်း ခြောက်ဆယ့်နှစ်ခုသော တန်ဆောင်းတို့၏ လည်းကောင်း၊ မိမိ သီတင်းသုံးရန်ကျောင်း၏လည်းကောင်း၊ သိမ်ကိုသမုတ်၍ အလုံးစုံတို့၏ ရှေးဦးစွာ မိမိသမုတ်အပ်သော တုမ္ဗရု မည်သောသိမ်၌ ရဟန်းပြုလိုကုန်သော ထိုငါးကျိပ်ငါးယောက်ကုန်သော သူတို့အား ပဉ္စင်းအဖြစ်ကို ပြုတော်မူသည်။ အလုံးစုံခြောက်ကျိပ်နှစ်ပါးကုန်သော ရဟန္တာတို့သည် ထိုစေတိယတောင်ကျောင်း၌ မိုးဥတု ပတ်လုံးဝါကိုကပ်၍ မင်းကြီးအား ချီးမြှောက်ခြင်းကို ပြုကြကုန်၏၊ သီဟိုဠ်ကျွန်း၌ နေကုန်သော လူအပေါင်း နတ်အပေါင်း တို့သည်လည်း အလွန်ကျော်စောထင်ရှားသော မဟိန္ဒမထေရ်မြတ်ကို လည်းကောင်း၊ တပည့် ရဟန္တာခြောက်ကျိပ်တစ်ပါးတို့ကို လည်းကောင်း မြတ်နိုးတနာ လွန်စွာ ဆည်းကပ်ကြကုန်လျက် ဒါန သီလ စသော ကောင်းမှုမျိုးတို့ကို အားထုတ်ကြကုန်သတည်း။

ဒေဝါနံပိယတိဿမင်းသည် သီဟိုဠ်ကျွန်းသို့
ဓါတ်တော်၊ ညှပ်ရိုးတော်၊ သပိတ်တော်တို့ကို ပင့်၍ ထူပါရုံစေတီ
ထူပါရုံကျောင်းတိုက်တည်ခြင်း

ကြီးသော ဘုန်းပညာရှိတော်မူသော အရှင်မဟိန္ဒထေရ်မြတ်သည် တန်ဆောင်မုန်း လပြည့်နေ့၌ ပဝါရဏာ ပြုပြီးသော် မင်းအိမ်တော်၌ ဆွမ်းစားပြီး၍ ဒေဝါနံပိယတိဿမင်းကြီးအား ဤသို့မိန့်ဆို၏။

"လူတို့ကို အစိုးရသော မင်းကြီး၊ ငါတို့သည် နတ်နှင့်တကွသော လူကိုဆုံးမတော် မူတတ်သော မြတ်စွာဘုရားကို မဖူးမမြင်ရသည်ကား၊ ကြာမြင့်ပြီ၊ ကိုးကွယ်ရာမရှိသော နေခြင်းဖြင့် ငါတို့နေရကုန်၏၊ ဤအရပ်၌ ငါတို့၏ ပူဇော်အပ်သော ဆရာသည် မရှိတော့ချေ၊ ထို့ကြောင့် ဇမ္ဗူဒိပ်ကျွန်းသို့ သွားလိုသည်" ဟုဆို၏၊ ထိုစကားကိုကြားသော် မင်းကြီးကလည်း အရှင်ဘုရားသည် အကျွန်ုပ်အား ဘုရားသခင် နိဗ္ဗာန် ဝင်တော်မူပြီဟု ပြောသည်မဟုတ်ပါလော" ဟူ၍ လျှောက်၏၊ "မြတ်သောမင်းကြီး ဘုရားနိဗ္ဗာန်ဝင်သည်ကား မှန်၏၊ ဓါတ်တော်တို့ကို ဖူးမြင်ရသည်ရှိသော် ဘုရားကိုယ်တော်ကို ဖူးမြင်ရသည်နှင့်တူ၏" ဟူ၍ မိန့်တော်မူသော် "အရှင်ဘုရား၊ . . . အရှင်တို့သည် စေတီတည်လိုကြောင်းကို ကျွန်ုပ်သိပါပြီ၊ စေတီ တည်လုပ်ပါအံ့၊ ဓာတ်တော်တို့ကို ရအောင်သာလျှင် အရှင်မြတ်လုံ့လပြုတော်မူပါ" ဟု လျှောက်၏။

**သုမနသာမဏေနှင့် ဒေဝါနံပိယတိဿ**

ထိုအခါ အရှင်မဟိန္ဒကလည်း "ဒကာမင်းကြီး၊ သုမနသာမဏေနှင့် တိုင်ပင်ကြလော့"ဟူ၍ မိန့်တော်မူ၏။ ဒေဝါနံပိယတိဿမင်းကြီးလည်း ကောင်းပါပြီဟု ဝန်ခံ၍သုမနသာမဏေထံသို့ ကပ်ပြီးလျှင် "အရှင်သုမန၊ ယခုအခါ မြတ်စွာဘုရား၏သရီရ ဓါတ်တော်တို့ကို အဘယ်မှာရအံ့နည်း" ဟု လျှောက်၏။

သာမဏေလည်း "မင်းမြတ်၊ သင်သည် ကြောင့်ကြသော် မမူလင့်၊ မြို့တော်ကို လည်းကောင်း၊ လမ်းခရီးတို့ကိုလည်းကောင်း ကောင်းစွာသုတ်သင်၍ တံခွန်၊ ကုက္ကား၊ ပန်းပွား၊ မြူတာ၊ ကြားသွတ်ဖိုး စသည်တို့ဖြင့် တင့်တယ်စွာ တန်ဆာဆင်ပြီးလျှင် မင်းကြီးနှင့် တကွသော မှူးမတ်ပရိသတ်တို့သည် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်ကိုဆောက်တည်၍ အလုံးစုံသော ပဉ္စင်၊ ဗုံမင်း၊ ခွက်ခွင်း၊ စည်ကြီး မှုတ်တီးဖွယ် အမျိုးမျိုးတို့ကို ခြံရံစေပြီးလျှင် မင်္ဂလာရှိသော ဆင်တော်ရတနာကို တန်ဆာ ဆင်ယင်စေလျက် အထက်၌ ထီးဖြူစိုက်၍ လပြည့်နေ့ ညချမ်းသောအခါ ဓာတ်တော်ကြွခြင်းငှါ မဟာနာဂဝန် ဉယျာဉ်သို့ ထွက်တော်မူလော့၊ ထိုဉယျာဉ်၌ဓာတ်တော်တို့ကို ရလတ္တံ့." ဟု ဆိုပေ၏၊ မင်းကြီးလည်း ကောင်းပါပြီ ဟု ဝန်ခံ၏။

**ဓမ္မာသောကမင်းနှင့် သိကြားမင်းထံ**

မဟိန္ဒထေရ်မြတ်လည်း မင်းအိမ်မှသက်ခဲ့၍ စေတိယတောင်သို့ကြွပြီးလျှင် တူတော် သုမနသာမဏေကို ဤသို့မိန့်တော်မူ၏၊ "ကောင်းသော ဝုဏ်ကျေးဇူးမျိုး တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံသောသုမန၊ သင်သည် ဇမ္ဗူဒိပ်ကျွန်း ပါဋလိပုတ်ပြည်သို့သွား၍ သင်၏ဘိုးတော်ဖြစ်သော ဓမ္မာသောက မင်းကြီးအား ငါ၏စကားဖြင့် ဤသို့ ဆိုလေလော့။ (သင်မင်းကြီး၏ အဆွေတော်ဖြစ်သော ဒေဝါနံပိယတိဿမင်းသည်) တရားမင်း ဖြစ်တော်မူသော မြတ်စွာဘုရား၏ သာသနာ၌ လွန်စွာကြည်ညိုခြင်းသို့ ရောက်ပါပြီ။

ယခုအခါ စေတီတည်ခြင်းကို အလိုရှိပါ၏။ မြတ်သော ဘိုးတော်မင်းကြီး၊ သင်မင်းကြီး အထံ၌ များစွာကုန်သော သရီရ ဓာတ်တော်တို့သည် ရှိကုန်၏၊ ထိုဓာတ်တော်တို့ကို တစ်သပိတ်မျှလောက် ခွဲဝက်၍ ပေးတော်မူပါ။ မြတ်စွာဘုရားသည် သုံးဆောင်တော်မူသော သပိတ်တော်ကိုလည်း ပေးတော်မူပါဟု တောင်းပြီးလျှင် တာဝတိံသာ နတ်ပြည်သို့သွား၍ သိကြားမင်းအားလည်း ဤသို့ ဆိုလေလော့၊ "ဒကာသိကြားမင်း၊ ငါ၏ ဦးရီးတော်ဖြစ်သော မဟိန္ဒထေရ်မြတ်သည် စေလွှတ်အပ်သည်ဖြစ်၍ သင်နတ်မင်း၏ ထံသို့ ငါလာရသည်၊ သုံးပါးသော လူတို့၏အလှူကို ခံတော်မူထိုက်သော ဘုရားသခင်၏ လက်ယာ စွယ်တော် ဓာတ်သည် လည်းကောင်း၊ လက်ယာညှပ် ရိုးတော်ဓာတ်သည် လည်းကောင်း၊ သင် မင်းမြတ်၏ အထံ၌ ရှိသည်တွင် လက်ယာ စွယ်တော်ဓါတ်ကို သာလျှင် မပြတ်ပူဇော်တော်မူ၍ ညှပ်ရိုးတော် ဓာတ်ကိုကား ငါ့အား

ပေးအပ်လော့၊ သီဟိုဠ်ကျွန်း၌ ပြုအပ်သော ကိစ္စတို့ကိုလည်း ငါတို့အားလျှောက်ထားပြီး ဖြစ်လျက် အဘယ်ကြောင့် မေ့လျော့၍ နေဘိသနည်းဟူ၍ ဆိုလော့" ဟု စေလိုက်၏။

သုမနသာမဏေလည်း ကောင်းပါပြီဟု ဝန်ခံပြီးလျှင် ထိုခဏ၌ သပိတ်သက်န်းကိုပြင်၍ ကောင်းကင်ခရီးဖြင့် ကြွ၍ ပါဋလိပုတ်ပြည် တံခါးဝ၌ သက်လေသော် ဘုံတော်မြတ်သည် ယူဆောင်၍ ပြည်၏အနီးအင်ကြင်းပင်ကြီးရိပ်၌ ထားအပ်သော မဟာဗောဓိပင်၏ ဒက္ခိဏသာခါ လက်ယာတောင်ကိုင်းကို များစွာသော ပြည်သူအပေါင်းတို့သည် သောင်းသောင်းဖုတ်ဖုတ် ကြတ္တိကာနက္ခတ် သဘင်ဖြင့် ပျော်ရွှင်လျက် ပူဇော်ကြသော အရာကို ကြည့်ရှုပြီးမှ မင်းကြီး၏အထံသို့ဝင်၍ အရှင်မဟိန္ဒ မှာလိုက်သော စကားဖြင့်ပြောကြားပေ၏၊ ဓမ္မာသောကမင်းကြီးလည်း အလွန်အားရ နှစ်သက်သည် ဖြစ်၍ သပိတ်တော်နှင့်တကွသော ဓာတ်တော်တို့ကို သုမနသာမဏေအား ပေးအပ်လေ၏။

သုမနသာမဏေလည်း ထိုရသော ဓာတ်တော်ကို သပိတ်တော်ဖြင့် ထည့်၍ယူဆောင်ကာ ဟိမဝန္တာ၌ ထားခဲ့ပြီးလျှင် တာဝတိံသာသို့ တက်ပြန်၏၊ သိကြားမင်း၏ အထံသို့ဝင်၍ သိကြားမင်းသည် သုမနသာမဏေကိုမြင်လျှင် "အရှင်သုမန၊ အဘယ်အလို့ငှါ ကြွလာသနည်း" ဟုမေး၏၊ သာမဏေကလည်း ဒကာ သိကြားမင်းသည် ငါတို့အား သီဟိုဠ်ကျွန်းသို့ကြွပါ" ဟု တိုက်တွန်းပြီးလျှင် အဘယ့်ကြောင့် မေ့လျော့စွာ နေဘိသနည်း" ဟု အပြစ်တင်၏၊ "အရှင်ဘုရား၊ အကျွန်ုပ်ကား မေ့လျော့စွာမနေပါ၊ လိုတော်မူရာတို့ကို မိန့်ဆိုပါလော့" ဟုလျှောက်၏၊ "ဒကာသိကြားမင်း၊ သင်၏အထံ၌ရှိသော စွယ်တော်၊ ညှပ်ရိုးတော် ဓာတ်နှစ်ဆူတို့တွင် စွယ်တော်ကို ဒကာ အမြဲကိုးကွယ်တော်မူ၍ ညှပ်ရိုးတော် ဓာတ်တော်ကို ငါ့အား ပေးအပ်လော့" ဟု ဆိုပေ၏။

သိကြားမင်းလည်း "အရှင်ဘုရား ပေးပါမည်" ဟု ဝန်ခံ၍ တစ်ယူဇနာပမာဏရှိသော မြကျောက်ဖြင့်ပြီးသော စူဠာမဏိစေတီတော်ကို လှပ်၍ ညှပ်ရိုးတော်ကိုယူပြီးလျှင် အရှင်သုမနအား အပ်ပေး၏၊ သုမနသာမဏေသည်လည်း ညှပ်ရိုးတော်ကိုရလျှင် မြန်စွာကြွခဲ့၍ ဟိမဝန္တာ၌ ထားသော ဓာတ်တော်နှင့် သပိတ်တော်ကိုလည်း ဆောင်ခဲ့၍ ပြန်လာသဖြင့် မွန်းယိမ်းအခါ၌ပင် လက်ာဒီပကျွန်း မိဿကတောင်သို့ ရောက်၍ အရှင်မဟိန္ဒအား ဆက်ကပ်၏။

**ခေတိယဂိရိ**

မဟာမဟိန္ဒထေရ်မြတ်သည်လည်း ဆောင်ခဲ့အပ်သော ဓာတ်တော်အပေါင်းတို့ကို မိဿကတောင်၌သာ စုဝေးကာ ထားတော်မူသည်၊ ထို့ကြောင့် ဤမိဿကတောင်သည် "စေတိယဂိရိ" တောင်မည်လေသတည်း။

ဒေဝါနံပိယတိဿ မင်းကြီးသည်လည်း လပြည့်နေ့ ညချမ်းသောအခါ သုမနသာမဏေသည် မိန့်မှာချိန်းချက်သည့်အတိုင်း အင်္ဂါရှစ်ပါးရှိသော ဥပုသ်ကိုဆောက်တည်၍ မှူးမတ်ပိုလ်ပါအပေါင်း ခြံရံလျက် ထက်ဝန်းကျင်မှ စည်ကြီး၊ခွက်ခွင်း၊ကြေးနင်း၊ ခရာ စသော တူရိယာမျိုးတို့ဖြင့် လည်းကောင်း၊ တံခွန်၊ ကုက္ကား၊ ပန်းပွား၊ မြူတာ စသော ပူဇော်သက္ကာရတို့ဖြင့် လည်းကောင်း၊ ဝန်းခံလျက် ကောင်းမွန်စွာ တန်ဆာဆင်အပ်သော မင်္ဂလာဆင်တော်၏ ကျောက်ကုန်းထက်၌ ထီးဖြူကို စိုက်ပြီးလျှင် မင်းကြီးသည် ဓာတ်တော်တည်ရာ ရတနာပန်းတောင်းကို ပိုက်လျက် ထွက်တော်မူ၏။

ညှပ်ရိုးတော်

မဟာမဟိန္ဒထေရ်မြတ်သည်လည်း .ဓာတ်တော်၊ သပိတ်တော်ကို စေတီယတောင်၌ ထားခဲ့ရ၍ ညှပ်ရိုးတော်ကိုသာ ယူပြီးလျှင် သံဃာအပေါင်း ဝန်းရံလျက် ချိန်းချက်ရာဖြစ်သော မဟာနာဂဝန် ဥယျာဉ်သို့ ကြွလာ၍ ဒေဝါနံပိယတိဿမင်းကြီးအား ညှပ်ရိုးတော် ဓာတ်တော်ကိုပေး၏။ မင်းကြီးလည်း ဓာတ်တော်ကို မြင်လျှင် "ဤဓာတ်တော်သည် ဘုရားကိုယ်တော်မှဖြစ်သော ဓာတ်တော် အကယ်၍မှန်မူကား ဤ မင်္ဂလာဆင်တော်သည် လူမဆိုဘဲ အလိုလိုပုဆစ်တုပ်လျက် မြေ၌ဝပ်သည် ဖြစ်စေသော၊ ထီးဖြူလည်း အလိုလို ပွင့်သည် ဖြစ်စေသော်၊ ဓါတ်တော်သည် ပန်းတောင်းသို့ ကြွလာ၍ ငါ၏ဦးခေါင်းထက်၌ တည်သည် ဖြစ်စေသော" ဟု စိတ်ကြံသည်နှင့်တပြိုင်နက် ထီးဖြူလည်း အလိုလိုပွင့်၏။ ဆင်တော်လည်း မြေ၌ပုဆစ်တုပ်၍ ဝပ်၏။ ဓာတ်တော်ပန်းတောင်းသည်လည်း မင်း၏ဦးခေါင်းထက်၌ တည်လေ၏။

ယင်းသို့ စိတ်ကြံတိုင်းဖြစ်သောအခါ ဒေဝါနံပိယတိဿမင်းကြီးအား အမြိုက်ရေဖြင့် သွန်းဘိသကဲ့သို့ ဝမ်းမြောက်ခြင်းအားကြီးသဖြင့် ကြက်သီးဖြန်းဖြန်း ကိုယ်လုံးမွှန်းလျက် ရွှင်လန်းနှစ်သိမ့်သော ပီတိသည် ဖြစ်ရကား "ဘုရား ဘုရား" ဟူသော အသံကို အဖန်ဖန် ရေရွတ်ပြီးလျှင် "အရှင်ဘုရား၊ ဤဓာတ်တော်ကို အဘယ်မှာ ထားပါအံ့နည်း" ဟုလျှောက်၏။ အရှင်မဟိန္ဒကလည်း "မင်းကြီး၊ ဆင်တော် ဦးကင်း၌ပင် သိတင်းသုံးစေလော့" ဟု မိန့်တော်မူ၍ မင်းသည် ဓာတ်တော်ပန်း တောင်းကို ပိုက်လျက် ဆင်ဦး ကင်းထက်သို့ တက်လေလျှင် မင်္ဂလာဆင်တော်သည် အလွန်ရွှင်လန်းရကား ကြိုးကြာသံကဲ့သို့သော အသံကိုမြည်၏၊ ကောင်းကင်အလုံး၌ တိမ်ထပ်တို့သည် အချပ်ချပ်တက်လာ၍ အခါမဲ့မိုးကြီးသည် သည်းစွာရွာ၏၊ မဟာပထဝီ ဤမြေအလုံးသည်လည်း ရေအဆုံးရှိသည်ကိုပြုလျက် သွက်သွက်ခါ တုန်လှုပ်၏။ လူအပေါင်းတို့၏ ကောင်းချီးပေးသော အသံလည်း မိုးယံခြိမ့်မျှဖြစ်၏။

ယင်းသို့ ဆင်ဦးကင်းထက်သို့ တင်ပြီးလျှင် အရှင်မြတ်တို့သည် လည်းကောင်း၊ ဗိုလ်ပါပရိသတ်တို့သည် လည်းကောင်း၊ မင်္ဂလာဆင့်တော်ကို ဝန်းရံလျက် တီးမှုတ်မှုတ်မျိုးအစုံဖြင့် ဝန်းအုံခြံရံကာ မဟာနာဂဝန်ဥယျာဉ်မှ

ထွက်ခဲ့၍ အနုရာဓမြို့၏အရှေ့တံခါးဖြင့် ဝင်ပြီးလျှင် မြို့လယ်သို့သွား၍ တောင်တံခါးဖြင့် ထွက်ပြီးမှ ထူပါရုံစေတီ တည်ရာသို့လာ၍ အနောက်မျက်နှာသို့ ရှေ့ရှုလာလျက်ရပ်၏။ ထိုအခါ ထူပါရုံစေတီတည်ရာ၌ များစွာကုန်သော ဆူးရစ်နွယ်၊ ကပါဒ်နွယ်တို့သည် ယှက်သွယ် လွှမ်းခြုံလျက်တည်၏။

အဘယ်ကြောင့် တည်သနည်းဟူမူကား ဤ ထူပါရုံစေတီတည်ရာသည် ဤကမ္ဘာ၌ ပွင့်တော်မူသော ကကုသန်၊ ကောဏာဂုံ၊ ကဿပဟူသော ဘုရားသုံးဆူတို့၏ ရေစစ်တော်၊ ခါးပန်းတော်၊ ရေသနုပ်တော်ဟူသော ပရိဘောဂစေတီတော်တို့၏ တည်ရာဌာနဖြစ်၏။ ထိုပရိဘောဂတို့သည် ထိုဘုရားတို့၏ သာသနာကွယ်ပ ပျောက်ပျက်လေသော် ဤနေရာဌာန၌ သတ္တဝါတို့သည် စားရိုးစားဖတ် မသန့်မစင်တို့ဖြင့် စွန့်ပစ်၍ မဖျက်မဆီးစိမ့်သောငှါ နတ်တို့သည် ကောင်းစွာစောင့်ရှောက်၍ အဆူးရှိသော ဆူးချုံကလိန်နွယ်တို့ဖြင့် ရှက်သွယ်ကာ တည်လေသတည်း။

ယင်းသို့တည်သော ချုံပိတ်အပေါင်းတို့ကို ဆင်တော်၏ ရှေ့မှလိုက်သော မင်းချင်းဗိုလ်ပါတို့သည် သုတ်သင်ရှင်းလင်းခြင်း ပြုကြသဖြင့် ထိုခဏချင်းပင် လက်ဝါးပြင်ကဲ့သို့ စင်ကြယ်ခြင်းသို့ ရောက်လေ၏။ မင်္ဂလာဆင်တော်လည်း ထိုနေရာမှ နောက်သို့ဆုတ်၍ ဗောဓိပင်တည်လတ္တံ့သော ဌာန၌ ရပ်လေ၏။ ထိုအခါ ဒေဝါနံပိယတိဿမင်းသည် ဆင်တော်၏ ကျောက်ကုန်းမှ ဓာတ်တော်ကိုချခြင်းငှါ အားထုတ်သော် ဆင်တော်သည် အခွင့်မပေးဘဲ ရပ်လျက်သာနေ၏။ မင်းကြီးလည်း ဆင်၏စိတ်ကို သိလိုသောငှါ မဟာမဟိန္ဒထေရ်မြတ်အား "အရှင်ဘုရား၊ ဤမင်္ဂလာဆင်တော်သည် ဦးကင်းပေါ်မှ ဓာတ်တော်ကို ချခြင်းငှါ အဘယ့်ကြောင့် ခွင့်မပေးပါလိမ့်နည်း" ဟု လျှောက်၏။ "မင်းကြီး ဤမြင့်ရာသို့ ရောက်ပြီးသော ဓာတ်တော်ကို နိမ့်ရာသို့ ချခြင်းငှါမသင့်၊ မိမိကျောက်ကုန်းနှင့်မျှသော မြေအမြင့်၌ ဓာတ်တော်ကို ထားခြင်းငှါ အလိုရှိချေသည်၊ ထို့ကြောင့် ကျောက်ကုန်းမှချခြင်းငှါ အခွင့်မပေးသတည်း" ဟု မိန့်တော်မူ၏။

မင်းကြီးလည်း ထိုစကားကိုကြားလျှင် အနီးအပါး၌ရှိသော အဘယရေကန်မှ ခြောက်သွေ့သော ညွှန်တို့သည် ကွာလျက်ရှိသည်နှင့် များစွာသော လူတို့ကို ယူစေ၍ ဆင်ကျောက်ကုန်းနှင့် ညီမျှအောင် စီစေပြီးလျှင် အဝတ်တန်ဆာတို့ဖြင့် တင့်တယ်စွာဆင်ယင်၍ ဆင်ကျောက်ကုန်း၌ ရှိသော ဓာတ်တော်တို့ကို ပြောင်း၍ ထိုမြေစု၌ ထားပေ၏။ ယင်းသို့ ထားပြီးမှ မင်းကြီးသည် ဓာတ်တော်ကို စောင့်ရှောက်အံ့သောငှါ လူတို့ကို စီမံခန့်ထား၍ မင်္ဂလာဆင်တော်ကိုလည်း သင်စောင့်ရမည်ဟု မှာခဲ့၍ ဓာတ်တော်ဌပနာရန် စေတီကိုပြုခြင်း၌ လျင်စွာဖြစ်စေခြင်းငှါ များစွာကုန်သော လူတို့ကို အဘယရေကန်မှ ပပ်ကြားကွာသော မြေကိုယူ၍ အုတ်လုပ်ကြကုန်ဟု စီမံပြီးမှ ဓာတ်တော်၏ ဂုဏ်ကျေးဇူးကို အထူးထူး အောက်မေ့လျက် မှူးမတ်အပေါင်းနှင့်တကွ အနုရာဓမြို့သို့ ဝင်လေ၏။

အရှင်မဟိန္ဒထေရ်မြတ်မူကား သံဃာတော် အခြံအရံနှင့်တကွ မဟာမေဃဝန်ဥယျာဉ်သို့ ကြွ၍ သီတင်းသုံးတော်မူ၏။ ညဦးအခါ မင်္ဂလာဆင်တော်သည်လည်း ဓာတ်တော်ထားရာအရပ်ကို ပတ်ပတ်လည် လျက် ညဦးသုံးယံပတ်လုံး စောင့်နေ၍ နေ့အဖို့သို့ ရောက်သောအခါ ဗောဓိပင် တည်လတ္တံ့သော နေရာ၌ ဆောက်အပ်သော မင်းကွန်း၌နေ၏။

**စေတီတော်သဏ္ဍာန်**

ဒေဝါနံပိယတိဿ မင်းကြီးလည်း အုတ်လုပ်ပြီးသောအခါ စေတီတည်ရာအနီး၌ စုပုံစေ၍ အရှင် မဟိန္ဒအား ဘယ်သို့သဏ္ဍာန်ရှိသော စေတီကိုပြုပါအံ့နည်းဟု လျှောက်၏။ မင်းမြတ် အရှည်ခံစေလိုမူကား စပါးစုသဏ္ဍာန်ကဲ့သို့ တည်ရမည်ဟု မိန့်တော်မူလျှင် အရှင်ဘုရား. . . ကောင်းပါပြီဘုရားဟု ဝန်ခံ၍ အောက်အကြည်ကို စီလုပ်စေသဖြင့် မြင်းခေါင်းမျှလောက် မြင့်သောအခါ အလယ်မှလိုဏ်ဂူမြှင့်၍ ဓာတ်တော်ဌာပနာလိုရကား ယခင်ထားရာမှသည် မင်္ဂလာဆင်တော်၏ ဦးကင်း၌တင်ပြီးလျှင် ထက်ဝန်းကျင် သော ပြည်သူပြည်သားတို့အား ဤသို့ကြွေးကြော်စေ၏။ ဘုရားသခင်ဓာတ်တော်ကို စေတီ၏အတွင်း၌ သီတင်းသုံးစေတော့အံ့၊ ဌာပနာခြင်းကို မပြုမီ အထင်အမြင် ပူဇော်လိုသော သူတို့သည် ယနေ့လာ၍ ပူဇော် ကြကုန်ဟု ကြွေးကြော်တော်မူ၏။

**ညှပ်ရိုးတော်၏ တန်ခိုးပြာဋိဟာ**

ပြည်သူပြည်သားတို့သည်လည်း အားရဝမ်းသာ လာကြကုန်၍ စည်းဝေးပူဇော်ကြသော် ညှပ်ရိုးတော်ဓာတ်လည်း မီးရဟပ်ကဲ့သို့ တလျှပ်လျှပ်တထိန်ထိန် အရှိန်အလျှံကို ထွက်စေလျက် ဆင်ဦးကင်းထက်မှ ထန်းခုနှစ်ဆင့်မျှသော ကောင်းကင်သို့တက်၍ အရှေ့ဘက်မှ မီးအလျှံ၊ အနောက်ဘက်မှ ရေအယဉ်၊ တောင်ဘက်မှ မီးအလျှံ၊ မြောက်ဘက်မှ ရေအယဉ်တို့ဖြင့် အစဉ်လည်ကာ လည်ကာ ခြောက်ဖြာ သော ရောင်ခြည်ကွန်ယက် ထွေးရှက်ကွန့်မြူးသော တန်ခိုးပြာဋိဟာကို ပြတော်မူ၏။ သက်တော်ထင်ရှား ဘုရားကိုယ်တော်မြတ်သည် ကဏ္ဍမ္ဗမည်သော သရက်ဖြူပင်ရင်း၌ ယမိုက်ပြာဋိဟာကို ပြဘိသကဲ့သို့ ညှပ်ရိုးတော်ဓာတ်မှ ထူးမြတ်လွန်ကဲ အံ့ဖွယ်သရဲသော ရေမီးအစုံအစုံ တည်းဟူသော ယမိုက် ပြာဋိဟာကို ပြတော်မူ၏။

ယူဇနာ သုံးရာရှိသော သီဟိုဠ်ကျွန်းအလုံးသည် မီးအလျှံ ဖုံးလွှမ်းသောအခါလည်း မီးကြီးအဝါကဲ့သို့ ဖြစ်၏။ ရေအလျှံ ဖုံးမိသောအခါ ရေလုံးပမာကဲ့သို့ လွန်စွာ စိုစွတ်ခြင်းသည် ဖြစ်၏။ ထိုသို့ ဖြစ်ခြင်းသည် အရှင်မဟိန္ဒတို့၏ တန်ခိုးအာနုဘော်ကြောင့်လည်း မဟုတ်၊ နတ်တို့၏ တန်ခိုးအာနုဘော်ကြောင့်လည်း မဟုတ်၊ စင်စစ်ကား မြတ်စွာဘုရား၏ အဓိဋ္ဌာန်နိဗ္ဗိဖြစ်သော တန်ခိုးအာနုဘော်ကြောင့်သာ ဖြစ်သတည်း။ ထိုစကားကို ထင်စွာပြဦးအံ့။

ဘုရားသခင်သည် သက်တော်ထင်ရှားရှိစဉ် ပရိနိဗ္ဗာန်စံယူခါနီးသောအခါ ရတနာ ညောင်စောင်းထက် လျောင်းတော်မူ၍ ငါးပါးသော အဓိဋ္ဌာန်ကြီးတို့ကို ဓိဋ္ဌာန်တော်မူခဲ့၏။ အဘယ်သို့ အဓိဋ္ဌာန်သနည်းဟူမူကား-

**အဓိဋ္ဌာန် ၅ – ချက်**

(၁) ငါဘုရားသည် ပရိနိဗ္ဗာန် စံယူတော်မူသည့်နောက် နှစ်ရာသုံးဆယ့်ခြောက်နှစ် လွန်သောအခါ ဓမ္မာသောကမင်းကြီးသည် ငါပွင့်တော်မူသော မဟာဗောဓိပင်၏ ဒက္ခိဏသာခါ လက်ယာတောင်ကိုင်းကို သီဟိုဠ်သို့ ပို့ခြင်းငှါ ဆောင်ယူလာသောကာလ လက်ယာတောင်ကိုင်းသည် ဆေးဒန်းမြင်းသီလာဖြင့် သားရာ အရပ်မှ အလိုလိုပြတ်၍ ရွှေဖျဉ်း၌ တည်စေသော ဟူ၍လည်းကောင်း။

(၂) ရွှေဖျဉ်း၌ တည်ပြီးသော ဗောဓိကိုင်းသည် ပထမ ပင်ရင်းကဲ့သို့ အမြစ်၊ အသီး၊ အပွင့်၊ အရွက် ကောင်းစွာထွက်၍အခက်အလက်ကြားတို့မှ ခြောက်ပါးသော ရောင်ခြည် ကွန်ယက်ကို လွှတ်ထွက်စေသတည်း ဟူ၍ လည်းကောင်း။

(၃) ထိုသို့ လွှတ်ပြီးမှ ရွှေဖျဉ်းနှင့်တကွသော ဗောဓိပင်သည် ကောင်းကင်သို့ ပျံတက်၍ ခုနစ်ရက်ပတ်လုံး ဆီးနှင်းတိမ်တိုက်၌ တည်သည်ဖြစ်သော ဟူ၍လည်းကောင်း။

(၄) သီဟိုဠ်ကျွန်း အနုရာဓမြို့၏ တောင်မျက်နှာ၌ ရှေးဘုရားတို့၏ ပရိဘောဂစေတီ တည်ဖူးရာဌာန၌ စေတီတည်လုပ်ကြသောအခါ ငါဘုရား၏ လက်ယာညှပ်ရိုးတော် ဓာတ်သည် ထန်းခုနှစ်ဆင့်မြင့်သော ကောင်းကင်ထက်၌ တန့်နား၍ ငါဘုရားပြဋ္ဌိဟာ ပြသကဲ့သို့ ရေမီးအစုံစုံထွက်သော တန်ခိုးပြာဋိဟာကို ပြစေသတည်း ဟူ၍လည်းကောင်း။

(၅) သီဟိုဠ်ကျွန်း၏ တန်ဆာသဖွယ်ဖြစ်သော "ဟေမမာလီ"မည်သော မဟာစေတီကို တည်သောအခါ ဌာပနာအပ်ကုန်သော အညစ်အကြေးကင်းကုန်သော တစ်ဒေါဏမျှလောက်သော ငါ၏ ဓာတ်တော်တို့သည် ငါဘုရား၏အသွင်ကို ဆောင်ကုန်လျက် ကောင်းကင်သို့ပျံတက်၍ ရေ မီးအစုံ အစုံထွက်သော ယမိုက်ပြာဋိဟာကို ပြရစ်စေသတည်း ဟူ၍လည်းကောင်း အဓိဋ္ဌာန်တော်မူခဲ့၏။

ထိုသို့ အဓိဋ္ဌာန်တော်မူခဲ့သော မနောမယိဒ္ဓိဟူသော အကြောင်းကြောင့်သာလျှင် လက်ယာညှပ်ရိုးတော်ဓာတ်သည် အထူးထူးမြတ်သော တန်ခိုးပြာဋိဟာကို ပြတော်မူလေသည်။ ယင်းသို့ ပြပြီးသော် ကောင်းကင်မှ ဆင်းသက်၍ မင်းကြီးဦးခေါင်းထက်၌ တည်လေ၏။ ဒေဝါနံ ပိယတိဿမင်းကြီးလည်း ရိုးတွင်းခြင်ဆီစိမ့်မျှ နှစ်သိမ့်သော ဖရဏာပီတိကိုရလျက် ဦးထိပ်ထက်လာသော ညှပ်ရိုးတော်ဓာတ်ကို ရတနာပန်းတောင်းဖြင့်ထည့်၍ ပိုက်တော်မူကာ လက်ယာရစ် ပတ်လှည့်ပြီးမှ ထူပါရုံ စေတီတိုက်၌

ဌာပနာပေ၏။ ယင်းသို့ ဌာပနာသည်နှင့်တပြိုင်နက် ဒုတ်ဒုတ်ကျက်ကျက် တော်ဟီး၍ ကြက်သီးမွေးညင်းသဖွယ်ဖြစ်သော မြေကြီးလျှောင်သည် ပဲ့တင်ထပ်မျှ တုန်လှုပ်၏။ ထို့ကြောင့် အဋ္ဌကထာ ဆရာသည်

* ဓဝံ အစိန္တိယာ ဗုဒ္ဓါ၊ ဗုဒ္ဓဓမ္မာ အစိန္တိယာ။

အစိန္တိယေ ပသန္နာနံ၊ ဝိပါကော ဟောတိ အစိန္တိယော- ဟူ၍ မိန့်တော်မူသည်။ *

ဓဝံ ဣမေဟိ ပကာရေတိ၊ ဤသို့ မဟာဗောဓိ သိရိဇေယျ မြေအခွံ၌ ဝန်းခြံရံလည်း မာရ်စစ်သည်ကို နှံလည်ပယ်သင် ဘုန်းတော်နှင်၍ အောင်မြင်တော်မူနိုင်ခြင်း၊ ရေ မီးအစုံ မြေကြီးတုန်မျှ ရောင်ဟုံစိုက်ဖြာယမိုက်ပြာဋိဟာတလေးဌာနတွင် ထင်စွာပြတော်မူခြင်း၊ မြယုဂန် တောင်မြင်းမိုရ်မှ လိုတော်ရှိရာ စက်အောက်မှာလျှင် ညွတ်ကာခံရောက်ရခြင်း၊ ကိုယ်တိုင်တော်အလား အပွားသောင်းထောင် မကအောင်လျှင် ဖန်ဆောင်စံမံတော်မူနိုင်ခြင်း၊ ကိုယ်တော်မှီမိ သက်မရှိသည့် ဗောဓိပင်လျှင် အထက်အဇရာ အာကာတိမ်ဗွေ တက်လေပြီးခါ ရေ မီးပါကို ထင်စွာလွှတ်လျက် မြေသို့သက်၍ ပြကတေ့ တည်လာခြင်း၊ ဝိညာဉ်မပါ ဓာတ်တော်သာဖြစ်လျက် ခန္ဓာတည်ပြား မြတ်ဘုရားကဲ့သို့ ခြောက်ပါးသော ရောင်ခြည်ကိုလွှတ်၍ ယမိုက်ပြာဋိဟာကိုပြခြင်း အစရှိသော အသီး အသီး အံ့ဖွဲ့ချီးလည်း အပြီးမတိုင် မကုန်နိုင်ရာ မဟာအစ္ဆရိယ အဗ္ဘုတအပြားတို့ဖြင့်။ ဗုဒ္ဓါ၊ ဘုရားသခင် ဖြစ်အင်ကြောင်းချာ အရာရာတို့ကို။ အစိန္တိယာ၊ မကြံစည်အပ်ကုန်၊ ဝါ၊ ကြံစည်ခြင်းငှါ မတတ်လေကုန်။ ဗုဒ္ဓဓမ္မာ၊ ဘုရားရှင်တို့ အစဉ် ပြည့်စုံမြဖြစ်သော တန်ခိုးဣဒ္ဓိပါဒ်တော်၊ ကျေးဇူးတော်တို့ကိုလည်း။ အစိန္တိယာ၊ ကြံစည်ခြင်းငှါ မထိုက်ပါကုန်။ အစိန္တိယေ၊ မကြံစည်နိုင် ကြီးခိုင်လွန်ကျူးဂုဏ်တော်ထူး၌။ ပသန္နာနံ၊ ကြည်ညိုကုန်သော သူတို့အား။ အစိန္တိယော၊ မကြံနိုင်သော။ ဝိပါကော၊ အကျိုးသည်။ ဟောတိ၊ ဖြစ်၏။

**ရဟန်းသစ်သုံးသောင်း**

သီဟိုဠ်ကျွန်းသူ လူအပေါင်းတို့သည်လည်း ညုပ်ရိုးတော်ဓာတ်မြတ်၏ ပြအပ်သော တန်ခိုးပြာဋိဟာ၌ လွန်စွာ ကြည်ညိုကြကုန်၏။ မုဋသိဝမင်း၏သား ဒေဝါနံပိယတိဿမင်း၏ ညီတော်ဖြစ်သော မတ္တာဘယမင်းသားသည်လည်း ဘုရားသာသနာ၌ သက်ဝင်လိုရကား နောင်တော်မင်းကြီးအား တောင်းပန်၍ ယောကျ်ားတစ်ထောင်နှင့်တကွ ရဟန်းပြုကြလေကုန်၏။

• စေတာပိရွာမှလည်းကောင်း၊ ဒွါရမဏ္ဍလရွာမှလည်းကောင်း၊ ဝိဟီရဗိဇရွာမှ လည်းကောင်း၊ ဂလ္လကပိဌရွာမှလည်းကောင်း၊ ငါးရာ ငါးရာကုန်သော လုလင်ဖျိုတို့သည် ကြည်ညိုနှစ်သက်ခြင်းအားကြီးကြလှသောကြောင့် ဘုရားသာသနာသို့ ဝင်၍ ရှင်ရဟန်းပြုကြကုန်၏။ မင်းနေပြည်တော် ဖြစ်သော အနုရာဓမြို့တွင်မှလည်းကောင်း၊ မြို့ပမှလည်းကောင်း ထွက်၍ရဟန်းပြုကြကုန်သည်။ အလုံးစုံသော လူအပေါင်း သုံးသောင်းမျှသော ဖြစ်သတည်း။

ဒေဝါနံပိယတိဿမင်းကြီးသည်လည်း ထူပါရုံစေတီတော်မြတ်ကို အပြီးသတ်အောင် တည်လုပ်တော်မူ၍ များစွာသော ရတနာဖြင့် ပူဇော်သက္ကာရ ပြုတော်မူသည်။ မိဖုရား၊ မောင်းမမိဿံ တို့သည် လည်းကောင်း၊ မှူးမတ်သေနာပတိတို့သည် လည်းကောင်း၊ မြို့သူမြို့သားတို့သည် လည်းကောင်း၊ ခပ်သိမ်းသော ဇနပုဒ်သားတို့သည် လည်းကောင်း စွမ်းအားရှိသမျှဖြင့် ပူဇော်ကြကုန်သတည်း။

ဒေဝါနံပိယတိဿမင်းသည်လည်း စေတီတော်အနီး ကြီးစွာသော ကျောင်းကို ဆောက်လုပ်၍ ရဟန်းတို့ကို သီတင်းသုံး နေစေသတည်း။ ထိုကျောင်းသည် "ထူပါရာမကျောင်း" ဟုထင်ရှားစွာ ဖြစ်လေသတည်း။ ဤသို့လျှင် ဘုရားသခင်သည် နိဗ္ဗာန်စံလေပြားသော်လည်း ကိုယ်တော်စား ကျန်ရစ်သော ဓါတ်တော်သည် လူအပေါင်းတို့၏ ကောင်းကျိုးစီးပွားကို များစွာ ပြုတော်မူလေသည်။ သက်တော်ထင်ရှား ရှိစဉ်အခါများမှု အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း။

**မဟာဗောဓိပင်မှ ဒက္ခိဏသာခါ လက်ယာတောင်ကိုင်းကို ဖြတ်ယူခြင်း**

ဒေဝါနံပိယတိဿမင်းကြီးသည် ညီတော်၏မိဖုရားဖြစ်သော အနုဠာဒေဝီသည် ရဟန်းပြုလို၍ လျှောက်တောင်းပန်ရာ မဟာမဟိန္ဒထေရ်မြတ်က မာတုဂါမတို့ကို ငါတို့ ရဟန်းမပြုကောင်းချေ၊ ပါဋလိပုတ်ပြည်၌ ငါ၏နှမတော်ဖြစ်သော သင်္ဃမိတ္တာထေရ်ရီကို မဟာဗောဓိဒက္ခိနသာခါ လက်ယာတောင် ကိုင်းကိုယူ၍ ကြွစေတော်မူပါမည့် အကြောင်းဖြင့် ငါ၏ခမည်းတော်ဖြစ်သော ဓမ္မာသောက မင်းကြီး ထံသို့ တမန်စေလွှတ်ရမည်ဟု မိန့်ဆိုသောစကားကို နှလုံးများတော်မူ၍ ဝါတွင်းအခါကပင် ပါဋလိပုတ်ပြည်သို့ စေလွှတ်ခြင်းငှါ မဟာမဟိန္ဒထေရ်၏ ရှေ့တော်၌နေလျက် မှူးမတ်တို့နှင့် တိုင်ပင်တော်မူ၍စေအံ့သောသူကို ရွေးချယ်သော် မိမိ၏တူတော်ဖြစ်သော အရိဋ္ဌအမတ်ကိုမြင်၍ မင်း၏ကိုယ်တိုင်ပင် ဤသို့ တိုက်တွန်း၏။

အရိဋ္ဌ အမတ်၊ အမောင်သည် ငါ့အဆွေတော်ဖြစ်သော ဓမ္မာသောကမင်းကြီး၏ အထံသို့သွား၍ သမီးတော် သင်္ဃမိတ္တာထေရီကိုလည်း ဤသိဟိုဠ်ကျွန်းသို့ စေလွှတ်ပါမည့် အကြောင်း၊ ပွင့်တော်မူရာ မဟာဗောဓိပင်၏ ဒက္ခိဏသာခါ လက်ယာတောင်ကိုင်းကို ဖြတ်ယူ၍ ပေးတော်မူပါမည့် အကြောင်းတို တောင်းပန်လျှောက်ထား ချေရမည်၊ ပေးလိုက်သောအခါလည်း ကောင်းစွာရအောင် ယူဆောင်ခဲ့ရမည်၊ ဤကိစ္စကို သင်ဆောင်နိုင်ပါအံ့လော ဟု မေး၏၊ အရိဋ္ဌအမတ်ကလည်း "အရှင်မင်းကြီး၊ အကျွန်ုပ်ပင့်ဆောင်၍ အနုရာဓမြို့ ရောက်သောအခါ အကျွန်ုပ်ကို ရဟန်းပြုခြင်းငှါ ခွင့်ပေးတော်မူပါသည်ဖြစ်အံ့၊ အကျွန်ုပ် ရောက်အောင် ပင့်ဆောင်ပါမည်ဟု" လျှောက်၏၊ မင်းကြီးကလည်း "အမောင်သည် ဤ ကိစ္စကို ဆောင်ရွက်ပြီးသော် ရဟန်းပြုလိုမူ ပြုလော့၊ "ဟု အခွင့်ပေးတော်မူ၏။

မရိဋ္ဌအမတ်လည်း ဝမ်းမြောက်ဝမ်းသာစွာ မဟာမဟိန္ဒထေရ်မြတ်ကို ရှိခိုး၍ အရှင်မဟိန္ဒ မှာတော်မူသော သိတင်းစကားနှင့် ဒေဝါနံပိယတိဿမင်းကြီး၏ သိတင်းစကားတို့ကို ဆောင်ယူ၍ သိတင်းကျွတ် လဆန်း(၂)ရက်နေ့ အနုရာဓမြို့မှ ထွက်၍ ဇမ္ဗုကောလ သင်္ဘောဆိပ်မှ လှေသို့ တက်ပြီးလျှင် သမုဒ္ဒရာသို့ ကူးလေသော် မဟိန္ဒထေရ်မြတ်၏ အဓိဋ္ဌာန်တန်ခိုးတော်ကြောင့် ထွက်သောနေ့ပင်လျှင် ပါဋလိပုတ်ပြည်သို့ ရောက်လေ၏။

**သိတင်းသည်မတို့ကျောင်း ၄**

အနုဠာဒေဝီ မိဖုရားသည်လည်း ငါးရာကုန်သော အမျိုးကောင်းသမီးတို့နှင့်လည်းကောင်း၊ ငါးရာကုန်သော နန်းတွင်းသူ မိန်းမတို့နှင့်လည်းကောင်း၊ အတူတကွ ဆယ်ပါးသော သီလကို ဆောက်တည်၍ ဖန်ရည်စွန်းသော အဝတ်ကိုဝတ်လျက် သင်္ဃမိတ္တာထေရီ၏ လာခြင်းကိုမျှော်လျက် အနုရာဓမြို့၏ တစ်စိတ်သော အရပ်မျက်နှာ၌ ဒေဝါနံပိယတိဿမင်းသည် "ဒေါဠ" အမည်ရှိသော အမတ်၏အိမ်ကို ရှံ၍ ဆောက်လုပ်အပ်သော မွေ့လျော်ဖွယ်ရှိသော ဘိက္ခုနီမတို့၏ ကျောင်း၌ ကောင်းစွာ ကျင့်နေကြကုန်၏၊

ထို့ကြောင့် ထိုကျောင်းကို သီဟိုဠ်ကျွန်းသူတို့သည် "ဥပါသိကာဝိဟာရ" ဟု ခေါ်ဆိုကြကုန်၏၊ ဒေဝါနံပိယတိဿမင်းကြီး စေလွှတ်သော အရိဋ္ဌအမတ်သည်လည်း ဓမ္မာသောကမင်းကြီးထံသို့ ဝင်ပြီးလျှင် မိမိ၏အရှင်ဖြစ်သော ဒေဝါနံပိယတိဿမင်း ပေးမှာအပ်သော သိတင်းစကားကို လျှောက်ပြီးမှ သားတော် မဟိန္ဒထေရ်မြတ် မှာအပ်သော သိတင်းစကားကိုလည်း ဤသို့ လျှောက်ကြား၏၊

"သုံးပါးသော သာသနဒါယကာဖြစ်သော ခမည်းတော်မင်းမြတ်၊ သင်မင်းမြတ်၏ အဆွေတော် ဖြစ်ဖူးသော ဒေဝါနံပိယတိဿမင်းသည် သာသနာအတွင်း၌ ခမည်းတော်မင်း၏ အသင်းအပင်း ဖြစ်စေပြီး ထိုမင်း၏ ညီတော် မိဖုရားဖြစ်သော အနုဠာဒေဝီသည် သဘောညီသော မိန်းမပေါင်း တစ်ထောင်နှင့်တကွ ရဟန်းအဖြစ်ကို အလိုရှိလှသည်ဖြစ်၍ ဒသဂ်သီလကို ဆောက်တည်လျက် နေရှာကြသည်၊ ထိုမိန်းမတို့အား ရဟန်းပြုစိမ့်သောငှါ နှမတော် သင်္ဃမိတ္တာထေရီကို ဘိက္ခုနီ အခြံအရံနှင့်တကွ အနုရာဓမြို့သို့ လွှတ်ပါလော့၊ ထိုသင်္ဃမိတ္တာနှင့် အတူပါအောင် မဟာဗောဓိပင်၏ ဒက္ခိဏသာခါ လက်ယာတောင်ကိုင်းကိုလည်း ခမည်းတော် ဆောင်ယူ၍ ပေးတော်မူလိုက်ပါ" ဟူ၍ မှာလိုက်ကြောင်းကို လျှောက်ကြား၏။

သင်္ဃမိတ္တာထေရီမ၏ ထံသို့ သွား၍လည်း နောင်တော်မဟိန္ဒထေရ် မှာလိုက်သော စကားကို ကြားလျှောက်၏၊ ထေရီမလည်း နောင်တော်မှာလိုက်သော သိတင်းစကားကို ကြားလျှင် ခမည်းတော်ထံသို့ သွား၍ နောင်တော် ကြားမှာလိုက်ကြောင်း၊ သီဟိုဠ်ကျွန်းသို့ သွားလိုကြောင်း ခွင့်တောင်း၏၊ ထိုအခါ ဓမ္မာသောကမင်းကြီးက ဤသို့ဆိုတော်မူ၏။

"ချစ်သမီး၊ သားတော်ကြီးဖြစ်သော အရှင်မဟိန္ဒနှင့် မြေးတော် သုမနသာမဏေတို့သည် ခမည်းတော်အား လက်ကိုဖြတ်ထားသကဲ့သို့ အားကိုးရာမဲ့အောင် ပစ်ထားခဲ့သောကြောင့် ဖခင်သည် အလွန်ကြေကွဲလျက် ဆင်းရဲစိုးရိမ်ခြင်း ဖြစ်ပါသည်။ ယင်းသို့ဖြစ်သော်လည်း ချစ်သမီးမျက်နှာကို မြင်ရပါမူ သောက ငြိမ်သက်ပါသေး၏၊ ချစ်သမီးမျက်နှာကို မမြင်ရမူ ဖခင်ဘယ်မှာ သက်သာရာ ရနိုင်တော့အံ့နည်း" ဟု ဆို၏။

ထိုစကားကိုကြားသော် ထေရီမကလည်း "ခမည်းတော်မင်းမြတ်၊ နောင်တော်၏ အမိန့်အာဏာသည် ဝန်လေးလှပါ၏၊ ငြင်းဆန်ခြင်းငှါ မဝံ့ပါ၊ သီဟိုဠ်ကျွန်းမှာလည်း ရဟန်းပြုလိုသော မိန်းမတို့သည် များလှကုန်ပေသည်၊ ထို့ကြောင့် ကျွန်ုပ်သွားမှသာ သင့်ပါမည်" ဟု ဆို၏။

ယင်းသို့ သွားလိုတပြီးကား ဗောဓိပင်ကိုဆောင်၍ သွားရအောင် ခမည်းတော် အားထုတ်ဦးမည်ဟု ဆိုပြီးလျှင် မင်းကြီးသည် ဤသို့ ဆင်ခြင်၏။ ဘုရားသခင် ပွင့်တော်မူရာဖြစ်သော ဗောဓိပင်သည် ဘုရားရှင်၏ ကိုယ်တော်နှင့် အလားတူရကား ဓားဖြင့်ဖြတ်ခြင်းငှာ မထိုက်၊ ငါသည်အဘယ်သို့ အကိုင်းကိုယူရအံ့နည်းဟု ကြံဆင်ခြင်၍ အပါးတွင်ရှိသော မဟာဒေဝမည်သော အမတ်ကို တိုင်ပင်သော် "အရှင်မင်းမြတ်၊ နေပြည်တော်၌ ပညာရှိကုန်သော ရဟန္တာအရှင်မြတ်တို့နှင့် တိုင်ပင်တော်မူပါ" ဟုလျှောက်၏။

မင်းကြီးလည်း သတိရတော်မူကာ သံဃာတော်တို့အား ပင့်၍ ဆွမ်းလုပ်ကျွေးရာမှ မင်းကြီးသည် ဤသို့ မေးလျှောက်၏။ "အရှင်ဘုရားတို့၊ ပွင့်တော်မူပြီးသော မဟာဗောဓိပင်သည် သီဟိုဠ်ကျွန်းသို့ ကြွခြင်းငှါ ထိုက်ပါသလော" ဟုမေး၏၊ သံဃာတော်တို့နှင့်တကွ မဟာမောဂ္ဂလိပုတ္တသိဿ ထေရ်ကလည်း "မြတ်သောမင်းကြီး၊ ဗောဓိပင်သည် လက်ာဒီပမည်သော သီဟိုဠ်ကျွန်းသို့ ကြွခြင်းငှါ သင့်ပေသည်၊ အဘယ်ကြောင့်နည်းဟူမူ ဘုရားသခင်သည် သက်တော်ထင်ရှား ရှိစဉ်အခါ နိဗ္ဗာန်ဝင်ရာ ရတနာ ညောင်စောင်း၌ လျောင်းတော်မူလျက် ငါးချက်သော အဓိဋ္ဌာန်ခြင်းတို့ကို အဓိဋ္ဌာန်တော်မူသည်ဟု ငါတို့ကြားချေသည်၊ အဘယ်သို့ ကြားသနည်းဟူမူကား-

အဓိဋ္ဌာန် ၅ – ချက်

(၁) ငါဘုရား နိဗ္ဗာန်စံပြီးသောအခါ ငါ၏သာသနာသည် လက်ာဒီပကျွန်း၌ ထွန်းလတ္တံ့၊ ထိုအခါ မဟာဗောဓိတည်စေခြင်းငှာ ခမ္မာသောကမင်းသည် ဆောင်ယူလာလတ္တံ့၊ ထိုအခါ မဟာဗောဓိ၏ ဒက္ခိဏသာခါသည် ဆေးဒန်းမြင်းသီလာဖြင့် သားရာအရပ်မှာ အလိုအလိုပြတ်၍ ရွှေဖျဉ်း၌ တည်သည် ဖြစ်စေသောဟူ၍အဓိဋ္ဌာန်သည်လည်းတစ်ပါး။

(၂) ရွှေဖျဉ်း၌ တည်ပြီးလျှင် ပထမပင်ရင်းကဲ့သို့ အမြစ်၊ အသီး၊ အရွက်၊ အညွန့်တို့သည် တက်၍ ကောင်းကင်သို့ ပျံတက်ပြီးလျှင် ခုနစ်ရက်ပတ်လုံး ဆီးနှင်းတိမ်တိုက်၌ တည်သည်ဖြစ်စေသော ဟူ၍ အစိဋ္ဌာန်သည်လည်းတစ်ပါး၊

(၃) ခုနစ်ရက်လွန်သောအခါ ဆီးနှင်းတိမ်တိုက်မှ ထွက်၍ သက်လာပြီးလျှင် အသီး၊ အပွင့်၊ အခက်၊ အရွက်တို့မှ ခြောက်သွယ်သော ရောင်ခြည်ကွန်ယက်ကို လွှတ်ထွက်သည်ဖြစ်စေသောဟူ၍ အစိဋ္ဌာန်သည်လည်းတစ်ပါး၊

(၄) သီဟိုဠ်ကျွန်း အနုရာဓပြို့၏ တောင်မျက်နှာ ထုပါရုံစေတီတည်ရာ၌ ဌာပနာအပ်သော ငါ၏ ညပ်ရိုးတော်ဓာတ်သည် ရေ မီး၊အစုံ အစုံထွက်သော ယမိုက်ပြာဋိဟာကို ပြပါစေသတည်းဟူ၍ အစိဋ္ဌာန်သည်လည်းတစ်ပါး၊

(၅) မဟာစေတီကို တည်သောအခါ ငါ၏ ဓာတ်တော်အပေါင်းတို့သည် ငါဘုရား၏ သဏ္ဌာန်ကို ဆောင်လျက် ကောင်းကင်ထက်၌ ယမိုက်ပြာဋိဟာကို ပြပါစေသတည်းဟူ၍ အစိဋ္ဌာန်သည်လည်း တစ်ပါး-ဤအစိဋ္ဌာန်ကြီး ငါးပါးရှိကြောင်းကို ကြားဖူးရချေသေးသည်။

ထို့ကြောင့် ဗောဓိပင်သည် သီဟိုဠ်ကျွန်းသို့ ကြွသင့်ပေသည်ဟု မိန့်တော်မူ၏၊ မွှာသောက မင်းကြီးလည်း၊ ထိုအမိန့်ကို ကြားသောအခါ လွန်စွာကြည်ညို ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ် ၍မဟာဗောဓိပင်သို့ သွားခြင်းငှာ ပါဋလိပုတ်ပြည်မှသည် ဗောဓိပင်သို့ ကျဖောင် လမ်းခရီးကို သုတ်သင်စေ၏၊ ဗောဓိပင်တည်ရာ ဖြစ်သော ရွှေဖျဉ်းကို ပြုလုပ်ခြင်းငှာ ဘဏ္ဍာတိုက်တော်မှ များစွာသော ရွှေ၊ ငွေတို့ကိုထုတ်၍ ပန်းတိမ် သမားတို့ကို စုစမ်း၏၊ ထိုခဏ၌ သိကြားမင်းသည် သိ၍ ဝိသကြုံနတ်သားကို စေလွှတ်လိုက်၏၊ဝိသကြုံ နတ်သားသည် ပန်းတိမ်သမား အသွင်ဖြင့်လာပြီးလျှင် " အရှင်မင်းကြီး၊ အဘယ်ဝတ္ထုကို ပြုလိုသနည်း" ဟု မေး၏။

မင်းကြီးကလည်း " အမောင်ယောကျာ်း၊ မဟာဗောဓိပင်မှ ဝက္ခိဏသာခါကို စိုက်ပျိုး၍ ယူခြင်းငှာ ရွှေဖျဉ်းကို ပြုလုပ်လိုသည်" ဟု ပြောလျှင် " အရှင်မင်းကြီး၊ အဘယ်မျှသော ပမာဏဖြင့် ပြုရအံ့နည်း" ဟု မေး၏၊ ငါကား အကြီးအငယ်ပမာဏကို ဤမျှ ရွှေ ဤမျှ ပြုရမည် မဆိုနိုင်ချေ၊ အမောင်သာလျှင် ပညာဖြင့် ထောက်ရှုပြုလုပ်လော့" ဟု ခွင့်ပေး၏၊

**ရွှေဖျဉ်းအိုး၏ အရွယ်အစား**

ထိုစကားကိုကြားသော် ပန်းတိမ်လက်သမားသည် ကောင်းပါပြီဟု ဝန်ခံ၍ ရွှေကိုယူ၍ မြေညက်ကဲ့သို့ လက်ဖြင့်ဆုပ်နယ်ပြီးလျှင် ကြီးစွာသော ရွှေဖျဉ်းကို ဖန်ဆင်းပြုလုပ်ပေ၏၊ ထိုရွှေဖျဉ်းအဝကား အချင်းအားဖြင့်

သုံးတောင်၊ အဝန်းအားဖြင့် ကိုးတောင်၊ အစောက်အားဖြင့် ငါးတောင်ရှိသည်။ အထုအားဖြင့် လက်ရှစ်သစ်၊ အနားရေးနှုတ်ခမ်း၏ အငုံ့ကား ဆင်ပျို နှာမောင်းလုံးမျှလောက် ကြီးသတည်း။

မင်းကြီးသည် တက်သစ်သောနေလုလင်၏ အရောင်ကဲ့သို့ ထွန်းပြောင်တောက်ပလျက် လှပ တင့်တယ်ခြင်းရှိသော ရွှေဖျဉ်းကိုမြင်လျှင် ပြုလုပ်သော ဤ လုလင်ကား လူ့ခွင်က လူမဟုတ် သိကြား နတ်မင်းသည် ဖန်ဆင်း၍ ပေးသည်တကားဟု အားရဝမ်းသာလျက် သပြာလက်ခကို အမောင်လိုသမျှ ဆိုလော့၊ ငါ ပေးအံ့ဟု ဆိုတော်မူ၏။ လုလင်ကလည်း "အရှင်မင်းမြတ်၊ ရွှေသပြာကို ကျွန်ုပ်မလိုပါ၊ မင်းကြီးပြုအပ်သော ကုသိုလ်ဟူသမျှ၏ အဖို့ကိုသာ ပေးလော့" ဟု ဆို၍ ကွယ်လေသည်။

မင်းကြီးလည်း ရွှေဖျဉ်းကို ရထားထက်တင်ပြီးလျှင် ဗောဓိပင်သို့ သွားခြင်းငှာ အရိယာ သံဃာတော်တို့ ကို ရှေ့တင်၍ အလျား ခုနှစ်ယူဇနာ အနံ သုံးယူဇနာတိုင်အောင် ပြည့်သော စစ်အင်္ဂါလေးပါးရှိသော စစ်သည်ဗိုလ်ပါ အပေါင်းနှင့်တကွ ပါဋလိပုတ်ပြည်မှ ကြွတော်မူ၏။

မဟာဗောဓိပင်၏ အနီးသို့ ရောက်သောအခါ စစ်သည်ဗိုလ်ပါတို့ စိုက်ထောင်အပ်သော တံခွန် အစဉ်၊ အထူးထူးသော ရတနာတို့ဖြင့် ဆန်းကြယ်စွာ တန်ဆာဆင်အပ်သော ပန်းခိုင်၊ ပန်းကုံး အစီအစဉ်၊ ဆီမီးအစဉ်၊ ထီးအဖြူစဉ်တို့ဖြင့် လည်းကောင်း။ သံညင်း၊ သံသာ၊ များစွာတီးမှုတ် ကြွေးကြော် အပ်သော ပဉ္စင်တူရိယာ အစဉ်တို့ဖြင့်လည်းကောင်း ဗောဓိပင်ကို ထက်ဝန်းကျင် ခြံရံလျက် ပူဇော်တော်မူ၏။

မင်းကြီးသည်လည်း ဂဏပါမောက္ခဖြစ်ကုန်သော မထေရ်ကြီး တစ်ထောင်တို့ကိုယူ၍ ဇမ္ဗူဒိပ်ကျွန်း အပြင်၌ ထင်ရှားကုန်သော အဘိသိက်ခံပြီးသော ထီးဆောင်းမင်း တစ်ထောင်တို့ကို မိမိကိုလည်းကောင်း၊ ဗောဓိပင်ကိုလည်းကောင်း ဝန်းရံစေ၍ ဗောဓိပင်၏ အနီး၌ရပ်ပြီးသော် မဟာဗောဓိပင်ကိုမော်၍ ကြည့်၏။

**ဗောဓိပင်မင်း၏တန်ခိုးပြာဋိဟာ**

ထိုအခါ မဟာဗောဓိပင်စည်ကို လည်းကောင်း၊ ဒက္ခိဏသာခါ လက်ယာတောင်ကိုင်းကို အရင်း လေးတောင်မျှကိုလည်းကောင်း မြင်ရ၍ ကြွင်းသော အခက်၊ အလက်၊ အရွက်ဟူသမျှတို့သည် ကွယ်ပျောက်၍ မမြင်ခြင်းသို့ ရောက်လေ၏။

မင်းကြီးသည် ထိုသို့သော တန်ခိုးပြာဋိဟာကိုမြင်လျှင် အလွန်အံ့သြလျက် ပြန့်ပြောသော ပီတိပါမောဇ္ဇသည်ဖြစ်၍ နှစ်သက်လှရကား ဇမ္ဗူဒိပ်ကျွန်းအလုံးကို သိမ်းကျုံးစိုးမိုးရသော မင်း၏ စည်းစိမ်ဖြင့် ပူဇော်တော်မူ၏။ ထိုသို့ပူဇော်ပြီးမှ အရှင်ဗောဓိပင်သည် ဤကျွန်းရပ်ခွင်၌ အရှင်ပြုတော် မူပါဆို၍ အဘိသက်ရေဖြင့် သွန်း၏။ ထိုနောက်မှ ပန်းနံ့သာတို့ဖြင့် လက်ယာရစ်သုံးပတ် လည်ပြီးသော် ရှစ်မျက်နှာ မှနေ၍ ရှိခိုးပူဇော်လျက် လက်အုပ်ချီကာ ငါသည် ဤဗောဓိပင်တောင်ကိုင်းကို ယူထိုက်သည်ဖြစ်အံ့၊

အလုံးစုံသော ဗောဓိပင်ကို ဖူးမြင်ရစေသော်ဟု သစ္စာပြု၏။ ထိုအခါမှ အလုံးစုံသော ပင်စည်၊ ခက်ရွက်တို့ကို မြင်ရလေသတည်း။

ယင်းသို့ မြင်လေရသော် မြေမှသည် လက်ယာတောင်ကိုင်းသို့ ကျအောင် စင်အဆင့်ဆင့်ကို ပြုစေ၍ ထိုစင်၌ ရတနာအင်းပျဉ်ကို ထားလျက် အင်းပျဉ်ထက်၌ ရွှေဖျဉ်းကို တင်ပြီးသော် ရွှေစုတ်ကို ကိုင်၍ ဆေးဒန်းမြင်းသီလာဖြင့် ရေးသားပြီးမှ ဤဗောဓိပင်သည် လက်ာဒီပသို့ ကြွထိုက်သည် ဖြစ်အံ့၊ ငါလည်း ဘုရားသာသနာ၌ ယုံမှားကင်းသော ဥပါသကာမြတ်အဖြစ်သည် အကယ်၍မှန်ပါအံ့၊ ယခုမင်းသီလဖြင့် သားရာမှ ပြတ်၍ ရွှေဖျဉ်း၌ မတ်ရပ်တည်သည် ဖြစ်စေသော ဟု သစ္စာပြု၏။ သစ္စာပြုသည်နှင့် တစ်ပြိုင်နက် ဗောဓိခက်သည် ပြတ်လှာ၍ နံ့သာညွန်ပြောင်းဖြင့် ပြည့်သော ရွှေဖျဉ်း၌ တည်လေသည်။

ထိုဗောဓိခက်သည် ပင်စည်အမြင့်အားဖြင့် ဆယ်တောင်မြင့်၏၊ လေးတောင် လေးတောင်စီရှည်သော ခက်မငါးဖြာတို့သည် အသီးကြီးငါးလုံးတို့ဖြင့် တန်ဆာဆင်အပ်၏။ တစ်ထောင်သော ခက်ငယ်တို့ဖြင့် တင့်တယ်၏။ ဓမ္မာသောကမင်းကြီးလည်း ဗောဓိပင်သစ်က အမြစ် ထွက်စိမ့်သောငှာ နံ့သာညွန့်၏ အထက် လက်လေးသစ်ခန့်ရှိသော အရပ်၌ မြင်းသီလာဖြင့် သားလိုက်သော် ဆယ်ခုသော မြစ်ဖုတို့သည် ရုတ်ချည်းတက်၍ လေးသစ်ခန့်ရှည်လျက် နှစ်သက်ဖွယ် တည်ကုန်၏။ ထိုမူလသစ်၏ အထက်၌ သုံးသစ်စီခွာ၍ ကိုးပတ်ရစ်ပြန်သော် ထိုရစ်ရာဌာနမှ ဆယ်ခုစီသော အမြစ်ဖုတို့သည် ဆင့်ကာ ဆင့်ကာထွက်၍ ရွှေဖျဉ်းကို ထိလျက် အထက်ဆုံး အမြစ်ဆယ်ခုတို့သည် ရွှေဖျဉ်းနှုတ်ခမ်းကို ကုပ်လျက် ပုလဲကွန်ယက်ကဲ့သို့တည်ကုန်၏။

ဤကဲ့သို့ အံ့ဖွယ်သရဲ ထူးတဲသော ပြာဋိဟာကို ဓမ္မာသောကမင်းကြီး မြင်လျှင် ရတနာအင်းပျဉ်ထက် ရပ်နေလျက်ပင် ထက်ဝန်းကျင်သော ပရိသတ်တို့ ကြားရလောက်အောင် အားရဝမ်းမြောက်သော အသံဖြင့် ကြွေးကြော်၏။ ဝန်းရံကာနေကြသော သံဃာတော် အပေါင်းတို့လည်း သောင်းသောင်းညာမျှ သာဓု ခေါ်ကုန်၏။ အလုံးစုံသော ရဲမတ်ဗိုလ်ပါတို့သည်လည်း ဝမ်းသာသောအသံဖြင့် အလွန်ကြွေးကြော်ခြင်း၊ ပုဆိုးမြှောက်ခြင်း၊ ဦးရစ်မြှောက်ခြင်း၊ ပန်းပေါက်ပေါက်ကျဲခြင်းကို ပြုကြကုန်၏။ ဘုမ္မစိုးနတ်ကို အစပြု၍ ဗြဟ္မာပြည်တိုင်အောင် ပဲ့တင်ဟီးမျှ ကောင်းချီးညာသော အသံသည် ဖြစ်၏။

ဓမ္မာသောကမင်းကြီးလည်း အတိုင်းထက်အလွန် ကြက်သီးဖုန်မျှ နှစ်သက်လှသော ဖရဏာပီတိကို ရလျှက် လက်အုပ်ချီကာ ပူဇော်၏။ ယင်းသို့ ပူဇော်စဉ်ပင်လျှင် ဗောဓိပင်၏အမြစ်သည် အရင်းပင်မကဲ့သို့ တစ်ရာမျှလောက် အမြစ်တို့သည် ယှက်ထွက်၍ ရွှေဖျဉ်းပြည့်လျက် တည်လေ၏။

ထိုအခါ မဟာပထဝီမြေကြီးလည်း ကောင်းချီးပေးသံဖြင့် တုန်လှုပ်၏။ ထက်ဝန်းကျင်သော

ကောင်းကင်မှမြည်လျက် နတ်စည် နတ်မောင်းသံတို့ဖြင့် လည်းကောင်း၊ တောင်တို့၏ ညွတ်ခြင်း၊ နတ်တို့၏ ကောင်းချီးပေးခြင်း၊ ဘီလူးတို့၏ ဟေးလားဟစ်ခြင်း၊ နတ်အသူရာတို့၏ ကြော်ငြာခြင်း၊ ဗြဟ္မာတို့၏ လက်ပန်းခတ်ခြင်း၊ အခါမဲ့မိုး၏ ထစ်ပြမ်းကြိုးညံခြင်း၊ အခြေလေးချောင်းရှိသော တိရစ္ဆာန်တို့၏ မြည်တွန်းခြင်း၊ အလုံးစုံသော စည် စောင်း ပတ်သာ တူရိယာတို့သည် ထင်ရှား အသံဖြစ်ခြင်းတည်းဟူသော တစ်ပြိုင်နက် အုတ်အုတ်ကျက်ကျက်သော အသံသည် ညံမစဲမှု ဖြစ်လေသတည်း။ ထိုအခါ ဒက္ခိဏသာခါ၏ ငါးဖြာသော ခက်သေးခက်တို့မှလည်းကောင်း၊ ငါးလုံးသော အသီးတို့မှလည်းကောင်း၊ အညို၊ အရွှေ၊ အနီ၊ အဖြူ၊ အမောင်း၊ အနက် ပြိုးပြိုးပြက်သော ရောင်ခြည်ခြောက်သွယ်တို့သည် ထွက်၍ စကြဝဠာတိုက် အလုံးကို လွှမ်းဖုံးမြေးယှက်လျက် အထက်ဗြဟ္မာပြည်တိုင်အောင် ရောက်လေ၏။

ထိုနောက်မှ ရွှေဖျဉ်းနှင့်တကွသော ဗောဓိပင်သည် ရတနာအင်းဖျဉ်မှ ကောင်းကင်သို့ပျံတက်၍ ခုနှစ်ရက်ပတ်လုံး လူတို့မမြင်ဘဲ ဆီးနှင်းတိမ်တိုက်သို့ဝင်၍ တည်၏။ ဓမ္မာသောကမင်းကြီးလည်း ရတနာအင်းဖျဉ်မှ သက်ခဲ့၍ ခုနှစ်ရက်ပတ်လုံး ထိုဗောဓိပင်ရင်း၌သာနေ၍ တံခွန်၊ ကြက်လျှာတို့ဖြင့် များစွာသော ပူဇော်ခြင်းကို ပြု၏။ ခုနှစ်ရက်လွန်သောအခါ အုပ်လွှမ်းလာသော တိမ်မြူဆီးနှင်းတို့သည် စင်ကြယ်ခြင်းဖြစ်လေရကား၊ ထွက်သွားသော ရောင်ခြည်တော်တို့သည် ပြန်လည်လာဘိ၍ ဗောဓိပင်သို့သာ ဝင်လေကုန်၏၊ ကောင်းကင်သည် သန့်စင်သည်ရှိသော် ပင်စည်၊ အကိုင်း၊ အခက်၊ အရွက်၊ အသီးတို့နှင့်တကွ နှလုံးမွေ့လျော်ဖွယ်ရှိလှသော ဗောဓိပင်သည် ရွှေဖျဉ်း၌ တည်သည်ကို အလုံးစုံသော လူအများတို့ ထင်ရှားမြင်ရလေသတည်း။

ယင်းသို့ အထူးထူးသော တန်ခိုးပြာဋိဟာဖြင့် များစွာသော လူအပေါင်းတို့၏ အံ့ဖွယ်သရဲ ဖြစ် စေလျက် အင်းဖျဉ်ထက်၌တည်သော ဗောဓိပင်ကို မြေသို့သက်စေ၍ ထိုသို့ပြအပ်သော တန်ခိုးပြာဋိဟာ၌ လွန်စွာ နှစ်သက်ခြင်း ရှိရကား၊ ဇမ္ဗူဒိပ်ကျွန်း အလုံးကို သိမ်းကျုံး၍ရသော မင်း၏စည်းစိမ်ဖြင့် တစ်ဖန် ပူဇော်၍ အဘိသိက်သွန်းခြင်းကို ပြုပြန်၏။ ထို့နေမှစ၍ အထူးထူးသော ပူဇော်ခြင်းတို့ဖြင့် ပူဇော်ချီးမြှောက်လျက် ခုနှစ်ရက်ပတ်လုံး ဗောဓိပင်ရင်း၌ပင် နေတော်မူသည်။

ဤသို့လျှင် ဓမ္မာသောကမင်းကြီးသည် သီတင်းကျွတ်လဆန်း တစ်ဆယ့်ငါးရက် လပြည့်နေ့ညချမ်းအခါ၌ ပူဇော်နေစဉ် မဟာဗောဓိဒက္ခိဏသာခါသည် မူလပင်ရင်းမှ ရွှေဖျဉ်းသို့သက်၍ တည်သည်။ ထို့နောက် ဆီးနှင်းတိမ်တိုက်သို့ ဝင်၍ တည်သည်၊

ခုနှစ်ရက်မြေသို့ သက်၍ အထူးထူးသော ပူဇော်ခြင်းတို့ဖြင့် ပူဇော်သည်။ ခုနှစ်ရက်အားဖြင့် သီတင်းကျွတ် လကွယ်နေ့သို့ ကျသောအခါ တစ်နေ့ချင်းဖြင့်လျှင် ပါဋလိပုတ်ပြည်သို့ ဆောင်၍ တင့်တယ်စွာ

တန်ဆာဆင်အပ်သော မဏ္ဍပ်ကြီးကို ဆောက်လုပ်စေလျက် တန်ဆောင်းမုန်းလဆန်း တစ်ရက်နေ့၌ ပါဋလိပုတ်ပြည်၏ အရှေ့မျက်နှာ သာယာတင့်တယ် ကြီးကျယ်လှသော အင်ကြင်းပင်ရိပ်၌ထား၍ နေ့တိုင်း နေ့တိုင်း များစွာသော ပူဇော်သက္ကာရတို့ဖြင့် ပူဇော်ခြင်းကိုပြု၏။ ထိုဗောဓိပင်ပျိုးသည် ဖြတ်ယူသည်မှ တစ်ဆယ့်ခုနစ်ရက်မြောက်ကျသော တန်ဆောင်းမုန်းလဆန်း သုံးရက်တိုင်သောအခါ အညွန့်သစ်တို့သည် ထွက်ပေါ်လာသောကြောင့် ဓမ္မာသောကမင်းကြီးသည် အလွန်ဝမ်းမြောက်ရကား ထိုဗောဓိပင်ကို မင်း၏ စည်းစိမ်ဖြင့် တစ်ဖန် ပူဇော်ပြန်၏။ ထိုနောက်မှလည်း မပြတ်ရေသွန်းလျက် ပြည်သူပြည်သားတို့လည်း များစွာပူဇော်ကြသဖြင့် တန်ဆောင်းမုန်းလပြည့်နေ့ ရောက်သောအခါ မြေတော် သုမဏာသာမဏေသည် ဓာတ်တော်ကို ယူခြင်းငှာ ကြွလာသောကာလ ထိုဗောဓိပင်ကို မြင်ရသတည်း။

## ဒက္ခိဏသာခါ လက်ယာတောင်ကိုင်းဗောဓိပင်ကို သီဟဠကျွန်းသို့ ပင့်ဆောင်ခြင်း

**အစောင့်အရှောက်**

ဓမ္မာသောကမင်းကြီးလည်း ထိုဗောဓိပင်ကို စောင့်ရှောက်စိမ်သောငှာ တစ်ကျိပ်ရှစ်ယောက်သော နတ်မျိုးတို့ကိုလည်းကောင်း၊ ရှစ်ယောက်သော အမတ်မျိုး၊ ရှစ်ယောက်သော ပုဏ္ဏားမျိုး၊ ရှစ်ယောက်သော သူဌေးမျိုး၊ ရှစ်ယောက်သော ဘဏ္ဍာထိန်းမျိုးတို့ကိုလည်းကောင်း၊ ရှစ်ယောက်-ရှစ်ယောက်စီသော နွားကျောင်းမျိုး၊ ဆိတ်ကျောင်းမျိုး၊ ရက်ကန်းသည်မျိုး၊ အိုးထိန်မျိုးအစရှိသော အမျိုးတို့ကိုလည်းကောင်း၊ နဂါးဘီလူးတို့၏ အမျိုးတို့ကိုလည်းကောင်း ပေးတော်မူ၍ ရှေးဦးစွာ မဟာဗောဓိပင်ကို ဂင်္ဂါမြစ်၌ လှေဖြင့် တင်ပြီးလျှင် သမီးတော် သင်္ဃမိတ္တာထေရီကိုလည်း (တစ်ကျိပ် တစ်ယောက်သော ရဟန်းမိန်းမတို့နှင့် တကွ) ထိုဗောဓိပင်ကို တင်သောလှေ၌ တက်စေ၍ သီဟိုဠ်မှလာသော အရိဋ္ဌ အမတ်အမှူးရှိသော သူတို့ကိုလည်း ထိုလှေ၌ပင်စီးစေ၍ ပါဋလိပုတ်ပြည်မှ ထွက်ပြီးသော ဝိဥ္ဈာဋဝီ မည်သော တောအုပ်ကို လွန်၍ ခုနစ်ရက်ဖြင့် ပင်လျှင် တာမလိတ္တိမည်သော သင်္ဘောဆိပ်သို့ ရောက်၏။

ထိုအခါ သမုဒ္ဒရာ၏အနီး၌ တည်ကုန်သော နတ်တို့သည်လည်းကောင်း၊ နဂါးတို့သည်လည်းကောင်း၊ လူတို့သည်လည်းကောင်း၊ လွန်မြတ်ကုန်သော ပူဇော်ခြင်းတို့ဖြင့် ပူဇော်ကုန်လျက် ခုနစ်ရက်ပတ်လုံး ဆည်းကပ် စည်းဝေးလာကုန်သည်။ ဓမ္မာသောကမင်းတရားသည် သမုဒ္ဒရာ၏ကမ်းနား၌ ဗောဓိပင်ကို ထားတော်မူ၍ တဖန် မြတ်သော မင်းစည်းစိမ်ဖြင့် ပူဇော်၍ အဘိသိက်သွန်း၏။ ထိုသို့သွန်းပြီးလျှင် နတ်တော်လဆန်း တစ်ရက်နေ့၌ သမုဒ္ဒရာကမ်းနားမှသည် သင်္ဘောလှေသို့ တင်ခြင်းငှာ ယခင်အင်ကြင်းပင်ရင်း၌ လျှုအပ်ခဲ့ကုန်

သော အမျိုးနှင့်ပြည့်စုံသော အမတ်ပုဏ္ဏားအစရှိသည့်တို့ကို ကြွချီစေ၍ သင်္ဘောထက်သို့ တင်သည်။ မင်းလည်း သမုဒ္ဒရာရေသို့ လည်ပင်းနစ်အောင် ဆင်း၍ ရှိုးလျက် လိုက်ပြီးလျှင် အရိဋ္ဌအမတ်အား ဤသို့မှာတော်မူသည်။

မှာတမ်း

" အမောင်အရိဋ္ဌ၊ ငါသည် မဟာဗောဓိပင်ကို မင်း၏စည်းစိမ်ဖြင့် သုံးကြိမ်တိုင်အောင် ပူဇော်အပ်ပြီ၊ ဤအတူ ငါ၏အဆွေတော်ဖြစ်သော ဒေဝါနံပိယတိဿမင်းသည်လည်း ပူဇော်ပါစေ၊ ငါသည် သမုဒ္ဒရာရေသို့ဆင်း၍ လည်ပင်းထိနစ်အောင် လိုက်၍ပို့သည်။ ငါနှင့်ထပ်တူ ဒေဝနံပိယဿမင်းသည်လည်း၊ လည်ပင်းနစ်မြှုပ်သောရေသို့ ဆင်း၍ကြိုပါစေ" ဟုမှာတော်မူ၍ လှေသင်္ဘော ထွက်သောအခါ ဓမ္မာသောကမင်းကြီးလည်း သမုဒ္ဒရာကမ်းနား၌ လက်အုပ်ချီလျက် ရပ်၍ ကြည့်မျှော်ပြီးလျှင် အို. . လူများအပေါင်းတို့ အားတော်ဆယ်တန်၊ ဉာဏ်တော်ဆယ်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် သက်တော်ထင်ရှား ရှိသကဲ့သို့. ရောင်ခြည်တော်ကွန်ယက်ကို ထွက်အောင် လွှတ်ပေးတတ်သော အဿတ္ထဒုမရာဇာ မဟာဗောဓိပင်မင်းသည် ငါတို့ကို ပစ်ထား၍ သွားခဲ့လေပြီတကားဟု ဆို၍ မျက်ရည်ယိုတော်မူ၏၊ မင်းကြီးသည် ကြည်ညိုခြင်း ပြင်းလှသဖြင့် ဗောဓိပင်နှင့်ကွေ့ကွင်းခြင်း ဒုက္ခကြောင့် သောကပရိဒေဝမီးသည် ကြီးစွာလောင်လတ်ရကား ငိုကြွေးမြည်တမ်းလျက်သာ ပါဋလိပုတ်ပြည်သို့ ပြန်တော်မူပါသည်။

**ဗောဓိပင်ကို နဂါးပြည်သို့ ဖြတ်၍ပင့်ဆောင်ခြင်း**

မဟာဗောဓိတင်သော သင်္ဘောလှေသည် သမုဒ္ဒရာ အပြင်သို့ သွားသော် ထက်ဝန်းကျင် တစ်ယူဇနာခန့်ရှိသော အရပ်၌ လှိုင်းတံပိုးသည် ငြိမ်သက်၍ အင်းဖျဉ်ထက်၌ရှိသော ရေကဲ့သို့ဖြစ်၍ လှေ၏ ထက်ဝန်းကျင်မှ အဖြူ၊ အနီ၊ အညို၊ အပြာ၊ အဝါ ငါးဖြာသော အဆင်းရှိကုန်သော ပဒုမ္မာကြာတို့သာလျှင် ပွင့်ကာ ပွင့်ကာ တည်ကုန်၏၊ ကောင်းကင်အရပ်မှ နတ်တို့၏ စည်သံ၊ စောင်းသံ၊ တူရိယာအသံတို့သည် တညံညံ မည်ကုန်၏။ ထိုလက်ဝဲလက်ယာ ရှေ့နောက်မှပင် များစွာသော နတ်တို့၏ ပူဇော်ခြင်းသည် ဖြစ်၏၊ သမုဒ္ဒရာ၏ အတွင်း၌နေသော နဂါးတို့သည်လည်း ဗောဓိပင်ကို ယူအံ့သောငှာ တန်ခိုးဖန်ဆင်းလျက် ဝန်းရံလာကုန်၏။ ထိုအခါ ခြောက်ဖြာသော အဘိညာဉ်တန်ခိုးကို အစိုးရသော သင်္ဃမိတ္တာ ထေရီသည် ဂဠုန်ငှက်၏ အသွင်ကို ဆောင်လျက် အထောင် အသောင်းမျှလောက်သော နဂါးတို့ကို ဟန့်တားခြိမ်းခြောက်၏။

ထိုအခါ တန်ခိုးကြီးစွာသော နဂါးတို့သည် ထေရီအား လျှောက်ထားတောင်းပန်ပြီးလျှင် မိမိတို့၏နေရာ နဂါးပြည်ရွာသို့ ဗောဓိပင်ကို ဆောင်၍ သွားကြ၏။ နဂါးတို့လည်း ခုနစ်ရက်ပတ်လုံး နဂါးပြည်၌ဖြစ်သော မင်း၏ ချမ်းသာဖြင့်လည်းကောင်း၊ အထူးထူးအပြားပြား များစွာသော ပူဇော်ခြင်းတို့ဖြင့်လည်းကောင်း၊ ပူဇော်ကြပြီးလျှင် တင်ခဲ့သော သင်္ဘောလှေ၌ ထားကုန်လေ၏။ ဗောဓိပင် သင်္ဘောထက်သို့ ရောက်သောနေ့မှာပင်လျှင် သီဟိုဠ်ကျွန်း ဇမ္ဗုကောလ သင်္ဘောဆိပ်သို့ ကပ်လေသည်။

ဗောဓိပင်ကို ကြိုဆိုခြင်း

လူတို့၏စီးပွားကို ရှာခြင်း၌ လွန်စွာမွေ့လျော်သော ဒေဝါနံပိယတိဿ မင်းကြီးသည်လည်း အရှင်သုမဏသာမဏေ ပြောဆိုသောစကားကို ကြားဖူးသည်နှင့် နတ်တော်လဆန်း တစ်ရက်နေ့မှစ၍ အနုရာဓမြို့မြောက်တံခါးမှသည် ဇမ္ဗုကောလ သင်္ဘောဆိပ်တိုင်အောင် ခရီးကို သုတ်သင်ကာ တန်ဆာဆင်ယင်၍ မြို့မှထွက်ပြီးလျှင် မြို့တံခါး၏ အနီးဖြစ်သောအရပ်၌ ဗောဓိပင်ကို အရှင်မဟိန္ဒ၏ တန်ခိုးတော်ကြောင့် ထင်စွာမြင်လေသော် အလွန်ရွှင်လန်းသောစိတ် ရှိရကား အလုံးစုံသောခရီးကို အဆင်းငါးပါးရှိသော ပန်းတို့ဖြင့်ကြဖြန့်လျက် လက်ဝဲလက်ယာမှ ကာရံမှတ်သားထားပြီးလျှင် အကြားအကြား၌ ပန်းစေတီတို့ကို ထား၍ တစ်နေ့ချင်းရောက်အောင် သင်္ဘောဆိပ်သို့ သွား၏။

အလုံးစုံသော တီးမျိုး မှုတ်မျိုးတို့ဖြင့်ခြံရံကာ ပန်းနံ့သာ အခိုးအထုံတို့ဖြင့် ပူဇော်လျက် လည်ပင်းမျှရှိလောက်သော ရေသို့ဆင်းသက်၍ အချင်းတို့. . ဘုရားကိုယ်တော်ကဲ့သို့ ရောင်ခြည်တော် ကွန်ယက်ကိုလွှတ်ထွက်စေတတ်သော ဗောဓိပင်မင်းသည် ငါတို့နေရာသို့ ကြွခဲ့ပြီတကားဟု အားရဝမ်းသာဆိုလျက်ဗောဓိပင်ကို ရုံလျက် ပါလာသော ဇာတိသမ္ပန္နဖြစ်သော တစ်ဆယ့် ခြောက်မျိုးသော လူတို့ကို ချီမစေလျက်မင်းကြီးသည် ဦးခေါင်းဖြင့်ရွက်၍ ကမ်းထက်သို့တင်လျှင် မဏ္ဍပ်၌ တင့်တယ်စွာထား၍ သီဟုဠ်ကျွန်း၌ မင်း၏အဖြစ်အဖြင့် ပူဇော်၏။ ဗောဓိပင်၏ အလုပ်အကျွေးဖြစ်သော တစ်ဆယ့်ခြောက်မျိုးသော လူတို့အား မင်းအဖြစ်ကို သုံးရက်ပတ်လုံး အပ်နှင်း၍ မိမိသည် တံခါးစောင့်အရာ၌သာ တည်၏။

နတ်တော်လဆန်း ဆယ်ရက်နေ့သို့ ရောက်သောအခါ ထမ်းဆောင်ခြင်းငှာ ကောင်းစွာစီရင်၍သစ်ပင်တကာတို့၏ မင်းဖြစ်သော မဟာဗောဓိပင်ကို ဆောင်ယူပြီးလျှင် အနုရာဓမြို့၏ အရှေ့မျက်နှာသာယာသောအရပ်၌ထား၍ ပြည်သူပြည်သားတို့ကို ပူဇော်စေပြီးမှ သံဃာတော်နှင့်တကွသော လူအပေါင်းတို့အား ထမင်းနံနက်စာ စားစေ၍ အရှင်မဟိန္ဒထေရ်မြတ်သည် မင်းနှင့်တကွသော ပရိတ်သတ်တို့အားငါတို့မြတ်စွာဘုရားသည် ဘုရားဖြစ်စအခါကပင် နာဂဒီပသို့ ကြွတော်မူ၍ စူဠောဒရ၊ မဟောဒရ နဂါးတို့အားတရားဟောပြော၍ ဆုံးမတော်မူသော အကြောင်း။ ခုနှစ်ပါးသောအရပ်၌ သမာပတ်ဝင်၍ နေတော်မူသောအကြောင်းတို့ကို အကြွင်းမဲ့ဟောတော်မူ၍ ကြားနာရလျှင် ဒေဝါနံပိယတိဿမင်းကြီးသည် ငါတို့ဘုရားသခင်သည် ထိုင်တော်မူခြင်းငှာ သမာပတ်ဝင်၍ သုံးဆောင်တော်မူခြင်းကို ပြုရာဌာနတို့ကို မှတ်သားစေပြီးသော် သမာပတ်ဝင်တော်မူရာ "တိဝက္က" မည်သော ပုဏ္ဏား၏ ရွာတံခါး၌လည်းကောင်း၊ ထိုထိုသောအရပ်တို့၌လည်းကောင်း၊ မဟာဗောဓိကို ထားစေ၍ ထိုအရပ်မှသည် လျောက်ပတ်တင့်တယ် စင်ကြယ်သောသဲတို့ဖြင့်ခင်းထားလျက် အထူးထူးသော ရေပန်း ကြည်းပန်းတို့ဖြင့် ရောပြွမ်းကြဲဖြောက်လျက် ဆောင်အပ်သော

ပန်းတံခွန်ရှိသော ပန်းထီး ပန်းစေတီတို့ဖြင့် တင့်တယ်စွာ တန်ဆာဆင်အပ်သော ခရီးဖြင့်ဆောင်၍ နေ့ညဉ့် မပြတ် မဖျင်းမရိ ပူဇော်ကြလျက် နတ်တော်လဆန်းတဆယ့်လေးရက်နေ့သို့ ရောက်သောအခါ အနုရာဓမြို့၏ အနီးသို့ဆောင်လာ၍ ထိုနေ့ မွန်းယိမ်းအခါတွင် တင့်တယ်စွာ တန်ဆာဆင်အပ်သော မြို့၏ မြောက်တံခါးဖြင့် သွင်း၏။ မြို့တွင်းအလယ်သို့ဆောင်၍ တောင်တံခါးဖြင့် ထွက်ပြီးလျှင် ထူပါရုံစေတီ၏ အနောက်မျက်နှာအလွန် သာယာသော မဟာမေဃဝန် ဥယျာဉ်၏အတွင်း ဘုမနသာဓကော၏ စတားဖြင့် သန့်ရှင်းတင့်တယ်လှသော ရှေးဘုရား သုံးဆူတို့၏ ဗောဓိပင်တည်ဖူးရာ ဌာနသို့ဆောင်၍ တင့်တယ်စွာ တန်ဆာဆင်အပ်တုန်သော တစ်ကျိပ်ခြောက်ဦးသော အမျိုးသားတို့ ချီမလျက် ရွှေဖျဉ်းနှင့်တကွ မြေတွင်စိုက်ခြင်းငှာ သာယာစွာ လွှတ် ကြကုန်၏။

**ဗောဓိပင်၏တန်ခိုးပြာဋိဟာ**

ယင်းသို့ လူလက်မှ လွှတ်လေလျှင် ထိုဗောဓိပင်သည် ကောင်းကင်သို့ ပျံတက်၍ အတောင်နှစ် ဆယ်လောက်ရှိသော အရပ်၌တည်လျက် ပင်စည်၊ ကိုင်းကြီး၊ အသီး၊ အရွက်၊ ခတ်သေး၊ ခက်မြွာတို့မှ ပြာ၊ ဝါ၊ စိမ်းလဲ့ နဂါးသွဲ့အတူ ဖြူချည် နီချည် အရည်ဒီးဒီး ယိုစည်းမည့်သဖွယ် ခြောက်သွယ်သော ရောင်ခြည် တို့သည် ထွက်ကုန်၏။

လူအားလုံးတို့ ရွှင်ပြုံးမွေ့လျော်ဖွယ် အသွယ်သွယ် ထွန်းပသော ရောင်ခြည်တို့သည် နေဝင်သည့် တိုင်အောင် ထွက်ထွန်း၍ သီဟိုဠ်ကျွန်း အလုံးကို လွှမ်းဖုံးပြန့်နှံ့ပြီးမှ ဗြဟ္မာပြည်တိုင် အောင်တက်လေကုန်၏။ နေဝင်သောအခါ ထိုမဟာဗောဓိပင်သည် ကောင်းကင်မှ သတ်ဆင်း၍ တွင်း၌တည်လေ၏။ သင်းသို့ တည်သောအခါ မဟာပထဝီမြေကြီးသည် ကောင်းချီးပေးသဖြင့် တုန်လှုပ်၏။ ထိုဗောဓိသာခါမှ တရာသောအမြစ်တို့သည်လည်း ရွှေဖျဉ်းကို ဖြေးယှက်ကုန်လျက် မြေသို့သက်လေကုန်၏။ ယင်းသို့မြေ၌ တည်သောအခါ များစွာသောလူအပေါင်းတို့သည် သောင်းသောင်းဖြာမျှ စည်းဝေးလျက် ဝန်းနံ့သာတို့ဖြင့် များစွာ ပူဇော်ကြကုန်သတည်း။

ဗောဓိပင် မြေသို့ရောက်၍ နှစ်ရက်မြောက်သောအခါတွင် ထက်ဝန်းကျင်သော အရပ်မှ အထပ်ထပ်သော တိမ်တိုက်တို့သည် တက်၍ မိုးကြီးသည်းထန်စွာ ရွာ၏။ လွှမ်းခြုံကာ ခုနစ်ရက်ပတ်လုံး တည်သဖြင့် လူတို့မမြင်ရခြင်းသို့ ရောက်လေ၏။ ခုနစ်ရက်လွန်သောအခါ ဆီးနှင်းတိမ်လွှာတို့ တင်းသဖြင့် သန့်ရှင်းစင်ကြယ်ရလှတား ခြောက်ပါးသော ရောင်ခြည်နှင့်တကွ ထွန်းပလျက်တည်သော ဗောဓိပင်ကို ဖူးမြင် ကြရကုန်သတည်း။

ထိုဗောဓိပင်၏ တန်ခိုးပြာဋိဟာ၌ လွန်စွာကြည်ညိုကုန်ရကား တစ်ထောင်မျှလောက်သော ယောကျ်ား တို့သည် ဝိပဿနာတရားကို အားထုတ်သဖြင့် အရဟတ္တဖိုလ်သို့ ရောက်ကြလေကုန်၏။

ရဟန်းသံဃာ အရံနှင့်တကွသော မဟာမဟိန္ဒထေရ်သည် လည်းကောင်း၊ ဘိက္ခုနီ သံဃာအရံနှင့်တကွသော သင်္ဃမိတ္တာထေရီသည်လည်းကောင်း၊ မှူးမတ်အရံနှင့်တကွသော ဒေဝါနံပိယတိဿမင်းသည် လည်းကောင်း၊ မဟာဗောဓိပင်ကို ပူဇော်ခြင်းငှါ ကပ်လှာကြကုန်၏။

**ဗောဓိ ၈ – ပင်**

ကာဇရရွာကို အစိုးရသောမင်းတို့သည်လည်းကောင်း၊ စန္ဒနရွာကို အစိုးရသောမင်း တိဝက္ကပုဏ္ဏားတို့သည်လည်းကောင်း၊ ထိုမှတပါး ထင်ရှားသော သီဟိုဠ်ကျွန်းသားတို့သည် လည်းကောင်း၊ ဗောဓိပင်ကို ဖူးမြင်ပူဇော်ခြင်းငှါ လာရောက်ကြကုန်လျှင် ဗောဓိပင်၏ အကိုင်း၌ သီးသော သီးမှည့်တစ်လုံးသည် ကြွေကျလာလာသတည်း။ မဟာမဟိန္ဒထေရ်မြတ်သည် ထိုသီးမှည့်ကိုယူ၍ စိုက်စိမ့်သောငှာ ဒေဝါနံပိယတိဿမင်းအား ပေးတော်မူ၏။ မင်းကြီးလည်း မွန်မြတ်သော နေရာမှမြေကိုယူ၍ ရွှေဖျဉ်း၌ထည့်ပြီးလျှင် နံ့သာရေဖြန်းလျက် စိုက်တော်မူသော် လူအပေါင်းတို့ ကြည့်ကြကုန်စဉ်ပင် အပင်ငယ်တို့သည်ပေါက်၍ ရှစ်ခုသော အညွန့်တို့သည် ဖြစ်ကုန်၏။ ထိုရှစ်ပင်သော ဗောဓိပင်ပျိုတို့သည် နတ်တို့အာနုဘော်ကြောင့် တစ်နေ့ တစ်ညဉ့်ခြင်းဖြင့်ပင်လျှင် လေးတောင်မျှလောက် အတိုင်းအရှည်ရှိကုန်၏။ ယင်းသို့ အံ့ဖွယ်သရဲ ထူးကဲစွာ ဖြစ်လာသည်ကိုမြင်၍ အလွန်ပင် ကြည်ညိုသော စိတ်ရှိရကား ဒေဝါနံပိယတိဿမင်းကြီးသည် ထီးဖြူဖြင့်ပူဇော်၍ အဘိသိက် သွန်းခြင်းကို ပြု၏။ ထိုရှစ်ပင်သော ဗောဓိပင်ပျိုတို့ကို တစ်ပင် တစ်ပင်စီခွဲ၍ -

(၁) တစ်ခုသော အပင်ကို ဇမ္ဗုလောကမည်သော သင်္ဘောဆိပ်၌ သင်္ဘောမှချ၍ ဒက္ခိဏာသာခါ ဗောဓိပင်ကို ထားရာဖြစ်သော နေရာ၌စိုက်စေသည်။

(၂) တစ်ပင်ကို တိဝက္ကပုဏ္ဏားရွာ၌ စိုက်စေသည်။

(၃) တစ်ပင်ကို ထူပါရုံစေတီအနီး၌ စိုက်စေသည်။

(၄) တစ်ပင်ကို ဣဿရသာမဏာဟု ဆိုအပ်သော ကဿကဂိရိကျောင်း၌ စိုက်စေသည်။

(၅) တစ်ပင်ကို စေတိယင်္ဂဏ ပဌမစေတီယ အပြင်၌ စိုက်စေသည်။

(၆) တစ်ပင်ကို စေတိယတောင်ကျောင်း၌ စိုက်စေသည်။

(၇) တစ်ပင်ကို ကာဇရရွာ၌ စိုက်စေသည်။

(၈) တစ်ပင်ကို စန္ဒနရွာ၌ စိုက်စေသည်။

ဤသို့လျှင် ရှစ်ပင်သော ဗောဓိပင်ပျိုတို့ကို စိုက်ထားပြီး၍ ကြွင်းသောအသီးလေးလုံးမှ ဖြစ်သော ဗောဓိသုံးဆယ့်နှစ်ပင်တို့ကိုလည်း အထက်ဝန်းကျင် တစ်ယူဇနာကွာသော ကျောင်းရပ်တို့၌ စိုက်စေကုန်သတည်း။

အနုဠာဒေဝီမိဖုရားသည်လည်း အခြံအရံဖြစ်သော မိန်းမတစ်ထောင်နှင့်တကွ သယ်မိတ္တာထေရီ၏ အထံ၌ ရဟန်းပြု၍ မကြာမီပင်အရဟတ္တဖိုလ်သို့ ရောက်ကြကုန်သည်။ မင်း၏တူတော်ဖြစ်သော အရိဋ္ဌ မတ်သည်လည်း၊ ယောကျာ်းအရံငါးရာနှင့်တကွ မဟာမဟိန္ဒထေရ်၏အထံ၌ ရဟန်းပြု၍ အရဟတ္တဖိုလ် ရောက်ကြလေသတည်း။ ဗောဓိပင်ကို သီဟိုဠ်ကျွန်းသို့ ဆောင်လာသောရှစ်ယောက်သော သူဌေးမျိုးတို့ကို ဗောဓာဟရသူဌေးမျိုးဟု ခေါ်ဆိုကုန်၏။

ပြသာဒ်သုံးဆောင်

သယ်မိတ္တာထေရီသည်လည်း မိမိ၏တပည့်မဖြစ်သော ဘိက္ခုနီအပေါင်းနှင့်တကွ ဥပါသိကာဝိဟာရ ဟူ၍ သမုတ်ကြသော ထိုရဟန်းမိန်းမတို့၏ ကျောင်း၌နေတော်မူ၏။ထိုအခါ ဒါယကာတို့သည် စူဠင်္ဂဏ မည်သောပြသာဒ်၊ မဟာင်္ဂဏ မည်သောပြသာဒ်၊ သိရိဝဍ္ဎမည်သော ပြသာဒ်အားဖြင့် ပြသာဒ်ကြီးသုံးဆောင် အစရှိကုန်သော တစ်ဆယ့်နှစ်ဆောင်ကုန်သော ပြသာဒ်တို့ကို ဆောက်လုပ်စေ၏။ ထိုပြသာဒ်ဆောင်တို့တွင် တစ်ဆောင်သော စူဠင်္ဂဏပြသာဒ်၌ မဟာဗောဓိဆောင်ခဲ့သော လှေ၏ လင်းယဥ်တိုင်ကို ထားစေသည်။ မဟာင်္ဂဏ မည်သော ပြသာဒ်ကြီး၌ ထိုလှေ၏ တက်ကိုထားစေသည်။ သိရိဝဍ္ဎမည်သော ပြသာဒ်ကြီး၌ တွန်းဝါး တက်ငယ်တို့ကိုလည်းကောင်း၊ ကြိုးရွက်တို့ကိုလည်းကောင်း ထားစေသည်။ ထို့ကြောင့် ပြသာဒ်တို့သည် လင်းယဥ်တိုင်ပြသာဒ်၊ တက်မပြသာဒ်၊ တွန်းဝါးပြသာဒ် ဟူ၍လည်း ထင်ရှားကုန်သတည်း။ ထိုတစ်ဆယ့်နှစ် ကျောင်းတို့သည် တပါးသော ဂိုဏ်းဖြစ်သော်လည်း၊ ဟတ္ထဠကကျောင်း၌ နေကုန်သော ရဟန်းမိန်းမတို့သည် အခါခပ်သိမ်း သုံးဆောင်ကြကုန်၏။

သယ်မိတ္တာထေရ်ရီမ ကျောင်းပြောင်းခြင်း

ဒေဝါနံပိယတိဿမင်း၏ မင်္ဂလာဆင်တော်သည်လည်း၊ ထိုအတိုင်း ကျက်စားလှည့်လည်းသည်ရှိသော် အနုရာဓမြို့၏ နံပါးတစ်ဖက်ဖြစ်သော ချောင်းနား၌ ချမ်းအေးသော (ဆူးရစ်ချုံ)တွင် ကျက်စား၍ နေစမှတ် ပြုသော် ဆင်တော်သည် ဤအရပ်၌ မွေ့လျော်သည်ဟု သိကြ၍ ထိုအရပ်၌ ချည်တိုင်ပြုကြ၏။ ထိုအခါ မင်္ဂလာဆင်တော်သည် အစာကိုလည်းကောင်း၊ ရေကိုလည်းကောင်း၊ မယူမလှမ်းဘဲ နွမ်းညှိုးသော မျက်နှာဖြင့် သာနေ၏။ ဒေဝါနံပိယတိဿမင်းလည်း အရှင်မဟိန္ဒရ်အား ဤ ဆင်သည် အဘယ်သို့ စိတ်အလိုရှိပါသနည်းဟု လျှောက်၏။ မထေရ်မြတ်ကလည်း " မင်းကြီး ဆင်တော်သည် ဤဆူးရစ်ချုံ၌ စေတီတည်ခြင်းကို အလိုရှိသည်" ဟု မိန့်တော်မူသည်။ ပြည်သူ လူ ရဟန်းတို့၏ စီးပွားချမ်းသာဖြစ်ဖို့ရာ၌ လွန်စွာ အလိုရှိသော ဒေဝါနံပိယ တိဿမင်းကြီးလည်း၊ ထိုဆင်တော် အလိုရှိရာအရပ်၌ ဓာတ်တော်နှင့်တကွသော စေတီကို လည်းကောင်း၊ လျင်စွာတည်စေ၍ သယ်မိတ္တာ ထေရီသည်လည်း မိမိသီတင်းသုံးရသော ဥပါသိကာဝိဟာရသည် များစွာသော

ပရိသတ်တို့နှင့် ပြွမ်းသည်၏ အဖြစ်ကြောင့် ဆိတ်ငြိမ်သောကျောင်းကို အလိုရှိသည်ဖြစ်၍ လည်းကောင်း၊ သာသနာတော်၏ ကြီးပွားစည်ပင်ခြင်းကို အလိုရှိကုန်သော တစ်ပါးသော ရဟန်းမိန်မတို့၏ နေရာဖြစ်သော ကျောင်းကို အလိုရှိသည်ဖြစ်၍လည်းကောင်း၊ အရိယဝိဟာရ အစရှိသည်၌ လိမ္မာသော အညစ်အကြေး ကင်းသော စိတ်ရှိသော သယ်မိတ္တာသည် ဝိဝေကသုခ ဖြစ်စမ့်သောငှာ ထိုစေတီအိမ်သို့သွား၍ နေသန့်ခြင်းကို ပြု၏။

ဒေဝါနံပိယတိဿမင်းသည် ထေရိမကို ရှိခိုးပူဇော်ခြင်းငှာ ရဟန်းမိန်းမတို့၏ ကျောင်းကိုသွားလေသော် ကျောင်း၌ကားမရှိ၊ စေတီအိမ်၌ နေခြင်းကိုသိသဖြင့် လိုက်၍ သိယ်မိတ္တာထေရိမအား ရှိခိုးပြီးလျှင် ဝမ်းမြောက်ဝမ်းသာ ပြောဟောကာနေ၏၊ ယင်းသို့ ပြောဟောသည်တွင် သူ၏အလိုကို သိတတ်သော ပညာရှိလှသော မင်းဖြစ်ရကား ထူပါရုံစေတီအိမ်၏ ထက်ဝန်းကျင်မှမွေလျော်ဖွယ်ရှိလှသော ရဟန်းမိန်းမတို့ကျောင်းကို ဆောက်စေတော်မူ၏၊ ထိုကျောင်းသည် ဆင်ချည်တိုင်၏အနီး၌ ဆောက်သောကျောင်းဖြစ်သောကြောင့် ဟတ္ထာဠကဝိဟာရဟူ၍ ထင်ရှားလေသတည်း။ မြတ်သော ပညာတော်ရှိသော သယ်မိတ္တာထေရိမသည်လည်း အချို့သော ဘိက္ခုနီမတို့နှင့်အတူ ဤဟတ္ထာဠကကျောင်း၌ သီတင်းသုံးပေ၏။

* ဧဝံ လင်္ကာလောကဟိတံ သာသနာဝုဍ္ဎိ၊
သံသာဓေန္တော သော မဟာဗောဓိ ဒုမိန္ဒော။
လင်္ကာဒီပေ ရမ္မမဟာမေဃဝနသ္မိံ၊
အဋ္ဌာဒီယံ ကာလမနေကဗ္ဘုတယုတ္တော။

ဧဝံ၊ ဤသို့၊ အနေကဗ္ဘုတယုတ္တော၊ များလှစွာသော အံ့ဖွယ်သရဲနှင့်ယှဉ်သော။ သော ဧသော မဟာဗောဓိဒုမိန္ဒော၊ ဤဗောဓိပင်မင်းသည်။ လင်္ကာလောကဟိတံ၊ သီဟိုဠ်ကျွန်းသူတို့၏အစီးအပွားကိုလည်းကောင်း။ သာသနာဝုဍ္ဎိဥ္စ၊ သာသနာတော်၏အစီးအပွားကိုလည်းကောင်း။ သံသာဓေန္တော၊ ကောင်းစွာပြီးစေလျက်။ လင်္ကာဒီပေ၊ သီဟိုဠ်ကျွန်း၌။ ရမ္မမဟာမေဃဝနသ္မိံ၊ မွေ့လျော်ဖွယ်ရှိလှသော "မဟာ မေဃဝန်" ဉယျာဉ်၌။ ဒီဃံကာလံ၊ ရှည်မြင့်စွာသောအခါ ကာလပတ်လုံး။ အဋ္ဌာ၊ တည်တော်မူ၏။

ဓေဝါနံပိယတိဿမင်းနတ်ရွာစံခြင်းနှင့် အရှင်မဟိန္ဒနှင့်
သိယမိတ္တာဓေထရီတို့ပရိနိဗ္ဗာန်စံခြင်း

အသန္ဓိမိတ္တာ

ပါဋလိပုတ်ပြည်၌ ဓမ္မာသောကမင်းသည် မင်းပြု၍ တစ်ဆယ့်ရှစ်နှစ်မြောက်၌ မဟာဗောဓိ၏ ဒက္ခိဏသာခါကို လက်ာဒီပသို့ ပို့သည်ဖြစ်၍ မဟာမေဃဝန် ဥယျာဉ်အတွင်း၌ ဗောဓိပင်တည်လှာသည်။ ထိုဗောဓိပင်တည်သည်မှနောက် တစ်ဆယ့်နှစ်နှစ်မြောက်၌ ထိုဓမ္မာသောကမင်း၏ မိဖုရားခေါင် တောင်ညာဒေဝီဖြစ်သော မိဖုရားကိုသာလျှင် လွန်စွာမြတ်နိုးခြင်းရှိသော ကရဝိက်ငှက်၏တွန်သံကြောင့် သောတပန်အဖြစ်သို့ ရောက်သော အသန္ဓိမိတ္တာမည်သော မိဖုရားကြီးသည် နတ်ရွာစံလေသည်။

ဓမ္မာသောကမင်း

ထိုနောက်မှ လေးနှစ်မြောက်သောအခါ ယုတ်မာသော အလိုဆန္ဒရှိသော "တိဿာရက္ခာ" မည်သော မိဖုရားကို အဂ္ဂမဟေသီ ပြုထားတော်မူသည်။ ထိုမိဖုရားသည် မိမိ၏အဆင်းအရောင်ကိုသာ လွန်စွာ မြတ်နိုးလျက် မာန်ယစ်ခြင်းရှိ၏။ ကာမဂုဏ်၌လည်း အလွန်မွေ့လျော်၏။ မင်းကြီးသည် မဟာဗောဓိပင်မှ မျိုးစေ့ကိုယူ၍ မိမိပြည်တွင်စိုက်အပ်သော (ဗောဓိပင်ပျိုကို လေးမြတ်လျက် တစ်နေ့မပြက် ဆည်းကပ်ခြင်းကို ပြုရာတွင် ဤမင်းကြီးသည် ငါ့ထက်ပင် ဗောဓိပင်ကို မြတ်နိုးရသလောဟု အဆိပ်ရှိသော ဖားရိုးနှင့် ယှဉ်သဖြင့် ထိုဗောဓိပင်ကို သတ်စေ၏။) မိဖုရားဖြစ်၍ သုံးနှစ်မြောက်တွင် ဗောဓိပင်ကိုသတ်သည်။ ထို့နောက်မှ လေးနှစ်မြောက်၌ များသော ဘုန်းကျက်သရေ အခြံအရံနှင့်ပြည့်စုံသော ဓမ္မာသောကမင်းကြီး အနိစ္စရောက်တော်မူသည်။ ဤသို့လျှင် မင်းကြီး၏စည်းစိမ်ခံသောနှစ်တို့ ဖြစ်ကုန်၏။

ဓာတ်တော်တစ်သပိတ်

ကုသိုလ်အစု ကောင်းမှုအရာ၌ လွန်စွာမွေ့လျော်သော ဒေဝါနံပိယတိဿကမင်းသည်ကား မဟာဝိဟာရ၌ ပြုဖွယ်ကိစ္စတည်းဟူသော အမှုသစ်ကိုလည်းကောင်း၊ စေတိယတောင်၌ အမှုသစ်ကို လည်းကောင်း၊ ထူပါရာမ စေတီကျောင်းတော်တို့၌ အမှုသစ်ကိုလည်းကောင်း မပြတ်မလပ်ကြည့်ရှု၍ ပြုပြင် ဆောင်ရွက်တော်မူသည်။ တစ်ရံသောအခါ လက်ာကျွန်းသူတို့၏ ကြည်ညိုခြင်းကို ပွားစေတတ်သော မဟိန္ဒ ထေရ်မြတ်အား ဤသို့ နားတော်လျှောက်၏။ "အရှင်ဘုရား၊ အကျွန်ုပ်သည် ဤသီဟိုဠ်ကျွန်း၌ များစွာသော ကျောင်းကို ဆောက်လုပ်၍ ထိုကျောင်းဦးတို့၌ စေတီတည်လိုပါသည်။ ထိုစေတီတို့၌ ဌာပနာခြင်းငှါ မြတ်စွာဘုရား၏ ဓာတ်တော်တို့ကို အဘယ်မှာ ရတုံနည်း" ဟု လျှောက်၏။ မထေရ်မြတ် ကလည်း "မင်းကြီး၊ သုမနသာမဏေသည် ဘိုးတော်ဖြစ်သော ဓမ္မာသောကမင်း၏ ထံမှတောင်း၍ ဘုရားရှင် သပိတ်ကို

ပြည့်စေလျက် ဆောင်အပ်ခဲ့သော ဓာတ်တော်တို့သည် စေတီယတောင်၌ပင်ရှိသည်၊ မင်းကြီးသည် စေတီတည်လိုသောအခါ ပေးမည်ဟု ရည်၍ပင်ထားသည်၊ ထိုဓာတ်တော်တို့ကို ဆင်မကျောက်ကုန်းဖြင့် တင်၍ ဤအရပ်သို့ ဆောင်ယူလော့" ဟု မိန့်တော်မူ၏၊ ဒေဝါနံပိယတိဿမင်းလည်း အရှင်မဟိန္ဒ မိန့်တော်မူသောအတိုင်း စေတိယတောင်မှ ဓာတ်တော်တို့ကို များစွာသော ပူဇော်သက္ကာရဖြင့် ဆောင်ပေ၏။

**ဓာတ်တော်**

တစ်ယူဇနာရှိသော အရပ်၌ ကျောင်းတို့ကို ဆောက်စေ၍ ထိုကျောင်းဦးတို့၌ စေတီတည်စေသည်၊ ထိုစေတီ၌ ထိုက်သည်အားလျော်စွာ ဓာတ်တော်တို့ကို ဌာပနာစေ၏။

**သပိတ်တော်**

ဘုရားဆောင်တော်မူသော သပိတ်တော်ကိုကား မင်းသိမ်းစည်းသော မြေအရပ်၌ တိုက်ရံဆောက်ထားပြီးလျှင် အထူးထူးသော ပူဇော်ခြင်းတို့ဖြင့် ပူဇော်တော်မူသည်။

**ကျောင်းနှင့်လှိုဏ်**

မဟာမဟိန္ဒထေရ်မြတ်၏ အထံ၌ ရဟန်းပြုကြကုန်သော မင်းဖြစ်ဖူးကုန်သော ရဟန်းငါးရာတို့၏ နေရန်အလို့ငှါ ဆောက်ထားအပ်သောကျောင်းသည် "ကဿာရသာမဏကျောင်း"မည်၏။

တုန်သည်ကြီး ငါးရာတို့သည် မဟာမဟိန္ဒထေရ်၏ထံ၌ ရဟန်းပြုကုန်၏၊ ထိုရဟန်းတို့၏ နေရန်အလို့ငှါ ဆောက်အပ်သောကျောင်းသည် တောင်နှင့်နီးသည်ဖြစ်၍ "ဝေဿဂိရိကျောင်း" မည်၏။

တောင်အနီးရှိသော ကျောင်းဟူသမျှ အကြွင်းအကြွင်းတောင်၌ ဂူလိုဏ်ကို ပြုစေ၍ အရှင်မဟိန္ဒသည် သီတင်းသုံးလေ့ပြု၏။ ထို့ကြောင့် လိုဏ်သည် "မဟိန္ဒလိုဏ်" မည်သတည်း။

**အလှူတော်မင်္ဂလာ**

ဒေဝါနံပိယတိဿမင်းကြီးသည် ရှေးဦးစွာ မဟာဝိဟာရ ကျောင်းတိုက်ကို ပြုသည်။ ထို့နောက် နှစ်ကြိမ်မြောက် စေတိယင်္ဂဏ ကျောင်းကို ပြုသည်၊ သုံးကြိမ်မြောက် ထူပါရမ ကျောင်းကို ပြုသည်၊ လေးကြိမ်မြောက် မဟာဗောဓိပင် တည်ခြင်းကို ပြုသည်၊ ငါးကြိမ်မြောက်ကား မဟာစေတီ တည်အံ့သော အရပ်၌ ဌာန၏ ဂုဏ်ကျေးဇူးကိုပြသော ကျောက်စာတိုင် ကိုလည်းကောင်း၊ မြတ်စွာဘုရား၏ လည်ရိုးတော်ဓာတ်ကို ဌာပနာရာဖြစ်သော မေဒဝဏ္ဏ ကျောက်စေတီကိုလည်းကောင်း ပြုစေသည်။ ခြောက်ကြိမ်မြောက်ကား ကဿာရသမဏ ကျောင်းကို ပြုစေသည်၊ ခုနစ်ကြိမ်မြောက်ကား တိဿဝါပိ ရေကန်ကို ပြုစေသည်၊ ရှစ်ကြိမ်မြောက်ကား ပထမစေတီကို ပြုစေသည်။ ကိုးကြိမ်မြောက်ကား၊ ဝိဿဂိရိ ကျောင်းကိုပြုစေသည်၊ ဆယ်ကြိမ်မြောက် ဥပါသိကာရာမ ကျောင်းကိုလည်းကောင်း။ ဟတ္ထာဠကကျောင်း ကိုလည်းကောင်း ပြုလုပ်သည်။

ဘိက္ခုနီမတို့၏ကျောင်း၌ ရဟန်းသံဃာသည် စည်းဝေးကာ သွား၍ ဆွမ်းခံခြင်းဟူသော အကြောင်းကြောင့် ဥပစာနှင့်တကွ အလွန်တင့်တယ်သော အလုံးစုံသော အဆောက်အဦးတို့နှင့် ပြည့်စုံသော အလုပ်အကျွေးသမားပါ ထားအပ်သော မဟာပါဠိကမည်သော ဆွမ်းစားဇရပ်ကို လည်းကောင်း ပြုလုပ်စေ၏။ ထိုမှတပါး တစ်ထောင်သော ရဟန်းတို့အား ရှစ်ပါးသောပရိက္ခရာ တည်းဟူသော အလှူကို နှစ်စဉ်လှူတော်မူ၏၊ ပဝါရဏာနေ့တိုင်း နှစ်စဉ်အလှူကိုလည်း လှူပေ၏၊ နာဂဒီပကျွန်း၌ ဇမ္ဗုကောလမည်သော ကျောင်းကို လည်းကောင်း ဇမ္ဗုကောလသဘော်ဆိပ်၌ တိဿမည်သော ကျောင်းကြီးကိုလည်းကောင်း၊ ပါစီနာရာမ ကျောင်းကိုလည်းကောင်း ဆောက်လုပ်စေ၏။

ဤသို့လျှင် သီဟိုဠ်ကျွန်းသူတို့၏ စီးပွားချမ်းသာကို လွန်စွာရှာမှီးလေ့ရှိသော ဘုန်းပညာနှင့် လွန်စွာ ပြည့်စုံတော်မူသော ဒေဝါနံပိယတိဿမင်းသည် ဤမျှလောက်သော ကုသိုလ်ကောင်းမှုတို့ကို ပထမနှစ်ကပင် ပြုစုတော်မူ၍ သက်တော်တည်သမျှ၌ကား များလှစွာသော ကောင်းမှုတို့ကို ဆည်းပူးတော်မူလျက် နှစ်ပေါင်း လေးဆယ်ပတ်လုံး မင်းပြုတော်မူသည်။ (ဤမင်းလက်ထက်မှ ဘုရားသာသနာတော်သည် လက်ာဒီပသို့ ရောက်သတည်း။)

ဥတ္တိယမင်း

ဒေဝါနံပိယတိဿမင်း လွန်လေလျှင် ထိုမင်း၏ သားတော် သမီးတော် မရှိသည်၏အဖြစ်ကြောင့် မင်း၏ညီတော်အရင်းဖြစ်သော မုဋသိဝမင်း၏ သားတော် ဥတ္တိယမင်းသည် နောင်တော်၏ အရိပ်အရာကို ယူ၍ မင်းပြုလေသတည်း။

အရှင်မဟိန္ဒပရိနိဗ္ဗာန်စံသောနေ့

သီဟိုဠ်ကျွန်းသူတို့မှိခိုရာ မြတ်စွာဘုရားနှင့် အလားတူတော်မူသော များသောအခြံအရံရှိသော ဝသီဘော်ငါးဖြာနှင့် လွန်စွာတင့်တယ်တော်မူသော မဟာမဟိန္ဒထေရ်မြတ်သည်လည်း တပည့် ရဟန်းတော်တို့အား ပရိယတ္တိတရားကို သင်ကြားလေ့လာစေပြီး ပဋိပတ္တိဓမ္မကိုလည်း ပြသတော်မူ၍ ပဋိဝေဓ သာသနာကိုလည်း လွန်စွာပွင့်လင်းစေ၍ သီဟိုဠ်ကျွန်းသား များစွာကုန်သော လူအပေါင်းတို့၏ ကောင်းကျိုးစီးပွားကို ပြုတော်မူ၏။ ဥတ္တိယမင်းလည်း ထိုအရှင်မြတ်တို့အား ဘုရားပြု၍ပင် ကိုးကွယ်ဆည်းကပ်ပါသည်၊ ဥတ္တရ မင်းသည် မင်းဖြစ်၍ ရှစ်နှစ်မြောက်သောအခါ မဟာမဟိန္ဒထေရ်သည် ဝါတော်ခြောက်ဆယ် ရှိပြီဖြစ်၍ စေတိယတောင်၌ ဝါဆိုတော်မူလျက် သီတင်းကျွတ်လဆန်း ရှစ်ရက်နေ့ နံနက်ယံ၌ ပရိနိဗ္ဗာန်ပြုတော်မူ၏၊ ထို့ကြောင့် သီတင်းကျွတ်လဆန်း ရှစ်ရက်သည် အရှင်မဟိန္ဒထေရ် ပရိနိဗ္ဗာန် စံသော နေ့မည်သည်ဖြစ်၏။

**သာစုကိစ္စနပွဲ**

ဥတ္တိယမင်းသည်လည်း အရှင်မဟိန္ဒပရိနိဗ္ဗာန် စံတော်မူကြောင်းကို ကြားလျှင် သောက တည်းဟူသော ငြောင့်တံသင်းတို့သည် စူးဝင်သောနှလုံးရှိသည်ဖြစ်၍ လျင်စွာလာလျက် အလောင်းတော်ကို ပူဇော် ရှိခိုးပြီးလျှင် အရှင်မြတ်၏ ဂုဏ်ကျေးဇူးများဟန်ကို အဖန်ဖန်အောက်မေ့လျက် သည်းအူပြောင်းပြန် လန်ဘနန်းမျှ လွမ်းမောတသ၍ ငိုကြွေး၏။ ယင်းသို့ငိုကြွေးပြီးသော် အလောင်းတော်ကို ရွှေစကျင်း၌သွင်း၍ နံ့သာဆီတို့ဖြင့် လောင်းပြီးမှ ကောင်းမွန်စေ့စပ်စွာပိတ်၍ စုလစ်မွန်းချွန်တပ်သော ရွှေပြာသဒ်၌ တင်ပြီးလျှင် သံဝေဂဝတ္ထုကို ကြားသဖြင့် ဖြစ်စေအပ်သော ပွဲသဘင်ကို ပြုစေလျက် များစွာသော ပြည်သူဗိုလ်ပါ အပေါင်းနှင့်တကွ ပူဇော်သက္ကာရကို ဖြစ်စေလျက် တန်ဆာဆင်အပ်သော ခရီးမဖြင့် အနုရာဓမြို့သို့ ဆောင်ပြီးလျှင် မင်းလမ်းမ အစဉ်ဖြင့် လည်စေ၍ မဟာဝိဟာရ ကျောင်းတိုက်သို့ တဖန်ဆောင်ယူပြီးသော် ကြီးကျယ်စွာ ပြုအပ်သော မွန်းချွန်ငါးဆူတပ်သော ပြာသဒ်အဆောင်ကြီး၌ ထားစေ၍ ထက်ဝန်းကျင် သုံးယူဇနာရှိသော အရပ်ကို တုရိုက်တိုင်၊ တံခွန်တိုင်၊ ပန်းခိုင်တို့ဖြင့်လည်ကောင်း နံ့သာရေတို့ဖြင့်ပြည့်သော အိုးတို့ဖြင့်လည်းကောင်း၊ ဝန်းရံကာ ပူဇော်စေ၍ ခုနစ်ရက်ပတ်လုံး ကျွန်းသား ကျွန်းသူတို့ကို ပြုစေ၍ မဟာစေတီတော် တည်အံ့သော အရပ်၏အနီး၌ နံ့သာထင်းပုံကို ပြုပြီးသော် စေတီတော်တည်အံ့သော အရပ်ကို လက်ယာရစ်ပတ်၍ မွန်းချွန် တပ်သော ပြာသဒ်ဖြင့် ဆောင်ယူပြီးလျှင် ထင်းပုံသို့တင်၍ မီးသင်္ဂြိုလ်တော်မူ၏။ သင်္ဂြိုလ်ရာမှ ဓာတ်တော် တို့ကိုယူ၍ ထိုအရပ်၌ပင် စေတီတည်လေသတည်း။

ဥတ္တိသမင်းသည်လည်း ထက်ဝက်သော ဓာတ်တော်တို့ကိုယူ၍ စေတီယတောင်၌ လည်းကောင်း၊ ခပ်သိမ်းသော ကျောင်းတို့၌လည်းကောင်း စေတီတည်စေသည်။ အကြင်အရပ်၌ အရှင်မဟိန္ဒ၏ အလောင်း တော်ကိုချထား၍ အများပူဇော်ကြ၏။ ထိုအရပ်ကို " ဣသိဘူမင်္ဂဏ" အရပ်ဟူ၍ ခေါ်ဆိုကုန်၏။ ထိုအခါမှစ၍ ထက်ဝန်းကျင် သုံးယူဇနာရှိသော အရပ်၌ အရိယာပုဂ္ဂိုလ်တို့ နိဗ္ဗာန်ဝင်လျှင် အလောင်းကို ဆောင်ခဲ့၍ ထို ဣသိဘူမင်္ဂဏ အရပ်၌သာ သင်္ဂြိုဟ်မြဲဖြစ်သတည်း။

**သင်္ဃမိတ္တာထေရီ**

မြတ်သော အဘိညာဉ်ခြောက်ဖြာနှင့် ပြည့်စုံသော ကြီးသော ပညာရှိသော သင်္ဃမိတ္တာထေရ်ရီ သည်လည်း သာသနာတော်၏ အကျိုးစီးပွား၊ များစွာသော လူရဟန်းတို့၏ အကျိုးစီးပွားကို ဆောင်တော်မူ၍ ဥတ္တိယမင်း၊သည် မင်းပြု၍ ကိုးနှစ်မြောက်သောအခါ သက်တော်ခုနစ်ဆယ့်ကိုးနှစ်၊ ဝါတော် ငါးဆယ့်ကိုးဝါ ပြည့်သည်ဖြစ်၍ ဟတ္ထာဠ္ဍကမည်သော ရဟန်းမိန်းမတို့၏ ကျောင်း၌နေလျက် ပရိနိဗ္ဗာန် ပြုတော်မူ၏။ ဥတ္တိယ မင်းကြီးသည်လည်း အရှင်မဟိန္ဒထေရ်၏ အလောင်းတော်ကို ပူဇော်သင်္ဂြိုလ်သကဲ့သို့ ထို့အတူ သင်္ဃမိတ္တာ

ထေရိ၏ အလောင်းကိုလည်း ကောင်းမွန်စွာသော ပူဇော်သက္ကာရတို့ဖြင့် ပူဇော်၍ ထုပါရုံစေတီတော်၏အရှေ့ စိတ္တသာလ၏ အနီးဖြစ်သော မဟာဗောဓိမည်သော ရဟန်းမိန်းမတို့၏ ကျောင်းတွင်း၌ မီးသင်္ဂြိုလ်တော်မူ၏၊ ဓာတ်တော်တို့ကို ယူ၍လည်း သင်္ဂြိုလ်ရာ၌ပင် စေတီတည်စေသည်၊

မဟာမဟိန္ဒထေရ် အမှူးရှိကုန်သော ကိုးပါးသော မထေရ်တို့သည်လည်းကောင်း၊ အရိဋ္ဌထေရ် အစရှိကုန်သော ငါးပါးသော မထေရ်တို့သည်လည်းကောင်း၊ များစွာကုန်သော ရဟန္တာအရှင်တို့သည် လည်းကောင်း၊ သယ်မိတ္တာထေရီ အမှူးရှိကုန်သော အာသဝေါကုန်ပြီးသော များစွာသော ဘိက္ခုနီမတို့သည် လည်းကောင်း၊ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟူသော ပိဋကတ် သုံးပုံကို အာဂုံဆောင်ရွက်ကာ လွန်စွာ ထွန်းပစေ၍ အချိန်သင့်က အနိစ္စ နိုင်ငံသို့ လိုက်ကြလေကုန်သည်၊ ဥတ္တိယအမည်ရှိသော မင်းသည်လည်း ဆယ်နှစ်တို့ပတ်လုံး မင်းအဖြစ်ကို ပြု၍ အနိစ္စရောက်လေသည်၊

* ဧဝံ အနိစ္စတာ ဧသာ၊ သဗ္ဗလောက ဝိနာသိနီ။

(ပဋ္ဌာဝတ္တ ဂါထာ)

* တံ ဧတံ အတိသာဟသံ အတိဗလံ နာဝါရိယံ ယော နရော၊

ဇာနန္တောပိ အနိစ္စတံ ဘဝဂေတေ နိဗ္ဗိန္ဒတေ နေဝ စ။

( သဒ္ဓါလဝိက္ကိင္ဂိတ ဂါထာ)

ဧဝံ၊ ဤသို့။ ဧသာအနိစ္စတာ၊ ဤအနိစ္စ၏အဖြစ်သည်။ သဗ္ဗလောက ဝိနာသိနီ၊ အလုံးစုံသော လောကကို ဖျက်ဆီးတတ်၏။ နရော၊ ထိုထိုပုဂ္ဂိုလ်သည်၊ အတိသာဟသံ၊ အနိုင်အထက် အလွန်နှိပ်စက် တတ်သော၊ အတိဗလံ၊ အလွန်အားကြီးစွာထသော၊ နာဝါရိယံ၊ မြစ်ခြင်းငှါလည်း မတတ်နိုင်ထသော၊ တံ ဧတံ အနိစ္စတံ၊ ထိုအနိစ္စ၏ အဖြစ်ကို၊ ဇာနန္တောပိ၊ သိမြင်လျက်လည်း။ ဘဝဂတေ၊ သံသရာ၌ လူးလာ ပယ်ရှားသွားရခြင်း၌၊နေဝ စ နိဗ္ဗိန္ဒတေ၊ မငြီးငွေ့ကြသာလျှင်တတည်း၊ နိဗ္ဗိန္ဒတေဝ၊ ငြီးငွေ့သင့်သည် သာလျှင်တည်း၊

ဒုဋ္ဌဂါမဏိမင်းသားအကြောင်းကို ပြဆိုခြင်း

ဒုဋ္ဌဂါမဏိမင်း၏ အကြောင်းကား ဒေဝါနံပိယတိဿမင်းလည်း မိမိ၏ညီတော်ရင်းဖြစ်သော မဟာနာဂမင်းသားကို အိမ်ရှေ့အရာ၌ထား၍ မြှောက်စားတော်မူ၏၊ မင်းကြီး၏ မိဖုရားကား မိမိ၏သားကို အိမ်ရှေ့ထားစေလိုသည်ဖြစ်၍ အိမ်ရှေ့မင်းအား သတ်ခြင်းငှါ ကြံစည်၏၊ တစ်ရံသောအခါ အိမ်ရှေ့ဖြစ်သော မဟာနာဂမင်းသားသည် သင်းပင်းကျေးကျွန်တို့နှင့်တကွ မြို့၏အပ၌ တရွှမည်သော ရေကန်ကိုပြုလုပ်၏၊ မိဖုရားလည်း ထိုမင်းသားထံသို့ သရက်သီးကို ပို့စေသော် အပေါ်၌ သရက်သီးတစ်လုံးကို အဆိပ်ဆေးဖြင့်

စိရင်၍ ထည့်လိုက်၏။ ထိုမိဖုရား၏ သားငယ်လည်း အိမ်ရှေ့မင်းနှင့်အတူ ပါလာသောကြောင့် ထိုသရက်သီး အုပ် ပို့လာသည်ကို မြင်လျှင် ခွက်ကိုဖွင့်ပြီး အပေါ်တွင်ပါလာသော သရက်သီးကိုယူ၍ စားတည့်သည်နှင့် မင်းသားအဆိပ်နိုက်၍ သေလေ၏။

ထိုအကြောင်းကို အိမ်ရှေ့မင်း ဆင်ခြင်မိသော် မိမိကိုယ်ကို စောင့်ရှောက်ခြင်းငှါ နောင်တော်ထံမှာ အခွင့်သာအောင် တောင်း၍ သားမယားကျေးကျွန်တို့နှင့်အတူ ရောဟန ဇနပုဒ်သို့ သွား၍နေလေ၏။

**မဟာဂါမ**

**ထိုဇနပုဒ်၌** ယဋ္ဌာလယက မည်သော ကျောင်းကြီးကို ဆောက်လုပ်၏။ ထိုသို့ ဆောက်လုပ်စဉ် **အိမ်ရှေ့မင်း၏** မိဖုရား၌ သားတော်ကို ဖွားမြင်၏။ ထိုသားကို နောင်တော်၏ အမည်ကိုယူ၍ တိဿမည်သော အမည်ကို မှည့်၏။ **အိမ်ရှေ့မင်း** ရောက်သည်မှစ၍ ရောဟနဇနပုဒ်လည်း တစ်နေ့ထက်တစ်နေ့ တိုးပွား ကြီးကျယ်လေသ**ဖြင့် မဟာဂါမဟူ**သော အမည်သည်ဖြစ်၏။ အိမ်ရှေ့မင်းလည်း ထိုအရပ်ကို စိုးကွပ် အုပ်ချုပ်ကာ နေလေ၏။ **နောင်**သောအခါ မဟာနာဂမည်သော ကျောင်းကြီးကိုလည်း ဆောက်ပေ၏။ ဥဒ္ဓကန္တရအစရှိသော ကျောင်းတို့ကိုလည်း ဆောက်တော်မူ၏။ ထိုမင်းလွန်သောအခါ မင်း၏ သားတော် ဖြစ်သော ယဋ္ဌာလကာသကတိဿမင်းသည် ဤအရပ်၌မင်းပြု၏။ ထိုယဋ္ဌာလကယတိဿမင်း လွန်သောအခါ ၎င်း၏သားတော်ဖြစ်သော ဂေါဌာဘယ မင်းပြု၏။ ထိုဂေါဌာဘယမင်း၏ သားတော်ကား ကာကဝဏ္ဏတိဿ မင်းတည်း။ ခမည်းတော် ဂေါဌာဘယမင်းလွန်၍ ထိုအရပ်၌ မင်းပြုရသောအခါ ဘုန်းပညာ လက္ခဏာနှင့် ပြည့်စုံသော ကလျာဏီမင်းကြီး၏ သမီးတော်ဖြစ်သော ဝိဟာရဒေဝီကို ရ၍ မိဖုရား မြှောက်တော်မူသတည်း။

ထိုဝိဟာရဒေဝီ မိဖုရား၏ အကြောင်းကား --- ကလျာဏီမြစ်၏ အနီး၌တည်သော မြို့ကြီးဝယ် ထီးနန်းစိုက်ထူ၍ မင်းမူသောကြောင့် ကလျာဏီတိဿ အမည်ရှိသတည်း။ ထိုမင်းသည် သာသနာကိုလည်း ကြည်ညိုသည်၊ သဒ္ဓါတရားနှင့်လည်း ပြည့်စုံ၏၊ မင်းအဖြစ်သို့ ရောက်သည်မှစ၍ အဘယ အမည်ရှိသော မထေရ်မြတ်အား သံဃာပရိသတ်နှင့်တကွ ပင့်ဆောင်၍ နန်းတော်၌ အမြဲတမ်း လုပ်ကျွေး၏။ ထိုမင်း၏ ညီတော်ဖြစ်သော ဥတ္တိယမင်းသားသည် မိဖုရားကြီး၌ ယှဉ်ပါးဆက်ဆံခြင်းကို ပြုမိသဖြင့် မင်းကြီးသိသောအခါ ရာဇဝတ်အပြစ်ကို ကြောက်ရကား အရပ်တစ်ပါးသို့ ထွက်ပြေး၍ ကျေးသိမ်ရွာငယ်၌ နေလေ၏။ ထိုရွာကား ဥတ္တိယဟူသော အမည်ကိုရ၏။

**ရဟန်းယောင်နှင့်ချစ်စာခွေ**

မင်းသားလည်း ရက်လရှည်လျားသော် ပေါင်းဖော်ဖူးသော မိဖုရား၌ တပ်ကြိုက်သောအားဖြင့် **ဆောင်းပါးစာခွေရေး၍** မင်းချင်းတစ်**ယောက်**ကို ရဟန်းယောင်ဆောင်စေပြီးမှ မိဖုရားကြီးထံသို့ ပို့ချေဟု

စေလိုက်၏။ ထိုမင်းချင်းလည်း လာခဲ့၍ မင်းအိမ်တံခါးဝ၌ စောင့်နေပြီးသော် မင်းအိမ်၌ အမြဲဆွမ်း ဘုဉ်းပေးခြင်းငှါ ကြွလာသော အဘယမထေရ်၏ ပရိသတ်အစွန်းမှ လိုက်လေ၏။ အဘယမထေရ်သည်လည်း ထိုရဟန်းယောင်ကို မြင်သဖြင့် မိမိ၏တပည့် မဟုတ်သည်ကို သိလျက်ပင် မင်းကျွမ်းဝင်သော ရဟန်းဖြစ်လတ္တံ့ဟု မှတ်ထား၍ မမေးစစ်ဘဲ ဆွမ်းဘုဉ်းပေးကြပြီးသော် အနုမောဒနာပြု၍ နေရာမှ ထခဲ့၏။ မင်းလည်း သံဃာတို့ ကြွကြလျှင် မိမိနေရာမှထ၍ နန်းတွင်းသို့ဝင်ခြင်းငှါ အားထုတ်၏၊ မိဖုရားသာလျှင် ဆွမ်းလုပ်ကျွေးရာ၌ အိုးခွက်တို့ကို သိမ်းစေ၍ တည်၏။ ထိုအခါ ရဟန်းယောင်သည် မိဖုရားအနီးသို့ ချဉ်း၍ ခါးပိုက်မှ စာခွေကို ချပြီးလျှင် သံဃာတို့နောက်သို့လိုက်၏။

ဝဋ်ကြွေးမှာ

စာခွေကျသော အသံကို မင်းကြီးကြား၍ ယူကာ ဖတ်လေသော် မလျော်သောစကားဖြင့် မှာထားလိုက်သည်များကို ကြား၍ ထိုရဟန်းအား အမြန်လိုက်၍ ခေါ်တော်မူပြီးမှ စစ်မေးလေသော် ရဟန်းယောင်လည်း ဤသို့ ကြံ၏။ ငါသည် ညီတော်၏ တမန်ဖြစ်ကြောင်းကို ဟုတ်တိုင်း ပြောဆိုလိုက်လျှင် ငါ့ကိုလည်းကောင်း၊ ငါ့အရှင်ကို လည်းကောင်း မချွတ်သတ်လေတော့မည်၊ အဘယမထေရ်ကိုမူကား မင်းကြီးလည်း သဒ္ဓါကြည်ညို၏၊ ထိုအရှင်က ပေးစေသည်ပြောမှ သက်သာရာရတော့မည်ဟု ကြံ၍ "ငါတို့ဆရာဖြစ်သော အဘယမထေရ်က ဤသဝဏ်စာကို မိဖုရား၏အပါးတွင် ချခဲ့ဆိုသောကြောင့် ချပါသည်" ဟုပြော၏။

ထိုစကားကိုကြားလျှင် ကလျာဏီတိဿမင်းလည်း ပြင်းစွာအမျက်ထွက်၍ ငါသည် ဤဆရာကို ရဟန္တာဟူသော အမှတ်ဖြင့် အလေးအမြတ် လုပ်ကျွေးပြုစုပါသည်၊ ဆရာထေရ်တမူကား ငါ၏မိဖုရားကို ယူ၍မင်းမူအံ့သော အကြံကို ကြံသည်တကားဟု အာဏာသားတို့ကို လွှတ်၍ အဘယမထေရ်ကို ခေါ်စေပြီးလျှင် မင်းရင်ပြင်၌ ကြိုက်ကြိုက်ဆူသော ဆီပူအိုးကင်းဖြင့် ကြော်လေဟု အာဏာပေး၏။ မူးမတ်ပြည်သူတို့ အူအူသောင်းသောင်း တောင်းပန်သော်လည်း ပညာအဆင်အခြင်နည်းသော မင်းဖြစ်၍ ပြင်းစွာထွက်သော အမျက်ကို မသိမ်းဘဲ အာဏာပေးမြဲအတိုင်း စီရင်လေ၏။ အဘယမထေရ်လည်း သံအိုးကင်းသို့ ဆင်းရခါနီး၌ပင် ကြီးစွာသော သတိသံဝေဂကို ဖြစ်စေလျက် ဝိပဿနာကို ပြုသဖြင့် အရဟတ္တဖိုလ်သို့ ရောက်တော်မူ၏၊ အနီး၌ရှိသော ပရိသတ်လေးပါးတို့အား တရားဩဝါဒကို ပြတော်မူ၍ ရှေးကပြုခဲ့သော ဝဋ်ကိုဆင်ခြင်လျက် ထိုအိုးကင်းတွင် အကြော်ခံ၍ နိဗ္ဗာန်ယူလေ၏။ စာသဝဏ်ချသော ရဟန်းကိုလည်း သုံးပိုင်းပိုင်း၍ သမုဒ္ဒရာ၌ ပစ်လေ၏။

ရဟန္တာကိုပြစ်မှားသဖြင့် ရေလွှမ်းမိုးခြင်း

ထိုအခါ များစွာသော ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုးနတ်၊ သမုဒ္ဒရာစောင့်နတ်တို့သည် အမျက်ထွက်ကုန်၍ သမုဒ္ဒရာရေကို တက်စေ ကြီးစေကုန်၏။ သုံးရက်ခန့်ရှိလျှင်ပင် မြို့တွင်းသို့ ဝင်လေ၏၊ အမတ်

တို့လည်း မင်းကြီးထံကပ်၍ "အရှင်မင်းမြတ်၊ သမုဒ္ဒရာရေသည် အခါမဲ့ ကြီးလာချေပြီ၊ သမုဒ္ဒရာ စောင့်နတ်တို့ကို ပူဇော်မှ ချမ်းသာရမည် ထင်ပါသည်" ဟု လျှောက်ကြ၏။ အသို့ ပူဇော်အံ့နည်းဟု မေးလျှင် " အရှင်မင်းကြီး၏ သမီးတော်ကို တင့်တယ်စွာ တန်ဆာဆင်ယင်၍ မဏိမေခလာနတ်၏ အလုပ်အကျွေး အလို့ငှာ ပေးရမည်" ဟု လျှောက်ကြ၏။ မင်းကြီးလည်း ပညာနည်းသောသူဖြစ်၍ မိစ္ဆာအယူရှိသော ပုဏ္ဏားအမတ်တို့ စကားကို ယုံကြည်သဖြင့် တစ်ဆယ့်နှစ်နှစ်အရွယ်သာ ဖြစ်သော ဒေဝီအမည်ရှိသော သမီးတော်ကို နတ်နှင့် လျော်သော တန်ဆာဆင်စေလျက် ရွှေအိုစရည်းဖြင့်ထည့်၍ လုံစွာပိတ်ပြီးသော် မင်းသမီးဟူသော ရွှေပြား ကမ္ပည်းကိုလည်း ရေးလျက် သမုဒ္ဒရာနတ်ကို ပူဇော်ပါသည်ဆို၍ ပင်လယ်၌ မျှောလေ၏။ မင်းနှင့်တကွသော ပြည်သူပြည်သားတို့လည်း ထိုနေ့ပင် သမုဒ္ဒရာရေ လွှမ်း၍ ပျက်စီးလေကုန်၏။

ဝိဟာရဒေဝိ

အိုးနှင့်မျှောလိုက်သော မင်းသမီးသည်လည်း နတ်ကြီးတို့ စောင့်ရှောက်အပ်သည်ဖြစ်၍ သီဟိုဠ်ကျွန်းကို လက်ဝဲယစ်ကပ်လျက် မျောလာသဖြင့် မဟာဂါမအနီး ယောဋကလက်ာ ကျောင်းကြီးဆိပ်သို့ ရောက်လာ၏၊ မြစ်နား၌နေသော လူတို့သည် ဆယ်ယူ၍ မွေးမြူလေ၏၊ ထိုအကြောင်းကို ကာကဝဏ္ဏတိဿ မင်းကြီး ကြားလျှင် များစွာသော မင်း၏အသရေဖြင့် ဆောင်ယူ၍ မိဖုရာကြီးအရာ၌ ထားပေ၏၊ ထိုကြောင့် ထိုမိဖုရားကို "ဝိဟာရဒေဝီ" ဟု ခေါ်ဝေါ် သမုတ်ကြလေသတည်း။

ကောင်းမှုကုသိုလ်

ထိုမင်း မိဖုရားနှစ်ဦးတို့သည် ဘုရားရှင်သာသနာ၌ သဒ္ဓါတရား အလွန်များသည်ဖြစ်၍ ပြည်မှုရသော အခွန်အတုတ်တို့ကို ထက်ဝက် ထက်ဝက်ခွဲ၍ စွန့်ကြလှူဒါန်းခြင်းကို ပြု၏၊ မိမိနေရာ မြို့အနီး၌ တိဿ မည်သော ကျောင်းကြီးကိုလည်းကောင်း၊ စိတ္တလတောင်၌ တစ်ဆောင်သော ကျောင်းကြီးကို လည်းကောင်း၊ ဂမိဋ္ဌဝါလိ အမည်ရှိသောကျောင်း၊ ပါလိအမည်ရှိသော ကျောင်းကြီးတို့ကိုလည်းကောင်း၊ များစွာသော စေတီရုပ်ပွားတို့ကိုလည်းကောင်း၊ ပြုစုတည်ထောင်၍ ခြောက်ထောင်မျှလောက်သော သံဃာတော်တို့အား ပစ္စည်းလေးပါးဖြင့် ချီးမြှင့်လုပ်ကျွေးပေ၏။

ဂါမဏိမင်းသား အလောင်းအလျာ သာမဏေ

ထိုအခါ ကောဋိပဗ္ဗတကျောင်း၌ သာမဏေတစ်ဦးသည် ဆရာဥပဇ္ဈာယ်တို့ ဆုံးမသော စကားကို ရိုသေစွာနာလျက် စင်ကြယ်စွာ သီလကျင့်ဝတ်ကိုလည်း ဖြည့်ကျင့်၏၊ သံဃာတော်တို့၏ သောက်ရေ သုံးရေ ဝတ်တို့ကိုလည်း မပြတ်လှူဒါန်း၏။ သေနာသနဝတ်၊ ဇန္တာဃရဝတ်၊ စေတိယင်္ဂဏဝတ် စသည်တို့ကိုလည်း

မပြတ်ပြုပေ၏။ တောင်ထက်စေတီပြင်သို့ လူရဟန်းတို့ ချမ်းသာစွာ တက်စေခြင်းငှာ ကျောက်ဖြာကြီးသုံးချပ်ကိုလည်း ခင်းပေး၏။ ထိုသာမဏေသည် တစ်ရံသောအခါ နာသည်ဖြစ်၍ ပင်ပန်းခြင်းသို့ ရောက်၊ ကျေးဇူးသိတတ်သော ရဟန်းတို့သည်လည်း၊ ထိုသာမဏေကို ထမ်းစင်ဖြင့် ဆောင်ခဲ့၍ ကာကဝဏ္ဏမင်းကြီးသည် သူနာတို့ကိုလုပ်ကျွေးခြင်းငှာ ဆောက်လုပ်၍ထားသော သိလာပဿယမည်သော ကျောင်းပရိဝုဏ်၌ ထား၍လုပ်ကျွေးကြကုန်၏။

ဝိဟာရဒေဝိနှင့် သားတော်လောင်း

သဒ္ဓါသီလနှင့် ပြည့်စုံလှသော ဝိဟာရဒေဝီ မိဖုရားသည်လည်း နံနက်သောအခါ မင်းအိမ်၌ သံဃာတော်တို့ကို ပင့်၍ ဆွမ်းလုပ်ကျွေးပြီးသော် ညချမ်းသောအခါ တိဿကျောင်းတိုက် အာရာမ်အတွင်း သိလာပဿယ အမည်ရှိသော ပရိဝုဏ်သို့လာ၍ မကျန်းမမာသော သံဃာတို့ကို အဖျော်ရှစ်ပါး ဆေးဝါးတို့ဖြင့် ထိုက်သည် အားလျော်စွာ ပူဇော်မြဲဖြစ်သတည်း။ ထိုသာမဏေ ရောက်သောအခါ ဝိဟာရဒေဝီမိဖုရားသည် ကျောင်းသို့လာ၍ သံဃာ့ထေရ်၏ အထံသို့ကပ်ပြီးသော် တရားတော်နာ၍နေ၏။

မထေရ်ကြီးကလည်း "မိဖုရား-သင်တို့သည် ရှေးကပြုသော ကောင်းမှု၏ အာနိသင်ကြောင့် ဤလူ့ခွင်၌ သူမယှဉ်နိုင်သော မင်း၏စည်းစိမ်ကို ရပေသည်၊ ယခုဘဝလည်း ကုသိုလ်ပုညကို မမေ့မလျော့ အားထုတ်လော့" ဟု ဆို၏။ ထိုစကားကိုကြားသော် မိဖုရားကလည်း "အရှင်ဘုရား၊ သားသမီးတစ်ယောက်မျှ မရှိသော အကျွန်ုပ်တို့အား များစွာသော စည်းစိမ်ကိုရသဖြင့် အဘယ် အကျိုးရှိအံ့နည်း၊ သားညွှန့် မြေးဆက် ရှိသော်သာ အကျိုးရှိပေရာ၏" ဟု လျှောက်၏။

အဘိညာဥ်ခြောက်ပါးနှင့် ပြည့်စုံသော ထိုထေရ်မြတ်ကလည်း သားရရာ မရရာသော အကြောင်းကို ဆင်ခြင်ပြီးနောက် "သင်မိဖုရားသည် ယခုနာသော သာမဏေအား သွား၍ရှုချေလော့" ဟု တိုက်တွန်း၏။ မိဖုရားလည်း သာမဏေ၏အပါးသို့ ကပ်လေသော် သေခြင်းအနီးသို့ ရောက်သည်ကို မြင်၍ "မောင်ရှင်၊ ငါတို့ စည်းစိမ်ချမ်းသာကား အလွန်များပြား ကြီးကျယ်၏၊ ငါတို့၏သားဖြစ်ခြင်းငှာ ပတ္ထနာလော့" ဟု ဆို၏။ သာမဏေကလည်း ငါ မင်းဖြစ်ခြင်းကို အလိုမရှိဟု ပယ်လေသော် မိဖုရားလည်း များစွာသော သံဃာဘတ်၊ ဂိလာနဘတ်တို့ကို လှူဒါန်း၍ ပူဇော်ခြင်း စသည်ကိုပြုစေလျက် သာမဏေအား ကျွန်ုပ် သားဖြစ်အောင် ဆုတောင်းပါဟု တိုက်တွန်း၏။ ထိုအခါမှ သာမဏေလည်း ဆုတောင်း ပတ္ထနာပြု၏။ စုတေခဲ့လျှင် ဝိဟာရဒေဝီ၏ဝမ်း၌ စွဲလမ်းတည်နေလေ၏။ မိဖုရားက ထိုအကြောင်းခြင်းရာကို ကာကဝဏ္ဏတိဿ မင်းကြီးအား ကြားလျှောက်၍ သာမဏေ၏ အလောင်းကိုလည်း ကောင်းမွန်စွာ ဖုတ်ကြည်းသဂြိုလ်ပေ၏။ သဂြိုလ်ပြီးသော် မင်းမိဖုရားနှစ်ဦးတို့သည် ထိုပရိဝုဏ်၏အနီး၌နေ၍ သံဃာတော်တို့အား၊ အလှူကြီးကိုပေးလျက် နေ့ရက်ရှည်စွာ နေတော်မူ၏။

ချင်ခြင်း ၃ – ပါး - ကိုယ်ဝန်ရှိသောအခါ ဝိဟာရဒေဝီမိဖုရားအား ဤသို့သော ချင်ခြင်းသည် ဖြစ်၏။

(၁) နွားလားပမာဏရှိသော ပျားအုံကို ဦးခေါင်းရင်း၌ထား၍လက်ဝဲနံပါးဖြင့် လျောင်းပြီးသော် တစ်သိန်းနှစ်သောင်းသော သံဃာတော်တို့အား ပျားဆွမ်းလှူပြီးမှ ထိုအကြွင်းကို စားလိုသည်လည်း တစ်ပါး။

(၂) ဧဠရကျေးမင်း၏ သူရဲကြီးခေါင်းကိုဖြတ်သော သန်လျက်ဆေးရေကို ဦးခေါင်းထက်၌ ရပ်၍ သောက်လိုသည်လည်း တစ်ပါး။

(၃) အနုရာဓမြို့အနီး ကြီးစွာသော ကြာကန်မှ ကြာပန်းကို ဆင်လိုသည်လည်း တစ်ပါး။

ဤသုံးပါးသော ချင်းခြင်းသည် ဖြစ်သတည်း။

ထိုအကြောင်းကို ကာကဝဏ္ဏတိဿမင်းကြီးအား ကြားလျှောက်လေသော် နမိတ် ဖတ်တတ်သော ပညာရှိတို့ကို ခေါ်၍ မေးတော်မူ၏။ ပညာရှိတို့ကလည်း အရှင်မိဖုရားဝမ်းတွင်တည်သော သားတော်သည် ကားကြီးမားသော ဘုန်းအာနုဘော်ရှိလတ္တံ့၊ ဧဠာရကျေးမင်းတို့ကို ပယ်ဖျောက်၍ တစ်ယောက်တည်းသော ကေရာဇ်၏ အဖြစ်ကို ပြုလတ္တံ့၊ ဘုရားသာသနာတော်ကိုလည်း လွန်စွာထွန်းပစေလတ္တံ့ဟု လျှောက်ကြကုန်၏။

**နွားလာပမာဏပျားအုံ**

ထိုစကားကိုကြားသော် မင်းကြီးသည်လည်း အားရတော်မူ၍ မိဖုရား၏ချင်ခြင်းကို ငြိမ်းစေလိုရကား "အကြင်သူသည် နွားလားပမာဏရှိသော ပျားအုံကို ပြနိုင်သည်ဖြစ်အံ့၊ ထိုသူအား ဤမျှလောက်သော ကျေးဇူး စည်းစိမ်ကို ပေးအံ့" ဟုဆို၍ မြို့ကိုကြွေးကြော်စေ၏။ ထိုကြွေးကြော်သော အသံကို ဇနပုဒ်နေသော ခပ်သိမ်း သော သတ္တဝါတို့၏ ဘာသာကိုသိသော ခြေဆွံ့သော ညဉ့်ကိုသိသော ကန်းသော သူအိုတစ်ယောက် ကြား လေသော် မိမိသားတို့ကိုခေါ်၍ "အမောင်တို့၊ ငါသည် ရှေးအခါမြင်ဖူးသော မုဒရက်ပင်သည် ဤမည်သော တောင်ကြား၌ ရှိ၏။ ထိုအပင်ပွင့်သည် မပွင့်သည်ကို သင်တို့သွား၍ ကြည့်ကြချေလော့"ဟု စေလိုက်၏။ ထိုသားတို့လည်း အဖစကားဖြင့် သွား၍ကြည့်လေသော် ပွင့်သောမုဒရက်ပင်ကိုမြင်၍ ဖခင်အား အကြောင်းကို ကြား၏၊ အဖလည်း "အမောင်တို့ ငါ့ကို ထိုသစ်ပင်သို့ ဆောင်၍ သစ်ခွကြား၌ ငြမ်းဖွဲ့၍ ထားပါလော့" ဟု ဆို၏။ သားတို့လည်း အဖဆိုတိုင်း ပြုကြ၏။ သူအိုလည်း ငြမ်းထက်၌ ငြိမ်သက်စွာ လျောင်းအိပ်ပျော်၍ အာရုဏ်တက်သော အချိန်၌ထ၍ ပန်းရက်ယူရန်လာသော ပျားတို့၏အသံကို နားခံ၍နေ၏။

ထိုအခါ တစ်ခုသောပျားကြီးသည် ပန်းတစ်ခု၌ ပန်းရက်ယူ၍ နေရာဝယ် ပျားငယ်တစ်ခုသည် ပန်း တစ်ပွင့်၌ ပန်းရက်ယူ၍ ပျားကြီးပေါ်သို့ကျော်ကာ ပျံလာသဖြင့် ပျားကြီးခေါင်းပေါ်သို့ ခြေမှုန့်ကျလေ၏။ ထိုအခါ ပျားကြီးက "ဦးခေါင်းထက်သို့ ခြေမှုန့်ချ၍ သွားသည်ကား သင်အဘယ်မည်သော ပျားနည်း" ဟုဆို၏၊ ပျားငယ်ကလည်း "ငါသွားသည် သင် အဘယ်သို့ ဖြစ်သနည်း၊ သင်ကျယ်ဝန်းလှ၏တကား" ဟု ဆို၏။

ပျားကြီးကလည်း "ဟယ် ကျွန်သားပျားငယ်၊ သင်၌ အဘယ်ဂုဏ်ရှိ၍ ငါ့ကို မထိမဲ့မြင် ဆိုသနည်း" ဟုဆဲရေး၏။ ပျားငယ်က "ဟယ်ပျားကြီး ငါ့ကို ပျားဆင်းရဲ ပျားငမွဲ မှတ်သလော၊ ဤမည်သော တောင်ကြား ဝါးရုံကြီးအလယ်တွင် အဆစ်မရှိသော ဝါးလုံးကြီးရှိ၏။ ထိုဝါးလုံးကြီး၏ အခေါင်းအတွင်း၌ အရင်းမှစ၍ အဖျားတိုင်အောင် ငါ၏ဥစ္စာဖြစ်သော ပျားလဘို့တို့ဖြင့် ပြည့်၏။ သို့စင်သော ဥစ္စာရှင်ကို သင်ကျွန်သားအား အဘယ်မှု၍ လေးစာအံ့သနည်း" ဟု ဆို၏။ ထိုစကာကိုကြားသော် ပျားကြီးကလည်း "ဟယ်-ပျားငယ်၊ အနည်းငယ်သော ဥစ္စာနှင့် သင်ကြုံးဝါးဘိ၏။ ငါတို့၏ လက်ရှိဥစ္စာနှင့်ကား သင်ကြားဖူးရုံမျှ ရှိပါ၏လော၊ ဂေါဒ္ဒသမုဒ္ဒရာ၏ ကမ်းနား၌ တစ်ခုသော ဆူးရစ်ချုံအောက်တွင် လှေကိုမှောက်၍ ထား၏။ ထိုလှေအတွင်း၌ ငါတို့ဥစ္စာဖြစ်သော ပျားလဘို့တို့ဖြင့် ပြည့်၏။ ထိုစကားကိုကြားမှ ပျားငယ်လည်း ဆိတ်ဆိတ်ပျံလေ၏။

ယင်းသို့ငြင်းခုံကြသော ပျားတို့၏စကားကို သူအိုကြီးကြားခဲ့၏။ သားတို့ယူဆောင်လာ၍ အိမ်သို့ ရောက်သောအခါ ရှေးဦးစွာ ပျားငယ်ဆိုသော အရပ်သို့စေ၍ ဝါးလုံးကြီးကို ယူစေပြီးသော် လူများတို့နှင့် ပျားကိုဝေ၍ စားကြ၏။ ပျားကြီးဆိုရာအရပ်၌လည်း အမှန်ရှိရာ၏ဟု ကြံ၍ သားတို့ကို ကြည့်စေသော် လှေစကျင်း အပြည့်ရှိသော ပျားတို့ကို တွေ့၍ မင်းကြီးအား ကြားလျှောက်၏။ မင်းကြီးလည်း တောခုတ်သော သူတို့ကိုခေါ်၍ ဆောင်ယူစေလျှင် လှေတစ်စကျင်း ပြည့်မျှလောက်သော ပျားကိုမြင်၍ ရွှင်လန်းဝမ်းသာ ကြီးစွာသောမဏ္ဍပ်ကို ဆောက်လုပ်၍ ထိုဇနပုဒ်သားအား များစွာသော ဆုလာဘ်ကို ပေး၍ ပျားနှင့်တကွသော လှေကိုဦးခေါင်းရင်း၌ စိုက်ပြီးလျှင် ခင်းအပ်သော မြတ်သောနေရာ၌ မိဖုရားကိုနေစေ၍ သံဃာတော်တို့အား ပျားဆွမ်းကို အလှူပေး၏။ ကြွင်းသောပျားကိုလည်း မိဖုရားအား စားစေ၍ ထိုချင်ခြင်းကို ငြိမ်းစေတော်မူ၏။

ဝေဠုသုမန

ဤမှတစ်ပါး ချင်ခြင်းကို ပြည့်စုံစိမ့်သောငှါ ဝေဠုသုမန အမည်ရှိသော သူရဲကောင်းကို ကျေးမင်းတို့၏ နေရာ အနုရာဓမြို့သို့ စေတော်မူ၏။

ဦးခေါင်းနှင့် ကြာပန်း

ထိုသူရဲလည်း အနုရာဓမြို့သို့ တစ်ယောက်တည်းသွားပြီးသော် ဠောရကျေးမင်း၏ မင်္ဂလာမြင်းထိန်း အိမ်သို့ဝင်၍ အဆွေခင်ပွန်းဖွဲ့၏။ ခုနှစ်ရက်၊ ရှစ်ရက်ကြာ၍ ချစ်ကျွမ်းဝင်သောအခါ တစ်ခုသော မာယာဖြင့် ပြောဆို၍ သန်လျက်ကိုလည်းကောင်း၊ ကြာကန်မှ ကြာတို့ကိုလည်းကောင်း ယူ၍ ကဒမ္ဗမြစ်၏အနီး ဖွဲ့ထားသော ဠောရမင်း စီးသော သိန္ဓောမြင်းကို အတင်းဖမ်းယူကာ စီးလျက် ကာကဝဏ္ဏတိဿမင်းကြီး၏ သူရဲဖြစ်ကြောင်းကို လူအပေါင်းတို့အား ကြားစေလျက် မြို့မှထွက်ပြီးလျှင် သန်လျက်ဖြင့် ကြာပန်းကိုယူ၍ လာခဲ့၏။

ထိုအကြောင်းအခြင်းရာကို ဧဋ္ဌာရမင်း ကြားသော် ဝေဋ္ဌုသုမနအား ဖမ်းစိမ့်သောငှါ နန္ဒသာရထိမည်သော သူရဲကြီးကို စေလိုက်၏။ ဝေဋ္ဌုသုမနသူရဲလည်း လိုက်၍လာသည်ကိုမြင်လျှင် တစ်ခုသောချုံသို့ဝင်၍ မြင်းစီးလျက်ပင် သန်လျက်ကိုကိုင်ကာ နေနှင့်၏။ နန္ဒသာရထိ မှီသောအခါ မိမိနေရာမှ ထွက်လတ်၍နောက်ထပ်လိုက်ပြီးလျှင် နန္ဒသာရထိ သူရဲကြီး၏ ဦးခေါင်းကို ခုတ်ဖြတ်၍ မြင်းနှစ်စီးနှင့်တကွ ခေါင်းကိုဆောင်ခဲ့၍ ညချမ်းသောအခါ၌ မဟာဂါမသို့ ရောက်လာ၏။ ကာကဝဏ္ဏတိဿ မင်းကြီးသည်လည်းအလွန်အားရတော်မူ၍ ဝေဋ္ဌုသုမနအား များစွာသော ဆုလာဘ်တို့ကို ပေးတော်မူ၏။

**ရတနာသင်္ဘော ခုနစ်စင်း**

ဝိဟာရဒေဝီမိဖုရားသည်လည်း ချင်ခြင်းအားလျော်စွာ ပြည့်စုံလာသဖြင့် အာသာရှိတိုင်းပင်သုံးဆောင်ရပေ၏။ ဆယ်လစေ့သောအခါ ဘုန်းပညာလက္ခဏာနှင့် ပြည့်စုံသော သားတော်ကိုဖွား၍ပြည်သူပြည်သားတို့နှင့် တကွသော မင်းဆွေမင်းမျိုးတို့သည် အလွန်ဝမ်းမြောက်ကြကုန်သတည်း။ ထိုမင်းသား၏ ဘုန်းအာနုဘော်ကြောင့် ဖွားမြင်သော နေ့၌ပင် အထူးထူးသော ရတနာတို့ဖြင့် ပြည့်သောသင်္ဘောခုနှစ်စင်းတို့သည် သမုဒ္ဒရာမှလာ၍ မဟာဂါမမြို့ဆိပ်မှာ ကပ်လာကုန်၏။ ပြည်သူ ပြည်သားတို့သည်မင်းအား ကြားလျှောက်လေသော် ကာကဝဏ္ဏတိဿမင်းကြီးလည်း အဿာမိက၊ သဿာမိက အဖြစ်ကိုစိစစ်တော်မူ၍ ထိုလှေသင်္ဘော၌ ပါလာသော ရတနာ ရွှေငွေတို့ကို မင်းအိမ်သို့ဆောင်၍ ပုံစေသည်၊ ထန်းခုနစ်ဆင့် မြင့်ကုန်သတည်း။

**ဆင်တော်**

ကောင်းကင်ပျံသော ဆဒ္ဒန်ဆင်မျိုးမှဖြစ်သော ဆင်ငယ်ကိုလည်း မိဘတို့ယူဆောင်၍ မဟာဂါမ၏အပါး စီးသွားသော ဂင်္ဂါမြစ်၏အနီး ချုံကြီးအတွင်း၌ ထားလာပေ၏။ ထိုဆင်ငယ်ကို ကဏ္ဍုလ မည်သောငါးများရှိတ်သော တံငါတွေ့၍ မင်းကြီးအား လျှောက်လေသော် မင်းလည်း ဆင်ဆရာတို့ကို စေ၍ ဖမ်းယူလျက်မွေးမြူ ချီးမြှောက်တော်မူ၏။ ထိုဆင်အား ကဏ္ဍုလ တံငါသည် ကြားလျှောသောကြောင့် ကဏ္ဍုလ ဆင်တော်ဟူသော အမည်ကို သမုတ်ကြ၏။

**အမည်တော်မင်္ဂလာသဘင်**

ကာကဝဏ္ဏတိဿမင်းကြီးလည်း သားတော်ကို အမည်မှည့်အံ့သောအခါ ကြီးစွာသော တန်ဆောင်းမဏ္ဍပ်ကို ပြု၍ တစ်သောင်းနှစ်ထောင်မျှလောက်သော သံဃာတို့ကို ပင့်ဖိတ်ပြီးလျှင် ငါ၏သားတော်သည်သီဟိုဠ်ကျွန်းအလုံးကို အုပ်ချုပ်၍ မင်းပြုရသဖြင့် မြတ်စွာဘုရား သာသနာကို အကယ်၍ ချီးမြှောက်နိုင်သည်ဖြစ်အံ့၊ ငါ့နေရာဖြစ်သော တိုက်ခန်းသို့ ရဟန်းတော် တစ်ထောင့်ရှစ်ပါးသည် ဝင်၍လာစေသတည်း၊

ထိုရဟန်းတို့လည်း သက်နီးရုံလျက်သာ ကြွလာစေသတည်း၊ ဤတံခါးခုံ၌ လက်ယာခြေကိုသာ ရှေးဦးစွာ ချစေသတည်း။

တစ်ခုသော ထီးနှင့်ယှဉ်သော ဓမ္မကရိုဏ်းကို ထုတ်ဆောင်လာစေသတည်း၊ ဂေါတမ အမည်ရှိသော မထေရ်မြတ်သာလျှင် ငါထားလင့်သော သားငယ်ကိုလည်း ကိုင်စေသတည်း။ ထိုအရှင်သာလျှင် သရဏဂုံ သီလကို ပေးစေသတည်းဟု ကြံလျက် မိဋ္ဌာန်၍နေလင့်၏။

သံဃာတို့ ကြွလာသောအခါ ထိုအလုံးစုံ ကြံသောအတိုင်း ဖြစ်လေလျှင် စင်စစ်မချွတ် ငါ့သားမြတ်သည် ဤကျွန်းရပ်အလုံးကို သိမ်းကျုံး၍ မင်းမူလတ္တံ့ဟုသိ၍ပီတိသောမနသဖြစ်လျက် သံဃာတော်တို့အား ယနာဆွမ်းဖြင့် လှူဒါန်းပူဇော်၍ တရားတော်ကိုနာပြီးမှ သားတော်၏အမည်ကို ရွေးချယ်သောအခါ မဟာဂါမ၌ မင်းကြီးဖြစ်၍ "ဂါမဏိ" ဟူသောအမည်၊ ခမည်းတော်၏ "အဘယ" ဟူသော အမည်နှစ်ပါးကို စပ်ဘိ၍ "ဂါမဏိ-အဘယ " ဟူသော အမည်ကိုမှည့်၏။

**တိဿမင်းသား**

ထိုအမည်မှည့်ပြီးသည့်နောက် ကိုးရက်မြောက်သောနေ့၌ မင်းကြီးသည် ဝိဟာရဒေဝီမိဖုရားနှင့် ပျော်ပါးရွှင်မြူးတော်မူသည်ကို အကြောင်းပြု၍ မိဖုရား၌ ကိုယ်ဝန်တစ်ဖန် တည်ပြန်လေ၏။ ထိုအခါ မိဖုရားအား ဤသို့သော ချင်ခြင်းသည်ဖြစ်၏။ စကားပင်ကြီး၏အရင်း၌ သန့်ရှင်းတင့်တယ်သော နေရာထက်၌ အိပ်ပြီးလျှင် ထက်ဝန်းကျင်ကြွေသော စကားပန်းတို့ကို နမ်းတော်မူလို၏။ ဤအကြောင်းကို မင်းကြီးအား ကြားလျှောက်ပြန်သော် အလိုအတိုင်း စီရင်၍ ထိုချင်ခြင်းကို ငြိမ်းစေတော်မူ၏။ ဆယ်လစေ့၍ ဖွားလေသော် ထိုသားတော်အား "တိဿ" ဟူသော အမည်ကိုမှည့်၏။

မင်းသားနှစ်ဦးတို့လည်း များစွာသော အခြံအရံတို့ဖြင့် ကြီးပွား၍ ငါးနှစ်အရွယ်ရှိသဖြင့် ထမင်းခွံ့ခြင်း မင်္ဂလာကို ပြုအံ့သောအခါ ကာကဝဏ္ဏတိဿမင်းကြီးလည်း သံဃာတော် ငါးရာတို့အား ပင့်ဖိတ်၍ ယနာဆွမ်းဖြင့် လှူဒါန်းလုပ်ကျွေးပြီးသော် သံဃာတော်တို့မှ ကြွင်းသော ယနာထမင်းကို ရွှေခွက်ဖြင့်ထည့်၍ မိဖုရားကိုလည်း စားစေ၏။ သားတော်နှစ်ဦးတို့ကိုလည်း သင်တို့သည် မြတ်စွာဘုရား သာသနာတော်ကို အကယ်၍ စွန့်ပစ်ကုန်သည်ဖြစ်အံ့၊ ဝမ်းသို့ဝင်သော ဤထမင်းသည် အစာမကြေရှိစေသတည်းဟု ဆို၍ ကျွေး၏။ မင်းသားတို့လည်း အမြိုက်သုဓါဘုတ်ကဲ့သို့ နှစ်လိုဝမ်းသာစွာ စားကြကုန်၏။

**အလိုကိုစမ်းခြင်း**

ဂါမဏိမင်းသားသည် တစ်ဆယ့်နှစ်နှစ်အရွယ်၊ တိဿမင်းသည် ဆယ်နှစ်အရွယ်ရှိသောအခါ ကာကဝဏ္ဏတိဿမင်းကြီးသည် သားတော်တို့၏ အလိုကိုစမ်းခြင်းငှါ သံဃာတော်ငါးရာတို့ကို ပင့်ဖိတ်၍

ဆွမ်းလုပ်ကျွေးပြီးသော် သံဃာတော်တို့မှ ကြွင်းသောထမင်းကို ရွှေခွက်သုံးခုဖြင့် သုံးဖို့ထည့်ပြီးလျှင် သားတော်နှစ်ဦးကိုခေါ်၍ "ချစ်သားတို့ . . . မောင်တို့သည် ဘိုးဘစဉ်ကာ နွယ်လာမပြတ် ကိုးကွယ်အပ်သော အမျိုးတို့၏ နတ်ဖြစ်ကုန်သော ရဟန်းသံဃာတို့၏ မျက်ကွယ်သည် အဘယ်အခါမျှ မဖြစ်ပါကုန်အံ့၊ ဖြစ်မူ ဤထမင်းသည် အစာမကြေ ဖြစ်စေသတည်းဟု အဓိဋ္ဌာန်၍ စားကြကုန်လော့" ဟုဆို၍ကျွေး၏။ ညီနောင်နှစ်ပါးတို့သည်လည်း အားရဝမ်းသာ ထိုသစ္စာကိုပြု၍ စားကြ၏။

ထို့နောက် တစ်ခုသော ထမင်းခွက်ကိုကိုင်၍ "ငါတို့ညီနောင်နှစ်ပါးတို့သည် အချင်းချင်း ယုံမှားကင်းလျက် အသက်တည်သမျှ သင့်တင့်ညီညွတ်သည် ဖြစ်ပါကုန်အံ့၊ မသင့်မူ၍ ငြူစူနှောင့်ယှက် မျက်လိုသူအား အစာမကြေစေသတည်းဟု ဓိဋ္ဌါန်၍ စားကုန်လော့" ဟုဆို၍ ကျွေး၏။ ညီနောင်နှစ်ပါးလည်း အားရဝမ်းသာ သစ္စာပြု၍ စားကြ၏။ ထို့နောက် တစ်ခုသော ထမင်းခွက်ကိုကိုင်၍ "ငါတို့သည် ကျေးမင်းတို့နှင့် စစ်ထိုးခြင်းကို မပြုကုန်အံ့၊ စစ်ထိုးသော် ဤအစာ မကြေစေသတည်း၊ ဓိဋ္ဌာန်၍စားကုန်လော့" ဟုဆို၍ ပေးပြန်၏။ ထိုစကားကိုကြားသော် ညီတော်တိဿသည် ထမင်းကိုယူ၍ ပြစ်လိုက်၏။ နောင်တော်ကား ထမင်းကို ပြစ်ကြဲ၍ မစားဘဲ ဖခင်ကို ရှိခိုး၍ အိပ်ရာထက်၌ ကွေးလျက်အိပ်နေ၏။

မယ်တော်မိဖုရားသည် သားထံသို့သွား၍ ဖြောင်းဖြသာယာသော စကားဖြင့် "ချစ်သား ဂါမဏိ၊ သင်သည် အဘယ်ကြောင့် အိပ်ရာထက်၌ ခွေလျက်အိပ်နေသနည်း၊ သင်၏လက်ခြေကို ဆန့်တန်းလျက် ချမ်းသာစွာ အိပ်ပါတော့လော့" ဟုမေး၏။ မင်းသားကလည်း "မယ်တော်၊ ဂင်္ဂါမြစ်၏တစ်ဖက်၌ ကျေးလူမျိုးတို့သည် နေကုန်၏၊ ဝေါ်ဌမည်သော သမုဒ္ဒရာသည်လည်း အိမ်၏အနီးမှာပင်ရှိ၏။ ထိုသို့အိပ်ရာ ကျဉ်းကျပ်စွာသောကြောင့် လက်ခြေမဆန့်သာ၍ ကွေးကာ အိပ်ရဘိသတည်း" ဟုဆိုပေ၏။ ထိုစကားကို ခမည်းတော် မင်းကြီးကြားသော် ဝမ်းသာတော်မူလျက်ပင် ဆိတ်ဆိတ်နေ၏။ ဤသို့အစဉ် သဖြင့်ကြီးပွား၍ ဂါမဏိမင်းသားလည်း တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်လေသော် ဘုန်းတောက် ပ၍ ကျွန်းလုံးနှံ့မျှ ကျော်ဇောသတည်း။

ဒုဋ္ဌဂါမဏိမင်း၏ သူရဲတစ်ကျိပ်

ဒုဋ္ဌဂါမဏိအဘယမင်း ဖွားစက ရခဲ့သော ကဏ္ဍုလဆင်သည်လည်း ကိုယ်ဖြင့် အင်အားကြီးမား လှသည်၊ ရဲရင့်သန်မြန် စွမ်းအန်တေဇော်တို့နှင့် ပြည့်စုံသည်၊ အရာရာ၌ လိမ္မာခြင်း ကျေးဇူးနှင့်ပြည့်စုံသည် ဖြစ်၍ ထင်ရှား၏။ မင်းသား၏ ရှေးကောင်းမှုကံကြောင့် ကျွန်ခံလာကြသော (သူရဲကောင်းတို့အား နန္ဒိမိတ္တလည်း တစ်ယောက်၊ သူရမနိမိလလည်း တစ်ယောက်၊ မဟာသောဏလည်း တစ်ယောက်၊ ဂောဋ္ဌ တိမ္ဗရလည်း တစ်ယောက်၊ ထေရပုတ္တာဘယလည်း တစ်ယောက်၊ ဘရဏလည်းတစ်ယောက်၊ ဝေဠု သုမန

လည်းတစ်ယောက်၊ ခဠဒေဝလည်း တစ်ယောက်၊ ဖုဿဒေဝလည်း တစ်ယောက်၊ လဘိယျဝသဘလည်း တစ်ယောက်) ဤတစ်ကျိပ်သော သူရဲကြီးတို့သည် ကျွန်တော်လာ၍ခဲကုန်၏။

"နန္ဒိမိတ္တ" အကြောင်းကား ထိုတစ်ကျိပ်တို့တွင် ဧဠာရကျေးမင်း၏ စစ်သူကြီးဖြစ်သော မိတ္တအမည်ရှိသော အမတ်သည် မိမိအပိုင်းစားရသောနယ်၏အတွင်း စိတ္တမည်သော တောင်၏အနီး၌ ရွာကြီးတစ်ခုကို မိမိနှမအားပေး၍-နေစေ၏။ ထိုနှမ၏သားသည် အဖိမ်ဖြင့်ဖုံးလွှမ်းသော လျှို့ဝှက်ရာ အင်္ဂါရှိ၏။ လွန်ကဲသော ခွန်အားဗလနှင့် ပြည့်စုံရကား ဦးရီးစစ်သူကြီး မိတ္တ၏အမည်ကိုယူ၍ မိတ္တဟု မှည့်၏။ ထိုသူငယ်သည် ခုနှစ်နှစ် ရှစ်နှစ်အရွယ်ကပင် လည်ပတ်လှသောကြောင့် မိဘတို့သည်လိုက်၍ခါး၌ ကြီးစွာသော ကြိုးလွန်ဖြင့် ချည်နှောင်ဆောင်ခဲ့၏။ အိမ်သို့ရောက်၍ တံခါးခုံကိုလွှန်သောအခါ ရုန်း၍ လွန်ကို ပြတ်စေလျက် ပြေး၏။ ထို့ကြောင့် နန္ဒိမတ္တ ဟု ခေါ်ဝေါ်ကြသတည်း။

ထိုနန္ဒိမိတ္တသည် အရွယ်ရောက်သောအခါ ဆင်ပြောင်ဆယ်စီးအားကို ဆောင်နိုင်၍ မြို့သို့လာပြီးလျှင် ဦးရီးစစ်သူကြီးထံမှာ နေလာ၏။ သာသနာတော်ကိုလည်း ကြည်ညိုလေးမြတ်၏။ ထိုအခါ အနုရာဓမြို့၏ အနီးအပါး၌ ဘုရားစေတီ စသည်ကို ဖျက်ဖောက်သော ကျေးကုလား၊ ဘုရားကိုမပူဇော်ပဲ ပြက်ချော်သဖြင့် ပြောဆိုသော ကျေးကုလားတို့ကို ရုတ်ချည်းလှည်း၍ ပေါင်တစ်ဘက်ကို ခြေဖြင့်နင်းလျက် လက်ဖြင့် ပေါင်တစ်ဘက်ကို ကိုင်၍ ဝါးခွဲသကဲ့သို့ ခွဲ၍ပစ်လေ၏၊ ပစ်သမျှသော အကောင်ကိုလည်း နတ်တို့သည် ကွယ်ပျောက်စေ၏။ ကျေးကုလားတို့သည် ကုန်ပျောက်ခြင်းများ၍ ရိပ်မိကြရကား မင်းအား ကြားလျှောက်ကုန်သော် ထိုနန္ဒိမိတ္တကို ဖမ်းကြကုန်ဟု ဆို၏။

ထိုကုလားတို့သည် ဖမ်းခြင်းငှါ မတတ်နိုင်ကုန်၊ ထိုအခါ နန္ဒိမိတ္တလည်း ဤသို့ပြုသည်များသဖြင့် လူကုန်ခြင်းသာ ဖြစ်လေရာသည်၊ သာသနာတော်၏ ထွန်းပခြင်းသည် မဖြစ်နိုင်ရာ၊ ရတနာသုံးပါးကို ကြည်ညိုသော မင်းတို့သည် ရောဟနဇနပုဒ်မှာ ရှိကုန်သည်။ ထိုသို့သွား၍ မင်းထံခစားပြီးလျှင် ဤကျေးကုလားတို့ကို ဖမ်းသတ်၍ ပြည်ကို ထိုမင်းအား အပ်ပြီးလျှင် သာသနာတော် တောက်ပအောင် ငါပြုအံ့ဟု ကြံ၍ ဂါမဏိမင်းသားထံသို့ လာခဲ့၏၊ ဂါမဏိမင်းသားလည်း မယ်တော်နှင့်တိုင်ပင်၍ နန္ဒိမိတ္တအား သိမ်းပိုက်ပြီးလျှင် များစွာသော အခြံအရံ စည်းစိမ်ပေး၍ ချီးမြှောက်တော်မူ၏။

"သူရမိလ" အကြောင်းကား ကာကဝဏ္ဏတိဿမင်းကြီးသည် ဧဠာရကျေးမင်းတို့အား တားမြစ်ခြင်းငှါ ဂင်္ဂါမြစ်ကြီး၏ အလုံးစုံသော ဆိပ်တို့၌ အစောင့်အရှောက်ဖြစ်သော လူတို့ကိုထားရ၏။ ထိုသို့ထားရာတွင် ဝိဟာရဒေဝီမှ တစ်ပါးသော မိဖုရား၏သားဖြစ်သော ဒိဃာဘယမင်းကိုလည်း ထိုဂင်္ဂါမြစ် ကစ္ဆကမည်သော ဆိပ်၌ ဗိုလ်ပါနှင့်တကွ စောင့်စေ၏။ ထိုဒိဃာဘယမင်းလည်း တစ်ယူဇနာ နှစ်ယူဇနာနီးသော မြို့ရွာ၌

ဆွေကြီးမျိုးကြီးတို့မှ တစ်ယောက် တစ်ယောက်စီသော သားကို မိမိထံသို့ ပို့စေ၏။ ကောဋ္ဌိဝါလဇနပုဒ် ခဏ္ဍကပိဋ္ဌိက အမည်ရှိသော ရွာ၌ သံဃမည်သော သူကြီးကား သားခုနစ်ယောက် ရှိ၏။ ထို့တွင် အငယ်ဆုံး ဖြစ်သော နိမိလအမည်ရှိ၏။

ထိုနိမိလသည် ဆင်ပြောင်ဆယ်စီးအားကို ဆောင်နိုင်၏။ ထိုနိမိလကို အလိုရှိရကား ဒီဃာဘယမင်းသည် သူကြီးကိုခေါ်၍ သင်၏သားကို ငါ့ထံ၌ ထားလှည့်ပါဟု တောင်း၏။ သူကြီးလင်မယားတို့ကား သားကို မင်းထံ၌ မထားလိုကြကုန်၊ အစ်ကို ခြောက်ယောက်တို့မူကား ထိုနိမိလသည် အမှုလုပ်ခြင်း၌ ပျင်းရိသည်၏ အဖြစ်ကြောင့် သွားစေလိုကြသတည်း၊ နိမိလလည်း၊ အစ်ကိုတို့ကို အမျက်ထွက်၍ နံနက်စောစောကလျှင် သုံးယူဇနာရှိသော အရပ်ကို အရောက်လာ၍ ဒီဃာဘယမင်းအား ခစား၏။ မင်းသားလည်း စုံစမ်းခြင်းငှာ ဝေးစွာသောခရီး၌ ကိစ္စကို စေ၏။

" အချင်းနိမိလ၊ စေတိယ တောင်အနီး ဒွါရမဏ္ဍလရွာကြီး၌ ငါ့အဆွေဖြစ်သော ကုဏ္ဍလပုဏ္ဏားသည် ရှိ၏။ ထိုပုဏ္ဏား၏အထံသို့ သင်သွားချေ။ ထိုပုဏ္ဏားအား သမုဒ္ဒရာတစ်ဘက်၌ဖြစ်သော ဥစ္စာတို့သည် ရှိကုန်၏။ ထိုပုဏ္ဏား ပေးလိုက်သမျှသော ဘဏ္ဍာကို ဤကစ္ဆကဆိပ်သို့ ဆောင်ခဲ့လော့" ဟု ဆို၍ သဝဏ်စာ ရေးပြီးလျှင် လွှတ်လိုက်၏။ ထိုကစ္ဆကဆိပ်နှင့် အနုရာဓမြို့ကား ကိုးယူဇနာကွာ၏၊ နိမိလလည်း နံနက် အာရုဏ်တက်က သွားလေ၏။ ထမင်းနံနက်စာ မစားမီ ပုဏ္ဏားထံသို့ ရောက်လျှင် ဒီဃာဘယမင်း စေလိုက်ကြောင်းကို ပြောကြား၏။

ပုဏ္ဏားကလည်း လုလင်၊ သင့်ကိုယ်၌ ချွေးယိုလှ၏၊ ရေချိုးချေဦးလော့ ဟုဆို၏။ ထိုမိနိလလည်း အနုရာဓမြို့ကို မရောက်ဖူးသောကြောင့် တိဿဝါပိ ရေကန်၌ ရေချိုး၍ မဟာဗောဓိကိုလည်းကောင်း၊ ထူပါရုံစေတီကိုလည်းကောင်း၊ ပူဇော်ပြီးသော် မြို့တွင်းခရီးသို့ ဝင်၍ အလုံစုံသော မြို့ကိုလည်း၍ ကြည့်ရှုပြီးမှ ပန်းဈေးဆိုင်၌ နံ့သာတို့ကို ဝယ်ပြီးလျှင် မြောက်တံခါးဖြင့်ထွက်၍ ပုဏ္ဏားအိမ်သို့ လာခဲ့သော် ထမင်း ကျက်နပ်သော အခါ၌ပင် ရောက်၏။ ပုဏ္ဏားလည်း လုလင်၊ အဘယ်နေ့က လာသနည်း၊ အဘယ်မျှ ရက်ကြာအောင် လာရသနည်းဟု မေး၏၊ နိမိလကလည်း "ယနေ့နံနက် အရုဏ်တက်ကထ၍ လာပါသည်၊ အရှင့်အိမ်သို့ ရောက်သောကာလ ရေချိုးချေ စေသောကြောင့် တိဿဝါပိ ရေကန်၌ ရေချိုး၍ ဗောဓိပင် စေတီကို ပူဇော်ပြီးမှ အနုရဓမြို့အလုံးကို ကြည့်ရှု၍ နံ့မှ လာခဲ့ပါသည်" ဟု ပြော၏။

ပုဏ္ဏားလည်း ထိုစကားကိုကြားလျှင် "အမောင်ကား အံ့ဖွယ်သရဲ မဖြစ်ဖူးသော သူပေတကား။ အာဇာနည် ယောကျ်ားပေတကား" ဟု ကျောလက်သပ်၍ ချီးမွမ်းပြီးလျှင် စားဖွယ်သောက်ရာများစွာ ကျွေးမွေး၏၊ ဤယောကျ်ားကို ဋ္ဌောရမင်းတို့သိမူ လက်တွင်းက မလွှတ်ဘိရာ၊ ထို့ကြောင့် ဤမြို့မှာ ထား၍မသင့်ချေ၊

ကာကဝဏ္ဏတိဿမင်း၏ ထံ၌ နေခြင်းသာ သင့်ပေသည်ဟု ကြံ၏၊ သဝဏ်စာခွေ ရေးပေးလျှင် ဒီဃာဘယမင်းအား ပေးဖွယ်တမ်းဖွယ်ဖြစ်သော ပုဏ္ဏဝဓုန အမည်ရှိသော များစွာ အဖိုးထိုက်တန်သော အဝတ်ပုဆိုး၊ ရွှေ ငွေ၊ အသပြာတို့ကို ပေး၍ " အမောင်၏အရှင်ဖြစ်သော ဒီဃာဘယမင်းထံသို့ ပြန်တော့" ဟု လွှတ်လိုက်၏။

နိမိလလည်း ဏ္ဍားပေးလိုက်သမျှကို ယူ၍ နေမွန်းတည့်သည့် အခါက လာခဲ့သည်။ ညဥ့်သုံးချက်မတီး မီပင် ကစ္ဆကဆိပ်သို့ ရောက်၍ မင်းသားအား ဆက်သတည်း။ မင်းသားလည်း အလွန်နှစ်သက်သည် ဖြစ်၍ထိုနိမိလကို တစ်ထောင်မျှသော ရတနာဖြင့် တန်ဆာဆင်စေ၍ တစ်ထောင်သော ရိက္ခာကိုပေး၍ မြှောက်စား၏။ တစ်ပါးသော မင်းယောကျာ်းတို့ ဖြူစူစကား ဆိုသည်ကို ကြားလေလျှင် ထိုသူတို့ကို နိမိလ အား ချေးတွန်းခြင်း၊ အဝတ်ဖွတ်ခြင်း ပြုစေ၏၊ ဒီဃာဘယမင်းသားသည် မိမိသုံးဆောင်သော အဖိုးများစွာ ထိုက်သော အိပ်ရာ၊ နေရာ၊ အဝတ်ပုဆိုးတို့ကို အသပြာ တစ်သောင်းနှင့်တကွ ပေး၏။

ထိုမိနိလလည်း ရသမျှသော ဥစ္စာတို့ကို ငါ၏မိဘအား ကျေးဇူးဆပ်သင့်လေသည်ဟု နှလုံးပြုလျှက် ထိုနေ့ညဥ့်ပင် မိဘရွာသို့သွား၍ အမိအားတစ်သောင်း၊ အဘအား အိပ်ရာကို လက်ဆောင် ပေးပြီးမှ နံနက် ထ၍ ကစ္ဆကဆိပ်သို့ ပြန်လာ၍အာရုဏ်မတက်မီ ရောက်၏။ မင်းသားလည်း ထိုအကြောင်းကို သိလျှင် လွန်ဝမ်းမြောက်လျက် ကျေးမက် ရွာပြည် အခြံအရံနှင့်တကွ တစ်သောင်းမျှသော ဥစ္စာကိုပေး၍ ခမည်းတော် ကာကဝဏ္ဏတိဿမင်းကြီးထံသို့ ပို့ပေး၏။ မင်းကြီးလည်း "သူရနိမိလ" ဟူသော အမည်ကို ဘွဲ့ပေး၍ သားတော် ဂါမဏိမင်းအား အပ်နှင်းတော်မူ၏။

" မဟာသောဏ" သူရဲအကြောင်းကား - ကုဠမ္ဗရိကဏ္ဏိကာအရပ်၌ ဟုန္ဒရိဝါပိ မည်သော ရွာသည် ရှိ၏။ ထိုရွာ၌ သူကြီးပြုလုပ်သော တိဿသူကြွယ်ကား သားရှစ်ယောက်တို့သည် ရှိကုန်၏။ထိုရှစ်ယောက်တို့တွင် အငယ်ဆုံးဖြစ်သော သားသည် "သောဏ" အမည်ရှိ၏။ ထိုသောဏသည် ငါးနှစ်ရွယ် ငယ်သောကာလကပင် ထန်းပင် အုန်းပင်ငယ်တို့ကို နုတ်နိုင်၏။ ဆယ်နှစ်ရှိသောအခါ ကြီးစွာသော ခွန်အားရှိသည်ဖြစ်၍ ထန်းပင် အုန်းပင်ကြီးတို့ကို နုတ်နိုင်သည်၊ တစ်ဆယ့်ခြောက်နှစ် အရွယ်သို့ ရောက်သောအခါ ဆင်ပြောင်ဆယ်စီးအားကို ဆောင်နိုင်သည်ဖြစ်၍ ကျော်စောထင်ရှား၏။ ကာကဝဏ္ဏတိဿမင်းကြီး ကြားသိတော်မူလျှင် ခေါ်ဆောင်၍ တစ်ထောင်သောရိက္ခာနှင့် မြို့ရွာကျေးပေး၍ သားတော် ဂါမဏိမင်းအား ဆောက်နှင်းပေ၏။

"ဂောဋ္ဌယိမ္ဗရ" ၏အကြောင်းကား - ဂိရိမဏ္ဍလိကမည်သော ဇနပုဒ်၏ နိစ္စေဝိဋ္ဌိက မည်သော ရွာ၌ မဟာနာဂမည်သော သူကြီးတွင် သားခုနှစ်ယောက် ရှိသတည်း။ အငယ်ဆုံးဖြစ်သော သားသည် ပုသော၊ ကွသောကိုယ် ရှိ၏။ ဖျင်းလည်း ဖျင်း၏၊ ထို့ကြောင့် ဂောဋ္ဌကဟူသော အမည်ကို မှည့်၏။ စွမ်းအန်မူကား

ဆင်ဆယ်စီးအားကို ဆောင်နိုင်၏။ အစ်ကိုခြောက်ယောက်တို့သည် ပဲကြီခင်းအလို့ငှာ ယာထွန်ကြကုန်သော် အဖော်မရသည်ဖြစ်၍ ထိုညီငယ်အား ပြက်ရယ်စကား များစွာ ဆိုကြကုန်၏၊ ဆိုဖန်များသော် "အကိုတို့ ကျွန်ုပ် တာဝန်ကို ထားကြပါ။ ကျွန်ုပ် လုပ်ကိုင်မည်" ဟုဆို၏။

အစ်ကိုတို့လည်း တည်ပင်၊ ယင်းတိုက်ပင် စသည့်တို့ များရာ ကျယ်စွာသောဌာနကို ထား၍ မိမိတို့အား ထိုက်သော အရပ်ကို အသီးသီး ပြုပြင်ပြီးသော် " ငကွ၊ သင်၏အဖို့သာ ကျန်တော့သည် ၊ သွား၍ ခုတ်ထွင်လော့" ဟုဆို၏။ ထိုအခါ ကောဋကလည်း လျင်စွာသွား၍ ထားသောအရပ်၌ တည်ပင် စသည်တို့ကို ဆွဲကာ ဆွဲကာနုတ်၍ မြေညီညွတ်ပြီးမှ အိမ်သို့ ပြန်လာ၏၊ အစ်ကိုခြောက်ယောက်တို့လည်း ထိုကောဋက၏ အံ့ဖွယ်သရဲဖြစ်သော အပြုအမူကို မြင်လျှင် ရင်သပ်လက်တီး ချီးမွမ်းကြကုန်လျက် ငါ့ညီသည် ဤအရပ်၌လည်းကောင်း၊ ဆင်းရဲသား အမှုနှင့်လည်းကောင်း၊ မတန်ချေ၊ မင်းခစား ပြုရသော် လျင်စွာ သူကောင်းဖြစ်ရာ၏ ဟု ဆိုကြကုန်၏၊ ထိုသို့ တည်ပင်ကို နုတ်နိုင်သော စွမ်းပကားကြောင့် "ကောဋတိမ္ဗရ" ဟူသော အမည်သည်ဖြစ်၏။ ထိုအကြောင်းကို ကာကဝဏ္ဏတိဿမင်းကြီး ကြားသိတော်မူလျှင် ထိုသူကို ခေါ်ဆောင်၍ တစ်ထောင်သော ရိက္ခာကိုလည်းကောင်း၊ မြို့ ရွာ ကံကျွေးကိုလည်းကောင်း ပေး၍ သားတော် ဂါမဏိမင်းအား ဆောက်နှင်းပေ၏။

"အဘယသူရဲ" ၏ အကြောင်းကား - ကောဋတောင်၏အနီး ကတ္တိရွာကြီး၌ အုပ်ချုပ်နေသော ရောဟဏမည်သော သူကြွယ်သည် ရှိ၏။ ထိုသူကြွယ်၏သားသည် အဘယ အမည်ရှိ၏၊ ထိုအဘယသည် တစ်ဆယ့်နှစ်နှစ် အရွယ်ကပင် လူလေးယောက်၊ ငါးယောက် ချီကြွလောက်သော ကျောက်ခဲ၊ ကျောက်ဖျာတို့ကို ဂုံညင်းကဲ့သို့ ထိုး၍ ထိုး၍ ပစ်လွှင့်သောအားဖြင့် ကစား၏။ တစ်တယ့်ခြောက်နှစ် ရှိသောအခါ အဘယ သူကြွယ်က ဘေးအန္တရာယ်ကို တားစိမ့်သောငှာ အလျား တစ်ဆယ့်ခြောက်တောင် ရှည်သော သုံးဆယ့်ရှစ်လက်သစ် လုံးပတ်ရှိသော ရှားနှစ်ဆောက်ပုတ်ကို ပြုလုပ်၍ ပေး၏၊ အဘယလုလင်သည် ထိုဆောက်ပုတ်ဖြင့် အုန်းပင်၊ ထန်းပင်တို့ကို ရိုက်ခတ်၍ ဖြတ်နိုင် လှည်းနိုင်သတည်း။ မိဘတို့ကလည်း ငါတို့သားသည် အားအင်ကြီးလှသည်၊ မင်းစိုးတို့သိလျှင် အန္တရယ်ပြုလေတော့မည်ဟု စိုးရိမ်၍ သားကိုနားချပြီးလျှင် အစဉ်ကိုးကွယ်ထားသော မဟာသုမန ထေရ်၏အထံ၌ သာမဏေပြု၍နေစေ၏။

ထိုသာမဏေသည် ဗောဓိပင်ကိုလည်းကောင်း၊ ကျောင်းအရံဖြစ်သော ထန်းပင်၊ အုန်းပင် တို့ကိုလည်းကောင်း ရေလောင်း၍ ကျောင်းပရိက်တို့ကို အလွန်ရွက်ဆောင်၏။ တစ်ရံသောအခါ ကောဋတိမ္ဗရသည် မိမိအခြံအရံနှင့်တကွ မိဘရှိရာသို့ လာလတ်သော် ထိုကောဋတောင် ကျောင်းအရပ်သို့ ရောက်၍ ကျောင်းအရံအတွင်းဝယ် ထမင်း အဖျော် စားသောက်ပြီးမှ အုန်းပင်တို့၏ အသီးကိုမြင်လျှင် နောက်တွင်ပါသော

လူတို့အား စားစေလို့ရကား လှုပ်ကာ လှုပ်ကာချ၍ပေး၏၊ အုန်းပင်အချို့လည်း ကျိုး၍ ကျလေသည်။ စားသောက်ပြီးမှ တစ်ခုသော သစ်ပင်ရင်းတွင် အိပ်၍နေ၏။

အဘယသာမဏေသည် ဆွမ်းခံရာမှ ပြန်လာ၍ မြင်သော် "ဤအုန်းပင်တို့ကို အဘယ်သူဖြတ်သနည်း" ဟု မေး၏။ ကာကဝဏ္ဏတိဿမင်း၏ သူရဲကောင်းဖြစ်သော ဂောဌတိမ္ဗရသည် လှုပ်ချသည်နှင့်ကျိုးကြောင်းကို ဆိုလျှင် ဤငကွသည် မိမိစွမ်းအင်ကိုသာ စွမ်းအင်မှတ်သည်၊ သူတစ်ထူးအစွမ်းကို မမြင်ဖူးရှာလေ၊ ယခု သိစေအံ့ဟု ဆို၍ အိပ်နေရာ၌ ခြေမကို မိမိခြေမနှင့် ညှပ်ပြီးသော် ပတ်ပတ်လည်အောင်ဝင့်၏၊ ဂောဌ-တိမ္ဗရသည် အားပြု၍ ထပါသော်လည်း မထနိုင်၊ ထိုသာမဏေ လျှော့သောအခါ အဘယတမရှိဘဲ "အရှင်ဘုရား၊ အကျွန်ုပ် အားကြီးမားလှသောကြောင့် အတူမရနိုင်ဟု ထင်ပေသည်၊ အရှင်နှင့်တွေ့ပြန်မှ ငါ့အဖော် ရှိပြန်ပေသည်၊ ဝမ်းမြောက်ပါသည်" ဟု အသာအယာ ပြောဟောကြပြီးလျှင်သို့စင်သောအစွမ်းနှင့် ပြည့်စုံပါလျက် သာမဏေပြု၍ အဘယ်ကြောင့် နေသတည်း။ ကာကဝဏ္ဏတိဿမင်းကြီးထံ လာ၍အမှုထမ်းပါလျှင် ငါကဲ့သို့ သူကောင်းဖြစ်အံ့ဟု ဆို၏။

"ငကွ-ငါကား မင်းပေးချမ်းသာကို ဘယ်မှာလိုအံ့နည်း၊ ငါတို့မိဘတွင်ပင် ရွှေ ငွေ ရတနာသည် များစွာရှိ၏" ဟုဆိုလျှင် "ကိုယ်တော်တို့မှ သာသနာတော်ကို မချီးမြှောက်လျှင် ဘယ်သူချီးမြှောက်တော့အံ့နည်း ယခုအခါ မိစ္ဆာဒိဋ္ဌိဖြစ်သော ကျေးကုလားတို့ ဘုရားကျောင်းကိုဖြတ်၍ မင်းပြုကြသည်ကို မမြင်ပါ သလော"ဟုမေး၏။ သာမဏေသည် ဤအကြောင်းကို ဆင်ခြင်၍ အမှုထမ်းချင်စိတ် ရှိသေး၏ ဟု ဆို၏၊ ထိုစကားကို ဂောဌတိမ္ဗရသည် မိဘထံသို့သွား၍ ပြန်သောအခါ ကာကဝဏ္ဏတိဿမင်းကြီးအား အကြောင်း ကို လျှောက်ထား၏၊ မင်းကြီးလည်း သာမဏေကိုခေါ်၍ လူပြုစေပြီးသော် တန်ဆာတစ်ထောင် ရိက္ခာ တစ်ထောင်နှင့်တကွ မြို့ရွာကံကျွေးပေး၍ သားတော် ဂါမဏိမင်းအား ဆောက်နှင်းပေး၏။ အဘယ သူကြွယ် ကား မဟာသုမန ထေရ်၏ အလုပ်အကျွေးဖြစ်၍ တနေ့မပြတ် ကျောင်းသို့ဆည်းကပ်၍ တရားတော်ကို နာရာတွင် တရံသောအခါ၌ သောတပတ္တိဖိုလ်သို့ ရောက်၍ လူချမ်းသာ၌ ပြင်စွာသော သံဝေဂ ရှိရကား များစွာသော စည်းစိမ်ဘဏ္ဍာတို့ကို သားအား ဆောက်နှင်းခဲ့၍ မဟာသုမနထေရ်၏ ထံ၌ ရဟန်းပြုလေသဖြင့် မရှည်မြင့်မီပင် ရဟန္တာ ဖြစ်လေ၏။ထိုကြောင့် အဘယသူရဲကို "ထေရပုတ္တာဘယ" ဟု ခေါ်ဆိုကြကုန်၏။

"ဘရဏသူရဲ" ၏ အကြောင်းကား-- တပွကန္ဒရရွာ၌ ကုမာရမည်သော သူ၏သားသည် ဘရဏ အမည်ရှိ၏။ ထိုဘရဏသည် တစ်ဆယ့်နှစ်နှစ်အရွယ်ကပင် သူငယ်တို့နှင့် တောသို့ လှည့်လည်၍ ယုန်လိုက်ကြသော် များစွာသော ယုန်တို့ကို အမီလိုက်၍ ခြေဖြင့်ခတ်လျက် နှစ်ပိုင်းပြတ်၍ သေစေ၏၊ လိုက်လိုက်မျှသော သတ္တဝါတို့သည် လွတ်ရသည်မရှိ၊ မိလေသည်သာတည်း၊ တစ်ဆယ့်ခြောက်နှစ် သို့

ရောက်သောအခါ ရွာသားတို့နှင့် တောသို့လှည့်လည်၍ သမင်၊ သား ငါး လိုက်ကြကုန်သော် စိုင်၊ ပြောင်၊ ကြံ့၊ ဝက်တို့ကို တွေ့လျှင် ရှတ်ခြည်းဝင်၍ ဦးချို၊ နားရွက်တို့ကို ကိုင်ပြီးလျှင် လက်သီးဖြင့်ထိုး၍ သော်လည်းကောင်း၊ သေစေသည်၊ မြေမှာရိုက်၍သော်လည်း သေစေသည်။ သမင်၊ ဒရယ်တို့ကိုကား ခုန်လွှား၍ ခြေနှင့်ခတ်လေသဖြင့် အပိုင်းပိုင်း ပြတ်စေသတည်း။ ဆင်ပြောင်ဆယ်စီးအားကို ဆောင်နိုင်သော အစွမ်းရှိသတည်း၊ ထို့ကြောင့် ဘရဏသူရဲဟု ကျော်စွာထင်ရှား၏၊ ကာကဝဏ္ဏတိဿမင်းကြီး ကြားသိတော် မူလေလျှက် တန်ဆာတစ်ထောင်၊ ရိက္ခာတစ်ထောင်နှင့်တကွ စည်းစိမ်အခြံအရံကိုပေး၍ သားတော် ဂါမဏိမင်းအား ဆောက်နှင်းပေ၏။

" ဝေဠုသုမန " အကြောင်းကား-- ဂိရိဇနပုဒ်၊ ကုဋိယင်္ဂနရွာ၌ အလွန် သူတော်ကောင်းသော ဝသဘ မည်သော သူကြွယ်သည်ရှိ၏။ ထိုသူကြွယ်၏မယား သားဖွားသောနေ့၌ သူကြွယ်၏ မိတ်ဆွေဖြစ်သော ဝေဠုဇနပုဒ် သားသည်လည်းကောင်း၊ ဂိရိရွာစားဖြစ်သော သုမနသူကြီးသည် လည်းကောင်း၊ ပေးဖွယ် ကမ်းဖွယ်နှင့်တကွ ရောက်လာလေသတည်း။ ထိုကိုအကြောင်းပြု၍ သားကို ဝေဠုသုမနဟု အမည်မှည့်၏၊ ထိုသူငယ်သည် သွင်ပြင်လည်း လျောက်ပတ်အားလည်း ကြီးမြတ်ရကား ဂိရိရွာစားသည်ယူ၍ မိမိအိမ်၌ နေစေ၏၊ ထိုရွာစား၏အိမ်၌လည်း ကြီးမားသော ချောမောလှသော သိန္ဓောမြင်း တစ်စီးသည် မည်သူ၏ အစီးကိုမျှ မခံဘဲရှိနေ၏၊ ဝေဠုသုမန အရွယ်သို့ ရောက်သောအခါ ရွာစားကလည်း ငါ၏မြင်းကို သင် စီးစမ်းလော့ ဟု ဆို၏။

ထို ဝေဠုသုမနလည်း သိန္ဓောမြင်းကို စီးလေ၏။ မြင်းကလည်း ငါ၏အရှင် ဖြစ်ထိုက်သူကား ဤသူငယ်တည်းဟု နှလုံးထား၍ အားရဝမ်းသာ ရယ်ပြီးလျှင် မြင်းတင်ကုပ်ကြီးကို လှည့်လည်သည်။ညဉ့်အခါ၌ လျှင်စွာဝင့်သော မီးအစဉ်ကဲ့သို့ အလျဉ်မပြတ်မူ၍ထင်၏၊ ထို့နောက် ရွာကို လှည့်၍စီးပြန်သော် လျှပ်လျှပ်ပြေးသကဲ့သို့ ဖြစ်၏၊ ဝေဠုသုမနလည်း ထိုမြင်း၏ကျောက်ကုန်းထက်၌ ရပ်၍ လည်းကောင်း၊ ထ၍လည်းတောင်း ဦးပေါင်းပေါင်း၍လည်းကောင်း၊ ပုဆိုးဝတ်၍ လည်ကောင်း လိုက်၏၊ ခပ်သိမ်းသော လူပရိတ်သတ်တို့ မြင်ကြသော် ကြွေးကြော် ချီးမြှောက်ကြသော အသံသည် မိုးယံအပြင်၌ ပဲ့တင်ထပ်မျှရှိ၏၊ ဂိရိရွာစားကလည်း ဤသူကား မင်းကြီးအား လျောက်ပတ်သော သူပေတည်းဟု နှလုံးပြု၍ ကာကဝဏ္ဏတိဿမင်းကြီးအား ဆက်ပေ၏။ မင်းကြီးလည်း တန်ဆာတစ်ထောင် ရိက္ခာတစ်ထောင်သော သပြာနှင့် တကွ မြို့ရွာကျေးပေး၍ သားတော် ဂါမဏိမင်းအား ဆောက်နှင်းပေ၏။

" ခဉ္စဒေဝ " အကြောင်းကား-- နကုလနဂရက္ခာ ဇနပုဒ် မဟိန္ဒဒေါဏိက အမည်ရှိသော ရွာ၌ အဘယ သူကြွယ်အား သားသုံးယောက်ရှိသည်တွင် အထွေးဆုံးသားသည် ဒေဝအမည် ရှိ၏။ ထိုဒေဝသည်

စဉ်းငယ်ခွင်သော သဘောရှိရကား ခဥ္စဒေဝဟု ခေါ်ဝေါ်ကြကုန်၏၊ ထိုခဥ္စဒေဝသည် တစ်ဆယ့်ခြောက်နှစ် အရွယ်သို့ ရောက်သောအခါ ကြီးစွာသော အားရှိသည်ဖြစ်၍ ဆင်ပြောင် ဆယ်စီးအားကို ဆောင်နိုင်၏။ တရံသောအခါ ရွာသားတို့နှင့် အတူတကွ သမင်တောသို့ သွားကြလေသော် စိုင်ကြီး၊ ကျွဲကြီးတို့ကို မြင်လျှင် အစဉ်လိုက်၍ ပြေး၍ ကျွဲ၏ခြေနှစ်ဖက်ကို လက်ဖြင့်ကိုင်၍ မြှောက်ပြီးသော် ဂုံညင်းဒိုးကဲ့သို့ ကောင်းကင်သို့ ထိုးမြှောက်၍ ပစ်လိုက်၏၊ ကျ၍သေသော်အခါမှ ထိုသားကိုယူ၏၊ အချို့သော ကျွဲတို့ကိုလည်း ဦးချိုတို့ကိုကိုင်၍ လှည့်ပြီးလျှင် မြေ၌ပုတ်ခတ်၍ မှုန့်မှုန့်ညက်ညက် ကြေစေ၏၊ ထိုအကြောင်းကို ကာကဝဏ္ဏတိဿမင်းကြီး ကြားသိလေသော် အထံတော်သို့ ခေါ်ဆောင်၍ တထောင်သောရိက္ခာနှင့်တကွ မြို့ရွာကံတွေး ပေး၍ မြှောက်စားပြီးမှ သားတော် ဂါမဏိမင်းအား ဆောက်နှင်းပေ၏။

" ဖုဿဒေဝ "၏အကြောင်းကား--စိတ္တလတောင်အနီး၌ သယ်ကပိဋ္ဌမည်သော ရွာရှိ၏၊ ထိုရွာ၌ ဥပ္ပလ မည်သောသူ၏သားသည် ဖုဿဒေဝ အမည်ရှိ၏။ ထိုဖုဿဒေဝသည် တစ်ဆယ့်နှစ်နှစ် အရွယ်ကပင် သူငယ်တို့နှင့်တကွ ကျောင်းသို့သွား၍ ဗောဓိပင်၌ ပူဇော်၍ထားသော ခရုသင်းကိုယူ၍ အားကုန်ထုတ်သဖြင့် မှုတ်သော် ထိုခရုသင်းအသံသည် မိုးကြိုးထစ်သကဲ့သို့ ဖြစ်၍ အလုံးစုံသော လူငယ်တို့သည် အလန့်တကြား ရူးသကဲ့သို့ လည်းကောင်း၊ မိန်းမောသကဲ့သို့ လည်းကောင်း ဖြစ်၏၊ ထိုကြောင့် ဖုဿဒေဝကို ဥမ္မာဒဖုဿဒေဝ ဟု သမုတ်ကြကုန်၏၊ ဤဖုဿဒေဝကို အဖဖြစ်သော ဥပ္ပလသူကြီးသည် အမျိုးအနွယ်မှလာသော လေးအတတ်ကို သင်စေသော် လွန်စွာတတ်မြောက်၏၊ အသံဖြင့်မှန်အောင် ပစ်နိုင်သော သဒ္ဒဝေဓိ အတတ်ကို လည်းကောင်း၊ လျှပ်စစ်ရောင်ဖြင့် မှန်အောင်ပစ်နိုင်သော ဝိဇ္ဇုဝေဓိ အတတ်ကိုလည်းကောင်း၊ သားမြီးကို မှန်အောင် ပစ်နိုင်သော ဝါဠဝေဒိ အတတ်ကို လည်းကောင်း၊ ရှေ့မြားကို နောက်မြားဖြင့်မှန်အောင် ပစ်နိုင်သော သရဝေဓိ အတတ်ကိုလည်းကောင်း တတ်မြောက်၏။ သဲအပြည့်တင်သောလှည်းကို ထွင်းအောင် ပစ်ခြင်း၊ အထပ်ထပ်ထူသော သားရေကိုထွင်းအောင် ပစ်ခြင်း၊ ရှစ်သစ်ထူသော ပိတောက်နှစ်ကို ထွင်းအောင် ပစ်ခြင်း၊ တစ်ဆယ့်ခြောက်သစ်ထူသော ရေတဖန်းပင်ကို ထွင်းအောင်ပစ်ခြင်း၊ လက်နှစ်သစ်ထူသော သံပြား၊ လက်လေးသစ်ထူသော ကြေးနီပြားကို ထွင်းအောင်ပစ်ခြင်းငှာလည်း စွမ်းနိုင်၏။ ကုန်းကြည်း၌ မြားကို လွှတ်သည်ရှိသော် ရှစ်ဥသဘတိုင် သွား၏။ ရေ၌လွှတ်သော် တဥသဘတိုင်အောင် သွား၏။ ထိုဖုဿဒေဝ၏ အကြောင်းကို ကာကဝဏ္ဏတိဿမင်းကြီးကြားသော် ခေါ်တော်မူ၍ တန်ဆာရိက္ခာ သပြာတစ်ထောင်စီ ပေးပြီးမှ ဂါမဏိမင်းသား၏ အထံ၌ နေစေ၏။

" ဝသဘသူရဲ " အကြောင်းကား-- တုလာဓာရ တောင်၏ အနီးဖြစ်သော ဝိဟာရဝါပိရွာ၌ မတ္တ မည်သော သူကြွယ်အား ဝသဘမည်သော သားသည် ရှိ၏။ ထိုသားသည် တင့်တယ်ရှုချင်ဖွယ်သော ကိုယ်

အင်္ဂါရှိရကား လဘိယဝသဘ ဟူ၍ ခေါ်ကြကုန်၏။ ထိုဝသဘသည် အသက်နှစ်ဆယ် အရွယ်ရှိသောအခါ ကြံ့ခိုင်သော ကာယဗလရှိ၏။ မိမိတို့လယ်လုပ်ရာ၌ ရေမလောက်သောအခါ ရေသွင်းစရာ အလို့ငှာ ကျယ်စွာသော ရေကန်ကို ပြုကြသော် ထိုဝသဘသည် မိမိနှင့်သက်ရွယ်တူသော လူတစ်ကျိပ် နှစ်ကျိပ်တို့နှင့် ပြိုင်၍ မြေစိုင်မြေခဲတို့ကို ရွက်ဆောင်ကာ လျင်စွာ ရေကန်ကို ပြု၏။ ထိုအမှုဖြင့် ထက်ဝန်းကျင် ထင်ရှားလေရကား ကာကဝဏ္ဏတိဿမင်းကြီး ကြားလေသော် ထိုဝသဘကိုခေါ်၍ ချီးမြှောက်တော်မူမြဲဖြစ်သော တန်ဆာ ရိက္ခာကိုပေး၍ သားတော် ဂါမဏိအား အပ်နှင်းပေ၏။ ကာကဝဏ္ဏတိဿမင်းကြီးသည် ဤတစ်ကျိပ်သော သူရဲကြီးတို့အား သင်တို့ကဲ့သို့ ခွန်အားကြီးသော ရဲရင့်သောသူတို့ကို ထောက်လျှင် တစ်ကျိပ်၊ တစ်ကျိပ်စီရှာဦး၊ ငါရိက္ခာကျွေး ပေးမည်ဆို၍ ရှာစေသော် မင်းအာဏာအတိုင်း တစ်ကျိပ်စီပင် ရပြန်သဖြင့် တစ်ရာနှင့် တစ်ကျိပ် ဖြစ်လေ၏။ ထိုသူရဲတို့အားလည်း တစ်ယောက်လျှင် တစ်ကျိပ်ရအောင် ရှာဦးဆို၍ ရှာစေပြန်သဖြင့်၊ တစ်ကျိပ်စီ ရလေရကား သူရဲပေါင်း တစ်သောင်းတစ်ထောင်တစ်ရာတစ်ကျိပ် တို့သည် ပေါင်းရုံးမိလေကုန်၏။ ထိုမှလောက် သူရဲကောင်းတို့လည်း သားတော်ဂါမဏိမင်းအား ခြံရံလျှက် နေစေကုန်၏။

## ဒုဋ္ဌဂါမဏိ မင်းညီနောင်တို့စစ်ထိုးကြခြင်း

**ဂါမဏိနှင့်တိဿ**

ဂါမဏိမင်းသားလည်း ထိုသူရဲအပေါင်းတို့နှင့်တကွ ဆင်စီး မြင်းစီးအတတ်၊ လေးပစ် လှံထိုးအတတ် တို့ကိုသာ လေ့လာလျက် မဟာဂါမ၌ နေရသတည်း။ ညီတော် တိဿမင်းသားကိုကား ခမည်းတော် ကာကဝဏ္ဏတိဿ မင်းကြီးက ဇနပုဒ်ကို စောင့်ရှောက် စိမ့်သောငှာ သင့်လျော်သော ဗိုလ်ပါရဲမက်နှင့်တကွ ဒီဃဝါပိအရပ်၌ အုပ်ကွပ်၍ နေစေသတည်း။

**စစ်တိုက်ခွင့်မရ**

ဂါမဏိမင်းသားလည်း မိမိ၏ ဗိုလ်ပါအင်အား ပြည့်စုံသည်ကို မြင်သဖြင့် တေးမင်းတို့နှင့် စစ်ထိုးလိုသော အကြံဖြစ်ရကား၊ ခမည်းတော် ကာကဝဏ္ဏတိဿ မင်းကြီးအား ကြားလျှောက် ခွင့်တောင်း၏၊ မင်းကြီးကလည်း သားကို စောင့်ရှောက်ခြင်းငှာ " ချစ်သားဂါမဏိ၊ ငါတို့၏ ရှေးကောင်းမှု အစွမ်းဖြင့် အုပ်လွှမ်းစိုးမိုးရသော ဂင်္ဂါ၏ ဤမှာဘက် နယ်ပယ်မျှဖြင့် စိတ်ပြေလောက်ပါပြီ၊ ထိုမှာဘက်ကမ်းသို့ သွား၍ စစ်မထိုးလေလင့် " ဟု တားမြစ်၏။ မင်းသားလည်း တဖန် ထပ်မံ၍ ခွင့်တောင်း၏။ ခမည်းတော်ကလည်း သုံးကြိမ်မြောက်အောင် ခွင့်မပြုဘဲ တားမြစ်တော်မူသလျှင်ကတည်း။

ခမည်းတော်အားပြစ်မှားခြင်း

ထိုအခါ ဂါမဏီမင်းသားက ငါ့ခမည်းတော်သည် ယောကျ်ားမှန်က ဤသို့သော စကားကို မဆိုရာ၊ မိန်းမတို့၏ ဆင်ဝတ်ရာ တန်ဆာ ဝတ်စားတို့ကိုသွား၍ ဆက်ချေလော့ဆို၍ ထဘီ၊ တဘက်စသော မိန်းမတို့၏ တန်ဆာကို ဆက်စေ၏။ ထိုအခါ ကာကဝဏ္ဏတိဿမင်းလည်း အမျက်ထွက်၍ ငါကဲ့သို့သော ဖခင်ကို ပြစ်မှားသည်၊ ရွှေခြေကျင်းဖြင့် ဖွဲ့၍ထားမှ သင့်မည်ဆို၍ ရွှေခြေကျင်းတို့ကို လုပ်စေ၏။ မင်းသားလည်း ခမည်းတော်အား ကြောက်ရွံ့သည်ဖြစ်၍ အတန်ငယ်သော ကျေးကျွန်တို့ကို ခေါ်ပြီးလျှင် မလယမည်သော ဇနပုဒ်ကို ပြေးလေ၏။

ဒုဋ္ဌဂါမဏီ

ထိုအခါမှစ၍ ခမည်းတော် အပေါ်၌ ဆိုးသွမ်းပြစ်မှားသောကြောင့် မင်းသားကို "ဒုဋ္ဌဂါမဏီ" ဟု ခေါ်ကြကုန်၏။

သစ္စာပြုစေခြင်း

ကာကဝဏ္ဏတိဿမင်းကြီးလည်း မဟာမင်္ဂလမည်သော စေတီတော်ကိုတည်၍ ပြီးမြောက်သော အခါ စိတ္တလတောင်၌ နေတော်မူသော ရဟန်း တစ်သောင်းနှစ်ထောင်၊ ထိုထိုသော အရပ်၌နေသော ရဟန်းတော် တစ်သောင်းနှစ်ထောင်အားဖြင့် နှစ်သောင်းလေးထောင်သော ရဟန်းတို့ကို စည်းဝေးစေ၍ ပရိက္ခရာ ရှစ်ပါးတို့ဖြင့် လှူဒါန်းပြီးလျှင် စေတီတော်အား ပူဇော်ကုန်ပြီးသော် သူရဲကြီးတို့ကို ခေါ်၍ စည်းဝေးစေပြီးမှ သံဃာတော်တို့၏ ရှေ့၌ ဤသို့သော သစ္စာကို ပြုစေကုန်၏။ "ငါ၏ သားနှစ်ယောက်တို့သည် တစ်စုံတစ်ခုသော အကြောင်းကြောင့် ခိုက်ရန်ဖြစ်ခဲ့သော် သင်သူရဲကြီးတို့သည် တစ်ဦး တစ်ဦး၏ ဘက်က ကူညီ၍ မလိုက်ပါကုန်လင့်၊ အကယ်၍ လိုက်သည်ဖြစ်အံ့၊ သင်တို့အား ငါပေးကျွေးသမျှသော ရိက္ခာသည် အဆိပ်ဖြစ်၍ လတ်တလော သေစေသောဟု သစ္စာပြုကုန်လော့" ဟု ဆိုတော်မူ၏။ သူရဲကြီးတို့ကလည်း မင်းအမိန့်တော်အတိုင်းပင် ကျိန်ဆိုကာ သစ္စာပြုကြကုန်၏။

ကာကဝဏ္ဏတိဿမင်းကြီး နတ်ရွာစံခြင်း

ကာကဝဏ္ဏတိဿမင်းကြီးသည်လည်း ခြောက်ဆယ့်လေးရပ်သော ကျောင်းကြီး စေတီကြီး တို့ကို လည်း ပြုစုတည်ထား၍ သက်တော်ခြောက်ဆယ့်လေးနှစ် ရှိသောအခါ ကိုယ်တွင်းရောဂါဖြင့် ကြမ္မာကုန်တော်မူ၏၊ ထိုအခါ ဝိဟာရဒေဝီ မိဖုရားလည်း မင်းကြီးအလောင်းကို ဖုံးလွှမ်းပြီးသော် ယာဉ်ရထားဖြင့်ဆောင်၍ တိဿကျောင်းကြီး၌ ထားပြီးလျှင် သံဃာတော်တို့အား တရားအလှည့်အလှည့် ဟောစေ၏။

တိဿမင်း

ဒီဃဝါပိ အရပ်၌နေသော တိဿမင်းသားသည် ထိုအကြောင်းကို ကြားလေလျှင် လျင်စွာလာ၍ ခမည်းတော်၏ အလောင်းကို ကောင်းမွန်ရှိသေစွာ သဂြိုလ်ပြီးမှ မယ်တော်ဝိဟာရဒေဝီကို လည်းကောင်း၊ ကဏ္ဍုလဆင်တော်ကို လည်းကောင်း၊ ယူ၍ နောင်တော်အား ကြောက်သောကြောင့် မိမိ၏နေရာ မြို့ရွာသို့ လျင်စွာသွား၏။

## ဒုဋ္ဌဂါမဏီမင်းအဘိသိက်ခံခြင်း

အလုံးစုံသောမှူးတော် မတ်တော်တို့လည်း စည်းဝေးကုန်ကြ၍ ခမည်းတော်လွန်သော အကြောင်း၊ အလောင်းတော်ကို ညီတော်တိဿမင်း သဂြိုဟ်လာကြောင်း၊ မယ်တော်ကို လည်းကောင်း၊ ဆင်တော်ကို လည်းကောင်း၊ ဆောင်သွားကြောင်းများကို သဝဏ်စာရေး၍ ဒုဋ္ဌဂါမဏီမင်းထံသို့ တမန်စေလွှတ်၏။ မင်းသားလည်း ထိုအကြောင်းကို ကြားလျှင် များစွာသော ဗိုလ်ပါနှင့်တကွ ကိုယ်တိုင်လာ၍ မဟာဂါမသို့ ရောက်လျှင် ဖခင်၏ အရိပ်အရာဖြစ်သော ထီးနန်းကို သိမ်း၍ အဘိသိက်ခံတော်မူသတည်း။

## ညီနောင်၂ ဦး ပထမစစ်ပွဲ

အဘိသိတ်ခံပြီးလျှင် မယ်တော်ကို လည်းကောင်း၊ ကဏ္ဍုလ ဆင်တော်ကို လည်းကောင်း ပို့လာစိမ့်သောငှာ ညီတော်တိဿ၏ထံသို့ စာတမာန်ဖြင့် စေတော်မူ၏၊ သုံးကြိမ်တောင်း၍မျှ မပို့ဘဲနေလေလျှင် ဂါမဏီမင်းသည် အမျက်တော်ရှိရကား ညီတော်အား စစ်ထိုးခြင်းငှာ ဆင်၊ မြင်း ဗိုလ်ပါနှင့်တကွ ချီလေ၍ စူဠင်္ဂဏိယ အပြင်၌ တပ်ချတော်မူ၏။ ညီတော်တိဿလည်း နောင်တော်ချီလာပြီ ကြားလျှင် ရဲမက်များနှင့်တကွ ဒီဃဂါဝါပိမှ ထွက်၍ ထိုစူဠင်္ဂဏိယ အပြင်၌ပင် ရပ်တန့်လျက် စစ်မျက်နှာ ဆိုင်ကြ၏။

## ဒုဋ္ဌဂါမဏီမင်းပြေးရခြင်း

ယင်းသို့ စစ်ထိုးကြရာတွင် ဒုဋ္ဌဂါမဏီမင်း၏ စစ်သည်တော်တို့သည် တစ်ထောင်မျှလောက် ကျကုန်၍ ဖရိုဖရဲ ကွဲပြားလေ၏။ ဒုဋ္ဌဂါမဏီမင်းလည်း ဒီဃထုနိကာမည်သော မြင်းမကိုစီး၍ တိဿအမတ်နှင့်တကွ ဥ္နသုံးယောက်သား ပြေးရ၏။

## တောင်ခြား၍စစ်တားခြင်း

ညီတော်တိဿလည်း ဆင်စီး၍ နောင်တော်ကို အစဉ်လိုက်လေသော် အဘိညာဉ်ရသော ရဟန်းတို့မြင်လျှင် မင်းညီနောင်နှစ်ပါးတို့ မထိမပါးရစေခြင်းငှာ အကြား၌ ကြီးစွာသော တောင်ကို ဖန်ဆင်း၏။ ညီတော်တိဿလည်း ရဟန်းတို့၏ အမှုတည်းဟုသိ၍ ထိုတောင်ကို မတက်မူ၍ ပြန်လေ၏။ ဒုဋ္ဌဂါမဏီမင်းလည်း တောင်ခြားသည်ကိုမြင်လျှင် အရှင်ရဟန်းတို့၏ အစွမ်းပေတည်းဟု သိ၍ ငါချမ်းသာခွင့်ရပြီဟု

စိတ်ချကာ လာခဲ့သဖြင့် ကပ္ပကန္တရမြစ်၏ ဇိဝမာလိဆိပ်သို့ ရောက်သောအခါ တိဿအမတ်ကို ဤသို့ဆို၏၊ "အမောင်တိဿ၊ ငါတား ယမန်နေ့၌ ပွဲတော်မတည်ရသည်ဖြစ်၍ ယနေ့ဆာမွတ်လှချေပြီ၊ သင်စားဖွယ် ရှာနိုင်အံ့လော့" ဟုမေး၏။ တိဿအမတ်လည်း " ကျွန်ုပ်၌ ရွှေခွက်တွင် ထည့်အပ်သော တစ်နပ်စာထမင်း ပါပါသေး၏" ဟု ဆို၍ ထမင်းကို ရွှေခွက်ဖြင့်ထည့်၍ ဆက်၏၊ မင်းကလည်း " ငါသည်စားဦးကို မလှူဘဲ စားလေ့မရှိ ထိုကြောင့် ဤထမင်းကို လှူရန်လည်းတစ်ဖို့ ကျွန်၊ အရှင်၊ သုံးဦး တစ်ဖို့စီအားဖြင့် လေးဖို့ပြုလော့" ဟု ဆို၏၊ တိဿအစ်တ်လည်း မင်းဆိုတိုင်း လေးစုပြုလျှင် အလှူခံရှင်တို့ကို ကြွေးကြော်ကြလော့ဟု ဆိုပြန်၏၊ တိဿအမတ်လည်း မင်းဆိုတိုင်း ကြွေးကြော်လေ၏။

သပိတ်ပျံ

ထိုအခါ ဝဋ္ဋဂါမဏိမင်းအား သရဏဂုံသိက္ခာကို ပေးသော ပိယင်္ဂုကျွန်း၌ နေသော ဂေါတမထေရ်သည် ဒိဗ္ဗသောတနားဖြင့် ကြားတော်မူ၍ တပည့်ဖြစ်သော ကုဋုမ္ဗိကတိဿ ထေရ်အား သင်သွား၍ ဆွမ်းခံချေ ဟု စေလွှတ်၏၊ ထိုမထေရ်လည်း ကောင်းကင်ဖြင့်လာ၍ မင်း၏အနီးမှာ ရပ်ပေ၏၊ တိဿ အမတ်လည်း တုဋုမ္ဗိကတိဿထေရ်၏ လက်တော်မှ သပိတ်တော်ကိုယူ၍ မင်းအားအပ်ပေ၏၊ မင်းကြီးလည်း အလွန် ဝမ်းမြောက်သည်ဖြစ်၍ လှူရန်ပြုသော အဖို့သာမက မိမိစားရန် အဖို့နှင့်တကွ သပိတ်တော်၌ထည့်၏၊ တိဿအမတ်လည်း မိမိအဖို့ကို ထည့်ပြန်၏၊ မြင်း၏အဖို့ကို မြင်းအားပေးသော် မြင်းလည်းမစားမူ၍ လှူလိုသော အခြင်းအရာတို့ကို ပြုရကား ထိုသပိတ်တော်အတွင်းတွင် ထည့်ရပြန်၏။ သပိတ်၌ ဆွမ်းပြည့် လေသော် မင်းကြီးလည်း မိမိကိုယ်တိုင်ယူ၍ မထေရ်မြတ်အား တပ်ပေ၏။ မထေရ်မြတ်သည်လည်း ကောင်းကင်ခရီးဖြင့် လျင်စွာလာ၍ ဆရာဖြစ်သော ဂေါတမထေရ်အား ကပ်ပေ၏။ ဂေါတမထေရ်သည်လည်း ဆွမ်းစားဆဲဖြစ်သော ရဟန်းငါးရာအား ဝေမျှ၍ပေးတော်မူ၏။ ထိုရဟန်းတို့၏ ဆွမ်းကြွင်းကိုလည်း သပိတ် တော်၌ထည့်စေ၍ ပြည့်သောအခါ ဝဋ္ဋဂါမဏိမင်း၏အထံသို့ သပိတ်ကို ပစ်လိုက်၏။ သပိတ်တော်သည် ကောင်းကင်ဖြင့်လာသည်ကို တိဿအမတ်မြင်လျှင် ယူငင်၍ မင်းကြီးအား စားစေပြီးမှ မိမိသည်လည်းစား၍ မြင်းမအားလည်း စားစေ၏။ ထမင်းစားပြီးသော် သပိတ်တော်ကိုဆေး၍ မင်းကြီးသည် မိမိခါး၌စည်းသော နူးညံ့စွာသော အဝတ်ကို သပိတ်သုတ်ပဝါပြု၍ သပိတ်၌ရစ်ပြီးလျှင် ကောင်းကင်ဖြင့် လွှတ်ပေ၏။

ညီနောင် ၂ ဦး ဒုတိယစစ်ပွဲ

ဝဋ္ဋဂါမဏိမင်းလည်း ထိုဇိဝမာလိဆိပ်မှသည် မဟာဂါမသို့ လာခဲ့၍ ရောက်သောအခါ ရဲရင့်စွာသော ဗိုလ်ပါခြောက်သောင်းမျှလောက် စည်းကြပ်ပြီးလျှင် စစ်ဆင်ရာသို့ သွားပြန်၍ စစ်၏စည်သံကိုပြု၏။ ညီတော် တိဿမင်းလည်း၊ ကဏ္ဍုလ ဆင်တော်ကိုစီး၍ ခံ၏။ မင်းကြီးလည်း မြင်းမကိုစီး၍ စစ်မျက်နှာ ဆိုင်ပြီးလျှင်

ကဏ္ဍုလဆင်ကို မြင်းမဖြင့် လှည့်ပတ်၏။ ယင်းသို့ လှည့်ပတ်လျက် လက်နက်လွှတ်ခွင့်ကို မမြင်လေလျှင် မြင်းမကို ဆင်ထက်သို့ ခုန်စေ၍ ညီတော်၏ ကျောက်ကုန်းနားသို့ ကျအောင် လှံမကို လွှတ်၏။ တကဏ္ဍုလ ဆင်တော်သည်လည်း တိဿမင်းသည် ဆင်စီးခြင်း၌ မလိမ္မာသောကြောင့် မြင်းမသည် ငါ့အပေါ်သို့ ခုန်သည် ကို ငါခံရသည် ဟု အမျက်ထွက်၍ တိဿမင်းကို ကျစိမ့်သောငှာ ဆတ်ဆတ်ခါခြင်းကိုပြု၍ တစ်ခုသော သစ်ပင်သို့ ကပ်၏။ မင်းသားလည်း သစ်ပင်ကိုဆွဲ၍ နေရလေလျှင် ဆင်တော်သည် မိမိသခင်ဖြစ်သော ဒုဋ္ဌဂါမဏိမင်းထံသို့ ကပ်လေ၏။ ဤစစ်ပွဲ၌ တိဿမင်း၏ စစ်တည်တော်တို့သည် တစ်ထောင်မက ကျကုန်သဖြင့် များစွာသော ဗိုလ်ပါတို့သည် ကွဲပြိုကာ ပြေးလေကုန်၏။

**မဟာထေရ်ကြောင့် သေဘေးမှရောက်**

မင်းကြီးလည်း မကဏ္ဍုလဆင်တော်ကိုစီး၍ ပြေးလေသောညီတော်အား လိုက်သော် ညီတော် တိဿမင်းသားလည်း အလွန်ကြောက်ရကား ကျောင်းသို့ဝင်၍ မထေရ်မြတ်၏ ညောင်စောင်းအောက်၌ အိပ်၍နေ၏။ မဟာထေရ်ကြီးလည်း ထိုညောင်းစောင်းကို သင်္ကန်းဖြင့် ဖြန့်၍ အုပ်ထား၏။မင်းလည်း ကျောင်းသို့ဝင်၍ “ အရှင်ဘုရား၊ တိဿသည် အဘယ်မှာနည်း ” ဟုမေး၏။ မဟာထေရ်ကလည်း “ မင်းကြီး တိဿသည် ညောင်စောင်းထက်၌ မရှိ ” ဟုဆို၏။ မင်းကလည်း ညောင်စောင်းအောက်၌ ရှိသည်ဟု သိလျက် ပင် မသိချင်ယောင်ပြု၍ ထွက်ခဲ့ပြီးသော် ကျောင်း၏ထက်ဝန်းကျင်၌ အစောင့်အရှောက်ကို ပေးထား၏။ ရဟန်းတော်တို့ကလည်း တိဿမင်းသားကို ညောင်စောင်းထက်၌ အိပ်စေ၍ သင်္ကန်းခြုံလွှမ်းပြီးလျှင် ရဟန်း ငယ်လေးဦးတို့အား ညောင်စောင်းခြေကို ကိုင်စေ၍ ရဟန်းသေကို ထုတ်သောဟန်ဖြင့် အပြင်သို့ထုတ်ရ၏ ဒုဋ္ဌဂါမဏိမင်းသည် ထိုအမှုအရာဖြင့် သိတော်မူ၍ “ ဟယ် . . တိဿ၊ နင်သည် အမျိုးတို့၏ နတ်ဖြစ်သော အရှင်တို့၏ ခေါင်းထက်၌ စီး၍ သင်ထွက်သည်တကား၊ ငါသည် ဘိုးဘအစဉ်ဖြင့် သခင်ပြုသော အရှင်မြတ်တို့ ၏လက်မှ ဗလက္ကာရမှု၍ ဖမ်းယူခြင်းကိုမပြုပြီ၊ ဤကျေးဇူးကို ထောက်မျှော်၍ အမျိုးတို့၏ နတ်ဖြစ်သော သံဃာတော်တို့၏ဂုဏ်ကို တလုံတလဲလဲ အောက်မေ့လော့” ဟု ဆိုလိုက်၏၊ မင်းကြီးလည်း ထိုအရပ်မှခွါ၍ မဟာဂါမသို့ ပြန်ခဲ့၏၊ မယ်တော်ကိုလည်း တောင်စွာ ဆောင်ယူပေ၏။

**ရဟန်းတော်ငါးရာ၏ မေတ္တာရပ်ခံချက်**

ညီတော် တိဿ မင်းသားသည်လည်း ရဟန်းတို့ ထုတ်ဆောင်၍ ပြင်သို့ ရောက်သောအခါ မိမိနေရာ ဖြစ်သော ဒီဃဝါပိအရပ်သို့ ပြေးခဲ့၍ တစ်လခန့် ကြာသောအခါ မင်းသားသည် ဂေါဓဂတ္တတိဿ မထေရ်၏ ထံသို့ကပ်၍ “ အရှင်မြတ်၊ အကျွန်ုပ်သည် နောင်တော်အား ပြစ်မှားသည်ကို ကန်တော့လိုပါသည်၊ အရှင်မြတ် တို့ ဆောင်ယူ၍ ပို့တော်မူပါ” ဟု လျှောက်၏၊ ထိုအခါ ဂေါဓဂတ္တတိဿ မထေရ်လည်း တိဿမင်းသားကို

ဝေဿဝစွကရ တပည့်အသွင် ပြုပြီးလျှင် ရဟန်းငါးရာကို ခေါ်၍ မင်ကြီးထံသို့ သွားလေ၏။ မင်းအိမ်သို့ ရောက်သောအခါ မင်းသားကို နန်းတော် စောင်းတန်းဦး၌ ထားခဲ့၍ သံဃာငါးရာနှင့်တကွ မင်းထံသို့ ဝင်လေ၏၊ မင်းကြီးလည်း နေရာကောင်းစွာ၌ နေစေပြီးမှ သုံးတော်မူရန်ဖြစ်သော ယာဂုခဲဖွယ်တို့ကို ဆောင်ခဲ့ပေ၏။ မထေရ်သည် သပိတ်တော်ကို မဖွင့်ဘဲနေလေ၏။

မင်းကြီးက " အရှင်ဘုရား၊၊ အဘယ့်အကြောင်းကြောင့် သပိတ်ကို မဖွင့်ပါသနည်း " ဟု မေးလျှင် "ဒါယကမင်းကြီး ညီတော်တိဿသည် မင်းကြီးအား ကန်တော့လိုလှသည်ဖြစ်၍ ငါတို့ဆောင်ခဲ့ရသည်၊ ညီတော်၏အပြစ်ကို သည်းခံပါ"ဟု ဆို၏။ "အရှင်ဘုရား၊ ခိုးသာငတိဿသည် အဘယ်မှာနည်း" ဟု မေး၏။ မထေရ်မြတ်ကလည်း "စောင်းတန်းဦး၌ ထားခဲ့သည်" ဟု ပြော၏။ မယ်တော် ဝိဟာရဒေဝီ မိဖုရားသည်လည်း မြန်စွာသွား၍ တိဿမင်းသားကို အဝတ်ဖြင့်ဖုံးလွှမ်း၍ နေ၏။ ဒုဋ္ဌဂါမဏိမင်းကြီးကလည်း "အရှင်ဘုရား အကျွန်ုပ်တို့သည် ရဟန်းသံဃာတို့၏ ကျွန်အဖြစ်ကို ငယ်စဉ်ကခံသောအမှုသည် ယခုအခါ ထင်ရှားပါပြီ၊ အရှင်မြတ်တို့သည် ခုနှစ်နှစ်အရွယ် သာမဏေငယ်ကိုစေ၍ ပြောဖြားသော်လည်း စကားတော်ကို မလွန်ဆန်ပါပြီ၊ ရဲမတ်၊ ဗိုလ်ပါများစွာ ပြတ်ပြားသော်လည်း ညီတော်အား ခိုက်ရန်မပြုပါပြီ။အရှင်တို့ ဆုံးမရာနာခံ၍ သင့်မြတ်ပါတော့မည်" ဟု ဝန်ခံ၍ ရဟန်းတော်တို့အားလည်း ယာဂုဆွမ်း ကပ်လှူပြီးလျှင် ညီတော်ကိုခေါ်စေ၍ အပြေအချော ပြောဆိုပြီးမှ သံဃာတို့၏အလယ်၌ ညီတော် နောင်တော် အတူနေ၍ ထမင်းအတူ စားကြ၏၊ သံဃာတို့ကိုလည်း ကြွတော်မူပါတော့ဟု လျှောက်၏။ တစ်လမြောက်သောအခါ များစွာသော စပါးတို့ကို ပြုလုပ်စိမ့်သောငှါ ညီတော်ကို ဒီဃဝါပိအရပ်သို့ စေ၏။ မင်းကြီးလည်း နယ်အတွင်း၌ စည်လည်စေ၍ များစွာသော တောက်ပဲတို့ကို ပြုလုပ်စေ၏။

## ဒုဋ္ဌဂါမဏိမင်းသည် ကျေးကုလားတို့နှင့် စစ်တိုက်ရာ အောင်မြင်သည်ကို ပြဆိုခြင်း

### စစ်တိုက်ရာသို့ ရဟန်းပျိုငါးရာလိုက်ပါ

ဒုဋ္ဌဂါမဏိမင်းသည် လူအပေါင်းတို့အား အသီးအသီး ချီးမြှောက်ခြင်းကိုပြု၍ မိမိစွဲသောလှံ၌ ဘုရားဓါတ်တော်ကို ဌာပနာပြီးလျှင် ဆင်၊ မြင်း၊ ဗိုလ်ပါနှင့်တကွ တိဿအမည်ရှိသော ကျောင်းကြီးသို့ သွား၍ သံဃာတော်တို့အား ပူဇော်ရှိခိုးပြီးလျှင် " အရှင်ဘုရားတို့၊ အကျွန်ုပ်သည် ဘုရားသာသနာတော်ကို ထွန်းပစိမ့်သောငှါ ဂင်္ဂါတစ်ဘက်သို့ သွားပါအံ့၊ ရဟန်းတို့ကို ဖူးမြင်ရခြင်းသည် အကျွန်ုပ်အား မြတ်သော မင်္ဂလာဖြစ်ပါသည်။ ဘေးရန်အစောင့်အရှောက်လည်း ဖြစ်ပါသည်။ ထို့ကြောင့် အကျွန်ုပ်သည် မပြတ်ဖူး

မြင်ရအောင်၊ ဒါနကောင်းမှုကိုလည်း ပြုရအောင် ရဟန်းများလည်း အတူတကွ လိုက်စေလိုပါသည် " ဟု လျှောက်၏။ မဟာထေရ်တို့ကလည်း ပျိုမြစ်သော ရဟန်းငါးရာတို့ကို ပေးပေ၏။ မင်းကြီးလည်း ထိုရဟန်းတို့ကို ပင့်ခဲ့၍ မဟာဂါမမြို့မှ ထွက်ခဲ့ပြီးလျှင် ဤမှာဘက်ခရီးကို သုတ်သင်၍ ကဏ္ဍုလဆင်တော်ကို စီးလျက် ရဲမက်အပေါင်း ခြံရံကာ ချီတော်မူသော် ဂုတ္တဟာလကရွာသို့ ရောက်လေ၏။

**စံတပ်သဖွယ် မြို့ကြီးမြို့ငယ်**

စစ်သည်တော်တို့ကား မဟာဂါမနှင့် စပ်လျက်ပင် ရှိသတည်း၊ ဋ္ဌာရကျေးမင်းတို့သည်လည်း ဒုဋ္ဌဂါမဏိမင်း၏ ဘုန်းတန်ခိုးကြီးခြင်းကို သတင်းကြားသည်ကစ၍ မြို့ကြီး ရှစ်ရပ်တို့ကို အမြင့် တစ်ဆယ်ရှစ်တောင်၊ အထု ကိုးတောင်ရှိအောင် မြို့ရိုးဖြင့်ပတ်လျက် ကျုံးသုံးတန် သံတခါးတို့ဖြင့် မြဲမြဲခိုင်လုံစွာ ပြုလုပ်ထား၏။ မြို့ငယ် နှစ်ဆယ့်လေးရပ်တို့ကိုလည်း သစ်တပ်၊ မြေတပ်တို့ဖြင့် ဝန်းရံ၍ စီမံပြုလုပ်ထား၏။

**ဝရိယာဘယ်**

ဒုဋ္ဌဂါမဏိမင်းလည်း မဟိယင်္ဂဏ အရပ်သို့လာ၍ ထိုမြို့ငယ်၌နေသော ဆတ္တမည်သော ကျေးမင်းကို ဖမ်း၏။ အခြံအရံဖြစ်သော ကျေးတို့ကို သတ်လေ၏။ ထို့နောက် ဂင်္ဂါမြစ်တစ်ဘက်မှ ကျုံးတို့ဖြင့် ရံလျက် စီမံအပ်သော အမ္ဗတိတ္ထမြို့သို့ကပ်၍ စစ်ထိုးခြင်းသည် လေးလတိုင်တိုင် ကြာ၍မျှ မင်းကြီးကို ဖမ်းခြင်းငှါ မတတ်နိုင်ရကား မယ်တော် ဝိဟာရဒေဝီမိဖုရားကို ရထားနှင့်တင်၍ လက်ထပ်ချင်ယောင် ဆောင်၍ ခေါ်ပြီးမှ အမ္ဗတိတ္ထကျေးကို ဖမ်းယူရ၏။

ထိုမှတစ်ပါး စွမ်းအားကြီးလှစွာသော ကျေးမင်းခုနစ်ယောက်တို့ကိုလည်း တစ်နေ့ချင်းဖြင့် ဖမ်းယူလေ၏။ မင်းကြီးလည်း စစ်အောင်ခြင်း ဖြစ်ရကား အားရတော်မူလှ၍ လုပ်ကြံသမျှသော ဗိုလ်ပါတို့အား များစွာသော ရွှေ ငွေ ဆုပေးတော်မူသည်၊ ထိုအရပ်သည် "ခေမာရာမ" ဟု တွင်သတည်း။

**မြို့ရွာအနှံ့ ကျောင်းရှိသမျှ**

ထိုနောက်မှ များစွာသောထုံးအိုင်မ၊ များစွာသော ကျိုကျရှိသော ဒေါဏမည်သောမြို့၌ ဂဝရ မည်သော ကျေးကိုလည်းကောင်း၊ ဟာလကောလမြို့၌ ဣဿရိယ မည်သော ကျေးကိုလည်းကောင်း၊ နာဠိသောဘ္ဘမြို့၌ နာဠိကကျေးကို လည်းကောင်း၊ ဒီဃာဘယဂလ္လကမြို့၌ ဒီဃာဘယကျေးကို လည်းကောင်း၊ ကစ္ဆတိတ္ထမြို့၌ ကပိသီသကျေးကို လည်းကောင်း၊ လေးလဖြင့် အရဖမ်းယူတော်မူ၏။ ကောဋမြို့၌ ကောဋကျေးကိုလည်းကောင်း၊ ဟာလဝဘာဏကမြို့၌ ဟာလဝဘာဏကကျေးကို လည်းကောင်း၊ ဝဟိဋ္ဌမြို့၌ ဝဟိဋ္ဌကျေးကို လည်းကောင်း၊ ဂါမဏိမြို့၌ ဂါမဏိကျေးကို လည်းကောင်း၊ ကုမ္ဗရွာ၌ ကုမ္ဗကျေးကိုလည်းကောင်း၊ ခါဏုရွာ၌ ခါဏုကျေးကို လည်းကောင်း၊ တမ္ဗရွာ၌ တမ္ဗကျေးမင်း၊ ဥဏ္ဏမရွာ၌ ဥဏ္ဏမကျေးမင်း နှစ်ယောက်တို့ကို

လည်းကောင်း၊ တဗ္ဗကုန္တမရွာ၌ ဦးရိုးနှင့်တူဖြစ်သော ကျေးမင်းနှစ်ယောက် တို့ကိုလည်းကောင်း ဖမ်းတော်မူ၏၊ ထိုထိုသော မြို့ရွာ၌ မင်းပြု၍နေသော ကျေးတို့ကိုလည်း စစ်သူကြီးတို့အား စေ၍ဖမ်းစေသတည်း။

မီးအလျှံကဲ့သို့ စစ်ဝတ်တန်ဆာ

ယင်းသို့ စစ်ထိုးကြရာ၌ ဒုဋ္ဌဂါမဏိမင်း၏ စစ်သည်တော်သည် များလှသောကြောင့် မသိရကား မိမိတို့ အချင်းချင်း သတ်မိကြသည်ဟု မင်းကြီးကြားသိတော်မူလျှင် ဤသို့သစ္စာပြု၏။ "ငါ ယခု စစ်ထိုးခြင်းသည် မင်းချမ်းသာကိုခံလိုသော လှူလဖြင့်သာ ငါစစ်ထိုးသည်မဟုတ်၊ လူနတ်တို့၏ မှီခိုရာ ဘုရားသခင်၏ သာသနာတော်ကို ကောင်းစွာထားလို၍သာ စစ်ပြုသည်မှန်ပါ၏၊ ဤသစ္စာကြောင့် ငါ၏စစ်သည်တော်တို့၏ ကိုယ်၌ ဆင်သောတန်ဆာသည် မီးအလျှံအဝါကဲ့သို့ ထွန်းလင်းစွာ ဖြစ်စေသတည်း" ဟု သစ္စာပြုတော်မူ၏။ ယင်းသို့ပြုသော သစ္စာ၏ အာနုဘောကြောင့် စစ်သည်တော်ဟူသမျှတို့၏ တန်ဆာသည် မီးအလျှံကဲ့သို့သာ ဖြစ်ကုန်၏။

ဝိဇိတမြို့ တိုက်ပွဲကြီး

ဂင်္ဂါ၏အနီးဖြစ်သော မြို့ရွာတို့၌ သတ်၍ ကြွင်းသမျှသော ကျေးအပေါင်းတို့သည်လည်း ကိုးကွယ်ရာ အကျိုးငှါ လုံစွာပြုထားသော ဝိဇိတမြို့သို့ချည်း ဝင်၍ နေကြကုန်၏၊

နန္ဒိမိတ္တစွမ်းရည်

ဒုဋ္ဌဂါမဏိမင်းကြီးလည်း ထိုဝိဇိတမြို့အနီးသို့ ချီပြန်၍ လျော်ကန်သာယာသောအရပ်၌ သစ်တပ်ဖွဲ့၍ နေတော်မူ၏၊ ထိုအခါ နန္ဒိမိတ္တသူရဲကြီးက ဤဝိဇိတမြို့ကို ကျွန်ုပ်သိမ်းယူ၍ ဆက်ပါမည်ဟု ဝန်ခံ၍ မိမိအရံ သူရဲနှင့်တကွ ထွက်၏။ ထိုအခါ သူရဲကြီး၏ အစွမ်းကို စွမ်းလိုသောကြောင့် မင်းကြီးက ကဏ္ဍုလ ဆင်တော်ကို "သင်သည် နန္ဒိမိတ္တကို ဖမ်းချေလော့" ဟု စေလိုက်သည်၊ ဆင်တော်လည်း မြန်စွာသွား၍ သူရဲကြီးအား ဖမ်းမည်ပြုလေသော် နန္ဒိမိတ္တသည် ရုတ်ချည်း လက်ပန်းတီးလျက် ဆင်၏အစွယ်နှစ်ချောင်းကို တိုင်၍ နောက်သို့ တွန်းလေလျှင် ဆင်မင်းသည် ခွေးကဲ့သို့ ဆောင့်ကြောင့်ထိုင်လျက် နေရ၏၊ နန္ဒိမိတ္တကလည်း "ဟယ်. . ကဏ္ဍုလ၊ အရှင့်ကျွန်ရင်းဖြစ်သောကြောင့်သာ ငါညှာတော့သည်၊ ခြေဖြင့်ခတ်ရမူ သင်ခါးပြတ်လိမ့်မည်" ဤသို့ ကြုံးဝါးပြီးမှ လွှတ်ပေ၏၊

ဟတ္ထိပေါလ

ယင်းသို့ နန္ဒိမိတ္တနှင့် ကဏ္ဍုလဆင်တော် စစ်ထိုးရာဌာန၌ တည်သောရွာသည် "ဟတ္ထိပေါလ" ရွာဟု တွင်၏၊ ဆင်တော်လည်း နန္ဒိမိတ္တသူရဲသည် ငါ့ကို အရှက်ခွဲလေသည်ဟု စိတ်မကျေရှိ၏။

တာဝန်ခွဲ၍ တိုက်ပွဲဆင်

မင်းကြီးလည်း သူရဲကြီးတို့၏ စွမ်းအင်ကို စုံစမ်းပြီးသော် ဝိဇိတမြို့ကို ဝန်းရံလျက် လုပ်ကြံစိမ့်သောငှာ သူရဲတို့ကို လွှတ်တော်မူသည်။ ကဏ္ဍုလဆင်တော်၊ နန္ဒိမိတ္တာ သူရဲ၊ နိမိလ သူရဲ ဤသူရဲကြီး သုံးဦးတို့သည် မြို့၏ တောင်မျက်နှာ တံခါးကို ဖျက်စီးသည်။ ဝေဠုသုမန သူရဲကား မြင်းကိုစီးလျက် အရှေ့တံခါးဖြင့် ထွက်သော ကျေးတို့ကိုသတ်သည်။ လုကောင်ချင်းထပ်အောင် သေသတည်း။ ကျေးတို့လည်း ထိုတံခါးကို ပိတ်ထားကုန်၏၊ မဟာသောဏ သူရဲကောင်းကြီးသည် မြောက်တံခါးဖြင့် ကောဋတိမ္ဗရနှင့် ထေရပုတ္တာဘယ သူရဲကြီးတို့သည် အနောက်တံခါးဖြင့် ဖျက်စီးခြင်းတို့ကို ပြုသည်။

ထိုအခါ တောင်မျက်နှာတံခါးဖြင့်ထွက်၍ ကြောက်မက်ဖွယ် စစ်ထိုးကုန်သော ကျေးတို့ကို သတ်ပြီးလျှင် မြို့တံခါးကိုဖျက်စီးခြင်းငှာ ကဏ္ဍုလဆင်တော်သည် ပုဆစ်ထုတ်၍ အုတ်၊ ကျောက်၊ အင်္ဂတေ တို့ကို အစွယ်ဖြင့်ကော်ပြီးလျှင် သံတံခါးကို ဖွင့်ခြင်းငှာကပ်၏။ အထက်တံခါးမုခ်၌ နေကုန်သော ကျေးတို့သည် အထူးထူးသော ဓား၊ လှံ၊ လက်နက်တို့ကို လည်းကောင်း၊ ပြောင်ပြောင်တောက်သော သံတွေခဲတို့ကို လည်းကောင်း ကြိုက်ကြိုက်ဆူသော ပွဲရက်လုံးတို့ကိုလည်းကောင်း ပစ်လွှတ်၏၊ ဆင်၏ ကျောက်ကုန်း၌ ပွဲရက်လုံးသည် အခိုးခြောင်းခြောင်းထလျက် ကပ်လေရကား ပူလျသောကြောင့် ရေရှိရာသို့သွား၍ တစ်ခုသော ရေကန်၌ ဝုပ်၏၊

ထိုသို့ ဝုပ်သည်ကို ကောဋတိမ္ဗရ သူရဲမြင်လျှင် " ဟယ်ဆင်ကြီး . . . ဤရေကန်သည် သံတံခါး ဖျက်ဆီးနိုင်အောင်ထားသော သေအဖျော်မှတ်သလော၊ မင်း၏ အချီးအမြှောက်တို့ကို ခံလျက် တံခါးတပေါက် ကိုမျှ သင်မဖျက်နိုင်သော် ရှက်ဖွယ်မရှိသလော၊ မြန်စွာသွား၍ တံခါးကိုဖျက်ချေ" ဟုဆို၏၊ ထိုစကားကို ကြားလျှင် ဆင်တော်လည်း ကြိုးကြာသံကိုပြုလျက် ရေမှတက်၍ ကုန်းထက်၌ ရပ်ပြီးလျှင် ကိုယ်တွင်ကပ်သော ပွဲရက်တို့ကို ဆေးစေ၍ အနာ၌ ဆေးဝါးတင်ပြီးမှ ဒုဋ္ဌဂါမဏိမင်းလည်း ဆင်တော်၏ဦးကင်းကို လက်ဖြင့် သုံးသတ်၍ " ချစ်သား၊ ကဏ္ဍုလ. . . ကြိုးပမ်း၍ အစွမ်းကိုထုတ်လော့၊ ဤသီဟိုဠ်ကျွန်း၌ မင်း၏အဖြစ်ကို သင့်အား ငါပေးမည် " ဟုဆို၍ မြိန်မြတ်သော အစာတို့ကို ကျွေးပြီးမှ နူးညံ့သော ပုဆိုးဖြင့် ကိုယ်ကိုရစ်ပတ်၍ ချပ်တန်ဆာတို့ကို ကောင်းစွာ ကျောက်ကုန်းပြင်၌ ကျွဲရေခုနှစ်ထပ်ကို ဖွဲ့၍ ဆီဆွတ်သော သားရေကို လွှမ်းပြီးမှ လွှတ်ပေ၏။

ကဏ္ဍုလ ဆင်မင်းသည်လည်း မိုးကြိုးသံကဲ့သို့ လွန်စွာသော အသံကို ပြုပြီးလျှင် လျှင်မြန်လှသော အဟုန်ဖြင့်သွား၍ သံတခါး၏ အတွင်းပျဉ်ချပ်ကို အစွယ်ဖြင့်ထိုး၍ တံခါးခုံကို ခြေဖြင့်နင်း၏၊ တံခါးဘောင်နှင့် တကွသော ထိုတံခါးတို့သည် လန့်ကြား ကြောက်မတ်ဖွယ်သော အသံဖြင့် ပြိုလေ၏။ နန္ဒိမိတ္တ သူရဲသည် လည်း ဆင်၏ကျောက်ကုန်းထက်၌ ပြို၍ကြသော တံခါးမုခ်၌ အုတ်ခဲ၊ ကျောက်ခဲအစရှိသော အဆောက်အအုံ

တို့ကို လက်ရုံးဖြင့်သာ ပုတ်ခတ်၍ ထိုထိုအရပ်သို့ လွင့်စေ၏၊ ထိုသို့ပြုသော အမှုအရာကိုမြင်မှ နန္ဒိမိတ္တအား ကဏ္ဍုလဆင်မင်းသည် အစွယ်ကို တွန်းခြင်းကြောင့် ဖွဲ့ခဲ့သောရန်ငြိုးသည် ပျောက်၏၊ ဆင်မင်းလည်း မိမိဖွင့်ပြီးသော တံခါးဖြင့် ဝင်စိမ့်သောငှာ ကြိုးကြာသံကဲ့သို့ မြည်လျက် နောက်ပါသူရဲတို့ကို ကြည့်၏။

နန္ဒိမိတ္တသူရဲလည်း "ဟယ်ကဏ္ဍုလ. . သင်ဖွင့်သောတံခါးဖြင့် ဝင်ရမူ ငါယောကျ်ားကောင်း မည်တော့အံ့နည်း၊ သင်ကြည့်ဦးလော့" ဟုဆို၍ အမြင့် တစ်ဆယ့်ရှစ်တောင်၊ ထုကိုးတောင် ရှိသော မြို့တံခါးတိုင်ကို လက်မောင်းဖြင့်ခတ်သော် ရှစ်ဥသဘသော အရပ်သည် ကျိုးပျက်ပြိုလေ၏၊ထိုနန္ဒိမိတ္တက သူရနိမလကို ကြည့်ပြန်လျှင် သူရနိမလလည်း သင်တို့ဖျက်သော နေရာဖြင့် ငါမဝင် ဟုဆို၍ မြို့ရိုးကို ခုန်ကျော်ကာ ဝင်လေ၏၊ ကောဍတိမ္ဗရနှင့် မဟာသောဏ သူရဲတို့လည်း တံခါးတစ်ခုစီ ဖျက်၍ ဝင်ကြ၏။

ဝင်မိသောအခါ ကဏ္ဍုလဆင်မှာ ရထားဘီးကို နှာမောင်းဖြင့် ကိုင်၍၊ နန္ဒိမိတ္တမှာလည်း အိမ်ကိုကိုင်၍၊ ကောဍကိမ္ဗရမှာ အုန်းပင်ကိုကိုင်၍၊ နိမိလမှာ အလျားသုံးတောင်၊ ဗျက် တစ်ဆယ့်ခြောက်သစ်ရှိသော သန်လျက်ကိုကိုင်၍၊ မဟာသောဏသူရဲမှာ ထန်းပင်ကိုကိုင်၍၊ ထေရပုတ္တါဘယမှ ဆောက်ပုတ်ကြီးကို ကိုင်၍ လမ်းမ လမ်းဘေး အိမ်ဈေး ဟူသမျှတို့ကို လိုက်၍ ကျေးတို့ကို သတ်လေကုန်၏၊ ဤဝိဇိတ်မြို့ကို လေးလတိုင်တိုင် လုပ်ကြံမှ အောင်မြင်သတည်း။

ဂိရိလကမြို့

ဒုဋ္ဌဂါမဏိမင်းကြီးလည်း ဝိဇိတမြို့ကို အောင်မြင်ပြီးသော် ဂိရိလကမြို့သို့ ချီပြန်၍ မြို့ကိုဝန်းရံပြီးလျှင် မင်းပြုသောသူကို ဖမ်းယူ၍ သတ်တော်မူ၏။

နှလုံးရည်

ထိုမှသည် မဟေလမြို့သို့ ချီလေ၍ မြို့နှင့်မဝေးသော မင်းလွင်ကြီးတစ်ခုတွင် တပ်ချ၍ နေတော်မူ၏။ ဤမဟေလမြို့ကား ကျုံးသုံးတန်တို့ဖြင့် ဝန်းရံ၏။ ထိန်ပွင့်နှင့်တူသော အပွင့်ရှိသော နွယ်ချုံတို့ဖြင့် ခြံရံ၏။ တစ်ပေါက်သော တံခါးသာရှိသည်ဖြစ်၍ ရန်သူတို့သည် ဝင်နိုင်ခဲ၏။ သူရဲသူခက်တို့သည် ဖျက်စီးခြင်းငှာ မစွမ်းကုန်နိုင်၊ ထိုမြို့ကိုကား လေးလပတ်လုံး ဝန်းရံပြီးမှ မြို့သူမြို့သားတို့ စပါး၊ ထင်း ရေခတ်သောအခါ မဟေလမင်းကို ပညာစစ် ထိုးခြင်းဖြင့် အောင်တော်မူသတည်း။

ဒုဋ္ဌဂါမဏိမင်းနှင့် ဧဠာရကျေးမင်း

ထိုမဟာလမြို့ကို ရပြီးလျှင် အနုရာဓမြို့သို့ ချီတော်မူ၍ ကာသတောင်၏ တစ်ဘက်၌ သစ်တပ်တည်၍ နေတော်မူ၏။ နယုန်လ၊ ဝါဆိုလအခါ ပဋ္ဌောတမည်သော ကြီးသော တစ်ဖက်ဆည်ကန်ကို ပြု၍ ပေါသောန မည်သော ရွှာသူတို့နှင့် ရေပွဲသဘင် ကစားတော်မူ၏။ ဧဠာရကျေးမင်းသည် ထိုအကြောင်းကို ကြားသိတော်

မူသော် အမတ်ကို ခေါ်၍ ဤသို့တိုင်ပင်၏။ "အချင်းအမတ် . . ဒုဋ္ဌဂါမဏိမင်းသည် စစ်ထိုးခြင်းငှာ ငါတို့ထံသို့ လာလေသတည်း၊ ထိုမင်းသည် ကိုယ်တိုင် စစ်ထိုးလေ့ရှိ၏။ အစွမ်းကောင်းရှိသော သူရဲ သူခက်တို့လည်း များ၏၊ ငါတို့သည် ဘယ်သို့ပြုသော် လျော်အံ့သနည်း၊ စစ်ပြိုင်သင့်သလော၊ သူထံသို့ ဝင်သင့်သလော" ဟု တိုင်ပင်၏။ အမတ်တို့ကလည်း "အရှင်မင်းမြတ်၊ သူထံသို့ ဝင်သော်လည်း စင်စစ် သတ်မည်ဖြစ်ရကား စစ်ထိုးခြင်းသာ သင့်ပါသည်" ဟု လျှောက်၏၊ ကျေးမင်း၏ စစ်သူကြီးဖြစ်သော ဒီဃဇန္တု သူရဲနှင့်တကွ တစ်ပါးသော သူရဲတို့ကလည်း နက်ဖြန် သန်ဘက်တွင် စစ်ထွက်၍ ထိုးပါမည်ဟု လျှောက်ကြကုန်၏။

**မယ်တော် အစီအမံ**

ဒုဋ္ဌဂါမဏိမင်းလည်း မယ်တော်နှင့်တိုင်ပင်သော် မယ်တော်မိဖုရားက မြို့ရင်းသို့သွား၍ မသင့်၊ ဤနေရာက စစ်ခံပြု၍သာ စစ်ထိုးသင့်သည်၊ သို့ရာတွင် ကျေးမင်းမှာ အသက်စွန့်၍ အမှုထမ်းမည့် သူရဲကောင်းလည်း များရာသည်၊ ဥပါယ်တံမျဉ်ဖြင့် ပြုမှသင့်မည်။ သုံးဆယ့်နှစ်ခုသော ဗိုလ်တဲတို့ကို ပြု၍လျှက် တစ်ခု တစ်ခုသော ဗိုလ်တဲ၌ ထီးဖြူဆောင်းသော မင်း၏အရုပ်ကိုထား၍ ရဲမက်အများရံလျက် နေစေရမည်၊ သင်တမူကား အတွင်းဗိုလ်တဲက သူရဲကြီးတို့ ရံလျက် နေစေရမည်ဟု စီမံ၏၊

**သူရနိမိလနှင့် ဒီဃဇန္တု**

ဒုဋ္ဌဂါမဏိမင်းလည်း မယ်တော်စီမံတိုင်း ပြုပြင်ပြီးလျှင် တိုက်စည်တီး၍ အချိန်းအချက်ကို ပေး၏၊ ဧဠာရကျေးမင်းလည်း ကိုယ်ချပ်တန်ဆာဖွဲ့လျက် တောင်ငယ်မျှရှိသော မဟာပဗ္ဗတဆင်ကိုစီး၍ ဗိုလ်ပါ ဝန်းရံလျက် ထွက်လာ၏။ ဒုဋ္ဌဂါမဏိမင်း၏ တပ်နှင့် မျက်နှာချင်းဆိုင်မိလျှင် ဆင်ပြောင်ငါးစီးအားကို ဆောင်နိုင်သော ဒီဃဇန္တုမည်သော သူရဲကြီးလည်း လက်တစ်ဘက်မှ သန်လျက်၊ လက်တစ်ဘက်မှ ကာကိုယူ၍ ကြောက်မက်ဖွယ် လာပြီးလျှင် ဗိုလ်တဲပေါ်မှာ ထီးဖြူဆောင်းကာနေသော မင်းရုပ်ကို တစ်ဆယ့်ရှစ်တောင် မြင့်သော ကောင်းကင်မှခုန်၍ ခုတ်ပြီးလျှင် ပထမဗိုလ်တဲကို ဖျက်၏။ ဤအတူ ကြွင်းသော မင်းရုပ်တို့ကို ခုတ်၏။ ဗိုလ်တဲတို့ကို ဖျက်ပြီးမှ မင်းကြီးနေသော အတွင်းဗိုလ်တဲသို့ ကပ်လေ၏။

ထိုအခါ သူရနိမိလက သူရဲကြီးသည် လျင်စွာထခဲ့၍ လက်ပန်းခတ်ပြီးမှ "ဟဲ့ အမိုက်သား ဒီဃဇန္တု၊ ငါ့ကို သူရနိမိလဟု သင် မကြားဖူးသလော၊ ငါထင်ရှားရှိလျက် သင်ဘယ်သို့သွားအံ့နည်း" ဟု ဆဲရေး၍ဆို၏။ ထိုစကားကို ကြားသော် ဒီဃဇန္တုလည်း မျက်ထွက်၍ သူရနိမိလကို သတ်ခြင်းငှာ ကောင်းကင်သို့ ခုန်တက်၍ သန်လျက်ရွယ်ကာ ဆင်း၏၊ သူရနိမိလလည်း ကာဖြင့်ခံ၏။ ကာကိုသန်လျက်ဖြင့် ခုတ်လေသော် ကာလွတ် လိုက်သောကြောင့် ဒီဃဇန္တုသည် အားလွန်၍ ထိုနေရာ၌ လဲ၏။ သူရနိမိလလည်း စွဲသော သန်လျက်ဖြင့် ဒီဃဇန္တုကို ထိုးလေသော် နေရာ၌ပင် သေလေ၏။

**လှံဆေးကန်**

ထိုအခါ ဖုသဒေဝလည်း ခရုသင်းကို မှုတ်လေသော် ဧဋ္ဌာရမင်း၏ စစ်သည်ပြိုကွဲ၍ ဖရိုဖရဲ ပြေးကြကုန်၏၊ ကျေးမင်းလည်း မြို့သို့ပြေးလေ၏၊ သတ်ရလေသော ကျေးတို့၏ သွေးလူးသော ဓား၊ လှံကို တစ်ခုသော ရေကန်၌ဆေးလျှင် သွေးအတိ ပြည့်လေသတည်း၊ ထို့ကြောင့် ထိုကန်သည် လှံဆေးကန်ဟု ယခုတိုင် တွင်သတည်း။

**မင်းနှစ်ပါး စီးချင်းပြိုင်**

ဒုဋ္ဌဂါမဏိမင်းကြီးလည်း တပ်တော်၌ပါသော ဗိုလ်မှူးဗိုလ်ချုပ်တို့အား ဘုရင်ပြုလုပ်သော ကျေးမင်းကိုကား ငါမှတစ်ပါးသော သူတို့သည် မသတ်ကြကုန်လင့်၊ ငါသာလျှင် သတ်တော်မူမည်ဟု စည်းလည်းစေပြီးသော် ကိုယ်တော်တိုင် ကဏ္ဍုလဆင်တော်ကို စီးပြီးလျှင် ကျေးမင်းသွားရာသို့ လျင်စွာ လိုက်လေ၏။ သူရဲကြီးတို့လည်း အသီးသီးသော ဗိုလ်ပါဖြင့် ခြံရံကာလိုက်၏၊ အနုရာဓမြို့ တောင်တံခါးဝသို့ ရောက်သောအခါ ဧဋ္ဌာရ ကျေးမင်းလည်း မဟာပဗ္ဗတဆင်တော်ကို စီးလျက်စံ၏၊ မင်းနှစ်ပါးတို့ စစ်မျက်နှာ ဆိုင်မိလျှင် ကျေးမင်းက လှံကိုလွှတ်၏၊ ဂါမဏိမင်းက အနီးသို့လာသော လှံမကို ကာဖြင့်ခပ်၍ လွဲစေပြီးလျှင် ဆင်တော်အစွယ်ဖြင့် မဟာပဗ္ဗတဆင်ကိုလည်း ထိုးစေသည်၊ စွဲတော်မူသော လှံဖြင့် ကျေးမင်းကိုလည်း ထိုးလေ၏၊ ကျေးမင်းသည် ဆင်နှင့်တကွလဲ၍ ခန္ဓာစဲလေ၏။ ရံလျက်ပါသော ကျေးမင်းစစ်သည် အပေါင်း တို့သည်လည်း ဖရိုဖရဲကွဲပျက်၍ ပြေးလေကုန်သတည်း။

**ဧဋ္ဌာရကျေးမင်း၏ စျာပန**

ဒုဋ္ဌဂါမဏိမင်းလည်း ကျေးမင်းကို အောင်တော်မူလျှင် အနုရာဓမြို့သို့ဝင်၍ ထက်ဝန်းကျင်၌ စည်လည်စေပြီးသော် တစ်ယူဇနာလောက်ရှိသော အရပ်မှ သူများကို စည်းဝေးစေ၍ ကျေးမင်း၏အလောင်း ကို ကောင်းမွန်စွာ ပူဇော်စေပြီးသော် ထိုကျရာအရပ်၌ပင် စုလစ်မွန်းချွန်တပ်သော ပြာသဒ်ဆောင်ဖြင့် ဂြိုလ်စေ၏၊ ထိုအပ်၌ စေတီတည်ပြီးလျှင် အနီးသို့ ရောက်လာသမျှသော သူတို့အား ကခုန်တီးမှုတ်ခြင်းကို ပြုကြကုန်ဟု အမိန့်ထုတ်တော်မူ၏။မင်းကြီးလည်း သုံးကျိပ်နှစ်ယောက်သော ကျေးမင်းတို့ကို အောင်ပြီးသော် ကေရာဇ်မင်း၏ ထီးကို ဆောင်းတော်မူ၍ အနုရာဓမြို့၌ ရာဇအဘိသိက် ခံတော်မူသည်။

**ဘလ္လုက**

ဝိဇိတမြို့ ပျက်စဉ်အခါက ဒီယဇန္တု အမည်ရှိသော ဧဋ္ဌာရမင်း၏သူရဲသည် မိမိ၏ တူဖြစ်သော ဘလ္လုကကို သူရဲကြီး ပြုစိမ့်သောငှာ အနုရာဓမြို့သို့ ခေါ်ပါဟု ဧဠာရမင်းအား လျှောက်ထားသည်နှင့် ဧဋ္ဌာ ရမင်းလည်း ထိုသလ္လုကကို ရဲမက်နှင့်တကွ လာခဲ့ရမည်ဟု ခေါ်သည်၊ ထို ဘလ္လုကလည်း မင်းအာဏာအတိုင်း

သူရဲခြောက်သောင်းနှင့်တကွ လာခဲ့၍ ဠောရမင်းကို မီးသဂြိုလ်ပြီးနောက် ခုနှစ်ရက်မြောက်သောနေ့မှ အနုရာဓမြို့သို့ ရောက်သတည်း။ ရောက်၍ အဠာရကျေးမင်း ကျလေသော အကြောင်းကို ကြားလျှင် စစ်မဖက်ဘဲ ဝန်ချမူ ငါတို့ရှက်လှသည်၊ စစ်ဖက်ဦးအံ့ဟု ကြိမ်းပ၍ မဟာတိတ္ထာဆိပ်နှင့် အနုရာဓမြို့၏ အကြား ကောဋ္ဌမ္ဗဟာလက အမည်ရှိသောရွာ၌ သစ်တပ်တည်စေ၏။

နောက်ဆုံးစစ်ပွဲ

ဒုဋ္ဌဂါမဏိမင်းလည်း ထိုအကြောင်းကို ကြားတော်မူလျှင် ရွှင်သောစိတ် ရှိသည်ဖြစ်၍ ဆင်စီးသူရဲ မြင်းစီးသူရဲ၊ ရထားစီးသူရဲတို့ကို ဝန်းရံစေပြီးလျှင် ကိုယ်တော်မှာ ချပ်တန်ဆာတို့ဖြင့် တင့်တယ်စွာဆင်ယင်လျှက် ကဏ္ဍုလ ဆင်တော်ကိုစီးလျက် ဖုဿဒေဝ သူရဲကြီးကို နောက်တော်မှ စီးစေလျက် အနုရာမြို့မှ ထွက်၍ စစ်မျက်နှာဖြန့်ကာ လာတော်မူ၏။ ဘလ္လုက သူရဲကလည်း ဆင်စီး၊ မြင်းစီး သူရဲအပေါင်း ခြံရံလျက် တပ်မှထွက်၍ စစ်ဆိုင်လာသည်။

ထိုအခါ ကဏ္ဍုလဆင်တော်သည် ဘလ္လုကသူရဲကို အဟုန်ညှံ့စိပ်သောငှာ တဖြည်းဖြည်း နောက်သို့ ဆုတ်၏။ စစ်သည်တော်တို့လည်း ထို့အတူ နောက်သို့ဆုတ်၏။ ထိုအခါ မင်းကြီးက ပွဲစီးဖြစ်သော ဖုဿဒေဝကို ဤသို့မေး၏။ " အချင်းဖုဿဒေဝ၊ ရှေးတိုက်ခဲ့သော နှစ်ဆယ့်ရှစ်ကြိမ်သော စစ်ပွဲတို့၌ ဤဆင်သည် နောက်သို့ မဆုတ်ဘဲ ယခုမှဆုတ်ခြင်းသည် အဘယ်အကြောင်း ရှိလိမ့်နည်း " ဟုမေး၏။ ဖုဿဒေဝကလည်း " အရှင်မင်းကြီး၊ ဤဆင်သည် အောင်မြေအရပ်သို့ အလွန်သိ၏၊ အောင်မည့် နေရာ၌ ရပ်ပါလိမ့်မည်၊ အကျွန်ုပ်တို့သည် မချွတ် အောင်မြင်ပါလတ္တံ့." ဟုလျှောက်၏။ ကဏ္ဍုလ ဆင်တော်လည်း မဟာဝိဟာရသိမ် အနီးသို့ ရောက်လျှင် ဘလ္လုကကိုရှေ့ရှုလျက် ကောင်းစွာရပ်လေ၏။ စစ်သည်တော်တို့လည်း ဆင်တော်၏ လက်ဝဲ၌ စီကာ စီကာ ရပ်လေ၏။

ဖုဿဒေဝစွမ်းရည်

ရှေ့သူရဲကြီးဖြစ်သော ဘလ္လုကလည်း မင်းသို့ရှေ့ရှုလာ၍ လေးကိုင်လျက် မင်းကို ပြက်ရယ်ပြုသည်၊ မင်းကြီးလည်း ခံတွင်းကို သန်လျက်ဖြင့် ပိတ်လျက် ဘလ္လုကကို ခေါ်လေသော် ဘလ္လုကလည်း မင်း၏ခံတွင်း၌ မြားကျလေအံ့ ဟုဆို၍ လွှတ်၏။ ထိုမြားသည် သန်လျက်သွားအပြင်ကို မှန်လျက် မြေသို့ကျလေ၏။ ဘလ္လုကလည်း မင်း၏ခံတွင်းကို စူးပြီဟူသောအမှတ်နှင့် ခတွင်းကိုဟ၍ ကြော်ငြာ၏။ မင်း၏နောက်မှ လိုက်သော ဖုဿဒေဝသည် မင်း၏နားတောင်းကို ခတ်မိစေလျက် မြားကိုလွှတ်လေသော် မြားသည် ဘလ္လုက၏ ခံတွင်းသို့ ဝင်၍ ချက်ချင်းပင် နောက်သို့လန်၍ လဲမည်ပြု၏။ ဖုဿဒေဝလည်း မင်းကို ဖြေပြု၍ မလဲ စိမ့်သောငှာ မြားတစ်စင်းကို ပြင်းစွာလွှတ်လေသော် ဘလ္လုက၏ ပုဆစ်ဒူးကိုခွင်း၍ သွားသဖြင့် မင်းကြီးရှိရာသို့ ဦးခေါင်းပြုကာ လဲလေ၏။

သူရဲခြောက်သောင်းနှင့်တကွ လာခဲ့၍ ငွေရာမင်းကို မိးသကြိုလ်ပြီးနောက် ခုနှစ်ရက်မြောက်သောနေ့မှ အနုရာဓမြို့သို့ ရောက်သတည်း။ ရောက်၍ အင္ဂာရကျေးမင်း ကျလေသော အကြောင်းကို ကြားလျှင် စစ်မဖက်ဘဲ ဝန်ချမူ ငါတို့ရှက်လှသည်၊ စစ်ဖက်ဦးအံ့ဟု ကြိမ်းပ၍ မဟာတိတ္ထာဆိပ်နှင့် အနုရာဓမြို့၏ အကြား ကောင္ဂမ္ဗဟာလက အမည်ရှိသောရွာ၌ သစ်တပ်တည်စေ၏။

နောက်ဆုံးစစ်ပွဲ

ဒုဋ္ဌဂါမဏိမင်းလည်း ထိုအကြောင်းကို ကြားတော်မူလျှင် ရွှင်သောစိတ် ရှိသည်ဖြစ်၍ ဆင်စီးသူရဲ မြင်းစီးသူရဲ၊ ရထားစီးသူရဲတို့ကို ဝန်းရံစေပြီးလျှင် ကိုယ်တော်မှာ ချပ်တန်ဆာတို့ဖြင့် တင့်တယ်စွာဆင်ယင်လျှက် ကဏ္ဍုလ ဆင်တော်ကိုစီးလျက် ဖုဿဒေဝ သူရဲကြီးကို နောက်တော်မှ စီးစေလျက် အနုရာမြို့မှ ထွက်၍ စစ်မျက်နှာဖြန့်ကာ လာတော်မူ၏။ ဘလ္လုက သူရဲကလည်း ဆင်စီး၊ မြင်းစီး သူရဲအပေါင်း ခြံရံလျှက် တပ်မှထွက်၍ စစ်ဆိုင်လာသည်။

ထိုအခါ ကဏ္ဍုလဆင်တော်သည် ဘလ္လုကသူရဲကို အဟုန်ညှံ့စိပ်သောငှာ တဖြည်းဖြည်း နောက်သို့ ဆုတ်၏၊ စစ်သည်တော်တို့လည်း ထို့အတူ နောက်သို့ဆုတ်၏။ ထိုအခါ မင်းကြီးက ပဲ့စီးဖြစ်သော ဖုဿဒေဝကို ဤသို့မေး၏၊ "အချင်းဖုဿဒေဝ၊ ရှေးတိုက်ခဲ့သော နှစ်ဆယ့်ရှစ်ကြိမ်သော စစ်ပွဲတို့၌ ဤဆင်သည် နောက်သို့ မဆုတ်ဘဲ ယခုမှဆုတ်ခြင်းသည် အဘယ်အကြောင်း ရှိလိမ့်နည်း " ဟုမေး၏။ ဖုဿဒေဝကလည်း " အရှင်မင်းကြီး၊ ဤဆင်သည် အောင်မြေအရပ်သို့ အလွန်သိ၏၊ အောင်မည့် နေရာ၌ ရပ်ပါလိမ့်မည်၊ အကျွန်ုပ်တို့သည် မချွတ် အောင်မြင်ပါလတ္တံ့." ဟုလျှောက်၏။ ကဏ္ဍုလ ဆင်တော်လည်း မဟာဝိဟာရသိမ် အနီးသို့ ရောက်လျှင် ဘလ္လုကကိုရှေ့ရှုလျက် ကောင်းစွာရပ်လေ၏၊ စစ်သည်တော်တို့လည်း ဆင်တော်၏ လက်ဝဲ၌ စီကာ စီကာ ရပ်လေ၏။

ဖုဿဒေဝစွမ်းရည်

ရှေးသူရဲကြီးဖြစ်သော ဘလ္လုကလည်း မင်းသို့ရှေးရှုလာ၍ လေးကိုင်လျက် မင်းကို ပြက်ရယ်ပြုသည်၊ မင်းကြီးလည်း ခံတွင်းကို သန်လျက်ဖြင့် ပိတ်လျက် ဘလ္လုကကို ခေါ်လေသော် ဘလ္လုကလည်း မင်း၏ခံတွင်း၌ မြားကျလေအံ့ ဟုဆို၍ လွှတ်၏။ ထိုမြားသည် သန်လျက်သွားအပြင်ကို မှန်လျက် မြေသို့ကျလေ၏။ ဘလ္လုကလည်း မင်း၏ခံတွင်းကို စူးပြီဟူသောအမှတ်နှင့် ခတွင်းကိုဟ၍ ကြော်ငြာ၏။ မင်း၏နောက်မှ လိုက်သော ဖုဿဒေဝသည် မင်း၏နားတောင်းကို ခတ်မိစေလျက် မြားကိုလွှတ်လေသော် မြားသည် ဘလ္လုက၏ ခံတွင်းသို့ ဝင်၍ ချက်ချင်းပင် နောက်သို့လန်၍ လဲမည်ပြု၏။ ဖုဿဒေဝလည်း မင်းကို ဖြေပြု၍ မလဲ စိမ့်သောငှာ မြားတစ်စင်းကို ပြင်းစွာလွှတ်လေသော် ဘလ္လုက၏ ပုဆစ်ဒူးကိုခွင်း၍ သွားသဖြင့် မင်းကြီးရှိရာသို့ ဦးခေါင်းပြုကာ လဲလေ၏။

ဆုလာဘ်တော်

ဘလ္လိကကုန်သည် ကျလေလျှင် အောင်ပြီ အောင်ပြီဟု ကြော်ငြာကြသော အသံသည် မိုးယံနှံ့မျှ ဖြစ်လေသည်။ ဖုသဒေဝလည်း ထိုအရပ်၌ပင် မိမိနာရွက်စွန်းကိုလှီး၍ မင်းကြီးအား သွေးကို ပြပြီးသော် " အရှင်မင်းကြီး၊ အကျွန်ုပ်အား မင်းဒဏ်ကို ထားပြီ " ဟု လျှောက်၏။ " သင်အား ဘယ်အပြစ်ရှိ၍ ဤသို့ ပြုသနည်း" ဟုမေးလျှင် "အရှင်မင်း၏ နားတောင်းကို မြားထိလျက် လွတ်မိပေ၏" ဟုလျှောက်လေသော် " ကိုယ်အပြစ်မဟုတ်သည်ကို အပြစ်ဟူသော အမှတ်ဖြင့် အဘယ့်ကြောင့် ပြုသနည်း၊ ဤအောင်ပွဲကား သင်၏အောင်ပွဲတကား၊ သင်၏ မြားနှင့်တမျှ ရွှေပုံ၊ ငွေပုံ ရလတ္တံ့." ဟု မိန့်တော်မူ၏။ ယင်းသို့ မိန့်တော်မူပြီးလျှင် စစ်သဘင်မှသည် အနုရာဓမြို့ နန်းသို့ ဝင်တော်မူ၏။ ယူဇနာသုံးရာရှိသော သီဟိုဠ်ကျွန်းအပြင်၌ ဆန့်ကျင်ဘက်ဖြစ်သော တစ်စုံတစ်ယောက်သော ရန်သည် မရှိလေရကား ပြည်သူပြည်သားတို့အား များစွာသော အောင်ပွဲသဘင်ဖြင့် ပျော်ရွှင်စေကုန်၏။ တစ်နေ့သ၌ ဖုသဒေဝကို ခေါ်တော်မူ၍ မြားကိုဆောင်စေပြီးသော် ဘလ္လိက၏ ခံတွင်းကို ဝင်သော မြားတစ်စင်း၊ ပုဆစ်ဒူးကိုထွင်သော မြားတစ်စင်း ဤမြားနှစ်စင်းကိုဆက်၍ မတ်မတ်ထောင်စေပြီးလျှင် ထိုမြားကို ငွေသပြာဖြင့်လည်းကောင်း၊ ရွှေသပြာဖြင့်လည်းကောင်း၊ လွှမ်းအောင်ပုံစေ၍ ဆုပေးတော်မူသတည်း။

ကုက္ကုစ္စကြောင့် စက်မပျော်

တရံသောအခါ ဝေဇယန္တာ ပြာသာဒ်ကဲ့သို့ တင့်တယ်ဆန်းကြယ်သော ပြာသာဒ်အပြင်၌ နတ်သမီးအသွင်နှင့်တူသော ကချေသည် မောင်းမအပေါင်းတို့သည် စည်၊ စောင်း၊ ပတ်သာဖြင့် ခြံရံကာတီးမှုတ်လျက် အထူးထူးသော ပန်းမျိုး နံ့သာမျိုး အခိုးအထုံတို့ဖြင့် တကြိုင်ကြိုင်လှိုင်သော အဖိုးများစွာထိုက်သော နူးညံ့သိမ်မွေ့စွာသော အခင်းတို့ဖြင့် ပြည့်သော မင်း၏ နေရာ၌ လျောင်းစက်ကာ စံတော်မူသော မင်းကြီးကား ဤသို့ စိတ်အကြံတော်သည်ဖြစ်၏။ ငါသည် ဤကြီးမြတ်စွာသော မင်း၏ ချမ်းသာကို ရခြင်းသည် အပြစ်ကင်းလျက် ရသည်မဟုတ်၊ အက္ခောဘိဏီမကသော ကျေးတို့ကို ပျက်စီးသေကြေအောင် ကြံဆောင်သဖြင့်သာ ရချေသည်၊ ဘုရားရှင် သာသနာတော်ကို ငါချီးမြှောက် ပြုစုငြားသော်လည်း အပါယ်လားခြင်းမှ မလွတ်နိုင်ရာ၊ ငါပြုသော လုံ့လသည် နိရတ္ထကသာ ရှိလတ္တံ့.ဟုကြံ၍ ပူပန်ခြင်းဖြစ်ရကား စက်တော်ခေါ်၍ မပျော်နိုင်ရှိ၏။

ရဟန္တာ ၈ ပါး

ထိုအကြောင်းကို ပိယင်္ဂုကျွန်း၌ သီတင်းသုံးနေတော်မူသော ရဟန္တာ တို့သည် ပရစိတ္တဝိဇာနနအဘိညာဉ်ဖြင့် သိတော်မူ၍ ရှစ်ဦးသော ရဟန္တာတို့ကို သင်တို့သွား၍ မင်းကြီး၏ယုံမှားခြင်းကို ဖျောက်ချေကုန်ဟု စေတော်မူ၏၊ ရဟန္တာရှစ်ဦးတို့လည်းကောင်း ကောင်းကင်ခရီးဖြင့် ကြွလာ၍ မဇ္ဈိမယံအခါ၌ မင်းအိမ်တံခါးဝ

ဖြင့် သက်ကြကုန်၏။ တံခါးစောင့်တို့အား နန်းတော်သို့ ဝင်လိုကြောင်းကိုကြား၍ အခွင့်ရလေသော် နန်းတော် ပြသာဒ်သို့ တက်၍ လျှောက်ပတ်သော နေရာ၌ သီတင်းသုံးကုန်၏။ မင်းကြီးလည်း ရှိခိုးဝပ်တွားကာ များစွာသော ပူဇော်သက္ကာရပြု၍ " အရှင်မြတ်တို့သည် အဘယ်အကျိုးငှာ ကြွလာကုန်သနည်း" ဟုလျှောက်၏။ ရဟန္တာမြတ်တို့ကလည်း " ဒကာတော် မင်းကြီးသည် မင်းနေရာထက်၌ လျောင်းစက်ကာ ဆင်ခြင်သဖြင့် စိတ်ပင်ပန်းသောအမှုကို ပိယင်္ဂုကျွန်း၌ သီတင်းသုံးသော ရဟန္တာအရှင်တို့ သိမြင်တော်မူသောကြောင့် သင့်ထံသွား၍ တရားဟောချေစေသဖြင့် လာသည်" ဟုပြော၏။

**တစ်ယောက်နှင့်တစ်ပိုင်း**

ထိုအခါ မင်းကြီးက " အရှင်ဘုရား . . . အကျွန်ုပ်သည် အကျောဘိဏီမကသော ကျေးအပေါင်းတို့ကို သတ်စေ၍ ဤမင်းအဖြစ်ကို ရချေသည်၊ သာသနာတော်ကို ငါချီးမြှောက်သော်လည်း အပါယ်မှ ငါ မလွတ်နိုင်ရာဟု ကြံသည် မှန်ပါ၏" ဟု လျှောက်လျှင် အရှင်မြတ်တို့ကလည်း " မင်းကြီး ဤကျေးစစ်သည် တို့ကို သတ်ဖြတ်ခြင်းဟူသော ကံဖြင့် နတ်ဌာန်သို့ လာခြင်းကိုလည်း မတားနိုင်၊ မဂ်ဖိုလ် ရခြင်းကိုလည်း မတားစီးနိုင်၊ ထိုကြောင့်သဂ္ဂန္တရာယ်၊ မဂ္ဂန္တရာယ်မဖြစ်၊ သေလေသော စစ်သည်အပေါင်းတို့တွင် လူတစ်ယောက်နှင့် တစ်ပိုင်းကိုသာ သတ်မိ၏။ ဤမှတပါးသောသူကား မိစ္ဆာအယူလည်းရှိ၏။ ထိုသူတို့ကား သားနွားနှင့်သာတူ၏။သားကိုလည်းကောင်း၊ နွားကိုလည်းကောင်း သတ်သော အပြစ်မျှသာရှိ၏။

" ဒကာမင်းကြီး . . . သင်သည် ဘုရားရှင်သာသနာကို စင်ကြယ်စွာ ထွန်းပစေလတ္တံ့သော သူတည်း။ ထိုသို့ သာသနာတော်ကို ချီးမြှောက်သော ကုသိုလ်ကံ၏ အန္တရာယ်ကို ဖြစ်စေခြင်းငှာ မစွမ်းနိုင်၊ ထို့ကြောင့် နှလုံးမသာ မရှိလင့်၊ ရှေးဦးစွာ ကြံစည်သောအတိုင်း ကျွန်းသူ ကျွန်းသား အများသတ္တဝါတို့ ဘုရားရှင် သာသနာတော်ကို ကောင်းစွာ သက်ဝင်အောင် ရွက်ဆောင်တော်မူလော့" ဟု ဟောပြောပေ၏။

**ငရုတ်တစ်ထောင့်**

ထိုစကားကိုကြားမှ မင်းကြီးလည်း သက်သာရာ ရတော်မူ၍ အရှင်မြတ်တို့ ကြွတော်မူပါလော့မှ လွတ်လိုက်ပြီဟု မင်းနေရာ၌ လျောင်းပြီးသော် ကြံစည်တော်မူပြန်သည်ကား၊ ငါတို့ငယ်စဉ်က မယ်တော်ခမည်းတော်တို့သည် ထမင်းခွဲ့သောအခါ ငါတို့၏ အမျိုးနတ်ဖြစ်သော သံဃာတော်နှင့်ကင်း၍ ထမင်းစ သော အဟာရကို တစ်ရံတစ်ဆစ်မျှ မစားကြကုန်လင့်ဟု ဆုံးမပေကုန်သည်။ ငါသည် ထိုဩဝါဒအတိုင်း မတည်ဘဲ ဘယ်အခါတွင် သံဃာတို့နှင့်ကင်း၍ စားခြင်းကို ပြုမိဖူးသနည်းဟု ဆင်ခြင်လေသော် စစ်ပြုသည်အတွင်း နံနက်စားတော်ခေါ် ရာဝယ် သံဃာ၏အဖို့ကို မထားမူ၍ စားမိသော ငရုတ်တထောင့်မျှကို မြင်တော်မူ၏။ ဤငရုတ်တထောင့်၏ အကျိုးငှာကား ငါဒဏ်ထားရပေမည်ဟု ကြံ၏။ နောက်အခါ ထိုနေရာ၌ ကြီးစွာသော ကျောင်းကိုဆောက်၍ သံဃာတော်တို့အား ကပ်လှူ၍ ထိုကျောင်းသည် " မရိစဝဋ္ဋိ " ကျောင်း ဟုတွင်သတည်း။

## ကုန္တစေတီနှင့် မရိစဝဋ္ဋိကျောင်း ပူဇော်ပွဲကို ပြုခြင်း

ထေရပုဋ္ဌာဘယ

ဒုဋ္ဌဂါမဏိမင်းကြီးသည် ရန်သူတို့ကို အောင်ပြီးသော် သီဟိုဠ်ကျွန်းအလုံး၌ မင်းတစ်ပါးသာ ရှိသော အဖြစ်ကိုပြု၍ အဘိသိတ် ခံတော်မူပြီးမှ သူရဲကြီးတို့အား အသီးသီးသော မြို့ကျေးရွာတို့ဖြင့် ဌာနန္တရ ဝိသေသ ရာထူးကို စီရင်တော်မူ၏။ ထိုအခါ ထေရပုဋ္ဌာဘယ မည်သော သူရဲကြီးသည် ပေးတော်မူသော ရာထူးကို မယူဘဲနေ၏။ ဘယ့်ကြောင့် မယူသနည်းဟု မေးလျှင် "အရှင်မင်းကြီး၊ စစ်ထိုးရန် ရှိသေးသည်" ဟု လျှောက်၏။ " သင်တို့သခင် ငါလျှင် ဧကရာဇ်ဖြစ်ပြီးတကား အဘယ်မည်သော စစ်ထိုးခြင်း ရှိသေးသနည်း" ဟု မေးသော် ထေပုဋ္ဌာဘယကလည်း "မြတ်သော မင်းကြီး၊ ကျွန်ုပ်အား အလွန်အောင်နိုင်ခဲသော ကိလေသာတည်း ဟူသော ခိုးသူတို့၏ စစ်ရှိပါသည်။ ကိလေသာရန်သူတို့နှင့် စစ်မှုခြင်းကို ပြုပါအံ့၊ ကျွန်ုပ်အား ခွင့်လွှတ်တော်မူပါ" ဟုတောင်းပန်၏။ မင်းကြီးလည်း အကြိမ်များစွာ မြစ်တားတော်မူ၏။ သူရဲကြီးလည်း အဖန်တလဲလဲ တောင်းပန်၍ ရဟန်းပြုလေသဖြင့် မရှည်မြင့်မှီပင် ရဟန္တာအဖြစ်သို့ ရောက်၍ ရဟန္တာငါးရာနှင့် ခြံရံလျက် နေလေ၏။ ထိုအကြောင်းကို မင်းကြီးအား ကြားသော် ငါတို့ စစ်ထိုးသော အမှုသည် သဂ္ဂန္တရာယ်၊ မဂ္ဂန္တရာယ်မဖြစ်ဟု ရဟန္တာမြတ်တို့ ပြောသော တရားသည် မှန်ပေစွဟု ဝမ်းမြောက်တော် မူ၏။

ရွှတ်တစ်တောင့်ကျောင်း ရေစက်ချပွဲ

ကေရာဇတ်မင်းတို့၏ ထီးဆောင်းခြင်း၊ အဘိသိက်ခံခြင်းကို ပြုတော်မူပြီးသည့်နောက် ခုနစ်ရက် မြောက်သောအခါ ဒုဋ္ဌဂါမဏိမင်းမြတ်သည် ကြီးစွာသော မင်း၏စည်းစိမ်ဖြင့် ကစားပျော်ပါးခြင်းဖြင့် လည်းကောင်း၊ အဘိသိက်ခံသော မင်းတို့၏ စာရိတ္တကို စောင့်ရှောက်ခြင်းငှာ လည်းကောင်း၊ များစွာသော မင်းမိဖုရား၊ များစွာသော ကျေးကျွန်ခြံရံလျက် တိဿဝါပိရေကန်သို့ ထွက်တော်မူ၏။ တဲနန်းသို့ရောက်သော အခါ ထိုထိုမြို့ရွာမှ ဆက်သလာကုန်သော ပဏ္ဏာကာရတို့ကို ကျောင်းတည်အံ့သော အရာ၌ ထားရကုန်၏။ ဓာတ်တော်ဌာပနာသော လှံကိုလည်း မင်း၏ တဲနန်းဦး၌ပင် ကိုယ်ရံတော် သားတို့ စိုက်ထားကြပေ၏။

မင်းကြီးလည်း မောင်းမတော်များနှင့်တကွ ရေကစားတော်မူပြီး၍ တဲတော်သို့တက်၍ စားဖွယ် သောက်ရန် သုံးတော်မူပြီးမှ ညချမ်းသောအခါ ပြည်တော်သို့ဝင်အံ့ဟု မင်းချင်းတို့အား ဆင့်ဆို၍ အဆောင် အယောင်တို့ကို ယူစေသော် စိုက်ထားအပ်သော လှံသည် နုတ်၍မရနိုင် ရှိခဲ့၏။ ထိုအကြောင်းကို မင်းအား လျှောက်ကြား၍ ဗိုလ်ပါအများ နုတ်စေသော်လည်း မနုတ်နိုင်လေလျှင် အံ့ဖွယ်သရဲ ဖြစ်ခြင်းကို မြင်၍ ဤ လှံတွင် ကိန်းဝပ်သော ဓာတ်တော်သည် ဤအရပ်၌ သီတင်းသုံးလိုသည်ဟု သိသဖြင့် အလုံးစုံသော စစ်သည် တော်တို့ကို ပန်းနံ့သာ လက်စွဲလျက် ပူဇော်စေပြီးမှ လှံတော်ကို အစောင့်အရှောက်နှင့်တကွ ထားခဲ့၍ မြို့သို့ ဝင်တော်မူ၏။

နောက်တနေ့တွင် ဗိုလ်ပါတို့နှင့် ထွက်တော်မူ၍ လုံ့ကို ကျောက်၊ အုတ်တို့ဖြင့် ဝန်းရံလျက် စေတီ တည်တော်မူသည်။ ထိုစေတီ၏အနီး ကျောင်းကြီးကိုလည်း ဆောက်လုပ်တော်မူသည်။ သုံးနှစ်တိုင်မှ ပြီးသတည်း။ ကျောင်းပြီးသောအခါ ရဟန်းယောကျာ်း သံဃာတစ်သိန်း။ ရဟန်းမိန်းမ ကိုးသောင်းတို့ကို စည်းဝေးတော်မူ၍ ဤသို့ လျှောက်ဆို၏။ "အရှင်ဘုရားတို့ ကျွန်ုပ်သည် ရေတစ်ထောင့်မျှကို သံဃာတော်တို့အား ဦးမထားဘဲ စားသည်ဖြစ်၍ နှလုံးမွေ့လျော်ဖွယ် တင့်တယ်လှစွာသော ဤစေတီနှင့် တကွသော ကျောင်းကို ဆောက်လုပ်တည်ထောင်သဖြင့် ဒဏ်ထားသောအမှုကို ပြုပါပြီ၊ မရိစဝဋ္ဋိကျောင်းကြီးကို သံဃာတော်တို့ အလှူခံ၍ သီတင်းသုံးတော်မူပါ" ဟု လျှောက်၍ သံဃာတော်တို့၏လက်၌ ရေစက်သွန်းချတော်မူ၏။

တစ်ဆယ့်ကိုးကုဋေ

ကျောင်းအာရာမ်၌လည်းကောင်း။ ထက်ဝန်းကျင်သော အရပ်၌လည်းကောင်း။ ကောင်းမွန်တင့်တယ် ကြီးကျယ်စွာသော မဏ္ဍပ်ကြီးကိုပြုစေ၍ ထိုမဏ္ဍပ်၌ သံဃာတို့အား အလှူကြီး ပေး၏။ အဘယဝါပိ ရေကန်၏ အလယ်၌လည်း ကြီးကျယ်သော မဏ္ဍပ်ကိုပြု၍ သံဃာတော်တို့အား သီတင်းသုံးစေ၏။ မင်းကြီးလည်း ခုနှစ်ရက်ပတ်လုံး သံဃာတော်တို့အား အလှူကြီးပေးပြီးလျှင် အလွန် ကောင်းမြတ်သော ကပ္ပိယ ပရိက္ခရာတို့ကို စုံလင်စွာ လှူတော်မူသည်။ သံဃာကြီး တစ်ပါးတစ်ပါး၏ အလှူဒါနသည် သပြာတစ်သိန်းစီထိုက်၏။ အငယ်ဆုံး သံဃာ၏ ပရိက္ခရာသည် သပြာ တစ်ထောင်ထိုက်သတည်း။

စစ်ထိုးခြင်း၌လည်း ရဲရင့်ခြင်းရှိသော၊ ရတနာသုံးပါးအပေါင်း၌ အလွန်ကြည်ညိုစွာ သာသနာတော်ကို ပူဇော်ပွဲ ချီးမြှောက်လျက် ထွန်းတောက်ခြင်းကို အလိုရှိလှသော၊ သူ၏ကျေးဇူးကို အထူးသဖြင့် သိတတ်သော ဝဋ္ဋဂါမဏိမင်းမြတ်သည် စေတီတည်သည်မှစ၍ ကျောင်းအနုမောဒနာပွဲ ပြီးသည့်တိုင်အောင် ရတနာသုံးပါး အလို့ငှါ စွန့်အပ်ကုန်သော ဥစ္စာတို့သည် အဖိုးအနဂ္ဃထိုက်သော ကျောက်၊ စိန် စသောရတနာတို့ကို လွှတ်၍ ဝယ်ယူအပ်သော ဥစ္စာပင် သပြာတဆယ့်ကိုးကုဋေ ဖြစ်သတည်း။

**လောဟပါသာဒ ပြာသာဒ် တည်ဆောက်ပူဇော်ခြင်း**

**အကြောင်းကိုပြခြင်း**

**အရှင်မဟိန္ဒ၏ ဗျာဒိတ်**

ကောင်းမှု၌ မွေ့လျော်တော်မူသော ကြီးသော ပညာတော်ရှိသော ဒုဋ္ဌဂါမဏိမင်းကြီးသည် စေတီတော် ကျောင်းတော်တို့ကို ပူဇော်တည်ထောင်ပြီးသောအခါ အဘယ်အရာကို ငါပြုရအံ့နည်းဟု ကြံပြန်သော် ဘေးတော်ဖြစ်သော ဒေဝါနံပိယတိဿမင်းကြီးအား အရှင်မဟိန္ဒသည် ဤမည်သောနေရာ၌ ဒကာမင်းကြီး၏

မြေးတော်ဖြစ်သော ဓုဋ္ဌဂါမဏိအဘယမင်းသည် ကြီးစွာသောစေတီကို တည်လတ္တံ့၊ အထူးထူးသော ရတနာတို့ဖြင့် တန်ဆာဆင်အပ်သော ဥပုသ်သိမ်ကိုလည်း ပြုလတ္တံ့၊ ကြီးစွာသော လောဟပါသာဒကိုလည်း ပြုလတ္တံ့ဟု မိန့်ဆိုသောစကားကို ကြားရဖူးသည်နှင့် စူးစမ်းရှာဖွေသော် မင်းအိမ်တော်တွင် အစဉ်ထား အပ်သော သံသေတ္တာ၌ ရှေ့ကရေးထားခဲ့သော ရွှေပေအက္ခရာတို့ကို တွေ့လေ၏။

ထိုအက္ခရာတို့ကို ဖတ်စေသော် ငါ၏နောက် နှစ်ပေါင်း တစ်ရာလေးဆယ့်ခြောက်နှစ် လွန်မြောက်၍ သာသနာတော် သုံးရာ့ခုနှစ်ဆယ်နှစ်နှစ် ရောက်သောအခါ ကာကဝဏ္ဏတိဿမင်း၏ သားတော်ဖြစ်သော ဓုဋ္ဌဂါမဏိမင်းသည် ဘုရားသခင် သမာပတ်ဝင်ရာဖြစ်သော ဤဌာန၌ သံတောင် တရာ့နှစ်ဆယ်မြင့်သော ဟေမမာလီ အမည်ရှိသော မဟာစေတီကြီးကို တည်လတ္တံ့၊ ဤမည်သောဌာန ဥပုသ်အိမ် သိမ်ကြီးကိုလည်း ပြုလတ္တံ့၊ ဤအမည်သော အရပ်၌ ဘုံကိုးဆင့်မြင့်သော ကြေးပြသာဒ်ကြီးကိုလည်း ပြုလတ္တံ့ ဟူ၍ အရှင်မဟိန္ဒ မှာဒိတ်စကား ထားတော်မူသည်ဟု ရေးခဲ့သောစာကို ကြားပေ၏။

နတ်ဗိမာန်ပုံစံ

ထိုအခါ ဓုဋ္ဌဂါမဏိမင်းကြီးလည်း ငါသည် ရဟန္တာ အရှင်မြတ်တို့၏ မှာဒိတ်တွင် ဝင်သော် သူတကား ဟု အလွန်အားရတော်မူ၍ လက်ပန်းပေါက်ခတ်တော်မူ၏။ ထို့နောက်မှ စောစွာထလျက် မဟာမေဃဝန် ဥယျာဉ်သို့ ထွက်တော်မူ၍ မဟာဝိဟာရတိုက်၌နေသော သံဃာတော်တို့ကို စည်းဝေးစေပြီးလျှင် " အရှင် ဘုရားတို့၊ အကျွန်ုပ်သည် အရှင်မြတ်တို့ သီတင်းသုံးရန် နတ်ဗိမာန်နှင့်တူသော ပြသာဒ်ကို ပြုလုပ်ပါမည် ရှင်မြတ်တို့သည် နတ်ရွာသို့ ကြွပြီးလျှင် နတ်ဗိမာန်ပုံစံ ရေးပေးတော်မူပါ" ဟု လျှောက်၏။ ရဟန်းတော် တို့ကလည်း ရှစ်ပါးသော ရဟန္တာတို့ကို နတ်ရွာသို့သွား၍ ပုံစံရေးချေဟု စေလွှတ်၏။ ထို အရှင်မြတ်တို့လည်း လျောက်ပတ်ဆန်းကြယ် ရှုချင်စဖွယ်ရှိလှသော ဘရဏီနတ်သမီး ဗိမာန်ပုံကို ပုရပိုက်ဖြူတွင် ဟင်္သာပြဒါးဖြင့် ရေးတင်၍ ယူခဲ့ကုန်၏။

ဘရဏီနတ်သမီး

ထိုနတ်သမီး အကြောင်းကား - ကဿပသဘုရားသခင်၏ လက်ထက်တော်၌ အာသောက မည်သော ပုဏ္ဏားသည် ရှစ်လုံးသော စာရေးတံဆွမ်းတို့ကို သံဃာတော်မြတ်တို့အား မပြတ်ဝတ်တည်၏။ ထိုပုဏ္ဏား၏ အိမ်၌နေသော ဘရဏီမည်သော ကျွန်မကို သင်သည် အမြဲချက်လှူလော့ဟု [illegible]ပ်ပေ၏။ ကျွန်မလည်း ထို ဆွမ်းဝတ်ကို လေးမြတ်ရိုသေစွာ ရံခါမပြတ် ချက်၍ ကပ်လှူပေ၏။ ထိုကောင်းမှုကြောင့် ထိုအဖြစ်မှ စုတေ ခဲ့သော် စတုမဟာရာဇ် နတ်ပြည်ဝယ် ကောင်းကင်အလယ်၌ ကြီးစွာသော ဗိမာန်ပေါက်၍ တစ်ထောင်မျှ လောက်သော နတ်သမီးအရံဖြင့် ပျော်စံရလေသတည်း။ ထို ဗိမာန်ပြာသာဒ်ကား အစောက်အားဖြင့် တစ်ဆယ့်

နှစ်ယူဇနာ၊ အဝန်းအားဖြင့် လေးဆယ့်ရှစ် ယူဇနာရှိ၏။ စုလစ်မွန်းချွန်တပ်သော ပြသာဒ်တစ်ထောင် ရံလျက် အလယ်၌ ဘုံကိုးဆင့် ရှိသော ပြသာဒ်ကြီးသည် တည်၍ အရပ်လေးမျက်နှာ၌ ဝင်ရာတံခါးဝရှိ၏။ အထူးထူးသော ရွှေငွေ ကွန်ယက်တို့ဖြင့် ဆွဲလျက် ပုလဲ၊ သန္တာ၊ ဂိဝါအဆင်းနှင့်တူသော ပွတ်တိုင်တို့ဖြင့် ခြံရံအပ်၏။ ထိုရတနာ ပြသာဒ်၏ အလယ်၌ တင့်တယ်စွာ သရက်ပင်ပျိုရောက်သော ပြသာဒ်သည် တည်၏။ အထူးထူးသော တံခွန်တို့ကို ကောင်းမွန်စွာ ဆွဲထား၏။

ထိုနတ်သမီး၏ ပိမာန်ကို ပုံစံကျအောင် ရေးခဲ့ပြီးလျှင် သံယာကြီးတို့အား အပ်၏။ သံယာတော်တို့လည်း မင်းကြီးအထံသို့ ပို့ပေး၏။ မင်းကြီးလည်း ထိုဗိမာန်ကို မြင်လျှင် ရွှင်လန်း ဝမ်းမြောက်လှသည်ဖြစ်၍ မဟာဝိဟာရ တိုက်သို့လာပြီးလျှင် သာယာကောင်းမွန်သော မြေအရပ်၌ ဆောင်ခဲ့အပ်သော ပုံစံနှင့်တူစွာ သေချာစေ့စပ်သော လောဟပါသာဒ ကြေးပြသာဒ်ကို ပြုလုပ်ပေ၏၊ ပြသာဒ်တည်သည်မှစ၍ လက်သမားတို့အား လက်ခအလို့ငှါ မြို့တံခါး လေးမျက်နှာ၌ ကြီးစွာသော တိုက်ကိုပြု၍ ရှစ်သောင်း ရှစ်သောင်း စီသော ငွေသပြာတို့ကိုလည်းကောင်း၊ တစ်ထောင် တစ်ထောင်မျှသော ပုဆိုးအဝတ်တို့ကို လည်းကောင်း ထား၍ လုပ်သော အမှုထိုက်သမျှကို နေ့တိုင်း ပေးရမည်ဟု အမတ်တို့ကို အပ်ထား၏။ ဆီ၊ ပျား၊ တင်လဲ၊ သကာ တို့ဖြင့် ပြည့်ကုန်သော အိုးစရည်းကြီးတို့ကို အလိုရှိတိုင်း သုံးလေစေဟု ထားတော်မူ၏။

ဤလောဟပါသာဒတံခါး နံပါးတစ်ဘက်တစ်ချက်မှာ သံတောင်တစ်ရာစီ ကျယ်၏၊ အမြင့်လည်း အတောင်တစ်ရာပင် မြင့်၏။ အရပ်လေးဖြာလုံး မျက်နှာဝရှိ၏။ ဘုံကိုးဆင့်တို့ဖြင့် တင့်တယ်၏။ တစ်ဘုံတစ်ဘုံ၌ စုလစ်မွန်းချွန်ဆောင် တစ်ရာ တစ်ရာစီ ရံ၏။ ထိုမွန်းချွန်ဆောင်တို့ကို ငွေဖြင့်သာ မွန်းမံအပ်၏။ အထူးထူးသော ရတနာတို့ဖြင့် တန်ဆာဆင်အပ်သော ပွတ်တိုင်တို့ကိုလည်း စီအပ်ကုန်၏။ ထိုပွတ်တိုင်တို့၏ အကြားကြား၌ ရွှေဖြင့်ပြီးသော ပဒုမ္မာပွင့်တို့ကို လည်းကောင်း၊ ငွေဆည်းလည်း တို့ကိုလည်းကောင်း ဆွဲထားအပ်ကုန်၏။ အောက်နရံ အခြေခံတို့၌ ခြသေ့်၊ သစ်၊ ကျား၊ သားရဲ ရုပ်တို့ဖြင့် လည်းကောင်း၊ အထက်နံရံတို့၌ လူရုပ်တို့ဖြင့် လည်းကောင်း ခြံရံအပ်၏။ အလုံးစုံသော သည်တိုင်တို့၌ ရတနာ ခုနှစ်ပါးတို့ဖြင့် အတင့်အတယ် ခြယ်စီအပ်၏။

မဏ္ဍပ်

ဝေဿဝဏ်နတ် မင်းကြီးသည် နတ်မိန်းမတို့သာ ရွက်ဆောင်ရသော ယာဉ်ပြာသာဒ်ဖြင့် လှည့်ပတ် လေ့ရှိသည်ဟု ကြားဖူးရကား ထိုဝေဿဝဏ်နတ်မင်း၏ နာရိဝါဟနယာဉ်၏ ပုံစံနှင့်တူစွာ ရတနာမဏ္ဍပ် ကိုလည်း လောဟပါသာဒ၏အတွင်း၌ ပြုစေ၏။ ထိုမဏ္ဍပ်၏အစွန်း ထက်ဝန်းကျင်အရပ်၌ ပုလဲကွန်ယက် တို့ဖြင့် ခြံရံအပ်၏။ သန္တာဖြင့်ပြီးသော ပွတ်လုံး ပွတ်တိုင်တို့ဖြင့် ရံ၏။ မဏ္ဍပ်၏အလယ်၌ နှလုံးမွေ့လျော်ဖွယ် တင့်တယ် ထွန်းပသော ဖန်အဆင်းရှိသော ဆင်စွယ်ပလ္လင်ကို ထားအပ်၏။ ထိုဆင်စွယ်ပလ္လင်၌ ဆင်စွယ်ဖြင့်

ပြုအပ်သော တံကဲပျဉ်ကိုထောင်၍ ထိုအထက်၌ ရွှေဖြင့်ပြီးသော နေဝန်းကိုလည်းကောင်း၊ ငွေဖြင့်ပြီးသော လဝန်းကိုလည်းကောင်း၊ ပုလဲဖြင့်ပြီးသော ကြယ်တာရာတို့ကိုလည်းကောင်း တင့်တယ်စွာ စီထား အပ်ကုန်၏။ ထိုပလ္လင်ထက်၌ နှစ်သက်ဖွယ်ရာ အရောင်ရှိသော အခင်းကောင်းတို့ကို ခင်းပြီးလျှင် ဖြူဝင်းသော အရောင်ဖြင့် လူတို့၏နှလုံးကို ဆောင်တတ်သော ဆင်စွယ်ယပ်ကိုလည်း ထားပေသည်။ ထိုပလ္လင်၏အနီး၌ သန္တာဖြင့် ခုံခံလျက် ငွေအရိုးတပ်သော ထီးဖြူရတနာကိုလည်း ဖြန့်အုပ်ကာ ထားပေ၏။ ထိုထီးဖြူ၏ အနားဆွဲထား အပ်သော သန္တာဆိုင်း ရွှဲဆိုင်းတို့သည် လည်းကောင်း၊ အကြားအကြား၌ ပတ္တမြားလုံးတို့သည် လည်းကောင်း အလွန်တင့်တယ် ကုန်၏။ ပြာသာဒ်၊ထီးဖြူ၊ ပလ္လင်၊မဏ္ဍပ် ဤလေးရပ်တို့သည် အဖိုးမဖြတ်နိုင် သည်သာ ဖြစ်ကုန်၏။ ထိုပြာသာဒ်၏အတွင်း၌ အခင်းနှင့်တကွသော ညောင်စောင်းတို့ကိုလည်း ကောင်းစွာ ခင်းထား ပေ၏။ မြေအခင်း ကမ္ဗလာတို့ကိုလည်း စပ်လျက် စပ်လျက်သာ ခင်းပေး၏။ သန့်သက်အိုး သန့်သက် ရေမှုတ်ကိုလည်း ရွှေကိုသာ ပြုလုပ်ပေ၏။

လောဟပါသဒ

ထိုပြာသာဒ်ကို တင့်တယ်စွာ အုတ်တံတိုင်းတို့ဖြင့် ရံလျက် လေးမျက်နှာ တံခါးမုခ်ကိုလည်း ပြုလုပ် အပ်၏။ ထိုပြာသာဒ်သည် တာဝတိံသာ နတ်သဘင်ကဲ့သို့ အလွန်တင့်တယ်ခြင်းသို့ ရောက်၏။ ကြေးနီ အုတ်ကြွပ်ကိုသာ မိုးရကား "လောဟပါသာဒ"ဟု ထင်ရှားသတည်း။ မင်းကြီးလည်း လောဟပါသာဒ ပြာသာဒ် ပြီးသောအခါ သံဃာတော်အပေါင်းတို့ကို စည်းဝေးစေ၍ မရိစဝဋ္ဋိကျောင်းကို အနုမောဒနာ ပြုသကဲ့သို့ ကြီးကျယ်စွာ အနုမောဒနာ ပြုပေ၏။

အတန်းခွဲခြား

ထိုလောဟပါသာဒ၌ ပထမဘုံ၌ ပုထုဇဉ်ရဟန်းတို့ကို သီတင်းသုံးစေ၏။ ဒုတိယဘုံ၌ ပိဋကတ်သုံးပုံ ကို ဆောင်သော ရဟန်းတို့ကို သီတင်းသုံးစေ၏။ တတိယဘုံ စသည်၌ကား သောတာပန်၊ သကဒါဂါမ် တို့ကို သီတင်းသုံးစေ၏။ အထက်ဆုံးဘုံ၌ကား ရဟန္တာ အရှင်မြတ်တို့ကိုသာ သီတင်းသုံးစေ၏။

ကုဋေသုံးဆယ်

မင်းကြီးသည် ပြာသာဒ်ဟူသော အကြောင်းကြောင့် စွန့်ကြဲ လှူဒါန်းအပ်သော ဥစ္စာတို့သည် အဖိုး အနဃထိုက်သော ရတနာတို့ကို ထား၍ ဒင်္ဂါးသပြာပေါင်း ကုဋေသုံးဆယ် ဖြစ်သတည်း။

## မဟာစေတီတည်ရန် အဆောက်အဦတို့ ဖြစ်ပေါ်လာရသည်ကိုပြဆိုခြင်း

နတ်အုတ်

ဒုဋ္ဌဂါမဏိအဘယမင်းကြီးသည် လောဟပါသာဒကို အနုမောဒနာ ပြုပြီးသော် ဘေးတော် ဒေဝါနံပိယတိဿမင်း စိုက်ခဲ့သော ဒက္ခိဏသာခါ မဟာဗောဓိပင်ကို ပူဇော်ဦးအံ့ဟုကြံ၍ ဗိုလ်ရံသင်းပင်းနှင့် တကွ ထွက်တော်မူ၍ တစ်သိန်းသော ဥစ္စာတို့ကို စွန့်လျက် ဗောဓိပင်ကို ပလ္လင်မြှင့်ခြင်း၊ တံတိုင်းကာခြင်း၊ တံခွန်ဆွဲခြင်း၊ ရွှေသလဲ ငွေသလဲကြဲခြင်း အစရှိသော ပူဇော်ခြင်း အထူးကို ပြုတော်မူ၏။ ထိုသို့ ပူဇော်ပြီး၍ မြို့နန်းတော်သို့ ဝင်သောအခါ မဟာစေတီတည်ရာ အရပ်၌ ဘိုးတော်စိုက်ထားခဲ့သော ကျောက်တိုင်ကိုမြင်၍ အစဉ် ကြားဖူးသော စကားကို အောက်မေ့သဖြင့် အလွန်ရွှင်လန်းသော စိတ်ရှိလျက် စေတီတည်လိုသော အကြံနှင့်တကွ လာခဲ့၍ စံရာပြာသာဒ်သို့ တက်ပြီးသော် မင်း၏နေရာတော်၌ လျောင်းလျက် ဤသို့ကြံ၏။

ငါသည် ကျေးကုလားတို့ကို နှစ်နှစ်ကျော်အောင် နှိပ်နင်းပယ်ရှားရသဖြင့် ကျွန်းသူ ကျွန်းသား အပေါင်းတို့သည် ဆင်းရဲကို ရကုန်သည်၊ ထိုသူတို့အား အခွန်အတုတ်ကို ယူသဖြင့် မသင့်ချေ၊ စေတီတည်ရန် ဖြစ်သော အုတ်ကို တရားသဖြင့်ပြီးအောင် ဘယ်သို့လုပ်ဆောင်ရအံ့နည်းဟု ကြံတော်မူ၏။ အကြံကို နန်းတော် ပြာသာဒ်၌နေသော ထီးချက်စောင့်နတ်သမီး သိလေသော် နတ်ပြည်၌ ပြောကြား၍ သိကြားမင်း သိလေသဖြင့် ဝိသုကြံနတ်သားကို ခေါ်၍ " အမောင်နတ်သား၊ သီဟိုဠ်ကျွန်း၌ ဒုဋ္ဌဂါမဏိမင်းသည် စေတီတည်လုပ်ရန် အုတ်လိုသော အကြံရှိ၏။ ထိုအကြံကို ပြည့်စေခြင်းငှါ အနုရာဓမြို့မှ တစ်ယူဇနာရှိသော ဂမ္ဘီရမြစ်၏အနီး၌ အုတ်တို့ကို ဖန်ဆင်း၍ ထားချေလော့" ဟု ဆိုတော်မူ၏။ ဝိသုကြံနတ်သားသည်လည်း သိကြားမင်းဆိုတိုင်း များစွာသော အုတ်တို့ကို ဖန်ဆင်းပေ၏။

နံနက်သောအခါ မုဆိုးတစ်ယောက်သည် ခွေးတို့နှင့်အတူ တောလည်လာရာ ဤအရပ်သို့ ရောက်လျှင် ဘုမ္မစိုးနတ်သည် ဖွတ်ကြီးယောင် ဖန်ဆင်း၍ပြ၏။ မုဆိုးလည်း ဖွတ်ကိုမြင်လျှင် အစဉ်လိုက်လေသော် အုတ်တို့ကို တွေ့လေ၏။ ဖွတ်လည်းကွယ်ပျောက်၍ မုဆိုးဝမ်းမြောက် ဝမ်းသာလျက် ငါတို့၏ အရှင်မင်းကြီးသည် မဟာစေတီ တည်လိုသော အကြံတော်ရှိ၏။ ငါသည် ဤအုတ်ကို လက်ဆောင်ပြု၍ မင်းကြီးအား လျှောက်ကြားအံ့ဟု ကြံပြီးလျှင် မြန်စွာလာပြီး အုတ်တွေ့ပါကြောင်းကို လျှောက်၏။ မင်းကြီးသည်လည်း ဝမ်းမြောက်တော်မူလှ၍ မုဆိုးအား အဖိုးတစ်ထောင်ထိုက်သော ပုဆိုးတစ်စုံ၊ ရွှေပန်း ငွေပန်း နှစ်သောင်း၊ သပြာနှစ်သောင်းထွက်သော လယ်ပယ်၊ သိန္ဓေမြင်းလေးစီးကသော ရထားတည်းဟူသော ဆုလာဘ်ကို ပေးတော်မူ၏။

ရွှေညှောက် ကြေးနီညှောက်

ထိုဒုဋ္ဌဂါမဏိမင်းကြီး၏ ဘုန်းတော်ကြောင့် အနုရာဓမြို့ပြည်မှ အရှေ့မြောက် သုံးယူဇနာ ကွာသော အာစာရဝိဋ္ဌိမည်သော ရွာ၌ တစ်ဆယ့်ခြောက်ပယ်ရှိသော မြေပြင်ဝယ် အကြီးသည် အရှည်တစ်ထွာ၊ အငယ် လက်လေးသစ် ပမာဏရှိသော ရွှေညှောက်တို့သည် ပေါက်လတ်ကုန်၏၊ ရွာသားတို့သည် ထိုရွှေညှောက်ကို အတန်ငယ်ယူပြီး မင်းကြီးအား ပြလျှောက်ကုန်၏။ ပြည်၏ အရှေ့မျက်နှာ ခုနစ်ယူဇနကွာသော ဂင်္ဂါမြစ်၏ တစ်ဘက်ဖြစ်သော တမ္ဗပိဋ္ဌဇနပိုဒ်၌ နွားဦးချိုပမာဏရှိသော ကြေးနီညှောက်တို့သည် ပေါက်ကုန်၏၊ ရွာသား တို့သည် အတန်ငယ်ယူ၍ မင်းကြီးအား ပြလျှောက်ကုန်၏။

ပတ္တမြားကျောက်တိုင်

ပြည်၏ အရှေ့တောင်ထောင့် မျက်နှာ လေးယူဇနာကွာသော သုမနဝါပိရွာ၌များစွာကုန်သော ပတ္တမြား ကျောက်တိုင်တို့သည် ပေါ်ပေါက်ကြကုန်၏၊ ရွာသားတို့သည် ထိုပတ္တမြားတို့ကို ကုရုဝိန္ဒမည်သော ကျောက်၊ ဥပ္ပလမည်သော ကျောက်တို့နှင့် ရောလျက် ပြဆက်လှာကုန်၏။

ငွေစိုင်ငွေခဲ

ပြည်၏တောင်မျက်နှာ ရှစ်ယူဇနာကွာသော အမ္ဗဋ္ဌကောလလိုဏ်၌ ငွေစိုင်ငွေခဲတို့သည် များစွာ ဖြစ်ကုန်၏။ အနုရာဓမြို့၌နေသော ကုန်သည်တစ်ယောက်သည် များစွာသော လှည်းတို့ကိုယူ၍ မလယဇနပုဒ်မှ ချင်းစိမ်းတို့ကို ဆောင်ခြင်းငှါ သွားလေသော် ထိုလိုဏ်၏ အနီးဖြစ်သော တောင်ခြေရင်း၌ လှည်းတို့ကို ဖြုတ်ထား၍ နှင်တံအကျိုးငှာ တောင်သို့တက်လေသော် အသီးမှည့်လေးခြင်းကြောင့် ညွတ်သောပိန္နဲကိုင်းမှ အိုးစရည်းမျှလောက်သော ပိန္နဲသီးကိုရ၍ ထိုပိန္နဲသီးကို ခွဲသောအခါ လွန်စွာသော အနံ့ အရသာနှင့် ပြည့်စုံ သည်ကိုမြင်၍ အဦးကို လှူလိုသောစိတ် ရှိရကား အလှူခံတို့အား ကြွေးကြော်၏။

ထိုအသံကို ကြားသောအခါ ရဟန္တာလေးဦးတို့သည် သပိတ်ပိုက်ကာ ကြွလာကုန်ရကား အားရ ဝမ်းသာစွာလျက် အညာမှထွက်၍ ကျောက်ခွက်ပြည့်မျှ တည်သော ပိန္နဲရည်တို့ကို သပိတ်ဖြင့် ကပ်ပေ၏။ ထိုအရှင်တို့ ကြွသွားသောအခါ ရဟန္တာလေးဦးတို့သည် တစ်ဖန် ကြွလာပြန်သည်၊ ကုန်သည်လည်း ထိုအရှင်တို့၏ သပိတ်ကို ပိန္နဲသီးတို့ဖြင့် ပြည့်စုံစေလျက် ကပ်ဆက်ပေ၏။ အရှင်မြတ်သုံးပါးတို့သည် လိုရာသို့ ကြွကုန်၏။

ရဟန္တာတစ်ပါးမူကား ထိုကုန်သည်အား ငွေကိုပြခြင်းငှာ ဝေးစွာမကြွဘဲ တောင်မှသက်ခဲ့၍ လိုဏ်ဝ၌ ထိုပိန္နဲသီးကို ဘုဉ်းပေး၏။ ကုန်သည်သည်လည်း လှူ၍ကျန်သော ပိန္နဲနှစ်တို့ကို စားပြီးလျှင် အရှင်မြတ်ဘုဉ်းပေး ရာသို့ လိုက်လာ၍ ဝေယျာဝစ္စကို ပြု၏၊ ရဟန္တာအရှင်မြတ်လည်း လိုဏ်သို့ဝင်ခြင်းငှါ လမ်းပြလေသော်

ကုန်သည်လည်း ဝင်၍ကြည့်သည်နှင့် များစွာသော ငွေစိုင်တို့ကိုမြင်သဖြင့် ပါသော ပဲခွက်ဖြင့် ခုတ်ဖြတ်လေသော် ငွေစိုင်ဖြစ်ကြောင်းကို သိ၍ လှည်းရှိရာအရပ်သို့ တစ်ဖန်သွားပြီးမှ ထိုငွေစိုင်တို့ကို တင်ယူကာ ပြန်ခဲ့၍ မင်းကြားအား ကြားလျှောက်ပေ၏။

ပုလဲ

အနုရာဓပြည် အနောက်မျက်နှာ ငါးယူဇနာအထက်၌ ဥရုဝေဠုမည်သော သမုဒ္ဒရာဆိပ်၌ သို့သွားသီးကြီး၏ ပမာဏရှိကုန်သော ပုလဲတို့သည်လည်းကောင်း၊ အကြားအကြား၌ သန္တာတို့သည်လည်းကောင်း၊ လှည်းအစီး ခြောက်ဆယ်တိုက်ခန့်မျှ ကြည်းသို့ တက်လတ်ကုန်၏။ တံငါတို့သည် ထိုပုလဲတို့ကို မြင်၍ ရုံးစုခဲ့ပြီးလျှင် မင်းကြီးအား ကြားလျှောက်ကုန်၏။

ပတ္တမြား

ပြည်၏မြောက်မျက်နှာ ခုနစ်ယူဇနာ၏ အထက်၌ ပေဠိဝါပိကရွာသည် ရှိ၏။ ထိုရွာ၏အနီးသို့ စီးဝင်သော ချောင်းထဲ သဲအပြည့်၌ အောင်မဲညိုအပွင့်နှင့်တူသော အဆင်းရှိသော အလျားတစ်ဆယ့်ခြောက်သစ်၊ လုံးပတ် ဆေးကြိတ်ကျောက်လုံး ပမာဏရှိကုန်သော အလွန်တင့်တယ်သော အရောင်ရှိသော ပတ္တမြားတို့သည် ဖြစ်ကုန်၏။ မတ္တအမည်ရှိသော ခွေးမုဆိုးတို့သည် ပတ္တမြားတို့ကိုမြင်၍ မင်းကြီးအား လျှောက်ကုန်၏။ မင်းကြီးလည်း မဟာစေတီတည်ခြင်း အကျိုးငှါ ဖြစ်လာကုန်သော ဤအုတ်တို့ကို လည်းကောင်း၊ ရတနာတို့ကိုလည်းကောင်း ကြားတော်မူလျှင် ဝမ်းမြောက်တော်မူလှ၍ ကြားလျှောက်လာ သော သူတို့အား ထိုက်လျောက်သော ဆုလာဘ်ပေးတော်မူ၍ ထိုသူတို့ကို စောင့်ရှောက်စေလျက် ဘဏ္ဍာတိုက်တော်သို့ ယူဆောင်ပေ၏။

ဤသို့လျှင် ဒုဋ္ဌဂါမဏိအဘယမင်းသည် ထိုအဖြစ်သို့မရောက်မီ ရှေးဘဝက သာမဏေဖြစ်စဉ်က တစ်သပြာမျှ ဥစ္စာမကုန်ဘဲ ကိုယ်၏ဆင်းရဲခြင်းကို မထင် ကြည်ရွှင်သောစိတ်ထားဖြင့် ကိုယ့်အားကို အရင်းထုတ်လျက် စောင်းတန်းလုပ်ခဲ့သော ကုသိုလ်၊ သံဃာတော်တို့အား သောက်ရေ သုံးရေ လှူခြင်း၊ သူခပ်သိမ်းတို့၏ သောက်သုံးရေ ရေကန် ရေတွင်းပြုလုပ်ခြင်း ကုသိုလ်တို့ကြောင့် အလိုလို ပေါ်ပေါက်လာကြ၍ ချမ်းသာရခြင်း၏အကြောင်း ဖြစ်ကုန်သော ဥစ္စာ၊ ရတနာ ဘဏ္ဍာ အဆောက်အဦးတို့သည် ပြည့်စုံလေသည်ကို ထောက်ထားသဖြင့် အများသူတော်ကောင်းတို့သည် ကောင်းမှုပုညကို စွမ်းနိုင်သမျှ အားထုတ်ရာသတည်း။

မဟာစေတီတည်ခြင်းကိုပြဆိုခြင်း

အုတ်မြစ်ချ အစီအစဉ်

ဤသို့လျှင် စေတီတည်ခြင်း၏အစ အဆောက်အဦးတို့ ပြည့်စုံသည်ရှိသော် ၃၇၂-ခု၊ ကဆုန်လပြည့်နေ့ ဝိသာခါနက္ခတ် အကြိုက်တွင် စတည်၍ အားထုတ်တော်မူ၏။

အဘယ်သို့ စီမံသနည်း၊ဟူမူကား၊ ရှေးကစိုက်ထားခဲ့သော ကျောက်တိုင်ကို ပယ်ပြီးလျှင် ထိုနေရာ၌ စေတီတော်၏ မယိမ်းမယိုင် ခိုင်ခံ့စွာ တည်စေခြင်းငှာ အရပ်လေးမျက်နှာပတ်လျက် အနက် ခုနစ်တောင်ရှိသော တွင်းကိုတူးစေပြီးမှ ဆင်ပြောင်ဆယ်စီးအားကို ဆောင်နိုင်သော သူရဲကြီးတို့အား ကျောက်ဖြာကြီးတို့ကို ဆောင်ယူကာ ခံစေ၍ ထို၏အထက်၌ ကျောက်လုံးတို့ကို တူဖြင့် ညက်စွာထု၍ ကြေစေပြီးမှ သားရေစွပ်သောခြေ ရှိကုန်သော ဆင်ကြီးတို့ကို နင်းသိပ်စေသည်၊ ထိုအထက်၌ကား ဆီဦးထောပတ်နှင့် တူသော ညွန်မြေတို့ကို ဖြန့်စေသည်။ အာကာသဂင်္ဂါကျရာ အရပ်၌ ထက်ဝန်းကျင် ယူဇနာသုံးဆယ် ရှိသော အရပ်သည် အမြဲစိုစွတ်၍ မြေညက်တို့သည် သိမ်မွေ့စေးထန်းစွာ ထောပတ်ယနာနှင့်တူလျက် တည်၏။

ခီဏာသဝဆဋ္ဌဘိညဖြစ်သော သာမဏေတို့သည် ထိုအရပ်မှ ထောပတ်နှင့်တူသော မြေညက်တို့ကို တန်ခိုးဖြင့်ဆောင်ယူ၍ မင်းကြီးအား အပ်ပေ၏။ မင်းကြီးလည်း ထိုမြေညက်တို့ကို ကျောက်ကြေ၏ အထက်၌ဖြန့်၍ အုတ်တို့ကို ခင်းစေသတည်း။ ထိုအုတ်၏အထက်၌လည်း ကြမ်းသောအင်္ဂတေကို ခင်းစေပြီးမှ ကုရုဝိန္ဒမည်သော ကျောက်တို့ကို ခင်းစေသတည်း။ ထိုကျောက်၏အထက်၌ သံကွန်ယက်တို့ကို ခင်းစေသည်။ ထို၏အထက်၌ ယခင်သာမဏေတို့သည် ဟိမဝန္တာမှ ဆောင်အပ်သော ကောင်းသော အနံ့ရှိသော ရွှံ့ဒကျောက်တို့ကို ခင်းစေသည်။ ထို၏အထက်၌ ဖန်ချပ်ကို ခင်းစေသည်။ ထို၏အထက်၌ ကျောက်တို့ကို ခင်းစေသည်။ ယင်းသို့ ခင်းစေသမျှ မြေသရွက်ကိစ္စ၌ ညောက်ကြပ်စေး သကာရည်တို့ဖြင့် ရောလတ်သော ထောပတ်နှင့်တူသော ယခင်မြေညွှန် မြေသာလျှင် ဖြစ်၏။ ထိုကျောက်၏အထက်၌ကား လက်ရှစ်သစ်ထုသော ကြေးနီပြားကို နှမ်းဆီဖြင့် သွေးအပ်သော ဆေးဒန်းမြင်းသီလာ သရွတ်ဖြင့်ခင်း၏။ ထိုကြေးနီပြား၏ အထက်၌ကား လက်ခုနှစ်သစ် ထုသော ငွေပြားကို ခင်း၏။

ဤသို့ ခင်းစေပြီးမှ ဝါဆိုလဆန်း ဆယ့်လေးရက်နေ့သို့ ရောက်လေသော်အခါ သံဃာတော် တို့အား "အရှင်ဘုရား၊ စေတီ၌မင်္ဂလာအုတ်စ၍ ချတော်မူခြင်းငှာ အလုံးစုံသော သံဃာသည် စည်းဝေးတော်မူပါလော့" ဟု လျှောက်၏၊ မင်းကြီးလည်း အလုံးစုံသော ပြည်သူပရိတ်သတ်တို့အား ဘုရားရှင်ကို ပူဇော်ခြင်းအကျိုးငှာ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ဥပုသ်ကိုဆောက်တည်၍ ပန်း နံ့သာ လက်စွဲကာ စေတီတည်ရာဌာနသို့ လာကြရမည်ဟု စည်လည်စေ၏။ မှူးတော် မတ်တော်တို့ကလည်း စေတီတည်ရာသို့သွား၍ များစွာကုန်သော တံကွန်း၊ မဏ္ဍပ်၊ ဇရပ် နေရာတို့ကိုလည်း၊ ပြုပြင်စေ၏၊

မြို့တော်မှသည် စေတီတည်ရာ ဌာနသို့ကျအောင် ခရီးအစဉ်ကို ပြုပြင်သန့်ရှင်း၍ ထမင်းဆိုင်၊ ရေဆိုင် စားဖွယ်စားရာဆိုင်တို့ကို ပြည့်လှိုင်စွာ ခင်းကျင်းစေ၏။ မြို့တော်အပေါက် တံခါးလေးမျက်နှာ၌ ဒုဠှဂါမဏိမင်းကြီးမှ စရိတ်တော်ခံလျက် ဗိုလ်ပါတို့၏ သုံးဆောင်ရာအကျိုးငှာ ရေချိုးတတ်သောသူ၊ ခဝါဖွပ်သောသူ တို့ကိုလည်းကောင်း၊ ဆတ္တာသည်တို့ကို လည်းကောင်း၊ ပုဆိုး၊ အဝတ်၊ အင်္ကျီ၊ ဦးပေါင်း တို့ကို လည်းကောင်း၊ ပန်း နံ့သာတို့ကိုလည်းကောင်း၊ စားဖွယ်ဖြစ်သောထမင်း၊ အဖျော်တို့ကို လည်းကောင်း၊ ပျားသကာတို့ကို လည်းကောင်း၊ ကောင်းစွာထား၍ မြို့သူ မြို့သားတို့သည် အလိုရှိသမျှ စားသုံးဝတ်ဆင်၍ ဘုရားရှင်တည်ရာသို့ သွားကြကုန်ဟု ဆင့်ဆိုတော်မူ၏။

ဌာနန္တရ ရာထူးရသော မှူးတော် မတ်တော်တို့သည်လည်း မိမိ၏ အခြံအရံနှင့် တန်ဆာဆင်ကာ လက်ယာလက်ဝဲမှ စောင့်ရှောက်ဝန်းရံစေ၍ ရေမြေ့သခင်ဖြစ်သော မင်းကြီးလည်း နတ်သမီးကညာနှင့်တူစွာ တန်ဆာဆင်အပ်သော ကချေသည်အပေါင်း ခြံရံလျက် စစ်တန်ဆာ ဆင်ယင်လျက် လက်နက်စွဲသော သူရဲအပေါင်း လေးသောင်းရံလျက် မြင်မိုရ်ထိပ်ဖျားဝယ် သိကြားမင်း၏ အသေရေကဲ့သို့ ပြည်အလုံးကို ရွှင်ပြုံးနှစ်သက်စေလျက် ညနေချမ်းအခါ၌ အနုရာဓမြို့မှထွက်၍ စေတီတည်ရာဌာနသို့ ကြွတော်မူလေသတည်း။

ရောက်တော်မူလျှင် စေတီတည်ရာဌာန၏ အလယ်၌ ဆယ်ထည်စီ ထုတ်အပ်သော ပုဆိုးထုပ်ပေါင်း တစ်ထောင့်ရှစ်ထုပ် ထား၍ အနားလေးမျက်နှာ၌ များစွာသော အဝတ်ပုဆိုးတို့ကိုလည်းကောင်း၊ များစွာသော ပျား၊ ထောပတ်၊ ဆီတို့ကိုလည်းကောင်း ထားစေတော်မူ၏၊ အရပ်ရပ်ပင့်ခေါ်အပ်သော မင်း၏ သဝဏ်စာကြောင့် ဤလက်ာဒီပ၌ ရှိသမျှသော ရဟန်းသံဃာတို့သည် ဤစေတီတည်ရာသို့ ရောက်လာကုန်သည်။ ဤမျှ ဤရွေ့ဟူ၍ကား မရေတွက်နိုင်ပြီ၊

**တန်ခိုးကြီးမထေရ်များ**

ဇမ္ဗူဒိပ်ကျွန်း ရာဇဂြိုလ်ပြည်၌ နေသော တန်ခိုးကြီးမြတ်လှသော ဣန္ဒဂုတ္တ အမည်ရှိသော မထေရ်သည် အရပ်ထက်ဝန်းကျင်၌ နေသော အဖော်သံဃာပေါင်း ရှစ်သောင်းနှင့်တကွ ကြွလာတော်မူသည်။ ဣတိပတန မိဂဒါဝုန်၌ နေသော ဓမ္မသေနထေရ်မြတ်သည်လည်း ရဟန်းပရိတ်သတ် တစ်သောင်းနှစ်ထောင်နှင့်တကွ ကြွလာတော်မူသည်၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ နေသော ပိယဒဿီ မထေရ်သည် ရဟန်းပရိတ်သတ် ခြောက်သောင်းနှင့်တကွ ကြွလာတော်မူသည်။ ဝေသာလီပြည် မဟာဝုန်တော် ကျောင်း၌ နေသော မဟာဗုဒ္ဓရက္ခိတ မထေရ်သည် တစ်သောင်း ရှစ်ထောင်သော ရဟန်းပရိသတ်တို့ကို ခေါ်၍ ကြွလာတော်မူသည်၊ ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ နေသော ဓမ္မရက္ခိတ မထေရ်သည် သုံးသောင်းသော

ရဟန်းတို့ကို ခေါ်၍ ကြွလာတော်မူသည်။ ဥဇ္ဇေနီပြည် ဒက္ခိဏာဂိရိကျောင်း၌ နေသော မဟာဗုဒ္ဓရက္ခိတ မထေရ်သည် လေးသောင်းသော ရဟန်းတို့ကို ခေါ်၍ ကြွလာတော်မူသည်၊ ပါဋိလပုတ်ပြည်၌ နေသော မိတ္တိဏ္ဏမထေရ်သည် အသောကာရာမကျောင်းမှ တစ်သိန်းခြောက်သောင်းသော ရဟန်းတို့ကို ခေါ်၍ ကြွလာတော်မူသည်၊ ကသ္မီရမဏ္ဍလအရပ်၌ နေသော အနုတ္တိဏ္ဏမထေရ်သည် နှစ်သိန်းရှစ်သောင်းသော ရဟန်းတို့ကိုခေါ်၍ကြွလာတော်မူသည်။ ပလ္လဝဘောဂအရပ်၌ နေသော မဟာဒေဝမည်သော မထေရ်သည် ရဟန်းပရိတ်သတ် လေးသိန်းခြောက်သောင်းနှင့်တကွ ကြွတော်မူလေသည်၊ ယောနကတိုင်း အာလသန္ဒကျွန်း၌ နေသော ယောနက မဟာဓမ္မရက္ခိတ မထေရ်သည် သုံးသောင်းသော ရဟန်းတို့ကိုခေါ်၍ ကြွလာတော်မူသည်။ ဝိဥ္ဈာဋဝိ တောအုပ် ဝတ္တနိယကျောင်း၌ နေသော ဥတ္တရ မထေရ်သည် ခြောက်သောင်းသော ရဟန်းတို့ကို ခေါ်၍ ကြွလာတော်မူသည်၊ ဗောဓိမဏ္ဍိုင် ကျောင်း၌နေသော စိတ္တမထေရ်သည် သုံးသောင်းသော ရဟန်းတို့နှင့်တကွ ကြွလာတော် မူသည်၊

ဝနဝါသီအရပ်၌နေသော စန္ဒဂုတ္တမထေရ်သည် ရှစ်သောင်းသော ရဟန်းတို့ကိုခေါ်၍ ကြွလာ တော်မူသည်၊ ကောလာသမည်သော ကျောင်းကြီး၌နေသော သူရိယဂုတ္တမထေရ်သည် ကိုးသောင်း ခြောက်ထောင်သော ရဟန်းတို့နှင့်တကွ ကြွလာတော်မူသည်။ ဤမဟာစေတီ တည်ရာသို့ ကြွရောက်လာကုန်သော ရဟန်းအပေါင်းတို့ကို ရေတွက်သော် သီဟိုဠ်ကျွန်းသား ရဟန်းတို့ကား မရေတွက်နိုင် ဖြစ်၏။

ရဟန္တာ ဥပ် ကုဋေ

အလုံးစုံသော သံဃာတို့၌ ရဟန္တာကိုချည်း ရေတွက်သော် ကိုးဆယ့်ခြောက်ကုဋေ ရှိကုန်၏။ထိုရဟန်းတို့သည် မဟာစေတီတည်ရာဌာနဝယ် အလယ်၌ မင်း၏နေရာကို ထား၍ ဝန်းရံကာ နေကြကုန်၏၊ မင်းကြီးလည်း သံဃာတော်၏အလယ်သို့ ဝင်၍ အရှင်မြတ်တို့အား ရှိခိုးပြီးသော် ရွှင်ပျော် ဝမ်းမြောက်လှသောစိတ်ရှိသည်ဖြစ်၍ ပန်း နံ့သာ လက်စွဲလျက် လက်ယာရစ် လည်ပြီးလျှင် အလယ်၌ ရွှေပန္နက်ကိုစိုက်၍ ငွေစင်အတိပြီးသောစေတီဝန်း၊ လှည့်ရန် လုံ့တံကို မင်္ဂလာရှိသော အမတ်ကိုကိုင်စေ၍ ကျယ်ဝန်းသောအရေးကို ပြုခြင်းငှာ အားထုတ်၏၊

ထိုအခါ လွန်စွာ တန်ခိုးကြီးမြတ်သော သိဒ္ဓတ္ထမည်သော မထေရ်အား၊ ဤသို့ကြံတော်ဖြစ်၏၊ ဤမျှလောက် ကြီးကျယ်သော စေတီကိုပြုလုပ်သော် မပြီးမီ မင်းကြီးသေလွန်ခဲ့ရာ၏။ ငါမြစ်ဦးမှ သင့်မည်ဟု ကြံပြီးလျှင် " ဒကာမင်းကြီး - ဤမျှလောက် ကျယ်ဝန်းအောင် မပြုလင့်၊ နောက်ဆင့်၍ ပြုခြင်းငှာ ခဲယဉ်းလှသည်၊ ဤမျှလောက်သာ ပြုရမည်" ဟုမိန့်ဆို၏၊ မင်းကြီးလည်း သိဒ္ဓတ္ထမထေရ်ကို ရိုသေသောအားဖြင့် ထိုမထေရ်ညွှန်ပြသော ဥပဒေသအတိုင်း၊ မဖျိမပမာဏဖြင့်သာ ပြုတော်မူ၏၊ 

မင်းကြီးလည်း အုတ်တို့ကို တည်စိမ့်သောငှာ ရှစ်လုံး ရှစ်လုံးသော ရွှေအိုး ငွေအိုးတို့ကို အလယ်၌ ထားစေလျက် တထောင့်ရှစ်လုံးသော ပန်းအိုးတို့ကို ရံလျက်ထားစေ၏၊ ရှစ်စုံအလွန်ရှိသော တစ်ရာသော ပုဆိုးတို့ကိုလည်း ရံလျက် ထားစေ၏။

ယင်းသို့ထားစေပြီးမှ မင်္ဂလာရှိသော အမတ်ကြီးရှစ်ဦးတို့ကို ဝိသကြုံနတ်၏သဖွယ် တင့်တယ်စွာ တန်ဆာဆင်စေပြီးသော် ရွှေအုတ်ရှစ်ချပ်တို့ကို တစ်ယောက်လျှင် တစ်ချပ်စီကိုင်စေပြီးမှ ရှေးဦးစွာ မင်္ဂလာဟု ဆိုအပ်သော အရှေ့မျက်နှာ၌ တည်ရာအုတ်ကို နံ့သာညွန်ဖြင့် ရှိသေစွာ တည်ထားစေသည်။ ထိုအုပ်ကို မြတ်လေးပန်းတို့ဖြင့် ကြဖြန့်ကာ ပူဇော်၏။

ထိုခဏ၌ ပြင်းစွာသော မြေလှုပ်ခြင်းသည် ဖြစ်၏။ ထို့နောက်မှ ခုနစ်ခုပ်သော အုတ်တို့ကိုလည်း အမတ်ခုနစ်ယောက်တို့အား အသီးသီးတည်ထားစေ၏၊ ပန်းနံ့သာဖြင့် ကြဖြန့်ကာ ပူဇော်ခြင်းကိုလည်း ပြု၏၊ ထိုသို့လျှင် ဝါဆိုလဆန်း ဆယ့်ငါးရက်ဖြစ်သော ဥပုသ်နေ့၌ စ၍ တည်တော်မူသငေ်ာည်း။

မင်းကြီးလည်း အရပ်ရှစ်မျက်နှာမှ ရှမျှော်ကာ နေကြကုန်သော ရဟန္တာဖြစ်ကုန်သော မထေရ်တို့တွင် အရှေ့မြောက်မျက်နှာ၌ နေသော ပိယဒဿိမထေရ်၏ ထံသို့ကပ်၍ ရှိခိုးကာ တည်၏။ ထိုအရှင်မြတ်လည်း မင်္ဂလာကို အဦးထားလျက် မင်းကြီးအား တရားဟောပေ၏။ ထိုတရားကိုနာ၍ သုံးသောင်းလေးထောင်သော သူတို့သည် သစ္စာလေးပါးမှ ယုံမှားကင်းကြကုန်၏၊ သုံးသောင်းလေး ထောင်သော သူတို့သည် သောတာပတ္တိဖိုလ်၌ တည်ကုန်၏၊ တစ်ထောင်မျှသော သူတို့သည် သကဒါဂါမ်၊ တစ်ထောင်မျှလောက်သော သူတို့သည် အနာဂါမ်၊ တစ်ထောင်မျှလောက်သော သူတို့သည် အရဟတ္တဖိုလ်ကို ရကြကုန်၏။ ရဟန်းယောကျ်ား တစ်သောင်းရှစ်ထောင်၊ ရဟန်းမိန်းမ တစ်သောင်းလေးထောင် တို့လည်း ရဟန္တာ ဖြစ်ကုန်သတည်း။

**မဟာစေတီ ဌာပနာတိုက် စီရင်ခြင်း**

ဒုဋ္ဌဂါမဏိအဘယမင်းကြီးလည်း ထိုစည်းဝေးလာသမျှသော သံဃာတော်တို့အား ဤသို့ လျှောက်၏၊ " အရှင်ဘုရားတို့ . . . စည်းဝေးရောက်လာသမျှသော သံဃာတော်တို့သည် ဤစေတီပြီးသည့်တိုင်အောင် ဤအရပ်၌နေ၍ ကျွန်ုပ်ဆွမ်းအလှူကို ခံတော်မူပါ " ဟု လျှောက်၏။ သံဃာတော်တို့ကလည်း ဝန်မခံကုန်၊ ထိုအခါ မင်းကြီးကလည်း " အရှင်မြတ်တို့သည် စေတီပြီးအောင် မနေနိုင်သော် ခုနစ်လမျှနေ၍ အလှူ ခံတော်မူပါ" ဟု လျှောက်၏။ ထိုမျှလောက်လည်း ဝန်မခံကြလေလျှင် ငါးလ၊ လေးလ၊ သုံးလ၊ နှစ်လမျှ နေတော်မူပါ " ဟု တောင်းပန်၏။ သံဃာတော် တို့ကလည်း ဝန်မခံကုန်ရကား၊ ခုနစ်ရက်မျှ နေတော်မူပါဟု တောင်းပန်၏၊ ထက်ဝက်သော သံဃာတော်တို့က ခုနစ်ရက်မျှဖြစ်လျှင် နေအံ့ဟု ဝန်ခံ၏။ ထက်ဝက်သော သံဃာတော်တို့ကား ကြွတော်မူကုန်သတည်း။

မင်းကြီးလည်းထက်ဝက်သော သံဃာတော်တို့၏ ပဋိညဉ်ကိုရလျှင် ဝမ်းမြောက်တော်မူလှ၍ စေတီတည်ရာ၏ ထက်ဝန်းကျင်သော ဌာန၌ တစ်ဆယ့်ရှစ်ရပ်သော မဏ္ဍပ်ကြီးတို့ကို ပြုစေ၍ ထိုသံဃာတော်တို့အား ပူဇော်လုပ်ကျွေးခြင်းကို ပြုတော်မူ၏။ ရက်စေ့သောကာလမှ သံဃာတော် တို့အား ကြွတော်မူပါဟု ခွင့်လွှတ်၏။ ထို့နောက် အုတ်လက်သမား ငါးရာကို စုရုံးစေပြီးလျှင် " သင်တို့သည် တစ်နေ့လျှင် အုတ်အဘယ်မျှ လုပ်၍ သွင်းနိုင်အံ့ စေနည်း"ဟု မေးတော်မူ၏။ လက်သမားတစ်ဦးက " ကျွန်ုပ် တနေ့လျှင် လှည်းတစီးတိုက်သော မြေမှုန့်ကို အုတ်ဖြစ်စေအံ့ "ဟုလျှောက်၏။ တဦးကလည်း " လှည်းတစီးဝက်သော မြေမှုန့်ကို အုတ်ဖြစ်အံ့" ဟုလျှောက်၏။ တစ်ဦးကလည်း " တစ်အမွှဏမျှသော မြေမှုန့်ကို အုတ်ဖြစ်အံ့" ဟုလျှောက်၏။ ဤသို့ အသီးသီး လျှောက်ကြသည်ကို မင်းကြီးလည်း ပယ်တော်မူသည်သာတည်း။

တစ်ယောက်သော လက်သမားမူကား မင်း၏အလိုကိုသိ၍ " အရှင်မင်းကြီး၊ အကျွန်ုပ်သည် တစ်အမွှဏမျှသော မြေမှုန့်ကို ညက်စွာထောင်း၍ ကျောက်ပြင်၌ ကြိတ်ပြီးမှ အုတ်ကိုလုပ်ပြီးစေပါမည်၊" ဟုလျှောက်၏။ သိကြားမင်းကဲ့သို့ ပြင်းထန်သော လုံ့လရှိသော မင်းကြီးလည်း ဤသို့မြေမှုန့်ကို ညက်စွာပြု၍ အုတ်လုပ်မှ ဤစေတီ၌ နောက်သောအခါ မြက်သစ်ပင်မပေါ်ဘဲ ရှိရသည်ဟုဆို၍ ထိုလက်သမားအား အုတ်ပြုခြင်းငှာ ခွင့်ပေး၏။ စေတီသဏ္ဌာန်ကို ဘယ်သို့ပြုသနည်းဟု မေးတော်မူ၏။ ဝိသကြုံနတ်သားသည် ထိုသိရိမှန လက်သမားထံ၌ ကပ်ပြီးလျှင် တစ်ခုသော ရွှေခွက်၌ ရေကိုအပြည့်ထည့်၍ လက်ဖြင့်ခတ် သည် ရှိသော် ဖန်လုံးနှင့်တူသော ရေမြှုပ်ရေပွတ်သည် ထလတ်၏။ " အရှင်မင်းကြီး . . . ဤရေပွက်နှင့် တူစွာ ပြုသင့်ပါသည်" ဟုလျှောက်၏။

မင်းကြီးလည်း ထိုစကားကို နှစ်သက်တော်မူ၍ ထိုအုတ်လက်သမားအား သပြာတစ်ထောင် ထိုက်သော ပုဆိုးတစ်စုံ၊ တစ်သောင်းနှစ်ထောင်သော သပြာတို့ကို ပေးတော်မူ၍ ဤစေတီ၌ ကုဝင်လုပ်ကိုင် သမျှသော သူတို့သည် အဖိုးမရမူ မလုပ်ကြလင့်ဟု ဆင့်ဆိုတော်မူ၏။ ထို့နောက် မင်းကြီးလည်း ဤသို့ကြံ၏။ "ငါသည် လူတို့ကို မပင်ပန်းစေ၍ အုတ်တို့ကို ဘယ်သို့ရနိုင်ပါအံ့နည်း" ဟုကြံ၏။ ထိုအကြံကို နတ်တို့ သိလေလျှင် တစ်ရက် တစ်ရက်စီလုပ်သော အုတ်တို့ကို ညဉ့်တိုင်း ညဉ့်တိုင်း စေတီလေးမျက်နှာ၌ ပေါ်လာ စေကုန်၏။ ထိုအကြောင်းကို မင်းကြီးကြားလျှင် အလွန်ဝမ်းမြောက်တော်မူ၍ ဤစေတီကို တရားသဖြင့် ငါပြုရပေသည်၊ နတ်သိကြားတို့ ငါ့အား ချီးမြောက်ပေသည်ဟုဆို၍ စေတီလုပ်ရာ လေးမျက်နှာ၌ သပြာ တစ်သောင်းခြောက်ထောင် တို့ကိုလည်းကောင်း၊ အဝတ်တန်ဆာတို့ကို လည်းကောင်း၊ အထူးထူး အပြားပြား သော စားဖွယ် သောက်ဖွယ် နံ့သာ ပန်းတို့ကိုလည်းကောင်း ထား၍ အလိုရှိသမျှ စားသောက်ကြ၍ ဤစေတီ၌ အမှုကို ပြုလေကုန်၊ လိုသမျှအဖိုးငွေကို ယူလေကုန်ဟု ကမ္ပည်းရေး၍ ထားတော်မူ၏။

ရဟန်းတစ်ဦးသည် စေတီတည်ရာ၌ အဖော်ဖြစ်ခြင်းကို အလိုရှိသည်ဖြစ်၍ တည်သော အုတ်နှင့် တူမျှသော ပမာဏရှိအောင် အုတ်ကို မိမိကိုယ်တိုင်ပြု၍ ထိုအုတ်တို့ကို မြေညက်စိုင်ဖြင့် မံပြီးလျှင် စေတီတည်ရာသို့လာ၍ မင်း၏အမှုလုပ်တို့အား ဤမြေညက်စိုင်ကို လက်သမားအား ပေးပါဟုဆို၍ ပေးစေ၏။ လက်သမားလည်း ယူလျှင်ပင် ထိုရဟန်း၏ အချင်းအရာကိုသိ၍ အုတ်ကိုရောကာ စီလိုက်၏။ များစွာသော သူတို့သည်လည်း အုတ်အုတ်ကျက်ကျက် ပြောပြောဆို၍ မင်းကြီးကြားလေသော် လက်သမားကို မေး၏။ လက်သမားကလည်း " အရှင်မင်းကြီး . . . ထိုရဟန်းသည် လက်တစ်ဖက်ဖြင့် မြေညက်စိုင်တို့ကိုကိုင်၍ ကျွန်ုပ်အား ပေးသည်ဖြစ်၍ စီလိုက်ပေသည်၊ ဤရဟန်းသည် အာဂန္တုသာ ဖြစ်သည်၊ အာဝါသိကမဟုတ်" ဟုလျှောက်၏။

မင်းကြီးလည်း " ထိုရဟန်းကို သင်ပြနိုင်အံ့လော " ဟုမေး၏။ ပြနိုင်ပါ၏ဟု လျှောက်လျှင် တစ်ယောက်သော တံခါးမှူးကိုခေါ်၍ ဤသူကိုပြလော့ဟု ဆို၏။ လက်သမားလည်း တံခါးမှူးအား ပြပေ၏။ တံခါးမှူးကလည်း ရဟန်းကိုသိလျှင် ထိုအရှင်၏ထံသို့ကပ်၍ " အရှင်မြတ်သည် စေတီ၌အုတ်ချပ်ကို ကပ်ဝင်ပါသလော" ဟုမေး၏။ ရဟန်းကလည်း " ငါတို့သည် ဤစေတီတော်၌ ကုသိုလ်ဝင်လိုသောကြောင့် ငါကိုယ်တိုင် အုတ်ကို ကောင်းမွန်စွာလုပ်၍ သူမသိအောင် သွင်းပေသည် " ဟုပြော၏။ တံခါးမှူးလည်း ထိုရဟန်း၏ သွားအံ့သော ရက်ကိုလည်းကောင်း၊ နေရာအရပ်ကိုလည်းကောင်း မေး၏၊ " အရှင်ဘုရားကို. . . နေရပ်သို့ကြွသောအခါ အကျွန်ုပ်တို့ လိုက်ပါအံ့" ဟု ဆို၍ ပြန်ခဲ့လျှင် မင်းကြီးအား အလုံးစုံသော အကြောင်းကို ကြားလျှောက်၏။ မင်းကြီးလည်း ထိုတံခါးမှူးအား ဩဝါဒပေး၍ သပြာတစ်ထောင်ထိုက်သော ပုဆိုးအစုံကိုလည်းကောင်း၊ အဖိုးများစွာထိုက်သော ကမ္ဗလာနီကိုလည်းကောင်း၊ ရဟန်း၏ပရိက္ခရာ သကြားအဖျော် တို့ကိုလည်းကောင်း၊ ဆီမွှေးနံ့သာ တို့ကိုလည်းကောင်း ပေးအပ်၍ ထိုအုတ်ကပ်ဝင်သော ရဟန်းအား နေရာရောက်အောင် ပို့လှူချေဟု စေ၏။

ထိုတံခါးမှူးလည်း အလှူဝတ္ထုတို့ကို ဆောင်ကာ သွား၍ ပိယင်္ဂုလ္လရွာ၌ ရဟန်းကိုမြင်သည်ရှိသော် ချမ်းမြေ့သော အရိပ်၌ သီတင်းသုံးစေ၍ သကြားအဖျော် တို့ကိုကပ်ပြီးလျှင် ခြေကိုဆီဖြင့်နယ်၍ ဖိနပ်ကို စီးစေ၏၊ မိမိ၌ပါသော ပရိက္ခရာ လှူဒါန်းဖွယ် ဝတ္ထုတို့ကိုကပ်လှူပေ၏။ ပြီးစီးသောအခါမှ မင်းကြီးဆိုသမျှ အကြောင်းကို ပြန်ပြော၏။

ဤမဟာစေတီတည်လုပ်ရာ၌ အခဖြင့်ငှား၍ ပြုကြသော ယောကျ်ား မိန်းမတို့သည် ကြည်ညိုသော စိတ်ဖြင့် လုပ်ဆောင်ကြသည် ဖြစ်၍ ဘဝလားသောအခါ နတ်ရွာသုကတိသို့ ရောက်သွားသူတို့ကား များကုန်

သာလျှင်ကတည်း။ ထို့ကြောင့် ပညာရှိကုန်သော သူတော်ကောင်းတို့သည် စေတီပုထိုးတို့၌ ရှိခိုးကော်ရော် ပူဇော်ခြင်းကို ပြုအပ်ကုန်သာသတည်း။

နှစ်ဦးသော သူဆင်းရဲ မိန်းမတို့သည် အခဖြင့်ငှား၍ ဤမဟာစေတီ၌ အုတ်သယ်ခြင်းအမှုကို ပြုကြသတည်း။ ထိုမိန်းမတို့သည် စေတီပြီးစ၌ပင် သေကြကုန်၍ တာဝတိံသာနတ်ပြည်၌ ဖြစ်လေကုန်၏။ မိမိတို့၏ကောင်းမှုကို ဆင်ခြင်ကုန်သော် ဤစေတီတော်၏ ကျေးဇူးပေတကားဟုသိ၍ နတ်ပြည်မှ ပန်းနံ့သာလက်စွဲကာ မဟာစေတီသို့လာ၍ ပူဇော်ကြသတည်း။

ထိုခဏ၌ ဘာတိဝက်၌နေသော မဟာသုဝ မထေရ်သည် စေတီကိုရှိခိုးခြင်းငှါ ညဦးအခါ လာသည်တွင် နတ်သမီးနှစ်ဦးကို မြင်တော်မူ၍ စေတီ၏အနီး စရည်းပင်ကြီးသို့ကပ်၍ ကိုယ်ကိုဝှက်ကာ ကြည့်နေပြီးမှ နတ်သမီးတို့ စေတီကို ပူဇော်ရှိခိုး ပြီးဆုံးသောကာလ အနီးသို့ကပ်၍ "လွန်မြတ်သော အဆင်းအရောင် လောင်ဘနမ်းသော ကိုယ်ဖြင့် သီဟိုဠ်ကျွန်းအလုံးကို လွှမ်းဖုံးတောက်ပ တင့်တယ်လှသော အို နတ်သမီး. . . သင်တို့သည် ဤလူ့ပြည်က ဘယ်ကောင်းမှု ပြုခဲ့ဖူးသောကြောင့် ထူးမြတ်လှ သော နတ်၏ စည်းစိမ်ချမ်းသာကို ရသနည်း" ဟုမေး၏။

နတ်သမီးတို့ကလည်း "အရှင်ဘုရား . . . အကျွန်ုပ်တို့သည် ဤမဟာစေတီ တည်လုပ်သောအခါ အခပင်ယူပါသော်လည်း ကြည်ညိုစွာသောစိတ်ဖြင့် အုတ်ကို သယ်ဖူးပါသည်၊ ထိုကောင်းမှုကြောင့် စုတေသော အခါ တာဝတိံသာနတ်၏ ချမ်းသာကို ရပေသတည်း" ဟု လျှောက်၏။

တန်ခိုးကြီးသော ရဟန္တာအရှင်တို့သည် စေတီတော် ပန်းတင်သုံးဆင့်သို့ ရောက်သောအခါ စီတိုင်း စီတိုင်းသော အုတ်ကို အောက်ရစ်မြေကြီးနှင့် ညီမျှအောင် ပြုကြကုန်၏။ မင်းကြီးသည် ကိုးကြိမ်ဘိုင်တိုင် ပြုပါသော်လည်း၊ စီတိုင်း စီတိုင်းသော အုတ်တို့သည် အထက်သို့မတက်ဘဲ အောက်ရစ်အတိုင်း နစ်လျက်သာ တည်သဖြင့် ရဟန်းသံဃာတို့ကို စည်းဝေးစေ၍ ရှစ်သောင်းမျှလောက် ရှိသောအခါ အရှင်ဘုရားတို့ ဤစေတီ၌ စီသမျှသော အုတ်တို့သည် အထက်သို့မတက် နစ်လျက်သာ တည်ကုန်သည်၊ အကြောင်း ဘယ်သို့ ရှိပါသနည်း ဟု မေးလျှောက်၏။

သံဃာတော်တို့ကလည်း "မြတ်သောမင်းကြီး. . . တန်ခိုးကြီးသော ရဟန္တာတို့သည် ဤစေတီ၏ နောင်သောအခါ အောက်သို့မနစ်စေခြင်းငှာ ပြုတော်မူသည်။ နောင်ကိုကား စီတိုင်းမြင့်၍ တက်ပါလတ္တံ့" ဟုဆိုကြ၏။ ထိုအခါမှ မင်းကြီးလည်း စိတ်ချမ်းသာတော်မူ၏။ ပန်းတင်ဆယ်ဆင့်ရောက်သော် အုတ်ပေါင်း ဆယ်ကုဋေ ကုန်သတည်း။ သံဃာတော်တို့ကလည်း "မင်းကြီး- ဤနေရာ၌ ဌာပနာတိုက်ကိုပြုခြင်းငှာ သင့်ပြီ" ဆို၍ဌာပနာတိုက်ကို အားထုတ်ကြ၏။ ဥတ္တရသာမဏေ၊ သုမနသာမဏေ ဤနှစ်ပါးတို့ကိုခေါ်၍ သင်တို့သည် ဌာပနာတိုက်ကို ပြုခြင်းငှာ၊ ထူးမြတ်စွာသော မေဒဝဏ္ဏကျောက်ကို ဆောင်စေကုန်လော့ဟု စေလွှတ်၏။

သာမဏေ နှစ်ပါးတို့သည် ဥတ္တရကုရုကျွန်သို့ သွား၍ အလျား၊ အနံ သုံးတောင်ရှစ်ဆယ်၊ အထု တစ်ထွာပမာဏ ရှိသော တက်သစ်သောနေ၏ ကိုယ်ရောင်ကဲ့သို့ ပြောင်ပြောင် ဝင်းဝင်း ထွန်းလင်းတောက်ပသော မေဒဝဏ္ဏ အမည်ရှိသော ကျောက်ဖျာကြီး ခြောက်ချပ်တို့ကို ဆောင်ခဲ့၍ ပန်းတင်၏အလယ်၌ တစ်ချပ်ကိုခင်း၏။ လေးချပ်ကို အရပ်လေးမျက်နှာ၌ သေတ္တာကဲ့သို့ ထောင်ပြီးလျှင် တစ်ချပ်ကို အပေါ်ကပိတ်ခြင်းငှာ အရှေ့ မျက်နှာ၌ ဝှက်သိုကာ ထားပေ၏။

မင်းကြီးလည်း ထိုဓာတ်တော်တို့ အလယ်၌ ခပ်သိမ်းသော အခြင်းအရာဖြင့် လွန်စွာ မွေလျော်ဖွယ် ရှိသော ရတနာဖြင့် ပြီးသော ဗောဓိပင်ကို ပြုစေ၏။ ထိုဗောဓိပင်၏ ပင်စည်သည် ရှစ်တောင်မြင့်၏။ ခက်မကြီး ငါးဖြာ တို့လည်း တစ်ဆယ့်ရှစ်တောင်စီပင် ထွက်၍ ခက်ငယ် ခက်သေးတို့ ဖြင့် တင့်တယ်၏၊ ထိုဗောဓိပင်သည် ဣန္ဒနီလာ ကျောက်ထက်၌ တည်၏၊ အမြစ်ကား သန္တာနီဖြင့် ပြီး၏၊ ပင်စည်ခက်မတို့ကား ငွေသားဖြင့်ပြီး၏။ အရွယ်ချပ်တို့သည် မြဖြင့်ပြီး၏၊ ရော်သော အရွက်အသီးကား ရွှေဖြင့်ပြီး၏။ ပင်စည်၌ ခရုသင်း စကြာ အစရှိသော ပုံစံတို့ဖြင့် တင့်တယ်၏။ အညွန့်ကား သန္တာအဆင်း ရှိ၏။ ခက်မ၊ ခက်သေးတို့၌ ဟင်္သာရုပ်၏ အစဉ်တို့ကို လည်းကောင်း၊ ပုလဲကွန်ယက် တို့ကိုလည်းကောင်း၊ ရွှေပန်းဆိုင်း၊ ငွေပန်းဆိုင်းတို့ကို လည်းကောင်း ဆွဲထားအပ်ကုန်၏၊ ထိုဗောဓိပင်၏ အထက်၌ ငွေပြားဗိတာန်ကို ကြက်၍ ပုလဲကွန်ယက် စသည်တို့ကို လည်းကောင်း၊ ပုလဲပန်းဆိုင်းတို့ကို လည်းကောင်း ဆွဲထားအပ်ကုန်၏။ ထိုပန်းဆိုင်းကွန်ယက်တို့သည် အဖိုးကိုးသိန်း ထိုက်ကုန်၏။

အထက်ဗိတာန်၌ စီအပ်သော နေဝန်း လဝန်း ထွန်းပသော ကြယ်လုံးတို့ကို လည်းကောင်း၊ ကြာပဒုမ္မာပွင့် တို့ကိုလည်းကောင်း၊ အထူးထူးသော ရတနာဖြင့် ပြုအပ်ကုန်၏၊ ထိုဗိတာန်၌ အထူးထူး အပြားပြားသော ရတနာရှိကုန်သော များစွာအဖိုးထိုက်ကုန်သော တစ်ထောင့်ရှစ်ခု အရေအတွက်ရှိသော ပုဆိုးတို့ကိုလည်း ဆွဲထားအပ်ကုန်၏။ ထိုဗောဓိပင်ကို ရံကာ၍ ရတနာဖြင့်ပြီးသော ပွတ်တိုင်စိုက်ပြီလျှင် ထိုပွတ်တိုင်တို့၏ အကြားကြား၌ သျှိသျှားသီးပမာဏရှိသော ပုလဲတို့ဖြင့် ခင်းအပ်၏။ ဗောဓိပင်ရင်း၌ ထူးမြတ်သင့်တင့်စွာ ရတနာစိုက်လျက် နံ့သာရည်တို့ဖြင့် ပြည့်သော ရွှေမြူတာတို့ကို စီကာထားအပ်ကုန်၏။

ဗောဓိပင်၏အရှေ့အရပ်၌ စီခင်းအပ်သော အဖိုးတစ်ကုဋေ ထိုက်သော ပလ္လင်ထက်၌ ပြိုးပြိုး ပြက်ပြက် ထွန်းပသော အရောင်ရှိသော ဘုရားဆင်းတုတော်ကို ပြုထားပေ၏။ ထိုဆင်းတုတော်၏ ကိုယ်တော် အစိတ်တို့၌ ထိုက်သည်အားလျော်စွာ ထူးမြတ်သော ရတနာတို့ဖြင့် ကောင်းစွာ စီမံအပ်၏၊ ထိုရုပ်တုတော်၏ လက်သည်း၊ ခြေသည်း၊ မျက်စိတော် ဖြူရာအရပတို့၌ ဖန်စစ်ဖြင့် ပြုအပ်ကုန်၏။ လက်ဖဝါး၊ ခြေဖဝါး၊ နှုတ်ခမ်း စသည်တို့၌ နီသောသန္တာဖြင့် မျက်မှောက်နှစ်ဘက် မျက်လုံးတော်၏ညိုရာအရပ်တို့၌ ဣန္ဒနီလာ ပတ္တမြားဖြင့်၊ လေးဆယ်သော သွားတို့၌ ဝဇိရစိန်ဖြင့်၊ ဥဏ္ဏာလုံ မွေးရှင်တော်၌ ငွေဖြင့် ပြုအပ်ကုန်၏။

ထိုဗောဓိပင်၏အနီး၌ ငွေထီးဆောင်းဟန် တည်ထားသော ဗြဟ္မာရုပ်၊ ဝိဇယုတ္တရခရုသင်းဖြင့် အဘိသိက် ပေးဟန်တည်သော သိကြားရုပ်၊ စောင်းလက်စွဲဟန်တည်သော ပဥ္စသိခ နတ်သားရုပ်၊ နဂါးမကချေသည် အပေါင်းနှင့် တကွ ကဟန်တည်သော ကာလနဂါးရုပ် တို့ကိုလည်း ထားပေ၏။ ဂိရိမေခလာဆင်ကို စီးလျှက် လက်ရုံးတစ်ထောင်ဆောင်ကာ စစ်သည်ဗိုလ်ပါနှင့် တကွသော မာရ်နတ်ရုပ်ကို ထား၏။

ထိုမှကြွင်းသော အရပ်ခုနစ်မျက်နှာတို့၌ အရှေ့မျက်နှာ ပလ္လင်နှင့်တူစွာ သပြာ တစ်ကုဋေ ထိုက်ကုန်သော ပလ္လင်တို့ကိုလည်း ထားပေ၏။ ဗောဓိပင်ကို ခေါင်းရင်းပြုလျှက် တစ်ကုဋေ အဖိုးထိုက်သော အိမ်ရာခင်းကို ခင်းထား၍ ခုနစ်ပါးသော သတ္တာဟတို့၌ နေတော်မူသော ဘုရားရှင်ရုပ်တု သဏ္ဌာန်ကိုလည်းကောင်း၊ သဟမ္ပတိ ဗြဟ္မမင်းလာ၍ တရားဟောစိမ့်သောငှါ တောင်းပန်ဟန်ကို လည်းကောင်း၊ ဓမ္မစကြာတရား ဟောတော်မူဟန်ကို လည်းကောင်း၊ ယသအမှူး ရှိသော ငါးကျိပ် ငါးဦးသော သူဌေးသားတို့၏ ရဟန်းပြုဟန်ကို လည်းကောင်း၊ ဘဒ္ဒဝဂ္ဂိမင်းသားတို့အား ရဟန်းပြုဟန်ကို လည်းကောင်း၊ ဥရုဝေလစသော ရသေ့တို့အားဆုံးမဟန်ကို လည်းကောင်း၊ ထန်းတောဥယျာဉ် ဗိမ္ဗိသာရမင်း ဆည်းကပ်ဟန်ကိုလည်းကောင်း ထုလုပ်၍ ထားတော်မူ၏။

ထို့ပြင်ရာဇဂြိုလ်ပြည်သို့ ဝင်ဟန်၊ ဝေဠုဝန် ကျောင်းတော်ကို အလှူခံဟန်ကို လည်းကောင်း၊ ရှစ်ကျိပ်သော သာဝကတို့ ခစားဟန်၊ ကပိလဝတ်ပြည်သို့ ကြွတော်မူဟန်၊ ထိုပြည်၌ ရတနာစင်္ကြံကို ဖန်ဆင်း၍ တန်ခိုးပြဟန်၊ ရာဟုလာမင်းသား၊ နန္ဒမင်းသားတို့အား ရဟန်းပြုဟန်ကို လည်း ကောင်း၊ သာဝတ္ထိပြည်၌ အနာထပိဏ်သူဌေး၏ ဇေတဝန် ကျောင်းတော်ကို အလှူခံဟန်၊ သရက်ဖြူပင်ရင်း၌ ယမိုက် ပြာဋိဟာကို ပြတော်မူဟန်ကို လည်းကောင်း၊ တာဝတိံသာနတ်ပြည်၌ နတ်တို့အား တရားဟောဟန်၊ နတ်ပြည်မှ သက်တော်မူသောအခါ လောကဝိဝရဏ ပြာဋိဟာပြဟန်ကိုလည်းကောင်း၊ အရှင်သာရိပုတ္တရာ၏ ပြ  ႇနာကို ဖြေတော်မူသောအခါ အစည်းဝေးဖြစ်ဟန်ကို လည်းကောင်း၊ မဟာသမယသုတ် ဟောဟန်၊ ရာဟုလောဝါဒသုတ် ဟောဟန်၊ မင်္ဂလသုတ် ဟောဟန်ကို လည်းကောင်း၊ နာဠာဂိရိဆင်ကို ဆုံးမသောအခါ အစည်းအဝေးဖြစ်ဟန်၊ အာဠဝကဘီလူးကို ဆုံးမဟန်၊ အင်္ဂုလိမာလကို ဆုံးမဟန်၊ ပါရာယနသုတ်ကို ဟောသောအခါ အစည်းအဝေး ဖြစ်ဟန်ကိုလည်းကောင်း၊ မာရ်နတ်တောင်းပန်၍ အာယုသင်္ခါရ လွှတ်တော်မူဟန်ကို လည်းကောင်း၊ ဝက်သားပြွမ်း ဆွမ်းခံတော်မူဟန်၊ ပုဆိုးအစုံကို ခံတော်မူဟန်၊ ရေကြည် သောက်တော်မူဟန်၊ သုဘဒ္ဒပရိဗိုဇ် ရဟန်းပြုဟန်၊ ပရိနိဗ္ဗာန် ပြုတော်မူဟန်ကို လည်းကောင်း၊ နက်လူတို့ ငိုကြွေးဟန်ကို လည်းကောင်း၊ အရှင်မဟာကဿပထေရ်သည် ခြေတော်ကို ရှိခိုးဟန်၊ မီးသဂြိုဟ်ဟန်ကို လည်းကောင်း၊ သင်္ချိုင်းတော်ရာ၌ လူရဟန်းတို့ ပူဇော်သက္ကာရ ပြုဟန်၊ ဒေါဏပုဏ္ဏား ဓာတ်တော်ဝေပန်ကို လည်းကောင်း ပြုလုပ်၍ ထားပေ၏။ ဝေဿန္တရာ ဇာတ်တော်ကိုလည်း အကျယ်အားဖြင့် ပြစေ၏။ တုသိတာ နတ်ပြည်မှ မဟာဗောဓိမဏ္ဍိုင် တိုင်အောင်သော အဖြစ်ကိုလည်း စေ့စုံစွာ ထုလုပ်၍ ထားတော်မူ၏။

အရပ်လေးမျက်နှာ၌ စတုမဟာရာဇ် နတ်မင်း၏ အရုပ်ကိုလည်းကောင်း၊ သုံးကျိပ်သုံးပါးသော သိကြားတို့၏ အရုပ်တို့ကို လည်းကောင်း၊ သုံးကျိပ် သုံးယောက်သော နတ်သမီးရုပ်တို့ကို လည်းကောင်း၊ နှစ်ကျိပ်နှစ်ယောက်သော နတ်စစ်သည်မှူးတို့၏ အရုပ်တို့ကို လည်းကောင်း ထားအပ်ကုန်၏။ ထိုနတ်စစ်သည်မှူး အရုပ်အထက်၌ လက်အုပ်ချီသော နတ်ရုပ်တို့ကို ထားကုန်၏။ ထိုအရှေ့မှ ပန်းသွတ်သော ရေပြည့်အိုးတို့ကို ထားကုန်၏၊ ထိုနောက်မှ ကကုန်သော နတ်သား၊ နတ်သမီးတို့ကို လည်းကောင်း၊ ကြေးမုံကိုင်ဆွဲသော နတ်ရုပ်တို့ကို လည်းကောင်း၊ ပန်းခက်ဆောင်သော နတ်ရုပ်တို့ကို လည်းကောင်း၊ထိုမှတပါး အထူးထူး အပြားပြား သော နတ်ရုပ်တို့ကို လည်းကောင်း ထားပေ၏၊ ထို၏ပြင်ဘက်၌ သန်လျက်ဆောင်ကုန်သော နတ်ရုပ်အစဉ်တို့ကို လည်းကောင်း၊ ဆီမီးခွက် ဆောင်သော နတ်ရုပ်တို့ကို လည်းကောင်း ထားပေ၏၊

ဆီမီးခွက်ကိုကား နတ်ရုပ်တို့ကို ဦးခေါင်းထက်၌ ငါးတောင်မြင့်သော ဆီမီးတိုင်ဖျား၌ ခွက်ကိုထား၍ နံ့သာဆီဖြင့် အခါခပ်သိမ်း ထွန်းလင်းစေကုန်၏။ ဓာတ်တော်တိုက်၏ လေးထောင့်၌ ဖန်စေတီ လေးဆူကို ထား၍ တစ်ဆူ တစ်ဆူသော စေတီဘုရား၌ ပတ္တာမြားထီးတို့ကို တပ်ကုန်၏။ ထိုစေတီ၏အပါး၌လည်း ရွှေ ပတ္တမြား၊ ပုလဲ၊ ဝဇိရစိန်ဟူသော ရတနာတို့၏ အစုအပုံတို့ကိုလည်း ထားတော်မူ၏။ မေဒဝဏ္ဏ ကျောက်နံရံ၌လည်းကောင်း ထွန်းပသော အရောင်ရှိသော ဝိဇ္ဇုလတာ မည်သော နတ်သမီးရုပ်တို့ကို ဆွဲထားကုန်၏၊

ဤအလုံးစုံသော အရုပ်ဟူသမျှတို့ကို ရွှေကဲ့သို့ ခပ်၍သာလျှင် ပြုလုပ်စေ၏၊ ကြီးသောပညာ ရှိတော်မူသော ဆဋ္ဌဘိည ဝသီပတ္တဖြစ်သော ဣန္ဒဂုတ္တ အမည်ရှိသော ရဟန္တာကြီးသည် ဤဓာတ်တော်တိုက်၌ အလုံးစုံသော အမှုကို စီမံတော်မူ၏၊ ဤအလုံးစုံသည် မင်းကြီး၏ တန်ခိုးအားဖြင့် လည်းကောင်း၊ နတ်တို့၏တန်ခိုး အားဖြင့် လည်းကောင်း၊ ရဟန္တာတို့၏ တန်ခိုးအားဖြင့် လည်းကောင်း၊ မကျဉ်းမြောင်းသည် ဖြစ်၍ တည်၏။

## မဟာစေတီ၌ ဓာတ်တော်ဌာပနာသည်ကို ပြဆိုခြင်း

**သောဏုတ္တရ မထေရ်**

ဒုဋ္ဌဂါမဏိ မင်းကြီးလည်း ဓာတ်တော်တိုက်ကို စီမံ၍ပြီးလေသော် သံဃာတော်တို့ကို စည်းဝေးစေ၍ ဤသို့လျှောက်၏၊ " အရှင်ဘုရားတို့. . . ဓာတ်တော်ထားရာတိုက်ကား ပြီးပါပြီ၊ နက်ဖြန် ဓာတ်တော် ဌာပနာရအောင် အရှင်မြတ်တို့ အားထုတ်တော်မူပါကုန် " ဟု လျှောက်ပြီး၍ အနုရာဓမြို့သို့ ဝင်တော်မူ၏။ သံဃာတော်တို့လည်း ဓာတ်တော်ကို ဆောင်နိုင်အံ့သော ရဟန်းကို ရွေးချယ်ကြကုန်သော် ပူဇာပရိဝုဏ်၌ သိတင်းသုံးနေသော ဆဋ္ဌဘိညဖြစ်သော သောဏုတ္တရမထေရ်ကို မြင်၏။

**အတိတ်ကာလ**

ဤမထေရ်၏ အကြောင်းမူကား မြတ်စွာဘုရားသည် သက်တော်ထင်ရှား ရှိသောအခါ ဗာရာဏသီပြည် ဂင်္ဂါမြစ်၏ ဒါနီး၌ နန္ဒုတ္တရ မည်သော လုလင်ဖြစ်သတည်း။ ဘုရားသခင်သည် ဒေသစာရီချီ၍ ဗာရာဏသီသို့ရောက်လျှင် ဘဒ္ဒဇိထေရ်အား တရားရစေတော်မူပြီးမှ ကြွတော်မူအံ့သောအခါ ထိုနန္ဒုတ္တရ ဒါယကာသည် သံဃာနှင့်တကွသော ဘုရားသခင်အား ဆွမ်းဖိတ်၍ လုပ်ကျွေး၏။ ပြီးသောအခါ မြတ်စွာ ဘုရားလည်း ဂင်္ဂါမြစ်ကို ကူးခြင်းငှါ ပယာဂဆိပ်ဖြင့်သက်၍ လှေထက်သို့ တက်တော်မူ၏။ သံဃာတော် တို့ သည် အသီးအသီး လှေစီးကြ၏။ ဘဒ္ဒဇိ မထေရ်ကိုကား ဘုရားသခင်က ငါစီးသောလှေတွင် လိုက်လှည့်ဟု မိန့်တော်မူသောကြောင့် လိုက်ရ၏။

တေဝိဇ္ဇ ဆဠဘိညာ ဖြစ်သော ဘဒ္ဒဇိ မထေရ်သည် ဂင်္ဂါမြစ်လည်၌ ရေချော်ရာအရပ်ကို မြင်သော် ဤတွင်ဖြစ်ဖူးခဲ့သော အကြောင်းတို့ကို အောက်မေ့မိ၍ သံဃာတို့အား ဤသို့ပြောကြား၏။ 'အရှင်ဘုရားတို့. . အကျွန်ုပ် ပနာဒမင်းဖြစ်သောအခါက စံပယ်ရဖူးသော မြားကျ နှစ်ဆယ့်ငါးပြန်ရှိသော ရွှေပြာသာဒ်သည် ဤအရပ်၌ မြုပ်နေသည် ဖြစ်၍ ရေချော်သတည်း" ဟုပြော၏။ သံဃာတို့က ထိုစကားကို မယုံမကြည်ရကား မြတ်စွာဘုရားက " အချင်း ဘဒ္ဒဇိ. . . သင်သည် သံဃာတော်တို့၏ ယုံမှားခြင်းကို ဖျောက်ပေလော့" ဟု မိန့်တော်မူ၏။

ဘဒ္ဒဇိ မထေရ်ကလည်း ထိုခဏ၌ စတုတ္ထဈာန်ကို ဝင်တော်မူ၍ ရေ၏အပြင် ထန်းခုနှစ်ဆင့် မြင့်သော ကောင်းကင်၌ ရပ်ပြီးလျှင် လက်ကိုရှည်စွာ ဖန်ဆင်း၍ ဖြဟ္မာပြည်၌ရှိသော တစ်ဆယ့်နှစ်ယူဇနာကြီးသော ဒုဿစေတီကိုယူ၍ ပြတော်မူ၏။ ထိုနောက် စေတီကို နေရာ၌ထားပြီးမှ ဂင်္ဂါမြစ်သို့သက်၍ ရေတဲ၌ရှိသော ရွှေပြာသာဒ်၏ ထုပိကာကို ခြေမတော်ဖြင့် ထုတ်ကာဖော်လတ်၍ ပရိသတ်တို့အား ပြတော်မူ၏။ ပြီးမှ ဂင်္ဂါမြစ်၌ ချမြဲချပြန်၏။

**ဆုတောင်း**

ထိုသို့သော တန်ခိုးပြာဋိဟာကို လှေပေါ်၌ရှိသော နန္ဒုတ္တရ လုလင်မြင်လျှင် ရွှင်လန်းစုံမက်သည်ဖြစ်၍ " ငါသည်. . . သံဃာတော်တို့အား ဆွမ်းလုပ်ကျွေးရသော ကုသိုလ်၊ ကူးတို့ပို့ရသော ကုသိုလ်တို့ကြောင့် နောင်အခါ ဤဘဒ္ဒအရှင်ကဲ့သို့ စွမ်းအင်တန်ခိုးကြီးမြတ်သည် ဖြစ်စေသော၊ သူတစ်ပါးဆန္ဒကို ပြည့်ဝအောင် ဆောင်နိုင်ပါစေသော်" ဟု ဆုတောင်း၏။ ထိုကောင်းမှုကြောင့် သီဟိုဠ်ကျွန်း၌ သောဏုတ္တရ လုလင် ဖြစ်သော အခါ အသက်တစ်ဆယ့်ခြောက်နှစ်ရှိ၍ ရှင်ရဟန်းပြုလျှင်ပင် အဘိညာဉ် သမာပတ်နှင့် ပြည့်စုံလေသတည်း။

သိကြားအား မိန့်မှာကြားချက်

ထိုကြောင့် သောဏုတ္တရ မထေရ်ကို ဓာတ်တော်ဆောင်စိမ့်သောငှါ သံဃာတို့က တိုက်တွန်းကြသတည်း။ ထိုသောဏုတ္တရလည်း " အရှင်ဘုရားတို့-အဘယ်အရပ်မှ ဓာတ်တော်ကို ယူဆောင်ရအံ့နည်း" ဟုလျှောက်၏၊ ထိုအခါ သံဃာကြီးတို့က ဤသို့ဆိုကြ၏။ ငါ့ရှင် သောနုတ္တရ၊ ဘုရားသခင်သည် နိဗ္ဗာန်ဝင်တော မူရာ ရတနာညောင်စောင်း၌ လျောင်းသောအခါ သိကြားမင်းအား ဤသို့မိန့်ဆိုဖူး၏။

" ဒေဝါနမိန္ဒ သိကြားမင်း. . ငါ နိဗ္ဗာန်လွန်သောကာလ ရှစ်စိတ်မျှသော ဓာတ်တော်တို့တွင် တစ်စိတ်သော ဓာတ်တော်ကို ကောလိယမင်းတို့ရ၍ ရာမဂ္ဂါ၌ စေတီတည်ထား ကိုးကွယ်လတ္တံ့၊ ထိုစေတီမှသည် နဂါးပြည်သို့ ရောက်လတ္တံ့၊ ထိုဓာတ်တော်ကို သီဟိုဠ်ကျွန်း မဟာစေတီ၌ ဌာပနာလတ္တံ့၊ သင်သည် စောင့်ရစ်လော့ " ဟု မိန့်တော်မူဖူး၏၊

အရှင်မဟာကဿပမထေရ်လည်း အရှင့်ကိုမျှော်တော်မူကာ မွေ့သောကဒင်းကြီးသည် ဓာတ်တော်ကို ဖမ္မဒိပ်အနှံ့ ဖြန့်လတ္တံ့သော အကြောင်းကိုမြင်တော်မူ၍ ရာဇဂြိုဟ်ပြည်ရှင်ဖြစ်သော အဇာတသတ်မင်းနှင့် တိုင်ပင်လျက် ဓာတ်တော်တို့ကို ယူဆောင်၍မြှုပ်ထားသောကာလလည်း ဘုရားအလိုတော်ကို သိသောကြောင့် ရာမဂ္ဂါ၌ရှိသော ဓါတ်တော်တစိတ်ကို မယူဘဲ ခုနစ်စိတ်မျှသော ဓါတ်တော်ကိုသာ ယူ၍ ထားလေသည်၊ ထိုဓါတ်တော်အတွင်းမှ မွေ့သောကမင်းယူသောအခါ ခုနစ်စိတ်မျှသာ ရသောကြောင့် တစ်စိတ်သော ဓာတ်တော်ကိုသာ ဆောင်စိမ့်သောငှါ ရဟန္တာမြတ်တို့ကို လျှောက်လတ်သော် ရဟန္တာမြတ်တို့က " မြတ်သော မင်းကြီး၊ ထိုတစ်စိတ်သော ဓာတ်တော်တို့ကို သီဟိုဠ်ကျွန်း၌ မဟာစေတီ တည်စိမ့်သောငှါ ဆောက်တည်တော်မူခဲ့သည် " ဆို၍ တားမြစ်၏၊

နဂါးပြည်မှ ဓာတ်တော်

ရာမဂ္ဂါ၌ ဂင်္ဂါမြစ်၏ အနီးတွင်ပြုအပ်သော စေတီသည် ရေအယဉ်ကြောင့် ပြိုလေသော် ဓာတ်တော်ကြုတ်သည် သမုဒ္ဒရာသို့ ရောက်လေ၍ နှစ်ဖြာသောရေ၏အလယ် တင့်တယ်လှစွာ ရတနာဖြင့် ပြီးသော ကျောက်ဖျဉ်ထက်၌ ပြိုးပြိုးပြက်သော ရောင်ခြည်တော်ကို လွှတ်လျက်တည်လေ၏။ ထိုဓာတ်တော် ကြုတ်ကို နဂါးတို့မြင်လျှင် " မဥ္စေရိက" နဂါးပြည်သို့ ဆောင်ခဲ့လေ၍ ကာလနဂါးမင်းကြီးအား ကြားလျှောက်၏။ နဂါးမင်းလည်း ကုဋေတစ်သောင်းမျှသော နဂါးပရိသတ်နှင့်သွား၍ ဓာတ်တော်အား ပူဇော်ပြီးလျှင် မိမိ၏ နေရာသို့ ဆောင်ယူ၍ ရတနာဖြင့်ပြီးသော စေတီကိုတည်၍ ပူဇော်ကိုးကွယ်လေ၏။ ကြီးစွာသော အစောင့်အရှောက်တို့လည်း ထား၏၊ ထိုအကြောင်းကြောင့် "ငါ့ရှင် သောဏုတ္တရ၊ နဂါးပြည်၌ရှိသော ဓာတ်တော်ကို ဤသီဟိုဠ်ကျွန်းသို့ ဆောင်ခဲ့လော့" ဟုဆို၏၊ သောဏုတ္တရမထေရ်လည်း "ကောင်းပါပြီ" ဟုဝန်ခံပြီးလျှင် မိမိပရိဝုဏ်သို့ လာခဲ့၍ သွားအံ့သော အခါကို ကြည့်ကာနေလေသည်။

ဒုဌဂါမဏိ မင်းကြီးလည်း နက်ဖြန် မဟာစေတီတော်၌ ဓာတ်တော်ကို ဌာပနာလတ္တံ့၊ မြို့သူမြို့သား အပေါင်းတို့သည် ပန်းနံ့သာ လက်စွဲကုန်လျက် ဥပုသ်ဆောက်တည်၍ ဓာတ်တော်ကို ပူဇော်ခြင်းငှာ သွားကြကုန်ဟု စည်လည်စေ၏။ အလုံးစုံသောမြို့ကို လည်းကောင်း၊ လမ်းကို လည်းကောင်း ကောင်းမွန်စွာ တန်ဆာဆင်၏။ သိကြားမင်းလည်း ဝိသကြုံနတ်သားကိုခေါ်၍ အလုံးစုံသော သီဟိုဠ်ကျွန်းကို တန်ဆာဆင်ယင်စေ၏။

မဟာစေတီတည်ရာသို့

မင်းကြီးလည်း အနုရာဓမြို့ တံခါးလေးမျက်နှာ၌ များစွာသော သူတို့အား ဆောင်စေခြင်းငှာ စားဖွယ်ရာ၊ သောက်ဖွယ်ရာကို လည်းကောင်း၊ အဝတ်တန်ဆာတို့ကို လည်းကောင်း စုပုံထားစေ၏။ လပြည့်နေ့နံနက်၌ များစွာသော ဗိုလ်ပါအခြံအရံနှင့် ခင်းကျင်းလျက် ကိုယ်လုံးဖြူသော သိန္ဓောမြင်း လေးစီးကသော ရထားကို စီးလျက် တန်ဆာဆင်ပြီးသော် ကဏ္ဍုလ ဆင်တော်ကို ရှေ့ထားလျက် ဆင်ကျောက်ကုန်းထက်၌ ထီးဖြူ အုပ်သော ရွှေပန်းတောင်းကို ဆောင်းလျက် ထွက်တော်မူ၏။

မင်းစီးသော ရထားကိုကား ရေပြည့်အိုးရွက်သော မိန်းမပေါင်း တစ်ထောင့်ရှစ်ယောက် ခြံရံကာ လိုက်၏။ အထူးထူးသော ပန်းအုပ်ကိုရွက်သော မိန်းမလည်း တစ်ထောင့်ရှစ်ယောက်၊ ထွန်းပြီးသော ဆီမီးတိုင်ကိုင်သော မိန်းမလည်း တစ်ထောင့်ရှစ်ယောက်ပင် ခြံရံကာလိုက်သည်။ ထို၏ပြင်ပ၌ ကောင်းစွာ တန်ဆာဆင်အပ်သော ယောကျ်ားတို့သည် အထူးထူးသော တံခွန်ကို ထောင်လျက် ခြံရံကာ လိုက်ရ၏။

တာဝတိံသာနတ်ရွာ၌ သိကြားမင်းသည် နန္ဒဝန်ဥယျာဉ်သို့ ထွက်သောအခါ တင့်တယ်စွာသော အသရေကို ဆောင်သကဲ့သို့ ထိုထိုသော အရပ်၌ များစွာကုန်သော ကခြေသည်တို့သည် အထူးထူးသော တီးမှုတ်မျိုးတို့၏ အသံဖြင့်လည်းကောင်း၊ ဆင်သံ၊ မြင်းသံ၊ရထားသံ၊ ခရုသင်းသံတို့ဖြင့် လည်းကောင်း ညံညံမစဲ မြေကြီးကွဲအံ့သကဲ့သို့ လွန်ကဲသောမင်း၏ အသရေကိုဆောင်လျက် ထွက်တော်မူ၏။

ရဟန်းနဂါးနှင့် ခြွေနဂါး

သောဏုတ္တရအမည်ရှိသော ရဟန်းငယ်သည်လည်း အနုရာဓမြို့မှ မင်းကြီး ထွက်တော်မူခြင်းငှါ အထူးထူးသော တီးမှုတ်မျိုးတို့ဖြင့် တီးမှုတ်ကြွေးကြော်သောအသံကို ကြားလျှင် မြေကိုငုပ်၍ "မဉ္ဇေရိက" နဂါးပြည်သို့ သွားလေပြီးလျှင် ကာလနဂါးမင်းရှေ့၌ ထင်ရှားပြလေ၏။ ကာလနဂါးမင်းလည်း နေရာမှထ၍ ရိုသေစွာရှစ်ခိုးပြီးလျှင် ပလ္လင်ထက်၌ နေစေ၍ "အရှင်မြတ်သည် အဘယ်အလို့ငှါ ကြွလာပါသနည်း" ဟု မေး၏။ ရဟန်းငယ်ကလည်း "နဂါးမင်း၊သီဟိုဠ်ကျွန်း၌ ရှိနေကြသော သံဃာတော် အပေါင်းတို့ ငါ့အား စေလွှတ်၍ လာရချေသည်၊ လာသောအလိုမှာ မြတ်စွာဘုရားသည် မဟာစေတီ၌ ဌာပနာစိမ့်သောငှာ

မိန့်မှာတော်မူ အပ်သော ဓာတ်တော်တစ်စိတ်သည် သင်နဂါးမင်း၏ လက်၌ရှိသတည်း၊ ထိုဓာတ်တော်တို့ကို ငါ့အား ပေးအပ်လော့" ဟု ဆို၏။

ထိုစကားကိုကြားသော် ကာလနဂါးမင်းလည်း လွန်စွာ နှလုံးမသာ ရှိသည်ဖြစ်၍ ဤရဟန်းသည် နိုင်ထက်မူ၍ ယူခြင်းငှာ စွမ်းနိုင်၏၊ ထိုကြောင့် ဓာတ်တော်တို့ကို တပါးသောအရပ်သို့ ဆောင်ထားမှ သင့်မည်ဟုကြံ၍ အနီး၌တည်သော မိမိ၏တူဖြစ်သော ဝါသုလဒတ္တနဂါးကို တပါးသို့စေသော အခြင်းအရာဖြင့် ဆို၏။ ဝါသုလဒတ္တလည်း ဦးရိုးတော်ဖြစ်သော နဂါးမင်း၏အလိုကိုသိ၍ ထိုစေတီအိမ်သို့ သွား၍ ဓာတ်တော်ကြုပ်ကို မျိုပြီးလျှင် မြင်းမိုရ်တောင်ရင်းသို့သွား၍ နားတောင်းခွေသကဲ့သို့ ခွေ၍နေ၏၊ ထိုအခွေကား ယူဇနာသုံးရာအလျားရှည်သော ကိုယ်ကိုခွေသဖြင့် ယူဇနာတစ်ရာ အခွေရှိသတည်း။ မိမိဦးခေါင်းကို အခွေထက်၌ တင်လျက် အထောင်မကသော ပါးပျဉ်းတို့ကို ဖြန့်လျက် ကြောက်မက်ဖွယ်သော အခိုးအလျှံကို လွှတ်၏။ မိမိမှ တပါးအထောင်မကသော နဂါးတို့ကိုလည်း မိမိနှင့်တူသော ကိုယ်ကိုဖန်ဆင်းစေလုက် ထက်ဝန်း ကျင်မှ ခြံရံ၍ နေစေ၏။ ထိုအခါ များစွာကုန်သော နဂါးတို့သည်လည်းကောင်း၊ နတ်တို့သည် လည်းကောင်း၊ ငါတို့သည် ရဟန်းနဂါးနှင့် မြွေနဂါး နှစ်ပါး၏ စစ်ထိုးခြင်းကို ကြည့်ရကုန်လတ္တံ့. ဟု ကြံ၍ ထိုအရပ်၌ စည်းဝေးလာကြကုန်၏။

လှည့်ပတ်သော်လည်း မရ

ကာလနဂါးလည်း တူတော်ဖြစ်သော ဝါသုလဒတ္တသည် ဓာတ်တော်ကို ဆောင်လာပြီဟုသိ၍ အရှင်သောဏုတ္တရအား ဤသို့လျှောက်၏။ "အရှင်ဘုရား၊ ကျွန်ုပ်ထံတွင် ဓာတ်တော်မရှိပါဟု ဆို၏။ မထေရ်ကလည်း "ဒကာ နဂါးမင်း၊ ရာမဗ္ဗာ၏အနီး သောဏုတ္တရစေတီ ပျက်စီးရာမှ သမုဒ္ဒရာသို့ ရောက်သောဓာတ်တော်ကို ကြုတ်နှင့်တကွ ဒကာရ၍ ကိုးကွယ်ထားသည် မဟုတ်လော၊ ထိုဓာတ်တော်တို့ကို ငါ့ အားအပ်လော့ " ဟု ဆိုပေ၏။ နဂါးမင်းကလည်း မထေရ်ကို လှည့်ပတ်လို၍ "အရှင်ဘုရား၊ ဓာတ်တော်ထားသော စေတီသို့လိုက်၍ ကြည့်တော်မူပါ" ဟုလျှောက်ပြီးလျှင် အရှင်သောဏုတ္တရကို ပင့်၍ စေတီကိုပြ၏။ " အရှင်ဘုရား၊ များစွာ အဖိုးထိုက်တန်သော ရတနာတို့ဖြင့် ကောင်းစွာစီမံအပ်သော စေတီမြတ်ကို ရှုတော်မူပါ၊ အရှင်တို့၏ ဒါယကာ ဖြစ်သော ဒုဋ္ဌဂါမဏိမင်းသည် သီဟိုဠ်ကျွန်း၌ မဟာစေတီကို များစွာသော ရတနာတို့ဖြင့် ပြုလုပ်ခြင်းသည် အကျွန်ုပ် စေတီရင်း၌ ခင်းထားအပ်သော လထက်ဝန်းသဏ္ဌာန်ရှိသော ဤခြေနင်း ပတ္တမြားမျှလောက် အဖိုး မထိုက်ပါ၊ တစ်ပါးသော ရတနာကို အဘယ်ဆိုဖွယ် ရှိအံ့နည်း၊ အရှင်ရဟန်း- များစွာသော ပူဇော်သက္ကာရ ရရာမှ နည်းသော ပူဇော်ခြင်းရှိရာသို့ ဓာတ်တော်ကို ဆောင်ခြင်းငှာ မသင့်ပါ " ဟု လျှောက်၏။

သောဏုတ္တရထေရ်ကလည်း " ဒကာ နဂါးမင်း-သင်တို့အား သစ္စာလေးပါးတို့ကို သိခြင်းသည်မရှိ၊ ထိုကြောင့် သစ္စာလေးပါးကို သိခြင်းငှာ လျှောက်ပတ်သောအရပ်သို့ ဆောင်ခြင်းငှာ လျော်သည်၊ မြတ်စွာဘုရားတို့လည်း သံသရာမှ လွတ်စိမ့်သောငှာသာလျှင် ဖြစ်တော်မူသည်။ သီဟိုဠ်ကျွန်း၌ ဤဓာတ်တော်တည်စိမ့်သော်ငှာ အလိုရှိသည်၊ ထိုဒွေဂါမဏိမင်းကြီးလည်း ယနေ့ပင်လျှင် ဓာတ်တော်ဌာပ နာခြင်းကို ပြုလိုပါသည်။ ထို့ကြောင့် ကြာမြင့်အောင် မပြုနှင့်၊ ထိုဓာတ်တော်ကို ငါ့အား အပ်ပါဟု တောင်း၏။

ကာလနဂါးမင်းကလည်း " အရှင်ဘုရား၊ ဓာတ်တော်တို့ကိုမြင်မူ ယူ၍သွားပါလေ့" ဟုဆို၏။ မထေရ်မြတ်လည်း ကာလနဂါးအား ထိုစကားကို သုံးကြိမ်မြောက်အောင် ဆိုစေပြီးမှ ထိုနေရာ၌ရပ်လျက် သိမ်မွေ့စွာသောလက်ကို ဖန်းဆင်း၍ မြင်းမိုရ်တောင်ရင်း၌နေသော ဝါသုလဒတ္တနဂါး၏ ခံတွင်းသို့သွင်း၍ ဓာတ်တော်ကြုတ်ကို ယူပြီးလျှင် "နဂါးမင်း၊ နေရစ်လော့၊ ငါသွားတော့အံ့" ဆို၍ မြေ၌ငုပ်ပြီးမှ ကျောင်းပုရိဝုဏ် အတွင်းမှာ ပေါ်တော်မူ၏။

နဂါးမင်းလည်း ဤရဟန်းမြတ်ကား ငါ့လှည့်ပတ်၍ ဓာတ်တော်မရဘဲ သွားလေပြီဟု နှလုံးသွင်း၍ တူရင်းဖြစ်သော ဝါသုလဒတ္တနဂါးကိုခေါ်စေသော် တူရင်းနဂါးလည်း မိမိဝမ်း၌ မျိုထားသော ဓာတ်တော်ကြုတ် မရှိသည်ကိုသိ၍ ငိုယိုလျက် ဦးရိုးထံသို့လာ၏။ ထိုအခါမှ နဂါးမင်းသိ၍ ရဟန်းသည်ငါ့အား လှည့်ပတ်၍ ဓာတ်တော်ယူဆောင်လေပြီဟု မြင်းစွာငိုကြွေး၏။ စည်းဝေးသမျှသော နဂါးတို့လည်း ငိုကြွေးကြကုန်၏။

ထိုအခါ စစ်ထိုးရာကို ရှုမျှော်၍ နေကုန်သော နတ်နဂါးတို့၏ အောင်မြင်ခြင်းသည် အလွန်နှစ်သက်ဖွယ်ရှိပေစွ ဟုချီးပကြွေးကြော်ကြကုန်၏။ထို့နောက်မှ နဂါးတို့သည် သံဃာတော်တို့၏ အထံသို့ငိုကြွေးကာ, လိုက်လာကြကုန်၏၊သံဃာတော်တို့ကလည်းထိုနဂါးအား သနားသဖြင့်အတန်ငယ်သောဓာတ်တော်တို့ကိုပူဇော်စိမ့်သောငှာပေး၏၊ ယင်းသို့, ဓာတ်တော်ကိုရ သောအခါမှ ဝမ်းပန်းသာ၍ " မဥ္ဇေရိက" နဂါးရွာသို့, ပြန်ရှာကုန်သတည်း။

နတ်၊ သိကြား၊ ဗြဟ္မာတို့ စောင့်ရှောက်ပူဇော်ခြင်း

သိကြားမင်းသည် ရတနာပလ္လင်ကိုယူ၍ များစွာသော နတ်တို့နှင့်တကွ အရှင်သောဏုတ္တရ၏ မြေမှပေါ်ထွက်ရာအရပ်သို့ ရောက်လာ၏။ ဝိသကြုံနတ်သားလည်း ထိုပေါ်ရာ၌ ရတနာမဏ္ဍပ်ကို ဖန်ဆင်း၏။ သိကြားမင်းလည်း မဏ္ဍပ်တွင်း၌ ပလ္လင်ကိုထား၍ အရှင်မြတ်လက်မှ ဓာတ်တော်ကြုတ်ကို ယူပြီးလျှင် ထိုပလ္လင်ထက်၌ ရွှေပန်းတောင်းဖြင့် ထား၏။ ထိုထားရာ၌ ဗြဟ္မာမင်းသည် ထီးဖြူဖြင့်မိုးကာ၏။ သန္တုသိတ နတ်သားသည် သားမြီးယပ်ကိုကိုင်၏၊ သုယာမ နတ်သားသည် ပတ္တမြားယပ်ဝန်းကို ကိုင်၏။ သကြားမင်းသည် နံ့သာရေနှင့်တကွသော ဝိဇယုတ္တရခရုသင်းကို ကိုင်၏။ စတုမဟာရာဇ် နတ်မင်း လေးယောက်တို့သည်

သန်လျက်လက်စွဲလျက် ရပ်ကုန်၏။ သုံးကျိပ် သုံးယောက်သော မဟိဒ္ဓိကနတ်သားတို့သည် ကသစ်ပန်းဖြင့် ပြည့်သော ပန်းအုပ်ကို လက်စွဲကုန်လျက် ထိုထိုအရပ်၌ ပန်းဖြင့်ကြဲဖြန့်ကာ ပူဇော်ကုန်၏။ သုံးကျိပ် သုံးဦးသော နတ်သမီးတို့သည် ဆီမီးတိုင်ကိုကိုင်လျက်တည်ကုန်၏။ နှစ်ကျိပ်ရှစ်ယောက်သော နတ်စစ်သူကြီးတို့သည် မကောင်းသော နတ်ယုတ်တို့ကို ပြေးစေလျက် စောင့်ရှောက်ကာ နေကုန်၏။ ပဉ္စသိခနတ်သားသည် များစွာသော လူ၊ နတ်ပရိသတ်တို့အား ရွှင်လန်းစိမ့်သောငှာ သာယာစွာ သီချင်းသီလျက် စောင်းကိုတီး၏၊ များစွာသော နတ်အပေါင်းတို့သည် သီချင်းကျူးလျက် မြူးထူး ရွှင်ပျကုန်၏။ ကာလနဂါးမင်းလည်း များစွာသော ပရိသတ်နှင့်တကွ တခုန်မြူးထူးကာ ပူဇော်လှာပေ၏၊ နတ်၌ဖြစ်သော ပန်းနံ့သာမိုးတို့သည် ဖြိုးဖြိုးပြည့်မျှ ရွာကုန်၏၊ ထိုအခါ ဣန္ဒဂုတ္တမထေရ်သည် မာရ်နတ်မင်းကို တားမြစ်ခြင်းအကျိုးငှာ စကြဝဠာပြည့်မျှသော သံထီးကို ဖန်ဆင်းလျက် ဆောင်းလေ၏၊ ထိုအရပ်၌ စည်းဝေးသမျှ ရဟန်းတော်တို့လည်း ဓာတ်တော်ကို ခြံရံလျက် အပေါင်း၏ သရဇ္ဈာယ်ခြင်းကို ပြုကြကုန်သတည်း။

## မင်းစည်းစိမ်ဖြင့် သုံးကြိမ်ပူဇော်ခြင်း

ဒုဋ္ဌဂါမဏိမင်းကြီးသည်လည်း ထိုဓာတ်တော်ရှိရာသို့ သွား၍ မိမိဦးခေါင်းဖြင့် ဓာတ်တော်ပန်းတောင်းကို ရွက်၍ တစ်ရှိုက်မက်မက် ရှိခိုးပူဇော်ပြီးမှ ပလ္လင်ပေါ်၌ ထားပြန်၍ လက်အုပ်ချီကာတည်၏၊ ထက်ဝန်းကျင်သောအရပ်မှ နတ်တို့တီးမှုတ်သော စည်၊ စောင်း၊ ပတ်သာ တူရိယာသံကိုကြား၍ လည်းကောင်း၊ နတ်တို့၏ ပန်းနံ့သာတို့သည် မိုးရွာသကဲ့သို့ ကျသည်ကိုမြင်၍ လည်းကောင်း၊ နတ်ဗြဟ္မာတို့၏ ကိုယ်ကို မမြင်ရဘဲ အံ့ဖွယ်သရဲ မဖြစ်ဖူးမြဲသော ဖြစ်ခြင်းကြောင့် နတ်မင်းတို့ ပူဇော်လှာသည်ဟုသိရကား အတိုင်းမသိသော ပီတိသောမနဿသည် ဖြစ်လျက် ဓာတ်တော်တို့ကို သီဟိုဠ်မင်း၏ အဖြစ်၌ အဘိသိက်သွန်း၍ ထီးဖြူဖြင့် ပူဇော်ပြီးမှ လူမင်း၏ထီး၊ နတ်မင်း၏ထီး၊ တရဟတ္တဖိုလ်တည်းဟူသော ထီး၊ ဤထီး သုံးစင်းကို ဆောင်တော်မူသော သယမ္ဘူထွဋ်ထားမြတ်ဘုရားကို ဤသီဟိုဠ်ကျွန်း၌ မင်း၏စည်းစိမ်ဖြင့် ကပ်လှူပူဇော်ပါ၏ ဟူ၍ သုံးကြိမ်တိုင်အောင် လှူတော်မူ၏၊ ထို့နောက်မှ သရီရ ဓာတ်တော်တို့ကိုလည်း ထို့နည်းအတူ ကပ်လှူ ပူဇော်ပေ၏။

## ဘုရားရှင် အသွင်တော်ကဲ့သို့

ယင်းသို့ ပူဇော်ပြီးမှ ဓာတ်တော်ပန်းတောင်းကို ဦးခေါင်းဖြင့် ရွက်ကာယူ၍ ရဟန်းသံဃာအပေါင်း ခြံရံလျက် စေတီတည်ရာသို့ ဆောင်ပြီးလျှင် စေတီတော်ကို လက်ယာရစ်သုံးပတ် လှည့်ပြီး၍ အရှေ့မျက်နှာဖြင့်တက်၍ ဓာတ်တော်တိုက်သို့ ဝင်၏။ ထိုအခါ ကိုးဆယ့်ခြောက်ကုဋေ အရေအတွက် ရှိကုန်သော ရဟန္တာတို့သည် စေတီကိုခြံရံလျက် လက်အုပ်ချီ၍ ရပ်ကြကုန်၏၊ ရဟန်းတို့၏အပြင်မှ လူတို့ ပူဇော်ရ၏၊

ဓာတ်တော်တိုက်သို့သက်၍ အဖိုးအနဂ္ဃ ထိုက်သောနေရာ၌ ကောင်းစွာထားအံ့ဟု ကြံစည်သည်တွင် ယခင် ဓာတ်တော်ကြုတ်နှင့်တကွ ရွှေပန်းတောင်သည် မင်းကြီး၏ ဦးခေါင်းမှ အထက်သို့ ပျံတက်၍ ထန်းခုနစ် ဆင့်မြင့်သော ကောင်းကင်၌ တည်ပြီးသော် လက္ခဏာတော်ကြီးငယ် အသွယ်သွယ်နှင့် ပြည့်စုံသော ဘုရား ကိုယ်တော်၏ သဏ္ဌာန်ကဲ့သို့ ဖန်ဆင်းတော်မူ၍ သရက်ဖြူပင်ရင်း၌ တန်ခိုးပြသည်နှင့်တူစွာ ခြောက်ဖြာသော ရောင်ခြည်တော်ကို လွှတ်ပြီးမှ ရေမီးအစုံသော တန်ခိုးပြာဋိဟာကို ပြတော်မူ၏။

ထိုသို့သော တန်ခိုးပြာဋိဟာကို များစွာကုန်သောလူတို့ တပ်အပ်ဖူးမြင်ရလေလျှင် ရွှင်လန်းဝမ်းသာ ကြည်ညိုစွာတည်သောစိတ်ရှိ ကြကုန်သည်ဖြစ်၍ တစ်ဆယ့်နှစ်ကုဋေမျှသော နတ်လူတို့ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်သည်။ သောတာပန် သကဒါဂါမ် ဖြစ်သူတို့ကား ပိုင်းခြားရေတွက်ခြင်းငှာ မတတ်နိုင်ရာ ကုန်သာလျှင်ကတည်း။

**ဓာတ်တော်ဌာပနာ**

ဓာတ်တော်တို့သည်လည်း ဖန်ဆင်းအပ်သော ဘုရားအသွင်တော်ကို ကွယ်စေ၍ ကြုတ် အတွင်းသို့ ဝင်ကြပြီးသော် ရတနာပန်းတောင်းနှင့်တကွ ကောင်းကင်မှ သက်ဆင်း၍ မင်းကြီးဦးခေါင်းထက်၌ တည်လှာ၏။ သာသနာ၏ ထွန်းပခြင်းကို အလိုရှိလှသော ဒုဋ္ဌဂါမဏိ မင်းမြတ်သည်ကား ဟောက္ကနွဂုတ္တ မထေရ်နှင့်လည်းကောင်း၊ ကချေသည်အပေါင်းနှင့် လည်းကောင်း ခြံရံလျက် ဌာပနာတိုက်သို့ ဝင်ပြီးလျှင် ခင်းထားအပ်သော အိပ်ရာထက် ရတနာပလ္လင်ကိုတင်၍ ထိုပလ္လင်ထက်၌ ဓာတ်တော်ပန်းတောင်းကို ထားပေ၏။

ထို့နောက်မှ အထူးထူးသော နံ့သာမှုန့်တို့ဖြင့် သွန်းခြင်းငှာ ဓာတ်တော်ကြုတ်တော်ကို ဖွင့်၍ ရေစွတ်သောလက်နှင့် သုံးသပ်ပြီးလျှင် ဘုရားရှင်ကိုယ်တော်မြတ်သည် တစ်စုံတစ်ယောက်သောသူတို့ နှောင့်ယှက်ခြင်းမရှိဘဲ လူနတ်တို့၏ ကိုးကွယ်ရာဖြစ်၍ ဤနေရာ၌ တည်မည်ဖြစ်အံ့၊ ဘုရားဘုန်းလျှံသည် နိဗ္ဗာန်ဝင်ရာ ညောင်စောင်း၌ လျောင်းတော်မူသကဲ့သို့ ခင်းထားအပ်သော နေရာမြတ်၌ လျောင်းစက်ကာ တည်ပါစေသတည်း ဟု မနောဓိဋ္ဌာန်ပြုသည်နှင့် တစ်ပြိုက်နက် ဓာတ်တော်တို့သည် အိပ်ရာထက်၌ လျောင်းစက်ကာ တည်လေ၏။ ထိုသို့တည်သည်နှင့် တစ်ပြိုင်နက် ပြင်းစွာမြေလှုပ်ခြင်းသည် ဖြစ်၏။ များစွာသော တန်ခိုးပြာဋိဟာတို့သည် ဖြစ်လှာကုန်၏။ သာသနာတော် သုံးရာခုနစ်ဆယ့်သုံးခု ဥတ္တရာသဠ် နက္ခတ်နှင့်ယှဉ်သော ဝါဆိုလဆန်း ပဉ္စပန္နရသီ ဥပုသ်နေ့၌ ဓာတ်တော်ကို ဌာပနာလေသတည်း။

မင်းကြီးသည်လည်း အလွန်နှစ်သက်ခြင်း ရှိသည်ဖြစ်၍ ကိုယ်တော်တွင် ဆင်ယင်သမျှ သုံးသောင်း တန်သောဗောင်း၊ နားတောင်းစသော မင်း၏တန်ဆာတို့ကို ဓာတ်တော်တိုက်မှာ ပူဇော်ပေ၏။ မင်း၊ မိဖုရား

ကခြေသည်၊ မောင်းမ၊ အမတ် ပရိသတ်တို့သည်လည်း ထို့အတူ မြတ်သောတန်ဆာတို့ကို ချွတ်ကာ ချွတ်ကာ ပူဇော်ကြကုန်၏။ ယင်းသို့ပူဇော်ပြီးမှ သံဃာတော်တို့အား အဝတ်၊ သင်္ကန်း၊ စတုမဓုဆေးတို့ကို ကပ်လှူ၍ ညဥ့် သုံးယံပတ်လုံး လေ့ကျက်အပ်သော တရားအပေါင်းကို သရဇ္ဈာယ်ခြင်းကို ပြုစေကုန်၏။ နံနက်သော ကာလ ဤနေ့မှစ၍ ခုနစ်ရက်တိုင်အောင် ပြည်သူအားလုံးတို့သည် ဓာတ်တော်ကို ရှိခိုးပူဇော်ကြကုန် ဟူ၍ အနုရာဓပြည်၌ စည်လည်စေ၏။

**ဣန္ဒဂုတ္တမထေရ်၏ အဓိဋ္ဌာန်**

ဣန္ဒဂုတအမည်ရှိသော မဟိဒ္ဓိက ရဟန္တာကြီးသည်လည်း ဓာတ်တော်ကို ပူဇော်ခြင်းငှာ လာကုန်သမျှသော ပရိသတ်တို့သည် မိုးလေစသော ဘေးရန်မတွေ့ဘဲ လျင်စွာ စေတီသို့ရောက်၍ လျင်စွာမိမိနေရာသို့ ပြန်နိုင်ပါစေသတည်း ဟု အဓိဋ္ဌာန်၏။ ယင်းသို့ ဓိဋ္ဌာန်သည့်အတိုင်း လူဟူသမျှတို့လည်း မိမိ၏ အိမ်ဝတွင် ဖူးမြင်ရသကဲ့သို့ချည်း ဖြစ်ကုန်၏။

**သာမဏေ ၂ ပါး**

ခုနှစ်ရက်စေ့သောအခါ မင်းကြီးသည် သံဃာတော်တို့အား ဤသို့လျှောက်၏။ အကျွန်ုပ်၏ကိစ္စ ပြီးငြိမ်းပါပြီ၊ ဓာတ်တော်တိုက်ကို ပိတ်ခြင်းငှာ သံဃာတော်တို့အရေးသာ လိုပါတော့သည်ဟု လျှောက်၏။ သံဃာတော်တို့ကလည်း ဥတ္တရ သာမဏေ၊ သုမန သာမဏေတို့ကို တိုက်တွန်းလေသော် ထိုသာမဏေ နှစ်ဦးတို့လည်း မိမိတို့ဆောင်ခဲ့သော မေဒဝဏ္ဏကျောက်ဖျာကို ချီယူကာ ပိတ်စေ၍ ဤစေတီတိုက်၌ ပူဇော်လိုသမျှသော ပန်းတို့သည်လည်း မနွမ်းမညှိုးစေသတည်း၊ နံ့သာရေတို့သည် မခန်းစေသတည်း။ ဆီမီးတို့သည်လည်း မငြိမ်းပဲ တည်စေသတည်း။ တစ်စုံတစ်ခုသောဝတ္ထုသည် မပျက်ဘဲ တည်စေသတည်း ဟု အဓိဋ္ဌာန်၏။ ထိုကျောက်ဖျာအစပ်တို့သည်လည်း အရှင်မြတ်၏ အာနုဘော်ကြောင့် ဂဟေဆော်၍ စပ်သကဲ့သို့ ထိကပ်လျက် တည်လေကုန်၏။

လူတို့စီးပွားကို ဆောင်တော်မူသော ဒုဋ္ဌဂါမဏိမင်းမြတ်သည်လည်း ထိုဓာတ်တော်တိုက်ကြီး၏ အနီးဘက်၌ တိုက်ငယ်တစ်ခုကို ပြုစေ၍ အလုံးစုံသော ပြည်သူတို့သည် အစွမ်းရှိသည် အားလျော်စွာ ဓာတ်တော် ဌာပနာခြင်းတို့ကို အလိုရှိတိုင်း ပြုကြကုန်ဟု စည်လေစေ၏။ လူအပေါင်းတို့ကလည်း ဝမ်းမြောက် ဝမ်းသာ ဌာပနာကြကုန်၏။ ယင်းသို့ ဌာပနာတိုက် နှစ်ဆင့်ထားပြီးမှ အုတ်တို့ဖြင့် မွမ်းမံလျက် စေတီကို အပြီး သတ်တော်မူ၏။ ဤ ဒုဋ္ဌဂါမဏိမင်းနှင့်အတူ သူတော်ကောင်း တကာတို့သည် တမလွန် လူ့ရွာ နတ်ရွာ၌ ချမ်းသာခြင်း၏ အကြောင်းဖြစ်ကာ ကောင်းမှုပုညတို့ကို စင်ကြယ်ကြည်ညိုလှသောစိတ်ဖြင့် မိမိကိုယ်တိုင် အားထုတ်ခြင်း၊ သူတပါးတို့အား အားထုတ်စေခြင်းတည်းဟူသော လုံ့လဝါမတို့ကို ပြုကြကုန်သတည်း။

## ဒုဋ္ဌဂါမဏိမင်း နတ်ရွာစံ၍ တုသိတာနတ်ပြည်သို့ ရောက်ခြင်းကို ပြဆိုခြင်း

**နောက်ဆုံးအကြိမ် သွားရောက်ဖူးမြော်ခြင်း**

ဒုဋ္ဌဂါမဏိမင်းကြီးသည် မဟာစေတီ အုတ်ရိုးသာပြီး၍ ထီးတင်ခြင်း၊ အင်္ဂတေ လိမ်းကျံခြင်း ကိစ္စသည် မပြီးမီပင် သေခြင်းအနီးရှိသော ရောဂါသည် ပြင်းစွာ ကပ်ငြိတော်မူ၏။ ထိုအခါ ဒီဃဝါပိအရပ်၌ နေသော ညီတော်တိဿကို ခေါ်တော်မူ၍ ဤစေတီ၌ မပြီးသမျှသော ကိစ္စကို ပြီးအောင်ပြုလော့ဟု ဆိုတော်မူ၏။ ညီတော်မင်းသားလည်း နောင်တော်အားနည်းသောကြောင့် မြန်စွာပြီးစေခြင်းငှာ အပ်လျှိုသမားတို့ကို ခေါ်၍ စင်ကြယ်သော အဝတ်တို့ကို ရစ်ပတ်စေပြီးလျှင် ပန်းချီသမားတို့ကို ခြယ်လှယ်စေ၍ ပွတ်တိုင်တို့ကို လည်းကောင်း၊ ရေပြည့်အိုးတို့ကို လည်းကောင်း၊ တံခွန်ကုက္ကား အစရှိသည်ကို လည်းကောင်း တင့်တယ်စွာပြုစေ၏။ တောင်းရွေသမားတို့ကို ခေါ်၍ ဝါးဖြင့်ပြီးသော ထီးကိုလည်းကောင်း၊ ပဒုမ္မာ ကြာရွက်ဖြင့်ပြီးသော လဝန်း၊ နေဝန်းတို့ကို လည်းကောင်း၊ အထက်ပွတ်တိုင်တို့ကို လည်းကောင်း၊ ဆည်းလည်း ညောင်ရွက်တို့ကို လည်းကောင်းပြုစေ၏။ ပန်းချီဆေးတို့ဖြင့် ရေးသားခြယ်လှယ်ပြီးသော် စေတီတော်ပြီးပါကြောင်းကို မင်းအားကြားလျှောက်၏။ မင်းကြီးလည်း စီးမြဲသောယာဉ်ဖြင့် လျောင်းလျက်ပင်ထမ်းစေ၍ စေတီတော်ကို လက်ယာရစ် လှည့်လည်ခြင်းကိုပြု၍ ရိုသေစွာ ရှိခိုးလျက် တောင်တံခါးဝတွင် သန့်စွာခင်းအပ်သော မြေအခင်းထက်၌ လက်ယာနံပါးဖြင့် လျောင်းလျက် မဟာစေတီကို ပူဇော်ရှိခိုး၏။ ထို့နောက် လက်ဝဲနံပါးဖြင့် လျောင်းပြန်လျက် လောဟပါသါဒကို ရှုမျှော်၍ ပူဇော်ရှိခိုး၏။

**ရဟန်းတော် ၉၆ ကုဋေ**

မင်းကြီးနာသည်ကို ကြည့်ရှုမေးမြန်းခြင်းငှာ ထိုထိုအရပ်မှ ကြွရောက်လာကုန်သော ရဟန်းတော်တို့လည်း ကိုးဆယ့်ခြောက်ကုဋေမျှလောက်ပင် စုဝေးမိကြ၏။ ထိုရဟန်းတော်တို့လည်း အစုဖွဲ့သဖြင့် တရားတော်မြတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ကြ၏။ မင်းကြီးလည်း ထိုအစည်းအဝေး၌ ထေရပုတ္တာဘယမထေရ်ကို မမြင်သည်ဖြစ်၍ ဤသို့ကြံ၏။

**ကြံစေတွေးပုံ**

အကြင်အဘယမည်သော သူရဲကြီးသည် ကျေးမင်းတို့နှင့် နှစ်ဆယ့်ရှစ်ကြိမ်တိုင်အောင် ကြီးစွာသော စစ်ထိုးခြင်းဖြင့် စစ်ထိုးကြရာ၌ ငါမရှုံးအံ့သည်ဖြစ်၍ ငါထံ၌ ဝန်းရံကာ အဖော်ပြုလုပ်သည်။ ယခုအခါ သေမင်းနှင့် စစ်ထိုးရာ၌ ငါ၏ ရှုံးလတ္တံ့သည်ကို မြင်သောကြောင့် ငါ့ထံသို့ မကပ်လှာဆိုသည် ထင်၏ဟု ကြံတွေး၏။

**အဘယမထေရ်နှင့် ရဟန္တာငါးရာ**

ထိုအကြံကို အဘယမထေရ်သည် တရိဒ္ဓမြစ်၏ အမွန်ဖြစ်သော ပဥ္စလိတောင်၌ နေလျက်ပင် သိတော်မူ၍ ရဟန္တာငါးရာ အရံနှင့်တကွ ကောင်းကင်ဖြင့် ပျံလာ၍ မင်းကြီးအနီးမှ ရပ်လျက်တည်၏၊ မင်းကြီးလည်း အဘယမထေရ်ကိုမြင်သော် ခင်မင်ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍ ရှေ့အနီး တွေ့စေပြီးမှ "အရှင်ဘုရား . . . အကျွန်ုပ်သည် ရှေးအခါက သူရဲကြီးတစ်ကျိပ် ဖြစ်ကုန်သော အရှင်မြတ်တို့နှင့်တကွ စစ်ထိုးရပေပြီ၊ ယခုမူကား ကျွန်ုပ်တယောက်တည်းသာလျှင် သေမင်းနှင့်စစ်ထိုးခြင်းငှာ အားထုတ်ရ၏၊ သေမင်းတည်းဟူသော ရန်သူကို ရှုံးစိမ့်သောငှာ မတတ်နိုင်ချေ" ဟုလျှောက်ပေ၏။

**ရုပ် – နာမ်ဟူသမျှ မြဲမရ**

ထေရပုတ္တာဘယ မထေရ်ကလည်း "လူတို့ကိုအစိုးရသော မင်းကြီး၊ ကြောက်ရွံ့တော်မမူလင့်၊ ကိလေသာတည်းဟူသော ရန်သူကိုမအောင်လျှင် သေမင်းတည်းဟူသော ရန်သူကို မအောင်နိုင်ချေ၊ အလုံးစုံသော ရုပ်၊ နာမ်၊ ခန္ဓာ၊ သင်္ခါရ တရားတို့သည် အမြဲမရှိကုန်ဟူ၍ ဘုရားဟောတော် မူချေသည်၊ ထိုကြောင့် အလုံးစုံသော သင်္ခါရတို့သည် ပျက်ရမည်တည်းဖြစ်၍ ဇရာ မရဏ အနိစ္စတို့သည် ရှက်ခြင်း၊ ကြောက်ခြင်းမှ ကင်းသည်ဖြစ်၍ အတုမရှိသော တန်ခိုး၏အရှင် ဘုရားသခင်ကိုယ်တော်ကိုလည်း ကပ်၍နှိပ်စက်ကုန်၏ ထိုကြောင့် ငါ၏ရုပ်၊ နာမ်၊ ခန္ဓာ၊ သင်္ခါရဟူသမျှတို့သည် အမြဲမရှိ၊ ဆင်းရဲအတိသာ၊ အစိုးမရချေတကား" ဟု နှလုံးထားတော်မူလော့ ဟု မိန့်တော်မူ၏။

**အောင်မြင်သူ မရှိသောစစ်**

ဒုဋ္ဌဂါမဏိမင်းကြီးသည် "အရှင်ဘုရား၊ ယခုအခါ၌ ငိုကြွေးခြင်း စစ်သည်တို့ တည်ရှိပါ၏၊ မသိခြင်း မိုလ်ပါအစုသည် ဖွဲ့ပါ၏၊ ပြင်းစွာတွေဝေခြင်း လှံသည်ထပ်၏၊ ယောင်ယမ်းမြည်တမ်းခြင်း အလံတခွန်ကို မြှောက်ထောင်ပါ၏၊ နှလုံးမသာယာခြင်း စည်ကြီးကို တီးပါ၏၊ ရင်ကိုထုခြင်းတည်းဟူသော ကြေးနင်း ခွက်ခင်းသည် ဖြစ်၏၊ ပြင်းစွာပင်ပန်းခြင်းတည်းဟူသော ခရုတ်သင်းကို မှုတ်ကုန်၏၊ မျက်ရည်တည်း ဟူသော သွေးတို့ကို ယိုစီးကုန်၏၊ ဒုက္ခဝေဒနာတည်းဟူသော လှံဖြင့်ထိုးကုန်၏၊ စိတ်၌ဖြစ်သော ဒုက္ခတည်းဟူသော မှိန်းတို့သည် ထိုးကုန်၏၊ ကာယိကဒုက္ခတည်းဟူသော ဆောက်ပုတ် လက်ရိုက်တို့ကို ဆောင်ကုန်၏၊ ထိတ်လန့်ခြင်းတည်းဟူသော သံစက်ကို ငင်ကုန်၏၊ ပြိုပြွမ်းသော တံတွေးတည်းဟူသော ယိုစီးခြင်းရှိ၏၊ သံဝေဂတည်းဟူသော ဖရင်းသည် လွှမ်းမိုး၏၊ သေခြင်းတည်းဟူသော မြားသည် စူးဝင်၏၊ မစ္စုတည်းဟူသော ဆင်သည် နင်း၏၊ ကုသိုလ်၊ အကုသိုလ် တည်းဟူသော သူရဲတို့သည် စစ်ထိုးတိုက်ခိုက်ကုန်၏၊ ယမမင်း၏ တမန်တို့သည် လှည့်လည်ကုန်၏။ သေခြင်းတည်း ဟူသော စစ်သည်ဖြစ်၏၊ ဤစစ်ကို အောင်ခြင်းငှာ စွမ်းနိုင်သော သတ္တဝါမည်သည် မရှိ ဟု လျှောက်၏။

နတ်၏ချမ်းသာသို့ လျင်စွာရောက်လတ္တံ့.

"မြတ်သောမင်းကြီး . . . သင်သည် နှစ်ခုမြောက်သော အတိတ်ဘဝ သာမဏေ ဖြစ်စဉ်ကလည်း ကြီးစွာသော ကုသိုလ် သမ္ဘာရ သမ္ဘာဆန္ဒကြောင့် နတ်ပြည်သို့ ရောက်ကြောင်း နိမိတ်သည် ထင်လျှက် နတ်၏ချမ်းသာကို ပယ်လျှက် ဤမင်းအဖြစ်သို့ လာ၍ များစွာသော ကုသိုလ်ကောင်းမှုကို ပြုတော်မူသည်။ မင်းကြီး၏ ကေရာဇ်အဖြစ်ကို ရတော်မူခြင်းသည်လည်း ဘုရားသာသနာကို ထွန်းပစိမ့်သောငှာသာလျှင် ပြုတော်မူ၏။ အလွန်များလှသော ကောင်းမှုရှိတော်မူသော မင်းကြီး။ သင်မင်းမြတ်သည် မပြတ်ဆည်း ပူးတော်မူ၏။ ယနေ့ထက်တိုင်အောင် ပြုသောကုသိုလ်တို့ကို အောက်မေ့တော်မူလော့၊ ဤသို့အောက်မေ့တတ်က နတ်၏ချမ်းသာသည် လျင်စွာရောက်လတ္တံ့." ဟု ဆိုတော်မူ၏။

ထိုစကားကို ကြားသောကာလ မင်းကြီးလည်း ဝမ်းမြောက်လှသည်ဖြစ်၍ " အရှင်ဘုရား . . . အရှင်မြတ်သည် အကျွန်ုပ်၏ နှစ်ကြိမ်သော စစ်ပွဲ၌လည်း အဖော်သဟဲ ဖြစ်ပေသည် " ဆို၍ ရှိသေစွာရှိခိုးပြီးမှ ကောင်းမှုစာရင်း ပုရပိုက်ကို ဖတ်လေ့ဟု ဆိုတော်မူ၏။ စာရေးလည်း အစဉ်အတိုင်း ဖတ်ပေ၏။

**ကောင်းမှုစာရင်း**

" မြတ်သောမင်းကြီး . . . အရှင်မင်းကြီးသည် သာသနာတော်၏ အကျိုးစီးပွား များစိမ့်သောငှာ ကိုးဆယ့်ကိုးဆောင်သော ကျောင်းတို့ကို ကောင်းစွာ ဆောက်တော်မူပြီ၊ တစ်ဆယ့်ကိုးကုဋေသော ဥစ္စာတို့ဖြင့် မရိစဝဋ္ဋိမည်သော ကျောင်းကိုလည်း ဆောက်တော်မူပြီ၊ ကုဋေသုံးဆယ်သော ဥစ္စာတို့ဖြင့် နတ်ဗိမာန်နှင့် တူစွာသော လောဟပါသာဒကို ဆောက်တော်မူပြီ၊ မဟာစေတီလုပ်ရာ၌ အဖိုးဖြတ်ခြင်းငှာ မတတ်ကောင်းသော နှစ်ဆယ်သော အလှူဝတ္ထုတို့ဖြင့် ပြု၏၊ မဟာစေတီတော် တည်သည်မှ အခြားသော အလှူဝတ္ထုတို့သည် ကုဋေတစ်ထောင် ထိုက်ကုန်သည်၊ မင်းကြီးသည် "ကောဋမ္ဗ" အမည်ရှိသော ရောဟနဇနပုဒ် မလယအရပ်၌ နေသောအခါ အလွန်ရှားပါးသော ဒုဗ္ဘိက္ခကပ် ကြုံသည်ဖြစ်၍ လူအမျိုးမျိုးတို့သည် မရိုးသီး ပြုတ်၍ စားရသော ကာလ အဖိုးအနဂ္ဃထိုက်သော နားတောင်းတော် နှစ်ခုကိုပေး၍ ဆပ်ဆန်ကို ဝယ်ပြီးလျှင် (မလိယ မဟာဒေဝမထေရ် အမှူးရှိသော ငါးဦးသော ရဟန္တာအရှင်တို့အား) ခင်မင်ကြည်ညိုစွာ ဟင်းလေး ယာဂုနှင့်တကွသော ဆပ်ဆွန်းကို လှူဒန်းတော်မူရပြီ၊ စူဠင်္ဂမဏိယ အပြင်၌ ညီတော်တိဿနှင့် စစ်ထိုး ကြ၍ အရေးမလှသဖြင့် ပြေးရသောအခါ တစ်ယောက်စာသော ထမင်းကို ရွှေခွက်၌ထည့်၍ စားမည် ကြံရာတွင် အလှူခံတို့ကို ကြွေးကြော်သဖြင့် ကြွတော်မူလာသော ရဟန္တာအရှင်မြတ်အား ကိုယ့်အသက်ကို မငဲ့ကွက်ပဲ ရွှေခွက်၌ထည့်သမျှ ထမင်းကို အကုန်လှူလိုက်ရပြီ။

ဤအကြောင်းကို ဖတ်သောအခါ မင်းကြီးလည်း ကြည်လင်စွာရှိသဖြင့် ဤသို့မိန့်ဆို၏။ ငါသည် မရိဝဋ္ဋိကျောင်းကို အနုမောဒနပြုသော သတ္တဝါဟု၍ လည်းကောင်း၊ လောဟပါသာဒကို အနုမောဒနာ ပြုသော သတ္တဝါဟု၍ လည်းကောင်း၊ မဟာစေတီကို စ၍တည်သော သတ္တဝါဟု၍ လည်းကောင်း၊ ခေတ်တော် ၌ယပနာသော သတ္တဝါဟု၍ လည်းကောင်း၊ အရပ်လေးမျက်နှာမှ ရောက်လာသော များစွာသော ဉဘတော သံဃာအား အဖိုးများစွာထိုက်သော အလှူကြီးကို အကြွင်းမဲ့ ဖြစ်စေအပ်ပြီ၊ ကဆုန်လပြည့်နေ့ ပွဲတော်ပြု၍ ကြီးစွာသော ပူဇော်ခြင်းကို နှစ်ဆယ့်လေးကြိမ် ပြု၍ ပူဇော်လှူဒါန်း အပ်ပြီ၊ သီဟိုဠ်ကျွန်း၌ ရှိသော သံဃာတော် အားလုံးအား သုံးကြိမ်တိုင်အောင် တိစီဝရိတ်သက်န်းဖြင့် လှူဒါန်းအပ်ပြီ၊ ဤသီဟိုဠ်ကျွန်း၌ အလုံးစုံသော မင်း၏အဖြစ်ကို သာသနာတော်အား ပူဇော်လိုသည် ဖြစ်၍ ငါးကြိမ်တိုင်တိုင် လှူဒါန်းအပ်ပြီ၊ တစ်ဆယ့် နှစ်ရပ်သော ဌာနတို့၌ စင်ကြယ်လှသော ဆီမီးတစ်ထောင်ကိုလည်း ညိုကွန်း လှူဒါန်းအပ်ပြီ၊ တစ်ဆယ့်ရှစ်ရပ်သော ဌာနတို့၌ နေကုန်သော ရဟန်းတို့အား လုပ်ကျွေးရန်ဖြစ်သော ဆွမ်း၊ ယာဂု၊ ဆေးပစ္စည်း တို့ဖြင့်လည်းကောင်း၊ သမား ဟူရားတို့ဖြင့် လည်းကောင်း၊ ကောင်းစွာလုပ်ကျွေး ပြုစုအပ်ပြီ၊ လေးဆယ့်လေး ဌာနတို့၌ ကောင်းစွာ စီရင်အပ်သော ပျားဆွမ်း၊ ယနာဆွမ်း တို့ကို လှူဒါန်းရပြီ၊ ထိုလေးဆယ့်လေး ဌာနတို့၌ မွန်မြတ်လှသော ဆီကြော်နှိခဲတိုလည်း ကပ်လှူရပြီ၊ လေးဆယ့်လေးဌာနတို့၌ ထောပတ်ဖြင့် ချက်အပ်သော မဟာဇာလမုန့်တို့ကို ဆွမ်းနှင့်တကွ နိစ္စဘတ်ဖြင့် ကပ်လှူရပြီ၊ လတိုင်း လတိုင်း ရှစ်ရက်သော ဉပုသ်နေ့တို့၌ သီဟိုဠ်ကျွန်းတွင် ရှိသမျှ ကျောင်းတို့၌ ဆီမီးထွန်းရန် ဆီကိုလည်း ကပ်လှူအပ်ပြီ၊ အာမိသဒါနထက် ဓမ္မဒါန အကျိုး ကြီးမြတ်၏ ဟူ၍ ဟောတော်မူသောကြောင့် လောဟပါသဒ၏ အောက်ဖြစ်သော သံဃာနေရာ၌ သံဃာအလယ်တွင်နေ၍ မင်္ဂလာသုတ်တရား ဟောခြင်းငှာ အလိုရှိပါသော်လည်း သံဃာကို ရိုသေသော အားဖြင့် မဟောဝံ့ရကား သီဟိုဠ်ကျွန်း၌ ရှိသမျှသော ဓမ္မကထိက ပုဂ္ဂိုလ်တို့အား ပူဇော်၍ တရားစကားတို များစွာ ဟောစေရပြီ၊ ထိုတရားဟောပုဂ္ဂိုလ်တို့အား၊ တစ်ကွမ်းစား တစ်ကွမ်းစားသော ထောပတ်၊ တင်လဲ၊ သာကာကိုလည်း လှူစေပြီ၊ လက်သေးသစ်ရှည်သော တစ်ဆုပ်ပမာဏရှိသော နွယ်ချိုတို့ကိုလည်း ထိုအရှင် တို့အား ကပ်လှူရပြီ၊ ပုဆိုးအစုံ အစုံကိုလည်း ကပ်လှူရပြီ။

**အနှစ်သက်ဆုံးအလှူ**

ထိုအခါ မင်းကြီးက ဤသို့ဆို၏၊ ဤသို့ အစိုးရသောအခါ၌ ငါလှူခဲ့သော ဒါနသည် များလှစွာ ရှိသော်လည်း စိတ်က မနှစ်သက်လွန်းသေး၊ ဆင်းရဲဘေးဟွေ့လျက် ကိုအသက်မငဲ့မူ၍ လှူရသော ဆပ်ဆွမ်းနှင့် တစ်ယောက်စာထမင်း အလှူကိုသာလျှင် ငါအလွန်နှစ်သက်သည်ဟု ဆိုပေ၏။

**ဆပ်ဆွမ်း**

ထိုစကားကို အဘယမထေရ်ကြားလျှင် မင်းကြီးအား ကြည်ညိုခြင်း တိုးပွားစိမ့်သောငှာ ထိုဒါနနှစ်ရပ်ကို ထပ်ကာ ထပ်ကာ ချီးမွမ်း၏။ မင်းကြီး၏ ဆပ်ဆွမ်းကိုခံသော ရဟန်းငါးပါးတို့တွင် မလယအရပ်၌ သီတင်းသုံးနေသော မလိယဒေဝမဟာထေရ်သည် ထိုဆပ်ဆွမ်းကို ခံပြီးသော် သုမနတောင်၌နေသော ရဟန်းကိုးရာတို့အား ခွဲဝေလှူဒါန်း၍ ဘုဉ်းပေး၏။ မြေလှုပ်ခြင်းကို ဖြစ်စေတတ်သော ဓမ္မဂုတ္တမထေရ်သည် ထိုဆပ်ဆွမ်းကို ခံပြီးလျှင် ကလျာဏီကျောင်း၌ ရဟန်းငါးရာတို့နှင့် ဝေဖန်၍ ဘုဉ်းပေး၏။ ကိုယ်တိုင်လည်း သုံးဆောင်၏။ တလင်္ဂအရပ်၌ နေသော ဓမ္မဒိန္နမထေရ်သည် ပိယင်္ဂုကျွန်း၌နေသော တစ်သောင်းသော ရဟန်းတို့နှင့် ဝေခြမ်း၍ ဘုန်းပေး၏။ မင်္ဂလာအရပ်၌ နေသော တန်ခိုးကြီးသော ခုဒ္ဒတိဿမထေရ်သည် ကောလသကျောင်း၌ ခြောက်သောင်းသော ရဟန်းတို့အား လှူဒါန်း၍ဘုဉ်းပေး၏။ မဟာဗျဂ္ဃမထေရ်သည် ဆွမ်းကိုခံ၍ ဥက္ကနဂကျောင်း၌နေသော ခုနှစ်ရာသောရဟန်းတို့အား လှူဒါန်းပြီးမှ ကိုယ်တိုင်လည်းဘုဉ်းပေး၏။

**တစ်ယောက်စာဆွမ်း**

ရွှေခွက်ဖြင့်ထည့်သော တယောက်စာသော ဆွမ်းကို အလှူခံသော ကုဋျမ္ဗိကပုတ္တတိဿ မထေရ်သည်လည်း တစ်သောင်းနှစ်ထောင်ကုန်သော ရဟန်းတို့အား လှူဒါန်း၍ ဘုဉ်းပေးလေသတည်း။

**မှာတမ်း**

ဤသို့လျှင် ထေရပုတ္တာဘယမထေရ်သည် မင်းကြီး၏စိတ်ကို ကြည်ညိုခြင်း တိုးပွားစိမ့်သောငှာ သုံးဆောင်သော အခြင်းအရာကို မိန့်ဆိုတော်မူလျှင် "အရှင်ဘုရား၊ အကျွန်ုပ်သည် နှစ်ဆယ့်လေးနှစ်တို့ ပတ်လုံး သံဃာတော်တို့အား များစွာ ကျေးဇူးကို ပြုပါသည်၊ ဤသို့သံဃာတော်တို့၏ ကျွန်ဖြစ်သော အကျွန်ုပ်၏ ရုပ်အစုသည်လည်း သံဃာအား ကျေးဇူးများခြင်းငှာ ဖြစ်ပါစေသတည်း။ ဤမဟာစေတီကို မြင်ရာအရပ် ဖြစ်သော သံဃာတို့ ကံကြီး၊ ကံငယ်ပြုရာ ဥပုသ်အိမ်၌ ကျွန်ုပ်ကိုယ်ကို မီးသဂြိုလ်ပါလော့" ဟု လျှောက်ဆို၏။ ပြီးသကာလမှ ညီတော် တိဿကိုခေါ်၍ " ငါညီတိဿ. . . သင်သည် မဟာစေတီ၌ မပြီးသမျှ အလုံးစုံသော ကိစ္စကို ရိုသေကောင်းမွန်စွာ ပြီးစေပါလော့၊ နံနက်အခါ ညဉ့်အခါတို့၌ ဤမဟာစေတီတော်ဝယ် ဆွမ်း၊ပန်း၊ ရေချမ်း ကပ်လှူခြင်း၊ မင်္ဂလတူရိယာသံဖြင့် ပူဇော်ခြင်းကို ပြုရစ်လော့၊ ငါသည် ဘုရားရှင်တို့၏ သာသနာတို့၌ အကြင်အလှူဝတ်ကို စီရင်အပ်၏။ ထိုအလှူဝတ်ကိုလည်း မပျက်မယုတ်အောင် အားထုတ်ရစ်လော့၊ သံဃာတော်တို့၏ ကိစ္စ၌ မမေ့မလျော့ရစ်ပါလင့်" ဟု မှာဆိုပြီးလျှင် ဆိတ်ဆိတ်နေတော်မူ၏။

## နတ်ရထားခြောက်စင်း

ထိုအခါ ရဟန်းသံဃာတော်တို့လည်း အပေါင်းသရဇ္ဈာယ်ခြင်းကို ပြုတော်မူကြ၏၊ ထိုအခါ နတ်ရွာခြောက်ထပ်မှ နတ်ရထား ခြောက်ဆူတို့သည် ဆိုက်ရောက်လာ၍ ရထား၌ပါသော နတ်တို့က "အရှင်မင်းကြီး ကျွန်ုပ်တို့၏ နတ်ပြည်သည် မွေ့လျော်ဖွယ် ရှိ၏၊ ထိုနတ်ပြည်သို့ ရောက်ခြင်းငှာ ဤရထား၌ စီးတော်မူပါ" ဟု အသီးသီး လျှောက်ကြ၏၊ မင်းကြီးလည်း ထိုနတ်တို့၏ စကားကိုကြား၍ "အမောင်တို့ ငါသည် တရားနာလိုသေး၏၊ ထိုမျှလောက် ငံ့ပါဦးလော့" ဟု ဆိုခြင်းငှာ လက်ဝါးကာခြင်းကို ပြု၏။ သံဃာတော်တို့လည်း တရားသရဇ္ဈာယ်ခြင်းကို တားမြစ်သည်ထင်မှတ်၍ ရပ်ကြကုန်၏၊ မင်းကြီးကလည်း အဘယ့်ကြောင့် ရပ်ပါသနည်း" ဟု မေး၏၊ (မင်းကြီးက) ရပ်စေလိုသောကြောင့် အမှတ်ပေးသည်ထင်၍ ရပ်သည် ဟု သံဃာတော်တို့က ပြောလျှင် "အရှင်ဘုရားတို့ တရားရွတ်သည်ကို ရပ်စေလို၍ အမှတ်ပေးသည် မဟုတ်ပါ၊ ရထားခြောက်ဆူဖြင့် လာ၍ နတ်တို့ တောင်းပန်သည်ကိုသာ သည်းခံပါဦး" ဟု အမှတ်ပေးကြောင်းကို ဆိုပေ၏၊

ထိုစကားကိုကြားသော် အချို့သောသူတို့က ထိုမင်းကြီးသည် သေဘေးမှ ကြောက်သောကြောင့် တောက်တီးမြည်တမ်းသည်ဟု အောက်မေ့ကြကုန်၏၊ ထိုသူတို့ယုံမှားခြင်း၊ ပျောက်စိမ့်သောငှာ အဘယမထေရ်က ဤသို့ဆို၏၊ "မင်းမြတ်. . . သင်၏အလို့ငှာ ရထားရောက်လာသည်ကို ဘယ်သို့ သိနိုင်ပါအံ့နည်း" ဟု မေး၏။ မင်းကြီးကလည်း "အရှင်ဘုရား ပန်းကုံးကို ဤအရပ်မျက်နှာသို့ ပစ်လော့ " ဟု ဆို၍ ပစ်စေ၏၊ ထိုပန်းကုံးတို့သည် ရထားလှည်းသံတို့၌ အသီးသီး ငြိလေကုန်ရကား တွဲရရွဲဆွဲလျက် တည်ကုန်၏၊ ထိုသို့ ကောင်းကင်၌ တွဲရရွဲဆွဲသည်ကို မြင်မှ လူအများတို့ သံသယ ကင်းကုန်သတည်း၊

မင်းကြီးသည် အဘယမထေရ်ကို ဤသို့ လျှောက်ဆို၏၊ " အ ရှင်ဘုရား. . . ခြောက်ပါးသော နတ်ရွာတို့တွင် အဘယ်နတ်ရွာသည် သာ၍ မွေ့လျော်ဖွယ် ရှိပါသနည်း၊"ဟု မေး၏၊ မထေရ်မြတ်လည်း "မြတ်သောမင်းကြီး. . . . ဘုရားဖြစ်ထိုက်သောအခါကို ကြည့်မျှော်ကာနေသော ကြီးမားသော ကရုဏာတော်ရှိသော မေတ္တေယျဘုရားအလောင်းသည် တုသိတာနတ်ပြည်၌ နေ၏၊ ထို့ကြောင့် တုသိတာ နတ်ပြည်သည် မွေ့လျော်ဖွယ် ရှိသည်ဟူ၍ သူတော်ကောင်းတို့ ချီးမွမ်းကြသည်"ဟု ဆိုပေ၏၊ မင်းကြီးလည်း မထေရ်မြတ်စကားကို ကြားရသော် မဟာစေတီကို ရှုမျှော်ကာ လျောင်းလျက်သာလျှင် မျက်စိမှိတ်တော်မူ၏၊ထိုခဏ၌စုတေ၍ တုသိတာနတ်ပြည်မှ လာသော ရထား၌ ဥပပတ်နတ်၏ကိုယ်သည် ထင်ရှားဖြစ်လေ၏၊ မိမိပြုအပ်သော ကောင်းမှုကံ၏ အကျိုးတရားကို ထင်ရှားစိမ့်သောငှာ နတ်၏တန်ဆာတို့ဖြင့် အလွန်တင့်တယ်သော ကိုယ်ကို လူအများတို့အား ထင်ရှားပြလျက် မဟာစေတီကို လက်ယာရစ် သုံးပတ်လည်၍ စေတီ အားလည်းကောင်း၊ သံဃာတော်တို့အား လည်းကောင်း ရှိခိုးပြီးမှ တုသိတာနတ်ပြည်သို့ တက်တော်မူလေ၏၊

မကုဋမုဋ္ဌ

မဟာစေတီသို့ ပူဇော်ခြင်းငှာ မင်းကြီး၏ မောင်းမ၊ တခြေသည်တို့ လာသည်တွင် အကြင်အရပ်၌ မကိုဋ် ဆံထုံး စသည်ကို ဖြေချွတ်ကုန်၏၊ ထိုအရပ်၌ တည်ဆောက်သော ဇရပ်ကြီးသည် " မကုဋမုတ" ဇရပ်မည်သည်။

ရာဝဝဋ္ဋိ၊ ရာဇမာလ

မင်း၏အလောင်းကို ထမ်းပုံထက် တင်ထား၍ အများလူတို့ ကြည့်မျှော်လျက် ပူဇော်ငိုကြွေးရာ၌ ဆောက်အပ်သော ဇရပ်သည် ရာဝဝဋ္ဋိ ဇရပ်မည်သည်၊ စေတီကိုမြင်ရာဌာန သိမ်၏အပြင်ဖြစ်သော တန်ဆောင်း၌ မင်း၏အလောင်းကို သဂြိုဟ်၏၊ ထိုဌာနသည် " ရာဇမာလ " ဟု တွင်သတည်း။

ရဟန္တာအရှင်တို့ ဗျာဒိတ်

ဤဒုဋ္ဌဂါမဏိ အဘယမင်းကြီးသည်ကား နောင်ပွင့်လတ္တံ့သော (မေတ္တေယျဘုရား) ၏ လက်ယာရံ အဂ္ဂသာဝက ဖြစ်လတ္တံ့၊ မင်း၏ညီတော် သဒ္ဓါတိဿမင်းကား လက်ဝဲရံ အဂ္ဂသာဝက ဖြစ်လတ္တံ့၊ မင်း၏ ခမည်းတော်ဖြစ်သော ကာကဝဏ္ဏတိဿမင်းကား မေတ္တေယျဘုရား၏ ခမည်းတော်ဖြစ်လတ္တံ့၊ မင်းမယ်တော် ဝိဟာရဒေဝီ မိဖုရားကား မေတ္တေယျဘုရား၏ မယ်တော် ဖြစ်လတ္တံ့၊ ဒုဋ္ဌဂါမဏိမင်း၏ သားတော်ဖြစ်သော သာလိကုမာရ မင်းသားကား မေတ္တေယျဘုရား အလောင်း၏ သားတော် ဖြစ်လတ္တံ့၊ ဤသို့ ရဟန္တာအရှင်တို့ မိန့်ဆိုသော ဗျာဒိတ်သံကို ခံရသော ပုဂ္ဂိုလ်တို့တည်း။

ခြင်္ချ

ဤဒုဋ္ဌဂါမဏိမင်းကြီးသည် ကျေးမင်းတို့အား စစ်တိုက်ခြင်းကြောင့် များစွာသော အကုသိုလ်ကံကို ပြုမိငြားသော်လည်း၊ ထိုအကုသိုလ်တရားတို့သည် အခြားမဲ့သောဘဝ၌ အကျိုးပေးမဖြစ်သော အနိယတကံသာဖြစ်၍ များစွာအားသစ်သော ကုသိုလ်ကံတရားသည် တားမြစ်ပိတ်ပင်၍ ခြောက်ခွင်သော နတ်ပြည်ကို မိမိ၏အိမ်ကဲ့သို့ ရောက်ဝင်နိုင်သည်ကို သက်သေထားသဖြင့် များစွာသော ပညာရှိ သူတော်ကောင်းတို့သည်လည်း၊ ကောင်းမှုပုညတို့ကို အားထုတ်ကြရာသည်။

## လောဟပါသာဒ ပြာသာဒ် မီးလောင်၍ နောက်ဆပ်

## ပြုပြင်ရခြင်းအကြောင်း

**သဒ္ဓါတိဿမင်း ကောင်းမှုကိုယ်သိုလ်**

သဒ္ဓါတိဿမင်းသည် အဘိသိတ်ခံပြီးသော် မဟာစေတီတော်၌ ထီးတင်ခြင်းကို လည်းကောင်း ပြုတော်မူသည်။ ဒုဋ္ဌဂါမဏိမင်းကြီး ဆောက်လုပ်ခဲ့သော လောဟပါသာဒသည် ဆီမီးထွန်းရာမှ မီးလောင်လေသောကြောင့်သဒ္ဓါတိဿမင်း တဖန်ထပ်မံ၍ ဘုံခုနစ်ဆင့်ရှိသော လောဟပါသာဒကို ပြုလုပ်ရသည်။ အဖိုးကိုးသန်းမျှ ကုန်သတည်း။ ထိုမင်းသည် ကုဋ္ဋာလကျောင်းကို လည်းကောင်း၊ ဒုဗ္ဗလဝါပိတိဿ ကျောင်းကို လည်းကောင်း၊ ကလမ္ဗကျောင်းကို လည်းကောင်း၊ ပေတ္တင်္ဂဝါလိကကျောင်းကို လည်းကောင်း၊ ဝေလင်္ဂဝိဋ္ဌိကကျောင်းကို လည်းကောင်း၊ ဒုရတိဿကဝါပိကျောင်းကို လည်းကောင်း၊ မာတုဂါ...ရ ကျောင်းကို လည်းကောင်း၊ အနုရာဓမြို့မှစ၍ ဒီဃဝါပိအရပ်တိုင်အောင် တစ်ယူဇနာလျှင် တစ်ဆောင် တစ်ဆောင်စီ သောကျောင်း၊ တစ်ခု တစ်ခုသော ဥယျာဉ်တို့ကို ပြုတော်မူသည်။ ဒီဃဝါပိအရပ်၌ ...ား ...တီနှင့်တကွသော ကျောင်းကြီးကို ပြုစုစေသည်။ ထိုစေတီ၌ အထူးထူးသော ရတနာကွန်ယက် လွှမ်းလေသည်။ ကွန်ယက် အစပ်တိုင်း အစပ်တိုင်း၌ ရထားဘီးပမာဏရှိသော ရွှေပန်းဖြင့် ပြုစေသတည်း။

ဘုရားဟောတော်မူသော ဒေသနာသည် ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်သော ပူဇော်ခြင်းကို ပြုစေသည်။ ဤသို့လျှင် သဒ္ဓါတိဿမင်းသည် များစွာသော ကောင်းမှုတို့ကို ဆည်းပူးလျှက် တစ်ဆယ့်ရှစ်နှစ် မင်းပြု၍ စုတေသောအခါ တုသိတနတ်ပြည်၌ ဖြစ်လေသတည်း။

**သားတော်လေးယောက်**

ထိုသဒ္ဓါတိဿမင်းအား လဥ္ဇကတိဿ မင်းသားတစ်ယောက်၊ ထူလတ္ထန မင်းသားတစ်ယောက်၊ ခလ္လဋနာဂ မင်းသားတစ်ယောက်၊ ဝဋ္ဋဂါမဏိ မင်းသားတစ်ယောက် ဤလေးယောက်သော သားတော်တို့လည်း ရှိ၏။ ထိုလေးယောက်တို့တွင် အကြီးဆုံးဖြစ်သော လဥ္ဇကတိဿ မင်းသားသည် ဂိရိကုမ္ဘိလ မည်သော ကျောင်းကို ဆောက်၏။ ထူလတ္ထန မင်းသားသည် ကန္ဒရမည်သော ကျောင်းကို ဆောက်၏။ သဒ္ဓါတိဿ မင်းသားသည် နောင်တော်အရိပ်အရာကို ခံခြင်းငှာ အနုရာမြို့သို့ လာသောအခါ အငယ်ဖြစ်သော ထူလတ္ထန မင်းသားသည် ခမည်းတော်နှင့်အတူ ပါလာ၏။ သားကြီး လဥ္ဇကတိဿကား ဒီဃဝါပိ၌ နေရစ်ရ၏။

**နန်းသက်ရက် ခလေးဆယ်**

သဒ္ဓါတိဿမင်း နတ်ရွာစံသောအခါ မှူးမတ်တို့သည် သံဃာတော်တို့အား စည်းဝေးပြီးလျှင် ဘယ်သူ့ကို မင်းမူစေအံ့နည်းဟုလျှောက်ကုန်၏။ သံဃာတော်တို့ကလည်း ထူလတ္ထနမင်းသားကို ဩွန်ပြ ကြသဖြင့် ထူလတ္ထနမင်းကိုပင် နန်းတင်၍ အဘိသိက်သွန်းကုန်၏။

**လဥ္စကတိဿသမင်း**

တစ်လနှင့်ဆယ်ငါးရက်ခန့် ရှိသောအခါ နောင်တော်လဥ္စကတိဿမင်းသည် လာလတ်၍ ညီတော်ကို နှန်းကချပြီးလျှင် မိမိပင် မင်းပြု၏။ သံဃာတော်တို့အားလည်း ဤရဟန်းတို့သည် ကြီးစဉ်ငယ်လျှောက် ခွင့်မပြုကုန်ဟု အပျက်ရှိ၍ ပူဇော်မြဲသောဝတ်ကို ဖျက်လေကုန်၏။ သုံးနှစ်ရှိမှ အမျက်ပြေ၍ ရှိသေစွာ သံဃာတော်တို့အား ကန်တော့ပြီးလျှင် ဒဏ်ထမ်းခြင်းငှာ မဟာစေတီ၌ အသပြာသုံးသိန်းတို့ကို လှူ၍ ကျောက်ဖြင့်ပြီးသော ပန်းသုံးဆင့်တို့ကို ပြုစေ၏။ ထိုမှတစ်ပါး မဟာစေတီတော်နှင့် ထူပါရာမ စေတီ၏ အကြား၌ မြေကိုညီညွတ်စွာပြု၍ တံတားကိုလည်း ခင်းပေ၏။ ထူပါရာစေတီကိုလည်း ကျောက်ဖြင့်သွန်း၍ တည်ပေ၏။ ထိုထူပါရာမစေတီ၏ အရှေ့ဖက်၌ ကျောင်းစေတီကို လည်းကောင်း၊ စေတီယတောင် ကျောင်း၌ လည်း အသပြာတစ်သိန်းကုန်အောင် ကဏ္ဍက စေတီတော်ကို ကျောက်ဖြင့် လွှမ်းထပ်ပေ၏။ ထိုမင်းသည် ဂိရိဂါမ္ဗိလမည်သော ကျောင်းကို အနုမောဒနပြုသောအခါ ခြောက်သောင်းသော ရဟန်းတို့အား သုံးထည်သော သင်္ကန်းတို့ဖြင့် လှူဒါန်းပူဇော်၏။

**လဥ္စကမင်း နတ်ရွာစံခြင်း**

အရိဋ္ဌကျောင်း၊ ကန္ဒဟိနကမည်သော ကျောင်းကိုလည်း ဆောက်ပေ၏။ ခရီးသွား ရဟန်း တို့အား ဆေးအလှူ ရဟန်းမိန်းမတို့အား မြဲသောဆန်ဝတ်အလှူကိုလည်း ပြုပေ၏။ ဤလဥ္စကတိဿမင်းသည် ကိုးနှစ်နှင့်လခွဲပတ်လုံး မင်းပြု၍ လွန်တော်မူ၏။

**ခလ္လာဋနာဂမင်း**

ထိုမင်းလွန်သော် မင်း၏ညီတော်ရင်းဖြစ်သော ခလ္လာဋနာဂမင်းသည် နန်းတက်၍ မင်းပြုတော်မူ၏။ ထိုမင်းသည် ဘကြီးတော် ဒုဋ္ဌဂါမဏိမင်း၊ ခမည်းတော် သဒ္ဓါတိဿမင်းတို့ ပြုလုပ်ခဲ့သော လောဟပါသာဒ ပြာသာဒ်ကို တင့်တယ်စေခြင်းငှာ အခြံအရံဖြစ်သော သုံးဆယ့်နှစ်ဆောင်သော ပြာသာဒ်တို့ကို ပြုစေသည်။ ဟေမမာလီမည်သော မဟာစေတီ၏ အရှေ့မျက်နှာ၌လည်း ပျဉ်ခင်း၍ တံတိုင်းအရံကိုလည်း ပြုစေသည်။ ကုရုန္ဒပါသကကျောင်းကိုလည်း ဆောက်လုပ်လှူဒါန်းသည်။ ဤမှတစ်ပါး များစွာသော ကောင်းမှုကိုလည်း ပြုတော်မူသည်။

**စစ်သူကြီးမင်း**

မင်းဖြစ်၍ ခြောက်နှစ်ရှိသောအခါ ပြဖွယ်ရေးရာကို စီရင်စေသော ထိုမင်း၏ စစ်သူကြီး မဟာရတ္တက သည် ခလ္လာဋမင်းကိုဖမ်း၍ မိမိ မင်းပြုလေ၏။

## ဝင္ကဂါမဏိမင်းလက်ထက် ဗြာဟ္မဏတိဿသူပုန်နှင့် ကျေးကုလားတို့ ရန်စစ်ပြုခြင်းအကြောင်း

**ဝဋ္ဋာမဏိမင်း**

ထိုအကြောင်းကို ခလ္လာဋမင်း၏ ညီတော်ဖြစ်သော ဝင္ကဂါမဏိမင်းသားကြားလျှင် သူရဲသူခက်တို့နှင့် ရှုတ်ချည်းလာ၍ မင်းအားပြစ်မှားသော စစ်သူကြီးကို ဖမ်း၍သတ်ပြီးမှ ထီးနန်းကိုသိမ်း၍ မင်းပြုပေ၏။ ခလ္လာဋမင်း၏မိဖုရား အနုလဒေဝီကိုလည်း မိဖုရားမြှောက်၍ ၎င်းသား မဟာစူဠိက မင်းသားကိုလည်း ပြုစုချီးမြှောက်ပေ၏။ နန်းမွေဖြစ်သော မဟာစူဠိကမင်းသား၏ အဖအရာ တည်သောကြောင့် ထိုဝင္ကဂါမဏိမင်းကို ပိတုရာဇာဟူ၍လည်း ခေါ်ကြကုန်၏။

**ဗြဟ္မဏတိဿ**

ဝင္ကဂါမဏိမင်း အဘိသိက်ခံ၍ ငါးလရှိသောအခါ ကုလနဂရ၌ နေသော ပုဏ္ဏား၏ သားဖြစ်သော တိဿအမည်ရှိသော သူတစ်ဦးသည် ငယ်စဉ်အခါက နက္ခတ်ဆရာဖြစ်သော ပုဏ္ဏားက " သင်သည် ဤသီဟိုဠ်ကျွန်း၌ မင်းဖြစ်လတ္တံ့" ဟူ၍ ဆိုဖူးသောစကားကို ယုံကြည်လှသဖြင့် မိမိနှင့်သဘောတူသော လူသွမ်းတို့ကို ရုံးစု၍ အများရသောအခါ (ဗြာဟ္မဏတိဿ) ဟူသော အမည်ကိုခံလျက် ရွာကြီးရွာငယ်တို့၌ လုယက်၍ ဥစ္စာတို့ကို ရုံးစု၏။ ရုံးစုပြီးသော် အနုရာဓမြို့ကို စစ်ပြုခြင်းငှာ ချီလာ၍ ဝင္ကဂါမဏိမင်း၏ ထံသို့ တမန်စေလွှတ်၍ ထီးနန်းကိုသော်လည်းကောင်း အပ်ရမည်၊ စစ်ထိုးလိုသော်လည်း ထိုးရမည်ဟု တမန် စေလိုက်၏။

**ကျေးမင်းဆက် ၇ ဦး**

ဒမိဠကျေးမင်း၏ အဆက်ဖြစ်ကုန်သော ကျေးမင်းခုနစ်ဦးတို့သည် ဗိုလ်ပါအရုံနှင့်တကွ မဟာတိတ္ထသို့ ရောက်လာ၍ ငါတို့အား စစ်ထိုးလိုသော်လည်းထိုး၊ မထိုးလိုလျှင် ထီးနန်းကိုအပ်ရမည်ဟု တမန်စေလိုက်ပြန်၏။

ဝင္ကဂါမဏိမင်းလည်း နီတိကျမ်း၌ လိမ္မာသူဖြစ်၍ ဗြာဟ္မဏတိဿ ခိုးသားအား ဤသို့စကား ပြန်လိုက်ရ၏။ "အဆွေဗြာဟ္မဏတိဿ၊ သင်မူကား ဤကျွန်းသားလည်း ဖြစ်သည်၊ ရတနာသုံးပါးကိုလည်း ကိုးကွယ်သူဖြစ်၍ အယူတူကြသည်။ ထိုကြောင့် သင့်အား ထီးနန်းကို အပ်နိုင်ပါ၏။ ယခု ကျေးမင်းခုနစ်ဦး တို့က စစ်ပြုမည်ဟု ရောက်လျက်ရှိပါသည်၊ ဤ ကျေးမင်းတို့ကိုသာ နိုင်အောင်တားဆီးပါ " ဟု မှာလိုက်၏။ ဗြာဟ္မဏတိဿလည်း မှာစာရောက်၍ ဝမ်းမြောက်စွာလျက် ရောက်လာသော ကျေးမင်းတို့အား စစ်ထိုး လေ၏။ ယင်းသို့ စစ်ထိုးကြရာ၌ ဗြာဟ္မဏတိဿကို ကျေးမင်းတို့က သတ်ရလေသတည်း။

**ဝဋ္ဋဂါမဏိမင်း အရေးမသာ**

ဗြာဟ္မဏတိဿကို အောင်ပြီးသော် ဝဋ္ဋဂါမဏိမင်းကြီးအား စစ်ထိုးခြင်းငှာ ချီကြလာ၏။ မင်းကြီးလည်း ဗိုလ်ပါနှင့်တကွ မြို့မှထွက်၍ ကောဠမ္ဗာလကရွာ၏အနီး၌ စစ်ထိုးကြသော် ဝဋ္ဋဂါမဏိ မင်းသားသည် ရှုံးချေရကား ရထားစီး၍ တိတ္ထိတို့၏ကျောင်းအနီးဖြင့် ပြေးရလေ၏။

ဤတိတ္ထိတို့၏ကျောင်းကား ပဏ္ဍုကာဘယမင်းသည် တည်လုပ်ခဲ့သော ကျောင်းတည်း။ ထိုအခါမှစ၍ မင်းနှစ်ဆယ့်တစ်ဆက် တိုင်အောင် တပည့်စဉ်ဆက် မပြတ်သည်ဖြစ်၍ တည်သတည်း၊ ထိုတိတ္ထိတို့၏ ကျောင်းတံခါး၀၌နေသော ဂိရိမည်သော နိဂဏ္ဌသည် ပြေးလာသောမင်းကို မြင်လျှင် မဟာကာလ သီဟိုဠ်သည် စစ်ရှုံး၍ ပြေးလာသတည်းဟု ကျယ်စွာသော အသံဖြင့် ကြွေးကြော်၏၊ ထိုအသံကို ကြားသော် ဝဋ္ဋဂါမဏိမင်းက မသူတော်မှန်းသိ၍ ငါသည် အလိုပြည့်သည်ရှိသော် ဤအရပ်၌ ရဟန်းကောင်းတို့၏ ကျောင်းကို တည်စေအံ့ဟုကြံခဲ့၏။

**တစ်ရပ်မှတစ်ရပ်သို့**

ဝဋ္ဋဂါမဏိမင်းလည်း စစ်ထိုးထွက်စကပင် စစ်ရှုံးမည် နိုင်မည်ကို မသိသာချေတကား၊ ငါ၏မိဖုရား နှစ်ဦးကို လည်းကောင်း၊ သားတော်နှစ်ယောက်ကို လည်းကောင်း စောင့်ရှောက်အပ်လှသည်ဟု နှလုံးသွင်း၍ ကိုယ်ဝန်ရှိသော အနုဠာဒေဝီမိဖုရားကို သားတော်မဟာစူဠမင်း၊ မဟာနဂမင်းနှင့်အတူပင် ရထားစီးစေ၍ သောမဒေဝီ မိဖုရားကိုကား ရထားပေါ့စိမ့်သောငှာ ခြေဖြင့်လိုက်စေ၍ ယူဆောင်ခဲ့သတည်း။

မိမိကိုးကွယ်၍ထားသော သုမဏသာမဏေ ဆောင်ခဲ့သောဘုရားသခင် သပိတ်တော်ကိုကား မယူမိခဲ့ချေ။ မင်းကြီးလည်း ထိုမိဖုရားနှစ်ပါး သားတော်နှစ်ဦးနှင့်တကွ ပြေးခဲ့၍ ဝဿဂိရိတောကျောင်း အနီးဖြစ်သော တောအုပ်၌ ပုန်းရလေ၏။ ထိုအခါ ကျောင်း၌နေသော ကုပိက်လမဟာတိဿ ဇထေရ်သည် ပုန်းနေသော မင်းကိုမြင်၍ ဆွမ်းဦးယူပြီးသော် ဆွမ်းတို့ဖြင့် ပေးကျွေးပေ၏။ မင်းကြီးလည်း ဝမ်းမြောက်ဝမ်းသာစားပြီးမှ ဆတ်သွားရွက်၌ စာရေး၍ ကျောင်းသံဃာတို့၏ အသုံးအဆောင်ကို လှူခဲ့၏။

**မထေရ်ထံ ၁၄ နှစ်ခိုအောင်းခြင်း**

ထိုမှသည် တစ်ဖန်သွားပြန်၍ ကျောက်ရေကန်ရှိသော သိလာသောဗ္ဗကဏ္ဍကရွာ၌ နေ၍၊ ထိုမှသည် တဖန် သွားပြန်၍ သောမဂလ္လရွာ၏အနီးသို့ ရောက်၏၊ ထိုအခါ ရှေ့ကမစဖူးသော ကုပိက်လမထေရ်ကို တွေ့ပြန်၏။ မထေရ်လည်း မိမိ၏တပည့်ရင်းဖြစ်သော တနသိဝမထေရ်အား ဤမင်းကြီးကို ကောင်းစွာ စောင့်မရစ်လေ့ဟူ၍ အပ်ထား၏။ ဝဋ္ဋဂါမဏိမင်းလည်း ထိုတနသိဝမထေရ်၏ ကျွေးမွေးမစခြင်းခံလျက် မထေရ်ထံ၌သာလျှင် တစ်ဆယ့်လေးနှစ်ပတ်လုံး နေရလေ၏။

**သောမဒေဝီနှင့် သပိတ်တော်**

ကျေးမင်းခုနစ်ယောက်တို့တွင် တစ်ယောက်သော ကျေးမင်းသည် ရာဂဖြင့်ယစ်ခြင်းကို ဆောင်လတ်သော် သောမဒေဝီမိဖုရားကို မြင်လျှင်တပ်စွန်းသောစိတ် ရှိလှသည်ဖြစ်၍ ထိုသောမဒေဝီ မိဖုရားကို ယူ၍ ထိုမှာဘက်သို့ ကူးလေ၏၊ တစ်ယောက်သောကျေးသည် အနုရာဓမြို့၌ ကျန်ရစ်သော ဘုရားသပိတ်တော်ကို ယူလေ၍ ထိုမှာဘက်သို့ ပြန်လေ၏။

**တစ်ယောက်သတ် တစ်ယောက်တက်**

ငါးယောက်သော ကျေးတို့တွင် ပုဠဟတ္ထမည်သော ကျေးသည် ဗာတိယ မည်သောကျေးကို စစ်သူကြီးပြု၍ အနုရာဓမြို့၌ သုံးနှစ်ပတ်လုံး မင်းပြု၏၊ သုံးနှစ်စေ့သောအခါ ထိုဗာဟိယစစ်သူကြီးသည် ပုဠဟတ္ထကို သတ်၍ နှစ်နှစ်ပတ်လုံး မင်းပြု၏။ ထိုဗာယဟိယကျေး၏ စစ်သူကြီးကား ပဏာယမာရအမည်ရှိ၏။ ပဏာယမာရ စစ်သူကြီးလည်း ဗာဟိယကျေးမင်းကိုသတ်၍ ခုနစ်နှစ်ပတ် လုံးမင်းပြု၏၊ ထိုပဏာယမာဂဒင်း၏ စစ်သူကြီးကား ပိဠယာမရကျေးတည်း။ ထိုစစ်သူကြီးလည်း ပဏာယမာရကျေးမင်းကို သတ်၍ ခုနစ်နှစ်ပတ်လုံး မင်းပြု၏၊ ထိုပိဠယမာရ၏ စစ်သူကြီးကား ဒါဌိယကျေးတည်း၊ ထိုဒါဌိယစစ်သူကြီးလည်း ပိဠမာရကျေးမင်းကို သတ်၍ နှစ်နှစ်ပတ်လုံး မင်းပြု၏။ ဤငါးယောက်သော ကျေးမင်းတို့၏ မင်းပြုသောကာလသည် တစ်ဆယ့်လေးနှစ်နှင့် ခုနစ်လ တိုင်လေ၏။

**တိဿမထေရ်ကြောင့် မင်းပြန်ဖြစ်**

ဝဋ္ဋဂါမဏိသည် တောရွာ၌ ပုန်းအောင်း၍နေရာ မိဖုရား အနုဠာဒေဝီသည် မလယဇနပုဒ်သို့ ရိက္ခာအလို့ ငှာသွားသည်တွင် ရွာသူကြီးဖြစ်လေသော တနသီဝ၏ မယားသည် မိဖုရား၏ ခေါင်းရွက်သောတောင်းကို ခြေဖြင့်ခတ်၏၊ အနုဠာဒေဝီသည် အမျက်ထွက်၍ငိုလျှက် မင်း၏ထံသို့ကပ်၏။ သူကြီးတနသီဝလည်း ရန်ဖြစ်ကြသော အသံကိုကြားလေသော် သားမယားနှင့်တကွ မင်းကိုသတ်ခြင်းငှာ ဓားလက်နက်စွဲကာ ထွက်လာ၏၊ ဝဋ္ဋဂါမဏိမင်းလည်း မိဖုရားနှင့်တကွ သားနှစ်ယောက်ကိုယူ၍ အိမ်မှထွက်ပြီးလျှင် မိမိသို့ ရှေးရှုလာသော တနသီဝကို ငါကား သဒ္ဓါတိဿမင်း၏သား ပိတုမင်းဟူ၍ မသိလောဟု ကြုံးဝါးလျှက် လေးဖြင့်ပစ်၍ သတ်လေ၏၊ ထို့နောက်မှ စွမ်းပကား ရှိကုန်သော သူတို့ကို ရွေးကောက်၍ ချီးမြှောက်လေသဖြင့် အမတ်ရှစ်ယောက် တို့ကိုလည်းကောင်း များစွာသော အခြံအရံတို့ကို လည်းကောင်း ရလေ၏၊

ယင်းသို့ ဗိုလ်ပါရသောအခါ ကုမ္ဘိလက မဟာတိဿထေရ်၏ထံသို့ သွားလေ၏၊ အစ္ဆဂလ္လကျောင်း အာကာသတောင်၌ ဘုရားအားပူဇော်ခြင်းကို ပြု၏၊ ထိုအခါမိမိနှင့် အတူပါလာသော ကပိသီသအမတ်သည်

စေတီကိုပူဇော်၍ တောင်မှဆင်းသက်လေသော ဝဋ္ဋဂါမဏိမင်းလည်း စေတီကိုပူဇော်ခြင်းငှာ မိဖုရားနှင့်တကွ တက်လာသည့်နှင့်ဆိုင်မိ၍ ထိုင်ကာနေသည်ကို မဝပ်ကောင်းလောဟု အမျက်ထွက်၍ ကပိသီသအမတ်ကို သတ်လေ၏၊ ထိုအကြောင်းကို မြင်ကြသော် ကြွင်းသော အမတ်ခုနစ်ယောက်တို့သည် ဤမင်းကား မာန်ခက်ထန်စွဟု ရွံရှာကြသည် ဖြစ်၍ မိမိ၏ အခြံအရံနှင့်တကွ ခွာခဲ့ကြလေ၏။

ခရီးအကြား ဟမ္ဗုဂလ္လက ကျောင်းသို့ရောက်၍ နိကာယ်လေးရပ်ကို ဆောင်သော တိဿမထေရ်ကို တွေ့လေလျှင် ထိုအရှင်က အဝတ်၊ တင်လဲ၊ ဆီ၊ ဆန်အစရှိသော စားနပ်ရိက္ခာ ရှိသည်ကိုထောက်၍ စားသောက်စေပြီးမှ သင်အမတ်ကြီးတို့သည် အဘယ်သို့ သွားကြအံ့နည်း ဟု မေး၏၊ အမတ်တို့တလည်း ဝဋ္ဋဂါမဏိမင်းနှင့်အတူ မြို့ကိုသိမ်းယူမည် ကြံသော်လည်း မင်းသည် မာန်ခက်ထန်သောကြောင့် ရွံရှာကြရကား ကျေးမင်း၏အထံသို့ သွားမည်ဟု အကြံရှိကြောင်းကို ပြောကြ၏။ မထေရ်ကလည်း ဝဋ္ဋဂါမဏိမင်း ကျေးမင်းနှစ်ဦးသားတို့တွင် မင်းဖြစ်သော် ဘယ်သူသည် ဘုရားသာသနာကို ချီးမြှောက်ရာသနည်း ဟု မေးလေ၏။ ကျေးမင်းက မချီးမြှောက် ဝဋ္ဋဂါမဏိမင်းကား ချီးမြှောက်ရသည်ဟု လျှောက်လျှင် ယင်းသို့ ဖြစ်တပြီကား ဝဋ္ဋဂါမဏိမင်း၏ ဘက်ကသာ ကူညီလော့ဟု ဆို၏။

ထိုအမတ်တို့သည်လည်း မင်း၏ထံသို့ မပြန်ဝံ့ကြောင်းကိုဆိုလျှင် ငါတို့စေ့စပ်မည်ဆို၍ အမတ်ခုနစ်ယောက်ကို ခေါ်ပြီးမှ ကုတ္တိက္ကုလ မဟာတိဿထေရ်၊ ဟမ္ဗုဂလ္လက မဟာတိဿထေရ် နှစ်ပါးတို့သည် မင်း၏အထံသို့ စေ့စပ်ပြောဆိုကာ သစ္စာပြု၍ ပေါင်းကြစေ၏။ မင်းနှင့်အမတ်တို့ သင့်မြတ်ကြပြီးလျှင် အရှင်မြတ်သည် အကျွန်ုပ်တို့ ပင်သောအခါ ကြွတော်မူပါဟု လျှောက်ခဲ့၍ အနုရာဓမြို့သို့ ရွေ့ရှုလာကြ၏။ ရောက်သောအခါ မင်းပြုကာနေသော ဒါဌိကကျေးမင်းကို ဖမ်း၍ သတ်ပြီးမှ ဝဋ္ဋဂါမဏိမင်းသည် မင်းပြုတော်မူ၏။

**အဘယဂိရိကျောင်းတည်ခြင်း နှင့်ပိဋကတ်သုံးပုံကို**

**ပေထက်အက္ခရာတင်ခြင်းအကြောင်း**

**အဘယဂိရိကျောင်း**

ထိုမင်းသည် မင်းဖြစ်တော်မူလျှင် နိဂဏ္ဌတို့၏ ကျောင်းကိုဖျက်၍ ထိုအရပ်၌ ပရိဝုဏ် တစ်ဆယ့်နှစ်ခုရှိသော ကျောင်းကို ဆောက်လေသည်၊ ထိုကျောင်း၌ ရှေးဦးစွာ ကျေးဇူးပြုပေသော ဟမ္ဗုဂလ္လကတိဿ မထေရ်၊ ကုပိက္ကလမဟာတိဿ မထေရ်တို့ကို ပင့်၍ တင်လှူသည်။ ဂိရိအမည်ရှိသော တိတ္ထိတို့၏ အာရာမ်၌ ဆောက်သောကြောင့် အဘယဂိရိကျောင်းမည်သည်။ ဤကျောင်းသည် မဟာဝိဟာရကျောင်းကြီး တည်သည်မှ နှစ်ရာတစ်ဆယ့်ခုနစ်နှစ်နှင့် ဆယ်လမြောက်သောအခါ ဖြစ်သတည်း။

**သောမဝိဟာရ**

ဝဋ္ဋဂါမဏိမင်းလည်း မိဖုရား **သောမဒေဝီကို ခေါ်စေ၍** ထားတိုင်းသော နေရာ၌ ထားတော်မူ၏၊ ထို မိဖုရားသည် ရထားမှဆင်းသက်၍ တောအုပ်ဖြင့် ပြေးသောအခါ ထိန်ပွင့်နှင့်တူသော အပွင့်ရှိသောချုံ၌ ပုန်းအောင်း၍နေစဉ် သာမဏေတစ်ဦးသည် ပဿာဝမဂ်ကို လက်ဝါးဖြင့်ဖုံးဝှက်၍ ကျင်ငယ်သွားသည်ကို မြင်ရာအရပ်၌ ကျောင်းကိုဆောက်လုပ်၍ သံဃာတော်တို့အားလှူ၏၊ ထိုကျောင်းသည် သောမဝိဟာရ မည် သတည်း။

**သီလာသောဗ္ဘကကဏ္ဍ စေတီ**

မင်းကြီးလည်း မဟာစေတီ၏ မြောက်မျက်နှာ၌ မြင့်သော အကျည်ရှိသော သီလာသောဗ္ဘကကဏ္ဍက မည်သော စေတီကို တည်၏။

**ကျောင်း ၅ ဆောင်**

ခုနစ်ယောက်သော အမတ်တို့တွင် ဥတ္တိယမည်သော အမတ်သည် အနုရာဓမြို့၏ တောင်ဘက်၌ ဒက္ခိဏမည်သော ကျောင်းကိုဆောက်၏။ မူလမည်သော အမတ်သည်လည်း ထိုတောင်အရပ်၌ပင် မူလ မည်သောကျောင်းကို ဆောက်၏၊ ထိုကျောင်းသည် အမတ်၏အမည်ဖြင့် မူလဟူသောအမည် တွင်သတည်း။ သာလိယမည်သော အမတ်သည်လည်း သာလိယဟူသော ကျောင်းကိုဆောက်၏၊ ပဗ္ဗတ မည်သော အမတ်သည်လည်း ပဗ္ဗတမည်သော ကျောင်းကိုဆောက်၏၊ တိဿမည်သော အမတ်သည်လည်း မြို့၏ မြောက်မျက်နှာ၌ ဥတ္တရတိဿမည်သော ကျောင်းကိုဆောက်၏။

**ကျောင်းအလှူ**

ကျောင်းပြီးလတ်သော် ထိုအမတ်တို့သည် ဟမ္ဗုဂလ္လက မဟာတိဿမထေရ်သို့ကပ်၍ အရှင်ဘုရား တို့ကို ပဋိသန္ထာရ၏ အစွမ်းဖြင့် ကျွန်ုပ်တို့ ကျောင်းဆောက်ရပါကုန်သည်၊ ဤကျောင်းကို အရှင်တို့အား ကပ်လှူပါ၏ ဆို၍ လှူကြကုန်၏။ မထေရ်လည်း ထိုကျောင်းတို့၌ ထိုက်သည်အားလျော်စွာသော ရဟန်းသံဃာ တို့ကို နေစေကုန်၏၊ အမတ်တို့လည်း ပစ္စည်းလေးပါးတို့ဖြင့် လုပ်ကျွေးလှူဒါန်းကြ၏။ ဝဋ္ဋဂါမဏိမင်းကြီးလည်း မိမိဆောက်လုပ်သော အဘယဂိရိကျောင်း၌နေသော ရဟန်းတို့အား ပစ္စည်းလေးပါးတို့ဖြင့် များစွာ လုပ်ကျွေး ပြုစု၏၊ ထို့ကြောင့် ကျောင်း၌ရဟန်းတို့သည် များစွာဖြစ်ကုန်၏။

**အဘယဂိရိဂိုဏ်းခွဲ**

ကုပိက်လတိဿ မထေရ်သည်လည်း ဒါယကာတို့နှင့် ရောနှောခြင်းများသည်ဖြစ်၍ ထင်ရှားကျော် စော၏။ ထိုအခါ သံဃာတော်တို့သည် ကုပိက်လတိဿ မထေရ်အား ဂိဟိသံသဂ္ဂ ဒေါသကြောင့် မဟာ

ဝိဟာရဂိုဏ်းမှ ထုတ်ကြကုန်၏။ ထိုမထေရ်၏ တပည့်ဖြစ်သော ဗဟုလမဿုတိဿ မထေရ်သည်လည်း အမျက်ထွက်ရကား အဘယဂိရိကျောင်းသို့ သွား၍ အသီးဖြစ်သော အာစရိဝါဒပက္ခကိုဆောင်လျက် ဂိုဏ်း အသီးထောင်၍ နေလေ၏။ ထိုအခါမှစ၍ ထိုဆရာတပည့်နှစ်ဦးတို့သည် မဟာဝိဟာရသို့ မလာ မဝင်ကုန်၏။ ဓပထက်တင်

ဒက္ခိဏကျောင်း၌နေသော ရဟန်းတို့လည်း အဘယဂိရိကျောင်းနေ ရဟန်းတို့နှင့် ကွဲပြားကုန်၏။ ဤသီဟိုဠ်ကျွန်း၌ အရှင်မဟိန္ဒ ရောက်သည်မှစ၍ ဝဋ္ဋဂါမဏိမင်း၏ လက်ထက်တိုင်အောင် အဆက် ဆက်သော ဆရာတို့သည် ပိဋကတ်သုံးပုံဖြစ်သော ပါဠိတော် အဋ္ဌကထာကို နှုတ်ဖြင့်သာ ဆောင်ရွက်ခဲ့ကြ ကုန်၏။ စက္ကူထက်၊ ပေထက်၌ကား အနည်းငယ်သာ ရေးထားကြသည်။ ထိုမင်း၏ လက်ထက်၌ကား နောင်သောအခါ သတ္တဝါတို့၏ ပညာ၊ သတိ ဆုတ်ယုတ်ကြသဖြင့် မုခပါဌပြု၍ မဆောင်နိုင်အံ့သည်ကို ဆင်ခြင်မိရကား မင်းကြီးအား အကြောင်းကြားပြီးလျှင် အညီအညွတ် စည်းဝေးကြ၍ တရားတော်၏ မြင့်ရှည်စွာ တည်ခြင်း အကျိုးငှာ ပါဠိတော် အဋ္ဌကထာတို့ကို ပေထက်၌ ရေးတင်၍ ထားကုန်၏။

ဤသို့ ဆိုအပ်ပြီးသော အပြားဖြင့် ဝဋ္ဋဂါမဏိမင်းကြီးသည် တစ်ဆယ့်နှစ်နှစ်နှင့် ငါးလပတ်လုံး သာသနာတော်၏ အကျိုးစီးပွား၊ ပြည်သူ ပြည်သားတို့၏ အကျိုးစီးပွားကို များစွာ ရွက်ဆောင်ပေသတည်း။ ပညာမရှိသော စည်းစိမ်ဥစ္စာကို လွန်စွာမက်မောသော သူမိုက်တို့မူကား အလွန်ပြန့်သော စည်းစိမ်ချမ်းသာကို ရငြားသော်လည်း စီးပွားနှစ်ဖြာကို မရှာမကြံဘဲ စားရန်နှင့်သာ ပျောက်ပျက်စေကုန်၏။

### ဝသဘယမင်းအား အသက်ရှည်ရှည် နေရအံ့သောနည်းကို သံဃာတော်တို့ ဟောကြားညွှန်ပြခြင်း

**ဝသဘမင်း**

နားရှည်လူမျိုးသားဖြစ်သော အနုရာဓမြို့၏ မြောက်မျက်နှာ၌ နေသောဝသဘ အမည်ရှိသော သူသည် ဦးရီးတော်ဖြစ်သော စစ်သူကြီးအား ခစား၍နေ၏။ ထိုအခါ ပညာရှိသော ဟူးရာသမားတို့သည် ဝဘသ မည်သောသူသည် မင်းဖြစ်လတ္တံ့ဟု ဟောပြောကြ၏၊ ထိုစကားကို သုဘမင်းကြား၍ မင်းချင်းတို့အား လွှတ်ပြီးလျှင် သီဟိုဠ်ကျွန်း အလုံး၌ ဝသဘ အမည်ရှိသော သူဟူမျှကို ဖမ်း၍ သတ်စေ၏။ ထိုစစ်သူကြီးလည်း ဤဝသဘကို မင်းအားပေးကြကုန်ဟု ပေါတ္ထအမည်ရှိသော မယားနှင့်တိုင်ပင်၍ နံနက်စောစောကပင် အိမ်သို့ သွား၏။ ထိုစစ်သူကြီး၏ မယားသည် ထိုဝသဘကို ထုံးယူလွှတ်စိမ့်သောငှာ ထုံးမပါသော ကွမ်းထုပ်ကို ပေးလိုက်၏။

စစ်သူကြီးလည်း မင်းအိမ်တံခါးဝသို့ရောက်၍ ကွမ်းစားမည်ဟု ကြည့်လျှင် ထုံးမပါသည်ကို မြင်၍ သင်အိမ်သို့သွား၍ ထုံးယူချေဟု စေလိုက်၏။ ဝသဘ ထုံးယူလာသော် စစ်သူကြီး၏ မယားသည် " ဝသဘ၊ သင်၏ဦးရီးသည် သင့်အား မင်းကိုအပ်၍ သတ်စေလတ္တံ့၊ သင်သည် လွတ်အောင် ပြေးလော့"ဟု ဆို၍ အသပြာ တစ်ထောင်ပေး၍ ပြေးစေ၏။ ထိုဝသဘလည်း မဟာဝိဟာရ အရပ်သို့သွား၍ ကျောင်း၌ကပ်နေ၏၊ မထေရ်တို့ကလည်း နို့ ထမင်း အဝတ်တို့ဖြင့် ပေး၍ ချီးမြှောက်၏။

သူ့ကျေးဇူး

တစ်ရံသောအခါ ပညာရှိသော လူနူတစ်ယောက်သည် ဝသဘ၏ဇာတာကို တွက်စစ်၍ " သင်သည် မင်းဖြစ်လတ္တံ့" ဟု ဟောသောစကားကိုကြား၍ ဝမ်းမြောက်သောစိတ် ရှိရကား စွမ်းရည်သတ္တိရှိသော ယောကျ်ားတို့ကို ရုံးစု၏။ အတန်ရုံးစုမိသော် " မုန့်သည်မသားသည် မုန့်အနားကစ၍ စားရာသည် "ဟူသော စကားထုံးကို လက်သုံးပြုသဖြင့် မြို့စွန်ရွာစွန်မှ တစတစသိမ်း၍ နှစ်နှစ်ကြာသဖြင့် ဗိုလ်ပါ ဆင်၊ မြင်း၊ အားရှိသောအခါ အနုရာဓမြို့အနီးသို့ ချီလာ၍ ဝန်းရံ၏။ သုဘမင်းလည်း အလုံးအရင်းနှင့်တကွ ထွက်၍ စစ်ဖက်လေသော် စစ်မြေပြင်၌ သုဘဘမင်းကျ၍ ဝသဘ မင်းဖြစ်လေ၏။ ဦးရီးဖြစ်သော စစ်သူကြီးကား စစ်ထိုးရာ၌ ကြမ္မာကုန်လေ၏။ ထိုဝသဘမင်းသည် ဦးရီး၏မယားဖြစ်သော ပေါတ္တကို မိမိအား မစ ပြောဆိုဖူးသော ကျေးဇူးကို ထောက်ထား၍ မိဖုရားပြုလေ၏။

အသက်ရှည်ကြောင်း ကောင်းမှု

ထိုဝသဘမင်းသည် မင်းဖြစ်သောအခါ ပညာရှိဟူးရားတို့အား ဆိတ်ကွယ်ရာသို့ခေါ်၍ ကျွန်ုပ် ဘယ်မျှလောက် မင်းပြုရအံ့နည်းဟု မေး၏၊ တစ်ဆယ့်နှစ်နှစ် မင်းပြုရလိမ့်မည် ဟု ဟောသော် ထိုဟူးရားဆရာကို စကားစောင့်စိမ့်သောငှာ အသပြာတစ်ထောင်ပေး၍ မည်သူ့အားမျှ မပြောကြားလင့်ဆို၍ လွှတ်လိုက်၏။ ထို့နောက်မှ သံဃာတော်တို့ကို စည်းဝေးစေ၍ ရှိခိုးပြီးလျှင် " အရှင်ဘုရားတို့ အသက်ရှည်လျား တိုးပွားခြင်းအကြောင်း ကောင်းမှု မရှိပါသလော" ဟု မေး၏၊ ထိုအခါ သံဃာတော်တို့က ဤသို့ ဟောပေ၏။

* ပရိဿာဝနဒါနဉ္စ၊ အာဝါသဒါနမေဝ စ။
ဂိလာနဝတ္တဒါနဉ္စ၊ ဒါတဗ္ဗံ မနုဇာဓိပ။
ကာတဗ္ဗံ ဇိဏ္ဏကာဝါသ-ပဋိသင်္ခရဏံ တထာ။
ပဥ္စသီလသမာဒါနံ၊ ကတွာ တံ သာဓု ရက္ခိယံ။
ဥပေါသထူပဝါသော စ၊ ကတ္တဗ္ဗော ပေါသထေ ဣတိ။
(ပဇ္ဇာဝတ္တ -သုံးဂါထာ။)

မနုဇာဓိပ၊ လူတို့ကို အစိုးရသောမင်းကြီး။ ပရိဿာဝနဒါနဥ္စ၊ ရေစစ် အလှူကို လည်းကောင်း၊ အာဝါသဒါနမေဝစ၊ ကျောင်းကန်နေရာ အလှူကိုလည်းကောင်း။ ဂိလာနဝတ္တဒါနဥ္စ၊ လူနာ၊ ရဟန်းနာ တို့အား ယာဂုဝတ်၊ ဆေးဝတ် အလှူကိုလည်းကောင်း၊ ဒါတဗ္ဗံ၊ ပေးလှူအပ်၏။

တထာ၊ ထိုမှတပါး။ ဓိဏ္ဏကာဝါသပဋိသင်္ခရဏံ၊ ဟောင်းမြင်းဆွေးမြေ့သော ကျောင်းကန်နေရာ မွမ်းမံပြုပြင်ခြင်းကို လည်းကောင်း။ ကာတဗ္ဗံ၊ ပြုအပ်၏။ ပဉ္စသီလသမာဒါနံ၊ ငါးပါးသီလ ပဉ္စသီကို ဆောက်တည်ခံယူခြင်းကို။ ကတွာ၊ ပြု၍။ တံ၊ထိုငါးပါးသီလ ပဉ္စသီကိုသာဓုရကို။ ယံ၊ ကောင်းစွာ စောင့်ရှောက်ရာ၏။

ဥပေါသထေ၊ ဥပုသ်နေ့တိုင်း၌၊ ဥပေါသထူပဝါသောစ၊ ဥပုသ်ဆောက်တည် စောင့်သုံးခြင်းကိုလည်း၊ ကာတဗ္ဗော၊ ပြုအပ်၏။

" ဝသဘမင်းမြတ် . . . ငါးပါးသီလဟူသော ပဉ္စသီကို နေ့ညဉ့်မပြတ် အမြဲဆောက်တည်ထား၍ အကြားကြား ဥပုသ်နေ့၌ ရှစ်ပါး၊ ဆယ်ပါးစသော ဥပုသ်သီလ ဆောက်တည်ရာ၏။ ရေစစ်၊ ကျောင်းကန် နေရာ၊ ဂိလာန သူနာတို့အလို့ငှာ ယာဂု၊ ဆေးစသည့်ကိုလည်း ပေးလှူရာ၏။ ဆွေးမြေ့ယိုးယွင်း ဟောင်းနွမ်းသော ကျောင်းကန် နေရာကိုလည်း၊ ပြုပြင်ရ၏။ ဤသို့ပြုလျှင် အသက်ရှည်စွာ နေရာရသတည်း" ဟု ဟောတော်မူကြကုန်၏။

ကောင်းမှုကုသိုလ်

ဝဘသမင်းလည်း သံဃာတော်တို့ ဟောသောတရားကို နာရလျှင် အကျွန်ုပ် ပြုပါမည်ဟု ဝန်ခံ၍ ပဉ္စသီလကိုလည်း အမြဲဆောက်တည်သည်။ ဥပေါသထ သီလကိုလည်း သီတင်းဟူသမျှ မလပ်အောင် ဆောက်တည်သည်။ သီဟိုဠ်ကျွန်း၌ရှိသော အလုံးစုံသော သံဃာတော်တို့အား သုံးနှစ်တစ်ကြိမ် ဘိစိဝရိက် သင်္ကန်းဖြင့် လှူဒါန်းသည်။ မလာနိုင်သော ရဟန်းတို့အား သွား၍ပို့စေသည်။

ရှေ့မင်းတို့ပြုခဲ့သော သုံးဆယ့်နှစ်ဌာနတို့၌ ဟူး၊ ယနာဆွမ်းကိုလည်း လှူဒါန်းသည်။ ခြောက်ဆယ့် လေးဌာနတို့၌ မိဿကဒါနကိုလည်း လှူဒါန်းသည်။ စေတီယတောင်၊ ထူပါရုံစေတီတော်၊ မဟာ စေတီတော်၊ မဟာဗောဓိအိမ် ဤလေးဌာနတို့၌ တစ်ထောင်မျှစီသော ဆီမီးကို ထွန်းတော်မူလေသည်။

စိတ္တလ တောင်ထိပ်၌ နှလုံးမွေ့လျော်ဖွယ် ဆယ်ဆူသောစေတီတို့ကို တည်တော်မူသည်။ အလုံးစုံသော သီဟိုဠ်ကျွန်း၌ ဟောင်းနွမ်း ပျက်စီးသမျှသော ကျောင်းတို့ကို ပြုပြင်တော်မူသည်။ ဝလ္လိယေရမည်သောကျောင်းကို ဆောက်၍ ထိုကျောင်းနေ မထေရ်အား လှူလေသည်။ မဟာဝလ္လိဂေါတ္တ မည်သော ကျောင်းကို လည်းကောင်း၊ မဟာဂါမ အနီး၌ အနုရာဓမည်သော ကျောင်းကို လည်းကောင်း၊ ဆောက်လုပ်၍ သံဃာတို့အား

လှူတော်မူသည်၊ ထိုကျောင်းအား တစ်ထောင့်ရှစ်ပယ်သော လယ်ကိုလည်းကောင်း ဝတ္ထုကမ်ပြု၍ လှူတော်မူသည်၊ အနုရာဓမြို့ အရှေ့အရပ်၌ မုစေလမည်သော ကျောင်းကိုဆောက်၍ တိဿဝဖုမာနက အရပ်မှ ဆိုးရည်ဆိုးသော အခွန်ကို ကျောင်းအား လှူလေသည်။

ဂလမ္ဗမည်သော ဆိပ်၌ စေတီကိုလည်း အုတ်တံတိုင်း ထပ်လွှမ်းသည်။ ဥပုသ်အိမ်ကိုလည်း ပြုလုပ်၍ ထိုအိမ်၌ ဆီမီးဝတ်အကျိုးငှာ ပယပရိယမည်သော ရေကန်ကို ပြု၍ လှူလေသည်။ ကုဋ္ဌိဂလ္လကမည်သော ကျောင်း၌ ဥပုသ်အိမ်ကိုလည်း ပြုစေသည်၊ ဣဿရသမဏ ကျောင်း၌လည်းကောင်း၊ ထူပါရုံကျောင်း၌လည်းကောင်း ဥပုသ်အိမ်ကို ပြုစေသည်၊ မဟာဝိဟာရတိုက်၏ အနောက်မျက်နှာ၌ ပရိဝုဏ်အစဉ်ကိုလည်း ပြုပြင်သည်၊ ဆွေးမြေ့သော စတုသာလကိုလည်း အသစ်ပြုပြင်သည်၊ မဟာဗောဓိပင် အပြင်၌ ကြည်ရွှင်မွေ့လျော်ဖွယ်ရှိသော ဆင်းတုတော် လေးဆူကိုလည်း ဂူလိုဏ်နှင့်တကွ ပြုတော်မူသည်၊

ပေါတ္ထမည်သော ထိုမင်း၏မိဖုရားသည် ထိုဘုရားလေးဆူ၏အနီး၌ စေတီအိမ်နှင့်တကွ စေတီကိုလည်းတည်သည်၊ ထိုစေတီဆင်းတုပြီးသောအခါ ကြီးစွာသောအလှူကို ပေးတော်မူသည်၊ ပိဋကတ်တော်ကို သင်ကြားလေ့ကျက် ဆောင်ရွက်အားထုတ်ကုန်သော ရဟန်းတို့အား ပစ္စည်းလေးပါးဖြင့် ထောက်ပံ့တော်မူသည်၊ ဓမ္မကထိက ပုဂ္ဂိုလ်တို့အား ထောပတ်၊ တင်လဲ၊ သကာ လှူတော်မူသည်။ မြို့တံခါး လေးမျက်နှာ၌ ဆင်းရဲနွမ်းပါးသော၊ အထီးကျန်သော သူတို့အား အဝတ်အစား ပေးကမ်းစေသည်၊ နာကုန်သော ရဟန်းတို့အား ဂိလာနဝတ်ကိုလည်း မပြတ်ပြုသည်၊

၁။ မယေတ္တိရေကန်၊ ၂။ရာဇုပ္ပလရေကန်၊ ၃။ စဟရေကန်၊ ၄။ ကောဠမ္ဗရေကန်၊ ၅။ မဟာနီကဝတ္တိရေကန်၊ ၆။ မဟာရာမေတ္တိရေကန်၊ ၇။ကေဟာဋရေကန်၊ ။၈ ကေဋ္ဌိဝါသရေကန်၊ ၉။ ဓမ္မုယဋ္ဌိရေကန်၊ ၁၀။ ဝါတမင်္ဂနရေကန်၊ ၁၁။ အဘိဝဖုမနကရေကန်၊

ဤတစ်ဆယ့်တစ်ကန်တို့ကို လည်းကောင်း၊ တစ်ဆယ့်နှစ်ခုသော ရေမြောင်းတို့ကို လည်းကောင်း၊ သတ္တဝါအများတို့ ဝပြောစေခြင်းငှာ ပြုတော်မူသည်၊ အနုရာဓမြို့ကိုလည်း တစ်ဆယ့်ရှစ်တောင်သော မြို့ရိုးဖြင့် ပတ်၍ တည်သည်၊ လေးမျက်နှာသော တံခါးကြီး တံခါးမုခ်တို့ကိုလည်း ခိုင်ခံ့စွာ လုပ်စေသည်၊ မြို့တွင်းမြို့ပြင်၌ များစွာသော လေးထောင့်ကန် ရေပွန်ရေမြောင်းတို့ကို ပြုတော်မူသည်၊

၁၄ နှစ်မှ ၄၄ နှစ်ကြာ

ဤသို့လျှင် ဝသဘမင်းသည် ပြည်သူ၊ လူ၊ ရဟန်းတို့၏ အကျိုးငှာ များစွာသော ကုသိုလ်ကောင်းမှုကို ပြုတော်မူသောကြောင့် မကောင်းသောအန္တရာယ်တို့သည် စဉ်းငယ်မျှ မရှိဘဲ လေးဆယ့်လေးနှစ် ပတ်လုံး မင်းပြုတော် မူရသတည်း။

**သုဘမင်း၏ သမီးတော်**

တံခါးမှူးမှဖြစ်သော သုဘမင်းသည် ထင်ရှားရှိစဉ်က ဝသဘမင်း ဗိုလ်ပါနှင့်တကွ ချီလာပြီ ကြားလျှင် ကြောက်လန့်ရကား မိမိ၏ တစ်ယောက်တည်းသော သမီးငယ်ကို အုတ်လက်သမားထံ အပ်၍ထား၏။ မင်းနှင့်တန်သော ကမ္ဗလာကိုလည်းကောင်း၊ လက်စွပ်၊ လက်ကောက်၊ ဆံထိုး စသောဘဏ္ဍာကို လည်းကောင်း အပ်၍ထား၏။ ထိုသုဘမင်းကို ဝသဘမင်း သတ်လေသော် အုတ်လက်သမားသည် ထိုမိန်းမငယ်အား သမီးပြု၍ မွေး၏။ ထိုသူငယ်မသည် အုတ်လက်သမား လုပ်ရာဌာနသို့ သွား၍ ထမင်းပို့ရ၏။

တစ်ရံရောအခါ ထိုသူငယ်မသည် အဖလက်သမားအား ထမင်းပို့သွားရာဝယ် ခရီး၏အပါး ဆူးရစ်ချုံ၌ နိရောစသမာပတ်ကို ဝင်စား၍နေသော ရဟန္တာတစ်ဦးကို မြင်လျှင် အလွန်ကြည်ညိုသော စိတ်ရှိရကား ရှိခိုးပူဇော်၍ သွား၏။ ခုနစ်ရက်မြောက်သောနေ့၌ ထိုရဟန္တာ သမာပတ်မှ ထသည်ကို မြင်လျှင် မိမိတွင်ပါသော ဆွမ်း ယာဂုတို့ကို ကပ်လှူ၍ တစ်ဖန်ပြန်၍ချက်ပြီးမှ အဖထံသို့ ထမင်းပို့၏။ အဖက "သမီး. . . အဘယ့်ကြောင့် ကြာမြင့်သနည်း" ဟု မေးသော် "ရဟန်းတော်တစ်ပါး သမာပတ်မှထသည်ကို မြင်သဖြင့် လှူခဲ့ပါသည်၊ တစ်ဖန်ပြန်၍ ချက်ရသောကြောင့် ကြာမြင့်ပါသည်" ဟု ဆို၏။ အဖ လက်သမားက ဝမ်းမြောက်စွာ သာဓု ခေါ်ပြီးမှ " ချစ်သမီး . . . ဤအရှင်မြတ်အား မပြတ်လျှင် ဆွမ်းကျွေးခဲ့လော့"ဟု ဆို၍ နေ့တိုင်း ကျွေး၏။ ရဟန္တာအရှင်လည်း အနာဂတ်ကို ဆင်ခြင်၍ မြင်တော်မူသဖြင့် သူငယ်မအား ချီးမြောက်ခြင်းငှာ " သူငယ်မ . . . သင်သည် အစိုးရဖြစ်သောအခါ ဤနေရာကို မမေ့လင့်၊ မပြတ်သတိရစေလော့" ဟု ဆုံးမ၍ မကြာမီပင် ပရိနိဗ္ဗာန်ပြုတော်မူ၏။

**သားတော်နှင့်ထိမ်းမြားခြင်း**

ဝသဘမင်းသည် ဝင်္ကနာသိယတိဿ မည်သော မိမိ၏သားကို အရွယ်သို့ရောက်သော် ထိုမင်းသားအား လျောက်ပတ်သော သတို့သမီးကို ရှာစေသည်။ ဣတ္ထိလက္ခဏာ၌ လိမ္မာသော ပညာရှိ အမတ်သည် အုတ်လက်သမား၏ အိမ်၌နေသော သတို့သမီးကိုမြင်၍ မင်းအားကြားလျှောက်၏၊ မင်းလည်း အုတ်လက်သမားကို ခေါ်၍ မေးသည်တွင် "အရှင်မင်းကြီး. . ဤသူငယ်မကား ကျွန်ုပ်၏ သမီးရင်းမဟုတ်ပါ၊ သုဘမင်း၏ သမီးပါတည်း "ဟု လျှောက်ကြား၍ လက်၌အပ်ထားသော ကမ္ဗလာ၊ မင်းဘဏ္ဍာတို့ကို ပြ၏။ ဝသဘမင်းလည်း အလွန်အားရသဖြင့် သူငယ်မအား ဆောင်ယူ၍ ကောင်းမွန်ကြီးကျယ်စွာ မင်္ဂလာပြု၍ သားတော်နှင့် ထိမ်းမြားပေး၏။

**ဝင်္ကနာသိကတိဿမင်း**

ဝသဘမင်း လွန်လေသော် သားတော် ဝင်္ကနာသိကတိဿမင်းသည် နန်းတက်၍ သုံးနှစ်တိုင်အောင် မင်းပြုလေသတည်း။ ထိုသူငယ်မလည်း မိဖုရားဖြစ်လေသည်။ ထိုမင်းသည်လည်း ဂေါဏ မြစ်၏ ကမ်းနား၌ မဟာမင်္ဂလာမည်သော ကျောင်းကိုဆောက်၏။

ဂဇဗာဟုကဂါမဏိမင်း

ပညာရှိသော မိဖုရားသည်လည်း မထေရ်ဆိုခဲ့သော စကားကို အောက်မေ့၍ ကျောင်းဆောက်ခြင်းငှာ ဥစ္စာတို့ကို နှံစု၍ နှံစုစဉ်ပင် ဝင်္ကနာသိကမင်းသည် လွန်လေ၍ သားတော် ဂဇဗာဟုက ဂါမဏိမင်းသည် မင်းအဖြစ်သို့ ရောက်လေသတည်း။ ထိုမင်းသည် မယ်တော်၏ စကားကို ကြား၍ မယ်တော်၏အလို့ငှာ ဆူးရစ်ခြံရာ၌ ကြီးစွာသော ကျောင်းကြီးကို ဆောက်၏။ မယ်တော်လည်း ကျောင်းရာမြေကို အပိုင်ရခြင်းငှာ သပြာတစ်သိန်းကို ပေး၏။ ထိုကျောင်းဦး၌ ကျောက်စေတီကို မိမိပင် တည်လုပ်၏။ ထိုထိုသော အရပ်မှ ဝယ်၍ သံဃာ၏ အသုံးအဆောင်ကိုလည်း လှူပေ၏။ အဘယုတ္တရ မည်သော စေတီကိုလည်း ကြီးအောင် ထပ်မံ၍ တည်ပေ၏။

ထိုဂဇဗာဟုကဂါမဏိမင်းသည် ဂါမဏိတိဿရေကန်ကိုပြု၍ အဘယဂိရိကျောင်းအား ဆွမ်းဝတ် အလို့ငှာ လှူပေ၏။ မရိစဝဋ္ဋိက စေတီကိုလည်း လွှမ်း၍တည်လေသည်။ ထိုမရိစဝဋ္ဋိက ကျောင်းအား တစ်သိန်းသောဥစ္စာဖြင့် ဝယ်၍ သံဃာတို့၏ အသုံးအဆောင်ကို လှူပေ၏၊ အနုရာဓမြို့ အနောက်မျက်နှာ၌ ဘမုက မည်သော ကျောင်းကိုဆောက်၏။ အနုရာဓမြို့တွင်း၌ ကြီးစွာသော နေရာဇရပ်ကို လည်းဆောက်ပေ၏။

မဟာလ္လကနာဂမင်း

ဤသို့ အထူးထူးသော လောကီစီးပွားကို ဆောင်လျက် နှစ်ဆယ့်နှစ်နှစ်ပတ်လုံးမင်းပြု၍ လွန်လေသော် ထိုမင်း၏ ယောက္ခမဖြစ်သော မဟာလ္လကနာဂမင်းသည် မြို့၏အရှေ့၌ ပေဇလကကျောင်း၊ မြို့၏တောင်၌ ကောဋိပဗ္ဗတကျောင်း။ မြို့၏အနောက်ဘက်၌ ဒကပါသဏကျောင်း။ နာဂဒီပ၌ သာလိပဗ္ဗတကျောင်း။ဗီဇဂါမ၌ ဝေလိကျောင်း။ ရောဟနဇနပုဒ်၌ တောဗ္ဗလာနာဂပဗ္ဗတမည်သောကျောင်း။ အန္တောဋ္ဌမှာ၌ ဂိရိဟာလိကကျောင်း ဤခုနှစ်ဆောင်တို့ကို ဆောက်လုပ်စေ၏။

ဤသို့လျှင် ပညာရှိစွာလျက် လိမ္မာကုန်သော သူတို့သည် အနှစ်မရှိသော ဘာဟိရဥစ္စာဖြင့် များစွာသော ကုသိုလ်ကောင်းမှု ပြုကြ၍ လားလတ္တံ့သောဘဝ၌ မြတ်လှသော အကျိုးတည်းဟူသော အနှစ်ကို ရှာကြကုန်သည်၊ မလိမ္မာသော သူမိုက်တို့ကား စည်းစိမ်ဥစ္စာ များစွာရလျှင် ကာမဂုဏ်ကိစ္စဖြင့်သာ ကုန်စေ၍ မရေမတွက်နိုင်သော ဒုက္ခကို ခံရခြင်း၏အကြောင်း မကောင်းမှုသာ များစွာပွားစေကုန်သတည်း။

ပစ္စန္တဇနပုဒ်ဖြစ်သော ကိုးဌာနတို့၌ သာသနာပြု

စေလွှတ်ကြောင်း

အရှင် မောဂ္ဂလိပုတ္တတိဿ ထေရ်သည်ကား၊ တတိယ သင်္ဂါယနာတင်ခြင်း ကိစ္စကို ဆောင်ရွက်တော်မူပြီး၍ နောင်သောအခါ အဘယ်အရပ်၌ သာသနာတော် တည်လတ္တံ့နည်းဟု ကြည့်ရှုဆင်ခြင်တော်မူသည်ရှိသော် ပစ္စန္တဇနပုဒ်တို့၌ တည်လတ္တံ့ဟု မြင်တော်မူ၍ ပစ္စန္တဇနပုဒ်ဖြစ်သော ကိုးဌာနတို့၌ သာသနာတော် တည်ထွန်းစေခြင်းငှာ--

မဇ္ဈန္တိကထေရ်ကို ကသ္မီရဂန္ဓာရတိုင်းသို့ စေတော်မူ၏။

မဟာရေဝတထေရ်ကို မဟိံသကတိုင်းသို့ စေတော်မူ၏။

ရက္ခိတထေရ်ကို ဝနဝါသီတိုင်းသို့၊

ယောနကဓမ္မရက္ခိတ ထေရ်ကို အပရန္တတိုင်းသို့၊

မဟာဓမ္မရက္ခိတ ထေရ်ကို မဟာရဋ္ဌတိုင်းသို့၊

မဟာရက္ခိတထေရ်ကို ယောနက တိုင်းသို့၊

မဇ္ဈိမထေရ်ကို ဟိမဝန္တာအနီးဖြစ်သော အရပ်သို့၊

ဥတ္တရထေရ် နှင့် သောဏထေရ်ကို သုဝဏ္ဏဘုမ္မိ အရပ်သို့

သီရိဓမ္မာသောကမင်းကြီး၊ သားတော် မဟိန္ဒထေရ်ကိုကား၊ ဣဋ္ဌိယ၊ ဥတ္တိယ၊ သမ္ဗလ၊ ဘဒ္ဒသာလ ထေရ်တို့နှင့်တကွ သီဟိုဠ်ကျွန်းသို့ စေတော်မူ၏။

စေတော်မူအပ်သော မထေရ်တို့သည်လည်း၊ ပစ္စန္တဇနပုဒ်တို့၌ ငါးပါးအစရှိသော ဝိုဏ်းသည် ရဟန်းပြုခြင်း၊ ဥပသမ္ပဒကံကို ဆောင်ရွက်ခြင်းငှာ သင့်ပြီဟု သိတော်မူကြသဖြင့် နောက်ပါ ရဟန်းလေးပါးစီ ခေါ်ယူ၍ သွားကြကုန်၏။

ထိုကိုးဌာန အရပ်တို့တွင် ကသ္မီရဂန္ဓာရတိုင်း၌ အရဝါဠဒိုင်တွင် နေသော အရဝါဠ နဂါးမင်းသည် ကောက်မှည့်ချိန်အခါ၌ ရှောက်ရွာမိုးကို ရွာစေ၍ ကောက်ပင်အပေါင်းကို မဟာသမုဒ္ဒရာသို့ မျောစေလျက် ဖျက်ဆီးတတ်ဘိရကား၊ ကသ္မီရဂန္ဓာရ တိုင်းသူတို့သည် အရဝါဠ နဂါးမင်းအား ကောက်ပင်ကို မဖျက်ဆီးစေခြင်းငှာ နှစ်စဉ်မပြတ် ပူဇော်ကြကုန်၏။ မဇ္ဈန္တိက မထေရ်သည်လည်း၊ ကောက်မှည့်ချိန်ရောက်၍ တိုင်းပြည်သို့ နဂါးမင်းအား ပူဇော်မည့်နေ့၌ ကသ္မီရဂန္ဓာရတိုင်းသို့ သွားတော်မူ၍ အရဝါဠဒိုင် ရေအပြင်၌ သွားခြင်း ရပ်ခြင်း ထိုင်ခြင်း လျောင်းခြင်း ဟု ဆိုအပ်သော အထူးထူးသော ဣရိယာပုတ်ဖြင့် နေသည်ကို နဂါးလုလင်တို့မြင်၍ "မန်ရည်စွန်းသော အဝတ်ကိုဝတ်သော ဦးပြည်းတယောက်သည် အကျွန်ုပ်တို့ ရေကို

ဖျက်ဆီးလာ၏"ဟု နဂါးမင်းအား လျှောက်ကြားကြကုန်၏။ နဂါးမင်းသည်လည်း ထိုခဏ ဗိမာန်မှထွက်ခဲ့၍ မဇ္ဈန္တိကထေရ်ကိုမြင်လျှင် ပြင်းစွာ အမျက်ထွက်သည်ဖြစ်၍ သစ်ပင်ကျိုးပြတ်ခြင်း တောင်ထွတ်ပြိုကျခြင်းကို ဖြစ်စေလျက် မုန်တိုင်း လေလာခြင်း၊ လျှပ်စစ် ထွက်ခြင်း၊ မိုးကြိုး ကျခြင်းကို ဖြစ်စေလျက် ကောင်းကင်အလုံးကို ခွဲဘိသကဲ့သို့ မိုးသည်းစွာ ရွာစေခြင်းဟု ဆိုအပ်သော ကြောက်မက်ဖွယ်သော အခြင်းအရာတို့ကို ဖန်ဆင်း၍ နဂါးလုလင်အပေါင်းနှင့်တကွ အခိုးအလျှံ လွှတ်ခြင်း လက်နက်မိုးရွာစေခြင်းကိုပြု၍ ရှုန်းရင်း ကြမ်းကြုတ်စွာသော စကားဖြင့်မထေရ်ကို ခြိမ်းချောက်လျက် ဤရဟန်းကို ဖမ်းကြ သတ်ကြ နှင်ထုတ်ကြ လောဟု နဂါးအပေါင်းတို့အား အာဏာထားလျက် လွှမ်းမိုးဖိစီး၍ လာ၏။

မဇ္ဈန္တိကမထေရ်ကား ထိုအလုံးစုံကို တန်ခိုးဖြင့်ပယ်တော်မူ၍ နဂါးမင်းကို ဤသို့မိန့်တော်မူ၏။ "အရဝါဠ နဂါးမင်း. . သင်တယောက်ထည်းကို ထားဘိဦး၊ နတ်ပြဟ္မာနှင့်တကွသော လူအပေါင်းလာ၍ ခြောက်လှန့်စေကာမူ ငါ့အား ကြောက်ထိတ်လန့်ခြင်းကို ဖြစ်စေနိုင်မည့်သူ မရှိရာ၊ သမုဒ္ဒရာလေးဆင်း မြင်းမိုရ် သတ္တရဘန်နှင့်တကွ နှစ်သိန်းလေးသောင်း အထုရှိသောမြေကို ကြွချီ၍ ငါ့အပေါ်၌ ချစေနိုင်ကာမူ ငါ့အား ကြောက်ထိတ်လန့်ခြင်း မရှိရာ၊ စင်စစ်ကား သင်နဂါးမင်း၏ ဆင်းရဲပင်ပန်းခြင်းသာဖြစ်မည်" ဟု မိန့်တော်မူသည်ရှိသော် အရဝါဠ နဂါးမင်းသည် မိမိတန်ခိုးအာနုဘော် မထင်ရှားရ၊ ပြုသမျှလုံးလသည် အချည်းနှီးသာ ဖြစ်လေရကား များစွာသော ဆင်းရဲပူပန်ခြင်း ဖြစ်လေ၏။

ထိုအခါ မဇ္ဈန္တိကမထေရ်သည် လျှောက်ပတ်သော တရားကိုပြတော်မူ၍ နှစ်သက် ဝမ်းမြောက်ခြင်းကို ဖြစ်စေပြီးမှ ရှစ်သောင်းလေးထောင်သော နဂါးလုလင်နှင့်တကွ အရဝါဠ နဂါးမင်းကို သရဏဂုံ သီလ၌ တည်စေတော်မူ၏၊

ထိုမှတပါး ဟိမဝန္တာ၌နေသော ဘီလူး ဂန္ဓဗ္ဗနတ် ကုမ္ဘဏ်တို့သည်လည်း သရဏဂုံသီလ၌ တည်လေကုန်၏။ ပဥ္စက အမည်ရှိသောဘီလူးမင်းလည်း မယားဖြစ်သော ဘီလူးမ၊ ငါးရာသော သားတို့နှင့်တကွ သောတာပတ္တိဖိုလ်၌ တည်လေ၏။ ထိုနောက်မှ မဇ္ဈန္တိကထေရ်သည် နဂါး ဘီလူး ရက္ခိုသ်တို့ကို ခေါ်တော်မူ၍ "ရှေးအခါ၌ကဲ့သို့ အမျက်ဒေါသကို မဖြစ်ကြစေကုန်လင့်၊ သတ္တဝါတို့သည် ကိုယ်၏ချမ်းသာခြင်းကို အလိုရှိကြကုန်မြဲတည်း၊ ထို့ကြောင့် လူတို့လုပ်ဆောင်သော ကောက်သီး ကောက်နှံတို့ကိုလည်း မဖျက်ဆီးကြကုန်လင့်၊ လူအပေါင်းတို့သည် ချမ်းသာကြသည် ဖြစ်စေသတည်း" ဟု မေတ္တာကိုသာ ပွားကြစေကုန်လော ဟု ဆုံးမတော်မူ၏။ နဂါး ဘီလူး ရက္ခိုသ် တို့လည်း ဝန်ခံ၍ ဆုံးမတိုင်း ကျင့်ကြကုန်၏။

ထိုအခါ အရဝါဠ နဂါးသည် ရတနာ ခုနစ်ပါးဖြင့် ပြီးသော ပလ္လင်ကို ဆောင်ယူစေ၍ မထေရ်အား ခင်းပေး၍ ပလ္လင်၌ ထိုင်တော်မူသော မထေရ်ကို ယပ်ခတ်လျက် နေစဉ်. . ကသ္မီရဂန္ဓာရ တိုင်းသူတို့သည်

နဂါးမင်းအား ပူဇော်ခြင်းငှါလာကြ၍ မထေရ်ကို မြင်ကြလေလျှင် ဤသူကား ငါတို့နဂါးမင်းထက်ပင် အလွန်တန်ခိုးကြီးပေစွတကား ဟု မထေရ်ကို ရှိခိုး၍ နေကြကုန်၏၊ မဇ္ဈန္တိကထေရ်လည်း ထိုကသ္မီရဂန္ဓာရ တိုင်းသူတို့အား အာသီဝိသောပမသုတ်ကို ဟောတော်မူ၏။ ဒေသနာအဆုံး၌ ရှစ်သောင်းသောသူတို့သည် သောတပတ္တိဖိုလ်၌ တည်လေကုန်၏။ တစ်ထောင်သော ယောကျ်ားတို့လည်း ရဟန်းပြုကြကုန်၏။ ထိုအခါမှ စ၍ ကသ္မီရဂန္ဓာရ တိုင်းသည် ယနေ့တိုင်အောင် သင်္ကန်းရောင် တောက်ပစွာ သာသနာတော် ထွန်းလေသတည်း။

မဟာရေဝတာ မထေရ်သည်လည်း မဟိံသကတိုင်းသို့ သွားတော်မူ၍ ထိုတိုင်းသူတို့အား ဒေဝဒူတသုတ်ကို ဟောတော်မူပေ၏။ သုတ္တန်အဆုံး၌ လေးသောင်းသော မဟိံသကတိုင်းတို့သည် အချို့ သောတာပတ္တိဖိုလ်၊ အချို့ အနာဂါမိဖိုလ်ကို ရကုန်၏၊ လေးသောင်းသော ယောကျ်ားတို့သည်လည်း ရဟန်းပြုကုန်၏။

ရက္ခိတထေရ်သည်ကား ဝနဝါသီတိုင်းသို့ သွားတော်မူ၍ ကောင်းကင်၌တည်လျက် အနမတဂ္ဂသုတ္တန်ဒေသနာဖြင့် ဝနဝါသီ တိုင်းသူတို့၏ စိတ်ကို ကြည်လင်စေတော်မူ၏။ သုတ္တန်ဒေသနာအဆုံး၌ ခြောက်သောင်းမျှလောက်သော သူတို့သည် သောတာပန်အဖြစ်သို့ ရောက်လေကုန်၏၊ ခုနစ်သောင်း မျှလောက်သော ယောကျ်ားတို့သည် ရဟန်းပြုကြကုန်၏၊ ဝနဝါသီတိုင်းသူတို့လည်း သာသနာတော်၌ ကြည်ညိုခြင်းဖြစ်သဖြင့် ငါးရာသော ကျောင်းကို ဆောက်လုပ်ကြကုန်၏။

ယောနကဓမ္မရက္ခိတ ထေရ်မှုကား အပရန္တတိုင်းသို့ သွားတော်မူ၍ အဂ္ဂိက္ခန္ဓူပမသုတ္တန်ကို ဟောတော်မူပေ၏။ သုတ္တန်ဒေသနာအဆုံး၌ ခုနစ်သောင်းမျှလောက်သော သူတို့သည် လောကုတ္တရာ အမြိုက်အရသာကို သောက်ရလေကုန်၏၊ တစ်ထောင်မျှလောက်သော မင်းသားတို့သည်လည်းကောင်း၊ ခြောက်ထောင် မကသော မိန်းမတို့သည်လည်းကောင်း ရဟန်းပြုကြကုန်၏။ အပရန္တတိုင်းဟူသည် ယခု သုနာပရန္တတိုင်းကို ဆိုကုန်၏။

မဟာဓမ္မရက္ခိတထေရ်သည်ကား မဟာရဋ္ဌတိုင်းသို့ သွားတော်မူ၍ မဟာနာရဒ ကဿပဇာတ် ဒေသနာဖြင့် မဟာရဋ္ဌတိုင်းသူတို့ကို ကြည်လင်စေ၍ ရှစ်သောင်း လေးထောင်သော လူတို့ကို မဂ်ဖိုလ်၌ တည်စေတော်မူ၏။ တသောင်းသုံးထောင်မျှလောက်သော ယောကျ်ားတို့သည် ရဟန်းပြုကြကုန်၏။

မဟာရက္ခိတထေရ်သည်လည်း ယောနကတိုင်းသို့ သွားတော်မူ၍ ကာလကာရာမ သုတ္တန်ဒေသနာဖြင့် ယောနကတိုင်းသူ အပေါင်းတို့ကို ကြည်လင်စေ၍ တသိန်းခုနှစ်သောင်းသော ယောနက တိုင်းသား တို့အား မဂ်ဖိုလ်တည်းဟူသော တန်းဆာအထူးကို ပေးတော်မူပေ၏။ တသောင်းမျှလောက်သော သူတို့သည်လည်း

မဟာရက္ခိတ ထေရ်ထံ၌ ရဟန်းပြုကြကုန်၏။ ဤသို့လျှင် မဟာရက္ခိတထေရ်သည် ယောနက တိုင်း၌ သာသနာတော်ကို တည်စေတော်မူသတည်း။

မဇ္ဈိမထေရ်မူကား ကဿပဂေါတ္တထေရ် ဒုန္ဒုဘိဿရထေရ် သဟဒေဝထေရ် မူလကဒေဝထေရ် တို့နှင့်တကွ ဟိမဝန္တာအနီးဖြစ်သော အရပ်သို့ သွားတော်မူ၍ ဓမ္မစက္ကပဝတ္တနသုတ္တန် ဒေသနာဖြင့် ထိုအရပ်သားတို့ကို ကြည်လင်စေ၍ ကုဋေရှစ်ဆယ်မျှလောက်သော သူတို့ကို မဂ်ဖိုလ်တည်းဟူသော တရားရတနာကို ရစေတော်မူ၏။ ဤသို့လျှင် မဇ္ဈိမထေရ်အမှူးရှိသော ငါးပါးသော မထေရ်တို့သည် ဟိမဝန္တာ အနီးဖြစ်သော အရပ်၌ ငါးပြည်ထောင်သားတို့၏ ကြည်ညိုခြင်းကို ဖြစ်စေ၍ တပါး တပါးသော မထေရ်အထံ၌ တသိန်း တသိန်း မျှလောက်သော သူတို့သည် ရဟန်းပြုကြလေကုန်၏။ ဟိမဝန္တာ၏ အနီးဖြစ်သော ငါးပြည်ထောင် ဟူသည်ကား၊ စိန့်တိုင်း ငါးရပ်ကို ဆိုသတည်း။

သောဏထေရ်သည်လည်း ဥတ္တရထေရ်နှင့်တကွ သုဝဏ္ဏဘုမ္မိအရပ်သို့ သွားတော်မူ၏။ ထိုသုဝဏ္ဏဘုမ္မိ အရပ်၌ ရက္ခိုသ်မ တယောက်သည် သမုဒ္ဒရာမှ ထွက်၍ မင်းအိမ်၌ သူငယ်ဘွားတိုင်း စားလေသတတ်၊ ထိုမထေရ်တို့ သွားသည့်နေ့၌လည်း မင်းအိမ်၌ သူငယ်ဘွားခိုက် ကြုံက်လေ၍ လူတို့သည် မထေရ်ကိုမြင်လျှင် ရက္ခိုသ်တို့၏ အဘော်မှတ်၍ လက်နက်စွဲ၍ လာကြကုန်၏၊ သောဏထေရ်ကား ထိုသူတို့ကို "အဘယ့်ကြောင့် လက်နက်စွဲ၍ လာကြကုန်သနည်း" ဟု မေးတော်မူ၏၊

" မင်းအိမ်၌ဘွားတိုင်း ဘွားတိုင်းသော သူငယ်ကို စားကုန်သော ရက္ခိုသ်တို့၏ အဖော်မှတ်၍ လာကုန်သည်" ဟု ဆိုလျှင် "ငါတို့ကား ရက္ခိုသ်တို့၏ အဖော်မဟုတ်၊ ရဟန်းတို့တည်း၊ သူ့အသက်ကိုသတ်ခြင်း သူ့ဉစ္စာကို ခိုးယူခြင်း၊ ယုတ်မာသော ကာမဂုဏ် အကျင့်ကိုကျင့်ခြင်း၊ မဟုတ် မမှန်သော စကားကို ပြောဆိုခြင်း၊ သေအရက်ကို သောက်ခြင်းမှ ကြဉ်ရှောင်ကုန်၏၊ နေအရုဏ်တက်သည်မှ မွန်းတည့်တိုင်ရုံ ကာလ အတွင်း ၌သာ စားလေ့ရှိကုန်၏၊ သီလနှင့် ပြည့်စုံကုန်၏၊ မြတ်သောအကျင့်ကို ကျင့်လေ့ရှိကုန်၏" ဟု အမိန့်တော်ရှိပြီးမှ ငြိမ်သက်စွာ နေကြကုန်၏၊

ထိုသို့နေစဉ်တွင် ရက္ခိုသ်မသည် အခြံအရံနှင့်တကွ သမုဒ္ဒရာမှ ထွက်၍ မင်းအိမ်၌ဘွားသော သူငယ်ကို စားအံ့ဟု လာလတ်သည်ကို လူတို့မြင်၍ "အရှင်ဘုရားတို့. . . ရက္ခိုသ်မ လာခဲ့ပြီ" ဟု ကြောက်ကြ၍ ငိုမြည်တမ်းတကြကုန်၏၊ ထိုအခါ သောဏထေရ်သည် ရက္ခိုသ်တို့ထက် နှစ်ဆတက်ကိုယ်ကို ဖန်ဆင်း၍ ပရိသတ်နှင့်တကွ ရက္ခိုသ်မိကို အလယ်ထားလျက် လက်ဝဲ လက်ယာနှစ်ဘက် ညှပ်ရံတော်မူ၏၊ ထိုသို့ ရံသည်ကိုမြင်လျှင် ရက္ခိုသ်မက ဤသို့ ကြံလေ၏၊ "ဤသူတို့ကား ဤအရပ်ကို ဝေဿဝဏ္ဏနတ်မင်းထံမှ မချွတ် အပိုင်စားရသည် ဖြစ်အံ့သတည်း၊ ယင်းသို့ ဖြစ်သော် ငါတို့သည် သူတို့အစာ ဖြစ်ရကုန်လတ္တံ့" ဟု

ကြောက်ထိတ်လန့်ခြင်း ရှိလေရကား အလုံးစုံသော ရက္ခိုုသ်တို့သည် တဟုန်တည်း ပြေးကြလေကုန်၏၊ သောဏထေရ်လည်း လူငှို့ အတွေ့မမြင်သော အရပ်တိုင်အောင် ပြေးစေ၍ သုဝဏ္ဏဘုမ္မိ ကျွန်း၏ ထက်ဝန်းကျင်မှ ရက္ခိုုသ်တို့ ဖေဖန် မလာဝံ့အောင် မိဋ္ဌာန်တော်မူ၍ အစောင့်အရှောက်ထားတော်မူ၏။ ထိုအခါ စည်းဝေးလာသော များစွာသော လူအပေါင်းကို ဗြဟ္မဇာလ သုတ္တန်ဒေသနာဖြင့် စိတ်၏ကြည်လင်ခြင်းကို ဖြစ်စေ၍ သရဏဂုံသီလ၌ တည်စေတော်မူ၏၊ ထိုအစည်းအဝေး၌ ခြောက်သောင်းသော သူတို့သည် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရကုန်၏၊ သုံးထောင့် ငါးရာသော ယောကျ်ားတို့သည် လည်းကောင်း၊ တထောင့်ငါးရာသော မိန်းမတို့သည်လည်းကောင်း ရဟန်းပြုကြကုန်၏၊ ထိုအခါမှစ၍ မင်းအိမ်၌ ဘွားကုန်သော သူငယ်တို့၏အမည်ကို သောဏုတ္တရ ဟု မှည့်ကြလေကုန်သတည်း။

ဤကား ဇမ္ဗူဒိပ်ကျွန်း၌ ပစ္စန္တရစ်ဌာနတည်း။

အရှင်မဟိန္ဒ ထေရ်သည်ကား၊ သီဟိုဠ်ကျွန်းသို့သွား၍ သာသနာတော်ကို တည်ထွန်းစေရမည် ဟု ဥပဇ္ဈာယ်ဆရာ ရဟန်းသံဃာတို့ တိုက်တွန်းအပ်သည်ဖြစ်၍ သီဠ်ကျွန်းသို့ သွားအံ့သော အခါကို ဆင်ခြင်တော်မူလျှင် သီဟိုဠ်ကျွန်း၌ မုဋသိဝမင်းသည်ကား အိုမင်းခဲ့ပြီ၊ ထိုမင်းအိုကို အမှီပြု၍ သာသနာတော်ကို ချီးမြှင့်ခြင်းငှါ မတတ်နိုင်ရာ၊ ထိုမင်း၏သားတော် ဒေဝါနံပိယတိဿသည် မင်းအဖြစ်သို့ ရောက်မှ ထိုမင်းကို အဖော်ပြု၍ သာသနာတော်ကို ချီးမြှင့်နိုင်အံ့သတည်း။ ထိုကြောင့်ရကား ယခု ငါတို့သီဟိုဠ်ကျွန်းသို့ သွားချိန် မတန်သေး ဟု မြင်တော်မူလေ၏။ ဤသို့ မြင်တော်မူပြီးသော် သီဟိုဠ်ကျွန်းသို့ မသွားမီ ဆွေမျိုးတို့ကို တွေ့မြင်ဦးအံ့ဟု ကြံတော်မူ၍ ဥပဇ္ဈာယ်ဆရာဖြစ်သော အရှင်မောဂ္ဂလိပုတ္တတိဿထေရနှင့်တကွ ရဟန်းသံဃာတို့ကို ရှိခိုးခဲ့၍ ဣဋ္ဋိယ ဥတ္တိယ သမ္ဗလ ဘဒ္ဒသာလ အမည်ရှိသော မထေရ်လေးပါး၊ နှမတော် သယ်မိတ္တာ၏ သားဖြစ်သော တူတော် သုမနသာမဏေတို့နှင့် အနာဂါမ် သီတင်းသည် သူငယ်တယောက်ကို ခေါ်တော်မူ၍ ရာဇဂြိုဟ်ပြည်ကို လက်ယာရစ် လှည့်၍ သွားသဖြင့် ဒက္ခိဏဂိရိဇနပုဒ်၌ ဆွေမျိုးတို့ကို အတွေ့ ခံတော်မူ၍ ခြောက်လ လွန်တော်မူလျှင် ထိုအရပ်မှ ထွက်ခဲ့၍ အစဉ်အတိုင်း သွားလေသော် ဝေဒိသမြို့သို့ ရောက်၍ မယ်တော်နှင့် တွေ့တော်မူရလေ၏၊ မယ်တော်လည်း သားတော်ကို တွေ့မြင်ရလျှင် သားတော်၏ခြေ၌ ရိုသေစွာ ဦးဖြင့် ရှိခိုး ပူဇော်ခြင်းကို ပြု၍ ဆွမ်းလုပ်ကျွေးပြီးသော် ဝေဒိသဂိရိ ကျောင်းကို ဆောက်၍ သားတော်ကို တင်လှူတော်မူ၏။

အရှင်မဟိန္ဒထေရ်လည်း ထိုကျောင်း၌နေ၍ ဤသို့ ကြံတော်မူပြန်၏၊ မယ်တော်မှစ၍ ဆွေမျိုးတို့ကို တွေ့မြင်ခြင်းငှါ ဤအရပ်သို့ ငါတို့လာသည်မှာ တွေ့မြင်ရပေပြီ၊ သီဟိုဠ်ကျွန်းသို့ မရောက်ရချေသေး၊ အခါတန်ပြီလော ဟု ကြံဆင်ခြင်တော်မူသည်ရှိသော် ယခုအခါ ခမည်းတော်က ပို့စေသော အဘိသိက်သွန်းခြင်း

မင်းစည်းစိမ်ကို ဒေဝါနံ ပိယတိဿမင်းသည် ခံစားလင့်စေဦး၊ ရတနာသုံးပါး ဂုဏ်ကျေးဇူးကို ကြား၍ နား၀လင့်စေဦး၊ နယုန်လပြည့်နေ့၌ အနုရာဓပြည်သူတို့ကို ရေဖျန်းသဘင် ပျော်ရွှင်စေ၍ မိမိမူကား ပြည်မှ ထွက်ခဲ့၍ မြို့ရှေ့ မိဿက တောင်သို့ ရောက်လင့်စေဦး၊ ထိုတောင်သို့ ရောက်ခါမှ တွေ့မြင်အံ့ဟု ကြံတော်မူ၍ မယ်တော်ကျောင်း၌ တလ နေတော်မူပြန်သတည်း။

ထိုအခါ သိကြားမင်းသည် မဟာဗောဓိမဏ္ဍ၌ ဘုရားသခင် အမိန့်တော်ကို ဝန်ခံလိုက်ရသည် ဖြစ်၍ အရှင်မဟိန္ဒထေရ်အထံ ချဉ်းကပ်၍ "ယခုသီဟိုဠ်ကျွန်းသို့ သွားချိန်သင့်ပြီ၊ အကျွန်ုပ်ကိုလည်း အရှင်ဘုရားတို့ အဖော်ပြု၍ သာသနာတော်ကို ချီးမြှင့်ရစ်ရမည်ဟု ဘုရားသခင် ဗျာဒိတ်ထားတော် မူခဲ့ပါသည်" ဟု လျှောက်သည်ရှိသော် အရှင်မဟိန္ဒ ထေရ်လည်း အချိန်ကာလ သင့်ပြီဟု သိတော်မူ၍ သီရိဓမ္မာ သောက မင်းကြီး အဘိသိက်မခံမီ လေးနှစ်၊ အဘိသိက်ခံပြီး တဆဲ့ရှစ်နှစ်၊ နှစ်စု စည်းစိမ် နှစ်ဆဲ့နှစ်နှစ် သာသနာတော် သက္ကရာဇ် နှစ်ရာ့သုံးဆယ့်ခြောက်နှစ်တွင် နယုန်လပြည့်နေ့ ကောင်းကင်ခရီးဖြင့် သီဟိုဠ်ကျွန်းသို့ သွားတော်မူ၍ အနုရာဓမြို့ရှေ့ မိဿကတောင်၌ ဒေဝါနံပိယတိဿမင်းနှင့် တွေ့တော်မူလေသတည်း။ သီဟိုဠ်ကျွန်း၌ ဒေဝါနံပိယတိဿမင်းကား သီရိဓမ္မာသောကမင်းကြီး အဘိသိက်ခံ၍ တဆဲ့ခုနစ်နှစ် ရှိသောအခါ မင်းအဖြစ်သို့ ရောက်သတည်း။ ထိုမင်းနှင့် သီရိဓမ္မာသောကမင်းကြီးသည် အချင်းချင်း မတွေ့မမြင်ဘူးကြလျက် ချစ်ခင် လေးမြတ်စွာ အဒိဋ္ဌသဟာယ မဟာမိတ် ဖြစ်၍အထူးထူး အပြားပြား လက်ဆောင်ပဏ္ဏာစေပါ ပေါက် ရောက်ကြသတည်း။

သားတော် အရှင်မဟိန္ဒထေရ် ရောက်ပြန်သည်တွင် အတိုင်းထက် အလွန် လေးမြတ်ခြင်းဖြစ်၍ အရှင်မဟိန္ဒထေရ် ကြွသွားတော်  မူသောနှစ် နတ်တော်လတိုင် ရောက်လျှင် အဆွေတော် ဒေဝါနံ ပိယတိဿမင်းက စေမှာတော်မူသဖြင့် သမီးတော် သယ်မိတ္တာထေရီနှင့်တကွ မဟာဗောဓိ ဒက္ခိဏသာခါ ကိုလည်း သီဟိုဠ်ကျွန်းသို့ ပို့ရောက်ပြန်စေ၏။ သီရိဓမ္မာသောက မင်းကြီးသည် ဤသို့ အစရှိသော သာသနာတော် အစီးအပွားကို များစွာ ဆောင်ရွက်တော်မူ၍ အဘိသိက်ခံပြီး စည်းစိမ် သုံးဆယ်ပြည့်သောအခါ မိဖုရားကြီး အသန္ဓိမိတ္တာ အနိစ္စရောက်တော်မူ၏။

အသန္ဓိမိတ္တာမိဖုရားကား ကရဝိတ်ငှက်မင်း၏ ကျူးရင့်သောအသံကို ကြားရလျှင် အဟိတ်တိရစ္ဆာန်၏ အသံမျှလျက် မအံ့နိုင် ရှိတုံသေး၏။ ဘုရားသဗ္ဗညု၏ အသံတော်သော်ကား အသို့ဆိုရာရှိအံ့နည်း ဟု ဘုရား သဗ္ဗညု၌  ပြင်းစွာကြည်ညိုနှစ်သက်သော သဒ္ဓါပီတိကို အရင်းပြု၍ အစဉ်အတိုင်း ဝိပဿနာကို ပွားစေ၍ သောတာပန်အဖြစ်သို့ ရောက်လေသည်ဟု သုတ်မဟာ ဝါ အဋ္ဌကထာ၌လာ၏။

## သီရိဓမ္မာသောကမင်းကြီး အနိစ္စရောက်တော်မူ၍ နတ်ပြည်၌ ဖြစ်ကြောင်း

အသန္ဓိမိတ္တာ မိဖုရား မရှိသည့်နောက် လေးနှစ်ရောက်သောအခါ သီရိဓမ္မာ သောကမင်းကြီးသည် တိဿရက္ခာ အမည်ရှိသော မင်းသမီးကို မိဖုရားမြှောက်တော်မူ၏။ ထိုမိဖုရားကား ပညာနည်း၏။ အဆင်းမာန် ယစ်၏၊ ပြုစုတတ်၏။ နန်းတော်ဦးတွင်စိုက်သော ဗောဓိပင်ကို မင်းကြီးရိုသေလေးမြတ်စွာ မပြတ်ရှိခိုး ပူဇော်သည်ကို သည်းမခံနိုင်သဖြင့် ငါ့ထက်ပင် ဤသစ်ပင်ကို လေးမြတ်ဘိ၏ တကားဟု မသင့်သော နှလုံးသွင်းဖြင့် ငါးမန်းစွယ်ကို ရိုက်နှက်စေ၍ ဗောဓိပင်ကို ဖျက်ဆီးစေဘိ၏။ သီရိဓမ္မာသောကမင်းကြီးကား တိဿရက္ခာ မိဖုရားနှင့် သုံးနှစ် မင်းပြုတော်မူ၍ အဘိသိက်မခံမီ လေးနှစ်၊ အဘိသိက်ခံပြီး သုံးဆဲ့ခုနစ်နှစ်၊ နှစ်စု စည်းစိမ် လေးဆဲ့တနှစ်၊ သက္ကရာဇ် နှစ်ရာ့ငါးဆဲ့ငါးနှစ်တွင် အနိစ္စရောက်ပြီးသော် အဆုံးစွန် အလှူ၏ အာနုဘော်ကြောင့် နတ်ပြည်၌ ဖြစ်ရလေ၏။

သီဟဠဝတ္ထု၌ကား ဤသို့လာ၏။ သီရိဓမ္မာသောကမင်းကြီး၏ အဆွေတော်ဖြစ်သော လင်္ကာဒီပ သီဟိုဠ်ကျွန်းကို အစိုးရသော ဒေဝါနံ ပိယတိဿ မင်းကြီးလည်း တာဝတိံသာ နတ်ပြည်၌ တန်ခိုးကြီးသော နတ်သားဖြစ်လေ၏၊ ထိုနတ်နှစ်ပါးသည် နတ်၏အသက်အတိုင်း နတ်ပြည်၌မနေ၊ သိကြား တောင်းပန် အပ်သည်ဖြစ်၍ သီဟိုဠ်ကျွန်း၌ သဒ္ဓါတိဿမင်းလက်ထက် သီရိဓမ္မာ သောကမင်းကြီးကား သမ္ဘူလ သူဌေး ကြီးသား ဖြစ်လာ၏၊ ဒေဝါနံပိယတိဿမင်းကြီးကား ဖုဿသာလ သူဌေးမဝမ်း၌ ဖြစ်လာ၏။ ခုနစ်နှစ် အရွယ်သို့ ရောက်ကြလျှင် ရဟန်းပြု၍ ပဋိသမ္ဘိ လေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်တော် မူကုန်၏။ သီရိဓမ္မာ သောကမင်းကြီးကို ဖုဿဒေဝထေရ်ဟူ၍ တွင်၏။ ထိုမဟာထေရ် နှစ်ပါးကား ဘွားသောအခါလည်း အတူ ဘွားတော်မူသည်၊ ရဟန်းပြုသောအခါလည်း အတူရဟန်းပြုကြသည်၊ ကျမ်းဂန်အတူ သင်တော်မူကြသည်၊ ပရိနိဗ္ဗာန် ပြုတော်မူသော အခါလည်း သီဟိုဠ်ကျွန်းအလုံး၌ ကြီးစွာသောပြာဋိဟာကို ပြတော်မူကြ၍ အတူပင် ပရိနိဗ္ဗာန်ပြုတော် မူကြသတည်း။

## မဟာသတိပဋ္ဌာနသုတ်

အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည် ---

အခါတပါး၌ မြတ်စွာဘုရားသည် ကုရုတိုင်း ကမ္မာသဓမ္မ မည်သောနိဂုံး၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့" ဟု ခေါ်တော်မူ၏။ ရဟန်းတို့သည် မြတ်စွာဘုရားအား "အသျှင်ဘုရား" ဟု ပြန်လျှောက်ကြကုန်၏။ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏။

## အကျဉ်းချုပ်

ရဟန်းတို့ ဤခရီးလမ်းသည် သတ္တဝါတို့၏စိတ်စင်ကြယ်ရန် စိုးရိမ်ပူပန်ခြင်း ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့ ချုပ်ငြိမ်းရန် အရိယမဂ်ကိုရရန် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တကြောင်းတည်းသော ခရီးလမ်းဖြစ်ပေ၏။ ယင်းသည့်ခရီးလမ်းကား ဤသတိပဋ္ဌာန်း လေးပါးတို့ပင်တည်း။

အဘယ်လေးပါးတို့နည်းဟူမူ ---

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ် ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿ ကို ပယ်ဖျောက်၍ ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ် ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်၍ ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ်ရှုလေ့ ရှိသည်ဖြစ်၍ နေ၏။

ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်၍ စိတ်၌ စိတ်ကို အကြိမ်ကြိမ်ရှုလေ့ ရှိသည်ဖြစ်၍ နေ၏။

ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်၍ သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ ရှိသည် ဖြစ်၍ နေ၏။

## ထွက်သက်ဝင်သက်ကို ရှုဆင်ခြင်ခြင်းအပိုင်း

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ ရှိသည်ဖြစ်၍ နေသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် တောသို့ သွားရောက်၍ဖြစ်စေ သစ်ပင်ရင်းသို့ သွားရောက်၍ဖြစ်စေ ဆိတ်ငြိမ်ရာသို့ သွားရောက်၍ဖြစ်စေ တင်ပလ္လင်ခွေပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာထား၍ သတိကို (ကမ္မဋ္ဌာန်းသို့) ရှေ့ရှုဖြစ်စေလျက် ထိုင်၏။ ထိုရဟန်းသည် သတိရှိလျက် သာလျှင် ထွက်သက်လေကို ရှိုက်၏၊ သတိရှိလျက်သာလျှင် ဝင်သက်လေကိုရှူ၏၊ ရှည်ရှည်ရှိုက်လျှင်လည်း "ရှည်ရှည်ရှိုက်သည်" ဟုသိ၏၊ ရှည်ရှည်ရှူလျှင်လည်း "ရှည်ရှည်ရှူသည်" ဟုသိ၏၊ တိုတိုရှိုက်လျှင်လည်း "တိုတိုရှိုက်သည်" ဟုသိ၏၊ တိုတိုရှူလျှင်လည်း "တိုတိုရှူသည်" ဟုသိ၏၊ (ထွက်သက်လေ၏) "အဆ အလယ် အဆုံး အလုံးစုံသော ရုပ်အပေါင်းကို ထင်ရှာသိလျက် ရှိုက်မည်" ဟုကျင့်၏၊ (ဝင်သက်လေ၏) "အစ အလယ် အဆုံး အလုံးစုံသော ရုပ်အပေါင်းကို ထင်ရှားသိလျက် ရှူမည်" ဟုကျင့်၏၊ "ရုန့်ရင်းသော

ထွက်သက်ကို ငြိမ်းစေလျက် ရှိုက်မည်" ဟုကျင့်၏၊ "ရှုန်ရင်းသောဝင်သက်ကို ငြိမ်းစေလျက် ရှူမည်" ဟုကျင့်၏။

ရဟန်းတို့ ဥပမာသော်ကား ကျွမ်းကျင်သော ပွတ်သမားသည်၎င်း၊ ပွတ်သမား၏တပည့်သည်၎င်း (ပွတ်ကြိုးကို) ရှည်ရှည်ဆွဲငင်လျှင်လည်း "ရှည်ရှည်ဆွဲငင်သည်" ဟုသိ၏၊ (ပွတ်ကြိုးကို) တိုတို ဆွဲငင် လျှင်လည်း "တိုတိုဆွဲငင်သည်" ဟုသိ၏၊ ရဟန်းတို့ ဤအတူပင် ရဟန်းသည် ရှည်ရှည်ရှိုက်လျှင်လည်း "ရှည်ရှည်ရှိုက်သည်" ဟုသိ၏ ရှည်ရှည်ရှူလျှင်လည်း "ရှည်ရှည်ရှူသည်" ဟုသိ၏၊ တိုတိုရှိုက်လျှင်လည်း "တိုတိုရှိုက်သည်" ဟုသိ၏၊ တိုတိုရှူလျှင်လည်း "တိုတိုရှူသည်" ဟုသိ၏၊ (ထွက်သက်လေ၏) "အစ အလယ် အဆုံး အလုံးစုံသော ရုပ်အပေါင်းကို ထင်ရှားသိလျက် ရှိုက်မည်" ဟုကျင့်၏၊ (ဝင်သက်လေ၏) "အစ အလယ် အဆုံး အလုံးစုံသော ရုပ်အပေါင်းကို ထင်ရှားသိလျက် ရှူမည်" ဟုကျင့်၏၊ "ရှုန်ရင်းသော ထွက်သက်ကို ငြိမ်းစေလျက် ရှိုက်မည်" ဟု ကျင့်၏ "ရှုန်ရင်းသော ဝင်သက်ကို ငြိမ်းစေလျက် ရှူမည်" ဟု ကျင့်၏၊

ဤသို့ (မိမိ၏) ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ သူတပါး၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ မိမိ သူတပါး၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းဟု အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ ရုပ်အပေါင်း၌ ဖြစ်ကြောင်း တရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏၊ ရုပ်အပေါင်း၌ ပျက်ကြောင်း တရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏၊ ရုပ်အပေါင်း၌ ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်ခြင်း ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏၊ ထို့ပြင် "ရုပ်ပေါင်းသည်သာလျှင် ရှိသည်" ဟု ထိုရဟန်းအား သတိသည် ရှေ့ရှုထင်၏၊ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ်တိုးပွားခြင်းသာ ဖြစ်၏၊ အဆင့်ဆင့် သတိတဖန် တိုးပွားခြင်းငှာသာ ဖြစ်၏၊ (ထိုရဟန်းသည် တဏှာ ဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏၊ လောက၌ တစုံတရာကိုမျှလည်း (ငါ ငါ၏ဥစ္စာဟု) စွဲလည်း မစွဲလမ်း။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ ရှိသည်ဖြစ်၍နေ၏။

## ဣရိယာပုထ်ကို ဆင်ခြင်ခြင်းအပိုင်း

ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် သွားလျှင်လည်း "သွားသည်" ဟု သိ၏၊ ရပ်လျှင်လည်း "ရပ်သည်" ဟု သိ၏၊ ထိုင်လျှင်လည်း "ထိုင်သည်" ဟု သိ၏၊ လျောင်းလျှင်လည်း "လျောင်းသည်" ဟု သိ၏၊ ထိုရဟန်း၏ ရုပ်အပေါင်းသည် အကြင်အကြင် အမူအရာအားဖြင့် တည်နေ၏၊ ထိုရုပ်အပေါင်းကို ထိုထိုအမူအရာအားဖြင့် သိ၏။

ဤသို့ မိမိ၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏၊ သူတပါး၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ မိမိ သူတပါး၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းဟု အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ ရုပ်အပေါင်း၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ မူလည်း နေ၏၊ ရုပ်အပေါင်း၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ မူလည်း နေ၏၊ ရုပ်အပေါင်း၌ ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်ခြင်း ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏၊ ထို့ပြင် "ရုပ်အပေါင်းသည်သာလျှင် ရှိ၏" ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏၊ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ် တိုးပွားခြင်းငှာသာ ဖြစ်၏၊ (ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏၊ လောက၌ တစုံတရာကိုမျှလည်း (ငါငါ၏ဥစ္စာဟု) စွဲလည်း မစွဲလမ်း။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေ၏။

သတိသမ္ပဇဉ်ဖြင့် ဆင်ခြင်ခြင်းအပိုင်း

ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ရှေ့သို့တိုးရာ နောက်သို့ဆုတ်ရာ၌ သိလျက်ပြုလေ့ရှိ၏၊ တူရူကြည့်ရာ တစောင်းကြည့်ရာ၌ သိလျက်ပြုလေ့ရှိ၏၊ ကွေးရာ ဆန့်ရာ၌သိလျက်ပြုလေ့ရှိ၏၊ ဒုကုဋ် သပိတ် သင်္ကန်းကို ဆောင်ရာ၌ သိလျက်ပြုလေ့ရှိ၏၊ စားရာ သောက်ရာ ခဲရာ လျက်ရာ၌သိလျက်ပြုလေ့ရှိ၏၊ ကျင်ကြီး ကျင်ငယ် စွန့်ရာ၌ သိလျက်ပြုလေ့ရှိ၏၊ သွားရာ ရပ်ရာ ထိုင်ရာ အိပ်ရာ နိုးရာ ပြောရာ ဆိတ်ဆိတ်နေရာ၌ သိလျက်ပြုလေ့ရှိ၏။

ဤသို့ မိမိ၏ရုပ်အပေါင်း၌မူလည်း ။ပ။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏။

၄–စက်ဆုပ်ဖွယ်ဟု နှလုံးသွင်းခြင်းအပိုင်း

ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ခြေဖဝါးမှ အထက် ဆံပင်ဖျားမှအောက် ထက်ဝန်းကျင် အရေပါးအဆုံး ရှိသော မစင်ကြယ်သည့် အရာမျိုးမျိုးတို့ဖြင့် ပြည့်လျက်ရှိသော ဤရုပ်အပေါင်းကိုပင် စူးစိုက်ဆင်ခြင်၏၊ "ဤရုပ်အပေါင်း၌ ဆံပင် အမွေး ခြေသည်း လက်သည်း သွား အရေ အသား အကြော အရိုး ရိုးတွင်းချဉ်ဆီ အညှိ နှလုံး အသည်း အမြှေး အဖျဉ်း အဆုတ် အူမ အူသိမ် အစာသစ် အစာဟောင်း ဦးနှောက် သည်းခြေ သလိပ် ပြည် သွေး ချွေး အဆီခဲ မျက်ရည် ဆီကြည် တံတွေး နှပ် အစေး ကျင်ငယ်သည် ရှိ၏" ဟု စူးစိုက်ဆင်ခြင်၏။

ရဟန်းတို့ ဥပမာသော်ကား နှစ်ဖက်မျက်နှာဝရှိသော အိတ်သည် စပါးအမျိုးမျိုးဖြင့် ပြည့်လျက်ရှိရာ၏၊ အဘယ်စပါးတို့နည်း၊ ဟူမူ - သလေးစပါး ကောက်ကြီးစပါး ပဲနောက် ပဲကြီး နှမ်း ဆန်တို့တည်း၊ မျက်စိအမြင်ရှိသော ယောကျ်ားသည် ထိုအိတ်ကိုဖြေ၍ "ဤသည်တို့ကား သလေးစပါးတို့တည်း ဤသည်တို့ကား ကောက်ကြီးစပါး တို့တည်း ဤသည်တို့ကား ပဲနောက်တို့တည်း ဤသည်တို့ကား ပဲကြီးတို့တည်း ဤသည်တို့ကား နှမ်းတို့တည်း ဤသည်တို့ကား ဆန်တို့တည်း" ဟု စူးစိုက်ဆင်ခြင်ရာသကဲ့သို့ ရဟန်းတို့ ဤအတူပင် ရဟန်းသည် ခြေဖဝါးမှအထက် ဆံပင်ဖျားမှအောက် ထက်ဝန်းကျင် အရေပါးအဆုံးရှိသော မစင်ကြယ်သည့် အရာမျိုးမျိုးတို့ဖြင့် ပြည့်လျက်ရှိသော ဤရုပ်အပေါင်းကိုပင် စူးစိုက်ဆင်ခြင်၏၊ "ဤရုပ်အပေါင်း၌ ဆံပင် အမွေး ခြေသည်း လက်သည်း သွား အရေ ။ပ။ ကျင်ငယ်သည ရှိ၏" ဟု (စူးစိုက်ဆင်ခြင်၏)။

ဤသို့ မိမိ၏ ရုပ်အပေါင်း၌မူလည်း ။ပ။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊

## ဓာတ်အားဖြင့် နှလုံးသွင်းခြင်းအပိုင်း

ရဟန်းတို့ တဖန် ထို့ပြင်လည်း "ဤရုပ်အပေါင်း၌ မြေဓာတ် ရေဓာတ် မီးဓာတ် လေဓာတ်သည် ရှိ၏" ဟု ဤရုပ်အပေါင်းကို တည်မြဲတိုင်း ထားမြဲတိုင်းပင် ဓာတ်အားဖြင့် စူးစိုက်ဆင်ခြင်၏၊

ရဟန်းတို့ ဥပမာသော်ကား ကျွမ်းကျင်သော နွားသတ်သမားသည်၄င်း နွားသတ်သမား၏ တပည့်သည်၄င်း နွားကိုသတ်၍ လမ်းလေးခွဆုံရာ၌ အစုအပုံအားဖြင့် ခွဲခြားလျက် ထိုင်နေရာသကဲ့သို့ ရဟန်းတို့ ဤအတူပင် ရဟန်းသည် "ဤရုပ်အပေါင်း၌ မြေဓာတ် ရေဓာတ် မီးဓာတ် လေဓာတ်သည်ရှိ၏" ဟု ဤရုပ်အပေါင်း ကိုတည်မြဲတိုင်း ထားမြဲတိုင်းပင် ဓာတ်အားဖြင့် စူးစိုက်ဆင်ခြင်၏၊

ဤသို့ မိမိ၏ ရုပ်အပေါင်း၌ မူလည်း ။ပ။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊

## သူသေကောင်ကိုးမျိုးကို ဆင်ခြင်ခြင်းအပိုင်း

ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် သေ၍ တရက်ရှိသော သူသေကောင်သေ၍ ၂ရက် ရှိသော သူသေကောင် သေ၍ သုံးရက်ရှိသော သူသေကောင် ဖူးရောင်နေသော သူသေကောင် ရုပ်ဆင်း ပျက်လျက် ညိုမဲနေသော သူသေကောင် ပြည်ကဲ့သို့ စက်ဆုပ်ဖွယ် အပုပ်ရည်ယိုစီးသော သင်္ချိုင်း၌ ၂န့်ပစ် ထားသော သူသေကောင်ကို မြင်ရာသကဲ့သို့ ထိုရဟန်းသည် "ဤငါ၏ ရုပ်အပေါင်းသည်လည်း ဤသို့သော သဘောရှိ၏၊ ဤသို့သောသဘော ဖြစ်လိမ့်မည်သာတည်း၊ ဤသို့သော သဘောကို မလွန်ဆန်နိုင်" ဟု ဤရုပ်အပေါင်းကိုပင် နှိုင်းစာ၍ ရှု၏၊

ဤသို့ (မိမိ၏) ရုပ်အပေါင်း၌မူလည်း ။ပ။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍ နေ၏။

ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ကျီးတို့ ခဲစားအပ်သည်မူလည်းဖြစ်သော စွန်ရဲတို့ ခဲစားအပ်သည်မူလည်းဖြစ်သော လင်းတတို့ ခဲစားအပ်သည်မူလည်းဖြစ်သော ဘုံမတီးငှက်တို့ ခဲစားအပ်သည် မူလည်းဖြစ်သော ခွေးတို့ ခဲစားအပ်သည်မူလည်း ဖြစ်သော ကျားတို့ ခဲစားအပ်သည်မူလည်းဖြစ်သော သစ်တို့ ခဲစားအပ်သည် မူလည်းဖြစ်သော မြေခွေးတို့ ခဲစားအပ်သည် မူလည်းဖြစ်သော ပိုးအမျိုးမျိုးတို့ ခဲစားအပ်သည် မူလည်း ဖြစ်သော သင်္ချိုင်း၌ စွန့်ပစ်ထားသော သူသေကောင်ကို မြင်ရာသကဲ့သို့ ဤကိုယ်ကိုသာလျှင် "ဤငါ၏ ရုပ်အပေါင်းသည်လည်း ဤသို့ သဘောရှိ၏၊ ဤသို့သော သဘောဖြစ်လိမ့်မည်သာတည်း၊ ဤသို့သော သဘောကို မလွန်ဆန်နိုင်" ဟု နှိုင်းစာ၍ ရှု၏။

ဤသို့ (မိမိ၏) ရုပ်အပေါင်း၌မူလည်း ။ပ။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် အသားအသွေးရှိသေးသော အကြောတို့ဖြင့် ဖွဲ့ထားသော အရိုးဆက်လျက် ရှိသေးသော သင်္ချိုင်း၌ စွန့်ပစ်အပ်သော သူသေကောင်ကို မြင်ရာသကဲ့သို့ ။ပ။

အသားကင်း၍ သွေးတို့ဖြင့် ပေကျံလျက် အကြောတို့ဖြင့် ဖွဲ့လျက်ရှိသော အရိုးဆက်လျက် ရှိသေးသော သင်္ချိုင်း၌ စွန့်ပစ်အပ်သော သူသေကောင်ကို ။ပ။

အသားသွေးကင်းလျက် အကြောတို့ဖြင့် ဖွဲ့ထားသော အရိုးစုဖြစ်သော သင်္ချိုင်း၌ စွန့်ပစ်အပ်သော သူသေကောင်ကို၊ပ။

တနေရာ၌လက်ရိုး တနေရာ၌ခြေရိုး တနေရာ၌ ခြေဖမျက်ရိုး တနေရာ၌ မြင်းခေါင်းရိုး တနေရာ၌ ပေါင်ရိုး တနေရာ၌ ခါးရိုး တနေရာ၌နံရိုး တနေရာ၌ ကျောက်ကုန်းရိုး တနေရာ၌ ပခုံးရိုး တနေရာ၌ လည်ပင်ရိုး တနေရာ၌ မေးရိုး တနေရာ၌ သွားရိုး တနေရာ၌ ဦးခေါင်းခွံအားဖြင့် ဖွဲ့ခြင်း ကင်းကုန်လျက် ထိုထိုအရပ်တို့၌ ကြပြန့်နေကုန်သော သင်္ချိုင်း၌ စွန့်ပစ်အပ်သော အရိုးစု သူသေကောင်တို့ကို မြင်ရာသကဲ့သို့ ထိုရဟန်းသည် ဤကိုယ်ကိုသာလျှင် "ဤငါ၏ ရုပ်အပေါင်းသည်လည်း ဤသို့သော သဘောရှိ၏၊ ဤသို့သော သဘော ဖြစ်လိမ့်မည်သာတည်း၊ ဤသို့သောသဘောကို မလွန်ဆန်နိုင်" ဟု ဤရုပ်အပေါင်းကိုသာလျှင် နှိုင်းစာ၍ ရှု၏။

ဤသို့ မိမိ၏ ရုပ်အပေါင်း၌မူလည်း ။ပ။ နေ၏။

ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ခရုသင်း အဆင်းနှင့်အတူ ဖြူဖွေးနေကုန်သော သင်္ချိုင်း၌ စွန့်ပစ်အပ်ကုန်သော အရိုးစု သူသေကောင်တို့ကို မြင်ရာသကဲ့သို့ ။ပ။ နှစ်လွန်လျက် စုပုံနေသော သင်္ချိုင်း၌ စွန့်ပစ်ထားအပ်သော အရိုးစု သူသေကောင်တို့ကို မြင်ရာသကဲ့သို့ ။ပ။ ဆွေးမြည့်လျက် အမှုန့်ဖြစ်ကုန်သော သင်္ချိုင်း၌ စွန့်ပစ်ထားကုန်သော အရိုးစု သူသေကောင်တို့ကို မြင်ရာသကဲ့သို့ ထိုရဟန်းသည် "ဤငါ၏ ရုပ်ပေါင်းသည်လည်း ဤသို့သဘောရှိ၏၊ ဤသို့သော သဘောဖြစ်လိမ့်မည်သာတည်း၊ ဤသို့သောသဘောကို မလွန်ဆန်နိုင်" ဟု ဤရုပ်အပေါင်းကိုသာလျှင် နှိုင်းစာ၍ ရှု၏။

ဤသို့ မိမိ၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊သူတပါး ၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ မိမိသူတပါး၏ ရုပ်အပေါင်း၌ မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ ရုပ်အပေါင်း၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်း သဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏၊ ရုပ်အပေါင်း၌ ပျက်ကြောင်းသဘောနှင့် ပျက်ခြင်း သဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏၊ ရုပ်အပေါင်း၌ ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်ခြင်း ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏၊ ထို့ပြင် "ရုပ်အပေါင်းသည် သာလျှင် ရှိ၏" ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏၊ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ် တိုးပွားခြင်းငှာသာ ဖြစ်၏၊ အဆင့်ဆင့် သတိ တဖန် တိုးပွားခြင်းငှာသာဖြစ်၏၊ ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့် မမှီမတွယ်မူ၍လည်း နေ၏၊ လောက၌ တစုံတရာမျှကိုလည်း (ငါ ငါ၏ဥစ္စာဟု) စွဲလည်း မစွဲလမ်း။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

## ဝေဒနာကိုဆင်ခြင်ခြင်း ကိုးပါး

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ဝေဒနာ တို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သုခဝေဒနာ ကို ခံစားလျှင်လည်း "သုခဝေဒနာကို ခံစားသည်" ဟု သိ၏။ ဒုက္ခဝေဒနာ ကို ခံစားလျှင်လည်း "ဒုက္ခဝေဒနာကို ခံစားသည်ဟု သိ၏။ အဒုက္ခမသုခ ဝေဒနာကို ခံစားလျှင်လည်း "အဒုက္ခမသုခဝေဒနာကို ခံစားသည်" ဟု သိ၏။

ကာမဂုဏ်နှင့်စပ်သော ချမ်းသာသော ဝေဒနာကို ခံစားလျှင်လည်း "ကာမဂုဏ်နှင့်စပ်သော ချမ်းသာ သော ဝေဒနာကို ခံစားသည်" ဟုသိ၏၊ ကာမဂုဏ်နှင့် မစပ်သော ချမ်းသာသော ဝေဒနာကို ခံစားလျှင်လည်း "ကာမဂုဏ်နှင့် မစပ်သော ချမ်းသာသော ဝေဒနာကို ခံစားသည်" ဟုသိ၏။ ကာမဂုဏ်နှင့်စပ်သော ဆင်းရဲသော ဝေဒနာကို ခံစားလျှင်လည်း "ကာမဂုဏ်နှင့် စပ်သော ဆင်းရဲသော ဝေဒနာကို ခံစားသည်"

ဟု သိ၏၊ ကာမဂုဏ်နှင့်မစပ်သော ဆင်းရဲသော ဝေဒနာကို ခံစားလျှင်လည်း "ကာမဂုဏ်နှင့် မစပ်သော ဆင်းရဲသော ဝေဒနာကို ခံစားသည်" ဟုသိ၏၊ ကာမဂုဏ်နှင့်စပ်သော ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ဝေဒနာကို ခံစားလျှင်လည်း "ကာမဂုဏ်နှင့် စပ်သော ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ဝေဒနာကို ခံစားသည်" ဟုသိ၏၊ ကာမဂုဏ်နှင့်မစပ်သော ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ဝေဒနာကို ခံစားလျှင်လည်း "ကာမဂုဏ်နှင့် မစပ်သော ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ဝေဒနာကို ခံစားသည်" ဟုသိ၏။

ဤသို့ မိမိ၏ ဝေဒနာတို့၌မူလည်း ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ သူတပါး၏ ဝေဒနာတို့၌မူလည်း ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ မိမိ သူတပါး၏ ဝေဒနာတို့၌ မူလည်း ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ဝေဒနာတို့၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်း သဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏၊ ဝေဒနာတို့၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏၊ဝေဒနာတို့၌ ဖြစ်ကြောင်း ပျက်ကြောင်း တရားနှင့် ဖြစ်ခြင်းပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏၊ ထို့ပြင် "ဝေဒနာသည် သာလျှင် ရှိ၏" ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏၊ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ် တိုးပွါးခြင်းငှါသာ ဖြစ်၏၊ အဆင့်ဆင့် သတိတဖန် တိုးပွါးခြင်းငှါသာ ဖြစ်၏၊ (ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏၊ လောက၌ တစုံတရာကိုမျှလည်း (ငါ ငါ၏ ဥစ္စာဟု) စွဲလည်းမစွဲလမ်း။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏။

**စိတ်ကိုဆင်ခြင်ခြင်း တစ်ဆယ့်ခြောက်ပါး**

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် စိတ်၌ စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ရာဂနှင့်တကွသော စိတ်ကိုလည်း "ရာဂနှင့် တကွသောစိတ်" ဟု သိ၏၊ ရာဂကင်းသော စိတ်ကိုလည်း "ရာဂကင်းသောစိတ်" ဟု သိ၏၊ ဒေါသနှင့်တကွသော စိတ်ကိုလည်း "ဒေါသနှင့်တကွသောစိတ်" ဟု သိ၏၊ ဒေါသကင်းသော စိတ်ကိုလည်း "ဒေါသကင်းသောစိတ်" ဟု သိ၏၊ မောဟနှင့်တကွသော စိတ်ကိုလည်း "မောဟနှင့်တကွသောစိတ်" ဟု သိ၏၊ မောဟကင်းသော စိတ်ကိုလည်း "မောဟကင်းသောစိတ်" ဟု သိ၏၊ သံခိတ္တ စိတ်ကိုလည်း "သံခိတ္တစိတ်" ဟု သိ၏၊ ဝိက္ခိတ္တ စိတ်ကိုလည်း "ဝိက္ခိတ္တစိတ်" ဟု သိ၏၊ မဟဂ္ဂုတ် စိတ်ကိုလည်း "မဟဂ္ဂုတ်စိတ်" ဟု သိ၏၊ အမဟဂ္ဂုတ် စိတ်ကိုလည်း "အမဟဂ္ဂုတ်စိတ်" ဟု သိ၏၊ သဉတ္တရ စိတ်ကိုလည်း "သဉတ္တရစိတ်" ဟု သိ၏၊ အနုတ္တရစိတ်ကိုလည်း "အနုတ္တရစိတ်" ဟု သိ၏၊ သမာဟိတစိတ် ကိုလည်း "သမာဟိတစိတ်" ဟု သိ၏၊ အသမာဟိတစိတ်

ကိုလည်း "အသမာဟိတစိတ်" ဟု သိ၏။ ဝိမုတ္တစိတ်ကိုလည်း "ဝိမုတ္တစိတ်" ဟု သိ၏၊ အဝိမုတ္တစိတ် ကိုလည်း "အဝိမုတ္တစိတ်" ဟု သိ၏။

ဤသို့ မိမိ၏ စိတ်၌မူလည်း စိတ်ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ သူတပါးစိတ်၌မူလည်း စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ မိမိ သူတပါး၏ စိတ်၌မူလည်း စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေ၏။ စိတ်၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍မူလည်း နေ၏၊ စိတ်၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍မူလည်း နေ၏၊ စိတ်၌ ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်ခြင်း ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍မူလည်း နေ၏၊ ထို့ပြင် "စိတ်သည်သာလျှင်ရှိ၏" ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏၊ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ် တိုးပွားခြင်းငှာသာဖြစ်၏၊ အဆင့်ဆင့် သတိတဖန် တိုးပွါးခြင်းငှါသာ ဖြစ်၏၊ (ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏၊ လောက၌ တစုံတရာကိုမျှ (ငါ ငါ၏ဥစ္စာ ဟု) စွဲလည်း မစွဲလမ်း။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် စိတ်၌စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

နီဝရဏတရားငါးပါးကို ဆင်ခြင်ခြင်းအပိုင်း

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် နီဝရဏငါးပါးသဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် နီဝရဏငါးပါး သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အတွင်းသန္တာန်၌ ကာမစ္ဆန္ဒမရှိလျှင်လည်း "ငါ၏ အတွင်းသန္တာန်၌ ကာမစ္ဆန္ဒ ရှိသည်" ဟု သိ၏၊ အတွင်းသန္တာန်၌ ကာမစ္ဆန္ဒမရှိလျှင်လည်း "ငါ၏ အတွင်းသန္တာန်၌ ကာမစ္ဆန္ဒမရှိ" ဟု သိ၏၊ မဖြစ်သေးသော ကာမစ္ဆန္ဒ ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသော ကာမစ္ဆန္ဒ၏ ပယ်ကြောင်းကိုလည်း သိ၏၊ ပယ်ပြီးသော ကာမစ္ဆန္ဒ၏ နောင်အခါ မဖြစ်ပေါ်ကြောင်းကိုလည်း သိ၏။

မိမိသန္တာန်၌ ဗျာပါဒ ရှိလျှင်လည်း "ငါ၏သန္တာန်၌ ဗျာပါဒရှိသည်" ဟု သိ၏၊ မိမိသန္တာန်၌ ဗျာပါဒ မရှိလျှင်လည်း "ငါ၏အတွင်းသန္တာန်၌ ဗျာပါဒ မရှိ" ဟု သိ၏၊ မဖြစ်သေးသော ဗျာပါဒ၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသော ဗျာပါဒ၏ ပယ်ကြောင်းကိုလည်း သိ၏၊ ပယ်ပြီးသော ဗျာပါဒ၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း သိ၏။

မိမိသန္တာန်၌ ထိနမိဒ္ဓ ရှိလျှင်လည်း "ငါ၏သန္တာန်၌ ထိနမိဒ္ဓရှိသည်" ဟု သိ၏၊ မိမိသန္တာန်၌ ထိနမိဒ္ဓ မရှိလျှင်လည်း "ငါ၏သန္တာန်၌ ထိနမိဒ္ဓမရှိ" ဟု သိ၏၊ မဖြစ်သေးသော ထိနမိဒ္ဓ၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသော ထိနမိဒ္ဓ၏ ပယ်ကြောင်းကိုလည်း သိ၏၊ ပယ်ပြီးသော ထိနမိဒ္ဓ၏ နောင်အခါ မဖြစ်ပေါ်ကြောင်းကိုလည်း သိ၏။

မိမိသန္တာန်၌ ဥဒ္ဓစ္စ ကုက္ကုစ္စ ရှိလျှင်လည်း "ငါ၏သန္တာန်၌ ဥဒ္ဓစ္စ ကုက္ကုစ္စရှိသည်" ဟု သိ၏၊ မိမိသန္တာန်၌ ဥဒ္ဓစ္စ ကုက္ကုစ္စမရှိလျှင်လည်း "ငါ၏သန္တာန်၌ ဥဒ္ဓစ္စ ကုက္ကုစ္စမရှိ" ဟု သိ၏၊ မဖြစ်သေးသော ဥဒ္ဓစ္စ ကုက္ကုစ္စ၏ ဖြစ်ကြောင်း ကိုလည်း သိ၏၊ ဖြစ်ပြီးသော ဥဒ္ဓစ္စ ကုက္ကုစ္စ၏ ပယ်ကြောင်းကိုလည်း သိ၏၊ ပယ်ပြီးသော ဥဒ္ဓစ္စ ကုက္ကုစ္စ၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း သိ၏။

မိမိသန္တာန်၌ ဝိစိကိစ္ဆာ ရှိလျှင်လည်း "ငါ၏ သန္တာန်၌ ဝိစိကိစ္ဆာရှိ၏" ဟု သိ၏၊ မိမိ၏ သန္တာန်၌ ဝိစိကိစ္ဆာ မရှိလျှင်လည်း "ငါ၏ သန္တာန်၌ ဝိစိကိစ္ဆာမရှိ" ဟု သိ၏၊ မဖြစ်သေးသော ဝိစိကိစ္ဆာ၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသော ဝိစိကိစ္ဆာ၏ ပယ်ကြောင်းကိုလည်း သိ၏၊ ပယ်ပြီးသော ဝိစိကိစ္ဆာ၏ နောင်အခါ မဖြစ်ကြောင်း ကိုလည်း သိ၏။

ဤသို့ မိမိ၏ သဘောတရားတို့၌ မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏၊ သူတပါး၏ သဘောတရားတို့၌ မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ မိမိ သူတပါး၏ သဘောတရားတို့၌ မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ သဘောတရားတို့၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ မူလည်းနေ၏၊ သဘောတရားတို့၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ မူလည်းနေ၏၊ သဘော တရားတရားတို့၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ မူလည်းနေ၏၊ သဘောတရားတို့၌ ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်ခြင်း ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ မူလည်းနေ၏၊ ထို့ပြင် "သဘောတရားတို့သည်သာလျှင် ရှိကုန်၏" ဟု ထိုရဟန်းအား သတိသည် ရှေ့ရှုထင်၏။ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ် တိုးပွားခြင်းငှာသာ ဖြစ်၏၊ အဆင့်ဆင့် အသိတဖန် တိုးပွားခြင်းငှာသာ ဖြစ်၏၊ (ထိုရဟန်းသည် တဏှာ ဒိဋ္ဌိ တို့ဖြင့်) မမှီမတွယ် မူ၍လည်း နေ၏၊ လောက၌ တစ်စုံ တစ်ရာကိုမျှလည်း (ငါ ငါ၏ ဥစ္စာဟု) စွဲလည်းမစွဲလမ်း။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် သဘောတရားတို့ ၌ သဘောတရားဟု အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

### စက္ခုဒွါရ၌ပါးကို ဆင်ခြင်ခြင်းအပိုင်း

ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ဥပါဒါနက္ခန္ဓါငါးပါး သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍နေ၏၊ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်သည် ဥပါဒါနက္ခန္ဓါငါးပါး သဘော တရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍နေသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဤကား ရုပ်တည်း၊ ဤကား ရုပ်၏ဖြစ်ကြောင်းတည်း၊ ဤကား ရုပ်၏ ချုပ်ရာတည်း။ ဤကား ဝေဒနာ တည်း၊ ဤကား ဝေဒနာ၏ ဖြစ်ကြောင်းတည်း၊ ဤကား ဝေဒနာ၏ ချုပ်ရာတည်း၊ ဤကား သညာတည်း၊ ဤကား သညာ၏ ဖြစ်ကြောင်းတည်း၊ ဤကား သညာ၏ ချုပ်ရာတည်း၊ ဤသည်တို့ကား သင်္ခါရတို့တည်း၊ ဤကား သင်္ခါရတို့၏ ဖြစ်ကြောင်းတည်း၊ ဤကား သင်္ခါရတို့၏ ချုပ်ရာတည်း၊ ဤကား ဝိညာဏ်တည်း၊ ဤကား ဝိညာဏ် ၏ဖြစ်ကြောင်းတည်း၊ ဤကား ဝိညာဏ်၏ ချုပ်ရာတည်းဟု ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ဤသို့ မိမိ၏ သဘောတရားတို့၌ မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ သူတပါး၏ သဘောတရားတို့၌ မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ မိမိသူ တပါး၏ သဘောတရားတို့၌ မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ သဘော တရားတို့၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ မူလည်း နေ၏၊ သဘော တရားတို့၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ မူလည်း နေ၏၊ သဘောတရားတို့၌ ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်ခြင်း ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ မူလည်း နေ၏၊ ထို့ပြင် သဘောတရားတို့သည်သာလျှင် ရှိကုန်၏ဟု ထိုရဟန်းအား သတိသည် ရှေးရှု ထင်၏။ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ် တိုးပွားခြင်းငှာသာဖြစ်၏၊ အဆင့်ဆင့် သတိတဖန် တိုးပွားခြင်း ငှာသာဖြစ်၏၊ (ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့်) မမှီမတွယ် မူ၍လည်း နေ၏၊ လောက၌ တစုံတရာကိုမျှ (ငါ ငါ၏ဥစ္စာဟု) စွဲလည်းမစွဲလမ်း။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် သဘောတရားတို့၌ သဘောတရားဟု အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

### အာယတနတဆယ့်နှစ်ပါးကို ဆင်ခြင်ခြင်းအပိုင်း

ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ခြောက်ပါးသော အတွင်းအပ အာယတန သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ခြောက်ပါးသော အတွင်းအပ အာယတနသဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍ နေသနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မျက်စိကိုလည်း သိ၏၊ အဆင်းတို့ကိုလည်း သိ၏၊ ထိုနှစ်ပါး စုံကိုစွဲ၍ သံယောဇဉ်ဖြစ်ခြင်းကိုလည်း သိ၏၊ မဖြစ်သေးသော သံယောဇဉ်၏ ဖြစ်ကြောင်းကိုလည်းသိ၏၊ ဖြစ်ပြီးသော သံယောဇဉ်၏ ပယ်ကြောင်းကိုလည်း သိ၏၊ ပယ်ပြီးသော သံယောဇဉ်၏ နောင်အခါမဖြစ်ကြောင်း ကိုလည်း သိ၏။

နားကိုလည်းသိ၏၊ အသံတို့ကိုလည်း သိ၏၊ ထိုနှစ်ပါးစုံကို စွဲ၍ သံယောဇဉ် ဖြစ်ခြင်းကိုလည်း သိ၏၊ မဖြစ်သေးသော သံယောဇဉ်၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသော သံယောဇဉ်၏ ပယ်ကြောင်းကိုလည်း သိ၏၊ ပယ်ပြီးသော သံယောဇဉ်၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း သိ၏။

နှာခေါင်းကိုလည်း သိ၏၊ အနံ့တို့ကိုလည်း သိ၏၊ ထိုနှစ်ပါးစုံကိုစွဲ၍ သံယောဇဉ်ဖြစ်ခြင်းကိုလည်း သိ၏၊ မဖြစ်သေးသော သံယောဇဉ်၏ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသော သံယောဇဉ်၏ ပယ်ကြောင်းကိုလည်းသိ၏၊ ပယ်ပြီးသောသံယောဇဉ်၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း သိ၏။

လျှာကိုလည်း သိ၏၊ အရသာတို့ကိုလည်း သိ၏၊ ထိုနှစ်ပါးစုံကိုစွဲ၍ သံယောဇဉ် ဖြစ်ခြင်းကိုလည်း သိ၏၊ မဖြစ်သေးသော သံယောဇဉ်၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသော သံယောဇဉ်၏ ပယ်ကြောင်းကိုလည်း သိ၏၊ ပယ်ပြီးသော သံယောဇဉ်၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း သိ၏။

ကိုယ်ကိုလည်း သိ၏၊ အတွေ့အထိတို့ကိုလည်း သိ၏၊ ထိုနှစ်ပါးစုံကို စွဲ၍ သံယောဇဉ် ဖြစ်ခြင်းကိုလည်း သိ၏၊ မဖြစ်သေးသော သံယောဇဉ်၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသော သံယောဇဉ်၏ ပယ်ကြောင်းကို လည်း သိ၏၊ ပယ်ပြီးသော သံယောဇဉ်၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း သိ၏။

စိတ်ကိုလည်း သိ၏၊ သဘောတရားတို့ကိုလည်း သိ၏၊ ထိုနှစ်ပါးစုံကို စွဲ၍ သံယောဇဉ် ဖြစ်ခြင်းကိုလည်း သိ၏၊ မဖြစ်သေးသော သံယောဇဉ်၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသော သံယောဇဉ်၏ ပယ်ကြောင်းကို လည်း သိ၏၊ ပယ်ပြီးသော သံယောဇဉ်၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း သိ၏။

ဤသို့ မိမိ၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ သူတပါး၏ သဘောတရားတို့၌ မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ မိမိ သူတပါး၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ သဘောတရားတို့၌ ဖြစ်ကြောင်း တရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏၊ သဘောတရားတို့၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်မူလည်း နေ၏၊ သဘောတရားတို့၌

နေ၏၊ သဘောတရားတို့၌ ဖြစ်ကြောင်း၊ ပျက်ကြောင်း၊ တရားနှင့် ဖြစ်ခြင်း ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍မူလည်း နေ၏၊ ထိုပြင် သဘောတရားတို့သည်သာလျှင် ရှိကုန်၏ ဟု ထိုရဟန်းအား သတိသည် ရှေးရှု ထင်၏၊ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ် တိုးပွားခြင်းငှာသာ ဖြစ်၏၊ အဆင့်ဆင့် သတိ တဖန် တိုးပွားခြင်း ငှာသာဖြစ်၏၊ (ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏၊ လောက၌ တစုံတရာကိုမျှ (ငါ ငါ၏ဥစ္စာဟူ၍) စွဲလည်း မစွဲလမ်း။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ခြောက်ပါးသော အတွင်းအပ အာယတန သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ဗောဇ္ဈင်ခုနစ်ပါးကို ဆင်ခြင်ခြင်းအပိုင်း

ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ဗောဇ္ဈင် ခုနစ်ပါး သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍နေ၏၊ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ဗောဇ္ဈင်ခုနစ်ပါး သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မိမိသန္တာန်၌ သတိသမ္ဗောဇ္ဈင် ရှိလျှင်လည်း "ငါ၏သန္တာန်၌ သတိသမ္ဗောဇ္ဈင်ရှိ"သည်ဟု သိ၏၊ မိမိသန္တာန်၌ သတိသမ္ဗောဇ္ဈင် မရှိလျှင်လည်း "ငါ၏သန္တာန်၌ သတိသမ္ဗောဇ္ဈင်မရှိ" ဟု သိ၏၊ မဖြစ်သေးသော သတိသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသော သတိသမ္ဗောဇ္ဈင်ကို ပွားစေခြင်းငှာ ပြည့်စုံခြင်း၏ အကြောင်းကိုလည်း သိ၏။

မိမိသန္တာန်၌ ဓမ္မဝိစယသမ္ဗောဇ္ဈင်ႛ ရှိလျှင်လည်း "ငါ၏သန္တာန်၌ ဓမ္မဝိစယသမ္ဗောဇ္ဈင်ရှိ[illegible]" ဟု သိ၏၊ မိမိ သန္တာန်၌ ဓမ္မဝိစယသမ္ဗောဇ္ဈင် မရှိလျှင်လည်း "ငါ၏ သန္တာန်၌ ဓမ္မဝိစယသမ္ဗောဇ္ဈင် မရှိ" ဟု သိ၏၊ မဖြစ်သေးသော ဓမ္မဝိစယသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသော ဓမ္မဝိစယ သမ္ဗောဇ္ဈင်ကို ပွားစေခြင်းငှာ ပြည့်စုံခြင်း၏ အကြောင်းကိုလည်း သိ၏။

မိမိ သန္တာန်၌ ဝီရိယသမ္ဗောဇ္ဈင် ရှိလျှင်လည်း "ငါ၏သန္တာန်၌ ဝီရိယသမ္ဗောဇ္ဈင် ရှိသည်" ဟု သိ၏၊ မိမိသန္တာန်၌ ဝီရိယသမ္ဗောဇ္ဈင် မရှိလျှင်လည်း "ငါ၏သန္တာန်၌ ဝီရိယသမ္ဗောဇ္ဈင်မရှိ" ဟု သိ၏၊ မဖြစ်[illegible] ဝီရိယသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသော ဝီရိယသမ္ဗောဇ္ဈင်ကို ပွားစေခြင်းငှာ [illegible]ခြင်း၏ အကြောင်းကိုလည်း သိ၏။

မိမိသန္တာန်၌ ပီတိသမ္ဗောဇ္ဈင် ရှိလျှင်လည်း "ငါ၏သန္တာန်၌ ပီတိသမ္ဗောဇ္ဈင်ရှိသည်" [illegible]၏၊ မိမိ သန္တာန်၌ ပီတိသမ္ဗောဇ္ဈင် မရှိလျှင်လည်း "ငါ၏သန္တာန်၌ ပီတိသမ္ဗောဇ္ဈင် မရှိ" ဟု သိ၏၊ မဖြစ်[illegible]သေးသော ပီတိသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသော ပီတိသမ္ဗောဇ္ဈင်ကို ပွားစေခြင်းငှာ ပြည့်စုံခြင်း၏ အကြောင်းကိုလည်း သိ၏။

မိမိ သန္တာန် ပဿဒ္ဓိသမ္ဗောဇ္ဈင် ရှိလျှင်လည်း "ငါ၏သန္တာန်၌ ပဿဒ္ဓိသမ္ဗောဇ္ဈင်ရှိသည်" ဟု သိ၏၊ မိမိသန္တာန်၌ ပဿဒ္ဓိသမ္ဗောဇ္ဈင်မရှိလျှင်လည်း "ငါ၏သန္တာန်၌ ပဿဒ္ဓိသမ္ဗောဇ္ဈင် မရှိ" ဟု သိ၏၊ မဖြစ်သေးသော ပဿဒ္ဓိသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသော ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွားစေခြင်းငှာ ပြည့်စုံခြင်း၏ အကြောင်းကိုလည်း သိ၏။

မိမိ သန္တာန်၌ သမာဓိသမ္ဗောဇ္ဈင်[၇] ရှိလျှင်လည်း "ငါ၏သန္တာန်၌ သမာဓိသမ္ဗောဇ္ဈင်ရှိသည်" ဟု သိ၏၊ မိမိသန္တာန်၌ သမာဓိသမ္ဗောဇ္ဈင်မရှိလျှင်လည်း "ငါ၏သန္တာန်၌ သမာဓိသမ္ဗောဇ္ဈင်မရှိ" ဟု သိ၏၊ မဖြစ်သေးသော သမာဓိသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသော သမာဓိသမ္ဗောဇ္ဈင်ကို ပွားစေခြင်းငှာ ပြည့်စုံခြင်း၏ အကြောင်းကိုလည်း သိ၏။

မိမိ သန္တာန်၌ ဥပေက္ခာသမ္ဗောဇ္ဈင်[၁] ရှိလျှင်လည်း "ငါ၏သန္တာန်၌ ဥပေက္ခာသမ္ဗောဇ္ဈင်ရှိသည်" ဟု သိ၏၊ မိမိ သန္တာန်၌ ဥပေက္ခာသမ္ဗောဇ္ဈင် မရှိလျှင်လည်း "ငါ၏သန္တာန်၌ ဥပေက္ခာသမ္ဗောဇ္ဈင်မရှိ" ဟု သိ၏၊ မဖြစ်သေးသော ဥပေက္ခာသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွားစေခြင်းငှာ ပြည့်စုံခြင်း၏ အကြောင်းကိုလည်းသိ၏။

ဤသို့ မိမိ၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ သူတပါး၏သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ မိမိ သူတပါး၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ သဘောတရားတို့၌ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏၊ သဘောတရားတို့၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏၊ သဘောတရားတို့၌ ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်ခြင်း ပျက်ခြင်း သဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍မူလည်း နေ၏၊ ထို့ပြင် "သဘောတရားတို့သည်သာလျှင် ရှိကုန်၏" ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏၊ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ်တိုးပွားခြင်းငှာသာဖြစ်၏၊ အဆင့်ဆင့် သတိတဖန်တိုးပွား ခြင်းငှာသာဖြစ်၏၊ (ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏၊ လောက၌ တစုံတရာကိုမျှ (ငါ ငါ၏ဥစ္စာဟု) စွဲလည်း မစွဲလမ်း၊ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ဗောဇ္ဈင်ခုနစ်ပါး သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏။

**သစ္စာလေးပါးကို ဆင်ခြင်ခြင်း အပိုင်း**

ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် အရိယသစ္စာလေးပါး သဘောတရားတို့၌ သဘောတရားဟု အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် အရိယသစ္စာလေးပါးသဘော တရားတို့၌ သဘောတရားဟု အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် "ဤကား ဒုက္ခတည်း" ဟု ဟုတ်မှန်သည့်အတိုင်း သိ၏၊ "ဤကား ဒုက္ခဖြစ်ကြောင်းတည်း" ဟု ဟုတ်မှန်သည့်အတိုင်း သိ၏၊ "ဤကား ဒုက္ခချုပ်ရာတည်း" ဟု ဟုတ်မှန်သည့်အတိုင်းသိ၏။ "ဤကား ဒုက္ခနိရောဓဂါမိနိပဋိပဒါ တည်း" ဟု ဟုတ်မှန်သည့်အတိုင်း သိ၏။

**ဒုက္ခအရိယသစ္စာ**

ရဟန်းတို့ ဒုက္ခသစ္စာဟူသည် အဘယ်နည်း။ ဇာတိ သည်လည်း ဒုက္ခတည်း၊ ဇရာ သည်လည်း ဒုက္ခတည်း၊ မရဏ သည်လည်း ဒုက္ခတည်း၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ တို့သည်လည်း ဒုက္ခတို့တည်း၊ မချစ်ခင်မနှစ်သက်ဖွယ်တို့နှင့် တွေ့ဆုံပေါင်းသင်းရခြင်းသည်လည်း ဒုက္ခတည်း၊ ချစ်နှစ်လိုဖွယ်တို့နှင့် ကွဲကွာကွေကွင်း ရခြင်းသည်လည်း ဒုက္ခတည်း၊ အလိုရှိသည်ကို မရခြင်းသည်လည်း ဒုက္ခတည်း၊ အကျဉ်းချုပ်အား ဖြင့် ဥပါဒါနက္ခန္ဓာ ငါးပါးတို့သည် ဒုက္ခတို့တည်း။

ရဟန်းတို့ ဇာတိသည် အဘယ်နည်း။ ထိုထိုသတ္တဝါတို့၏ ထိုထိုသတ္တဝါအစုအပေါင်း၌ ရှေးဦးစွာဖြစ်ခြင်း ပြည့်စုံစွာဖြစ်ခြင်း (အမိဝမ်းတွင်း ဥခွံတွင်းသို့) သက်ဝင်ခြင်း ကိုယ်ထင်ရှားဖြစ်ခြင်း ခန္ဓာကိုယ်၏ထင်ရှားဖြစ်ခြင်း အာယတနတို့ကိုရခြင်းတည်း။ ရဟန်းတို့ ဤတရားသဘောကို ဇာတိဟူ၍ ခေါ်ဆိုအပ်၏။

ရဟန်းတို့ ဇရာသည် အဘယ်နည်း။ ထိုထိုသတ္တဝါတို့၏ ထိုထိုသတ္တဝါအပေါင်း၌ အိုခြင်း အိုသောအခြင်း အရာ သွားကျိုးခြင်း ဆံဖြူခြင်း အရေတွန့်ရှုံ့ခြင်း ရုပ်အသက် ဆုတ်ယုတ်ခြင်း (မျက်စိစသော) ဣန္ဒြေတို့၏ ရင့်ခြင်းတည်း။ ရဟန်းတို့ ဤတရားသဘောကို ဇရာ ဟူ၍ ခေါ်ဆိုအပ်၏။

ရဟန်းတို့ မရဏသည် အဘယ်နည်း။ ထိုထိုသတ္တဝါတို့၏ ထိုထိုသတ္တဝါအပေါင်းမှ ရွေ့လျောခြင်း ရွေ့လျောသော အခြင်းအရာ ပျက်စီးခြင်း ကွယ်ပျောက်ခြင်း သက်ပြတ်သေဆုံးခြင်း ကွယ်လွန်ခြင်း ခန္ဓာတို့၏ ပျက်စီးခြင်း ကိုယ်ကိုပစ်ချခြင်း ဇီဝိတိန္ဒြေ၏ပြတ်စဲခြင်းတည်း။ ရဟန်းတို့ ဤတရားသဘောကို မရဏဟူ၍ ခေါ်ဆိုအပ်၏။

ရဟန်းတို့ သောကသည် အဘယ်နည်း။ ရဟန်းတို့ တမျိုးမျိုးသော ပျက်စီးခြင်းနှင့် မလွတ်ကင်းသော တမျိုးမျိုးသော ဆင်းရဲကြောင်းနှင့် တွေ့သောသတ္တဝါ၏ စိုးရိမ်ခြင်း စိုးရိမ်သော အခြင်းအရာ စိုးရိမ်သည်၏အဖြစ် အတွင်း၌ စိုးရိမ်ခြင်းအတွင်း၌ ပြင်းစွာစိုးရိမ်ခြင်းတည်း။ ရဟန်းတို့ ဤတရားသဘောကို သောကဟူ၍ ခေါ်ဆိုအပ်၏။

ရဟန်းတို့ ပရိဒေဝသည် အဘယ်နည်း။ ရဟန်းတို့ တမျိုးမျိုးသော ပျက်စီးခြင်းနှင့် မလွတ်ကင်းသော တမျိုးမျိုးသော ဆင်းရဲကြောင်းနှင့် တွေ့သော သတ္တဝါ၏ ငိုကြွေးခြင်း ပြင်းစွာငိုကြွေးခြင်း ငိုကြွေးသော အခြင်းအရာ ပြင်းစွာငိုကြွေးသော အခြင်းအရာ ငိုကြွေးသည်၏အဖြစ် ပြင်းစွာငိုကြွေးသည်၏ အဖြစ်တည်း။ ရဟန်းတို့ ဤတရား သဘောကို ပရိဒေဝဟူ၍ ခေါ်ဆိုအပ်၏။

ရဟန်းတို့ ဒုက္ခသည် အဘယ်နည်း။ ရဟန်းတို့ ကိုယ်၌ဖြစ်သောဆင်းရဲ ကိုယ်၌ဖြစ်သော မသာယာခြင်း ကိုယ့်တွေ့ကြောင့်ဖြစ်သော ဆင်းရဲ မသာယာသော ခံစားခြင်းတည်း။ ရဟန်းတို့ ဤတရားသဘောကို ဒုက္ခဟူ၍ ခေါ်ဆိုအပ်၏။

ရဟန်းတို့ ဒေါမနဿသည် အဘယ်နည်း။ ရဟန်းတို့ စိတ်၌ဖြစ်သောဆင်းရဲ စိတ်၌ဖြစ်သော မသာယာခြင်း စိတ်အတွေ့ကြောင့်ဖြစ်သော ဆင်းရဲ မသာယာသော ခံစားခြင်းတည်း။ ရဟန်းတို့ ဤတရားသဘောကို ဒေါမနဿဟူ၍ ခေါ်ဆိုအပ်၏။

ရဟန်းတို့ ဥပါယာသသည် အဘယ်နည်း။ ရဟန်းတို့ တမျိုးမျိုးသော ပျက်စီးခြင်းနှင့် မလွတ်ကင်းသော တမျိုးမျိုးသော ဆင်းရဲခြင်း၏ အကြောင်းနှင့်တွေ့ကြုံသော သတ္တဝါ၏ပင်ပန်းခြင်းပြင်းစွာ ပင်ပန်းခြင်း ပင်ပန်းသည်၏ အဖြစ် ပြင်းစွာ ပင်ပန်းသည်၏ အဖြစ်တည်း။ ရဟန်းတို့ ဤတရားသဘောကို ဥပါယာသဟူ၍ ခေါ်ဆိုအပ်၏။

ရဟန်းတို့ မချစ်မနှစ်လိုဖွယ်တို့နှင့် တွေ့ဆုံပေါင်းသင်းရခြင်း ဆင်းရဲသည် အဘယ်နည်း။ ဤလောက၌ မလိုလား မနှစ်သက် မမြတ်နိုးအပ်ကုန်သော အဆင်း အသံ အနံ့ အရသာ အတွေ့ သဘောတရားတို့သော်၎င်း အကျိုးမဲ့ခြင်း အစီးအပွားမဲ့ခြင်း မချမ်းသာခြင်း ဘေးမငြိမ်းခြင်းကို လိုလားကုန်သော လူတို့သော်၎င်း ထိုသူအား ရှိကုန်၏။ ထို(အာရုံသတ္တဝါ) တို့နှင့်တကွ တွေ့ရခြင်း ဆုံရခြင်း ပေါင်းဖော်ရခြင်း ရောနှောရခြင်းတည်း။ ရဟန်းတို့ ဤတရားသဘောကို မချစ်မနှစ်လိုဖွယ်တို့နှင့် တွေ့ဆုံပေါင်းသင်းရခြင်း ဆင်းရဲဟူ၍ ခေါ်ဆိုအပ်၏။

ရဟန်းတို့ ချစ်နှစ်လိုဖွယ်တို့နှင့် ကွဲကွာ ကွေကွင်းရခြင်း ဆင်းရဲသည် အဘယ်နည်း။ ဤလောက၌ လိုလားနှစ်သက် မြတ်နိုးအပ်ကုန်သော အဆင်း အသံ အနံ့ အရသာ အထိ သဘောတရားတို့သော်၎င်း

မိတ်ဆွေအပေါင်း အဖော် ဆွေမျိုးသားချင်းတို့သော်၎င်း ထိုသူအား ရှိကုန်၏။ ထို(အာရုံသတ္တဝါ) တို့နှင့် မတွေ့ရခြင်း မဆုံရခြင်း မပေါင်းဖော်ရခြင်း မရောနှောရခြင်းတည်း။ ရဟန်းတို့ ဤတရားသဘောကို ချစ်ခင်သော သူတို့နှင့် ကွဲကွာကွေကွင်း ရခြင်း ဆင်းရဲဟူ၍ ခေါ်ဆိုအပ်၏။

ရဟန်းတို့ အလိုရှိသည်ကို မရခြင်း ဆင်းရဲသည် အဘယ်နည်း။ ရဟန်းတို့ ဇာတိသဘောရှိကုန်သော သတ္တဝါတို့အား "ငါတိုသည် ဇာတိသဘော မရှိကြကုန်မူ ကောင်းလေစွ၊ ဇာတိသည် ငါတို့ထံသို့ မလာမူကား ကောင်းလေစွ" ဟု ဤသို့သော တောင့်တခြင်းသည် ဖြစ်ပေါ်၏၊ ယင်းသို့ တောင့်တသော်လည်း ဤ(ဇာတိမလာခြင်း)ကို တောင့်တခြင်းဖြင့် မရအပ်၊ ဤသည်လည်း အလိုရှိသည်ကို မရခြင်း ဆင်းရဲမည်၏။ ရဟန်းတို့ ဇရာသဘောရှိကုန်သော သတ္တဝါတို့အား "ငါတို့သည် ဇရာသဘောမရှိကြကုန်မူ ကောင်းလေစွ၊ ဇရာသည် ငါတို့ထံ မလာမူကား ကောင်းလေစွ" ဟု ဤသို့သောတောင့်တခြင်းသည် ဖြစ်ပေါ်၏၊ ယင်းသို့ တောင့်တသော် လည်း ဤ(ဇရာမလာခြင်း) ကို တောင့်တခြင်းဖြင့် မရအပ်၊ ဤသည်လည်း အလိုရှိသည်ကို မရခြင်း ဆင်းရဲမည်၏။ ရဟန်းတို့ ဗျာဓိ သဘောရှိကုန်သော သတ္တဝါတို့အား "ငါတို့သည် ဗျာဓိသဘောမရှိကြကုန်မူ ကောင်းလေစွ၊ ဗျာဓိသည် ငါတို့ထံ မလာမူကား ကောင်းလေစွ" ဟု ဤသို့သော တောင့်တခြင်းသည် ဖြစ်ပေါ်၏၊ ယင်းသို့ တောင့်တသော်လည်း ဤ(ဗျာဓိမလာခြင်း)ကို တောင့်တခြင်းဖြင့် မရအပ်၊ ဤသည်လည်း အလိုရှိသည်ကို မရခြင်း ဆင်းရဲမည်၏။ရဟန်းတို့ မရဏသဘောရှိကုန်သော သတ္တဝါတို့အား "ငါတို့သည် မရဏသဘောမရှိကြကုန်မူ ကောင်းလေစွ၊ မရဏသည် ငါတို့ထံ မလာမူကား ကောင်းလေစွ" ဟု ဤသို့သော တောင့်တခြင်းသည် ဖြစ်ပေါ်၏၊ ယင်းသို့ တောင့်တသော်လည်း ဤ(မရဏမလာခြင်း)ကို တောင့်တခြင်းဖြင့် မရအပ်၊ ဤသည်လည်း အလိုရှိသည်ကို မရခြင်း ဆင်းရဲမည်၏။ ရဟန်းတို့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ သဘောရှိကုန်သော သတ္တဝါတို့အား "ငါတို့သည် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ သဘော မရှိကြကုန်မူ ကောင်းလေစွ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ သဘောတို့သည် ငါတို့ထံ မလာကုန်မူ ကောင်းလေစွ" ဟု ဤသို့သော တောင့်တခြင်းသည် ဖြစ်ပေါ်၏၊ ယင်းသို့ တောင့်တသော်လည်း ဤသောက စသည်တို့ မလာခြင်းကို တောင့်တခြင်းဖြင့် မရအပ်၊ ဤသည်လည်း အလိုရှိသည်ကို မရခြင်း ဆင်းရဲမည်၏။

ရဟန်းတို့ အကျဉ်းချုပ်အားဖြင့် ငါးပါးသော ဥပါဒါနက္ခန္ဓာ ဆင်းရဲတို့ ဟူသည် အဘယ်နည်း။ ငါးပါးသော ဥပါဒါနက္ခန္ဓာတို့ ဟူသည် ရုပ်ဥပါဒါနက္ခန္ဓာ၊ ဝေဒနာ ဥပါဒါနက္ခန္ဓာ၊ သညာ ဥပါဒါနက္ခန္ဓာ၊ သင်္ခါရ ဥပါဒါနက္ခန္ဓာ၊ ဝိညာဏ် ဥပါဒါနက္ခန္ဓာတို့ပေတည်း။ ရဟန်းတို့ ဤ(ဥပါဒါနက္ခန္ဓာငါးပါး)တို့ကို အကျဉ်းချုပ်အားဖြင့် ငါးပါးသော ဥပါဒါနက္ခန္ဓာ ဆင်းရဲတို့ဟူ၍ ဆိုအပ်ကုန်၏။

ရဟန်းတို့ ဤတရားသဘောကို ဒုက္ခအရိယသစ္စာဟူ၍ ဆိုအပ်၏။

## ဒုက္ခသမုဒယ အရိယသစ္စာ

ရဟန်းတို့ ဒုက္ခ သမုဒယ အရိယသစ္စာသည် အဘယ်နည်း။ တဖန် ဘဝသစ်ကို ဖြစ်စေတတ်သော နှစ်သက်တပ်မက်ခြင်းနှင့် တကွ ဖြစ်သော ထိုထို ဘဝအာရုံ၌ အလွန်နှစ်သက်ခြင်းရှိသော တဏှာတည်း။ ထိုတဏှာ သည် အဘယ်နည်း။ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ တို့တည်း။

ရဟန်းတို့ ထိုတဏှာဖြစ်သည်ရှိသော် အဘယ်၌ ဖြစ်သနည်း၊ တည်သည်ရှိသော် အဘယ်၌ တည်သနည်း။ လောက၌ ချစ်ခင်ဖွယ် သာယာဖွယ် သဘောသည်(ရှိ၏)၊ထို(တဏှာ)သည် ဖြစ်သည်ရှိသော် ဤချစ်ခင်ဖွယ် သာယာဖွယ် အာရုံ၌ဖြစ်၏၊ တည်သည်ရှိသော် ဤ(ချစ်ခင်ဖွယ် သာယာဖွယ် အာရုံ)၌ တည်၏။

လောက၌ ချစ်ခင်ဖွယ် သာယာဖွယ် သဘောသည် အဘယ်နည်း။ လောက၌ မျက်စိသည် ချစ်ခင်ဖွယ် သာယာဖွယ် သဘောဖြစ်၏၊ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤမျက်စိ၌ ဖြစ်၏၊ တည်သည်ရှိသော် ဤမျက်စိ၌ တည်၏။ လောက၌ နားသည်။ပ။ လောက၌ နှာခေါင်းသည်။ပ။ လောက၌ လျှာသည်။ပ။ လောက၌ ကိုယ်သည်။ပ။ လောက၌ စိတ်သည် ချစ်ခင်ဖွယ် သာယာဖွယ် သဘောဖြစ်၏၊ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤစိတ်၌ ဖြစ်၏၊ တည်သည်ရှိသော် ဤစိတ်၌ တည်၏။

လောက၌ ရူပါရုံတို့သည်။ပ။ လောက၌ သဒ္ဒါရုံတို့သည်။ပ။ လောက၌ ဂန္ဓာရုံ[1] တို့သည်ပ။ လောက၌ ရသာရုံ[2] တို့သည်။ပ။ လောက၌ ဖောဋ္ဌဗ္ဗာရုံ[3] တို့သည်။ပ။ လောက၌ တရားသဘောတို့သည် ချစ်ခင်ဖွယ် သာယာဖွယ် သဘောဖြစ်၏၊ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤတရားတို့၌ ဖြစ်၏၊ တည်သည်ရှိသော် ဤတရားတို့၌ တည်၏။

လောက၌ စက္ခုဝိညာဏ် သည်။ပ။ လောက၌ သောတဝိညာဏ် သည်။ပ။ လောက၌ ဃာနဝိညာဏ် သည်။ပ။ လောက၌ ဇိဝှါဝိညာဏ် သည်။ပ။ လောက၌ ကာယဝိညာဏ် သည်။ပ။ လောက၌ မနောဝိညာဏ် သည် ချစ်ခင်ဖွယ် သာယာဖွယ် သဘော ဖြစ်၏၊ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤမနောဝိညာဏ်၌ ဖြစ်၏၊ တည်သည်ရှိသော် ဤမနောဝိညာဏ်၌ တည်၏။

လောက၌ စက္ခုသမ္ဖဿ သည်။ပ။ လောက၌ သောတသမ္ဖဿ သည်။ပ။ လောက၌ ဃာနသမ္ဖဿ သည်။ပ။ လောက၌ ဇိဝှာသမ္ဖဿ သည်။ပ။ လောက၌ ကာယသမ္ဖဿ သည်။ပ။ လောက၌ မနောသမ္ဖဿ သည် ချစ်ခင်ဖွယ် သာယာဖွယ် သဘောဖြစ်၏၊ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤမနောသမ္ဖဿ၌ ဖြစ်၏၊ တည်သည်ရှိသော် ဤမနောသမ္ဖဿ၌ တည်၏။

လောက၌ စက္ခုသမ္ဖဿဇာဝေဒနာ သည်။ပ။ လောက၌ သောတသမ္ဖဿဇာဝေဒနာ သည်။ပ။ လောက၌ ဃာနသမ္ဖဿဇာဝေဒနာ သည်။ပ။ လောက၌ ဇိဝှါသမ္ဖဿဇာဝေဒနာ သည်။ပ။ လောက၌

ကာယသမ္ဖဿဇာဝေဒနာ သည်။ပ။ လောက၌ မနောသမ္ဖဿဇာဝေဒနာ သည် ချစ်ခင်ဖွယ် သဘောဖြစ်၏၊ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤမနောသမ္ဖဿဇာဝေဒနာ ဖြစ်၏၊ တည်သည်ရှိသော် ဤမနောသမ္ဖဿဇာ ဝေဒနာ၌ တည်၏။

လောက၌ ရူပသညာ သည်။ပ။ လောက၌ သဒ္ဒသညာ သည်။ပ။ လောက၌ ဂန္ဓသညာ သည်။ပ။ လောက၌ ရသသညာ သည်။ပ။ လောက၌ ဖောဋ္ဌဗ္ဗသညာသည်။ပ။ လောက၌ ဓမ္မသညာ သည် ချစ်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏၊ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤဓမ္မသညာ၌ ဖြစ်၏၊ တည်သည်ရှိသော် ဤဓမ္မသညာ၌ တည်၏။

လောက၌ ရူပသဉ္စေတနာ သည်။ပ။ လောက၌ သဒ္ဒသဉ္စေတနာ သည်။ပ။ လောက၌ ဂန္ဓသဉ္စေတနာ သည်။ပ။ လောက၌ ရသသဉ္စေတနာသည်။ပ။ လောက၌ ဖောဋ္ဌဗ္ဗသဉ္စေတနာသည်။ပ။ လောက၌ ဓမ္မသဉ္စေ တနာသည် ချစ်ခင်ဖွယ် သာယာဖွယ် သဘောဖြစ်၏၊ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤဓမ္မသဉ္စေသည် ချစ်ခင်ဖွယ် သာယာဖွယ် သဘောဖြစ်၏၊ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤဓမ္မသဉ္စေတနာ၌ ဖြစ်၏၊ တည်သည်ရှိသော် ဤဓမ္မသဉ္စေတနာ၌ တည်၏။

လောက၌ ရူပတဏှာ သည်။ပ။ လောက၌ သဒ္ဒတဏှာသည်။ပ။ လောက၌ ဂန္ဓတဏှာသည်။ပ။ လောက၌ ရသတဏှာသည်။ပ။ လောက၌ ဖောဋ္ဌဗ္ဗတဏှာသည်။ပ။ လောက၌ ဓမ္မတဏှာသည် ချစ်ခင်ဖွယ် သာယာဖွယ် သဘောဖြစ်၏၊ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤဓမ္မတဏှာ၌ ဖြစ်၏၊ တည်သည်ရှိသော် ဤဓမ္မတဏှာ၌ တည်၏။

လောက၌ ရူပဝိတက်သည်။ပ။ လောက၌ သဒ္ဒဝိတက်သည်။ပ။ လောက၌ ဂန္ဓဝိတက်သည်။ပ။ လောက၌ ရသဝိတက်သည်။ပ။ လောက၌ ဖောဋ္ဌဗ္ဗဝိတက်သည်။ပ။ လောက၌ ဓမ္မဝိတက်သည် ချစ်ခင်ဖွယ် သာယာဖွယ် သဘော ဖြစ်၏၊ ထိုတပ်မက်ခြင်း 'တဏှာ' သည် ဖြစ်သည်ရှိသော် ဤဓ္မဝိတက်၌ ဖြစ်၏၊ တည်သည်ရှိသော် ဤဓမ္မဝိတက်၌ တည်၏။

လောက၌ ရူပဝိစာရ သည်။ပ။ လောက၌ သဒ္ဒဝိစာရသည်။ပ။ လောက၌ ဂန္ဓဝိစာရသည်။ပ။ လောက၌ ရသဝိစာရသည်။ပ။ လောက၌ ဖောဋ္ဌဗ္ဗဝိစာရသည်။ပ။ လောက၌ ဓမ္မဝိစာရသည် ချင်ခင်ဖွယ် သာယာဖွယ် သဘောဖြစ်၏၊ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤဓမ္မဝိစာရ ဖြစ်၏၊ တည်သည်ရှိသော် ဤဓမ္မဝိစာရ၌ တည်၏။

ရဟန်းတို့ ဤတရားသဘောကို အရိယာတို့, သိအပ်သော ဒုက္ခ သမုဒယ အရိယသစ္စာ ဟူ၍ ဆိုအပ်၏။

## ဒုက္ခနိရောဓ အရိယာသစ္စာ

ရဟန်းတို့ ဒုက္ခနိရောဓအရိယသစ္စာသည် အဘယ်နည်း။ ထိုတဏှာ၏သာလျှင် အကြွင်းမရှိ ကင်းချုပ်ရာ တဏှာကို စွန့်ရာ တဏှာကို ဝေးစွာစွန့်ရာ တဏှာမှ လွတ်မြောက်ရာ တဏှာဖြင့် မကပ်ငြိရာ (နိဗ္ဗာန်) တည်း။

ရဟန်းတို့ ထိုတဏှာကို ပယ်အပ်သည်ရှိသော် အဘယ်၌ ပယ်အပ်သနည်း၊ ချုပ်သည်ရှိသော် အဘယ်၌ ချုပ်သနည်း။ လောက၌ ချစ်ခင်ဖွယ် သာယာဖွယ် သဘောသည် (ရှိ၏)၊ ထိုတဏှာကို ပယ်အပ်သည် ရှိသော် ဤချစ်ခင်ဖွယ် သာယာဖွယ် သဘော၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤချစ်ခင်ဖွယ် သာယာဖွယ် သဘော၌ ချုပ်၏။

လောက၌ ချစ်ခင်ဖွယ် သာယာဖွယ် သဘောသည် အဘယ်နည်း။ လောက၌ မျက်စိသည် ချစ်ခင်ဖွယ် သာယာဖွယ်သဘောဖြစ်၏၊ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤမျက်စိ၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤမျက်စိ၌ ချုပ်၏၊ လောက၌ နားသည်၊ပ။ လောက၌ နှာခေါင်းသည်၊ပ။ လောက၌ လျှာသည်၊ပ။ လောက၌ ကိုယ်သည်၊ပ။ လောက၌ စိတ်သည် ချစ်ခင်ဖွယ် သာယာဖွယ် သဘော ဖြစ်၏၊ ထိုတဏှာကို ပယ်အပ်သည် ရှိသော် ဤစိတ်၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤစိတ်၌ ချုပ်၏။

လောက၌ ရူပါရုံတို့သည်၊ လောက၌ သဒ္ဒါရုံတို့သည်၊ လောက၌ ဂန္ဓာရုံတို့သည်၊ လောက၌ ရသာရုံတို့သည်၊ လောက၌ ဖောဋ္ဌဗ္ဗာရုံတို့သည်၊ လောက၌ ဓမ္မာရုံတို့သည် ချစ်ခင်ဖွယ် သာယာဖွယ် သဘောဖြစ်၏၊ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤတရားတို့၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤတရားတို့၌ ချုပ်၏။

လောက၌ စက္ခုဝိညာဏ်သည်၊ လောက၌ သောတဝိညာဏ်သည်၊ လောက၌ ဃာနဝိညာဏ်သည်၊ လောက၌ ဇိဝှါဝိညာဏ်သည်၊ လောက၌ ကာယဝိညာဏ်သည်၊ လောက၌ မနောဝိညာဏ်သည် ချစ်ခင်ဖွယ် သာယာဖွယ် သဘောဖြစ်၏၊ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤမနောဝိညာဏ်၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤမနောဝိညာဏ်၌ ချုပ်၏။

လောက၌ စက္ခုသမ္ဖဿသည်၊ လောက၌ သောတသမ္ဖဿသည်၊ လောက၌ ဃာနသမ္ဖဿသည်၊ လောက၌ ဇိဝှါသမ္ဖဿသည်၊ လောက၌ ကာယသမ္ဖဿသည်၊ လောက၌ မနောသမ္ဖဿသည် ချစ်ခင်ဖွယ် သာယာဖွယ် သဘောဖြစ်၏၊ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤ(မနောသမ္ဖဿ) ၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤ(မနောသမ္ဖဿ)၌ ချုပ်၏။

လောကဌ်စက္ခုသမ္ဖဿဇာ ဝေဒနာသည်၊ လောကဌ်သောတသမ္ဖဿဇာ ဝေဒနာသည်၊ လောကဌ် ဃာနသမ္ဖဿဇာ ဝေဒနာသည်၊ လောကဌ် ဇိဝှါသမ္ဖဿဇာ ဝေဒနာသည်၊ လောကဌ် ကာယသမ္ဖဿဇာ ဝေဒနာသည်၊ လောကဌ် မနောသမ္ဖဿဇာ ဝေဒနာသည်၊ ချစ်ခင်ဖွယ် သာယာဖွယ် သဘောဖြစ်၏၊ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤမနောသမ္ဖဿဇာ ဝေဒနာ၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤမနောသမ္ဖဿဇာ ဝေဒနာ၌ ချုပ်၏။

လောကဌ် ရူပသညာသည်၊ လောကဌ် သဒ္ဒသညာသည်၊ လောကဌ် ဂန္ဓသဉ္စေသညာသည်၊ လောကဌ် ရသသညာသည်၊ လောကဌ် ဖောဋ္ဌဗ္ဗသညာသည၊ လောကဌ် ဓမ္မသညာသည် ချစ်ခင်ဖွယ် သာယာဖွယ် သဘော ဖြစ်၏၊ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤဓမ္မသညာ၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤ(ဓမ္မသညာ၌) ချုပ်၏။

လောကဌ် ရူပသဉ္စေတနာသည်၊ လောကဌ် သဒ္ဒသဉ္စေတနာသည်၊ လောကဌ် ဂန္ဓတဏှာသည်၊ လောကဌ် ရသသဉ္စေတနာသည်၊ လောကဌ် ဖောဋ္ဌဗ္ဗသဉ္စေတနာသည်၊ လောကဌ် ဓမ္မသဉ္စေတနာသည် ချစ်ခင်ဖွယ် သာယာဖွယ် သဘောဖြစ်၏၊ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤဓမ္မသဉ္စေတနာ၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤဓမ္မသဉ္စေတနာ၌ ချုပ်၏။

လောကဌ် ရူပတဏှာသည်၊ လောကဌ် သဒ္ဒတဏှာသည်၊ လောကဌ် ဂန္ဓာတဏှာသည်၊ လောကဌ် ရသတဏှာသည်၊ လောကဌ် ဖောဋ္ဌဗ္ဗတဏှာသည်၊ လောကဌ် ဓမ္မတဏှာသည် ချစ်ခင်ဖွယ် သာယာဖွယ် သဘောဖြစ်၏၊ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤဓမ္မတဏှာ၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤဓမ္မတဏှာ၌ ချုပ်၏။

လောကဌ် ရူပဝိတက်သည်၊ လောကဌ် သဒ္ဒဝိတက်သည်၊ လောကဌ် ဂန္ဓဝိတက်သည်၊ လောကဌ် ရသဝိတက်သည်၊ လောကဌ် ဖောဋ္ဌဗ္ဗဝိတက်သည်၊ လောကဌ် ဓမ္မဝိတက်သည် ချစ်ခင်ဖွယ် သာယာဖွယ် သဘောဖြစ်၏၊ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤဓမ္မဝိတက်၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤဓမ္မဝိတက်၌ ချုပ်၏။

လောကဌ် ရူပဝိစာရသည်၊ လောကဌ် သဒ္ဒဝိစာရသည်၊ လောကဌ် ဂန္ဓဝိစာရသည်၊ လောကဌ် ရသဝိစာရသည်၊ လောကဌ် ဖောဋ္ဌဗ္ဗဝိစာရသည်၊ လောကဌ် ဓမ္မဝိစာရသည် ချစ်ခင်ဖွယ် သာယာဖွယ် သဘော ဖြစ်၏၊ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤဓမ္မဝိစာရ၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤဓမ္မဝိစာရ၌ ချုပ်၏။

ရဟန်းတို့ ဤတရားသဘောကို ဒုက္ခနိရောဓအရိယသစ္စာ ဟူ၍ ဆိုအပ်၏။

## ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စာ

ရဟန်းတို့ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စာ သည် အဘယ်နည်း။ မြတ်သော အင်္ဂါရှစ်ပါး ရှိသော ဤမဂ်အကျင့်လမ်းတည်း။ ဤမဂ်အကျင့်လမ်းတို့သည် အဘယ်တို့နည်း၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိတို့ပေတည်း။

ရဟန်းတို့ သမ္မာဒိဋ္ဌိ သည်အဘယ်နည်း၊

ဒုက္ခ၌ သိမြင်ခြင်း ဒုက္ခ၏ဖြစ်ကြောင်း၌ သိမြင်ခြင်း ဒုက္ခ၏ချုပ်ရာ (နိဗ္ဗာန်)၌ သိမြင်ခြင်း ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်၌ သိမြင်ခြင်းတည်း။ ရဟန်းတို့ ဤ(သိမြင်ခြင်း) ကို မှန်စွာသိမြင်ခြင်း 'သမ္မာဒိဋ္ဌိ' ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ သမ္မာသင်္ကပ္ပသည်အဘယ်နည်း၊

(ကာမအာရုံမှ) လွတ်ကင်းသော ကြံစည်ခြင်း ဖျက်ဆီးခြင်းမှ လွတ်ကင်းသော ကြံစည်ခြင်း ညှဉ်းဆဲခြင်းမှ လွတ်ကင်းသော ကြံစည်ခြင်းတည်း။ ရဟန်းတို့ ဤ(ကြံခြင်း) ကို မှန်စွာကြံခြင်း 'သမ္မာသင်္ကပ္ပ' ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ သမ္မာဝါစာ သည် အဘယ်နည်း၊

မဟုတ်မမှန်ပြောခြင်းမှ ကြဉ်ရှောင်ခြင်း ဂုံးစကားမှ ကြဉ်ရှောင်ခြင်း ရုန့်ကြမ်းသောစကားမှ ကြဉ်ရှောင်ခြင်း ပြိန်ဖျင်းသောစကားမှ ကြဉ်ရှောင်ခြင်းတည်း၊ ရဟန်းတို့ ဤကြဉ်ရှောင်ခြင်းကို မှန်စွာပြောဆိုခြင်း 'သမ္မဝါစာ' ဟူ၍ ဆိုအပ်၏၊

ရဟန်းတို့ သမ္မာကမ္မန္တ သည်အဘယ်နည်း၊

အသက်ကို သတ်ခြင်းမှ ကြဉ်ရှောင်ခြင်း မပေးသည်ကို ယူခြင်းမှ ကြဉ်ရှောင်ခြင်း၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ကြဉ်ရှောင်ခြင်းတည်း။ ရဟန်းတို့ ဤ(ကြဉ်ရှောင်ခြင်း)ကို မှန်စွာ ပြုလုပ်ခြင်း 'သမ္မာကမ္မန္တ' ဟူ၍ ဆိုအပ်၏၊

ရဟန်းတို့ သမ္မာအာဇီဝ သည်အဘယ်နည်း၊

ရဟန်းတို့ ဤသာသနာတော်၌ အရိယာဖြစ်သော တပည့်သည် မှားယွင်းစွာ အသက်မွေးခြင်းကို ပယ်စွန့်၍ မှန်စွာ အသက်မွေးခြင်းဖြင့် အသက်မွေး၏။ ရဟန်းတို့ ဤ(အသက်မွေးခြင်း)ကို မှန်စွာအသက်မွေးခြင်း 'သမ္မာအာဇီဝ' ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ သမ္မဝါယာမ သည်အဘယ်နည်း၊

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မဖြစ်သေးသော ယုတ်မာသော အကုသိုလ်တရားတို့ကို မဖြစ်ပေါ်စေရန် ဆန္ဒကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏၊

ဆောက်တည်၏၊ ဖြစ်ပြီးသော ယုတ်မာသော အကုသိုလ်တရားတို့ကို ပယ်ရန် ဆန္ဒကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကိုချီးမြှောက်၏၊ ဆောက်တည်၏၊ မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေရန် ဆန္ဒကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏၊ ဖြစ်ပြီးသော ကုသိုလ်တရားတို့ တည်မြဲစေရန် မပျောက်ပျက်စေရန် တိုးတက် ဖြစ်ပွားစေရန် ပြန့်ပြောစေရန် ပွားများမှု ပြည့်စုံစေရန် ဆန္ဒကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏၊ ရဟန်းတို့ ဤ(အားထုတ်ခြင်း)ကို မှန်စွာ အားထုတ်ခြင်း 'သမ္မာဝါယာမ' ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ သမ္မာသတိ သည်အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ် ရှိသည်ဖြစ်၍ သတိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်၍ ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ် ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်၍ ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည် ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်၍ စိတ်၌စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ် ရှိသည် ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်၍ သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့ ဤအောက်မေ့ခြင်း သတိကို မှန်စွာ အောက်မေ့ခြင်း 'သမ္မာသတိ' ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ သမ္မာသမာဓိ သည်အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တို့မှ ကင်း၍သာလျှင် ဖြစ်သော အကုသိုလ်တရား တို့မှ ကင်း၍သာလျှင်ဖြစ်သော ဝိတက်နှင့် တကွဖြစ်သော ဝိစာရနှင့်တကွ ဖြစ်သော နီဝရဏကင်းခြင်းကြောင့် ဖြစ်သည့် ပီတိသုခရှိသော ပဌမဈာန်သို့ ရောက်၍နေ၏။

ဝိတက် ဝိစာရ ငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော သမာဓိကို ပွားစေတတ်သော ဝိတက်လည်း မရှိသော ဝိစာရလည်း မရှိသော သမာဓိကြောင့် ဖြစ်သည့် ပီတိသုခရှိသော ဒုတိယဈာန်သို့ ရောက်၍နေ၏။

ပီတိ၏လည်း ကင်းခြင်းကြောင့် အမျှရှုလျက် သတိရှိလျက် ဆင်ခြင်လျက်နေ၏၊ သုခကိုလည်း ကိုယ်ဖြင့် ခံစား၏၊ အကြင် (တတိယဈာန်) ကြောင့် ထိုသူကို "အမျှရှုသူ သတိရှိသူ ချမ်းသာစွာ နေလေ့ရှိသူ" ဟု အရိယာ (ပုဂ္ဂိုလ်)တို့သည် ချီးမွမ်းပြောဆိုကုန်၏။ ထိုတတိယဈာန်သို့ ရောက်၍နေ၏။

ချမ်းသာ ဆင်းရဲကို ပယ်ခြင်းကြောင့်၄င်း ရှေးဦးကပင် ဝမ်းသာခြင်း နှလုံးမသာခြင်းတို့၏ ချုပ်ခြင်းကြောင့်၄င်း ဆင်းရဲ ချမ်းသာ ကင်းသော (ဉပေက္ခာ)ကြောင့် သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်သို့ ရောက်၍နေ၏။ ရဟန်းတို့ ဤသမာဓိကို မှန်စွာ တည်ကြည်ခြင်း 'သမ္မာ သမာဓိ' ဟူ၍ ဆိုအပ်၏။ ရဟန်းတို့ ဤတရားသဘောကို ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စာ ဟူ၍ ဆိုအပ်၏။

ဤသို့ မိမိ၏သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ သူတပါး၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ မိမိ သူတပါး၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သဘောတရားတို့၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်း သဘောကိုလည်း အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏၊ သဘောတရားတို့၌ ပျက်ကြောင်း တရားနှင့် ပျက်ခြင်း သဘောကိုလည်း အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍မူလည်း နေ၏၊ သဘောတရားတို့၌ ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်ခြင်း ပျက်ခြင်း သဘောကိုလည်း အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ ထို့ပြင် "သဘောတရားတို့သည်သာလျှင် ရှိကုန်၏" ဟု ထိုရဟန်းအား သတိသည်ရှေးရှုထင်၏၊ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ် တိုးပွားခြင်းငှာသာ ဖြစ်၏၊ အဆင့်ဆင့် သတိတဖန် တိုးပွားခြင်းငှာသာ ဖြစ်၏၊ (ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏၊ လောက၌ တစုံတရာကိုမျှလည်း (ငါ ငါ၏ဥစ္စာ) စွဲလည်း မစွဲလမ်း။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် အရိယသစ္စာလေးပါး သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ရဟန်းတို့ မည်သည့်ပုဂ္ဂိုလ်မဆို ဤသတိပဋ္ဌာန် လေးပါးတို့ကို ခုနစ်နှစ်တို့ပတ်လုံး ဤဟောပြသော နည်းဖြင့် ပွားများအံ့၊ ထိုပွားသော ပုဂ္ဂိုလ်အား မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်ဖြစ်စေ ဉပါဒါန် အကြွင်း ရှိသေးလျှင် အနာဂါမိဖိုလ်ဖြစ်စေ ဤဖိုလ်နှစ်ပါးတို့တွင် တပါးပါးသောဖိုလ်ကို (အမှန်ရပေမည်ဟု) အလို ရှိအပ်၏။

ရဟန်းတို့ ခုနစ်နှစ်ကို ထားဘိဦး။ ရဟန်းတို့ မည်သည့် ပုဂ္ဂိုလ်မဆို ဤသတိပဋ္ဌာန်လေးပါးတို့ကို ခြောက်နှစ် တို့ပတ်လုံး ဤဟောပြသော နည်းဖြင့် ပွားများအံ့။ပ။ ငါးနှစ်တို့ပတ်လုံး။ လေးနှစ်တို့ပတ်လုံး။ သုံးနှစ်တို့ပတ်လုံး။ နှစ်နှစ်တို့ပတ်လုံး။ တနှစ်ပတ်လုံး။

ရဟန်းတို့ တနှစ်ကို ထားဘိဦး၊ ရဟန်းတို့ မည်သည့်ပုဂ္ဂိုလ်မဆို ဤသတိပဋ္ဌာန်လေးပါးတို့ကို ခုနှစ်လတို့ ပတ်လုံး ဤဟောပြသော နည်းဖြင့် ပွားများအံ့၊ ထိုပွားသော ပုဂ္ဂိုလ်အား မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ် ဖြစ်စေ ဉပါဒါန် အကြွင်းရှိသေးလျှင် အနာဂါမိဖိုလ်ဖြစ်စေ ဤဖိုလ်နှစ်ပါးတို့တွင် တပါးပါးသောဖိုလ်ကို (အမှန်ရပေမည်ဟု) အလိုရှိအပ်၏။

ရဟန်းတို့ ခုနစ်လကို ထားဘိဦး။ ရဟန်းတို့ မည်သည့်ပုဂ္ဂိုလ်မဆို ဤသတိပဋ္ဌာန်လေးပါးတို့ကို ခြောက်လတို့ ပတ်လုံး ဤဟောပြသောနည်းဖြင့် ပွားများအံ့။ပ။ ငါးလတို့ပတ်လုံး။ လေးလတို့ပတ်လုံး။ သုံးလတို့ပတ်လုံး။ နှစ်လတို့ပတ်လုံး။ တလပတ်လုံး။ လခွဲပတ်လုံး။

ရဟန်းတို့ လခွဲကို ထားဘိဦး။ ရဟန်းတို့ မည်သည့်ပုဂ္ဂိုလ်မဆို ဤသတိပဋ္ဌာန်လေးပါးတို့ကို ခုနစ်ရက် ပတ်လုံး ဤဟောပြသောနည်းဖြင့် ပွားများအံ့၊ ထိုပွားသော ပုဂ္ဂိုလ်အား မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်ဖြစ်စေ ဥပါဒါန် အကြွင်းရှိသေးလျှင် အနာဂါမိဖိုလ် ဖြစ်စေ ဤဖိုလ်နှစ်ပါးတို့တွင် တပါးပါးသော ဖိုလ်ကို (အမှန်ရပေမည်ဟု) အလိုရှိအပ်၏။

"ရဟန်းတို့ ဤခရီးလမ်းသည် သတ္တဝါတို့၏ စိတ်စင်ကြယ်ရန် စိုးရိမ်ပူပန်ခြင်း ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန် ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်းတို့ ချုပ်ငြိမ်းရန် အရိယမဂ်ကိုရရန် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တကြောင်းတည်းသော ခရီးလမ်း ဖြစ်၏၊ ယင်းသည့် ခရီးလမ်းကား ဤသတိပဋ္ဌာန်လေးပါးတို့ပင်တည်း" ဟု ဤသို့ အကြင်သတိပဋ္ဌာန်တရား ကျေညာချက်ကို ငါဆိုခဲ့၏၊ ဤကျေညာချက်ကို ဤ(အကျိုးနှစ်ပါးတို့တွင် တပါးပါး အမှန်ရရှိနိုင်ခြင်း)ကို ရည်ရွယ်၍ ဆို၏ဟု မြတ်စွာဘုရားသည် ဤတရားတော်ကို ဟောတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို နှစ်လိုကုန်သည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူကြလေကုန်သတည်း။

**မဟာသတိပဋ္ဌာနသုတ် ပြီး၏။**

တရက်ထက် တရက် တလထက် တလ၊
တနှစ်ထက် တနှစ် အိုရဲဖြစ်၏၊
ပျိုမြစ်ဆင်းဝါ ရွေ့လျားလာခဲ့၊
ဘယ်နှစ် ဘယ်လ ဘယ်ရက်ကြလျှင်၊
အနိစ္စ ဓမ္မတာ ခန္ဓာရွေ့ပြောင်း၊
ဘဝဟောင်းကို ကိန်းအောင်းမရဏ၊
စွန့်ပစ်ရမည် မလွဲတည်း။

## ထွန့်ခေါင် ကမ္ဘာ့ဗျာန်း ယံပေါက်

သဇ္ဇေ့သတ္တာ၊ ဝေနေယျာ၊ သံသာရှည်လှပြီ။
အတည်ကျကျ၊ ဘယ်ဘဝ၊ ရကြမရှိပြီ။
ရအံ့နီးနီး၊ လောဘမျိုး၊ အကျိုးယုတ်လှပြီ။
သုံးပါးညီးညီး၊ လောင်မီးကြီး၊ ဘိစီးလှလေပြီ။
လောင်မှန်းမသိ၊ မောဟဘိ၊ မိမိမိုက်လှပြီ။
ပိုးဖလံမျိုး၊ မီးကိုတိုး၊ ကိုယ်ကျိုးနဲလှပြီ။
ကာမဂုဏ်မွဲ၊ သည်မိုက်မဲ၊ မခွဲနိုင်ကြပြီ။
မခွဲနိုင်ကြ၊ လူ့ဘာလ၊ မိုက်စသိမ်းသင့်ပြီ။
ဂဂါသဲတူ၊ ပွင့်တော်မူ၊ ဆူဆူများလှပြီ။
များအသချေ၊ ရှင်စောတွေ၊ ရှောင်သွေလွဲခဲ့ပြီ။
တဆူမသင့်၊ တဆူသင့်၊ ဖူးခွင့်တွေ့ထိုက်ပြီ။
မတော်မလျော၊ ကျင့်ဖောက်ပြား၊ မိုက်အားကြီးလှပြီ။
အလိုက်မလိုက်၊ သည်အမိုက်၊ ပယ်ထိုက်သင့်လှပြီ။
မပယ်မချိုး၊ ဆင်ကန်းတိုး၊ ဟုတ်နိုးထင်လှပြီ။
ဟုတ်နိုးသမှု၊ ထင်တိုင်းပြု၊ ယခုတိုင်ခဲ့ပြီ။
တရားလက်လွှတ်၊ ငှက်တောင်ကျွတ်၊ ဝဋ်နှင့်မကင်းပြီ။
မနုသတ္တ၊ ဒုလ္လဘ၊ မရများလေပြီ။
အရတော်စွ၊ သည်ဘဝ၊ လှလှကျင့်ထိုက်ပြီ။
ကြုံကြိုက်တော်စွာ၊ သာသနာ၊ ရောင်ဝါထွန်းလှပြီ။
သတိရရ၊ မြတ်ပုည၊ ပြုကြ ကောင်းသင့်ပြီ။
တနေ့တနေ့၊ နက်ဖြန်ရွှေ့၊ မမေ့ကောင်းလှပြီ။
ငါ့ကိုယ်, ငါ့သား၊ ငါ့မယား၊ ထင်မှားလှလေပြီ။
ထင်မှားတတ်စွာ၊ သတ္တာယာ၊ မိစ္ဆာကင်းသင့်ပြီ။
ငါးခုစန္ဓာ၊ ရုပ်နာမ်မှာ၊ မှန်စွာမှတ်သင့်ပြီ။
သမ္မာသန၊ ဉာဏ်အစ၊ ထင်လှသင့်ကြပြီ။
နင်ဖြင့် - နင့်ကိုယ်၊ ဆုံးမဆို၊ နင့်ကိုအမှုသည်။
နင် မဆုံးမ၊ နင့်တာပ၊ ဘယ်ကာစံလိမ့်မည်။
နလုံးဖုံဖုံ၊ တုံတုံတုံ၊ နင့်ပုံကြောကြမ်းသည်။
နင်နင့်နင့်ကံ၊ စီရင်ဘန်၊ အမှန်ဖြစ်တော့မည်။
ယခုနင့်ကိုယ်၊ နင့်အလို၊ ဘယ်ကိုပြည့်စုံသည်။

နင့်ကိုယ်နင်နှစ်၊ နင့်အပြစ်၊ နင်ဖြစ်ခံရမည်။
နင့်ကိုနင်အား၊ နင်မသနား၊ နင်မှားရှာတော့သည်။
ဒါနသီလာ၊ ဘာဝနာ၊ နင်သာပြုသင့်သည်။
ဇာတိ၊ ဇရာ၊ မရဏာ၊ မကြာနင်တွေ့မည်။
မျက်တောင်တရှက်၊ လျှပ်တပြက်၊ နင့်သက်သေလိမ့်မည်။
ဘယ်နှစ် – ဘယ်လ၊ ရောက်ပါမှ၊ ကာလမရွေးပြီ။
ကြီးငယ်မဟူ၊ ကိုယ့်ရွယ်တူ၊ ခုမှုသေလှုပြီ။
အမှန်သေရိုး၊ ထိုလူမျိုး၊ ကြောက်စိုးရွံ့သင့်ပြီ။
အသွင်နှလုံး၊ အထင်ရှုံး၊ ပျက်ပြုန်းလှလေသည်။
ခန္ဓာကြွေလျော၊ ရှိပြန်သော၊ ပူဇော်လောင်လှုပြီ။
သွားကျိုးဆံဖြူ၊ ရှိပြန်မူ၊ ဘယ်သူမကြောက်ပြီ။
ဤသည်မယား၊ ဤသည်ကား၊ မီးပွားမှန်တော့သည်။
ခယဝယ၊ ဘိန္ဒန၊ ပျက်ကြာလှလေပြီ။
အပိယေဟိ၊ ပိယေဟိ၊ ဒုက္ခိကြုံလေပြီ။
ဒုက္ခထွေထွေ၊ တပေပေ၊ ခံနေရလေပြီ။
နိဗ္ဗာန်သာခေါင်၊ ဘေးမဲ့သောင်၊ ရောက်အောင်ပြုသင့်ပြီ။
မပြုပါဘဲ၊ နင်ရှောင်လွှဲ၊ နင်ဘဲမိုက်လှုပြီ။
ယုတ္တိယုတ္တာ၊ နင်ထင်တာ၊ နင်သာဟန်များသည်။
ဘုရားသွားသွား၊ ကျောင်းသွားသွား၊ စိတ်ထားနင်မကြည်။
ဒါန. သီလာ၊ နင်ပြုခါ၊ စေတနာဇောမကြည်။
သို့စင်ပြုလို၊ နင့်ကုသိုလ်၊ ဘယ်ကိုပေးလိမ့်မည်။
လောကုတ္တရာ၊ မြိုက်သြဇာ၊ နင်သာဝေးလှသည်။
ဇောစိတ်သန်သန်၊ ကုသိုလ်မှန်၊ နင်ကြံပြုရမည်။
သို့ပြုမှသာ၊ ပြည်ခေမာ၊ နင်သာနီးရမည်။
ဤသို့စုံစေ့၊ ပြန်လှန်၍၊ စေ့စေ့နှလုံးတည်။
အနတဂ္ဂမ၊ သံသာရ၊ ကြာလှလေကုန်ပြီ။
ဂင်္ဂါဝါလု၊ ပမာပြု၊ သဲစုမကပြီ။
တကျော၏နောက်၊ တကောက်ကောက်၊ လိုက်ထောက်မသင့်ပြီ။
တကျောမြစ်မ၊ ပင်လယ်ဝ၊ နစ်ကျလေကုန်ပြီ။
တကျောလည်းပွား၊ ဒုက္ခများ၊ သွား၍မဆုံးပြီ။
တကျောပို့တင်၊ ပါယ်လေးခွင်၊ လျင်စွာရောက်လေပြီ။
သေမင်းနိုင်ငံ၊ အဘန်ဘန်၊ လိုက်ပြန်ရလေပြီ။

ဝေဘုတောင်မျှ၊ ပမာပြု၊ အရိုးမကပြီး၊
နစ်တုံ့ ပေါ်တုံ့၊ သံ့ပါးဘုံ၊ ကြုံရလှလေပြီ၊
ရှမ်းသောမငွေ့၊ ဆင်းရဲတွေ့၊ ငြိမငွေ့သင့်လှပြီ၊
အဝိဇ္ဇန္ဓ၊ သည့်မောဟ၊ ညှို့ဆဲလှလေပြီ၊
နိဂရဏ၊ ထည့်ထားကြ၊ လမ်းစမဆုံးပြီ၊
ဂတိငါးပါး၊ ဆုံလည်နွား၊ သွားရှာမဆုံးပြီ၊
ဘဝတိုင်းသေ၊ သင်းချိုင်းမြေ၊ ပွားစေလှလေပြီ၊
လမ်းကောက်လည်းသွား၊ လူအများ၊ အမှားကြိုက်ခဲ့ပြီ၊
လမ်းကြောင်းမမှန်၊ မြိုက်နိဗ္ဗာန်၊ ကောန်လွဲခဲ့ပြီ၊
ဘဝမဆုံး၊ ဒုက္ခတုံး၊ လုံးလုံးခံရပြီ၊
လောကစက္ခု၊ သဗ္ဗညု၊ ယခုရှိရဲ့မင်း။
ဘုရားဖြစ်ခါ၊ သာသနာ၊ ရောင်ဝါတဝင်းဝင်း။
မနုဿတ္တ၊ ဒုလ္လဘ၊ ရအောင်ခဲကြမင်း။
ဗြဟ္မာ့ပြည်က၊ အပ်ကိုချ၊ မြေကအပ်တစင်း။
အပ်သွားရှင်သာ၊ ထိဘွယ်ရာ၊ ပမာမှတ်ကြမင်း။
နိယျာနိက၊ မြတ်ဓမ္မ၊ ကြားရခဲ၏မင်း။
သဒ္ဓါဝလဝ၊ ဒုလ္လဘ၊ ရအောင်ခဲကြမင်း။
အရတော်နိုက်၊ လူတသိုက်၊ ခဲလိုက်ကြကုန်မင်း။
ကိုဘို့မရ၊ သည်နောင်တ၊ ဖြစ်တတ်ကြ၏မင်း။
ဤသို့ဘဝ၊ ဖြစ်သမျှ၊ ရမည်ခဲ၏မင်း။
ထူးမြတ်စွာလှ၊ လူ့ဘဝ၊ နမြောကြကုန်မင်း။
မြတ်သည့်ကိုမှ၊ မသိကြ၊ ဇာလနလုံးသွင်း။
ဇာလဖြစ်က၊ လူ့ပါပ၊ ကြာကြကုန်မည်မင်း။
လူ့ဖြစ်ကျိုးမှ၊ မခံရ၊ ရှုံးလှလေ၏မင်း။
ဘဝတိုင်းရှုံး၊ လူ့ကျောက်တုံး၊ စုန်းစုန်းမြုပ်၏မင်း။
စုန်းစုန်းမြုပ်ခါ၊ မပေါ်လာ၊ ကြမ္မာမှောက်၏မင်း။
နိဗ္ဗာန်လမ်းစ၊ ဤသို့ပြ၊ မှတ်ကြနလုံးသွင်း။
ကလျာဏမိတ္တ၊ ပဏ္ဍိတ၊ ပေါင်းဘော်ရ၏မင်း။
ထိုကလျာဏ၊ ဆိုဆုံးမ၊ လိုက်နာရ၏မင်း။
ယောနိသော၊ မနသိကာရ၊ နေ့ - ည နလုံးသွင်း။
သီလရှုတင်၊ ထောက်တည်လျှင်၊ သည်တွင်အစမင်း။

အလေဘ - အဒေါသ၊ အမောဟ နိက္ခမ၊ ဝိဝေက၊ နိဿရဏ၊ ဤခြောက်ဝ
အလိုရှိကြမြင်း။
ရွှေပြည်သနစ်၊ သာသည်ခေတ်၊ စီစစ်ကြကုန်မင်း။
ရွှေပြည်ချမ်းသာ၊ စံရာရှာ၊ ဆိတ်ငြိမ်ရာသို့ချဉ်း။
အနိစ္စကောင်း၊ ဒုက္ခကောင်း၊ အနတ္တကောင်း၊ အသုဘကောင်း၊
ထင်အောင်နလုံးသွင်း။
အနိစ္စတုံး၊ ဒုက္ခတုံး၊ အနတ္တတုံး၊ လုံးလုံးမှတ်ကြမြင်း။
ဤသို့ထင်မှ၊ မဂ်လမ်းမ၊ ရမည်မုန်စင်းစင်း။
မဂ္ဂင်သောင်ကြီး၊ တက်၍စီးမှ၊ ပြည်ကြီး အမတ၊ နိဗ္ဗာန၊ ရမည်မှတ်ကြမြင်း။
ယခုဘဝ မသိကြမှု၊ အမတမည်ခေါ် ရွှေပြည်တော် အစော်မနံလျှင်း။

--- တမ္ဗဋ္ဌာန်း သံပေါက်ပြီး၏။ ---

## လယ်တီဆရာတော်ဘုရားကြီး ဆုံးမစာ

ဆိုပိမ့်မညာ၊ စေ့စေ့နာလော့၊ ဂင်္ဂါသဲမျှ၊ ပွင့်ကုန်ကြသား၊ ဘုရားသာသနာ၊ ခေတ်အခါဝယ်၊ လူ့ရွာနတ်၌၊ နင်ကြုံကြိုက်လည်း၊ အမိုက်မရွေ့ အလိုက်နေ၍ အခြေမကြီး၊ အဆိုးနီးလျှင်ရီးတီးယောင်တောင်၊ ခုတိုင်အောင်တည့်၊ ။သန်းခေါင်လကွယ်၊ တောအုပ်လယ်၌၊ ရှစ်နယ်ပတ်ကုံး၊ အပြည့်ဖုံးသည် မိုယ်းလုံးတိမ်တိုက်၊ လျှပ်မကြိုက်သား၊ အမိုက်အပြား၊ အင်လေးပါးထက်၊ နင်ကားရာထောင်၊ မက မှောင်၏၊ လူ့ဘောင်လူ့ရွာ၊ သာသနာ၌၊ ကြမ္မာတော်၍၊ ယခုတွေ့လည်း၊ အလေ့မလွဲ၊ အများနဲ့လျှင်၊ မိုက်မြဲနင်နင် မိုက်စရှင်၏။ ။မျက်မြင်လောက၊ ဤဘဝကား၊ ဒုက္ခစင်းစင်း၊ ချမ်းသာကင်း၏၊ သေမင်းအစာ၊ နင့်ခန္ဓာကို၊ တကျာဘီလူး၊ အမောင့်ပူး၍၊ အရှုးပြင်ပြင်၊ နင့်ကိုယ်ထင်၏။ ။ နင်နင့်မဆိုင်၊ နင်ပိုင်မဟုတ်၊ နင့်ရုပ်.နင့်နာမ်၊ နင့်သဏ္ဌာန်ကို၊ နင့်ဉာဏ်မစူး၊ အပေါ်ဖြူး၍ မူးမူးမေ့မေ့၊ အများလေ့ဖြင့်၊ နေ့ရက်အပုံ၊ လွန်ခဲ့တုံပြီ၊ အာရုံဝတ္ထု၊ မီးစာစုကို၊ မှုမှုရရ၊ နင်အားကျလည်း၊ ဓါးပြသေမင်း၊ သူ့တပ်နင်းက၊ မငြင်းဆန်သာ၊ နင့်ခန္ဓာသည်၊ ပြာပုံအပြီး၊ ဖြစ်လုနီးပြီ၊ ။ ရီးတီးယားတား၊ သေ၍သွားလည်း၊ တရားမကြွယ်၊ အထုပ်ငယ်လျှက်၊ အပါယ်စခန်း၊ သွားမြဲလမ်း၌၊ တပန်း ဟိုက်ဟိုက်၊ တရှိုက်ငင်ငင်၊ တငြင်ငြိုငြို၊ ဆင်းရဲပိုလျှက်၊ ထိုထိုဘဝ၊ အနန္တလျှင်၊ အစမဆုံး၊ အများထုံးတည့်၊ အနှုန်းမပျက်၊ အောက်နရက်ဝယ်၊ တသက်နွှယ်နွှယ်၊ အမြစ်တွယ်သို့၊ အပါယ်ထိုထို၊ ဥဒဟိုသည်၊ နင်လိုလူမိုက် သွားလမ်းတည်း။

## သေမင်းနှင့် အဆက်အသွယ်မရှိ

အဖွေ၀ ကိစ္စ အာတပ္ပံ၊ ကော ဇညာ မရဏံ သုဝေ၊
နဟိနော သင်္ဂရံတေန၊ မဟာသေနေန မစ္စုနာ။

အာတပ္ပံ၊ပြုအပ်သော ဝီရိယကို။ အဇ္ဇေဝ ကိစ္စံ၊ ယနေ့ကပင်၊ကြိုးစား၍သာ ပြုအပ်ရာ၏။ သုဝေ မရဏံ၊ နက်ဖြန်ကျမှ သေရမည်ဟူ၍၊ ကောဇညာ၊ မည်သူတဦးတယောက်၊ ထွင်းပေါက်၍ သိနိုင်ပါအံ့နည်း။ မဟာ သေနေန၊ များလှသော၊ စစ်သည် အပေါင်းရှိသော၊ တေနမစ္စု၊ ထိုသေမင်းနှင့်၊ နော - ငါတို့အား၊ သင်္ဂရံ၊ နစ်ဦးသဘောတူ၊ အချိန်းအချက် ဆက်သွယ်စကား မှာထားခြင်းသည်၊ နဟိ၊ နေ့ရက်သေချာ၊ မရှိသည်သာလျှင်တည်း။

## သင်္ခါရကို လက္ခဏာတင်၍ ရှုနည်း

သဗ္ဗေသင်္ခါရာ အနိစ္စာ၊ ယဒါပညာယ ပဿတိ၊
အထနိဗ္ဗိန္ဒတိဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ၊ ။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော၊ သင်္ခါရာ၊ ခန္ဓာငါး၀၊ သင်္ခါရတို့သည်၊ အနိစ္စာ၊ မမြဲကုန်၊ ယဒါ - အကြင်အခါ၌၊ ပညာယ၊ ပညာဖြင့်၊ ပဿတိ၊ ရှုမြင်၏။ ။ အထ၊ ထိုသို့ရှုမြင်သောအခါ၌၊ ဒုက္ခေ၊ သံသရာဝဋ်ဆင်းရဲ၌၊ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ဧသ - ဧသော၊ ဤသို့ငြီးငွေ့ခြင်းသည်၊ ဝိသုဒ္ဓိယာ၊ ကိလေသာ စင်ကြယ်ခြင်း၏၊ မဂ္ဂေါ၊ အကြောင်းတည်း။

## သင်္ခါရကို လက္ခဏာတင်၍ ရှုနည်း

သဗ္ဗေသင်္ခါရာ ဒုက္ခာ၊ ယဒါပညာယ ပဿတိ၊
အထနိဗ္ဗိန္ဒတိဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ၊ ။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော၊ သင်္ခါရာ၊ ခန္ဓာငါး၀တို့သည်၊ ဒုက္ခာ ဆင်းရဲကုန်၏၊ ယဒါ - အကြင်အခါ၌၊ ပညာယ၊ ပညာဖြင့်၊ ပဿတိ၊ ရှုမြင်၏။ ။ အထ၊ ထိုသို့ရှုမြင်သောအခါ၌၊ ဒုက္ခေ၊ သံသရာဝဋ်ဆင်းရဲ၌၊ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ဧသ - ဧသော၊ ဤသို့ငြီးငွေ့ခြင်းသည်၊ ဝိသုဒ္ဓိယာ၊ ကိလေသာ စင်ကြယ်ခြင်းသည်၊ မဂ္ဂေါ၊ အကြောင်းတည်း။

သဗ္ဗေဓမ္မာ အနတ္တာ၊ ယဒါ ပညာယ ပဿတိ၊
အထနိဗ္ဗိန္ဒတိဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ၊ ။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော၊ ဓမ္မာ၊ ခန္ဓာငါးပါး တရားတို့သည်၊ အနတ္တာ၊ အနတ္တမည်ကုန်၏၊ ယဒါ - အကြင်အခါ၌၊ ပညာယ၊ ပညာဖြင့်၊ ပဿတိ၊ ရှုမြင်၏။ ။ အထ၊ ထိုသို့ရှုမြင်သောအခါ၌၊ ဒုက္ခေ၊ သံသရာဝဋ်ဆင်းရဲ၌၊ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏၊ ဧသ - ဧသော၊ ဤသို့ငြီးငွေ့ခြင်းသည်၊ ဝိသုဒ္ဓိယာ၊ ကိလေသာ စင်ကြယ်ခြင်းသည်၊ မဂ္ဂေါ၊ အကြောင်းတည်း။

# သီရိလင်္ကာ

## ခရီးသွားမှတ်တမ်း



